



www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ပါဠိ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

BURMESE CLASSIC

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ**-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နေ့ဝင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခ‌ေ တိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထော‌ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်; မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-**အာဒရ**-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

၁၉၉၅-ခုနှစ် ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်

ဒိုဒိုး(နိုက္ခန်)စိစစ်တည်းဖြတ်သည့်

# ဂမ္ဘီရ မဂ္ဂဇင်း


အကြံပေး

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်


BURMESE CLASSIC

**အမှတ်(၂၆၇)၊ ၂၀၁၇ အောက်တိုဘာလ**


၆။ သစ္စာမင်းခေါင်

လေးကျွန်းဒီပါ အောင်စကြာ ပြည်လုံးချမ်းသာ

ရွှေးဟောင်းစေတီတော်

၁၄။ ဗိုလ်တထောင် ကိုဦး

သုံးခွမြို့ ကျက်သရေဆောင်

ရှစ်မျက်နှာစေတီတော်

၂၂။ ရှစ်ခွင်ကျော်(ဖောင်တော်သီ)

(၁၅)မိုင်ဘုရားသို့ လမ်းညွှန်

၂၆။ တက္ကသိုလ်မျိုး

ထိုင်းနိုင်ငံ၊ အယုဒ္ဓယမြို့အနီး၌ရှိသော

ကမ္ဘာ့အဆင့်(၁၀) ညာဏ်တော်အမြင့်ရှိ

Wat Muang ထိုင်တော်မူ ဗုဒ္ဓရုပ်တုတော်ကြီး

၄၂။ အောင်ချိန်ဘွား

ငါးကြိမ်ဝါဆို ရာဇဂြိုဟ်

၅၀။ ကျော်မင်းညွန့်(လှည်းကူး)

ဘဝပြီးဘဝ ဓမ္မပြီးဓမ္မ

၆၄။ ဖိုးခေါင်းသား

အထုပ်တစ်ရာ ဆရာတော်ကြီးနှင့်

ကိုယ်တွေ့ဖြစ်ရပ်များ

၆၈။ မောင်ထည်ဝါ(ပျော်ဘွယ်)

သာသနာ့ဂုဏ်ရည် နိဗ္ဗာန်လှမ်းချီ

ဥပ္ပလဝဏ္ဏာထေရီ

၈၀။ နန္ဒာမိုးကြယ်

ကွေ့ကောက်သွားသည့် မြားတစ်စင်း

၈၆။ ဥက္ကလာ မြင့်သန်းအောင်

ကုသိုလ်ဒါန ကောင်းကျိုးရသူ

၉၁။ မုံရွာ နေဇာ


ကျိန်စာ






www.burmeseclassic.com

www.burmeseclassic.com






၉၄။ ထက်ဘုန်းလူ
ဒါနကထာ(၅)
၉၈။ ဓမ္မဃောသက အရှင်ဩဘာသ
ဒါန၏ မှုမတူသော အကျိုးပေးများ(၃)
၁၀၄။ မောင်ဉာဏ်လင်း(တောင်ကုတ်)
ကျွန်ုပ်ဆောက်တဲ့ နတ်အိမ်
၁၀၉။ မောင်ဉာဏ်စိန်
ကျီးသဲလေးထပ်ဆရာတော်၏ ဩဝါဒကထာများ
၁၁၂။ ကိုရွှေမြသန်း(သမိုင်း)
ဗုဒ္ဓဘာသာအပေါ် ကမ္ဘာကျော် လူပုဂ္ဂိုလ်များ၏
အတွေးအမြင်များနှင့် မှတ်ချက်များ
၁၁၆။ ကိုမောင်သန်းဝင်း
ယမမင်း မျက်နှာလွှဲသည့်အခါ
၁၂၀။ ရန်နိုင်
မိုးကထိန် ခင်းကြရအောင်
၁၂၅။ ချစ်မင်းသူ
သူ့ကို ကိုယ်ဖျက် ကိုယ်လည်း ပျက်၏
၁၃၀။ ရှင်ထွေးအောင်
ဣန္ဒာသယပုတီးကုံး
၁၃၄။ တွန်းအားရှင်
စိတ်ထားမြင့်မြတ် ကျေးဇူးသိတတ်သူများ
၁၄၃။ စောယုနန္ဒာ(မေ့ရင်ခွင်)
အလှူ လှူတတ်ပါစေ
၁၄၆။ မောင်လှယဉ်(မော်လမြိုင်)
ဘောဇဘုရင်နှင့် ပညာရှိကာလိဒါသ
ကံနဲ့ ဝီရိယ မည်သည်က မြတ်ပါသလဲ
၁၅၆။ ပုရောဟိတ် ဆရာဦးမြတ်စံ
သတ္တဌာန အင်းဖယောင်းတိုင် ပူဇော်နည်း
၁၆၁။ ပုရောဟိတ် ဆရာဦးမြတ်စံ
ရှင်သီဝလိရဟန္တာ ရတနာဒီပံအင်းတော်ကြီး
၁၆၄။ ဂမ္ဘီရဆရာလှမျိုး(B.Sc)
လိုရာဆန္ဒပြည့်စေရာ
အနောက်တိုင်းလောကီပညာ(၂)
၁၆၈။ မင်းနေထွန်း(ကန့်ဘလူ)
ဝင်စေ ထွက်စေ စမတွေ






www.burmeseclassic.com

www.burmeseclassic.com


၁၇၁။ **သာထက်ဇော်(မကွေး)**
သင့်ရဲ့ကံကြမ္မာ တွက်ကြည့်ပါ
၁၇၄။ **မင်းမဟော်ညွန့်**
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ
၁၈၀။ **ဆရာကံထူး(ဝေဒသုတေသီ)**
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ
၁၈၆။ **ဆရာရန်အောင်ဟိန်း(B.Sc)**
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လင်္ဂနှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
၁၈၈။ **ဆရာရန်အောင်ဟိန်း(B.Sc)**
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်
၁၉၄။ **ဆရာရန်အောင်ဟိန်း(B.Sc)**
စိတ်ရောဂါနှင့် ခရစ်ရှနားမူတီးပဒ္ဓတိ
၁၉၈။ **ဟိန်း(ဘူမိ)**
ပြောင်းဖူးနှင့် စပျစ်သီးခြောက်တို့၏
ကျန်းမာရေးကျေးဇူးများ
၂၀၂။ **စိုးအိမ်မှူး**
မိဿနိုးရဲ့ သတို့သမီး
၂၁၀။ **ရဲမြတ်တင်**
တကယ်ကြောက်ပါပြီ
၂၁၆။ **သိန်းထွန်းသစ်**
လွမ်းစေတီနှင့် မြင်းကန်းသိုက်
၂၃၄။ **ဦးကိုကိုကြီး(စစ်ဆေးရေး)**
ဗွဲ၊ လွှံလ၊ ဝီရိယတို့နှင့် ရှင်ဥပဂုတ္တဂါထာတော်မြတ်
၂၄၀။ **အောင်ကျော်စွာ**
ပြက္ခဒိန်ရွှေတောင်က ဆင်ခြေရာ ဘုရားသိုက်
၂၅၀။ **မင်းသန့်ကျော်(စီးကုန်း)**
ကံတူအကျိုးပေး
၂၅၆။ **သျှင်ရဲထွဋ်(တောင်စွန်း)**
ပုဂ္ဂိုလ်ဆိုတာ ဒီလိုလား
၂၆၄။ **စိုးယဉ်ထွန်း**
သူယောင်ဂမုန်းရှင်နှင့် တွေ့သူ
၂၇၂။ **ကောင်းသော်**
ဂမ္ဘီရည သုံးည
၂၈၁။ **အာကာသ(သာစည်)**
တဝဲလည်လည် ပေါ်လာမြဲ
ရှစ်ဂုဏန်းက ပန်းပန်ဆဲ
၂၈၆။ **ဒါရိုက်တာမျိုးဇော်အောင်**
သမန်းဝံပုလွေအငြိုး
၂၉၃။ **မဟာထွန်း**
တုန်လှုပ်ချောက်ချားဖွယ် ပြုစားမှု
၂၉၈။ **ဂမ္ဘီရ လူမော်**
ကိုယ်တစ်ပိုင်း စံရွှေ
၃၀၄။ **ကျော်မိုးလွင်(ဝါးခယ်မ)**
ပေးသော်လည်း မရသူ





**ထုတ်ဝေသူ** – ဦးသန်းဦး(မြဲ–၀၀၅၃၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
**အတွင်းသရုပ်ဖော်** – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ညွန့်နိုင်လှ၊ ဇော်ညွန့်ဖေ၊ မိုးကျော်၊ ကျော်စိုးညိမ်း၊ ဇော်လွင်
**အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အဂျေး။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**– ၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြဲ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြဲ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့
**အယ်ဒီတာအဖွဲ့ရုံး** * အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၄၅ ၊ 📱 ၀၉ ၂၆၀၀ ၈၅ ၈၆၀


www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်း(မြောက်ပိုင်း)၊ မရမ်းကုန်း ဗဟိုလမ်းမကြီးဘေးတွင် လွန်စွာငြိမ်းချမ်းတိတ်ဆိတ်သော ပရိဝုဏ်နှင့် စေတီတော်တစ်ဆူကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်ကြပါ၏။ စေတီတော်၏ ပရိဝုဏ်မှာ များစွာမကျယ်ဝန်းလှသော်လည်း အေးချမ်းငြိမ်သက်တိတ်ဆိတ်မှုက လွန်စွာကြီးမားပါ၏။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နှင့် ဂျိုးဖြူပိုက်လိုင်းတစ်ခုသာ ခြား၏။

လွန်ခဲ့သောနှစ်ပေါင်း(၁၇၀)ကျော်ခန့်က ထိုနေရာသည် တောရိုင်းချုံနွယ်များ ဖုံးလွှမ်းလျက်ရှိသော တောကြီးမျက်မည်း ဖြစ်ခဲ့၏။ တောအုပ်၏အလယ် ကုန်းမို့မို့ပေါ်တွင်ကား ဉာဏ်တော်အမြင့်(၇)ပေရှိ ရှေးဟောင်းစေတီပျက် တစ်ဆူရှိ၏။ ထိုရှေးဟောင်းစေတီပျက်၏ တောင်ဘက် မနီးမဝေးရှိ ကုန်းပေါ်တွင်ကား ဥက္ကလာပနေပြည်တော်သို့ ဖောင်တော်ဖြင့် ရောက်ရှိခဲ့သည့် အလောင်းစည်သူမင်း တည်ထားခဲ့သော ကိုးဆူတောင် ဖောင်တော်ဦးဘုရားကြီး ရှိ၏။

သစ္စာမင်းခေါင်

## သုသာန်မြေ၌ ပေါ်ထွန်းလာခဲ့သော

# လေးကျွန်းဒီပါ အောင်စကြာ ပြည်လုံးချမ်းသာ ရွှေဟောင်းစေတီတော်



လေးကျွန်းဒီပါ အောင်စကြာ ပြည်လုံးချမ်းသာ ရွှေဟောင်းစေတီတော်

www.burmeseclassic.com

www.burmeseclassic.com



လေးကျွန်းဒီပါအောင်စကြာ ပြည်လုံးချမ်းသာစေတီတော်သို့ အဝင်ဝဲတားနှင့် မုခ်ဦး

ကာလများစွာ ကြာမြင့်လာပြီးနောက် မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ စသည့်မြို့သစ်များ ပေါ်ပေါက်လာသောအခါ ရှေးဟောင်းစေတီပျက်တည်ရှိရာ ထိုနေရာသည်လည်း မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီးရပ်ကွက်၌ ပါဝင်လာခဲ့ပြီး ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းလျက်ရှိသော ကြခတ်ဝါးရုံတောကြီး ဖြစ်လာခဲ့၏။ ယင်းနောက် ခရစ်နှစ်(၁၉၈၆)ခုနှစ်တွင် မြောက်ဥက္ကလာပ၊ တံတားကြီးသုသာန်သည် မူလရှိရာ ရွာတောင်ပိုင်းမှနေ၍ ထိုနေရာသို့ ပြောင်းရွှေ့ခဲ့၏။ ထိုရှေးဟောင်းစေတီပျက်သည်လည်း တံတားကြီးသုသာန်၏ မြေပုံများ၊ အုတ်ဂူများ ဝန်းရံကာ ကြခတ်ဝါးရုံများ အလယ်တွင် မထင်မရှား ပျောက်ကွယ်သွားခဲ့လေ၏။

## ရှေးဟောင်းစေတီပျက်နေရာကို တွေ့ရှိခြင်း

ခရစ်နှစ်(၁၉၉၀)ပြည့်နှစ်၏ နေ့တစ်နေ့တွင် မြောက်ဥက္ကလာပ၊ ကျောက်ရေတွင်း(မြောက်ပိုင်း)နေ ချစ်ကိုနှင့် ကျော်ငွေတို့သည် ဖော်ပြပါ ကြခတ်ဝါးရုံတောထဲသို့ ဝင်ရောက်ပြီး ဝါးခုတ်ခဲ့ကြလေ၏။ ထိုသို့ ဝါးခုတ်ရင်း ကြခတ်ဝါးရုံများ၏အလယ် သင်္ချိုင်းဂူများအနီးတွင် မြေကြီးများ စုပုံမို့မောက်နေပြီး ရှေးခေတ်ဂဝံအုတ်ချပ်များ၊ လုံအိုးများ ပြန့်ကျဲနေသည်ကို တွေ့ရှိခဲ့ကြလေ၏။ ထို့ကြောင့် ချစ်ကိုနှင့် ကျော်ငွေတို့သည် ဆရာတော်၊ သံဃာတော်များ၊ ရပ်ရွာလူကြီးများထံ အသိပေးအကြောင်းကြားခဲ့ပြီးနောက် ထိုနေရာသည် ယခင်က ရှေးဟောင်းစေတီပျက် ရှိသည့်နေရာပင်ဖြစ်ကြောင်း သတ်မှတ်ခဲ့ကြပြီး သာသနာ့အလံ လွှင့်ထူကာ ရာဇမတ်များ ကာရံထားခဲ့လေ၏။ ထူးခြားသည်မှာ အဆိုပါ ရှေးဟောင်းစေတီပျက်ရှိသည့် မြေနေရာတွင် လူသေအလောင်း မြှုပ်နှံရန် ကျင်းတူး၍ မရခြင်းပင် ဖြစ်သည် ဆို၏။

## အိပ်မက်မြင်မက်ခြင်း

ဖော်ပြပါ အခြေအနေများ ဖြစ်ပွားပြီးနောက် ညတစ်ညတွင် မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း(မြောက်ပိုင်း)၊ ဘုရင့်နောင်လမ်းနေ ဦးစိုးမြင့်နှင့် ဇနီး ဒေါ်တင်အေးတို့သည် ထူးဆန်းသော အိပ်မက်တစ်ခုကို ဇနီးမောင်နှံနှစ်ဦးစလုံး တစ်ပြိုင်နက်တည်း မြင်မက်ခဲ့ကြလေ၏။ အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်အဘိုးအိုတစ်ဦးက သင်တို့အိမ်ရဲ့ အရှေ့မြောက်ဘက်တည့်တည့်မှာ



မြောက်ဥက္ကလာပရှိ လေးကျွန်းဒီပါအောင်စကြာ ပြည်လုံးချမ်းသာစေတီတော်
ပရိဝုဏ်အား မရမ်းကုန်းမြို့နယ်၊ ဗဟိုလမ်းမကြီးဘက်မှ တွေ့မြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



လေးကျွန်းဒီပါအောင်စကြာ ပြည့်လုံးချမ်းသာ ရှေးဟောင်းစေတီတော် ပရိဝုဏ်ရှိ တန်ဆောင်းအတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသော လာဘသီဒ္ဓိ ရုပ်ပွားတော်

ရှေးဟောင်းစေတီပျက် တစ်ဆူရှိတယ်။ အဲဒီစေတီပျက်ကို တွေ့အောင်ရှာပြီး ပဋ္ဌာန်းဆက်ရှိတဲ့ သင်တို့က ပြုပြင်တည်ထားပါဟု ပြောကြားခဲ့လေ၏။

ထိုသို့ အိပ်မက်မြင်မက်ပြီးနောက် ဦးစိုးမြင့်နှင့် ဒေါ်တင်အေးတို့သည် ၎င်းတို့အိမ်၏ အရှေ့မြောက်ဘက်ရှိ မြောက်ဥက္ကလာ တံတားကြီးရပ်ကွက်ဘက်သို့ အိပ်မက်ထဲမှ ရှေးဟောင်းစေတီပျက်ကို ရှာဖွေရန် ရောက်ရှိခဲ့ကြလေ၏။ ထိုအခါ တံတားကြီးသုသာန်၏ ကြခတ်ဝါးရုံတောများအလယ် ကုန်းမို့မို့ပေါ်တွင် သာသနာ့အလံ စိုက်ထူကာ ရာဇမတ်ကွက်များ ကာရံထားသည်ကို တွေ့ရှိရသဖြင့် စုံစမ်းမေးမြန်းခဲ့ကြရာ ယခင်က ရှေးဟောင်းစေတီပျက် ရှိသည့်နေရာဖြစ်ကြောင်း သိရှိခဲ့ကြရ၏။ ထိုစေတီပျက် ရှိသည့်နေရာမှာ အိပ်မက်ထဲ၌ သူတော်စင်အဘိုးအို ပြောကြားခဲ့သည့်အတိုင်း မိမိတို့၏ အရှေ့မြောက်ဘက်တည့်တည့်၌ ဖြစ်နေသည်ကိုလည်း သိရှိလိုက်ကြရ၏။

**<u>ရှေးဟောင်းစေတီပျက်အား တူးဖော်ခြင်း</u>**

ယင်းနောက် ဦးစိုးမြင့်နှင့် ဇနီး ဒေါ်တင်အေးတို့၏ ကုသိုလ်ကောင်းမှုဖြင့် အဆိုပါရှေးဟောင်းစေတီပျက် ရှိသည့်နေရာကို မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဦးစိန်သောင်း(ယခု ဘုရားဂေါပက) ဦးဆောင်၍ လူအင်အား(၇)ဦးနှင့် တူးဖော်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြ၏။ ဦးစိန်သောင်းတို့သည် ထိုရှေးဟောင်းစေတီပျက်အား မတူးဖော်မီ ထိုင်နေရာတွင် (၉)ရက်တိတိ ဥပုသ်သီလဆောက်တည်ပြီး တရားထိုင်၊ ပုတီးစိပ်ခြင်းတို့ကို အဓိဋ္ဌာန်ဖြင့် ပြုလုပ်ခဲ့ကြလေ၏။ (၉)ရက်အဓိဋ္ဌာန် အောင်မြင်ပြီးနောက် ဦးစိန်သောင်းတို့သည် ထိုရှေးဟောင်းစေတီပျက်ရှိသည့် နေရာအား စတင်တူးဖော်ခဲ့ကြ၏။ ထိုသို့တူးဖော်ခဲ့ကြရာ မြေကြီးအနက်(၆)ပေခန့်အရောက်တွင် ရှေးခေတ်လက်ရာ ဂဝံအုတ်ရိုးများကို တွေ့ရှိခဲ့ကြသဖြင့် သက်ဆိုင်ရာသို့ တင်ပြခဲ့ကြ၏။ သက်ဆိုင်ရာက ထိုနေရာအား ဆက်လက်တူးဖော်ခြင်းမပြုရန် တားမြစ်ခဲ့ပြီး ထိုအုတ်ရိုးများကို အပေါ်မှငုံ၍ စေတီတည်ထားရန်သာ ခွင့်ပြုခဲ့၏။

ဦးစိန်သောင်းတို့သည် ထိုရှေးဟောင်းစေတီပျက် နေရာအား တူးဖော်နေစဉ် ရက်များအတွင်းတွင် မနီးမဝေးရှိ သင်္ချိုင်းဂူများဆီမှ ကလေးအသံ၊ ယောကျ်ားအသံ၊ မိန်းမအသံမျိုးစုံတို့ကို ညဘက်သန်းခေါင်ယံအချိန်များ၌ ချောက်



လေးကျွန်းဒီပါအောင်စကြာ ပြည့်လုံးချမ်းသာ ရှေးဟောင်းစေတီတော် ပရိဝုဏ်ရှိ တန်ဆောင်းအတွင်းက ထွက်ရပ်ဓါတ်ပုဂ္ဂိုလ်တို့၏ ရုပ်တုများ

www.burmeseclassic.com

ချားဖွယ် ကြားကြရသည်ဆို၏။

တစ်နေ့ ည(၉)နာရီအချိန်တွင် အဝါရောင် ရင်ဖုံးအင်္ကျီလက်ရှည်နှင့် အဝါရောင် ချိတ်ထဘီတို့ကို ဝတ်ဆင်ထားသူ အမျိုးသမီးတစ်ဦးသည် သူမ၏ ရှည်လျားသော ဆံပင်ကို နောက်ကျောတွင် ဖြန့်ချကာ ဦးစိန်သောင်းတို့လူစုအား လက်ညှိုးထိုး၍ "သင်တို့ ဒီရှေးဟောင်းစေတီကို ပြုပြင်တည်ထားပြီးလို့ ရေစက်ချ အမျှဝေတဲ့အခါ ဒီသင်္ချိုင်းမြေမှာရှိတဲ့


လေးကျွန်းဒီပါအောင်စကြာပြည်လုံးချမ်းသာစေတီတော် ပရိဝုဏ်ရှိ ဗောဓိပင်

မကျွတ်မလွတ်သေးသူတွေကို အထူးရည်စူးပြီးတော့ ထည့်သွင်းအမျှဝေပေးပါ"ဟု ပြောကြားပြီး မနီးမဝေးရှိ သင်္ချိုင်းဂူများကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့လေ၏။

## မြွေကို ကြွက်က လိုက်ခြင်း

ဦးစိန်သောင်းတို့သည် ထိုရှေးဟောင်းစေတီပျက် နေရာအား တူးဖော်ပြီး ပြန်လည်တည်ထားရန် စီစဉ်ဆောင်ရွက်နေစဉ်အတွင်း ညနေခင်းတစ်ခုတွင် ဆူဖြိုးသော မြေကြွက်ကြီးတစ်ကောင်သည် စေတီပျက်တူးဖော်ထားသည့် မြေပုံများကြားမှ ထွက်ပေါ်လာပြီး အရှည်(၆)ပေခန့်ရှိ ကြီးမားသော မြွေကြီးတစ်ကောင်အား ကိုက်သတ်ရန် လိုက်သဖြင့် မြွေကြီးမှာ မနီးမဝေးရှိ သင်္ချိုင်းအုတ်ဂူများကြားသို့ အပြေးအလွှား ဝင်ရောက်သွားခဲ့ရသည်ဟုဆို၏။ မြွေ၏အစာဖြစ်သော ကြွက်က ၎င်းအား ဝါးမျိုမည့်မြွေကို မကြောက်မရွံ့ဘဲ ပြန်လည်ကိုက်သတ်ရန် နောက်ကလိုက်သည့် ထိုဖြစ်ရပ်နှင့်စပ်လျဉ်း၍ ဆန်းကျမ်း၊ နက္ခတ်ကျမ်းကျင်သူ မြောက်ဥက္ကလာပ၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာ(၅)လမ်းနေ ဦးမောင်တင်က ပြောင်းပြန်ဖြစ်နေတဲ့ ဒီဖြစ်ရပ်ဟာ ဒီရှေးဟောင်းစေတီကို အောင်မြင်စွာ ပြုပြင်တည်ထားနိုင်လိမ့်မယ်လို့ နိမိတ်ပြခြင်းပါပဲဟု ပြောကြားခဲ့လေ၏။

## စေတီတော်တည်ထားခြင်း

ယင်းနောက် (၁၉၉၀)ပြည့်နှစ်၊ ဇန်နဝါရီလတွင် အဆိုပါ မြောက်ဥက္ကလာပ၊ တံတားကြီးသုသာန်မြေရှိ ရှေးဟောင်းစေတီပျက်နေရာ၌ ဂဝံအုတ်ကြီးများကို အပေါ်မှ ငုံပြီး ဉာဏ်တော်အမြင့်(၉)တောင်ရှိ စေတီတော်ကို စတင်တည်ထားခဲ့ရာ တစ်လခန့်အကြာတွင် စေတီတည်ထားခြင်း လုပ်ငန်းအားလုံး ပြီးဆုံးအောင်မြင်ခဲ့လေ၏။


လေးကျွန်းဒီပါအောင်စကြာပြည်လုံးချမ်းသာ ရှေးဟောင်းစေတီတော် ပရိဝုဏ်ရှိ
ရွာတော်ရှင်နတ်နန်း

ယင်းနောက် အဆိုပါ ရှေးဟောင်းစေတီတော်အား ရှာဖွေဖော်ထုတ် တည်ထားလှူဒါန်းခဲ့သူ ဦးစိုးမြင့်၊ ဒေါ်တင်အေးတို့ မိသားစုသည် ထိုကုသိုလ်အဖို့ဘာဂကို



www.burmeseclassic.com

www.burmeseclassic.com



လေးကျွန်းဒီပါအောင်စကြာ ပြည်လုံးချမ်းသာ ရှေးဟောင်းစေတီတော်၏ ထီးတော်ဟောင်းနှင့် အခြားစေတီတော်များ၏ ထီးတော်ဟောင်းများကို ရှာဖွေတွေ့ရှိ၍ တည်ထားခဲ့သော ဓာတ်ပေါင်းစုစေတီ

(၃၁)ဘုံကျင်လည်နေကြကုန်သော ဝေနေယျအားလုံးနှင့်တကွ စေတီတော်တည်ရှိရာ တံတားကြီးသုသာန်မြေ၌ ရှိနေကြကုန်သော မကျွတ်မလွတ်သေးသည့် ပုဂ္ဂိုလ်သတ္တဝါအပေါင်းအား ရေစက်ချ အမျှဝေခဲ့ကြလေ၏။ ထိုသို့ ရေစက်ချ အမျှဝေပြီးနောက် မနီးမဝေးရှိ သင်္ချိုင်းဂူများ၊ မြေပုံများဘက်မှ ပီပီပြင်ပြင် လိုက်လိုက်လှဲလှဲ သာဓုခေါ်သံများကို ရေစက်ချ တရားချီးမြှင့်သော သံဃာတော်များနှင့်တကွ ကြွရောက်လာကြသည့် ဧည့်ပရိသတ်များကပါ ထင်ထင်ရှားရှား ကြားလိုက်ကြရသည်ဟု ဆို၏။

**<u>စေတီတော်၏ဘွဲ့တော်</u>**

ထူးခြားစွာ ရှာဖွေတွေ့ရှိခဲ့ပြီး အသစ်တစ်ဖန်ပြန်လည် တည်ထားခဲ့သော အဆိုပါ ရှေးဟောင်းစေတီတော်ကို လေးကျွန်းဒီပါအောင်စကြာ ပြည်လုံးချမ်းသာစေတီတော်ဟူ၍ ဘွဲ့တော်ဆက်ကပ် ပူဇော်ခဲ့ကြလေ၏။ စေတီတော်၏ ဉာဏ်တော်အမြင့်မှာ (၉)တောင်ဖြစ်၏။

**<u>တံတားကြီးသုသာန်ကို ဖျက်သိမ်းခြင်း</u>**


ဖော်ပြပါ ရှေးဟောင်းစေတီတော်ကို ရှာဖွေတွေ့ရှိကာ ပြန်လည်ပြုပြင် တည်ထားခဲ့ပြီးနောက် (၁၀)နှစ်ခန့် အကြာတွင် ရေဝေးသုသာန်ကို ဖွင့်လှစ်ခဲ့ရာ ထိုရှေးဟောင်းစေတီတော် တည်ရှိရာ သုသာန်မြေရှိ တံတားကြီး သုသာန်ကိုလည်း ပိတ်သိမ်းခဲ့ရလေ၏။ ထိုသုသာန်မြေရှိ အဆိုပါ ရှေးဟောင်းစေတီတော်၏ ဝဲဘက်တွင် စည်ပင်သာယာ ဝန်ထမ်းလိုင်းများ ဖြစ်ပေါ်လာခဲ့၏။

နာဂစ်မုန်တိုင်း အလွန်ကာလတွင် လေးကျွန်းဒီပါ အောင်စကြာ ပြည်လုံးချမ်းသာ ရှေးဟောင်းစေတီတော်၌ သာသနာတော် ပိုမိုပွင့်လင်းလာခဲ့ခြင်း၊

(၂၀၀၈)ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ဖော်ပြပါ သုသာန်မြေရှိ ရှေးဟောင်းစေတီတော် ပရိဝုဏ်တွင် တန်ဆောင်း၊ တံခွန်တိုင်၊ ရေ၊ မီး စသည်တို့အပါအဝင် သာသနာနှင့်စပ်လျဉ်းသည့် ရုပ်ပွားဆင်းတုများဖြင့် ဝေဆာတင့်တယ်လာကာ သာသနာတော် ပိုမိုပွင့်လင်းလာခဲ့ပြီး နာယကဦးစိန်သောင်း ဦးဆောင်သည့် စေတီတော် ဂေါပကအဖွဲ့ကိုလည်း စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့၏။

**<u>လေးကျွန်းဒီပါ အောင်စကြာ ရှေးဟောင်းစေတီတော် ပရိဝုဏ်မှ ဓာတ်ပေါင်းစုစေတီ</u>**

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် အဆိုပါ လေး



လေးကျွန်းဒီပါအောင်စကြာ ပြည်လုံးချမ်းသာ ရှေးဟောင်းစေတီတော်၏ တံခွန်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်းဒီပါ အောင်စကြာ ပြည့်လုံးချမ်းသာ ရွှေဟောင်းစေတီတော်၏ ထီးတော်နှင့်တကွ အရံစေတီငယ်များ၏ ထီးတော်လေးများပါ ရွှဲစောင်းပျက်စီးသွားခဲ့လေ၏။ ပျက်စီးသွားသော ထိုထီးတော်ဟောင်းများကို ဥပမာပြု၍ အဆိုပါ လေးကျွန်းဒီပါ အောင်စကြာ ပြည့်လုံးချမ်းသာ ရွှေဟောင်းစေတီတော်ရင်ပြင်၏ မြောက်ဘက်ထောင့်တွင် ဓာတ်ပေါင်းစုစေတီကို တည်ထားခဲ့ကြ၏။ ထိုမြောက်ဘက်ထောင့်၌ (၉)ရက်အဓိဋ္ဌာန်ဝင်ပြီး သစ္စာပြုပါက မျှော်လင့်ချက်ကင်းမဲ့နေသော မိမိတို့၏ စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေးကိစ္စများ အဆင်ပြေသွားတတ်သည်ဟု ဆို၏။

**လေးကျွန်းဒီပါ အောင်စကြာပြည့်လုံးချမ်းသာ ရွှေဟောင်းစေတီတော်နှင့် ထူးခြားစွာ ပဋ္ဌာန်းဆက်ရှိသည့် အလှူရှင် ဇနီးမောင်နှံမိသားစု**

မြောက်ဥက္ကလာပ၊ စက်မှုဇုန်နေ ရွှေကမ္ဘာမင်္ဂလာ ခေါက်ဆွဲခြောက်လုပ်ငန်းပိုင်ရှင် ဦးအောင်မျိုးထွန်းနှင့် ဇနီး ဒေါ်သီသီဝေတို့မှာ နာဂစ်မုန်တိုင်း လွန်မြောက်ပြီးနောက်ပိုင်းကာလများတွင် လုပ်ငန်းအဆင်မပြေတော့ဘဲ စီးပွားရေးက တဖြည်းဖြည်းကျဆင်းလာ၏။ ထိုအခြေအနေတွင် ဦးအောင်မျိုးထွန်း၊ ဒေါ်သီသီဝေတို့သည် လွန်စွာရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သူ မရမ်းကုန်း၊ ကျောက်ရေတွင်းမြောက်ပိုင်း၊ အမှတ်(၅)ရပ်ကွက်နေ ဦးဝင်းနိုင်နှင့် တွေ့ဆုံခဲ့၏။ ဦးဝင်းနိုင်မှာ ဘာသာရေးသမားတစ်ဦးဖြစ်ပြီး အကျင့်စရဏအားကောင်းသူတစ်ဦးလည်း ဖြစ်၏။


ဦးအောင်မျိုးထွန်းတို့၏ စီးပွားရေးအဆင်မပြေမှုကို သိရှိသွားသော ဦးဝင်းနိုင်က ကံညံ့နေလို့၊ ကံနိမ့်နေလို့ ခုလို စီးပွားရေးအဆင်မပြေ ဖြစ်ရတာ ညံ့နေတဲ့ကံကို ကောင်းလာအောင် နိမ့်နေတဲ့ကံကို မြင့်လာအောင် ရတနာ (၃)ပါးနဲ့ စပ်လျဉ်းတဲ့ ကုသိုလ်ဒါန များများပြုလုပ်ပေးပါ။ အခုအခါ တံတားကြီးသုသာန်မြေဟောင်းက ရွှေဟောင်းစေတီမှာ လိုအပ်ချက်တွေ အများကြီးရှိနေတယ်။ အဲဒီစေတီမှာ လိုအပ်တာတွေကို ကုသိုလ်ပြု လှူဒါန်းလိုက်ပါလားဟူ၍ နိဗ္ဗာန်ဆော်လုပ်ကာ အကြံပြုတိုက်တွန်းခဲ့၏။

စီးပွားရေးအဆင်မပြေဖြစ်နေသော ဦးအောင်မျိုးထွန်းတို့ ဇနီးမောင်နှံသည် ဦးဝင်းနိုင်၏ အကြံပြု တိုက်တွန်းချက်အတိုင်း ဖော်ပြပါ ရွှေဟောင်းစေတီသို့ လာရောက်ပြီး စေတီတော်အတွက် လိုအပ်သည့် တံခွန်တိုင်၊ မုခ်ဦး၊ တံတား၊ တန်ဆောင်း၊ တံခါး၊ နံရံဆေး စသည်တို့ကို ငွေကျပ်သိန်း(၇၀) အကုန်အကျခံကာ လှူဒါန်းသွားခဲ့၏။

ယင်းနောက်ပိုင်းတွင် ဦးအောင်မျိုးထွန်း၊ ဒေါ်သီသီဝင်းတို့၏ ကျဆင်းနေသော စီးပွားရေးသည် တစ်ရှိန်ထိုး ပြန်လည်ဦးမော့လာခဲ့လေ၏။ မည်သို့ဆိုစေ ဦးအောင်မျိုးထွန်းနှင့် ဒေါ်သီသီဝင်းတို့ ဇနီးမောင်နှံမိသားစုသည်ကား ဖော်ပြပါ လေးကျွန်းဒီပါ အောင်စကြာ ပြည့်လုံးချမ်းသာ ရွှေဟောင်းစေတီတော်နှင့် ထူးခြားစွာ ပဋ္ဌာန်းဆက်ရှိသူများအဖြစ် မှတ်တမ်းပြုရမည်ပင် ဖြစ်ပါ၏။


**လေးကျွန်းဒီပါ အောင်စကြာ ပြည့်လုံးချမ်းသာ ရွှေဟောင်းစေတီတော်၌ အဓိဋ္ဌာန်ဝင်ရင်း ရောဂါသက်သာ ပျောက်ကင်းလာခဲ့သူ**

ကရင်ပြည်နယ်၊ ဘားအံမြို့နေ ဦးကျော်သွေးသည် နှလုံးရောဂါဝေဒနာကို ခံစားနေရသူတစ်ဦး ဖြစ်၏။ ဦးကျော်သွေးသည် ၎င်းခံစားနေရသော ရောဂါကို ကုသရန်



အငြိမ်းစားယူပြီးသည့်နေ့မှစ၍ လေးကျွန်းဒီပါ အောင်စကြာ ပြည့်လုံးချမ်းသာ စေတီတော် ဗရိဝုဏ်တွင် နေထိုင်ပြီး ထူးခြားစွာ ကုသိုလ်ယူလျက်ရှိသူ ဦးအောင်မြင့် (အသက် ၆၆ နှစ်)

www.burmeseclassic.com



လေးကျွန်းဒီပါအောင်စကြာပြည်လုံးချမ်းသာ ရွှေဟောင်းစေတီတော်၌အမိဋ္ဌာန်ဝင်ရင်းရောဂါဝေဒနာ သက်သာပျောက်ကင်းခဲ့သူ ဦးကျော်သွေး (ဘားအံ)

အတွက် ရန်ကုန်မြို့သို့ လာရောက်ပြီး မြောက်ဥက္ကလာပ၊ တံတားကြီးရပ်ကွက်ရှိ ဆွေမျိုးများအိမ်တွင် တည်းခိုကာ ဆေးရုံပြသခဲ့၏။ ဦးကျော်သွေးကို ဆရာဝန်များက စမ်းသပ်စစ်ဆေးမှုများစွာ ပြုလုပ်ခဲ့ကြပြီးနောက် ခွဲစိတ်ကုသရမည်ဟု ဆုံးဖြတ်ခဲ့ကြ၏။

ထိုအတောအတွင်း ဦးကျော်သွေးသည် မိမိတည်းခိုရာအိမ်နှင့် မနီးမဝေးတွင်ရှိသော ဖော်ပြပါ လေးကျွန်းဒီပါ အောင်စကြာ ပြည်လုံးချမ်းသာ ရွှေဟောင်းစေတီတော်သို့ သွားရောက်၍ အမိဋ္ဌာန်ဝင်၏။ အမိဋ္ဌာန်ပြီးဆုံးပြီးနောက် မကြာမီကာလအတွင်း၌ပင် ဆရာဝန်များက ဦးကျော်သွေး၏ ရောဂါအခြေအနေကို အသေးစိတ် ပြန်လည်စစ်ဆေးခဲ့ကြရာ ဦးကျော်သွေးကို ခွဲစိတ်ကုသစရာ မလိုတော့ဘဲ ဦးကျော်သွေး၏ နှလုံးရောဂါ အခြေအနေမှာ ထူးခြားစွာ သက်သာပျောက်ကင်းသွားခဲ့သည်ဟု ဆို၏။

**<u>လေးကျွန်းဒီပါ အောင်စကြာ ပြည်လုံးချမ်းသာ ရွှေဟောင်းစေတီတော်၌ ထူးခြားစွာ ကုသိုလ်ယူလျက်ရှိသူ တစ်ဦး</u>**

ဦးအောင်မြင့် (အသက် ၆၆ နှစ်)သည် ယခင်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကုန်တင်ကုန်ချဌာနခွဲမှ ဝန်ထမ်းတစ်ဦးဖြစ်ခဲ့ပြီး တစ်ကိုယ်ရေတစ်ကာယသမား တစ်ဦးလည်းဖြစ်၏။ ဦးအောင်မြင့်သည် အငြိမ်းစားယူပြီးသည့်နေ့မှစ၍ အဆိုပါ လေးကျွန်းဒီပါ အောင်စကြာ ပြည်လုံးချမ်းသာ ရွှေဟောင်းစေတီတော်ပရိဝုဏ်၌ နေထိုင်ပြီး စေတီတော်၏ ဝေယျာဝစ္စကို နေ့စဉ်မပျက် ဆောင်ရွက်လျက်ရှိသည့်အပြင် စေတီတော်၏ နေ့,ညလုံခြုံရေးအတွက်လည်း အခကြေးငွေမယူဘဲ လုပ်ကိုင်ကာ ကုသိုလ်ယူလျက်ရှိ၏။ အချိန်ရတိုင်း သတိပဋ္ဌာန်တရားမြဝကို ရှုမှတ်ပွားများ၏။ ဦးအောင်မြင့် သည်ကား ကျန်သော မိမိ၏ ဘဝသက်တမ်းကို တန်ဖိုးရှိစွာ ဖြတ်သန်းလျက် ရှိသူတစ်ဦးပင် ဖြစ်သည်ဟု မှတ်တမ်းပြုရမည် ဖြစ်ပါ၏

**<u>လေးကျွန်းဒီပါ အောင်စကြာပြည်လုံးချမ်းသာ ရွှေဟောင်းစေတီတော်သို့ ထူးထူးခြားခြား ရောက်ရှိလာတတ်ကြသူများ</u>**

အဆိုပါ ရွှေဟောင်းစေတော်သို့ မည်သည့်အရပ်ဒေသ လာရောက်မှန်း မသိရသော ပေါ်ချာဆောင်း ရသေ့များ ရှည်လျားသော မုတ်ဆိတ်ကျင်စွယ်များ



လေးကျွန်းဒီပါအောင်စကြာပြည်လုံးချမ်းသာ ရွှေဟောင်းစေတီကို ဦးဆောင်တူးဖော်ခဲ့ပြီး ပြန်လည်တည်ထားရာတွင်လည်း လုပ်အားဒါနအပြည့်ဖြင့် ပါဝင်ခဲ့သူ ဦးစိန်အောင် (ဂေါပကနာယက)



www.burmeseclassic.com

www.burmeseclassic.com

ယောဂီသူတော်စင်များ၊ အရှုးလိုလို မြေလျှောက်ဂန္ဓာရီ ပုဂ္ဂိုလ်များတို့သည် ရံဖန်ရံခါ ရောက်ရှိလာတတ်ကြပြီး အကျင့်စခန်း ဝင်ရောက်လေ့ရှိကြ၏။ ထိုစေတီသို့ ဘုရားဖူးလာရောက်ကြသူ အချို့သည် ထိုပုဂ္ဂိုလ်များ ပေးကမ်းသွားသော အဆောင်လက်ဖွဲ့များ၊ ဆေးမြစ်များကို ရရှိကြပြီး မမျှော်လင့်သော စီးပွားလာဘ်လာဘများရရှိခြင်း၊ ၎င်းတို့၏ ဆေးမြစ်များကို အသုံးပြု၍ ရောဂါဝေဒနာများ ထူးဆန်းစွာ ပျောက်ကင်းသွားရခြင်း စသည့်အကျိုးထူးများကို ရရှိကြသည်ဟု ဆို၏။

**ခရီးလမ်းညွှန်**

သုဿာန်မြေ၌ ပေါ်ထွန်းလာခဲ့သော ဖော်ပြပါ လေးကျွန်းဒီပါ အောင်စကြာပြည်လုံးချမ်းသာ ရှေးဟောင်းစေတီတော်ကို သွားရောက်ဖူးမြော်လိုသူတို့သည် မြောက်ဥက္ကလာပ၊ မေဓာဝီလမ်းဆုံမှတစ်ဆင့် ဆိုက်ကား၊ ဆိုင်ကယ်၊ တက္ကစီကားတို့ဖြင့် သွားရောက်နိုင်ကြသလို ရန်ကုန်မြို့ထဲမှ တက္ကစီကားဖြင့် လာရောက်သူတို့သည်လည်း မြောက်ဥက္ကလာ၊ ကျောက်ရေတွင်းခုံးကျော်တံတားကြီးကို ကျော်ဖြတ်၍ ကျောက်ရေတွင်း ဗဟိုလမ်းမကြီးအတိုင်း ဝင်လာလျှင် လွယ်ကူစွာ ရောက်ရှိဖူးမြော်နိုင်ကြပါ၏။ မင်္ဂလာဒုံမြို့ပတ်ရထား စီးလာလျှင်လည်း မြောက်ဥက္ကလာပ၊ ပုရွက်ဆိတ်ကုန်းဘူတာတွင် ဆင်းပြီး တံတားကြီးရပ်ကွက်ကိုဖြတ်၍ လျှောက်လာလျှင် ထိုစေတီတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိမည် ဖြစ်ပါ၏။

ထိုလေးကျွန်းဒီပါ အောင်စကြာ ပြည်လုံးချမ်းသာ စေတီတော်သို့ ရောက်ရှိဖူးမြော် ကြည်ညိုပြီး၍ စေတီတော်အတွက် တစ်စုံတစ်ရာ ကုသိုလ်ဒါနပြု လှူဒါန်းလိုပါကလည်း စေတီတော်၏ဂေါပက နာယကဖြစ်သူ ဦးစိန်သောင်းထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါ၏။ ထူးခြားသည်မှာ ဤစေတီတော်၌ အလှူခံပုံးများ လုံးဝမထားရှိခြင်းပင် ဖြစ်ပါ၏။


ဝေနေယျအားလုံး ဘေးရန်ကင်းဝေးကြပါစေ။

မေတ္တာရည်၍

**သစ္စာမင်းခေါင်**


**နှလုံးတုန်၊ ရင်ခုန်၊ မူးမော်သူများအတွက်**

# နန်းထိပ်တင်



နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တုဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဲဆောင်မှုန်း (၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၃၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ (တဆထက(တနင်္သာရီ))

**နှလုံးအားတိုးဆေး**

ပင်ရင်း၊ နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၀)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉၂၀၀၀၉၉၇၊ ☎ (၀၁) ၂၁၁၈၈၃
ရန်ကုန် မြည်ဝမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ် (B-50, 51) ရွှေပြည်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအေးမြင့် မြန်မာဆေးမျိုးစုံဆိုင် - ရှောင်းဝယ်ရေး/E ရုံ (သဇင်ရုံ)၊ အမှတ် - ၉၆ (မြေညီထပ်)၊ ဈေးချို၊ မန္တလေးမြို့။ ☎ (၀၂) ၃၁၀၀၀

www.burmeseclassic.com

စေတီတော်နှင့်အတူ တွေ့ရသည့် ဘုရားသိမ်အောင်မြေနေရာ



သုံးခွမြို့ကျက်သရေဆောင်

# ရွှေစစ်မျက်နှာစေတီတော်

ဗိုလ်တထောင် ကိုဦး

ဂေါတမမြတ်စွာသည် တစ်ခုသောကာလ၌ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွတော်မူစဉ် ပီယဒဿီ အမည်ရှိ ခုနစ်နှစ်သားအရွယ် သူဌေးသားငယ်လေးသည် သူငယ်ချင်းများနှင့် ဆော့ကစားနေရာမှ ဗုဒ္ဓမြတ်စွာကို မြင်တော်မူ၍ လက်၌ရှိနေသော မြေမှုန့်တို့ကို ဘုရားရှင်အား လှူဒါန်းတော်မူခဲ့သည်။ ဗုဒ္ဓမြတ်စွာသည် သူဌေးသားငယ်အား ဗျာဒိတ်စကားမြွက်ကြားကာ ခရီးစဉ်အတိုင်း ထွက်ခွာ ဆွမ်းခံကြွသွားလေ၏။

ဤကောင်းမှုကြောင့် သာသနာတော်သက္ကရာဇ်(၂၁၈) ခုနှစ်ဝယ် ပါဋလိပုတ်နေပြည်တော်ကြီး၌ သီရိဓမ္မာသောကမည်သော မင်းအဖြစ် ရာဇဘိသိက်ခံယူကာ ရှေးကောင်းမှု၏ အာနုဘော်ကြောင့် အထက်အောက် တစ်ယူဇနာတိုင်အောင် ဘုန်းတန်ခိုးအာဏာ ပျံ့နှံ့ခဲ့သည်။ ထိုအချိန်က ပါဋလိပုတ်နေပြည်တော်၌ ဗုဒ္ဓဘာသာ မထွန်းကားသေးဘဲ တိတ္ထိပုရဗိုဇ်တို့ကိုသာ ယုံကြည်ကိုးကွယ်ခဲ့ကြသည်။

တိတ္ထိပရဗိုဇ်တို့သည် လျှပ်ပေါ်လော်လီသော ဣန္ဒြေနှင့် နေထိုင်စားသောက်ကြသည်ဖြစ်၍ မင်းကြီးသည် ထိုသူတို့၌ မြတ်သောတရားသည် မရှိ၊ ပကတိလူသားများအတိုင်းသာဖြစ်၏။ ထိုသူတို့ကို လှူဒါန်းရခြင်းဖြင့် အကျိုးမများနိုင်။ မြတ်သောအလှူကိုရှာ၍ လှူမှသာလျှင် အကျိုးများစွာဖြစ်အံ့ဟု တွေးတောကြံစည်မိ၏။

တစ်နေ့တွင် နိဂြောဓသာမဏေငယ်သည် ဆွမ်းခံကြွရန်အလို့ငှာ နန်းတော်ထဲ ဝင်ရောက်လာခဲ့သည်။ ဣန္ဒြေသိက္ခာနှင့် ပြည့်စုံ၍ အခြားသူများနှင့်မတူသော နိဂြောဓသာမဏေငယ်ကို မြင်တွေ့ရသော မင်းကြီး၏စိတ်ဝယ် ချစ်ခြင်းမေတ္တာနှင့်တကွ ကြည်ညိုသဒ္ဓါပွားများကာ ဤသာမဏေငယ်ကိုယ်၌ မြတ်သောတရားသည် ရှိတန်ကောင်း၏။ ထို့ကြောင့် အမတ်တို့အား စေလွှတ်၍ သာမဏေငယ်ကို ပင့်ခေါ်စေ၏။

ဣန္ဒြေသိက္ခာနှင့် လှမ်းကြွလာသော သာမဏေငယ်ကို မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာ ကြိုဆို၍ သင့်လျော်ရာ အရပ်၌ နေပါလော့ဟု မိန့်တော်မူရာ နိဂြောဓသာမဏေငယ်သည် ပတ်ဝန်းကျင်အရပ်သို့ ကြည့်တော်

www.burmeseclassic.com


ပြီးနောက် ငါ့ထက်မြတ်သော ရဟန်းပုဂ္ဂိုလ်တို့သည် ဤ အရပ်၌မရှိ။ ထို့ကြောင့် ထီးဖြူအုပ်မိုးသော ရာဇပလ္လင် ထက်သို့ တက်တော်မူလေ၏။

ဤအခြင်းအရာကို မြင်တွေ့သော သီရိဓမ္မာသောက မင်းကြီးသည် လွန်စွာအံ့သြသွားလေ၏။ သာမဏေငယ် သည် ယနေ့ကာလ၌ ငါ၏အရှင် ဖြစ်ပေသည်။ သပိတ်ကို လှမ်းကာ ယူတော်မူ၍ အထူးထူးသော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို လောင်းလှူတော်မူလေ၏။

သာမဏေငယ်သည် ဘုဉ်းပေးသုံးဆောင်ပြီးသော အခါ မင်းကြီးက ဤသို့ဆိုလေ၏။

'အရှင်သာမဏေငယ်...အရှင်၏အနွယ်ကား အဘယ် နည်း။ မည်သူ၏ အဆုံးအမကို ခံယူ၍ အရှင်၏ အယူ ကား ဘယ်သို့နည်း' ဟု လျှောက်တင်မေးမြန်းလေ၏။

ထိုအခါ နိဂြောဓသာမဏေငယ်က 'မြတ်သောမင်း ကြီး...ငါ၏အမျိုးအနွယ်ကား သစ္စာကို အခြေခံ၍ ဓမ္မ မျိုးစုံ အလုံးစုံကို သိမြင်တော်မူသော သဗ္ဗညုဘုရားရှင် အနွယ်ဖြစ်၏။ ဘုရားရှင်၏ အဆုံးအမ၌သာလျှင် ငါတည်



ရှစ်မျက်နှာစေတီတော်အား ဖူးတွေ့ရစဉ်



ရှစ်မျက်နှာစေတီတော် အဝင်မုခ်ဦးဝ

၏။ ငါ၏ အယူဝါဒသည် ဘုရားရှင်တို့ ပျော်စံရာနိဗ္ဗာန် ကို အာရုံပြုသည်' ဟု ဖြေကြားမိန့်ဆိုတော်မူလေ၏။

မင်းကြီးသည် သာမဏေငယ်အား-

'သင်တို့၏ဆရာ ဟောကြားသော အဆုံးအမကိုသိ လျှင် ငါ့အား ဟောကြားပါလော့'

ဟု လျှောက်ထားရာ သာမဏေငယ်က-

'ငါသိသည်မှာ နည်းသေး၏။ သို့သော် သိသမျှ ဟောကြားပေးမည်'

ဟုဆို၍ အပ္ပမာဒေါ အမတံပဒံ ပမာဒေါ မစ္စုနောပဒံ အစရှိသော ဂါထာကို ဟောကြားစဉ် မင်းကြီးက ငါ သိပြီ။ စုံလင်စွာ ဟောကြားပေးပါရန် လျှောက်ထားသဖြင့် နိဂြောဓ သာမဏေငယ်သည် အပ္ပမာဒဝဂ်ကို ဆုံးအောင် ဟောကြားတော်မူခဲ့လေ၏။

သာမဏေငယ်၏ တရားတော်နှင့်တကွ အဆုံးအမ ကို နာကြားကြရသော မင်းကြီးနှင့်တကွ ပရိသတ် အပေါင်းသည် သရဏဂုံသီလကျင့်ဝတ် ပဋိပတ်ကို တည် လေ၏။ မင်းကြီးသည် ပုထုဇဉ်တို့၏ ကြည်ညိုခြင်းထက်

www.burmeseclassic.com

လွန်ကဲစွာ ကြည်ညိုခြင်းဖြစ်၏။

ထို့ကြောင့် သံဃာတို့ နေထိုင်ရန်အတွက် ပါဋလိပုတ်နေပြည်တော်ဝယ် အသောကာရာမ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းလေ၏။

မင်းကြီးသည် ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သော တရားတော်များ အဘယ်မျှရှိကြောင်း မေးလျှောက်သောအခါ ဓမ္မဝိနယအားဖြင့်နှစ်ပါး၊ ပိဋကတ်အားဖြင့်သုံးပါး၊ နိကာယ်အားဖြင့်ငါးပါး၊ အင်္ဂါအားဖြင့်ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည်ဟု ဖြေကြားတော်မူလေသည်။

သီရိဓမ္မာသောကမင်းကြီးသည် တရားတော်၌ လွန်စွာနှစ်သက်ကြည်ညိုသောကြောင့် တစ်ပါး၊တစ်ပါးသော ဓမ္မက္ခန္ဓာကို ရည်စူးကာ စေတီပေါင်းရှစ်သောင်းလေးထောင် တည်ထားလိုသော ဆန္ဒအကြံတော် ရရှိသည်ဖြစ်၍ ဘုရားရှင်၏ သရီရဓာတ်တော်တို့ကို တောင်းတော်မူလေ၏။

**ဓာတ်တော်များ ပင့်ဆောင်ခြင်း**

သီရိဓမ္မာသောကမင်းကြီးသည် ရာဇဂြိုဟ်၌ အရှင်မဟာကဿပနှင့် အဇာတသတ်မင်း ခဲယဉ်းစွာ မြှုပ်နှံထားသော ဗုဒ္ဓ၏ သရီရဓာတ်တော် ကိန်းဝပ်သည့် ဒွာပနာတိုက်ကို ရှာဖွေ၍ တွေ့သောအခါ၌ ယန္တရားစက်ကို ဖျက်စေ၏။ မြေကိုတူး၍ တံခိုင်းခုနစ်ထပ်တို့ကို အစဉ်အတိုင်း ဖယ်ရှားသောအခါ ပြာသာဒ်အတွင်း၌ ရွှေစင်



အပေါ်တော်စံဘုရားတန်ဆောင်းအတွင်းရှိ
မဟာမြတ်မုနိ ကြေးသွန်းရုပ်ပွားတော်

အတိဖြင့် ပြုလုပ်ထားသော မြင်းရုပ်ယန္တရားကို ဖွင့်စေ သော် ဝဇီရစိန်ကဲ့သို့ ထွန်းလင်းတောက်ပစွာ တည်နေ သော ဓာတ်တော်အစုကို မင်းကြီးကိုယ်တိုင် ဖူးမြင်ရ သောခဏ ရွှင်ပြုံးသော စိတ်နှလုံးတော်ဖြင့် ခုနစ်ရက် ပတ်လုံး ကြီးကျယ်ခမ်းနားစွာ ပူ ဇော်မူပြုခဲ့လေ၏။



မြတ်စွာညီနောင်ရုပ်ပွားတော်နှစ်ဆူ

ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ် တော်တို့ကို ဇမ္ဗူဒိပ်ကျွန်းလုံးအ ကိုးကွယ်ကြစေခြင်းငှာ ရှစ်သောင် လေးထောင်သော မြို့နိုင်ငံအနှံ့ စေ တီတစ်ဆူစီတည်လေဟု ကိုးဆယ့် ခြောက်ကုဋေသော ရွှေ၊ ငွေ အသပြာတို့နှင့်တကွ သရီရဓာတ် တော်တို့ကို အမတ်တို့အား အ နှံ၍ စေတီ၊ ကျောင်း၊ ဇရပ်တွင် ရေကန်တို့ကို တည်စေ၏။ C ဖော်စေလေ၏။


www.burmeseclassic.com



နဂါးရုံတန်ဆောင်းအတွင်းရှိ နဂါးရုံဘုရား

ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မဟာထေရ်နှင့် သီရိဓမ္မာသောကမင်းကြီးတို့သည် သာသနာသက္ကရာဇ်(၂၃၅) ခုနှစ်၌ တတိယသင်္ဂါယနာ တင်တော်မူပြီးနောက် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ တပည့်ရဟန္တာများသည် ကိုးတိုင်း ကိုးဌာနသို့ ဗုဒ္ဓ၏ သရီရဓာတ်တော်များကို ပင့်ဆောင်ကာ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ခဲ့ကြလေသည်။

တန်ခိုးအာနုဘော်ရှိသော ဣန္ဒဂုတ္တ ရဟန္တာအရှင်မြတ်ကြီး သည် မိမိ၏ တန်ခိုးစွမ်းအားဖြင့် စောင့်ရှောက်သောကြောင့် ခြောက်လကြာလျှင် အလုံးစုံသော စေတီ၊



ရဟန္တာရှစ်ကျိပ်တစ်ဆူ တန်ဆောင်းတော်

ကျောင်း၊ ကန်၊ ရေတွင်း၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်သည် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်လေ၏။

**သုံးခွမြို့သို့ ရောက်ရှိလာသော သရီရဓာတ်တော်နှင့် ကျောက်စေတီတော်**

သီရိဓမ္မာသောကမင်းကြီး ကောင်းမှုတော် စေတီပေါင်း ရှစ်သောင်းလေးထောင်တို့သည် ဇမ္ဗူဒိပ်ကျွန်းလုံးအနှံ့ ပျံ့နှံ့ရောက်ရှိစဉ် အထက်ချင်းတွင်းဒေသသို့တိုင် ရောက်ရှိခဲ့သည်။


ဝဏ္ဏာဘိဓေသဒ္ဓမ္မာလင်္ကာရရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသည် ဘုရားဒါယကာ ဦးအောင်ဘော်အမှူးပြုသော သုံးခွမြို့သူမြို့သားများနှင့်တကွ အထက်ချင်းတွင်းဒေသသို့ သာသနာပြု ရောက်ရှိလာကြသည်။

ထိုစဉ် အထက်ချင်းတွင်းမြစ်ညာဒေသမှ သီရိဓမ္မာသောကမင်းကြီးကောင်းမှုတော် စေတီပေါင်းရှစ်သောင်းလေးထောင်အနက်မှ သရီရဓာတ်တော်အချို့နှင့် ရွှေမုဋ္ဌောကျောက်စေတီတော်ကို ရရှိသည်ဖြစ်၍ သုံးခွမြို့နယ်သို့ ပင့်ဆောင်ခဲ့ကြလေ၏။

သာသနာသက္ကရာဇ်(၂၄၁၃)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၂၃၀)ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း (၉)ရက်နေ့တွင် ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်း၌ ဉာဏ်တော် ဆယ့်ငါးတောင်ရှိသော ကျောက်စေတီတော်ကို တည်ထား ကိုးကွယ်ခဲ့ကြသည်။

ဆရာတော်ကြီး၏ ကျောင်းဝင်းတည်နေရာသည် မြောက်ဝန်းချောင်းအရှေ့ဘက် ကမ်းနဖူး၌ရှိသောကြောင့် ကျော

www.burmeseclassic.com



အမှုဖော်ခံ ဘုရားလေးဆူအား ဖူးတွေ့ရစဉ်

ဇာသက္ကရာဇ်(၁၂၃၇)ခုနှစ်တွင် ရေတိုက်စားခြင်း ခံရပြီး စေတီတော်မှာ ပြိုပျက်ခဲ့၍ နေရာပြောင်းရွှေ့ခဲ့ရလေ၏။

စေတီတော်ကို ဈေးအနီး ရေကန်၏ အရှေ့မြောက်ထောင့်၌ ဒုတိယအကြိမ် တည်ထားကိုးကွယ်ခဲ့ကြသည်။

ဒရယ်ဝပ်သည့် မင်္ဂလာမြေနေရာ

နှစ်ပေါင်းကြာလာသည်နှင့်အမျှ မြို့လူဦးရေသည် သိပ်သည်းလာခဲ့၏။ တိုးပွားလာသော လူဦးရေနှင့် မြို့မှာ အဆင်မပြေဖြစ်လာသောအခါ အုပ်ချုပ်သူအစိုးရသည် မြို့ကို တိုးချဲ့ရတော့၏။

များမကြာမီကာလ အုပ်ချုပ်သူအစိုးရသည် မြို့ကို ပြန်လည်ပြုပြင်၍ အကွက်ချကာ လမ်းများကိုလည်း တိုးချဲ့ဖောက်လုပ်ခဲ့သည်။ မင်းပိုင်းအရပ်တွင်ရှိသော စေတီတော်မှာ လမ်းနှင့် မလွတ်ကင်းသောကြောင့် ဖယ်ရှားခံရမည့် အနေအထားတွင် ရှိနေခဲ့သည်။

ဤသို့သော အခြေအနေကြောင့် ဓမ္မကထိကဆရာကြီး ဦးမောင်ကြီးနှင့် မြို့သူမြို့သားတို့သည် မြို့ကျက်သရေဆောင် စေတီတော်ကို တည်ထားကိုးကွယ်ရန် မြေနေရာ ရှာဖွေကြရသည်။ နေရာသစ်ရှာဖွေကြရာ ဘုရားအနီး တစ်နေရာတွင် ဒရယ်တစ်ကောင် ဝပ်နေသည်ကို မြင်ကြရ၏။ ပုဗ္ဗနိမိတ်ထင်ခဲ့သော ယင်းဒရယ်ဝပ်သော နေရာကို မင်္ဂလာယူကာ စေတီတော်ကို တတိယအကြိမ်မြောက် တည်ထားကိုးကွယ်ခဲ့ကြသည်။

ရှစ်မျက်နှာစေတီ ဘွဲ့မည်ပေး

မူလလက်ယာရစ်ခွေ ရှစ်မြှောင့်ရှိသော ဓာတ်တော်ကြုတ်ကို အတွင်းဌာပနာထားပြီးနောက် မန္တလေးမြို့ မြတောင်ကျောင်းတိုက်မှ အရှင်ကုမာရသည် ဓာတ်တော်များကို ထပ်မံပင့်ဆောင်လာခဲ့ပြီး ယခင် ပက်လက်ခေါ် ပုလဲကျေးရွာတွင် ခေတ္တနားနေခိုက် သုံးခွမြို့သူမြို့သားတို့က သွားရောက်ကာ ပင့်ဆောင်လာခဲ့ကြလေသည်။

ဆရာတော် ယူဆောင်လာခဲ့သော ဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာပြုလျက် ဉာဏ်တော် အတောင်ငါးဆယ်ရှိသော စေတီတော်ကို မူလဌာပနာ ကျောက်ကြုတ်အတိုင်း ရှစ်မြှောင့်ပြုကာ တည်ထားကိုးကွယ်ခဲ့သဖြင့် စေတီတော်ဘွဲ့မည်ကို ရှစ်မျက်နှာစေတီတော်ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြလေ၏။

မန္တလေးမြို့မှ ဌာပနာထားရန် ပင့်ဆောင်လာခဲ့သော ဓာတ်တော်များနှင့်အတူ စေတီတော်တွင် ဌာပနာကိန်းဝပ်



မြတ်စောညီနောင်ဘုရားတန်ဆောင်း



www.burmeseclassic.com

www.burmeseclassic.com

နေသော ဓာတ်တော်နှင့် ရတနာပစ္စည်းများမှာ (၁) ရွှေအဆင်းဓာတ်တော်(၂၅၀၀)ဆူ၊ (၂) ပုလဲအဆင်းဓာတ်တော်(၄၂၉၆၅)ဆူ၊ (၃) မြလေးဝန်းအဆင်းဓာတ်တော်(၅၈၂၂၄၆)ဆူ၊ (၄) ရွှေဆင်းတု(၂၁၉)ဆူ၊ (၅) ငွေဆင်းတု(၁၂၆)ဆူ၊ (၆) ငွေချိန်(၈၉၆)မူး (၁၀)ပဲရှိ သတ္တဌာနဘုရား ပေါင်း(၇)ဆူ၊ (၇) ငွေပြားခတ်ဆင်းတု(၃၄၆)ဆူ၊ (၈) နှစ်ကျိပ်ရှစ်ဆူသတ္တဌာန(၇)ဆူ၊ (၉) ဖန်ဆင်းတုတော်(၁၈)ဆူ၊ (၁၀) ဆင်စွယ်ဆင်းတု(၅)ဆူ၊ (၁၁) ကျောက်ဆင်းတု(၄၅)ဆူ၊ (၁၂) ကြေးဆင်းတု(၁၆၉)ဆူ၊ (၁၃) ကျောက်စေတီ(၂၇)ဆူနှင့် ရုပ်တုတော်များမှာ ခမည်းတော်သုဒ္ဓေါဓန၊ မယ်တော်သီရိမဟာမာယာဒေဝီ၊ မိထွေးတော်ပဇာပတိ ဂေါတမီ၊ မိဖုရား ဘဒ္ဒကစ္စနာယသော်ဓယာနှင့် သားတော် ရာဟုလာ၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အမျိုးရှိသော အသီတိသာဝကရဟန္တာများ၊ ရွှေ၊ ငွေ ရတနာများ၊ နဝရတ်ကိုးပါးတို့ ဖြစ်သည်။

(၁၂၉၂)ခုနှစ်၊ ကဆုန်လဆန်း (၉)ရက်နေ့ ည(၈)နာရီ (၁၅)မိနစ်အချိန်တွင် မြေငလျင်ပြင်းစွာလှုပ်ခတ်သဖြင့် စေတီရံများနှင့် သာသနိကအဆောက်အအုံများ၊ တန်ဆောင်းများ ပျက်စီးခဲ့ရသည်။


ယနေ့မြင်တွေ့နေရသော စေတီတော်ကို (၁၃၀၈) ခုနှစ်၊ တန်ဆောင်မုန်းလတွင် လုံးပတ်တော်နှစ်တောင်၊ ဉာဏ်တော်ရှစ်တောင်ခန့် တိုးမြှင့်ပြီး မွမ်းမံပြင်ဆင်ခဲ့ရာ (၁၃၀၉)ခုနှစ်တွင် ပြီးမြောက်ခဲ့လေ၏။ ရှစ်မျက်နှာစေတီတော်၏ ဉာဏ်တော်အမြင့်မှာ ငါးဆယ့်ရှစ်တောင်ရှိ၍ စတုတ္ထအကြိမ်အဖြစ် စေတီတည်ထားကိုးကွယ်ခဲ့ကြခြင်း ဖြစ်လေသည်။

**<u>သာသနိကအဆောက်အအုံများ</u>**

ရှစ်မျက်နှာစေတီတော် ပရိဝုဏ်အတွင်း၌ နေ့နံအလိုက် ထုထားသော ရဟန္တာရှစ်ကျိပ် တစ်ဆူရှိသည့် တန်ဆောင်းတော်ကို အနောက်တောင်ထောင့်၌ တွေ့မြင်နိုင်ပါသည်။

စေတီတော်၏ဝဲဘက် စနေထောင့်တွင် မြတ်စွာညီနောင်ဘုရား နှစ်ဆူရှိ၏။ ထိုဘုရားနှစ်ဆူမှာ စေတီတည်စဉ်ကပင် အတူတူတည်ထားခဲ့သည်ဟု ဂေါပကအဖွဲ့မှ


ရှစ်မျက်နှာစေတီတော် ကမ္ပည်းကျောက်စာ


ဘုရားသိမ်နေရာအား သတ်မှတ်သည့်
အပြင်ပန္နက် ကျောက်ငုတ်တိုင်

www.burmeseclassic.com

ရှင်းပြခဲ့သည်။ မြတ်စောညီနောင်ဘုရား တန်ဆောင်းတော်မှာမူ နောင်မှ ဆောက်လုပ်ပြီးစီးခဲ့သည်ဟု သိရ၏။

စေတီတော်ရင်ပြင်၌ မညီသည့်စေတီတော်တွင်မှ မတွေ့ရှိရသည့် ဝိသေသထူးသော နေရာကို စာရေးသူ သတိထားမိလေ၏။ စေတီတော်မုခ်ဦးမှ ဝင်လိုက်သည်နှင့် စေတီတော်အနောက်အရပ်တည့်တည့်တွင် အပြင်ပန္နက်(၈)ခု၊ အတွင်းပန္နက်(၈)ခု စိုက်ထူ၍ အကျယ်အဝန်း ခန့်မှန်း စတုရန်းပေနှစ်ဆယ်ရှိသော ဘုရားသိမ်ထားရှိခြင်းပင် ဖြစ်သည်။ အလယ်တည့်တည့်တွင် အောင်မြေရှိ၏။ ယင်းအောင်မြေနေရာတွင် သစ္စာ၊ သမာဓိ ထူထောင်ပြီး သစ္စာပြုပါက လွန်စွာအောင်မြင်ကြောင်း အောင်မြင်ခဲ့သော ပုဂ္ဂိုလ်ကြီးများ၏ အမည်နှင့်တကွ ရှင်းပြခဲ့၏။

သောကြာထောင့်၌ အပူဇော်ခံတန်ဆောင်းအတွင်း စိန်ဘုရား၊ မြဘုရား၊ ပတ္တမြားဘုရား၊ မဟာမြတ်မုနိ ကြေးသွန်းဘုရားအပါအဝင် ဘုရားငါးဆူအား အပူဇော်ခံ ထားရှိသည်။

စိန်ဘုရား၊ မြဘုရားနှင့် ပတ္တမြားဘုရားတို့သည် နှစ်စဉ် မြို့တွင်းလှည့်လည်၍ အပူဇော်ခံလေ့ရှိကြောင်း သိရ၏။

အင်္ဂါထောင့်တွင် နဂါးရုံဘုရားတစ်ဆူ ရှိလေ၏။ တနင်္လာထောင့်တွင် ရဟန္တာများ၊ အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် ကွမ်ရင်မယ်တော်များ ထားရှိသည့်အပြင် ရှစ်မျက်နှာဘိုးဘိုးကြီးနှင့် သိုက်နန်းရှင်ရုပ်တုများကိုလည်း တွေ့မြင်ရသည်။

မြို့သူမြို့သားတို့၏ သဒ္ဓါတရားနှင့် စုပေါင်းလှူဒါန်းမှုကြောင့် ပျက်စီးယိုယွင်းနေသော အာရုံခံတန်ဆောင်းတော်ကြီးသည် (၁၃၅၅)ခုနှစ်၊ တော်သလင်းလဆန်း (၁၄) ရက်နေ့တွင် အုတ်မြစ်ချပြီး တည်ဆောက်ခဲ့ရာ ယခုအခါ ထိုတန်ဆေ ာင်းတော်ကြီးကို မဟာဓမ္မရက္ခိတတန်ဆောင်းတော်ဟု အမည်နာမ ပေးထားကြလေ၏။

ရင်ပြင်တော်တစ်ပိုက် ခြေတော်ရာတန်ဆောင်း၊ ပိဋကတ်တိုက်နှင့်တကွ အခြားသာသနိက အဆောက်အအုံများဖြင့် ထင်ရှားစွာ မြင်တွေ့နိုင်ပါသည်။

ရှစ်မျက်နှာစေတီတော် တည်ထားစဉ်မှ ယနေ့အချိန်ထိ ရောင်ခြည်တော် နှစ်ကြိမ်ကွန့်မြူးခဲ့ကြောင်း၊ ပထမအကြိမ်မှာ လွန်ခဲ့သော နှစ်ခြောက်ဆယ်နီးပါးကဖြစ်ပြီး



ရှစ်မျက်နှာစေတီ ဘိုးဘိုးကြီးရုပ်တု

ဒုတိယအကြိမ် ရောင်ခြည်တော်လွှတ်ခဲ့ခြင်းမှာ (၁၃၇၅) ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၉)ရက်နေ့တွင် ဘုရားရောင်ခြည်တော်များ လွှတ်ခဲ့သည်။

ရှစ်မျက်နှာစေတီတော်သည် သုံးခွမြို့၏ အချက်အချာ မြို့မဈေးကြီး၏ အရှေ့ဘက်ကပ်လျက်တွင် တည်ရှိ၏။ ယခင်က မင်းပိုင်းအရပ်ဟုခေါ်သော အမှတ်(၄) ရပ်ကွက်အတွင်း စည်ကားလှသော မြို့အံ့လယ်တွင် ရှိလေသည်။ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သုံးခွမြို့သည် သန်လျင်ကျိုက်ခေါက်ဘုရားလမ်းစုံမှ နှစ်ဆယ့်တစ်မိုင်အကွာ၌ရှိ၍ သွားလာရေးလွယ်ကူသော ကားလမ်းပေါ်တွင် တည်ရှိသောကြောင့် ဘုရားဖူးပြည်သူများသည် သုံးခွမြို့သို့ ရောက်ခိုက် မြို့မဈေးအနီးရှိ ရှစ်မျက်နှာစေတီတော်အား တစ်ခေါက်တစ်ခါ ရောက်အောင်ဖူးလှည့်ကြပါဟု နိဗ္ဗာန်အကျိုးမျှော်ကိုးရင်း နှိုးဆော်တိုက်တွန်းလိုက်ပေသည်။

ခုနှစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

**ဗိုလ်တဲအောင် ကိုဦး**

www.burmeseclassic.com

www.burmeseclassic.com

ရှစ်ခွင်ကျော်(မောင်တော်သီ)

# (၁၅)မိုင်ဘုရားသို့လမ်းညွှန်

ရန်ကုန်မြို့တွင်းကို ပြည်လမ်းအတိုင်း တစ်လတစ်ခေါက် မဂ္ဂဇင်းတိုက်တွေ သွားနေကျ မောင်ဘိုကြီး မြို့လယ်ကောင် ဆူးလေစေတီကို မဖူးဖြစ်ခဲ့။ မြောက်ဥက္ကလာပ လမ်းကြောဘက်က အပြန်ခရီးနှင်လာတိုင်း ကမ္ဘာအေးစေတီ၊ မယ်လမုဘုရား တစ်ကြိမ်တောင် ဖူးမြော်ရကောင်းမှန်း မသိခဲ့တဲ့ ကျွန်တော်မောင်ဘိုကြီး လူပြောသူပြောများလို့ သတင်းကြီးလှတဲ့ ရန်ကုန်-နေပြည်တော် အမြန်လမ်းက (၁၅)မိုင်ဘုရားကြီးကို ဖူးမြော်ကြည်ညိုလိုတဲ့ ချဉ်ခြင်းတပ်ဆန္ဒကတော့ ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ရပါတယ်။

(၄-၆-၂၀၁၇)ရက်၊ တနင်္ဂနွေနေ့။

မောင်ဘိုကြီး ဆန္ဒနဲ့ထပ်တူ တောင်းတဲ့ဆုနဲ့ ပြည့်တဲ့နေ့လို့ ဆိုနိုင်ပါတယ်။ အဲဒီနေ့က မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ဒွယ်ခွေအပိုင်ထဲက မြသဇင်ခြံလို့ခေါ်တဲ့ မောင်ဘိုကြီးတို့ ရပ်ကွက်ထဲက တစ်လမ်းတည်းအတူနေ တူ,တူမအရင်းချာလို ရင်းနှီးကျွမ်းဝင်ရတဲ့


အောင်သုခ ရွှေပြည်အေးဘုရားကြီး (ဉာဏ်တော် ၁၄၄ ပေ)

မောင်အောင်အောင်၊ မလဲ့လဲ့ဝင်းတို့ ဇနီးမောင်နှံက တစ်လမ်းတည်းသားတွေကို စည်းရုံးခေါ်ဆောင်ပြီး စီးလုံးငှားလိုက်ထရပ်ယာဉ်နဲ့ ပို့ဆောင်ပေးလို့ မောင်ဘိုကြီး လိုက်ပါဖူးမြော်ခွင့် ရခဲ့ပါတယ်။

အမြင်နီးလျက် ခရီးဝေး ဆိုသလိုပါပဲ၊ ထောက်ကြန့်နဲ့ဆို မိနစ်နှစ်ဆယ် နာရီဝက်သာ စီးရတဲ့ ခရီးတိုလေးပါ။ ရန်ကုန်-နေပြည်တော် အမြန်လမ်းတစ်လျှောက်မှာ မိုင်၊ ဖာလုံ အကွာအဝေးပြ အဖြူရောင်မှတ်တိုင်၊ ကီလိုနဲ့ အကွာအဝေးပြတဲ့ အပြာရောင်မှတ်တိုင်တွေ စိုက်ထူထားပါတယ်။ (၁၅)မိုင်အမြန်လမ်းရဲကင်း(အရှေ့ဘက်) (၁၅) မိုင် (၂)ဖာလုံက လှေလှော်အင်းရွာ(အနောက်ဘက်) ကျော်လွန်ပြီး (၁၅)မိုင် (၇)ဖာလုံ၊ ခန့်မှန်းကီလို(၂၅) မှတ်တိုင်ရဲ့ ညာဘက်(လမ်းအရှေ့)ရောက်ရင် ဆယ်ပေအကျယ်ရှိမယ့် ကွန်ကရစ်ကွေ့ကွေ့ကောက်ကောက် လမ်းလေးအတိုင်း တစ်မိုင်လောက် မောင်းဝင်သွားရင် (၁၅)မိုင်ဘုရားကြီးကို ရောက်ရှိပါတယ်။

အကျယ်အဝန်းဧက(၂၀)လောက်ရှိမယ့် ကုန်းကမူနေရာမှာ တည်ရှိပါတယ်။ အမြင့်ပေနှစ်ဆယ်၊ အစိတ်ခန့်ရှိမယ့် ဂန္ဓကုဋီသုံးထပ်ဆောင်ရဲ့အထက်မှာ တင်ပျဉ်ထိုင်တော်မူဘုရားကြီးပါ။ မြန်မာနိုင်ငံ ရှိရှိသမျှ ဉာဏ်တော်မြင့် စေတီတွေထဲက တစ်ဆူဖြစ်နိုင်မယ် ထင်ပါတယ်။ ဘာကြောင့်ဆို ဆင်းတုတော်ကြီးရဲ့ ဉာဏ်တော်အမြင့်ဟာ (၁၄၄)ပေရှိလို့ပါပဲ။ ဘုရားပရိဝုဏ်အတွင်း အဝေးဆုံးနေရာကတောင် ဇက်ညောင်းအောင် မော်ဖူးရလို့ပဲ ဖြစ်ပါတယ်။

တည်ဆောက်ဆဲကာလ မပြီးဆုံးသေးလို့လားတော့ မသိ။ ဘုရားကြီးရဲ့ ဦးခေါင်းတော်၊ မျက်လုံးတော်၊ ပခုံးတော်၊ လက်မောင်းတော် အစရှိတဲ့ အတိုင်းအတာတွေ ဖော်ပြတဲ့ ကျောက်စာဘုရားသမိုင်း မတွေ့ရှိခဲ့ပါဘူး။

ထုထည်ပမာဏ ကြီးမားပေမယ့် ထုဆစ်ပုံက အချိုးအစားပြေပြစ်လွန်းတာကြောင့် ပုံထုတ်ဗိသုကာ ပုံဖော်အင်ဂျင်နီယာတွေရဲ့ ပညာရပ်ကို လေးစားအထင်ကြီးမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီးရဲ့ ကျယ်ဝန်းတဲ့ ရင်ပြင်တော်မှာ နေပူခံ ကျောက်ပြားတွေ ခင်းထားပါတယ်။ ဘုရားကြီးအောက် သုံးထပ်ဆောင်တိုင်းမှာ ကြည်ညိုဖွယ်ရာ ဘုရားတွေ ကိန်း ဝပ်စံပယ်ပြီး ဘုရားခန်း မီးရောင်စုံ၊ အာရုံခံနေရာတွေမှာ ခမ်းနားစွာ စီမံထားလို့ စိတ်ချမ်းမြေ့လှပါတယ်။

ဘုရားကြီးရဲ့ နောက်ကျောမှာတော့ ဓာတ်လှေကား တက်ဆင်းဖို့ စိုင်းပြင်းတဲ့သဘော သံထည်ငြမ်းတွေ ဆင် ထားပါတယ်။ ဘုရားကြီးကိုယ်လုံးတော်အတွင်းမှာရှိတဲ့ ဝမ်းခေါင်းတော်ထဲက အဆင့်ဆင့်သော အထပ်မြင့်တွေကို တက်ရောက်ဖူးမြော်ဖို့ စီမံထားခြင်းဖြစ်ကြောင်း သိရပါ တယ်။

ဘုရားကြီးပရိဝုဏ် အပြင်ဘက်မှာ နံနက်၊ နေ့လယ်၊ ညနေ အချိန်မရွေး စားသုံးနိုင်တဲ့ အပူ၊အအေး ထမင်း ဟင်းလျာစုံ၊ အသုပ်စုံနဲ့ ဒေသထွက်သီးနှံတွေ ရောင်းချတဲ့ ဘုရားဈေးတန်းကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

ဘုရားကြီးတွင်းပြင်မှာ မြင်တွေ့ရတဲ့ အမြင့်တစ် ထောင်ကျော် ပတ်လည်(၃×၂)ပေရှိတဲ့ မှန်အလှူခံပုံးတွေ မှာ ဘုရားဖူးလာ ကုသိုလ်ရှင်တွေ လှူဒါန်းငွေတွေ ပြည့် လှနေပါပြီ။ မုဒိတာပွား သာဓုခေါ်ရပါတယ်။ အလှူခံ ပုံးတွေကြည့်ရင်း ခေါင်းထဲမှာတွေးရင်း စိုးရိမ်စိတ်တွေ ဝင်မိပါတယ်။ ပြည့်စုံတဲ့ လုံခြုံမှုမရှိတာကြောင့် မှန်တွေ ရိုက်ခွဲ ခိုးယူခံရမှာကိုပါ။

လူမပြတ် လုံခြုံရေး တင်းကျပ်ထားတဲ့ ရန်ကုန် ဆွယ်တော်မြတ်စေတီလို၊ မန္တလေး မဟာမြတ်မုနိဘုရား ကြီးလိုတောင် အခိုးခံရတဲ့ သာဓကတွေ ရှိဖူးလို့ပါပဲ။ ဖြစ်သင့်တာကတော့ ဂေါပကအဖွဲ့ အလှူခံပုံးတွေဖောက်၊ ငွေစနစ်တကျစီမံရေတွက်၊ အနီးဆုံး ထောက်ကြန့်၊ လှည်း ကူး၊ ကမ္ဘောဇဘဏ်လို စိတ်ချရတဲ့နေရာမှာ ထိန်းသိမ်း စုဆောင်းတာ အဖြစ်သင့်ဆုံးပါပဲ။

နောက်ဖြစ်ပေါ်လာတဲ့ဆန္ဒက မောင်ဘိုကြီး ဖူးမြော် ရင်း ကြုံတွေ့ခဲ့ရတာတွေ မခြွင်းမချန် ဖောက်သည်ချ တင်ပြရင်း ကိုယ်တိုင် သွားရောက်ဖူးမြော်စေချင်တဲ့ဆန္ဒ ရှိပါတယ်။ ဒါကြောင့် ဘုရားသမိုင်းစာအုပ် မထုတ်ရသေး သော်လည်း ကမ္ပည်းကျောက်စာပါ မော်ကွန်းရေးထိုးထား တာကိုတော့ မူရင်းအတိုင်း ရေးသားတင်ပြလိုက်ပါတယ်။


ဒေသအခေါ်နဲ့ အများသိထားတာက (၁၅)မိုင်ဘုရား ပါ။ မူရင်းဘွဲ့တော်က မဟာဆုတောင်းပြည့် အောင်သုခ ရွှေပြည်အေး မြတ်စွာဘုရားကြီး ဖြစ်ပါတယ်။

**မဟာဆုတောင်းပြည့် အောင်သုခ ရွှေပြည်အေး မြတ်စွာဘုရားကြီးသမိုင်း ကမ္ပည်းမော်ကွန်း**

အောင်သုခ ရွှေပြည်အေး တောရဓမ္မရိပ်သာ ပဓာန နာယက ဆရာတော် ဦးအာဒိစ္စအိပ်မက်အရ တည်ထား ကိုးကွယ်ပါသည်။ သိကြားမင်းမှ တည်နေရာ ပြပေး သည်။

၁။ မြန်မာသက္ကရာဇ်(၁၃၆၁)ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်၊ သောကြာနေ့၊ ခရစ်နှစ်(၁၁-၂-၂၀၀၀)ပြည့်နှစ်၊ နံနက်(၁၀)နာရီ မိနစ်(၃၀)အချိန်တွင် ဆရာတော် ဦးအာ ဒိစ္စမှ သံချောင်း၊ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်စရစ် များ ပါဝင်လှူဒါန်း ကြီးကြပ်ပြီး ဆရာတော် သံဃာတော် (၉)ပါးပင့်၍ အလှူရှင် ဦးအောင်နိုင်၊ ဒေါ်တင်တင်ထွေး မိသားစု(ရပ်ဝေး သံဖြူဇရပ်)၊ ဦးကျော်ဇေယျ၊ ဒေါ်ခင်ဝင်း မိသားစု၊ ဦးမြတ်ကို၊ ဒေါ်အုန်းအုန်းမြင့်မိသားစု (ဗဟန်း မြို့) ရပ်ဝေးရပ်နီးမှ (၇)နေ့သားသမီးများနှင့် အောင်မြင် စွာ အုတ်မြစ်တော်စီခဲ့ပါသည်။

၂။ မြန်မာသက္ကရာဇ်(၁၃၇၃)ခုနှစ်၊ တပေါင်းလဆန်း (၆)ရက်၊ တနင်္လာနေ့၊ ခရစ်နှစ်(၂၇-၂-၂၀၁၂)ရက်နေ့တွင်



အောင်သုခ ရွှေပြည်အေးမြတ်စွာဘုရားကြီး
သမိုင်းကမ္ပည်းကျောက်စာ

www.burmeseclassic.com

အလှူရှင် ဦးထွန်းလှိုင်၊ ဒေါ်ခင်နှင်းဝါ မိသားစုမှ သံချောင်း၊ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်စရစ်ခဲတို့ကို ကျောင်းသို့ပို့၍ လှူဒါန်းပေးပြီး ဘုရားတည်ဆောက်ရေး လုပ်ငန်း စတင်ခဲ့ပါသည်။ မြန်မာသက္ကရာဇ်(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆန်း (၁၃)ရက်၊ ခရစ်နှစ်(၂၁-၂-၂၀၁၆)ရက်၊ တနင်္ဂနွေနေ့ ဘုရားကြီး အပြီးအပိုင်ပြီးစီး၍ ဆရာတော် သံဃာတော် (၁၄၄)ပါးတို့ကိုပင့်၍ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ရေစက်ချ လှူဒါန်းခဲ့ပါသည်။

၃။ ကျန်ရှိသော အတွင်းပိုင်း အချောသပ်ခြင်းနှင့် ပြင်ပလုပ်ငန်းအားလုံးတို့ကို (၇)နွေသားသမီး ဘုရားဖူးပရိသတ်များ အလှူရှင်များ၏ လှူဒါန်းမှုအစုစုဖြင့် မဟာဆုတောင်းပြည့် အောင်သုခ ရွှေပြည်အေး ဘုရားကြီးအား မြန်မာသက္ကရာဇ်(၁၃၇၈)ခုနှစ်၊ တပို့တွဲလဆန်း (၁၃)ရက်၊ ကြာသပတေးနေ့၊ (၉-၂-၂၀၁၇)ရက်နေ့ ညနေ(၄)နာရီ အချိန်တွင် ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို ဆရာတော် သံဃာတော် အပါး(၉၀)ပင့်ပြီး စုပေါင်းအလှူရှင် ဘုရားဒါယကာ၊ ဒါယိကာမများက ဆွမ်းဆန်စိမ်းလောင်းလှူပွဲဖြင့် ဆင်ယင်ကျင်းပ ဓာည်ထားကိုးကွယ်ခဲ့ကြောင်း ရဟန်း၊ ရှင်၊ လူ ပြည်သူအများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် မှတ်တမ်းတင်အပ်ပါသည်လို့ ကမ္ပည်းမော်ကွန်း ရေးထိုးထားပါတယ်။

ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးမှာ နေ့စဉ် သွားလာနေတဲ့ ထောင်သောင်းမကသော ခရီးသည်ယာဉ်တွေထဲက အစီးတစ်ရာလောက် ဖူးမြော်ဖြစ်ရင် မောင်ဘိုကြီး နိဗ္ဗာန်ဆော်ရေးသားရခြင်းရဲ့ အကျိုးအမြတ်ပါပဲ။

မောင်ဘိုကြီးသာမက လမ်းသူလမ်းသားများကိုပါ ဘုရားဖူးပို့ဆောင်ပေးပါသော မောင်အောင်အောင်၊ မလဲ့လဲ့ဝင်းတို့မိသားစု စိတ္တသုခ၊ ကာယသုခတွေ ပြည့်စုံကြပါစေ၊ အလှူရေစက် လက်နဲ့မကွာ လှူဒါန်းနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဒေသအခေါ် (၁၅)မိုင်ဘုရားကြီးကို ဖူးမြော်ကြစေလိုသောဆန္ဒနဲ့ ရေးသားတင်ပြ လမ်းညွှန်လိုက်ရကြောင်းပါခင်ဗျား။

**ရှစ်ခွင်ကျော်(ဖောင်တော်သီ)**


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်

**အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**☎ ၇၀၈၆၂၁၊ 📱 ၀၉ ၅၀ ၆၉၇၆၄၊ ☎ (၀၁) ၄၀၁၁၆၅**

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး).. စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊ အောင့်)
ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊
အသည်းရောင်အသားဝါ
ရောဂါများအတွက် သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်–၇၄၁၊ ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅

www.burmeseclassic.com

<u>တက္ကသိုလ်မျိုး</u>

# ထိုင်းနိုင်ငံအယုဒ္ဓယမြို့အနီး၌ရှိသော ကမ္ဘာ့အဆင့်(၁၀) ဦးကျော်တော်အမြင့်ရှိ WAT MUANG ထိုင်တော်မူ ဗုဒ္ဓရုပ်တုတော်ကြီး

(၁၀)ကြိမ်မြောက် ဘန်ကောက်ခရီးကို (၂၃-၂-၂၀၁၇)ရက်နေ့၌ စတင်ခဲ့သည်။ ဇနီး ဒေါက်တာညွန့်ရီ၊ သား ဝေမျိုးသက်၊ သမီးချွေးမ နန်းအွန်ခမ်းတို့ လိုက်ပါလာပြီး ထုံးစံအတိုင်း Park Plon Chit အဆောက်အအုံ၌ တည်းခိုရန် စီစဉ်ခဲ့သည်။ ထို(၁၉)ထပ်ရှိ အဆောက်အအုံသည် စာရေးသူ ဆေးကုသသည့် Bumrungrad International ဆေးရုံကြီးနှင့် လမ်းတစ်လမ်းသာခြား၍ သွားလာရေး အချိန်ကုန်သက်သာသောကြောင့် အဆင်ပြေလှသည်။ နှင်းပိတ်နေ၍ လေယာဉ်ပျံက နံနက်(၈)နာရီ ထွက်ရန်ဖြစ်သော်လည်း (၁၀)နာရီကျော်မှ ထွက်ဖြစ်၍ တည်းခိုရမည့် အဆောက်အအုံသို့ ညနေ(၃)နာရီကျော်မှ ရောက်ရှိသည်။ (၁၄)ထပ်ရှိ ပြီးခဲ့သော သုံးလက တည်းခဲ့သော အခန်း၌ တည်းခိုခွင့်ရခဲ့သည်။


စာရေးသူသည် လွန်ခဲ့သော နှစ်နှစ်ကာလက ဘန်ကောက်တွင် ဆေးစစ်ရာမှ အသည်းတွင် (၄)စင်တီမီတာနှင့် (၂)စင်တီမီတာ အကျိတ်နှစ်လုံးတွေ့ရှိ၊ (Bumrungrad) သာရမ်ဂရမ်ဆေးရုံကြီး၌ (၂၀၁၅)ခုနှစ်၊ ဇန်နဝါရီလမှစကာ ဆေးကုသမှု စတင်ခံယူခဲ့သည်။ အသည်းရှိ အကျိတ်နှစ်လုံးအပြင် အစက်အပြောက်လေးများလည်း ရှိ၍ ခွဲစိတ်ကုသရန် မလွယ်ကူသောကြောင့် ပေါင်ရင်းအကြောမှ စက်ကိရိယာငယ်သွင်း၍ ဆေးဖျန်းကုသနည်းဖြင့် ကုသခဲ့သည်။ ဆာရီစစ်ဟုခေါ်သော အသည်းကျ[...] သည့် လက္ခဏာလည်းတွေ့၍ သုံးလတစ်ကြိမ် ဆေးဖျန်းကုသနည်းဖြင့် ကုသခဲ့ရသည်။ စာရေးသူ ကံကောင်းသည်မှာ ကင်ဆာရောဂါလက္ခဏာ မတွေ့ရဘဲ ရိုးရိုးအကျိတ်ဖြစ်၍ သိပ်စိုးရိမ်စရာမရှိသော်လည်း ခန္ဓာကိုယ်၌ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် အသည်းရောဂါကို ကြိုတင်သိရှိကုသနိုင်ခြင်းကြောင့် ရောဂါကျယ်ပြန့်ကြီးထွားလာခြင်းမရှိဘဲ ဆက်လက်အသက်ရှင်သန် နေထိုင်နိုင်ခြင်းပင် ဖြစ်ပေသည်။ ထိုသို့ ရောဂါကို ကြိုတင်သိရှိခြင်း၊ ကုသနိုင်ခြင်းသည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ တန်ခိုးတော်နှင့် မိဘ ဆရာ အနန္တောအနန္တ ငါးပါး၏ ဂုဏ်ကျေးဇူးကြောင့် ကောင်းမှုကုသိုလ် ဆက်၍ပြုနိုင်ရန် နှစ်နှစ်ကျော် အသက်ဆက်လက်ရှင်သန်ခဲ့ရပေသည်။

(၈)ကြိမ်မြောက်အထိ အသည်[...] ကို ပေါင်ရင်းမှ စက်သွင်း၍ ဆေ[...] ဖျန်းကုသခဲ့ရာ မူလတွေ့ရှိသေ[...] အကျိတ်နှစ်လုံးမှာ ပျောက်က[...] သွားပြီဖြစ်သော်လည်း နောက်ထ[...] အသစ်ဖြစ်ပေါ်လာသော အကျိ[...] သစ်မှာ ဆေးမတိုးဘဲ ဆက်လ[...] တည်ရှိနေသောကြောင့် (၂၀[...] ခုနှစ်၊ နိုဝင်ဘာလ၌ (၉)ကြိမ်မြော[...] လာရောက်စဉ်၌ ကုထုံးပြောင်[...] ကုသမည်ဖြစ်ကြောင်း အသ[...]



Wat Muang ထိုင်တော်မူဘုရားကြီးအား
တရုတ်ဘုရားကျောင်းမှ အဝေးမြင်ကွင်း မှမြင်ရစဉ်

www.burmeseclassic.com



Wat Muang ထိုင်တော်မူဘုရားကြီးအား ရှေ့တည့်တည့်မှ ဖူးမြော်ရစဉ်



ရင်ပြင်တော်သို့တက်ရာ လှေကားအတင်းတန်းလက်ရန်း၌ ထုလုပ်ထားသော ခေါင်းသုံးလုံးနှင့် နဂါးရုပ်

အထူးကု ဆရာဝန်ကြီး ချက္ကရာဖန်(Charkaphan Os-angthamnont) နှင့် လက်တွေ့ကုသပေးနေသည့် မေ့ဆေးအထူးကုဆရာဝန်မကြီး အန်ဂျလာ(Unchala Bua-sap) တို့က ဆုံးဖြတ်ကာ ကုထုံးသစ်နှင့် (၉)ကြိမ်မြောက်၌ ကုသပေးခဲ့သည်။

ကုထုံးသစ်မှာ ယခင်(၈)ကြိမ်မြောက်အထိ ကုသခဲ့သော ပေါင်ရင်းမှ စက်ငယ်သွင်း၍ အသည်းအတွင်း ဆေးဖျန်းကုသခြင်းနှင့် မတူတော့ဘဲ အသည်းအတွင်း၌ ဖြစ်တည်မှုနေသော အကျိတ်အား လျှပ်စစ်တို့၍ ကုသသော နည်းဖြစ်သည်။ ထိုကုသနည်းသည် အသည်းတည်ရာ နေရာကို ရင်ဘတ်၊ နံရိုးပေါ်မှ ဓာတ်ရောင်ခြည်တို့မည့် ကိရိယာကို အသည်းအတွင်း စိုက်သွင်းကုသရမည်ဖြစ်၍ ပေါင်းရင်းမှ ဆေးဖျန်းကုသစဉ်ကလို ထုံဆေးနှင့် မရတော့ဘဲ မေ့ဆေးသုံး၍ ကုသခြင်းဖြစ်သည်။

(၉)ကြိမ်မြောက် လာရောက်စဉ်က ထိုကုသနည်းနှင့် ကုသခဲ့ရာ ထိုကုထုံးသစ်၏ အကျိုးအာနိသင်ကို ယခု (၁၀)ကြိမ်မြောက် သိရပေတော့မည်။ (၂၄-၂-၂၀၁၇)

ရက်နေ့ မွန်းတည့်(၁၂)နာရီ၌ MIR စက်ကြီးဖြင့် စမ်းသပ်ခြင်း၊ ဆေးစစ်ခြင်းများကို ပြုလုပ်ပြီးနောက် မွန်းလွဲ (၂)နာရီ မိနစ်(၃၀)တွင် အသည်းအထူးကုဆရာဝန်ကြီး ချက္ကရာဖန်၊ အသည်းမေ့ဆေး အထူးကုဆရာဝန်မကြီး အိန်ဂျလာတို့နှင့် သွားရောက်၍ ပြသခဲ့ရပါသည်။ မွန်းတည့်(၁၂)နာရီက စစ်ထားသော MIR စမ်းသပ်မှုအဖြေ၊ သွေးစစ်ထားသည့် အဖြေများသည် အထူးကုဆရာဝန်ကြီးတို့၏ စားပွဲပေါ်ရှိ ကွန်ပျူတာစက်များအတွင်း ရောက်ရှိနေပြီဖြစ်သည်။

နာရီပိုင်းအတွင်း တိကျမှန်ကန်သော ဆေးစစ်ချက်များကို ဆရာဝန်ကြီးနှစ်ဦးက ကြည့်ရှုပြီးနောက် အသည်း အခြေအနေကောင်းကြောင်း၊ သွေးစစ်ချက်၌လည်း သွေးဖြူဥ၊ သွေးနီဥ ပုံမှန်အခြေအနေရှိကြောင်း၊ ကျောက်ကပ်လည်း ပုံမှန်အခြေအနေရှိကြောင်း၊ ပြီးခဲ့သော ဓာတ်ရောင်ခြည်ဖြင့် တို့၍ ကုသသောကုထုံးမှာ အောင်မြင်ကြောင်း ဝမ်းသာအားရ ပြောကြားပြီး ယခု ထပ်မံကုသရန် မလိုတော့ကြောင်း၊ နောက်သုံးလကြာလျှင် ပြန်လည်စမ်းသပ်

www.burmeseclassic.com

စစ်ဆေးရန် လာရန် Appointment ရက်သတ်မှတ်ပေးပြီး ရန်ကုန်သို့ ပြန်ခွင့်ပြုလိုက်သည်။

စာရေးသူအနေနှင့် အလွန်ပင် ဝမ်းသာပီတိဖြစ်ရတော့သည်။ ဆက်လက်အသက်ရှင်သန်ခွင့် ရဦးမည်ဖြစ်၍ ကောင်းမှုကုသိုလ်အစုစုပြုရန်နှင့် နောင်သံသရာအရေး စိတ်အေးရရန် ဝိပဿနာတရား ပွားများအားထုတ်ရန် ဆုံးဖြတ်လိုက်ပေသည်။ မြတ်ဘုရား ဟောကြားတော်မူခဲ့သော အနိစ္စတရားသည် ဘုရား၊ ရဟန္တာများပင် ရှောင်လွှဲမရ၍ သာမန်လူသားတစ်ဦးသာဖြစ်သော စာရေးသူအနေနှင့်က ယနေ့ မသေသေးသော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်၌ အမှန်တကယ် ကြုံတွေ့ရမည်ကို ထေရဝါဒ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်၍ ယုံကြည်နားလည်ထားသည်။ ထို့ကြောင့် အသက်ရှင်နေသမျှ အကုသိုလ်အလုပ်ကို ရှောင်၍ ကုသိုလ်အလုပ်ကိုသာ လုပ်ဆောင်နေရန်လည်း ဆုံးဖြတ်မိသည်။

◆ ◆ ◆

ဘန်ကောက်သို့ ခြောက်ကြိမ်အထိ လာရောက်စဉ်က



Wat Muang ဘုရားကြီး အဝင်မုခ်ဦး

လေယာဉ်ပျံလက်မှတ်ကို တစ်ပတ်စာယူခဲ့ပြီး ကျန်အားလပ်ရက်များ၌ ဘန်ကောက်၊ အယုဒ္ဓယမြို့များရှိ တန်ခိုးကြီး ထင်ရှားသော ဘုရားများကို လှည့်လည်ဖူးမြော်ရင်း အချိန်ကုန်လွန်စေခဲ့သည်။ ခုနစ်ကြိမ်မြောက်မှစ၍ ငါးရက်သာ သတ်မှတ်ပြီး လေယာဉ်လက်မှတ် ယူသောအခါ၌ ဆရာဝန်ပြရက်၊ ဆေးစစ်ရက်နှင့် ဆေးရုံတက်ရက်များ နုတ်ပြီး အားလပ်ရက်တစ်ရက်ပင် မခံစားရဘဲ ရန်ကုန်ပြန်ခဲ့ရ၍ ဘန်ကောက်နှင့် အယုဒ္ဓယမှ ထင်ရှားကျော်ကြားသော တန်ခိုးကြီးဘုရားများကို ဖူးမြော်ခွင့်မရတော့ပေ။ နောက်ဆုံး ရွှေတိဂုံစေတီတော်ထက် ဉာဏ်တော်မြင့်မားသော Phra Pathom စေတီတော်မြတ်ကြီးအကြောင်း ဂမ္ဘီရမဂ္ဂဇင်း၌ ရေးသားပြီးနောက် ထပ်မံရေးသားခွင့် မကြုံခဲ့ရာမှ ယခု (၁၀)ကြိမ်မြောက်၌ ဆေးစစ်စမ်းသပ်ခြင်း၊ ဆရာဝန်နှင့် ပြသခြင်းတို့ကို တစ်နေ့တည်း ဆောင်ရွက်ပြီးစီး၍ အားလပ်ရက် သုံးရက်လုံးလုံး ကျန်ရှိနေသည်။


စာရေးသူသည် ပထမဆုံးအကြိမ် (၂၀၁၅)ခုနှစ်၊ ဇန်နဝါရီလရောက်စဉ်က ရက်အားရ၍ အယုဒ္ဓယမြို့သို့ သွားရောက်ခဲ့ပြီး အယုဒ္ဓယမြို့ဟောင်းရှိ ထင်ရှားကျော်ကြားသည့် Wat Yai Chaimongkl နှင့် ရှေးဟောင်းညောင်မြို့ ဘုရားနှစ်ဆူအကြောင်းကို ဂမ္ဘီရ၌ ရေးသားခဲ့ဖူးပေသည်။ ထိုစဉ်က ကားဒရိုင်ဘာသည် ထိုင်းသို့ ပထမဆုံးအကြိမ် ရောက်ဖူးသူဖြစ်သော စာရေးသူတို့ မိသားစုကို လှည့်စား၍ အယုဒ္ဓယမြို့အနှံ့ မပို့ပေးဘဲ ဘုရားနှစ်ဆူနှင့် မြို့ရိုးနေရာတို့ကိုသာ ပို့ပေးခဲ့သောကြောင့် အယုဒ္ဓယအနှံ့ မရောက်ဘဲ ပြန်ခဲ့ရသည်။

နောက်ပိုင်း ရန်ကုန်ပြန်ရောက်ပြီးနောက် အယုဒ္ဓယမြို့အနှံ့ လှည့်လည်ဖူးမြော် ကြည်ညိုစရာ နေရာများအကြောင်း ဖော်ပြထားသော ခရီးသွားလမ်းညွှန်စာအုပ်ဖတ်မိသောအခါမှ အယုဒ္ဓယ၌ လေ့လာစရာ၊ ဖူးမြော်စရာ အများအပြား ကျန်သေးကြောင်း သိရတော့သည်။ နောက်ပိုင်း ဘန်ကောက်၊ ပတ္တရားမြို့များရှိ ဘုရားများ ဖူးမြော်၍ အချိန်ကုန်ခြင်း၊ ဘန်ကောက်၌ ခုနစ်ရက်အစား ငါးရက်သာ နေထိုင်ခြင်းတို့ကြောင့် အယုဒ္ဓယကို ဒုတိယအကြိမ် သွားရောက်လိုသောဆန္ဒ မပြည့်ဝတော့ပေ။

ယခု ဆယ်ကြိမ်မြောက်ခရီး၌ စာရေးသူ၏ အသည်း

www.burmeseclassic.com

www.burmeseclassic.com



Wat Muang ထိုင်တော်မူဘုရားကြီး၏ တင်ပျဉ်ခွေ ထိုင်တော်မူဟန်ကို ဖူးမြော်ရစဉ်

ဝေဒနာသည် ပျောက်ကင်းလုနီးပါး အခြေအနေဖြစ်သွား၍ ဆေးရုံလည်း မကက်ရသောကြောင့် သုံးရက်လုံးလုံး ရက်အားရခြင်းကြောင့် အယုဒ္ဓယမြို့သို့ ဒုတိယအကြိမ် မြောက် သွားရောက်လိုသော လိုအင်ဆန္ဒ ပြည့်ဝရပေတော့သည်။ ဘန်ကောက်မြို့၊ ဘဘရမ်ဂရပ်ဆေးရုံကြီးရှိ မြန်မာနိုင်ငံမှ ဆေးကုရန် လာရောက်သူများကို ကူညီရန် ဖွင့်လှစ်ထားသော မြန်မာရုံးသို့ သွားရောက်ပြီး အယုဒ္ဓယဘုရားဖူးခရီး သွားလိုကြောင်းနှင့် ကားငှားရန် စီစဉ်ပေးပါရန် ဆက်သွယ်ဆောင်ရွက်လေသည်။

(၂၆-၂-၂၀၁၇)ရက်နေ့ ခရီးထွက်ရန် စီစဉ်ပေးပြီး တစ်နေ့(၁၀)နာရီအတွက် ကားခဘတ်(၃၃၀၀) တောင်းဆိုသည်။ ဘတ်(၃၃၀၀)သည် မြန်မာနိုင်ငံသုံးငွေကြေးနှင့် တွက်ကြည့်က တစ်သိန်းသုံးသောင်းခန့်ကျသည်။

သွားရမည့်ခရီးသည် ကီလိုမီတာတစ်ရာကျော်ဝေးပြီး ဘန်ကောက်မြို့တော်၏ တောင်ဘက်၌ တည်ရှိသည်။ အယုဒ္ဓယမြို့သည် ဘန်ကောက်မှ ကီလိုမီတာ(၇၀)ခန့်သာ ဝေးသော်လည်း စာရေးသူ သွားရောက်မည့် ခရီးစဉ်၌ အယုဒ္ဓယမြို့သာမက ဆက်၍ ကီလိုမီတာ(၃၀)ကျော် သွားရောက်ရသည့် Ang Thong မြို့အထိဖြစ်သည်။ Ang Thong မြို့လေး၌ရှိသော ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် ထိုမြို့ရှိ ရှေးဟောင်းလျောင်းတော်မူရုပ်ပွားတော်၊ မင်းသမီးသီရိဒုံ ရေစက်ချ လှူဒါန်းခဲ့သည့် Wat Tha စေတီတော်များ တည်ရှိရာသို့ သွားရမည်ဖြစ်ရာ ပေးရသော ငွေကြေးနှင့် သွားရောက်ရမည့် ဘုရားဖူးခရီးစဉ်သည် မြန်မာငွေနှင့်တွက်သော် တန်သည်ဟု ဆိုရပေမည်။ တစ်နေကုန်ခရီးလည်းဖြစ်၍ သွားရောက်ရန် ဆုံးဖြတ်ပြီး မြန်မာရုံး၌ ကားငှားခ ရှင်းပေးလိုက်သည်။


◆◆◆

စာရေးသူအနေနှင့် ပထမအကြိမ် အယုဒ္ဓယမြို့သို့ ရောက်ခဲ့စဉ်က ရှေးဟောင်းမြို့တော်ရှိ ရှေးဟောင်းစေတီအတော်များများ ဖူးမြော်ရမည်ဟု မှတ်ထင်ခဲ့သည်။ ကားမောင်း၍ လိုက်ပို့သော မြန်မာလူမျိုး ကားဒရိုင်ဘာသည် အယုဒ္ဓယမသွားမီ မြဘုရားအရင်ဖူးမြော်ရန်ပြော၍ အတွေ့အကြုံမရှိသော စာရေးသူမိသားစုသည် ကားဆရာပြောသည့်အတိုင်း အယုဒ္ဓယမသွားခင် မြဘုရားကို ဝင်ရောက်ဖူးမြော်ရာ အချိန်အတော်ကုန်ခဲ့သည်။ မြဘုရားဖူးပြီး အယုဒ္ဓယသို့ ထွက်ခွာသောအခါ နံနက်(၁၀)နာရီပင် ကျော်နေပြီး ကီလို(၇၀)ဝေးသော အယုဒယမြို့သို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



တောင်းသောဆုနှင့် ပြည့်ဝစေသည့် ဘုရားကြီး၏
လက်ယာဘက် လက်တော်အား အနီးကပ်ဖူးမြော်ရစဉ်


ရှိသည့်အခါ (၁၁)နာရီခွဲခါနီးပေပြီ။

မြန်မာတပ်(ဆင်ဖြူရှင်တပ်)များ ဖျက်ဆီးခဲ့သည်ဟု မှတ်တမ်းတင်ခဲ့သော ညောင်ပင်အမြစ်ကြား၌ မြတ်စွာဘုရား ဦးခေါင်းတော်ကို ဖူးမြင်ရသော ရှေးဟောင်းကျောင်းပျက်အတွင်း ဝင်ရောက်လေ့လာပြီးနောက် ပြန်လည်၍ ထွက်ခွာခဲ့သည်။ နံနက်စာထမင်းကို ဆိုင်တစ်ဆိုင်၌ အမြန်ဝင်စားကာ ကြက်ဘုံရားဟု အမည်တွင်သည့် Wat Yai Chaimongk စေတီတော်ကို ပို့ပေးသည်။ အယုဒ္ဓယမြို့ဟောင်းနေရာကို ကြည့်ရှုပြီးနောက် ဘန်ကောက်ပြန်ခဲ့ရသည်။

ထိုပထမအကြိမ် အယုဒ္ဓယခရီးစဉ်သည် ကားဆရာပညာပြ၍ နေရာမနှံ့ခဲ့သောကြောင့် ဒုတိယအကြိမ် အယုဒ္ဓယမြို့ဟောင်းသို့ ထပ်မံရည်ရွယ်ထားရာမှ ယခုအကောင်အထည် ပေါ်ပေတော့မည်။ ဒုတိယအကြိမ်မြောက် အယုဒ္ဓယခရီးစဉ်နှင့် ပတ်သက်၍ လွန်ခဲ့သောလေးငါးလကပင် အယုဒ္ဓယမြို့ဟောင်းနှင့် သက်ဆိုင်သောလမ်းညွှန်စာအုပ်ကို လေ့လာပြီး သွားရမည့်နေရာ၊ စေတီပုထိုးအမည်များကို ကြိုတင်စာရင်းပြုစုထားရုံသာမက သမီးချွေးမ နန်းအွန့်ခမ်းက အင်တာနက်မှ ကြိုတင်၍ စုဆောင်းပေးထားသော မှတ်စုများကိုလည်း ဖိုင်တွဲပြီး ဘန်ကောက်လာတိုင်း ယူဆောင်လာခဲ့သည်မှာ နှစ်ကြိမ်သုံးကြိမ်မက ရှိပေပြီ။ ထိုဖိုင်ထဲမှ အယုဒ္ဓယမြို့ဟောင်းသို့ ဒုတိယအကြိမ် သွားရောက်ခဲ့သော် မည်သည့်နေရာများသို့ ဦးစားပေးသွားရမည်ကိုလည်း အစီအစဉ်တကျ ရေးသားပြုစုထားသည်။

(၂၆-၂-၂၀၁၇)ရက်နေ့ နံနက်(၇)နာရီအတိ၌ မြန်မာရုံးမှ စီစဉ်ပေးသော Toyota Wish ဗင်ကားရောက်လာသည်။ ယာဉ်မောင်းပို့မည့်သူမှာ ထိုင်းလူမျိုးဖြစ်သည်။ အင်္ဂလိပ်စကား အနည်းငယ်တတ်ကျွမ်းရုံသာမက အယုဒ္ဓယနယ်မြေကိုလည်း ကောင်းကောင်းကျွမ်းသည်။ သွားရောက်လိုသည့် ခရီးစဉ်ကို ပြသရာ သူ့အနေနှင့် တယ်လီဖုန်းနှင့် မှတ်သားကူးယူပြီး ကားမောင်းပို့ပေးရန် သဘောတူလေသည်။

ထိုထိုင်းဒရိုင်ဘာနှင့် စကားစမြည် ပြောကြည့်သော



Wat Muang ဘုရားကြီး၏
လက်ခလယ်လက်ချောင်းတော်နှင့် ထိတွေ့၍
စာရေးသူ ဆုတောင်းနေစဉ်




www.burmeseclassic.com

www.burmeseclassic.com

အခါ ဖော်ရွေရုံသာမက သဘောကောင်းသူ တစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိသည်။ ယာဉ်မောင်းသည် သူ့ဖုန်းဖြင့် Google Map ထဲမှ G.P.S စနစ်သုံး၍ သွားရမည့် ခရီးစဉ်လမ်းကြောင်းကိုကြည့်၍ မောင်းနှင်ခဲ့သည်။ ယခုခေတ်ကာလ၏ သိပ္ပံပညာတိုးတက်မှုသည် အံ့မခန်းပင် ဖြစ်သည်။ တယ်လီဖုန်းမျက်နှာပြင်၌ စာရေးသူတို့စီးနင်းလိုက်ပါလာသော မော်တော်ယာဉ် ရောက်ရှိမောင်းနှင်နေသော လမ်းမကြီး ပေါ်လွင်နေပြီး လမ်းမကြီး၌အကွေ့အကောက် နေရာများကိုပါ အထင်အရှား တွေ့နေရသည်။ မော်တော်ယာဉ်ကွေ့ရမည့်နေရာသို့ ရောက်ခါနီး၌ ဘယ်ကွေ့ရန်၊ ညာကွေ့ရန်ကို အသံဖြင့် ညွှန်ကြားသလိုကုန်းဆင်း ကုန်းတက်ကိုလည်း တယ်လီဖုန်းမျက်နှာပြင်၌ အထင်အရှားတွေ့ရသည်။ G.P.S လမ်းကြောင်းကိုကြည့်၍ မောင်းနှင်ခြင်းဖြစ်သောကြောင့် လမ်းမှားစရာမရှိတော့ဘဲ Wat Muang ထိုင်တော်မူဘုရား တည်ရှိစံပယ်ရာ Ang Thong မြို့သို့ ချောချောမောမော ရောက်ရှိခဲ့သည်။

Ang Thong မြို့လေးသည် ဘန်ကောက်မြို့နှင့် ကီလိုမီတာ(၁၀၀)အကွာ၌ တည်ရှိသည်။ ဘန်ကောက်မှ အယုဒ္ဓယမြို့သို့ ကီလိုမီတာ(၇၀)ခန့်ကွာဝေးပြီး အယုဒ္ဓယမြို့မှ ကီလိုမီတာ(၃၀)အကွာခရီးဆက်မှ Ang Thong မြို့သို့ ရောက်လေသည်။ Ang Thong မြို့သည် ဘန်ကောက်မြို့တော်၏ တောင်ဘက်၌တည်ရှိသည့် မြို့လေးဖြစ်သည်။ Ang Thong မြို့လေးသည် ထိုင်းနိုင်ငံအလယ်ပိုင်း၌ရှိသော ခရိုင်နယ်လေးတစ်ခု၌ တည်ရှိသည်။ ထိုခရိုင်နယ်လေးသည် ဆန်စပါးအထူးစိုက်ပျိုးရာ ဒေသဖြစ်သည်။ ထို့ကြောင့် Ang Thong နယ်တွင် နေထိုင်ကြသူအများစုသည် လယ်သမားများဖြစ်သည်။ ထိုင်းနိုင်ငံ၏ အဓိကမြစ်ကြီးဖြစ်သည့် ကျောက်ဖရားမြစ်သည် Ang Thong နယ်မှ ဖြတ်သန်းစီးဆင်းပြီး ထိုင်းပင်လယ်အော်အတွင်း ဝင်ရောက်ခြင်းဖြစ်သည်။ Ang Thong မြို့လေး၏ လူနေအိမ်များသည် ရှေးဟောင်းသမိုင်းဝင်ပုံစံလက်ရာယဉ်ကျေးမှုများကြောင့် လေ့လာသူများ၏ စိတ်ဝင်စားမှုကို ခံရသလို အလွန်ကြီးမားသော ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့်တခြားဗုဒ္ဓဘာသာကျောင်းတော်၊ ဘုရားများကလည်း လူအများစိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်ခဲ့သည်။

Wat Muang ထိုင်တော်မူရုပ်ပွားတော်ကြီးသည် အယုဒ္ဓယမြို့နှင့် ကီလိုမီတာ(၃၀)ခန့်အကွာ၌ တည်ရှိသော Ang Thong မြို့အနီး (၁၀)ကီလိုအကွာ၌ တည်ရှိသည်။ ထိုရုပ်ပွားတော်ကြီးသည် (၈၄)မီတာမြင့်ပြီး အောက်ခံပလ္လင်အပါအဝင် (၉၂)မီတာမြင့်ကြောင်း တွေ့ရသည်။ (၆၃)မီတာကျယ်ဝန်းပြီး ကမ္ဘာပေါ်ရှိသော ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်များအနက် နဝမမြောက် ဉာဏ်တော်အမြင့်ဆုံးဟု ထိုင်းတို့က မှတ်တမ်းပြုထားသည်။ ထိုင်းတို့မှတ်တမ်း၌ (၂၀၀၂)ခုနှစ်၌ တည်ထားသော Spring Temple of Lushan China ရုပ်ပွားတော်သည် (၁၂၈) မီတာ ဉာဏ်တော်မြင့်သည်။ (၂၀၀၈)ခုနှစ်၌ တည်ထားသော မြန်မာနိုင်ငံ၊ မရွာမြို့ လေးကျွန်းစကြာဘုရားကြီးသည် ဉာဏ်တော်(၁၁၆)မီတာ မြင့်သလို ဂျပန်နိုင်ငံ၌ (၁၉၉၅)ခုနှစ်၌ တည်ထားသော Ushiku Daibutsu of Ushiku ဘုရားကြီးသည် ဉာဏ်တော်(၁၁၂)မီတာမြင့်ကြောင်း တွေ့ရသည်။ ထိုင်းနိုင်ငံ၊ အယုဒ္ဓယမြို့ဟောင်းအနီး၌ရှိသော Ang Thong မြို့ရှိ Wat Thong ထိုင်တော်


နတ်သိကြားဟု ထင်မှတ်ရသော ရုပ်တုတော်



www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်များ ခြံရံနေသည့် မြတ်စွာဘုရားရှင်၏ ဖျာဗိတ်တော်ကို နတ်၊ ဗြဟ္မာတို့ ခံယူနေစဉ်

မှူဘုရားကြီးက ဉာဏ်တော်(၉၂)မီတာရှိ၍ ကမ္ဘာပေါ်၌ ဉာဏ်တော်အဆင့်(၉) သတ်မှတ်ခြင်း ခံရသည်။

Wat Muang ထိုင်တော်မူရုပ်ပွားတော်ကြီး စံပယ်တော်မူရာ အရပ်ဒေသသည် မြေပြန့်လွင်ပြင်တွင်ဖြစ်ပြီး ဘေးပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည်စွာ စိုက်ပျိုးထားသော စပါးလယ်ကွင်းပြင်များ ခြံရံထားသော နေရာဖြစ်သည်။ ဘုရားကြီးအား အဝေးမှ ဖူးမြော်သော် အစိမ်းရောင်စပါးပင် ကမ္ဘလာကြီးအလယ်၌ ဉာဏ်တော်မြင့်မြင့်မားမားနှင့် ရွှေတောင်ကြီးသဖွယ် ရွှေရောင်ဝင်းလျက် ကြည်ညိုဖွယ် ဖူးတွေ့ရသည်မှာ ဖူးမြော်ရသူအပေါင်းတို့၏ စိတ်အာရုံကို ဝမ်းသာပီတိ သဒ္ဓါတရား ပိုမိုထက်သန်စေသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။



ရဟန်းတော်ရုပ်တုများ ထိုင်းရိုးရာ ကိုးကွယ်မှု ရုပ်တုများ

စာရေးသူတို့ စီးလာသော ... တာကားလေးသည် ဘုရားကြီး... ကားရပ်နားရာ နေရာသို့ နံနက် (၈)နာရီ (၃၅)မိနစ်၌ ရောက်ရှိလေ သည်။ ဘန်ကောက်မှ (၇)နာရီ (၉)မိနစ် စတင်ထွက်ခွာခြင်းဖြစ်၍ (၁)နာရီနှင့် (၂၆)မိနစ်သာ အချိန် ကြာလေသည်။ ထိုင်းယာဉ်မောင်း သည် ဘန်ကောက်မှ Wat Muang ဘုရားကြီးအရောက် မရပ်မနား မောင်းနှင်ခဲ့၍ .သတ်မှတ်အချိန် အတွင်း ရောက်ရှိခြင်းဖြစ်သည်၊ လွန်ခဲ့သော နှစ်နှစ်က အယုဒ္ဓယသို့ မြန်မာလူမျိုး ယာဉ် မောင်း မောင်းသော ကားဖြင့်လာရာ လမ်း၌ ဆီထည့်ရန် ရပ်နားသလို တစ်နေရာ၌လည်း ပစ္စည်းဝယ်ရန် ဝင်ရောက် သေး၍ အယုဒ္ဓယမြို့ကို (၁)နာရီ မိနစ်(၂၀)ကြာအောင် လာရသည်။ အချိန် ဆွဲသည့်သဘောပင် ဖြစ်တော့သည်၊

စာရေးသူတို့သည် ဘုရားကြီး၏ ရင်ပြင်ရှိရာသို့ ဝ ရောက်ခဲ့ရာ ဘုရားဖူးအတော်များများ ရောက်နှင့်နေကြ သည်ကို တွေ့ရသည်။ ကမ္ဘာလှည့်ခရီးသည် အနည်းငယ် သာ တွေ့ရသည်။ ထိုင်းလူမျိုးမိသားစုများနှင့် တရုတ်လူ မျိုးမိသားစုအများကို တွေ့ရသည်။

ဘန်ကောက်နှင့် အလှမ်းဝေး၍လားမသိ၊ မြန်မာ လူမျိုးများကိုကား မတွေ့ရပေ။ တနင်္ဂနွေရုံးပိတ်ရက်ဖြစ်၍ ဘုရားကြီး၏ ကျယ်ဝန်းလှသော ရင်ပြင်တော်ကြီးကား လူအမြောက် အမြားဖြင့် စည်ကားလှသည်။

စာရေးသူ ယူဆောင်လာသော ကင်မရာဖြင့် ဘုရားကြီးအား ထောင့်အစုံမှ ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူခဲ့သည်။ ဉာဏ်တော်(၉ မီတာ မြင့်မားသော Wat Muar ထိုင်တော်မူရုပ်ပွားတော်ကြီးသ အဝေးကဖူးဖူး အနီးကဖူးဖူး အလှ ပင်သပ္ပာယ်လှသည်။ မျက်နှာတေ အနေအထား၊ ကိုယ်လုံးတော်အ



www.burmeseclassic.com

www.burmeseclassic.com

အထား၊ လက်တော်အနေအထားနှင့် ခြေတော်အနေအထားတို့မှာ အချိုးကျလှသည်။ သင်္ကန်းတော် ကျနေပုံမှာလည်း သေသေသပ်သပ်နှင့် သဘာဝကျအောင် တည်ထားနိုင်ကြောင်း တွေ့ရသည်။ သင်္ကန်းတော်မှာ လက်ကတော့ထိုး ဝတ်ရုံပုံ မဟုတ်ဘဲ သင်္ကန်းရုံထားသည့်ပုံ သင်္ကန်းဖြစ်သည်။

ဘုရားကြီး၏ဟန်တော်မှာ ဝသုန်မြေကြီးကို လက်ချောင်းတော်ထောက်၍ သက်သေပြုသော ဘူမိဖဿမုဒြာဟန် (Bhumisparsha Mudra) ပင် ဖြစ်သည်။ ရုပ်ပွားတော်ကြီး၏ ခြေတော်မှာ ပလ္လင်ထိုင်တော်မူဟန်ဖြစ်ကြောင်း တွေ့ရသည်။ ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ထိုင်တော်မူဟန်ကိုမြဲ၍ ဖူးမြော်ရသော အိန္ဒိယနိုင်ငံ မဟာဗောဓိပင်ခြေရှိ ဗုဒ္ဓဂယာဘုရားကြီးအတွင်း၌ စံပယ်တော်မူသော ဗုဒ္ဓဂယာမြတ်စွာဘုရားရှင်၏ ပုံတော်အတိုင်းပင် ဖြစ်ကြောင်း တွေ့ရသည်။

Wat Muang ထိုင်တော်မူရုပ်ပွားတော်ကြီး၏ လက်ယာလက်၏ လက်ချောင်းတော်များသည် ညာဘက်ဒူးတော်မှ ဝသုန်မြေကြီးကို သက်သေပြုဟန် တည်ထားရာ လက်ချောင်းတော် ငါးချောင်းအနက် လက်ခလယ်လက်ချောင်းတော်သည် အရှည်ဆုံးဖြစ်လျက် ဝသုန်မြေကို သက်သေပြုထောက်ထားဟန် တည်ထားခဲ့သည်။ လက်ခလယ်လက်ချောင်းတော်၏အောက် ရင်ပြင်ပေါ်၌ စတီးလက်ရန်း၌ စင်မြင့်တစ်ခု ပြုလုပ်ပေးထားပြီး ဘုရားဖူးများအနေနှင့် ထိုလက်ခလယ်လက်ချောင်းတော်အား မိမိလက်များဖြင့် ဆုပ်ကိုင်ထိတွေ့ပြီး လိုရာဆုကို တောင်းပါက ဆုတောင်းပြည့်၍ စင်မြင့်ထက်တက်ကာ ဆုတောင်းကြရန် တန်းစီနေကြရသည်။ စာရေးသူတို့ မိသားစုလည်း ဝင်ရောက်တန်းစီပြီး Wat Muang ရုပ်ပွားတော်ကြီး၏ လက်ခလယ်တော်ကို မိမိလက်ချောင်းများဖြင့် ထိကိုင်ပြီး ဆုတောင်းကြသည်။

◆ ◆ ◆

Wat Muang ရုပ်ပွားတော်ကြီး စံပယ်တော်မူရာ ရင်ပြင်တော်သည် အလွန်ပင်ကျယ်ပြန့်လှသည်။ ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ်ပတ်၍ ပူဇော်ကြသည်။ ရင်ပြင်တော်ပေါ်၌ မည်သည့်တန်ဆောင်းမှ တည်ဆောက်ထားခြင်းမရှိပေ။ ရင်ပြင်တော်သည် ကြွေပြားများ ခင်းထားပြီး သန့်ရှင်းသပ်ရပ်လှသည်။ ရုပ်ပွားတော်ကြီး၏ ရင်ပြင်တော်သို့ တက်ရောက်ရန် မြတ်စွာဘုရားရုပ်ပွားတော် ရှေ့ဘက်မျက်နှာမူရာ၌ လှေကားနှစ်စင်း ကျယ်ဝန်းစွာ ဖောက်လုပ်ထားသည်။ ဦးခေါင်း(၃)လုံးပါ နဂါးကြီးတစ်ကောင်အား လှေကားလက်ရန်း၌ လက်ရာမြောက်စွာ မာန်ပါပါ ထုလုပ်ထားသည်။ ယိုးဒယားလက်ရာ နဂါးရုပ်ကြီးများ ဖြစ်သည်။

ရုပ်ပွားတော်ကြီး၏ လက်ဝဲဘက်ရင်ပြင်သို့တက်ရန် ဘေးလက်ဝဲဘက်ကို မျက်နှာမူတည်ဆောက်ထားသော လှေကားတစ်စင်းလည်း ရှိသည်။ ထိုလှေကား၌ တရုတ်နဂါးကြီးနှစ်ကောင်အား ခံ့ခံ့ညားညား တည်ဆောက်ထားသည်။ ထိုလက်ဝဲဘက် လှေကားသည် တရုတ်ယဉ်ကျေးမှုအနုပညာဖြင့် တည်ဆောက်ထားသည်။ ထိုင်းနိုင်ငံသို့ တရုတ်လူမျိုးအမြောက်အမြားသည် ရာစုနှစ်များစွာကပင် ဝင်ရောက်နေထိုင်ကြ၍ ဘုရားကျောင်းများ၌ တရုတ်ယဉ်ကျေးမှုလက်ရာ အမြောက်အမြားကို တွေ့နေရသည်။

တရုတ်လူဦးရေသည် (၁၉၃၀)ပြည့်နှစ်နောက်ပိုင်း၌ ထိုင်းနိုင်ငံတွင် လူဦးရေ၏ တစ်ဝက်နီးပါးခန့် ဝင်ရောက်နေထိုင်လာကြသောအခါ ထိုင်းဘုရင်နှင့် ထိုင်းအမျိုးသားခေါင်းဆောင်တို့က တရုတ်လူမျိုးတို့၏ စီးပွားရေးအရ



ထိုင်းဘုရင်မင်းမြတ်တို့၏ ကြေးရုပ်တုများ



www.burmeseclassic.com

www.burmeseclassic.com



Thousand-arm Guan Yin လက်ပေါင်းတစ်ထောင်နှင့် ကွမ်ရင်မယ်တော်ပုံ

ချုပ်ကိုင်မှု၊ နိုင်ငံရေးအရ လွှမ်းမိုးမှု၊ ယဉ်ကျေးမှုအရ လွှမ်းမိုးလာမှုတို့ကို တားဆီးနိုင်ရန် ထိုင်းအာဏာသိမ်း စစ်ခေါင်းဆောင်တို့က အားထုတ်ရတော့သည်။ တရုတ်လူမျိုးတို့မှာ ထိုင်းနိုင်ငံ၏ အချက်အချာကျသော စီးပွားရေးလုပ်ငန်းကြီးများကို ကြီးစိုးလုပ်ကိုင်နေရာ တရုတ်လူမျိုးတို့အား တိုင်းပြည်မှ လုံးဝနှင်ထုတ်ခဲ့သော် ထိုင်းစီးပွားရေး ပျက်ယွင်းသွားမည်ကိုလည်း စိုးရိမ်ကြသည်။ ထိုအခါ ထိုင်းနိုင်ငံ၏ အကျိုးစီးပွားလည်း မပျက်ယွင်းစေရန်၊ စီးပွားရေးလည်း မကျဆင်းစေရန် တရုတ်လူမျိုးအား လမ်းနှစ်သွယ် ရွေးခိုင်းခဲ့သည်။ တရုတ်အမျိုးသားတို့ ထိုင်းယဉ်ကျေးမှုကို လက်ခံရန်၊ ထိုင်းစာပေ၊ ထိုင်းဘာသာစကားကိုသာ ပြောဆိုသုံးစွဲရန်၊ ဗုဒ္ဓဘာသာကိုသာ သက်ဝင်ယုံကြည်ရန် စသည့်သတ်မှတ်ချက်များကို လိုက်နာနေထိုင်ပါက ထိုင်းနိုင်ငံ၌ လွတ်လပ်စွာ နေထိုင်ခွင့်ပြုမည်ဟူသောလမ်းနှင့် အထက်ပါ သတ်မှတ်ချက်များကို လက်မခံပါက ဒုတိယရွေးချယ်စရာအဖြစ် ထိုင်းနိုင်ငံမှ အပြီးအပိုင် ထွက်ခွာရန်တို့ဖြစ်ရာ တရုတ်လူမျိုးအများစုသည် ပထမလမ်းကို ရွေးချယ်ခဲ့သည်။ တရုတ်စာသင်ကျောင်းများ မထားရှိတော့သလို တရုတ်တို့၏ မိရိုးဖလာကိုးကွယ်မှုကိုစွန့်ပြီး ဗုဒ္ဓဘာသာကို ပြောင်းလဲကိုးကွယ်ကြသည်။ ထိုင်းဘာသာစကားကိုသာ ပြောဆိုကြတော့သည်။


ထိုင်းအာဏာပိုင်တို့က တရုတ်လူမျိုးတို့အား မွေးစားယူလိုက်ခြင်းဖြင့် ထိုင်းနိုင်ငံ၌ တရုတ်လူမျိုးရေးစိတ်ဓာတ် ပျောက်ကွယ်ပြီး ထိုင်းအမျိုးသားရေးစိတ်ဓာတ် လက်ခံကျင့်သုံးသော တရုတ်နွယ်ဖွားများ ဖြစ်ကုန်ကြသည်။ တရုတ်နွယ်ဖွားတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သွားကြသလို ထိုင်းဘာသာစကားကိုသာ ပြောဆိုသုံးစွဲကြသည်။ ထိုင်းယဉ်ကျေးမှုကိုသာ လက်ခံကြ၍ ထိုင်းအမည်ကိုသာ ခံယူခဲ့ကြ၏။ ထိုပြုပြင်ပြောင်းလဲမှုသည် ဒုတိယကမ္ဘာစစ်မတိုင်မီ စစ်အာဏာသိမ်းခေါင်းဆောင် ဖိုလ်ချုပ်ဖိဘွန်စွန်ဂရမ် လက်ထက်၌ အအောင်မြင်ဆုံး ဖြစ်ခဲ့သည်။

တရုတ်ယဉ်ကျေးမှုလက်ရာဖြစ်သည့် ဗိသုကာပညာရပ်သည်ကား ဆက်လက်ထွန်းကားခဲ့သည်။ ထိုင်းလူမျိုးတို့ကလည်း တရုတ်ဗိသုကာလက်ရာကို လက်ခံ၍ စေတီတိုင်း၊ ဘုန်းကြီးကျောင်းတိုင်း၌ တရုတ်ဗိသုကာလက်ရာများကို တွေ့မြင်နေရသည်။ ယခု Wat Muang ဘုရားကြီး၌လည်း တရုတ်ဗိသုကာလက်ရာ အတော်များများကို တွေ့မြင်နေရသည်။ တရုတ်တို့၏ ကိုးကွယ်ယုံကြည်မှုသည် ပျောက်ပျက်သွားခြင်းမရှိဘဲ ထိုင်းလူမျိုးတို့ကပါ ကိုးကွယ်လာကြ၍ ဗုဒ္ဓဘာသာစေတီများ၊ ဘုရားကျောင်းများ၌ တရုတ်လူမျိုးတို့၏ ကိုးကွယ်ရာ ကွမ်ရင်မယ်တော်၊ အန်းကုန်းဘိုးတော်နှင့် တရုတ်နတ်ရုပ်ကြီးများကို အထင်ကရတွေ့နေရသည်။ ယခုရောက်ရှိနေသည့် Wat Muang စေတီတော်၌လည်း ကွမ်ရင်မယ်တော်ရုပ်တု၊ အန်းကုန်းရုပ်တုနှင့် တရုတ်လူမျိုးတို့ ကိုးကွယ်သည့် နတ်ရုပ်ကြီးများကို ခမ်းခမ်းနားနား တည်ဆောက်ကိုးကွယ်ထားသည်ကိုလည်း တွေ့ရပေသည်။

Wat Muang မြတ်စွာဘုရားကြီး စံပယ်တော်မူရာ ရင်ပြင်တော်ကြီးသည် အထက်၌ ရေးသားခဲ့သလို အာရုံခံတန်ဆောင်းများ၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်ထားခြင်းမရှိ၍ ရှင်းရှင်းလင်းလင်း ကျယ်ကျယ်ပြန့်ပြန့်နှင့် ဘုရားဖူးအပေါင်းသည် ရွှေရောင်ဝင်းလျက် သပ္ပာယ်လှသော မြတ်စွာဘုရားရှင်ရုပ်ပွားတော်မြတ်အား မြင်မြင်ထင်ထင် ဖူးမြော်ကြည်ညိုနိုင်ခြင်းကြောင့် သဒ္ဓါတရားတိုးပွားစွာ အာရုံပြုနိုင်လေသည်။

www.burmeseclassic.com

ကျယ်ပြန့်သော ရင်ပြင်တော်၌ မည်သည့်အာရုံခံ တန်ဆောင်းမှ မရှိသော်လည်း ရင်ပြင်ပေါ်သို့ တက်ရောက်ရာ နဂါးခေါင်း သုံးခေါင်းဖြင့် ခန့်ညားထည်ဝါစွာ တည်ဆောက်ထားသော လှေကားအဆုံး၏ ဘယ်ဘက်(လက်ဝဲဘက်)၌ အကာအရံမရှိဘဲ တိုင်လုံးငယ်ဖြင့် တည်ဆောက်ထားသော အဆောက်အအုံငယ်တစ်ခုတော့ ရှိသည်။ ထိုအဆောက်အအုံငယ်အတွင်း၌ ကြေးနက်ဖြင့် သွန်းလောင်းထုလုပ်ထားသော ရုပ်တုငါးရုပ်ကို တွေ့ရသည်။ ကြေးရုပ်အောက်ခြေ၌ ထိုင်းဘာသာစာပေနှင့် ကမ္ပည်းထိုးထား၍ ဘယ်သူဘယ်ဝါ ပုဂ္ဂိုလ်များ ဖြစ်ကြောင်းကိုကား မသိနိုင်။ ခန့်မှန်းကြည့်ရသော် ဤ Wat Muang ထိုင်တော်မူဘုရားကြီးနှင့် ဆက်စပ်ပတ်သက်နေသော ကောင်းမှုရှင် ထိုင်းဘုရင်ရုပ်တုဟု ခန့်မှန်းမိသည်။ လှေကားဘက်၌ရှိသော ကြေးရုပ်တု(၂)ခုသည် ဘုရင်နှင့် မိဖုရားရုပ်တုလောဟု အသွင်လက္ခဏာကို ကြည့်၍ ခန့်မှန်းမိသည်။



ရှင်သီဝလိရဟန္တာ မထေရ်မြတ်
(ထိုင်းအခေါ် Phra Sivali) ရုပ်တုတော်

စာရေးသူအနေနှင့် ထိုင်တော်မူရုပ်ပွားတော်ကြီးအား အများခေါ်ဆိုသလို Wat Muang ဝပ်မြုအန်ဟုခေါ်သော်လည်း ထိုရုပ်ပွားတော်ကြီး၏ ဘွဲ့အမည် အပြည့်အစုံမှာ-

"Phra Buddha Maha Nawamin and Mahaminh Sakayamunce Visejcharcharn"

ဟူ၍ ထိုင်းပြည်သူအများစုက သတ်မှတ်သိရှိကြသည်။ ထိုထိုင်တော်မူ Wat Muang ရုပ်ပွားတော်ကြီးသည် ထိုင်းလူမျိုးတို့၏ ယဉ်ကျေးမှု၊ ဘာသာကိုးကွယ်ယုံကြည်မှုကို ဖော်ညွှန်းနေလေသည်။ အယုဒ္ဓယမြို့ဟောင်းအနီးရှိ Ang Thong ခရိုင်သည် ကျေးလက်ဒေသဖြစ်သော်လည်း Wat Muang ရုပ်ပွားတော်မြတ်ကြီး၏ ကြီးကျယ်ခမ်းနားမှုကြောင့် ပြည်တွင်းဘုရားဖူးများသာမက ပြည်ပနိုင်ငံခြားသား၊ ဘာသာခြားများအနေနှင့် ရုပ်ပွားတော်၏ ကြီးကျယ်ခမ်းနား လက်ရာမြောက်မှုကြောင့် ထိုင်းဗိသုကာ ယဉ်ကျေးမှုလက်ရာကို မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်ရသည်။ ကြီးမားလှသော ဉာဏ်တော်၊ အချိုးအစားပြေပြစ်မှု၊ လက်ရာအနုစိတ်ပြီး ဖူးမြော်ရသူအပေါင်း၏ စိတ်အာရုံ၌ ကြည်ညိုသဒ္ဓါတရား ထက်သန်မှုကို ပိုမိုဖြစ်ထွန်းစေရုံသာမက ဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိသည့်အလား အာရုံပြု ကြည်ညိုနိုင်၍ ဘုရားဖူးအပေါင်း



တရုတ်ရိုးရာနတ်ဘုရား မယ်တော်များရုပ်တု

www.burmeseclassic.com



တရုတ်ယဉ်ကျေးမှုရှိရာ ကြေးခေါင်းလောင်းကြီးများ

တို့အနေနှင့် ကုသိုလ်ထူးကို ခံစားရရှိနိုင်ပေသည်။

စာရေးသူတို့ မိသားစုသည် Wat Muang ထိုင်တော်မူရုပ်ပွားတော်ကြီးအား ဝပ်တွားပူဇော်ကန်တော့ပြီး စာရေးသူအနေနှင့် ပထမဦးဆုံး တောင်းနေကျဆုဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟကင်းသော မဂ်ဉာဏ် ဖိုလ်ဉာဏ်



ကွမ်ရင်မယ်တော်ရုပ်တုအား
သစ်တောအုပ်အတွင်း ကြည်ညိုရစဉ်

ကို အမြန်ဆုံးရလိုပါ၏ ဟူသောဆုကို တောင်းမိသလို ဒုတိယအနေနှင့် လွန်ခဲ့သောနှစ်နှစ်ကျော် ကာလကစပြီး ဤထိုင်းနိုင်ငံ၌ ဆေးဝါးလာရောက်ကုသနေရသည့် အသည်းအကျိတ်တည်ဝေဒနာ သက်သာပျောက်ကင်းစပြုရာမှ လုံးလုံးကင်းကင်းရှင်းရှင်း ပျောက်ကင်းရပါလို၏ဟုလည်းကောင်း၊ အသက်ရှင်နေသမျှ ဘာသာ သာသနာရေးကောင်းမှုကုသိုလ် သာသနာပြုနိုင်တဲ့သူ ဖြစ်ရပါလို၏ဟု ဆုတောင်းမိသည်။

ထိုင်တော်မူဘုရားကြီး၏ရှေ့၌ ဘုရားဂုဏ်တော်ကို ရွတ်ပွားပူဇော်ပြီးနောက် ဘုရားကြီး၏ ညာဘက်လက်တော် ချထားရာ၌ လူအများ တန်းစီနေသည်ကို တွေ့မြင်ရသည်။ ဘုရားဖူးများသည် ဘုရားကြီး၏ လက်ယာလက်တော်၏ လက်ခလယ်လက်ချောင်းတော်အား ဆောက်လုပ်ထားရှိသော စင်မြင့်ငယ်မှ လက်နှစ်စုံဖြင့်ထိပြီး လိုရာဆုကို တောင်းကြသည်။ စာရေးသူတို့ မိသားစုသည် ထိုင်တော်မူဘုရားကြီး၏ လက်ယာလက်တော်ရှိ လက်ခလယ်နှင့် ထိတွေ့ဆုတောင်းရန် လက်တော်ရှိရာသို့ လျှောက်လှမ်းလာပြီး တန်းစီစောင့်ဆိုင်းနေသော ဘုရားဖူးများ၏ နောက်၌ ဝင်ရောက်တန်းစီလိုက်သည်။

ရှေ့၌ ဘုရားဖူးနှစ်ဆယ်ကျော်ခန့် တန်းစီနေရ၍ အတန်ငယ်စောင့်ဆိုင်းရမည်ဖြစ်ရာ စာရေးသူ ဤ Wat Múang ထိုင်တော်မူဘုရားကြီးထံ ဖူးမြော်မလာရောက်ကြိုတင်လေ့လာထားချက်ကို သတိရမိသည်။ ထိုင်တော်မူဘုရားကြီးသည် ဘူမိဖဿဟန် (Bhumisparsh Mudra)၊ မုဒြာဖြင့် ဝသုန်မြေကြီးကို သက်သေထားဟန် (Touching The earth Mudra Calling the earth witness mudra) ဖြင့် တည်ထားရာ ခြေတော်အဝိုင်း (၆၃)မီတာ ရှိလေသည်။ ထို(၆၃)မီတာ ကျယ်ဝန်းသော ဘုရားကြီးအား စက်ဝိုင်းပုံ ငါးပတ်ပတ်ပြီးမှ ဘုရားကြီး၏ လက်ခလယ်တော်နှင့် ထိတွေ့ဆုတောင်းရန်ဟု သိထားမိခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့မိသားစု ဘုရားဂူဏ်တော် ကိုးပါးကို ရွတ်ပွားရင်း ကျယ်ဝန်းလှသော ရင်ပြင်တော်၌ ဘုရားကြီးအား လက်ယာရစ် ငါးပတ်ကို ခြေလှမ်းမှန်မှန်နှင့် ရစ်ပတ်ပူဇော်ကြသည်။ ငါးပတ်ပြည့်၍ မူလဘုရားဖူးများ တန်းစီရာနေရာသို့ ပြန်ရောက်သောအခါ နဂိုတန်းစီနေသော ဘုရားဖူး(၂၀)ခန့်ရှိရာမှ ယခု ငါးဦးခန့်သာရှိတော့၍ နောက်မှဝင်ပြီး တန်းစီခဲ့ကြသည်။

ဘုရားဖူးအများစုမှာ တရုတ်လူမျိုးများ(ယိုးဒယားတရုတ်) ဖြစ်ကြသည်ကို တွေ့ရသည်။ တန်းစီကြသူများထဲတွင် ဥရောပသား ကမ္ဘာလှည့်ခရီးသည် လင်မယားနှစ်ယောက် လက်တော်နှင့် ထိတွေ့ဆုတောင်းရန် စာရေးသူမိသားစုနောက်၌ ဝင်ရောက်တန်းစီသည်ကိုလည်း တွေ့ရသည်။

ကမ္ဘာလှည့်ခရီးသည် အများစုသည် မိမိသွားရောက်မည့် နိုင်ငံအကြောင်း၊ သွားရောက်လေ့လာမည့် နေရာအကြောင်း၊ လေ့လာမည့် အဆောက်အအုံ၊ ဘုရား၊ အထင်ကရ အရာဝတ္ထုများအကြောင်းကို အသေးစိတ်လေ့လာပြီးမှ လာကြသူများ ဖြစ်ကြသည်။ သူတို့လက်ထဲ၌ ခရီးသွားလမ်းညွှန် Guide book များ၊ မြေပုံများ ပါရှိတတ်ကြသည်။ ထို့ကြောင့် ထိုင်တော်မူဘုရားကြီး၏ လက်ခလယ်တော်နှင့် ထိတွေ့ဆုတောင်းရမည်ကို သူတို့ကြိုတင်သိထား၍ ဝင်ရောက်တန်းစီကြခြင်း ဖြစ်သည်။


ဤနေရာ၌ လက်ညှိုးတော်နှင့် ထိတွေ့ဆုတောင်းရန် လမ်းညွှန်မှုကိုလည်း သတိထားရန်လိုသည်။ မိမိတောင်းလိုသောဆုသည် မှန်ကန်သောဆု ဖြစ်ရန်လိုသည်။ ထိုသို့ မှန်ကန်သောဆုကို တောင်းသော် ကြီးပွားချမ်းသာပြီး အောင်မြင်သော၊ ကောင်းသောဆု၊ တောင်းသောဆုနှင့် ပြည့်စုံနိုင်ပါသည်။

* * *

Wat Muang ထိုင်တော်မူရုပ်ပွားတော်ကြီး ယခု ...ည်ထားရာနေရာတွင် အယုဒ္ဓယခေတ်နှောင်းပိုင်းကာလ ... Wat Muang ဘုရားကျောင်းတော်ကြီးကို တည် ...ာက်ခဲ့သည်။ ခုနှစ်အားဖြင့် (၁၆၈၇)ခုနှစ်ခန့်က ဖြစ် ...ည်ဟု မှန်းဆကြသည်။ ထိုကျောင်းတော်ကြီးသည် ...ယုဒ္ဓယအား မြန်မာဆင်ဖြူရှင်တပ်များ တိုက်ခိုက်သိမ်း ... စဉ် ပျက်စီးပြီး ပျောက်ကွယ်ခဲ့ရသည်။

(၁၉၈၃)ခုနှစ်ရောက်မှ Phra Kru Viboon, ajarnrakun ဘုန်းတော်ကြီးက ပြန်လည်တည်ဆောက်ခဲ့သည်။ (၁၉၈၄)ခုနှစ်၊ ဩဂုတ်လ (၆)ရက်နေ့၌ ပညာရေးဌာနဝန်ကြီးသည် Wat Muang ကျောင်းတော်ကြီး၏ အဆင့်အတန်းကို တိုးမြှင့်ခဲ့ပြီး ဘုန်းတော်ကြီးများ နေထိုင်သီတင်းသုံးခွင့်ကို ခွင့်ပြုခဲ့သည်။ (၁၉၈၄)ခုနှစ်၊ အောက်တိုဘာလ၌ Phra Kru Viboon ajarnrakun ဘုန်းတော်ကြီးကို ခန့်အပ်ခဲ့သည်။

(၁၉၈၆)ခုနှစ်၊ စက်တင်ဘာလ (၁၂)ရက်နေ့၌ ထိုင်းဘုရင်မင်းမြတ်သည် ဘုန်းတော်ကြီးအား ဘွဲ့ချီးမြှင့်ခဲ့သည်။ ဘုန်းတော်ကြီး Pra Kru Viboon ajarnrakun (၁၉၉၁)ခုနှစ်၌ ဗုဒ္ဓဘာသာဝင် ပြည်သူများနှင့်အတူ ကြီးမားလှသော ဗုဒ္ဓဘုရားရှင်ရုပ်တုကြီးကို ရည်ရွယ်ထားသည့်အတိုင်း မရပ်မနား တည်ဆောက်ခဲ့သည်။ ထိုင်းဘုရင်မင်းမြတ်အား ဦးထိပ်ထားရှိသော ဗုဒ္ဓရုပ်တုတော်ကြီးကို (၁၉၉၁)ခုနှစ်၌ စတင်တည်ထားပြီး (၂၀၀၇)ခုနှစ်၌ အပြီးတည်ဆောက်နိုင်ခဲ့သည်။ နှစ်ပေါင်း(၁၆)



ဖိန္နုနတ် ဟာနုမာရ်ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



ယမမင်းထံ အစစ်ခံနေစဉ်

ကြာမြင့်ခဲ့သည်။ (၂၀၀၈)ခုနှစ်၌ ရုပ်တုတော်ကြီးအား ရွှေသင်္ကန်းဆက်ကပ်နိုင်ခဲ့သည်။

ထို့ကြောင့် Wat Muang ရုပ်တုတော်ကြီးသည် ခေတ်သစ်ဗိသုကာပညာဖြင့် ထိုင်းယဉ်ကျေးမှုကို အခြေခံတည်ထားခဲ့ကြောင်း တွေ့ရသည်။ Wat Muang ဘုရားကြီးသည် ရှေးဟောင်းဘုရားကျောင်းတော်နေရာ၌ တည်ထားခဲ့၍ ရှေးဟောင်းဘုရားကြီးအဖြစ်လည်း ထိုင်းတို့က ဆိုကြသည်။ အယုဒ္ဓယခေတ်ကပင် တည်ရှိသော သာသနာ့မြေ၌ တည်ထားသောကြောင့် ဆုတောင်းပြည့်ဘုရားတစ်ဆူအဖြစ် ထိုင်းလူမျိုးများက အသိအမှတ်ပြုကြသည်။ ထို့ကြောင့် ရုပ်တုတော်ကြီးအား ငါးပတ်ပတ်၍ ပူဇော်ပြီးနောက် ရုပ်တုတော်ကြီး၏ လက်ယာလက်တော်၏ လက်ခလယ်နှင့် ထိတွေ့ဆုတောင်းသော် ကံကောင်းခြင်း၊ ချမ်းသာအောင်မြင်ခြင်းများနှင့် ပြည့်စုံနိုင်ကြောင်းကို Wat Muang ရုပ်တုတော်ကြီး၏ ကမ္ပည်းမှတ်တမ်း၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်ကို တွေ့မြင်နိုင်ပေသည်။

"Granting Wishes, it believed that the lord touch your finger it will enlighten you and brings you good luck, and Prosperity"

◆◆◆

စာရေးသူတို့မိသားစုသည် Wat Muang ဘုရားကြီး သီတင်းသုံးတော်မူရာ ရင်ပြင်တော်မှ ဆင်းလာပြီးနောက် ဘုရားကြီး မျက်နှာမူရာ လွင်[illegible] ထုလုပ်ထားသော ရုပ်တုများရှိရာသို့ ဦးတည်လျှောက်လှမ်းလာခဲ့သည်၊ လက်ဝဲဘက်၌ရှိသော ရေပန်းများဖြင့် ဖန်တီးထားသော ရေကန်ကျယ်ကြီးကို မြင်တွေ့ရသည်။ ထိုရေကန်ကြီး၏ အလယ်၌ ဦးခေါင်းငါးလုံးနှင့် နဂါးရုပ်ကြီးကို တွေ့ သည်။ မြန်မာနိုင်ငံရှိ နဂါးရုံဘုရားလို မြတ်စွာဘုရားရု တုကို တည်ထားခြင်းမရှိဘဲ နဂါးခေါင်းငါးလုံးနှင့် လင ရာမြောက်စွာ ထုလုပ်ထားသော နဂါးရုပ်ကြီးသာဖြ ကြောင်း တွေ့ရသည်။

Wat Muang ဘုရားကြီး၏ ထ ခြားဆုံးသော မြင်ကွင်းမှာ ဘုရ ရှင် ဟောကြားတော်မူခဲ့သော အ သိုလ်ပြုလုပ်သူတို့ တမလွန်ဘဝ၌ ခံစားရမည့် ငရဲကြီး(၈)ထ အပြစ်ခံကြရပုံများကို ပီပီပြင်ပြ ထုလုပ် သရုပ်ဖော်ထားခြင်းပင်ဖြ သည်။ ငရဲခံစားနေရပုံများကို တုများနှင့် ထုလုပ်ပြသထားသ ငရဲခံနေရသော ငရဲကျသူများ ကျသူများကို နှိပ်စက်ညှဉ်းပန်း ဒဏ်ပေးနေသော ငရဲသားကြီး



ငရဲကျခံရသူများ ငရဲသားများ၏ ဓား၊ လှံတို့နှင့် ထိုးနှက်ခံနေရစဉ်



www.burmeseclassic.com

www.burmeseclassic.com

၏ ဟန်ပန်တို့မှာ အသက်ဝင်လှသည်။ ငရဲခန်း၌ တစ်ခန်းချင်းကို အသေးစိတ် ပုံဖော်ထုတ်လုပ်ထားသည်။ ပထမဆုံးပုံမှာ ယံမမင်းထံ အစစ်ခံနေပုံ၊ ဆီများပွက်ပွက်ဆူနေသော ဒယ်အိုးအတွင်း ကြော်လှော်ခြင်းခံနေရသည့် ငရဲကျနေသူများ၊ ငရဲသားများ၏ ဓားလှံလက်နက်တို့ဖြင့် ထိုးခုတ်ခြင်းခံနေရသော ငရဲကျသူများ၊ နွားများပမာ လှည်းကိုဆွဲ၍ ရုန်းကန်နေရသည့် ငရဲကျသူ ယောကျ်ား၊ မိန်းမများအား ငရဲသားများက ကြာပွတ်ဖြင့် သွေးယိုစီးကျအောင် ရိုက်နှက်နေပုံများ စသည့်ငရဲခန်းများစွာကို ဗုဒ္ဓစာပေနှင့်အညီ အပယ်ငရဲကျမည်ကို စိုးရိမ်ထိတ်လန့်အောင်၊ သတိသံဝေဂရအောင်၊ အကုသိုလ်ကိုရှောင်၍ ကုသိုလ်ကောင်းမှု ပြုကြရအောင် သတိသံဝေဂရစေရန် ရည်ရွယ်ထုလုပ် ပြသထားသည်။

ငရဲခန်းများနှင့်အတူ ယိုးဒယား-မြန်မာစစ်ပွဲ သရုပ်ဖော်ထားသော ရုပ်တုများကိုလည်း တွေ့မြင်ရသည်။ ဟံသာဝတီ နန္ဒဘုရင်၏သားတော် အိမ်ရှေ့မင်းသားနှင့် ယိုးဒယားဘုရင်၏သားတော် အိမ်ရှေ့မင်းသားတို့ ဆင်စီး၍ တိုက်ပွဲဝင်နေပုံ၊ ဘေးပတ်လည်၌လည်း မြန်မာနှင့် ယိုးဒယားစစ်သည်များ ဓား၊ လှံ လက်နက်တို့ဖြင့် ထိုးခုတ်နေပုံတို့ကို အရုပ်ပေါင်းများစွာဖြင့် ထုလုပ်သရုပ်ဖော်ထားသည်ကို တွေ့ရသည်။ ထိုယိုးဒယား-မြန်မာ အိမ်ရှေ့မင်းသားတို့ ဆင်ချင်းစစ်ထိုး တိုက်ခိုက်ရာတွင် မြန်မာ ဟံသာဝတီဘုရင် နန္ဒမင်းသား၏သားတော် အိမ်ရှေ့မင်း (ဓာတုကလျာ၏ကြင်ရာတော်) တိုက်ပွဲ၌ ကျဆုံးခဲ့ရသည်။

ငရဲခန်းများ၊ ယိုးဒယား-မြန်မာစစ်ပွဲ ရုပ်တုများနှင့်အတူ ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့် ရဟန်းတော်များအား ထိုင်းမင်းညီမင်းသားများ (နတ်၊ ဗြဟ္မာတို့လည်း ဖြစ်နိုင်ကာ) ဖူးမြော်နေဟန်မှာလည်း အသ(...)ပါလှသည်။

ထိုင်တော်မူဘုရားကြီး မျက်နှာ ရှုရာ မြေကွက်လပ်ကြီး၌ သစ်ပင်ကြီးများ ပေါက်ရောက်နေပြီး ထိုအုံ့ဆိုင်းဆိုင်း သစ်ပင်များကြား၌ အဝီစိငရဲဘုံ၌ ငရဲခံစားရပုံများနှင့် အတူ မြတ်စွာဘုရားရှင်၏ ဖြစ်တော်မူစဉ် တချို့ကိုလည်း ဖော်ပြထုလုပ်ထားသည်။ သစ်ပင် ပန်းပင်များ အလယ်၌လည်း ဉာဏ်တော်မြင့်မြင့်မားမားနှင့် ရှင်သီဝလိရဟန္တာ မထေရ်မြတ်ကြီး၏ ရုပ်တုကို ထုလုပ်ပူဇော်ထားသည်။ ထိုင်းဘုရားစေတီတော် အတော်များများ၌ ရှင်သီဝလိ မထေရ်မြတ်၏ ရုပ်တုကို ထုလုပ်ပူဇော်ထားကြသည်။

မြန်မာဗုဒ္ဓဘာသာတို့၏ ဘုရားကျောင်းကန်တို့၌ ရှင်ဥပဂုတ္တမထေရ်မြတ်နှင့် ရှင်သီဝလိမထေရ်မြတ်တို့၏ ရုပ်တုတော် နှစ်ဆူကိုလည်း ယှဉ်တွဲထုလုပ် ပူဇော်ကြသော်လည်း ထိုင်းလူမျိုးတို့၏ စေတီ၊ ဘုရားကျောင်းတို့၌ များသောအားဖြင့် ရှင်သီဝလိရဟန္တာမထေရ်မြတ်တစ်ပါးတည်းကိုသာ ထုလုပ်ပူဇော်ကြသည်ကို တွေ့ရသည်။ ထိုင်းနိုင်ငံရှိ တချို့သော ဘုရားစေတီတချို့၌သာ ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်တုနှင့် ရှင်သီဝလိမထေရ်မြတ် ရုပ်တုတို့ကို ယှဉ်တွဲထုလုပ်ပူဇော်သည်ကို တွေ့ရသည်။

ထိုင်းနိုင်ငံ၌ ရှင်သီဝလိရဟန္တာမထေရ်မြတ်ရုပ်တု ထုလုပ်ပူဇော်ရာတွင် မြန်မာဗုဒ္ဓဘာသာဝင်တို့ ထုလုပ်ပူဇော်ဟန်နှင့် အနည်းငယ်ကွဲပြားသည်ကို သတိထားမိသည်။ မြန်မာနိုင်ငံ၌ ရှင်သီဝလိရဟန္တာမထေရ်မြတ်အား ထုလုပ်ပူဇော်ရာတွင် လက်ယာတော်၌ တောင်ဝှေးကိုင်ပြီး လက်ဝဲလက်တော်၌ ထန်းယာအရိုးကောက်ကို ပခုံး၌တင်ပြီးကိုင်ဟန် ထုလုပ်သည်။ သပိတ်တော်ကို လက်ဝဲဘက် ပခုံး၌ သပိတ်ကြိုးဖြင့် လွယ်ထားဟန်ကို ရုပ်တုတိုင်း၌ ပီပီပြင်ပြင် ထုလုပ်ကိုးကွယ်ပူဇော်ကြသည်။


ပွက်ပွက်ဆူနေသော ဆီဒယ်အိုးအတွင်း၌ အကြော်ခံနေရသော ငရဲကျသူများ



www.burmeseclassic.com

www.burmeseclassic.com

ထိုင်းလူမျိုးတို့အနေနှင့် ရှင်သီဝလိရဟန္တာမထေရ်မြတ်ရုပ်တုတော် ထုလုပ်ရာ၌ လက်ယာလက်တွင် တောင်ဝှေးကိုင်ပြီး လက်ဝဲလက်တော်၌ ယပ်တောင်အကောက်အစား ထီးကို ကိုင်ထားပုံမှာ မြန်မာ့ဟန်နှင့် ကွဲပြားသည်။ သပိတ်တော်ကို တချို့ရုပ်တုတို့၌ လက်ဝဲဘက်ပခုံးတော်၌ လွယ်ထားသော်လည်း ယခု Wat Muang ထိုင်တော်မူဘုရားကြီးရှိ ရှင်သီဝလိရဟန္တာမထေရ်မြတ် ရုပ်တုတော်၌ သပိတ်တော်ကို ရုပ်တုတော်ရှေ့၌ ချထားသည်ကို တွေ့ရသည်။ ထိုင်းနှင့်မြန်မာတို့သည် အခြေခံယဉ်ကျေးမှုအရ တချို့သော နေထိုင်စားသောက်ပုံ၊ ဝတ်စားဆင်ယင်ပုံတို့မှာ အနည်းငယ် ကွဲပြားသော်လည်း ထိုင်း မြန်မာ လူမျိုးတို့၏ ယဉ်ကျေးမှု၊ ဘာသာကိုးကွယ် ယုံကြည်မှုတို့မှာ အတော်ပင် ဆင်တူကြပုံကို ယခု ရှင်သီဝလိရဟန္တာမထေရ်မြတ်ကြီး၏ ရုပ်တုတော်ကို ဖူးမြော်ရင်း စာရေးသူ စိတ်အာရုံ၌ တွေးတောနေမိသည်။

ထို့ရှင်သီဝလိမထေရ်မြတ်ကြီး၏ ရုပ်တုတော်နှင့်အတူ လက်ယာလက်၌ ပေစာကိုကိုင်လျက် လက်ဝဲလက်တော်၌ သုံးမြွှာငှ့်အချွန်ပါသော လှံတံကို ကိုင်ထားသော သိကြားမင်းဟု ထင်ရသော ရုပ်တုကိုလည်း တွေ့ရသည်။

ကျယ်ဝန်းပြီး သစ်ကြီးဝါးကြီးပင်များ၏ အရိပ်အောက်၌ ဟိန္ဒူဘာသာ အယူအဆအရ ကိုးကွယ်ယုံကြည်ကြသော ဟာနုမာန်မျောက်မင်း၏ ရုပ်တုကိုလည်း တွေ့မြင်ရသည်။ ထိုင်းနိုင်ငံရှိ ဘုရားစေတီအတော်များများ၌ ဟိန္ဒူကိုးကွယ်မှုဖြစ်သော ဟာနုမာန်ရုပ်တုတော်၊ လက်များစွာနှင့် စန္ဒီမယ်တော်ပုံတော်များ၊ ရာမလက္ခဏာရုပ်တုတော်များကို အတော်များများ တွေ့ရသည်။ ဘန်ကောက်မြို့လယ်ရှိ မကြာမီက ဗုံးပေါက်ခွဲခံခဲ့ရသော လေးမျက်နှာဘုရားမှာလည်း ဟိန္ဒူနတ်ဘုရားပုံတော်ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။

ယခု Wat Muang ထိုင်တော်မူဘုရားကြီး ဥယျာဉ်တော်ကြီးအတွင်း၌ ဗုဒ္ဓဘာသာနှင့် ပတ်သက်သက်ဆိုင်သော ရုပ်တုအများစုနှင့်အတူ ဟိန္ဒူဘာသာနှင့်ဆိုင်သော ရုပ်တုများ၊ တရုတ်ရိုးရာ ကိုးကွယ်ယုံကြည်မှုနှင့်ဆိုင်သော ရုပ်တုများကိုလည်း တွေ့ရရာ ထိုင်းယဉ်ကျေးမှုအပေါ် ဟိန္ဒူဘာသာ၊ တရုတ်ရိုးရာ ကိုးကွယ်ယုံကြည်မှု စသည့် ယဉ်ကျေးမှုအသီးသီး လွှမ်းမိုးနေသည်ကို တွေ့ရသည်။

Wat Muang ထိုင်တော်မူဘုရား အဝင်လမ်း၌ တရုတ်ဘုရားကျောင်းတစ်ခုကို ခမ်းခမ်းနားနားတွေ့ရရာ ဝင်ရောက်လေ့လာကြည့်မိသည်။ ထိုဘုရားကျောင်းမှာ Temple of Guan Yin ဟုခေါ်ကြောင်း သိရပြီး ထိုကျောင်းကြီးအတွင်း၌ တရုတ်နတ်ဘုရား (Thousand-arm Guan Yin) ကို ဖူးမြင်ရသည်။ လက်ပေါင်းတစ်ထောင်နှင့် ကွမ်ရင်မယ်တော်ရုပ်တု ဖြစ်သည်။ ဆုတောင်းပြည့်သည်ဟူသော အယူအဆကြောင့် ထိုကျောင်းတော်၌ ဘုရားဖူးအတော်များများ ဝင်ရောက်ဖူးမြော်ကြသည်ကို တွေ့ရသည်။

ထိုကွမ်ရင်မယ်တော်၏ ရုပ်တုတော်ကိုလည်း ဥယျာဉ်အတွင်း၌ ကြွေသားနှင့် လက်ရာမြောက်စွာ ထုလုပ်ထားသည်ကိုလည်း တွေ့ရသည်။ ဥယျာဉ်အတွင်း၌ တရုတ်နတ်မင်းကြီးများ၏ ရုပ်တုများကိုလည်း သက်ဆိုင်ရာ နတ်မင်း၊ နတ်ဘုရားတို့၏ ဝတ်စားဆင်ယင်ပုံနှင့်အညီ ထုလုပ်ထားသည်မှာ အသက်ဝင်လှသည်။ တရုတ်တို့၏ ကိုးကွယ်ယုံကြည်မှု အဆောင်အယောင်အဖြစ် ကြေးညိုရောင် ခေါင်းလောင်းကြီးများကိုလည်း ဥယျာဉ်အတွင်း ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ရုပ်တုပေါင်းများစွာအနက် ထိုင်း



ငရဲကျခံနေရသောသူများ (ယောက်ျား မိန်းမ အပါအဝင်)
နွားများပမာ လှည်းကိုဆွဲ၍ ရုန်းကန်နေရစဉ်

www.burmeseclassic.com

ဘုရင်မင်းမြတ်များ၏ ကြေးရုပ်တုများ၊ ထိုင်းလူမျိုးတို့၏ ကိုးကွယ်ယုံကြည်ရာ ရသေ့ပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများကိုလည်း လက်ရာမြောက်စွာ တွေ့ရသည်။

Wat Muang ထိုင်တော်မူဘုရားကြီးရှိ ဥယျာဉ်အတွင်းမှ ဆေးရောင်စုံခြယ်သထားသည့် ရုပ်တုတို့မှာ အရောင်စုံလင်လှပ၍ ဘုရားဖူးတို့အနေနှင့် တအံ့တသြ လေ့လာ၍မဆုံးအောင် ဖြစ်မိသည်။ အမိုးအကာမဲ့ သစ်ပင်များ အလယ်၌ ထုလုပ်ထားသော ထောင်ချီများပြားလှသည့် ရုပ်တုများသည် မိုးဒဏ် လေဒဏ်ကြောင့် ပျက်စီးနိုင်သော်လည်း စနစ်တကျပြုပြင်ထိန်းသိမ်းထား၍ သစ်သစ်လွင်လွင်နှင့် တွေ့မြင်ရသဖြင့် ဘုရားကြီး၏ ဂေါပကအဖွဲ့နှင့် ထိန်းသိမ်းစောင့်ရှောက်သူများကို ချီးကျူးမိပေသည်။

စာရေးသူအနေနှင့် Wat Muang ထိုင်တော်မူဘုရားကြီးအား အချိန်ယူဖူးမြော်ခြင်း၊ ဥယျာဉ်တော်အတွင်း ငရဲခန်း၊ ဗုဒ္ဓဖြစ်စဉ်များ၊ တရုတ်အန်းကုန်းဘိုးတော်ရုပ်တုအပါအဝင် တရုတ်နတ်မင်းကြီးများ စသည့် လေ့လာကြည့်ရှုစရာများကို ဓာတ်ပုံမှတ်တမ်းတင်ရင်း လေ့လာခဲ့ရာ အချိန်နှစ်နာရီကျော်သည့်တိုင် လေ့လာစရာများ ကျန်ရှိနေသေးသော်လည်း အယုဒ္ဓယမြို့ဟောင်းအနှံ့ မရောက်ခဲ့သော လေ့လာစရာများကို လေ့လာရန် ကျန်နေသေး၍ နောက်တစ်ခေါက်အတွက် ချန်ထားပြီး Wat Muang ဘုရားကြီးမှ အမြန်ထွက်ခွာလာခဲ့ရပေသည်။

ကားပေါ်မတက်မီ Wat Muang ထိုင်တော်မူဘုရားကြီးအား ထပ်မံ၍ လက်အုပ်ချီရင်း အသည်း၌ ဖြစ်ပေါ်ခဲ့သော အကျိတ်ရောဂါ ရှင်းရှင်းလင်းလင်း ပျောက်ကင်းရပါလို၏ဘုရားဟု ထပ်လောင်း၍ ဆုတောင်းလိုက်မိသည်။

**တက္ကသိုလ်မျိုး**

**မှီငြမ်း**

(၁) Ang Thong သမိုင်း။

(၂) Wat Muang အင်တာနက်မှတ်စုများ။

(၃) ကိုယ်တိုင်လေ့လာဖူးမြော်ခြင်း။




မှတ်ပုံတင်ပြီး

အမေ့ဆေး

အမှတ်တံဆိပ်

ဆီးချို သွေးချို

သောက်ဆေး

သုံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) ပြား

နေ့လယ် အစာမစားမီ (၃) ပြား

ည အစာမစားမီ (၃) ပြား

ပင်ရင်း အမှတ် (၃၁)၊ (၁၂၂)လမ်း၊

ရေတွင်းကုန်းရပ်ကွက်၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁-၃၇၆၇၀၁၊ ၀၁-၃၇၆၇၀၂၊ ၀၉-၇၃၂၀၀၉၇၀

အမြို့မြို့အနယ်နယ်ရှိသော

ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

# ငါးကြိမ်ပါဆို ရာဇဂြိုဟ်

အောင်ချိန်ဘွား

ဗုဒ္ဓဂယာရှိ ဖွား၊ ပွင့်၊ ဟော၊ စံတည်းဟူသော သံဝေဇနီယ(၄)ဌာနအနက် မြတ်ဗုဒ္ဓပွင့်တော်မူရာ ဗုဒ္ဓဂယာမှ မဟာဗောဓိဝိဟာရ ကျောင်းတော်ကြီးအတွင်း လှည့်လည်ဖူးမြော်ကြည်ညိုပြီး နောက်တစ်နေ့တွင် သိ၊ ဟော၊ မြဲ၊ နေ၊ ဆင်းနတ်ပြေ(ပြည်)ဟူသော အဝိဇဟိတ (၄)ဌာနအနက် ရာဇဂြိုဟ်ပြည်သို့ ခရီးဆက်ခဲ့ပါသည်။

ရာဇဂြိုဟ်ပြည်တွင် ဗုဒ္ဓမြတ်စွာဘုရား (၅)ဝါအဖြစ် ဒုတိယအကြာဆုံး အမြဲနေရာဌာန(၃)ခု ရှိသည်။

ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်၌ (၃)ဝါ၊ ရာဇဂြိုဟ် နာလန္ဒာ၌ (၁)ဝါနှင့် ရာဇဂြိုဟ် ဂိဇ္ဈကုဋ်တောင်ထိပ်၌ (၁)ဝါ သီတင်းသုံးဝါဆိုတော်မူခဲ့သည်မှာ ထိုနေရာသည် ထူးခြားသောကြောင့် ဖြစ်သည်။

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် အနော်မာမြစ်တစ်ဖက်ကမ်းသို့ ကူးပြီးနောက် ဆံတော်စွန့်၊ သံပိတ်ပိုက်၍ တောထွက်တော်မူခဲ့ရာ ပထမဆုံး ဦးတည်သွားရောက်ခဲ့သော နေရာသည် ယူဇနာ(၃၀)၊ မိုင်အားဖြင့် (၃၈၁)မိုင်ဝေးသော ရာဇဂြိုဟ်ပြည်ဖြစ်သည်။ သိဒ္ဓတ္ထရသေ့သည် ပဏ္ဍဝတောင်ခြေ၌ တရားအားထုတ်စဉ် ဆွမ်းခံကြွရာ ကိုယ်ရည်ကိုယ်သွေး အလွန်ထူးခြားသော မဟာပုရိသလက္ခဏာအင်္ဂါရပ်တို့နှင့် ပြည့်စုံသောကြောင့် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းက ပင့်ဖိတ်ပြီး တိုင်းပြ တစ်ဝက်ပေး၍ အုပ်ချုပ်စေရန် ပန်ကြားခဲ့ဖူးသည်။

ဘုရားဖြစ်အောင် ကျင့်ကြံအားထုတ်ရန် ထီးနန်း စွန့်ခွာလာခဲ့၍ ဗိမ္ဗိသာရမင်း၏ ကမ်းလှမ်းချက်ကို လ မခံကြောင်း ရှင်းပြသောအခါ ထိုမင်းက ဘုရားအဖြစ် ရောက်တော်မူလျှင် ပထမဆုံး တရားဟောကြွပါရန် ကြားခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားသည် ပဥ္စ ကို မိဂဒါဝုန်တောတွင် ဓမ္မစကြာတရားဦး ဟောကြာ ဝါဆိုတော်မူပြီး စတင်ဒေသစာရီ ကြွချီသောအခါ ရ ဂြိုဟ်ပြည်သို့ အရောက်သွား၍ ဗိမ္ဗိသာရမင်းကြီး တရားဟောခဲ့သည်။

ဗိမ္ဗိသာရမင်းသည် ဗုဒ္ဓဘုရားထက် အသက်(၅) ငယ်၍ ဘုရားထံမှ တရားနာစဉ် အသက်(၃၁)နှစ်ရှိသ ဗိမ္ဗိသာရမင်းသည် သေနိယ အမည်ရသော မင်းဖြစ်သ သေနိယဟူသည် ကိုယ်ရံတော်စစ်တပ် ရှိသည်ဟူ၏။ သာရသည် ကိုယ်ရံတော်စစ်တပ်နှင့်အတူ ရာဇဂြိုဟ်ပြ ကို တည်ထောင်သော ပထမဆုံးမင်း ဖြစ်သည်။

ဝိနည်းနှင့် သုတ္တန် ပိဋကတ်တော်များ၌ ရာဇဂြိ ပြည်၏အမည် ငါးမျိုးဖော်ပြထားကြောင်း တွေ့ရှိသ (၁) ဝသုမတီ၊ (၂) ဂိရိဗ္ဗဇ၊ (၃) ရာဇဂဟ၊ (၄) ရာဇ (၅) ဆင်မြို့တော်ဟူ၍ ဖြစ်သ



ဂိဇ္ဈကုဋ်တောင်ထိပ်ရှိ ဗုဒ္ဓကျောင်းဓတော်ရာ

ဗိမ္ဗိသာရမင်းဆက်မျ ဖခင်သတ်သော ပဥ္စနန္ဒိပ ထိုက်သော ဘုရင်(၅)ဆက် သည်။ ဖခမည်းတော်ကို သ နန်းတက်သူ မင်းများမှာ အဇာတသတ်၊ (၂) ဥဒယ (၃) အနုရုဒ္ဓ၊ (၄) မုဏ္ဍိက နာဂဒါသတို့ ဖြစ်ကြသည်၊

ရာဇဂြိုဟ်ပြည်သို့ ထူ သော ကျောင်းတောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မဏိယာမတ် ဓေါ် အဇာတသတ် ဓာတ်တော်တိုက်

တောင်ဖြင့် ဝိုင်းရံထားသည်။ (၁) ဝေဘာရတောင်၊ ထိုမှ ပေ(၁၂၀၀၀) ကွာဝေးသော (၂) ဝေပုလ္လတောင်၊ ထိုမှ ပေ(၄၅၀၀)အကွာတွင် (၃) ဂိဇ္ဈကုဋ်တောင်၊ ထိုမှ ပေ(၈၅၀၀) ဝေးသော (၄) ပဏ္ဍဝတောင်၊ ထိုမှ ပေ(၇၀၀၀)ဝေးသော (၅) ဣသိ ဂိလိတောင်၊ တောင်(၅)လုံး ရှိပြီး ထိုတောင်တို့သည် ဝိုင်း၍ မညီမညာ တည်နေသောကြောင့် ဣသိဂိလိတောင်မှ ဝေဘာရ တောင်သို့ ပေ(၉၀၀၀)ကွာဝေးသည်။

ရာဇဂြိုဟ်မြို့ဟောင်းသည် တောင်ငါးလုံး ဝိုင်းရံနေသည့် အလယ်တွင်ရှိသည်။ အဇာတသတ်၏ နန်းတော်သစ်သည် တောင်များ၏အပြင် မြောက်ဘက်တွင်ရှိသည်။

ရာဇဂြိုဟ်မြို့တော်ဟောင်းတွင် တံခါးမကြီး(၃၂) ပေါက်နှင့် တံခါးငယ်(၆၄)ပေါက်ရှိသော အုတ်၊ ကျောက် တံတိုင်းဖြင့် ကာရံထားသည်ဟု ဆိုသည်။ အုတ်ရိုးတံတိုင်းများကို အပြတ်,အပြတ်နှင့် ဟိုတစ်နေရာ၊ ဤနေရာ စသည်ဖြင့်သာ တွေ့နိုင်တော့သည်။

ရာဇဂြိုဟ်မြို့တွင်း၌ ခဏ,ခဏ မီးလောင်သဖြင့် မီးလောင်သောအိမ်ကို မြို့ပြင်ထွက်ရမည်ဟု အဇာတသတ်မင်းက အမိန့်တော်ချမှတ်သည်။ ဤတွင် မြို့တွင်း အဇာတသတ် နန်းတော်ကစ၍ မီးလောင်သောကြောင့် မိမိမိန့်မှတ်သည့်အတိုင်း မြို့တော်ဟောင်း အပြင်ဘက် ထွက်ကာ နန်းတော်သစ် တည်ခဲ့သည်။ အချို့ရာဇဝင်သမိုင်းကမူ အဇာတသတ် ခမည်းတော်ကို လုပ်ကြံသောကြောင့် ကောသလမင်းနှင့် စဏ္ဍပဇ္ဇောတမင်းတို့ လာတိုက်သောအခါ ခုခံရန် မြို့သစ်တည်၍ ခံတပ်ဆောက်ခြင်း ဖြစ်သည် ဆို၏။ မြို့ရိုးအုတ်တံတိုင်းများမှာ (၁၅)ပေမှ (၁၈)ပေအထိ မြင့်မားကြောင်း တွေ့ရသည်။

မြတ်ဗုဒ္ဓ ဒုတိယ၊ တတိယ၊ စတုတ္ထဝါ ဆက်တိုက်နှင့် (၁၇)ကြိမ်နှင့် (၂၀)ကြိမ် မြောက်ဝါတို့ ပေါင်း(၅)ဝါကြာအောင် ဝါဆိုသီတင်းသုံးခဲ့သော ရာဇဂြိုဟ်ပြည်ကား ဂေါတမဘုရား လက်ထက်တော်၌ မဟာနဂရမြို့တော်ကြီး (၆)မြို့တွင် တစ်မြို့အပါအဝင်ဖြစ်သည်။ (အချို့က ၄ မြို့ဟုဆို)

တည်နေရာမှာ ဘီဟာပြည်နယ်၊ ပဋ္ဋနားမြို့မှ အရှေ့တောင်ဘက် ကီလို(၉၀)(၅၆ မိုင်) ဝေးသည်။ အချို့က ကီလို(၁၀၁)(၆၃ မိုင်) ကွာဝေးသည်ဟုဆိုရာ အိန္ဒိယမြေပုံအရ ထိုအချက်က ပိုမှန်သည်။ ဂယာမြို့ အနောက်မြောက်ဘက် ကီလို(၉၀) (၅၆)မိုင်ခန့်အကွာတွင် တည်ရှိသည်။

ဂယာမြို့မှ ဘုရားဖူးယာဉ်ကြီးနှင့် နံနက်(၇)နာရီခွဲခါနီးတွင် ထွက်ခွာရာ မြို့ထဲရပ်ကွက်၊ မြို့စွန်ရပ်ကွက်၊ မြို့ဆက်ရွာများ၊ ထိုမှ လမ်းကျဉ်းကျဉ်းတို့ကို ဖြတ်မောင်း



ဇီဝကသရက်ဥယျာဉ်

www.burmeseclassic.com




ဆွန်ဘဏ္ဍာလိုဏ်ဂူထဲတွင် နံရံဦးခိုက် ဆုတောင်းပါက ငွေအလုံးလိုက် ဝင်သည်

ရန် ခရီးမတွင်ကျယ်လှ။ နာရီဝက်ကျော်ကြာမှ နေရှုရာ မြစ် အနောက်ဘက်ကမ်းတစ်လျှောက် ကားမောင်းခဲ့ရာ (၁၅)မိနစ်ကျော်ကြာမှ မြစ်ကူးတံတားရှည်ကို ဖြတ်ကျော်ပြီး အရှေ့ဘက်ကမ်းကိုရောက်သည်။ ရွာအချို့ဖြတ်ကျော်ခဲ့ပြီး လမ်းညာဘက်ရှိ ကျောက်တောင်တန်း၊ တောင်ခြေ တစ်လျှောက် မိနစ်(၂၀)ကျော် မောင်းသည်။ ဝဲဘက်တွင် ကွင်းပြင်များ၌ စိုက်ခင်းများ၊ ထန်းတောများ မျက်စိတစ်ဆုံး တွေ့ရသည်။

ထိုမှ တောင်ကြားတစ်ခုကို ဖြတ်ကျော်ကာ လက်ဝဲဘက် လမ်းဘေးရှိ တောင်တန်း၏ တောင်ခြေခပ်လှမ်းလှမ်းမှ ကားလမ်းအတိုင်း ဆက်လာခဲ့ရာ လက်ယာဘက် လမ်းဘေးတွင် ကွင်းပြင်များရှိ၍ စောစောက မြင်ကွင်းအတိုင်း ယာခင်းစိုက်ခင်းများနှင့် ထန်းတောများကို မျက်စိတစ်ဆုံး တွေ့မြင်ရသည်။ ကားလမ်းခင်းချောသော်လည်း လမ်းကျဉ်းသောကြောင့် မြန်မြန်မမောင်းနိုင်။ (၅) နာရီခွဲကျော် ခရီးနှင်ခဲ့ပြီးမှ ရာဇဂြိုဟ်ကို ဝိုင်းရံထားသည့် တောင်ဘက်နှင့် အရှေ့တောင်ဘက်၌ တည်ရှိသော ဣသိဂိလိတောင်နှင့် ပဏ္ဍဝတောင် နှစ်လုံး တောင်ကြားလမ်းကုန်းမြင့်အနည်းငယ်ကို ဖြတ်ကျော်ခဲ့သည်။ မွန်းလွဲ(၁) နာရီ (၇)မိနစ်တွင် ဆွန်ဘဏ္ဍာတိုက်ကို ရောက်ရှိသည်။

လက်ရှိရာဇဂြိုဟ်မြို့၏ အကျယ်မှာ (၄.၈)မိုင်ပတ်လည်ရှိသည်။ ဆွန်ဘဏ္ဍာတိုက်သည် ဝေဘာရတောင်၏ အရှေ့တောင်ဘက် တောင်နံရံကပ် လိုဏ်ဂူတည်ထားခြင်းဖြစ်သည်။ ဝဲဘက်က ရွှေတိုက်၊ ညာဘက်က ငွေတိုက်ဟုဆိုသည်။ ရာဇဂြိုဟ်မင်းများသည် ကုန်စည်ကူးသန်းရောင်းဝယ်ရေးကို အားပေးသည်။ စီးပွားရေးများကို အခြားမြို့များနှင့် ကူးလူးဆက်သွယ် သယ်ပို့လုပ်ကိုင်ရာ ကုန်သည်များဖြင့် စည်ကားသည်။ တိုင်းတစ်ပါးမှ ကုန်သည်များကို ဆွဲဆောင်ရန် Tourist Resort မျိုး ရေပူစမ်းရေကန်သုံးဆင့် ဖန်တီးပေးခဲ့သည်မှာ ဘုရားလက်ထက်တော်ကတည်းက ရေလာချိုးသူများ စည်ကားသည်။ ဇာတ်အမြင့်အလတ်အနိမ့်အသီးသီး ရေချိုးရန် ကန်သုံးဆင့် ခွဲခြားထား၍ လာရောက်သည့် ထိုခေတ်က ဇာတ်ခွဲခြားသူများ အဆင်ပြေသည်။



ဆွန်ဘဏ္ဍာလိုဏ်ဂူ (ငွေတိုက်ဘက်)

ထိုစဉ်ကတည်းက ပြည့်တန်ဆာခန်းများဖြင့် တရားဝင် ဖျော်ဖြေခွင့် ပေးခဲ့သည်။ ရာဇဂြိုဟ်ပြည်ကို တိုင်းတစ်ပါးမှ ခရီးသွား



www.burmeseclassic.com

www.burmeseclassic.com


ဆွန်ဘဏ္ဍာလိုဏ်ဂူ (ရွှေတိုက် ငွေတိုက် အလယ်)

ညှော့သည်များ၊ ကုန်သည်များ၊ ဘာသာရေး ကိုးကွယ်သူများ မည်မျှများပြားစွာ လာရောက်ခဲ့သနည်း ဆိုသည်ကို ယနေ့ယခုအချိန်အထိ တွေ့မြင်ရသော ပဏ္ဍဝတောင်ခြေရှိ ကျောက်သားပြင်၌ (၆)လက်မမှ (၈)လက်မခန့်အထိ နက်စွာသော လှည်းဘီးရာများရှိသည်။ ထိုနေရာသည် ရာဇဂြိုဟ်မြို့ဟောင်း၏တောင်ဘက် ကားလမ်းအကွေ့ ဘေးနား၌ အုတ်တံတိုင်း ခတ်ထားကြောင်း တွေ့နိုင်သည်။


ထို့ပြင် ရာဇဂြိုဟ်ပြည်၌ အလွန်ဆေးစွမ်းထက်သော သမားတော်ဇီဝကနှင့် အာကာသဂေါတ္တ စသော ဆေးဆရာများ ခွဲစိတ်ကုသခြင်းအပါအဝင် ရောဂါပျောက်ကင်းအောင် ကုသပေးသည်ဟု ကျော်ကြား၍ လာရောက်ကုသသူ များပြားသည်။ ထို့ကြောင့် ရာဇဂြိုဟ်တွင် မင်း၊ သူဌေး၊ ပုဏ္ဏားသာမက လက်လုပ်လက်စား အစရှိသော ဗြာဟ္မဏ၊ ခတ္တိယ၊ ဝဿ၊ သုဒ္ဒ အစရှိသည့် ဇာတ်အဆင့်အတန်း(၄)မျိုးစလုံး နေထိုင်ရာ နေရာဖြစ်သည်။

စီးပွားအလွန်ဖြစ်ထွန်းသောကြောင့် ရာဇဂြိုဟ်ပြည့်ရှင်မင်းကြီး ဗိမ္ဗိသာရသည် ဆွန်ဘဏ္ဍာတိုက်တွင် ရွှေ၊ ငွေ ဘဏ္ဍာတော်များ မြှုပ်နှံထားရှိသည် ဆို၏။ စီးပွားဖြစ်ထွန်းလိုသူများ၊ ငွေကြေးကို အလုံးလိုက် အခဲလိုက် ရရှိလိုသူများ၊ ထီပေါက်လိုသူများ၊ အမွေရလိုသူများ ဤဆွန်ဘဏ္ဍာတိုက် လိုဏ်ဂူထဲက နံရံကို ဦးခိုက်ရှိခိုး ဆုတောင်းပါက ဆုတောင်းပြည့်သည် ဟူ၏။


ရာဇဂြိုဟ်ပြည်သည် ကျောက်တောင်ထူထပ်၍ သစ်ရိပ်ဝါးရိပ်ကြီးစွာ မထူထပ်သောကြောင့် ရာသီဥတုသည် ဆောင်းရာသီ၌ (၅၁)ဒီဂရီအထိအေးပြီး နွေရာသီ၌ အပူဆုံး (၁၀၃)ဒီဂရီအထိ ပူပြင်းသည်။ ယခု ဧပြီလ သကြံန်ကာလတွင် ရောက်ရှိသွားရာ အပြင်၌ ရန်ကုန်မြို့၏ မိုးရွာသေးသော ဧပြီလလယ်နှင့် အပူချိန်ချင်း အတူတူလောက် ရှိသည်။

ရာဇဂြိုဟ်တွင် ဘုရားဖူးတို့လှည့်လည်ကြည့်ရှုရန် ထူးခြားသော နေရာများစွာရှိသည်။

ယခု ဆွန်ဘဏ္ဍာတိုက်နှင့် အနီးဆုံး လှေ့လာရန်နေရာဖြစ်သော အဇာတသတ်မင်း၏ ဓာတ်တော်များ မြှုပ်နှံထားသည့် ပတ္တုတာတိဓာတ်တော်တိုက်ခေါ် မဏိယာမင်ကို သွားရောက်ကြသည်။ (၁၈)ပေခန့်မြင့်သော အုတ်ခုံပေါ်သို့ လှေကားထစ်များမှတက်၍ အမိုးခေါင်ဇောက်


ဆွန်ဘဏ္ဍာလိုဏ်ဂူ (ရွှေတိုက်ဘက်)

www.burmeseclassic.com



ဂိဇ္ဈကုဋ်တောင်ထိပ်ရှိ ဗိုလ်ချုပ်နိုစေတီ
(ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ)

ရှိသော ဓာတ်တော်တိုက် ကျင်းထဲသို့ဆင်းပြီး ဂူငယ်တစ်ခုသို့ ဝင်ရောက်ကြည့်ရှုရသည်။ ထိုနေရာကို မဏိနဂါး၏ နတ်ကွန်းဟုလည်း ခေါ်သည်။

ဗုဒ္ဓဂယာရှိ သာသနိကအဆောက်အအုံများကို အများဆုံး တူးဖော်ပေးခဲ့သည့် အိန္ဒိယနိုင်ငံ ဗြိတိသျှလက်ထက်က ကျောက်စာဝန် မစ္စတာကန်နင်ဂမ်က ထိုနေရာကို တူးဖော်ခဲ့သည်။ လဲလျောင်းနေသော မယ်တော်မာယာရုပ်တု၊ ဗုဒ္ဓရုပ်ပွားတစ်ဆူ၊ နဂါးခေါင်းပါသော ဂျိန်းဘုရားပါရာ္ဗနာထ၏ ရုပ်တုတို့ကို တူးဖော်ရရှိခဲ့သည်။ (၁၈၆၁-၆၂)ခုနှစ်က တူးဖော်ခဲ့ခြင်း ဖြစ်သည်။ (၁၉၀၅)ခုနှစ်တွင် အပေါ်က ဂျိန်းဘုရားကျောင်းကို ဖျက်၍ တူးပြန်ရာ ချိုင့်ကျင်းထဲတွင် ရုပ်လုံးရုပ်ကြွများ ပတ်လည်မွမ်းမံထားသည့် အုတ်ခုံကြီးကို ယခုတွေ့မြင်ရသည့်အတိုင်း တွေ့ရှိခဲ့သည်။ အုတ်ခုံပတ်လည်တွင် အေဒီ(၅)ရာစုလောက်က ထုလုပ်ထားသော ဟိန္ဒူနတ်ဘုရားများ ရုပ်ပုံအချို့ မထင်မရှားရှိနေသည်။ ထိုအုတ်ခုံထုကြီးအထဲ၌ ဘုရားဓာတ်တော်များကို အဇာတသတ်မင်း ဌာပနာခဲ့၍ ဓားစက်၊ လှံစက်များ တပ်ဆင်ထားသောကြောင့် မည်သူမျှ မတူးဖော်နိုင်ဟု ဗုဒ္ဓဘာသာ ဆရာတော်တို့က ယုံကြည်ကြသည်။

ရာဇဂြိုဟ်ပြည်တွင် မြတ်စွာဘုရား လက်ထက်တော်က ဂျိန်းနှင့် ဗုဒ္ဓဘာသာတို့ အားပြိုင်ခဲ့ရသည်။ ဗုဒ္ဓဘုရားဟု နှစ်ဖက်စလုံးက ခေါ်ဝေါ်ခဲ့ဖူးသည်။ ဂေါတမမြတ်စွာဘုရားသာ ဗုဒ္ဓမြတ်စွာအဖြစ် အောင်နိုင်ခဲ့သည်။ တောင်ကြီးငါးလုံးပေါ်တွင် ဂျိန်းဘာသာ ဘုရားကျောင်းများစွာလည်း ရှိသည်။ ဗုဒ္ဓမြတ်စွာကို သံဃာဂိုဏ်းကွဲ တည်ထောင်၍ အန်တုရုံမက လုပ်ကြံသတ်ဖြတ်ရန်အထိ ကြံစည်သော ဒေဝဒတ်သည်လည်း အဇာတသတ်မင်းကို စောစောပိုင်းက စည်းရုံးနိုင်ခဲ့သည်။ ဒေဝဒတ်သည် မဒ္ဒကုစ္ဆိနေရာ၊ ဂိဇ္ဈကုဋ်တောင်ထိပ်မှ ကျောက်မောင်းဆင်၍ ကျောက်တုံးကြီးကို လှိမ့်ချရာ ဘုရားခြေမတော် သွေးခြည်ဥခဲ့သည်။

အဇာတသတ်မင်းသားသည် ခမည်းတော် ဗိမ္ဗိသာရမင်းနှင့် မယ်တော် ဝေဒေဟီမိဖုရားတို့မှ ဖွားမြင်သောသားဖြစ်သည်။ ဝေဒေဟီမိဖုရားသည် ကောသလတိုင်းဘုရင် ပသေနဒီကောသလမင်း၏ နှမတော်ဖြစ်သည်။ ဗုဒ္ဓဝင်၌ အဇာတသတ်မင်းသားသည် ဒေဝဒတ်နှင့် ပေါင်းမှား၍ ဖခမည်းတော်ကို ထောင်သွင်းအကျဉ်းချ၍ နှိပ်စက်ခဲ့ပုံကို ဗုဒ္ဓဘာသာဝင်များ သိရှိကြပြီးဖြစ်မည်။

ယခု ရာဇဂြိုဟ်မြို့သို့ ဘုရားဖူးသွားရောက်ရာ ခရီးတွင် ဂိဇ္ဈကုဋ်နှင့် ဣသိဂိလိတောင်ခြေနားရှိ ဗိမ္ဗိသာရ အကျဉ်းထောင်ရှိရာ စတုရန်းပေ(၂၂၀) ကျယ်သည့်အနက် အုတ်ရိုးများနေရာသို့ သွားရောက်ကြည့်ရှုနိုင်သည်။


ရာဇဂြိုဟ်ပြည်၌ နောက်ထပ်ကြည့်ရှုလေ့လာရန် နေရာများစွာ ရှိသည်။

* ဝေဠုဝန်ကျောင်းတော်ရာ ရေကန်စေတီနှင့် ပါတီမောက်ပြတော်မူရာ ရုပ်ပွားတော်၊
* ကျောင်းတော်ကြီး(၁၈)ရပ်၊
* အဇာတသတ်နန်းတော်သစ်၊ အဇာတသတ်ခံတပ်
* မြို့သစ်ပြင်ပစေတီ
* အဇာတသတ်စေတီ၊
* ပိပ္ပလိဂူ၊
* ပထမသင်္ဂါယနာတင်ရာ သတ္တပဏ္ဏိဂူ၊
* တောင်ထိပ်မြို့ရိုး၊ အပြင်မြို့ရိုး၊
* နန်းမြို့ရိုး၊ အတွင်းမြို့ရိုး၊



www.burmeseclassic.com

www.burmeseclassic.com



ဂိဇ္ဈကုဋ်တောင်ထိပ်သို့ စက်ထိုင်ခုံကြိုးလှေကားနှင့် အတက်တွင် ရောက်သည့်နေရာ

* ဂုဏ်ဘူမိ
* ဓိဝကသရက်ဥယျာဉ်၊
* ဂိဇ္ဈကုဋ်တောင်ထိပ် ဗုဒ္ဓ ကျောင်းတော်ရာ၊
* ဝိရှသျှန္တိစေတီ (ထိုင်ခုံစက် လှေကားနှင့် တက်ရသော ဂျပန်ငြိမ်းချမ်းရေးစေတီ)၊
* အာနန္ဒာဂူ၊
* ဒေဝဒတ်ကျောက်ဂူ၊
* စေတီရာနှစ်ခု (ဗိမ္ဗိသာရမင်း ဂိဇ္ဈကုဋ်တောင်တက်ရန် ရပ်နားရာနေရာ)။

ရာဇဂြိုဟ်မြို့တွင် ဖော်ပြပါ နေရာများအကြောင်း မရေးသားခဲ့သေးပါ။ မိမိတို့ ဘုရားဖူးခရီးစဉ်က ရက်တို တောင်းသဖြင့် ဖော်ပြပါနေရာများသို့ အနှံ့မရောက်ခဲ့ပါ။ အထူးသဖြင့် တော်ရုံတန်ရုံ ခရီးစဉ်များတွင်လည်း ပထမ သင်္ဂါယနာတင်ရာ သတ္တပဏ္ဏိလိုဏ်ဂူသို့ ရောက်အောင် မသွားနိုင်။ ဝေဘာရတောင်ထိပ်ကိုတက်၍ မြောက်ဘက် သို့ အနည်းငယ်ဆင်းသွားမှ ထိုနေရာသို့ ရောက်ရှိသည်။

သွားရ တက်ရ ခက်သော်လည်း ထိုင်ခုံစက်လှေ ကားများ တပ်ဆင်ပေးထား၍ တက်ရ ဆင်းရ အဆင် ပြေသော ဝိရှသျှန္တိဂျပန်စေတီသို့ သွားရောက်သူများသည်။ ထိုဂျပန်ကမ္ဘာ့ငြိမ်းချမ်းရေးစေတီကို သာသနာ(၂၅၀၀) ပြည့်နှစ်တွင် ဂျပန်ဗုဒ္ဓဘာသာ ရဟန်းတော် အရှင်ဖီဂျီက ရူပီးငွေ(၂၂)သိန်းကုန်ကျခံ၍ တည်ထားခဲ့သည်။ ရတနာ ဂီရိတောင်ခြေမှ ဆိုနားတောင်ထိပ် ကို လျှပ်စစ်ဓာတ်ကြိုး၊ ဘတ်ကြိုး သွယ်တန်း၍ ထိုင်ခုံ(၁၄၄)ခုံ တပ် ဆင်ထားပြီး အတက် အဆင်း လည်ပတ်လျက် ရှိသည်။ တည် ဆောက်စဉ်က ထိုင်ခုံစက်လှေ ကား ယန္တရားအတွက် ရူပီးငွေ(၆) သိန်း ကုန်ကျခဲ့သည်။ ဝိရှသျှန္တိ စေတီတော်၏ ဂိဇ္ဈကုဋ်တောင် ဘက်တွင် ဂျပန်ကျောင်းနှင့် ပန်း ခြံများ ရှိသည်။

ပန်းခြံဆို၍ ဝေဠုဝန်ဥယျာဉ်ကြီးကိုလည်း ယခုအခါ ပန်းခြံသဖွယ် သာယာစွာပြုလုပ်ထား၍ ကရန္ဒရေကန်ကြီး ကို အုတ်ဘောင်ပတ်လည်နှင့် သာယာစွာတည်ထားသည်။ ကန်ထိပ်တွင် ရှင်မဟာမောဂ္ဂလာန်၏ ဓာတ်တော်များကို ဘုရားရှင်ကိုယ်တော်တိုင် ဌာပနာခဲ့သော အထိမ်းအမှတ် စေတီတော်ရှိသည်။ ဝေဠုဝန်ဥယျာဉ်ထဲတွင် ဘုရားရှင် လက်ထက်က ဗိမ္ဗိသာရမင်းကြီးတည်ထားခဲ့သော ဝေဠု ဝန်ကျောင်းကြီး၏ ကျောင်းတော်ရာကို ယခုတိုင် မတူး ဖော်ရသေးဘဲ ဝါးပင်များ အုံ့ဆိုင်းစွာစိုက်၍ သီးခြားဝင်းခြံ ကာရံထားသည်။ ဝေဠုဝန်ကျောင်းတော်သည် ဘုရားရှင် (၃)ဝါတိုင်တိုင် ဝါဆိုသီတင်းသုံးတော်မူခဲ့သော ကျောင်း တော်ကြီးအဖြစ် အလွန်ထင်ရှားခဲ့သည်။

ရာဇဂြိုဟ်တွင် မြတ်စွာဘုရား လက်ထက်တော်က ကျောင်းတော်ကြီး(၁၈)ရပ် ရှိခဲ့သည်မှာ-



ဂိဇ္ဈကုဋ်တောင်ထိပ်မှ စက်ထိုင်ခုံကြိုးလှေကားနှင့် ဆင်းလာသည့် နေရာ



www.burmeseclassic.com

www.burmeseclassic.com

(၁) ဝေဠုဝန်ကျောင်းတော်-ဝေဘာရတောင် မြောက်ဘက်ထိပ် ရေပူစမ်းမြောက်တွင်ရှိ၊

(၂) ဥပ္ပသောဏ္ဍိတကျောင်းတော် - ဝေဘာရတောင် အရှေ့ဘက် ဆင်ခြေလျှော၌ရှိ၊

(၃) ပဏ္ဏာရယကျောင်းတော် ပဗ္ဘာရယ-ဝေဘာရတောင် အရှေ့ဘက်ဆင်ခြေလျှော ချပ်ကြား၌ရှိ၊

(၄) ဂေါတမကန္ဒရကျောင်းတော် - ဝေဘာရတောင် အရှေ့ဘက် ဆင်ခြေလျှော ဂေါတမချောက်၌ရှိ၊

(၅) တိန္ဒုကရဟာကျောင်းတော်-ဝေဘာရတောင် အရှေ့ဘက်ခြေရင်းနား၌ရှိ၊

(၆) တပေါဒါ ကန္ဒရကကျောင်းတော်-ဝေဘာရတောင် အရှေ့ ရေပူစမ်းအနီး ချောက်ထဲ၌ရှိ၊

(၇) တပေါဒါရာမကျောင်းတော် - ဝေဘာရတောင် အရှေ့ ရေပူစမ်းဘေး၌ရှိ၊

(၈) ကူန္ဒသာလဂူဟာကျောင်းတော် - ဝေဘာရတောင် အရှေ့ဘက်ဆင်ခြေလျှော၌ရှိ၊

(၉) ပိပ္ပလိဂူဟာကျောင်းတော်-ဝေဘာရတောင် မြောက်ဘက် ရေပူစမ်းထိပ်၌ရှိ၊

(၁၀) ကာဠသိလာကျောင်းတော်-ဣသိဂိလိတောင် နံရံ၌ရှိ (ကျောက်ဖျာနက်ကျောင်း)၊

(၁၁) ဂိဇ္ဈကုဋ်တောင်ထိပ်ကျောင်းတော်-ဂိဇ္ဈကုဋ်တောင် ထိပ်၌ရှိ၊

(၁၂) စောရပါပတကျောင်းတော်- ဂိဇ္ဈကုဋ်တောင်ဘက် ချောက်နားရှိ၊

(၁၃) ကာလဝဋ္ဋယျာနကျောင်းတော်-ဂိဇ္ဈကုဋ်တောင်ခြေ နံရံ၌ရှိ၊

(၁၄ )မဒ္ဒကုစ္ဆိမိဂဒါယကျောင်းတော်-ဂိဇ္ဈကုဋ်တောင် ၏ တောင်ဘက် တောင်ခြေ၌ရှိ၊

(၁၅) ဇီဝကမ္ဗကကျောင်းတော်-ဂိဇ္ဈကုဋ်တောင်၏ တောင်ဘက်စောင်ခြေ၌ရှိ၊

(၁၆) မောရနိဝါပကျောင်းတော်-ဂိဇ္ဈကုဋ်တောင်ခြေ၌ရှိ၊

(၁၇) လဋ္ဌိဝနုယျာနကျောင်းတော်-ဂိဇ္ဈကုဋ်တောင်ခြေ၌ရှိ၊


(၁၈)အန္ဓကဝိန္ဒကကျောင်းတော်-ဂိဇ္ဈကုဋ်တောင် အရှေ့မြောက်ဘက်၌ရှိ၍ သိပ္ပနိခေါ် ချောင်းငယ်ခြားသည်။

ရာဇဂြိုဟ်၌ ဗုဒ္ဓကျောင်းတော် ဤမျှများပြားခြင်းမှာ သံဃာတော်များသည် ဘုရား သီတင်းသုံး ဝါဆိုရာနေရာတွင် ကြာလျှင်ကြာသလောက် နေထိုင်သီတင်းသုံး တရားအားထုတ်ကြရုံမက ဂျိန်းဘာသာ စသည့်ပိရောဓိများနှင့် တရားယှဉ်ပြိုင်ရသောကြောင့် ဖြစ်နိုင်သည်။

စာရေးသူသည် ယခုအခါ ဗုဒ္ဓဂယာဘုရားဖူးခရီးကို ဒုတိယအကြိမ် သွားရောက်ခဲ့ခြ ...၍ ရက်တိုသုံးရက်ခရီးသာဖြစ်သည်။ ပထမအကြိမ် (၁၈)ရက်ခရီး သွားခဲ့စဉ်က ဗုဒ္ဓဂယာရှိ ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယ(၄) ဌာနနှင့် သိ၊ ဟော၊ မြဲ၊ နေ၊ ဆင်းနတ်ပြေ(ပြည်)ဟူသော အဝိဇဟိတ(၄)ဌာနတို့အကြောင်း ဆောင်းပါး(၂၉)ပုဒ်ကို ဂမ္ဘီရမဂ္ဂဇင်း၊ ရောင်ပြန်မဂ္ဂဇင်း၊ ဘုန်းရောင်ဂျာနယ်တို့တွင် ရေးသားခဲ့သည်။ ထို့ပြင် ဗုဒ္ဓဂယာဘုရားဖူး ခရီးသွားသိမှတ်ဖွယ်ရာများ စာအုပ်ကို ဆောင်းပါးပေါင်းချုပ်အဖြစ် စုပေါင်းရိုက်နှိပ် ထုတ်ဝေခဲ့သည်။

ယခု ကျွမ်းကျင်ခဲ့သော ရာဇဂြိုဟ်ဆိုင်ရာ အချက်များကို ဖြည့်စွက်ရေးသား၍ မရောက်ဖူးသူများ ဒေသန္တရ ဗဟု သုတရစေရန်နှင့် သွားရောက်... မြော်လိုသော သဒ္ဓါစိတ် ဖြစ်... ရန်လည်းကောင်း၊ ရောက်ဖူး... သူများ ပြန်လည်သတိရ ကုသို... ပွားများနိုင်စေရန်အတွက်လည်း... ကောင်း ရေးသားတင်ပြ... ဖြစ်လေတော့သည်။

အောင်...


ဂိဇ္ဈကုဋ်တောင်ထိပ်ရှိ စေတီတိုင်နှင့် ကြိုးလှေကားနှင့်တက်စဉ် ခရီးလမ်းအလယ်၌



www.burmeseclassic.com

www.burmeseclassic.com


# မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

တဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မှိုနာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကု၊ ဆွမကု၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေ‌ကြေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုအပြုံပြုံ ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျီနာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းရှူ၊ ဝဲနှင်းရှူ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမမှားစေရ၊ ကုထုံးမမှားစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

**မကုသခင် လာရောက်ဆွေးနွေးပါ။**

အမှတ်-၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉



## စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

## ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

## ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ




(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ကျန်း စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ **Ph : 09 253 361 368**

www.burmeseclassic.com



လောကမာရ်အောင်ဘုရား



အောင်စေတီ

ကျော်မင်းညွန့်(လှည်းကူး)

# ဘဝပြီးဘဝ ဓမ္မပြီးဓမ္မ

(၁)

(၁၃၇၉)ခုနှစ်၊ တန်ခူးလပြည့်ကျော် (၂)ရက်၊ သင်္ကြန်အကြိုနေ့ (ကြာသပတေးနေ့)။ (၂၀၁၇)ခုနှစ်၊ ဧပြီလ (၁၃)ရက်။

သင်္ကြန်ရုံးပိတ်ရက်မတိုင်မီကတည်းက ရောက်ရှိနေကြ သာ အဘဟန် ဦးစီးသည့် အညာဘုရားဖူးအဖွဲ့အား ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားနှင့် အခြားသာသနာ့နယ်မြေများကို ပျံ့နှံ့အောင် ဘုရားဖူးခရီးပို့ပြီးပြီ ဖြစ်သည်။

အဘဟန်က စ၍-

'ကိုင်း..ငါ့တူကြီးရေ၊ ရောက်ခဲ့လှတဲ့ ရန်ကုန်ရွှေမြို့တော်ကြီးနဲ့ ဖူးရခဲလှတဲ့ တန်ခိုးကြီးဘုရားတွေလည်း တစ်ဆူမကျန် အကုန်ဖူးခဲ့ရပါပြီ။ တို့များမပြန်ခင် နောက် ဆုံးပိတ် အိတ်နဲ့လွယ် လှည်းကူးမြို့က ထင်ရှားတဲ့ဘုရား များနဲ့ ထူးခြားတဲ့ သာသနာ့နယ်မြေများရှိခဲ့ရင် လိုက် စေချင်တယ်ကွယ်'

မိမိကလည်း ကိုယ့်ရပ်ကိုယ့်ရွာက ထူးခြားထင်ရှား ဘုရားများနှင့် ဝိသေသထူး သာသနာ့နယ်မြေများအတွက် ဂုဏ်ယူနေသူပီပီပင်-

'ဟာ..အဘဟန်၊ မပူနဲ့။ လှည်းကူးမြို့က အ ထင်ရှားတဲ့ မဟာအတုလသကျမာရ်အောင် ဆုတော ပြည့် ငါးထပ်ကြီးဘုရား၊ နိဗ္ဗာန်ဆိပ်ဦးဘုရား၊ မတ် ရုပ်ကိုယ်တော်ကြီး၊ ကံ့ကော်ကျွန်း ရွှေဘုန်းပွင့်ဘုရား



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ဖောင်းလင်းသာသနာ့နယ်မြေကို လိုက်ပို့ ကုသိုလ်ယူလိုက်ပါရစေ ခင်ဗျာ'

မိမိက အညာဘုရားဖူးအဖွဲ့အား လှည်းကူးမြို့ ကျက်သရေဆောင် မဟာအတုလသက္ကမာရီ အောင် ငါးထပ်ကြီးဘုရားကြီး၊ နိဗ္ဗာန်ဆိပ်ဦး၊ မတ်တတ်ရပ်ကိုယ်တော်ကြီး၊ ကံ့ကော်ကျွန်း ရွှေဘုန်းပွင့်စေတီတော်၊ ဖားအောက်တောရကျောင်း စသည့်နေရာများသို့ တစ်နေကုန် ဘုရားဖူးလိုက်ပို့ပြီး နောက်တစ်ရက် သင်္ကြန်အကြိုနေ့တွင် လှည်းကူးမြို့၏ ပုဂံဟုကျော် ကြားလျက်ရှိသော မြို့မရပ်ကွက်၊ ဖောင်းလင်းသာသနာ (ပထမံအောင်မင်းခေါင်) ဓမ္မရိပ်သာသို့ နံနက်စောစော လိုက်ပို့ပေးမိသည်။


ဘုရားသုံးဆူ (မြစေတီ၊ ပတ္တမြားစေတီ၊ ငွေစေတီ)

လှည်းကူးတစ်မြို့လုံး သင်္ကြန်အငွေ့အသက်၊ သင်္ကြန်ပုံရိပ်၊ သင်္ကြန်အမှတ်အသား၊ သင်္ကြန်မဏ္ဍပ်၊ သင်္ကြန်ဂီတတို့ဖြင့် ထုံမွှမ်းလျက်။

ဘုရားမြေ (ဖောင်းလင်းမြေ)သို့ စောရောက်သွား၍ သင်္ကြန်ရေကို ရှောင်မိသွားကြသည်။


ဘုရားမြေရောက်တော့မှ မိမိတို့ထက်စော၍ ရောက်


ဓာတ်ပေါင်းစုဘုရား


မြကံသာဘုရား

www.burmeseclassic.com


နဂါးရစ်တောင်ဘုရား


မဟာဗောဓိပထမံဘုရား

နေသော ဘုရားဖူးများ၊ ဥပုသ်သည်များ၊ ဘုရားဝေယျာဝစ္စအဖွဲ့ဝင်များ၊ ပရိတ်အဖွဲ့များနှင့် စည်ကားနေသည်ကို တွေ့ရသည်။ မိမိတို့ ဘုရားဖူးအဖွဲ့အား ဘုရားမြေဂေါပကအဖွဲ့ဝင်များ၊ သာသနာ့အကျိုးဆောင်လူငယ်အဖွဲ့၊ မြန်မာ့ဝတ်အဖွဲ့တို့မှ ခရီးဦးကြိုဆို နေရာထိုင်ခင်းချထား ဧည့်ခံကြသည်။

တစ်မြို့လုံးနီးပါး 'သင်္ကန်းအငွေ့အသက်၊ သင်္ကန်းတေးများဖြင့် ကြိုဆိုနေကြသော်လည်း ဤမျှကြိတ်ကြိတ်တိုး စည်ကားလှသော ဘုရားမြေတွင် မည်သည့်တေးဂီတလှုပ်ရှားတီးခတ်သံမှ မကြားရ။

တစ်ချက် တစ်ချက် လေအဝေ့တွင် ပါလာသော တူးပို့သံ၊ ပင်လုံးကျွတ်ပွင့်နေသည့် ငုပင်များ၊ စိန်ပန်းပင်ကြီးများ၊ ဖူးပွင့်တော့ရန် မိုးစက်မိုးပေါက်တို့ကို မျှော်လင့်ရင်း လေအနော့တွင် ခေါင်းကြွကာ ဆာဝေဝေနှင့် ပိတောက်ဖူးတို့က တနော့နော့။

'သာသနာ့မြေ ဘုရားမြေဆိုတာ ဒီလိုမှပေါ့ကွ။ အို··ကြည့်လေရာ မြင်လေရာ လက်ညှိုးထိုးမလွဲ ဆိုရမလောက် ဘုရားစေတီနဲ့ ပုထိုးတွေချည်းပါလား။ ဒါကြောင့် ဒုတိယပုဂံလို့ နာမည်ကျော်တာကိုး။ ကျော်ထိုက်ပါပေရဲ့'

ဘုရားမြေ၏ ပရိဝုဏ်အတွင်း မိမိက အဘဟာန်နှင့်အဖွဲ့အား လိုက်ပြမိစဉ် ဘုရားများဖူးမြော်နေသည့် အဘဟာန်၏မှတ်ချက်။

'ဘာလဲကွယ့်၊ အခါကြီးရက်ကြီးမို့ ဒီလောက်စည်ကားနေတာလား'

အဘဟာန်၏ အမေးကို မိမိက-


'ဒါလည်း ပါတာပေါ့ အဘရယ်။ ဒီမှာက နေ့စဉ်ဆိုသလို ဘုရားဖူးတွေ၊ လေ့လာသူတွေ၊ သုတေသီတွေ၊ အဓိဋ္ဌာန်ပုတီးစိပ်သူတွေနဲ့ နေ့ ,ည လူသိပ်မပြတ်လှဘူး အဘရဲ့'

'အို··ဘုရားဝင်းတစ်ခုလုံးရော ဒီငမိုးရိပ်ချောင်းကမ်းပါး စေတီတွေနဲ့ပါလားကွယ့်'


'ဟုတ်ကဲ့ အဘဟာန်၊ ဒီဖောင်းလင်း သာသနာ့နယ်မြေမှာ အဓိကအနေနဲ့-

www.burmeseclassic.com

www.burmeseclassic.com



မရှိခဏဘုရား



ရာမ္ဘာလုံးဘုရား

၁။ လေးကျွန်းစကြာရှင် သိဒ္ဓိအောင်စေတီတော်၊
၂။ အောင်တော်မူဓာတ်တံခွန်စေတီ (သို့မဟုတ်) နဂါးရစ်တောင် အောင်တော်မူရွှေစေတီ၊
၃။ (၅၂၈)မေတ္တာဓာတ်စေတီ (သို့မဟုတ်) ဣန္ဒာသယ မေတ္တာဓာတ်စေတီ၊
၄။ မရှိခဏ ဣန္ဒာသယ အောင်ဇေယျစေတီတော်၊
၅။ သံသရာအေးစေတီတော်၊
၆။ မဟာဗောဓိပထမံစေတီ၊
၇။ မြကံသာစေတီတော်၊
၈။ မြနန္ဒာစေတီတော်၊
၉။ လောကမာရ်အောင်စေတီတော်၊
၁၀။ အောင်စေတီ၊
၁၁။ လေးကျွန်းဇမ္ဗူတစ်ဝဂူစေတီ၊
၁၂။ ရတနာစေတီ (အေးသိဒ္ဓိကပ်ကျော်စေတီ)၊
၁၃။ ကမ္ဘာ့အလင်းရောင် ပထမံအောင်မင်းခေါင်စေတီတော်၊
၁၄။ ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ် စံကျောင်းတော်၊

<u>ဖောင်းလင်း သာသနာ့မြေအတွင်းရှိ သာသနိက အဆောက်အအုံများ</u>

၁။ ဖောင်းလင်း သာသနာ့ပထမံအောင်မင်းခေါင် ဓမ္မရိပ်သာမုခ်ဦး၊
၂။ ရာကျော်ကျောင်း၊
၃။ ဣန္ဒာသယရတနာမာရ်အောင်ကျောင်း၊
၄။ ဗုဒ္ဓေါ်အောင်ပြီ အဓိဋ္ဌာန်စခန်းဝင်ဂူ၊
၅။ ဓမ္မဝိဟာရဗိမာန်၊
၆။ မေတ္တာပေါင်းကူးတံတား၊
၇။ အဘိုးကဥ္စနဗိမာန်၊
၈။ ဓမ္မစကြာဗိမာန်၊
၉။ ခေါင်ပရမေ ဣန္ဒာသယဗိမာန်၊
၁၀။ တံခွန်တိုင်၊
၁၁။ သူရဿတီနန်း၊
၁၂။ ကမ္မဋ္ဌာန်းကျောင်း၊
၁၃။ သုဓမ္မာကျောင်း၊
၁၄။ ကလျာဏအဆောင်၊

www.burmeseclassic.com

၁၅။ ဓမ္မစေတီဗိမာန်၊
၁၆။ စိန်ဗိမာန်။

<u>ဖောင်းလင်းသာသနာပြုအဖွဲ့၏ ပြင်ပသာသနာပြုလုပ်ငန်း</u>

**ဖောင်စကြာစေတီတော်**

လှည်းကူးမြို့နယ်၊ ဖောင်ကြီးဒေသရှိ သံဃမဟာနာယကဆရာတော် မင်္ဂလာမြို့ရိုးကျောင်းတိုက်ဆရာတော် ဦးပညာဇောတနှင့် ဒါယကာ၊ဒါယိကာမများ၏ ဆန္ဒအရ ဖောင်စကြာစေတီတော် တိုးချဲ့တည်ဆောက်မှု ကိစ္စအဝဝကို ဖောင်းလင်းသာသနာပြုအဖွဲ့မှ အကျိုးဆောင်ခဲ့ကြပါသည်။


လှည်းကူးမြို့နယ်၊ ဖိုးရင်လေးရွာသား ဦးဇော်ဂျီမှ သက္ကရာဇ်(၁၃၃၀)ပြည့်နှစ်တွင် ဉာဏ်တော်အမြင့်(၉)တောင်ရှိသော ဖောင်စကြာစေတီတော်ကို ဖောင်ကြီးအရှေ့ရွာ၌ တည်ထားခဲ့ပါသည်။

ဖောင်ကြီးမြို့မှ ဒါယကာ၊ဒါယိကာမများကောင်းမှု လှည်းကူး၊ ရန်ကုန်နှင့် ဖောင်းလင်းသာသနာပြုအဖွဲ့၏ အကျိုးဆောင်မှုတို့ဖြင့် (၁၃၆၄)ခုနှစ်တွင် မူလဖောင်စကြာစေတီတော်အား ခြုံငုံ၍ ဉာဏ်တော်အမြင့်(၂၇)တောင်ရှိသော အောင်စကြာစေတီတော်ကြီးကို စတင်တည်ထားမိကြပါသည်။ ထုံးတမ်းစဉ်လာမပျက် ဌာပနာ (၃)ဆင့်ဖြင့် တည်ထားခဲ့သော (၁၃၆၅)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ရွှေထီးတော်အထွတ်တင် မင်္ဂလာပြုလုပ်နိုင်ခဲ့ပါသည်။

မိမိနှင့် ဂေါပကအဖွဲ့ဝင် ဦးသိန်းလင်းတို့၏ ရှင်းပြချက်များကို အဘဟန်နှင့် အညာဘုရားဖူးအဖွဲ့က သေချာဂရုစိုက် နားထောင်ပြီးမှ အဘဟန်က ဆရာဦးသိန်းလင်းအား-

"ဆရာရယ်..အဘကို ဒီဖောင်းလင်းသာသနာ့နယ်မြေရဲ့သမိုင်းနဲ့ ဘာကြောင့် ဖောင်းလင်းသို့ အမည်သညာခေါ်တွင်စရာ ဖြစ်လာရတာလဲ ဆိုတာလေးများ ဖြစ်နိုင်ရင် ရာဇဝင်အထောက်အထားနဲ့ သိနိုင်ရှင်းပြနိုင်ရင် ပိုကောင်းမလားလို့ပါ။ ကျန်အဖွဲ့ဝင်များလည်း ဗဟုသုတရစေတာပေါ့နော်"

ဆရာဦးသိန်းလင်းက တစ်ချက်ပြုံးလိုက်ပြီး-



သံသရာအေးဘုရား



ရှေးဟောင်းဘုရားများ

www.burmeseclassic.com

"သိရပါတယ် အဘရယ်။ သိချင်သူတွေကို ဂဃနဏ ရှင်းပြရမှာက ကျွန်တော်တို့ တာဝန်ပါ။ ဒီလို အဘရေ"

(၂)

ဖောင်းလင်းသာသနာနှင့်ပတ်သက်၍ ဖောင်းလင်းဟူသော အမည်နာမ သမိုင်းကြောင်းကို အောက်ပါအတိုင်း လေ့လာသိရှိရပါသည်။


ရှေးနှစ်ပေါင်း(၅၀၀)ကျော်ခန့်က ယခု ပဲခူးဒေသသည် ဟံသာဝတီနေပြည်တော် ဖြစ်ခဲ့ဖူးသည့်ဒေသဖြစ်သည်။ ဟံသာဝတီ(၃၂)မြို့-တည်နေရာမြေပုံအရ ငမိုးရိပ်ချောင်း အထက်ပိုင်းတွင် တည့်ရှိသော ဖောင်းလင်းဆိုသည်မှာ ယခုအခါ လှည်းကူးနယ်ဒေသဖြစ်ကြောင်း ခန့်မှန်းရပါသည်။ အချို့ကလည်း ဖောင်းလင်းဟုလည်း သုံးနှုန်းပါသည်။ [ဟံသာဝတီခေတ် မော်ကွန်းတင်စာတမ်းများ (နှာ-၁၁၁)]

ထိုအချိန်ကာလမှာပင် မြန်မာပြည်အလယ်ပိုင်း၌ အင်းဝနေပြည်တော် ထွန်းကား၍ အင်းဝခေတ် ထွန်းတောက်နေချိန် အင်းဝ ဒုတိယမင်းခေါင်ဘုရင်လက်ထက် (၈၄၂ မှ ၈၆၃)၊ ခရစ်နှစ်(၁၄၆၀-၁၄၈၁)ထိ ဒဂုံမြို့(ရန်ကုန်)ရှိ ရွှေတိဂုံစေတီတော်ကြီးသည် မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့၏။


ထိုအခါ အင်းဝဒုတိယမင်းခေါင်က မင်းကြီးမဟ္မရာဇာ (ခေါ်) အကြည်းတော်ချုပ် မင်းသားအုပ် ဘိုးရာဇာကို တာဝန်ပေးစေလွှတ်လိုက်၏။ ဘိုးရာဇာလည်း မင်းကြီး၏ အမိန့်အတိုင်း ရွှေတိဂုံစေတီတော်ကြီးကို ထီးတော်အသစ်တင်လှူရန်အတွက် ဒဂုံမြို့သို့ ခရီးနှင်ရတော့၏။

ထိုသို့ ခရီးထွက်လာခဲ့ရာ ဖောင်းလင်းအရပ်သို့ အရောက်တွင် စီးနင်းလိုက်ပါခဲ့သော ဖောင်တော်ပြုပြင်ရန် ခရီးတစ်ထောက်နားခဲ့ရ၏။ မင်းကြီးမဟ္မရာဇာ (ခေါ်) ဘိုးရာဇာသည် ရတနာမြတ်သုံးပါးကို အထူးကြည်ညိုသူဖြစ်ရလေကား မိမိ၏ ဦးခေါင်းဆံကျစ်၌ ဗုဒ္ဓ၏ဓာတ်တော်(၁၁)ဆူကို အမြဲပင့်ဆောင်ထားလေ့ရှိ၏။

မင်းကြီးမဟ္မရာဇာ (ခေါ်) ဘိုးရာဇာသည် ဖောင်းလင်း(ငမိုးရိပ်ချောင်း)ကမ်းခြေမှ အလံ(၃၀)အကွာတွင်




မြန်နန္ဒာစေတီ



နေလဘုရား

www.burmeseclassic.com



ဓမ္မဇ္ဈာဓာတ်ဘုရား

ရှိသော တည်ပင်ကြီးအနီးရှိ ကုန်းမြေကို မြင်တွေ့ရလျှင် စေတီတစ်ဆူ တည်ရလေသော်ဟူသော ကုသိုလ်စိတ်ဖြစ်ပေါ်လာသည်။

ထို့ကြောင့် သူ၏ ဦးခေါင်းဆံကျစ်တွင်းရှိ ဓာတ်တော်(၁၁)ဆူအနက် (၃)ဆူကို ဌာပနာပြုလျက် ထိုကုန်းမို့မို့ထက်၌ ဉာဏ်တော်(၉)မိုက်ရှိသည့် စေတီတော်တစ်ဆူ တည်ထားခဲ့လေသည်။

မင်းကြီးဓမ္မရာဇာ (ခေါ်) ဘိုးရာဇာသည် နောင်သောအခါ ဤနေရာ၌ ဖောင်းလင်း၌ သာသနာပြုရပါစေကြောင်း သစ္စာအဓိဋ္ဌာန်ဖြင့် ဆုတောင်းပတ္ထနာပြုကာ ဤ(၉)မိုက်စေတီတော်ကို တည်ထားခဲ့ခြင်း ဖြစ်သည်။

ဤကား ဖောင်းလင်းသာသနာ အစပြုခြင်းတည်း။

◆ ◆ ◆


အင်းဝဒုတိယမင်းခေါင်သည်လည်း ထိုဘဝမှ လွန်မြောက်ကာ ဝိဇ္ဇာဓိုရ် အဘဘိုးမင်းခေါင်အဖြစ် ရောက်ရှိခဲ့လေပြီ။

ထိုနည်းတူစွာပင် မင်းကြီးဘိုးရာဇာ (ခေါ်) ဓမ္မရာဇာသည်လည်း သမ္မာဓိရက္ခဒေဝဘိုးဘိုးကြီး ဖြစ်ခဲ့လေပြီ။ ရက္ခဒေဝဘိုးဘိုးကြီးသည် ရှေးက သစ္စာပြုဆုပန်ခဲ့သည့်အတိုင်း ဖောင်းလင်းနယ်မြေတွင် သာသနာပြုနိုင်ရန် ကြိုးပမ်းရတော့သည်။ နှစ်ပေါင်း(၅၀၀) ကြာလာသောအခါ နှစ်ကာလ၏ ပြုပြင်မှုကြောင့် မြေမျက်နှာပြင်အနေအထားသည်လည်း အကြီးအကျယ်ပြောင်းလဲခဲ့ပြီး ရှေးက တည်ထားခဲ့သော (၉)မိုက်စေတီသည်လည်း ယခုအခါ မြေကြီးအောက် (၇)တောင်အနက်တွင်း သက်ဆင်းနေရပြီ ဖြစ်သည်။

ထို့နောက် သမာဓိရက္ခဒေဝဘိုးဘိုးကြီးသည် ဝိဇ္ဇာဓိုရ် အဘဘိုးမင်းခေါင်အား လျှောက်ထားလျက် ဖောင်းလင်းသာသနာကို ဖော်ထုတ်၍ သာသနာပြုရန်အတွက် ရှေးအတိတ်က ပတ်သက်ဆက်စပ်ခဲ့ဖူးသူများကို ရှာဖွေတော့သည်။

ထိုအခါ မုံရွာခရိုင်၊ ဒီပဲယင်းရွာ၏ အတွင်းလမ်းကမ္ပည်းမှတ်တမ်းကို ရှာဖွေဝေ့...တော့သည်။

အတွင်းလမ်းဆိုသည်မှာ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ



ရဟန္တာရှင်သီဝလိ

www.burmeseclassic.com

www.burmeseclassic.com

သာမန်လူတို့ မသိမမြင်နိုင်သော ဘုံဘဝမှ ပုဂ္ဂိုလ်များဖြစ်၍ အပြင်လမ်းဆိုသည်မှာ မျက်မြင်တွေ့ရှိနေကြသော ပါရမီရှင် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ ဖြစ်ပါသည်။

ရွှေစောလူးစေတီ၏ အတွင်းလမ်း မှတ်တမ်းအရ သမိုင်းဝင် ဖြစ်စဉ်တစ်ခုကို ဖော်ပြရပါလျှင်..။


အင်းဝဒုတိယမင်းခေါင်သည် ဘုရင်မဖြစ်မီ အိမ်ရှေ့မင်းသားဘဝက ဓားခုတ်၊ လှံထိုး၊ မြင်းစီး အတတ်တို့၌ ထူးချွန်ပြောင်မြောက်သောကြောင့် တိကြားမင်းခေါင် (တိမ်ကြားမင်းခေါင်) အမည်ရလေ၏။ တိကြားမင်းခေါင်သည် ခမည်းတော်မင်းကြီး၏ အမိန့်တော်ဖြင့် ကျွမ်းသူပုန်(ဂျွမ်းသူပုန်)များအား နှိမ်နင်းရန်အလို့ငှာ အင်းဝစစ်သည်တို့ကို ဦးဆောင်၍ စစ်ထွက်လာခဲ့သည်။



ဈေးရုံဘုရားအတွင်းရှိဘုရား

သို့သော် ရန်သူကျွမ်းစစ်သည်တော်များကို မတွေ့ရဘဲ ဒီပဲယင်းတောတွင်း၌ရှိနေစဉ် ဤကိစ္စကို အခွင့်ကောင်းယူလျက် မင်းကြီး၏ကျွန်ဘုံ ငချစ်ညိုက မင်းကြီးအား ကုန်းချောစကား လျှောက်ထားလေ၏။

အိမ်ရှေ့စံမင်းသား ဒုတိယမင်းခေါင်သည် လက်နက်လူသူစုဆောင်းလျက် မင်းကြီးအား လုပ်ကြံနန်းလုရန်



မေဃ္ဃာပေါင်းကူးတံတား

ကြံစည်နေသည်ဟု လျှောက်တင်၏။ ဤကုန်းချောစကားကြောင့် မင်းကြီးက မင်းခေါင်ဦးစီးသောတပ်ကို လက်နက်များ သိမ်းစေလျက် မင်းခေါင်အား လက်ရဖမ်းဆီးရန် အမိန့်ထုတ်တော့၏။

ထိုအမိန့်တော်အား မင်းခေါင်ထံ ဆက်သွယ်ရသော ဆက်သွယ်ရေးစစ်သည်တော်မှာ ငချစ်ညို၏ မဟုတ်မမှန် လုပ်ကြံကုန်းချောစကားများကို နားလည်သဘောပေါက်သူဖြစ်၏။ ထို့ကြောင့် ဤစစ်သည်တော်မှာ မင်းခေါင်ကို ဖမ်းဆီးခြင်းမပြုဘဲ နားလည်မှုယူ စေ့စပ်ကာ စစ်ထွက်လာသည့် စစ်သည်ရဲမက်တို့ကိုသာလျှင် အင်းဝသို့ ပြန်လည်ခေါ်ဆောင်လာခဲ့သည်။ ထိုစစ်သည်မှာ ယခုအခါ ဝိန္ဒာမိုရ် အဘဦးရဲသူပင် ဖြစ်ပါသည်။

အင်းဝသို့ ပြန်ရောက်သောအခါ မင်းခေါင်ကို ရှာမတွေ့ခဲ့ကြောင်း လျှောက်ထားခဲ့သော်လည်း မင်းကြီးက မကျေနပ်ဘဲ အိမ်ရှေ့စံ ဒုတိယမင်းခေါင်အား ထပ်မံဖမ်းဆီးရန် စစ်သည်များ ထပ်မံစေလွှတ်ပြန်တော့သည်။

ဒီပဲယင်းတောတွင်း၌ တစ်ကိုယ်တည်း ကျန်နေခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယမင်းခေါင်မှာလည်း အလွန်ကြီးမားလှသည့် ညောင်ပင်ခေါင်းကြီးကို စံအိမ်ပြုကာ ပုတီးစိပ်ခြင်း၊ မေတ္တာဘာဝနာပွားခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုခြင်းတို့ကိုသာ ပြုလုပ်အချိန်ကုန်နေခဲ့သည်။

မင်းကြီးစေလွှတ်လိုက်သော စစ်သည်များမှာ ဒုတိယမင်းခေါင်အား ဖမ်းဆီးရန်အတွက် တောနင်းပိုက်စိပ်တိုက်ရှာဖွေလျက် ရှိကြ၏။


တောထဲတွင် ပုန်းအောင်းနေသော ဒုတိယမင်းခေါင်အတွက် အသက်ဘေးရန်ကား တရွေ့ရွေ့နီးကပ်လာနေပြီဖြစ်သည်။

ဒုတိယမင်းခေါင်၏ မေတ္တာ၊ သစ္စာ၊ သမာဓိစွမ်းအားတို့ကြောင့် တောစောင့်ရက္ခစိုးနတ်မင်းမှာ မနေသာတော့။ ဒုတိယမင်းခေါင်ကို အသက်ဘေးမှ ကာကွယ်နိုင်ရန်အတွက် ဘုရင့်စစ်သည်တော်များ မမြင်မတွေ့ အန္တရာယ်မပေးနိုင်ရန်အလို့ငှာ နတ်တို့၏ တန်ခိုးစွမ်းရည်ဖြင့် ကာကွယ်တားဆီးပေးရတော့သည်။

ထိုဒီပဲယင်းတော ရက္ခစိုးသည်ကား ယခုအခါ ဖောင်းလင်းသာသနာ ထွန်းကားပြန့်ပွားရေးအတွက် ဦးဆောင်ပြုလုပ်လျက်ရှိသော အဘဆရာကြီး ဦးထွန်းရည်ပင် ဖြစ်တော့သည်။



ဘုရားမြေသို့အဝင်ရှိ ဓမ္မစေတီကျောင်း



ဝိနိုဟာဝေါဘုရား

သမာဓိရက္ခဒေဝ ဘိုးဘိုးကြီးသည် ရှေးရှေးဘဝဘိုးရာဇာဘဝက ပြုခဲ့ဖူးသော သစ္စာမဏ္ဍိုင်ကို အခြေပြုလျက် ဖောင်းလင်းဒေသ၌ သာသနာပြုရန်အလို့ငှာ ယခုလှည်းကူးမြို့၏ အနောက်မြောက်ဘက် (၃)မိုင်ခန့်အကွာရှိ ကုံကော်ကျွန်း ရွှေဘုန်းပွင့်စေတီ (ရှေးအခါက နဝနာရက္ခကျွန်း)၌ နေထိုင်လျက် ယခင်ကပြုခဲ့ဖူးသော (၉)မိုက်စေတီတည်ရှိရာ ဖောင်းလင်းသာသနာ့မြေနှင့် သာသနာ့အကျိုးဆောင်ရွက်မည့် လူပုဂ္ဂိုလ်တို့အား ရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေရာတွင် ဝိဇ္ဇာဓိုရ် အဘအောင်မင်းခေါင်၏ ညွှန်ပြချက်အရ ရှေးက တောစောင့်နတ်(ရက္ခစိုး)ဘဝဖြင့် ကျေးဇူးပြုခဲ့ဖူးသည့် ဆရာကြီးဦးထွန်းရည်ကို ရှာဖွေတွေ့ရှိတော့သည်။

ရှေးကတည်ထားခဲ့သော (၉)မိုက်စေတီသည်ကား

www.burmeseclassic.com

www.burmeseclassic.com



ဝိနိုဟာဃဓာတွင်းရှိဘုရား

ယခု ကျွန်ုပ်တို့ ဖူးတွေ့နေရသည့် လေးကျွန်းစကြာရှင် သိဒ္ဓိအောင်စေတီတော်ကြီး တည်ထားရာ မြေအောက်(၇) ဆောင်အနက်၌ တိမ်မြုပ်နေသည်ကို သမာဓိရက္ခဒေဝ ဘိုးဘိုးကြီးက ရှာဖွေတွေ့ရှိခဲ့တော့သည်။

♦♦♦

(၃)

'ဆရာဦးသိန်းလင်း၏ ဂဃနဏရှင်းပြချက် အဆုံးတွင် အဘဟန်နှင့်တကွ အညာဘုရားဖူးအဖွဲ့များ၊ ဥပုသ်သီလဆောက်တည်ကြသူများအားလုံး သက်ပြင်းချသူ၊ မျက်ရည်သီသီဝေ့နေကြသူ၊ တအံ့တသြ မှင်တက်နေကြသူများ၊ အချို့က ကျိန်စာမိနေသော ကျောက်ရုပ်များနှယ် ငုံ့ဝအငြိမ်။

ဘုရားသာသနာ ကြုံဖို့ရာ
လွန်စွာခဲယဉ်းသည်။
ကြုံခဲလှစွာ သာသနာ
ခုခါကြုံရပြီ။
ဒါန၊ သီလ၊ ဘာဝနာ

ပြုကာနေရမည့်။

'ဆရာရယ်..ကျွန်တော်မသိလို့ တစ်ခုမေးပါရစေ။ မှားသွားရင် ခွင့်လွှတ်ပါ။ ဒီလို သမိုင်းမတင်ရသေးတဲ့ အကြောင်းအရာတွေကို ဘယ်လိုများ သိရပါသလဲခင်ဗျာ'

ကောင်းလိုက်သည့်မေးခွန်း။

ခမေးခွန်းရှင်ကား ဥပုသ်ဆောက်တည်ရန် လာသည့် လူရွယ်တစ်ဦး။

ဆရာဦးသိန်းလင်းက တစ်ချက်ပြုံးလိုက်ပြီး-

'မေးထိုက်မေးသင့်တဲ့ မေးခွန်းပါ။ မြန်မာနိုင်ငံသား သမိုင်းသုတေသီတွေ၊ ပညာရှင်တွေဟာ သမိုင်းဆိုင်ရာ ပြတ်တောက်နေတဲ့ ကွင်းဆက်တွေ လစ်ဟာချို့ယွင်းချက်တွေကို အခုလိုပဲ ဂိုဏ်းတော်ကြီးများက ဆရာကြီးတွေဆီမှာ နာမ်ကိန်းမိန့်ကြားတာတွေကိုမှတ် မသိရင် မရှင်းရင် ပြန်မေး။ မှတ်သားတွေ့ရှိပြီး တွေ့ရှိဆဲ၊ တွေ့ရလတ္တံ့သော သမိုင်းအထောက်အထားတွေနဲ့ ဆက်စပ်တည်ဆောက်ယူရခြင်းဖြစ်ပါတယ်။ ဂမ္ဘီရဆိုတဲ့ စကားလုံးလေးဟာ အက္ခရာသုံးလုံးသာရှိပေမယ့် လျှို့ဝှက်နက်နဲဆန်း



ဝိုးခေခွန်



www.burmeseclassic.com

www.burmeseclassic.com



ဆရာမိဘိုးဘိုးကြီး

ကြယ် သိနိုင်ခဲ့တယ်ဆိုတာထက် ကြီးမားကျယ်ဝန်းနက်ရှိုင်းလွန်းလှပါတယ်ခင်ဗျာ'

◆◆◆

## အဘဆရာကြီးဦးထွန်းရည်၏ ကိုယ်ရေးအကျဉ်း

ဆရာကြီးဦးထွန်းရည်ကို (၁၂၉၅)ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်၊ ကြာသပတေးနေ့ (၂၉-၆-၁၉၃၃) အဖဦးဖိုးပြောင်း၊ အမိ ဒေါ်စိုးသင်တို့မှ ဒုတိယမြောက်ဖွားမြင်ပြီး လှည်းကူးဇာတိပင် ဖြစ်သည်။

အရွယ်မရောက်သေးမီ မိဘနှစ်ပါး ကွယ်လွန်သွား၍ အစ်ကိုကြီးဖြစ်သူ ဦးထွန်းကြည်(ပထမံဆရာကြီး ဦးကျော်ထွန်း၏တပည့်)တို့ ဖနီးမောင်နှံက ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

မောင်ထွန်းရည် အသက်(၁၉)နှစ်အရွယ်တွင် အဘွားဒေါ်ပန်းအုံက ပထမံဆရာကြီး ဦးကျော်ထွန်းထံတွင် အပ်နှံ၍ သားတပည့်အဖြစ် ပထမံပညာရပ်များကို ကျွမ်းကျင်တတ်မြောက်ခဲ့သည်။

(၁၃၂၉)ခုနှစ်တွင် ကျေးဇူးရှင် ပထမံဆရာ ဦးကျော်ထွန်း ကွယ်လွန်ချိန်မှစ၍ မဟာဒွိပထမံပညာရပ်များဖြင့် ဝေဒနာရှင်အမျိုးမျိုးတို့ကို ကယ်တင်ပညာပေးခဲ့သည်။

(၁၃၃၅)ခုနှစ်၊ ဝါခေါင်လ ညဘက်တွင် ဆရာဦးထွန်းရည်၏ နေအိမ်ရှေ့တည့်တည့် ငမိုးရိပ်ချောင်းကမ်းနံဘေးသို့ လှည်းကူးမြို့ မြို့ကြီးကုန်းရွာမှ မျှောလွှတ်လိုက်သော ရှင်ဥပဂုတ္တမထေရ် ပင့်ဆောင်လာသည့် ဖောင်တော် ဆိုက်ကပ်လာသည်။

သူတော်စင် အဘဘိုးသိဒ္ဓိ၏ လမ်းညွှန်ချက်ကြောင့် ထိုရှင်ဥပဂုတ္တမထေရ် ဖောင်မျှောပွဲကို (၁၃၃၅)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်၊ သောကြာနေ့၊ (၁၉၇၃)ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်နေ့မှ စတင်၍ (၁၃၄၅)ခုနှစ်အထိ (၉)ကြိမ်တိတိ ဆက်တိုက်အောင်မြင်စွာ ပူဇော်နိုင်ခဲ့ပြီ။

ကြေးပိဿာ (၃၃)ပိဿာ ကျော်ရှိသည့် ရှင်ဥပဂုတ္တမထေရ် မြတ်ရုပ်ပွားတော် သွန်းလုပ်ကာ ဖောင်းလင်းသာသနာ့မြေ မင်္ဂလာ ရေကန်တော်အတွင်း၌ အုတ်ပြာ သာဒ် စံကျောင်းဖြင့် သီတင်းသုံး စံပယ်လျက် ထားရှိခဲ့သည်။

ရှေးက (၉)မိုက်စေတီ တည် ထားခဲ့သော မြေနေရာကို (၇- ၁-၁၉၇၈)ခုနှစ်တွင် မြေပိုင်ရှင် သူဌေးကြီး ဦးအေးမောင်၏ သား



ရေဘိုးဘိုးရွာ၊ မြနန်းမွှေ့ယံ၊ မြနန္ဒာ၊ မြကန်ဒါ

www.burmeseclassic.com

www.burmeseclassic.com

သမီးများထံမှ ဝယ်သူကာ ဖောင်းလင်းသာသနာပြုအဖွဲ့ကို ရေစက်ချ လှူဒါန်းပြီး ဖောင်းလင်းသာသနာ့မြေအဖြစ် စတင်ဖြစ်တည် တည်ဆောက်ခဲ့ခြင်းပင်။

ထိုကွင်းအမှတ်(၁၁၄၈)၊ ဦးပိုင်အမှတ်[၃(ခ)/၅၆] နှင့် ဆက်စပ် (၄၅)ပေ (၃၀၀)ပေ ရှိသော မြေကွက်ကို (၁၀-၁၂-၁၉၉၆)ခုနှစ်ကလည်းကောင်း၊ (၈-၈-၂၀၀၀) ပြည့်နှစ်တွင် ဆက်စပ်မြေနှစ်ကွက်ကိုလည်းကောင်း ထပ်မံဝယ်ယူ၍ သာသနာ့မြေအဖြစ် တရားဝင် သတ်မှတ်ခွင့်ရပြီး ဖြစ်သည်။

အဘဆရာကြီး ဦးထွန်းရီသည် လှည်းကူးမြို့နယ်၊ စီးပင်ဝဲရွာသူ ဒေါ်ခင်စန်းနှင့် အကြောင်းပါခဲ့ပြီး သားသမီး(၄)ဦး ထွန်းကားခဲ့ကာ ဖောင်းလင်းသာသနာ့မြေကို ဝိဇ္ဇာမိုရ် အဘပထမံအောင်မင်းခေါင်၏ ဆိုဆုံးမမှုအတိုင်း လိုက်နာကျင့်သုံးလျက် ရှိနေကြောင်း တင်ပြအပ်ပါသည်။

မမြင်အပ်ရာ မမြင်ရသလိုပ၊
မထင်အပ်ရာ မထင်ရပေဘူး၊
အသွင်မလှ အဆင်မပြေ၊
တရားမကြိုက်သူတို့က၊


အဘဆရာကြီး ဦးကျော်ထွန်း၊

အမှားစရိုက်ကယ်နှင့်၊
ငါးနှိုက်ရာ မြွေကိုစမ်းတယ်၊
ဖမ်းမိပုံချေ။
အဆိပ်တက်ပြန်တော့၊
ထိပ်ထက်မှာ ဝေတောတောနှင့်၊
သတ္တဝါရင်ဝယ်သားလိုပ၊
အခါခါ ကယ်ခါများခဲ့ပေါ့။
အပါယ်ကို အလွယ်နှင့် မသွားရအောင်၊
သားသမီးမြေးတို့ရယ် ထားသာတိကြီး။

◆◆◆


ဆရာကြီးဦးထွန်းရည်

**ဖောင်းလင်းသာသနာ့ရိပ်သာ**
**နတ်ပိုင်းဆိုင်ရာ အဆောက်အအုံများ**

(၁) သာသနာပြုဖေကြီးကျော်နတ်နန်း၊
(၂) သာသနာပြုပုပ္ပားမယ်တော်နှင့် သားနှစ်ပါးနတ်နန်း၊
(၃) သာသနာပြု ကိုးမြို့ရှင်နှင့် ပုလဲရင်မောင်နှမနတ်နန်း၊
(၄) သာသနာပြု ရေယဉ်မယ်တော်ကြီးနတ်နန်း။

တစ်နေရာတည်းမှာပဲ သာသနာပိုင်းဆိုင်ရာ၊ ဓာတ်ပိုင်းဆိုင်ရာ၊ နတ်ပိုင်းဆိုင်ရာတွေ တစ်ဝကြီး လေ့လာနိုင်တဲ့နေရာ။ မသိ မမြင် မကြားဖူးတာတွေ မြင်ရ ကြားရလို့ လာလေ့လာရကျိုးနပ်ပါတယ် ဆရာဦးသိန်းလင်းခင်ဗျာ။

ဆရာဦးသိန်းလင်းကား ပြုံးလျက်-



www.burmeseclassic.com

www.burmeseclassic.com

'အဘဟန်ရယ်..(၁၉၇၈)ခုနှစ်ကစပြီး ကနေ့(၂၀၁၈) ခုနှစ်ပဲ ဆိုပါစို့၊ နှစ်ပေါင်းလေးဆယ်တိုင် မပြိုမလဲ မယိုင်သွားဘဲ ရပ်တည်နေနိုင်တယ်ဆိုတာ မှန်ကန်လို့ပေါ့ခင်ဗျာ။ ဒါ့ထက် အဘဟန်တို့ ပြန်ခါနီးလေးမှာ စာလက်ဆောင်လေးတစ်ပုဒ် ပေးလိုက်ပါရစေ'

ဆိုကာ ဆရာဦးသိန်းလင်းက သံနေသံထားဖြင့်-

ရှက်လှေကိုပြင်
လိုက်ချင်သူ ပဥ္စသီမြဲကြတော့
အေးဖို့သာပြင်
များလူရှင်
ပျော်ရွှင်မည့်ခေတ်နီး
အအိပ်ရယ် တယ်မကြီးကြပါနဲ့
စိပ်ပုတီးကိုယ်မှာဆောင်လို့
မြတ်ဂုဏ်တော် နေ့စဉ်ပွားရင်လှ
အသက်တွေရှည်
ရွှေငွေမရှားတယ်။
ဘိုးတော်က မှာကြား။

<u>မှတ်ချက်</u>

သာသနာ့နယ်မြေအတွင်း တည်ထားကိုးကွယ်ထားသော မြနန္ဒာစေတီ၊ လေးကျွန်းစကြာရှင် သိဒ္ဓိအောင်စေတီတော်၊ မဟာဗောဓိ ပထမံစေတီ၊ လေးကျွန်းဇမ္ဗူ တဝ္ဗုစေတီ၊ ပထမံအောင်မင်းခေါင်စေတီတော်တို့၏ အံ့ဖွယ်ထူးခြားဖြစ်စဥ်များကို စာလေးမှာဖြစ်၍ မထည့်သွင်းတော့ပါ။

ဖူးမြော်ထိုက်သူများ၊ ပါရမီပဋ္ဌာန်းဆက်ရှိသူများ လာရောက်လှေလှော ဖူးမြော်နိုင်ပါကြောင်း စေတနာကောင်းဖြင့် ဖိတ်ကြားတင်ပြအပ်ပါသည်။

မေတ္တာရည်လျှက်

ကျော်မင်းညွှန့်(လှိုည်းကူး)

<u>စာကိုး</u>

(၁) ဖောင်းလင်းသာသနာ့ ပထမံအောင်မင်းခေါင် ဓမ္မရိပ်သာ သာသနာပြု သမိုင်းမှတ်တမ်း။
(၂) ဆရာဦးသိန်းလင်း၏ ရှင်း[illegible]က်။
(၃) ကိုယ်တိုင်လှေလှောဆန်းစစ်ချက် မှတ်တမ်းများ။


# ဆရာကြီးဦးအေးထွန်း

## [အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို **မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း** သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

**ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-**

- ခါးနာ၊ ဒူးနာ၊ ကျောပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ၊လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် နံနက်(၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



အထုပ်တစ်ရာဆရာတော်

ပိုးခေါင်းသား

# အထုပ်တစ်ရာ ဆရာတော်ကြီး နှင့် ကိုယ်တွေ့ပြဇာတ်များ

(၁၉၉၅)ခုနှစ်တုန်းက အမေကြီး ဒေါ်ခင်သန်းမြင့်ရဲ့ ဂန္ဓာရီခရီးဟာ ပြည်မြို့ဘက်ဆီ သွားတာများပါတယ်။

စာရေးသူတို့ မိသားစုနဲ့အတူ ပထမံဂိုဏ်းချုပ်ဆရာကြီး ဦးချစ် ပါတယ်။ များသောအားဖြင့် ပြည်ရွှေဆံတော်

www.burmeseclassic.com

www.burmeseclassic.com

ဘုရား၊ အဘပထမံဘိုးဘိုးအောင်ဆီမှာ အဓိဋ္ဌာန်ဝင်တာ များတော့ ပြည်ကိုရောက်ရင် ရွှေဆံတော်ဂေါပကအဖွဲ့ရဲ့ ဧည့်ရိပ်သာမှာ တည်းခိုတာ များပါတယ်။

(၁၉၉၅)ခုနှစ်၊ မတ်လ (၃)ရက် မနက်မှာ ပြည်ရွှေဆံတော်ဘုရားရှေ့ ဈေးဆိုင်တန်းတွေနားက ကွက်လပ်ကြီးမှာ ထူးခြားတဲ့ လူကြီးတစ်ယောက်ကို စတွေ့ပါတယ်။ တစ်ကိုယ်လုံး အဝတ်အစားအထပ်ထပ်ဝတ်ပြီး ပခုံးမှာ အထုပ်ကြီး အထုပ်ငယ် တိုးလိုးတွဲလောင်းတွေ ပါသေးတယ်။ ပခုံးပေါ်မှာ ထမ်းထားတဲ့အထုပ်၊ လက်မောင်းမှာ ချိတ်ထားတဲ့အထုပ်၊ ဒါ့အပြင် မြေကြီးပေါ်ချ တရွတ်တိုက်ဆွဲယူနေတဲ့ အထုပ်တွေလည်း ပါသေးတယ်။

အများကတော့ အဲဒီအဘိုးကြီးကို အရူးလို့ သတ်မှတ်ကြတာပေါ့။ မတ်လ (၆)ရက်နေ့ ရွှေတောင်က ရွှေနတ်တောင်ဘုရားမှာ ဒေါ်ခင်သန်းမြင့် အဓိဋ္ဌာန်ဝင်တော့ အဲဒီလူကြီးကို ပြန်တွေ့ပါတယ်။ တစ်ကိုယ်လုံး အဝတ်အစားတွေ အထပ်ထပ်ဝတ်၊ အထုပ်ကြီး အထုပ်ငယ် တိုးလိုးတွဲလောင်းဆွဲ၊ လက်ထဲမှာ တောင်ဝှေးတစ်ချောင်း ပါသေးတယ်။ တောင်ဝှေးကိုထောက်၊ အထုပ်တွေ တရွတ်တိုက်ဆွဲပြီး ဘုရားကို ပတ်နေတယ်။ ပြီးတော့ တန်ဆောင်းတစ်ခုရှေ့မှာ ထမင်းထုပ်ကိုဖြေပြီး ထမင်းထိုင်စားတယ်။ အဲသည်လူကြီး ထမင်းစားနေတော့ ခွေးတွေ လေးငါးကောင် သူ့အနားရောက်လာပြီး အစာတောင်းတာကို လူကြီးက ခွေးတွေကို နယ်ဖတ်ပြီး ကျွေးလိုက်၊ သူလည်း တစ်လုတ်စားလိုက်နဲ့ လုပ်နေပါတယ်။ ဘုရားဖူးတွေက လှည့်ကြည့်၊လှည့်ကြည့်နဲ့။ သည်လူကြီးနယ်.. မရှုံမရှာလို့၊ အေးလေ..ရူးနေတာကိုးလို့ ပြောကြဆိုကြတယ်။

အမေကြီးဒေါ်ခင်သန်းမြင့်က အရူးဆိုတဲ့ လူကြီးကို ကြည့်ပြီး ပြည်ရွှေဆံတော်ဘုရားမှာလည်း တွေ့ခဲ့တယ်။ ခုလည်း ရွှေနတ်တောင်မှာ ဆုံတယ်။ ဒါ သာမန်တော့ မဖြစ်နိုင်ဘူး။ ရူးရင် ထူးတယ်ဆိုပြီး ထိုလူကြီးနားကို သွားတယ်။ ဒီမှာ ရွှေနတ်တောင်ဂေါပကအဖွဲ့ အလှူခံဌာနက လူတွေက 'အန်တီ..အရူးကြီးနား မကပ်ပါနဲ့' ဆိုပြီး တားတယ်။ ဒါပေမဲ့ ဒေါ်ခင်သန်းမြင့် စကားသွားပြောတယ်။

အထုပ်တွေနဲ့ လူကြီးက ဒေါ်ခင်သန်းမြင့်ကို 'သမီးတို့ အဓိဋ္ဌာန်လုပ်တာ တောင်တက်တောင်ဆင်း လုပ်ရတာရယ်၊ ရာသီဥတုက အေးတာရယ်ကြောင့် ဒူးတွေနာနေတယ် မဟုတ်လား။ ရော့..ဒီဆေးလိမ်း'လို့ ပြောပြီး ဆေးပုလင်း သေးသေးလေးတစ်လုံး ထုတ်ပေးပါတယ်။

ဟုတ်ပါတယ်။ ဆောင်းကုန်ပြီဖြစ်ပေမယ့် ပြည်တောင်တန်းမှာ မနက်စောစော အတော်လေး အေးပါတယ်။ ဒေါ်ခင်သန်းမြင့်ရဲ့ ဒူးတွေလည်း နာနေပါတယ်။

ဒေါ်ခင်သန်းမြင့်ဟာ ဆေးပုလင်းလေးကို ရိုရိုသေသေ ယူလာတယ်။ ဆေးပုလင်းလေးထဲမှာ ဆေးက အကပ်ပဲကျန်ပြီး အင်မတန်မွှေးတဲ့ အနံ့ကို ရပါတယ်။ ပုလင်းထဲက ဆေးအကပ်ကိုယူပြီး လိမ်းလိုက်တာ ဒူးနာ သက်သာသွားပါတယ်။

နောက်တော့ ထိုလူကြီးကို လိုက်ရှာတာ မတွေ့ရတော့ဘူး။ ဘုရားပေါ်က လူကြီးတွေကတော့ ဆင်းသွားပြီလို့ ပြောကြပါတယ်။

မတ်လ (၇)ရက်နေ့ အဓိဋ္ဌာန်ပြီးလို့ ပြည်ကနေပြန်တော့ အင်းမရေပြာမှာ ကားရပ်ပြီး ထမင်းဝင်စားကြပါတယ်။ စာရေးသူတို့ ထမင်းစားနေတဲ့ဝိုင်းကို ဘုန်းကြီး ပိန်ပိန်အိုအိုတစ်ပါး လာရပ်ပြီး လက်က ပျဉ်ပြားတစ်ချပ်ကို ထောင်ပြပါတယ်။ ပျဉ်ပြားပေါ်မှာ မြေဖြူနဲ့ရေးထားတာက တစ်နောက်က ဒသုညနှစ်လုံး (၁၀၀)ဖြစ်ပါတယ်။

ရေပြာဆိုင်က ဆိုင်ရှင်တွေက 'ရွာကို ခဏ,ခဏ ကြွတဲ့ ဦးပဉ္စင်းကြီးပါ။ ပြည်ကလို့ ပြောတယ်။ ဦးပဉ္စင်းကြီး ကျောင်းထဲမှာလည်း အထုပ်တွေ အထုပ်တွေ တွဲလောင်းဆွဲတာရော၊ ဟိုနားပုံ ဒီနားချထားတာရော အများကြီးပဲတဲ့။ စိတ်လည်း သိပ်မမှန်တော့ပါဘူး။ ဒါပေမဲ့ လူတွေကို အနှောင့်အယှက်မပေးဘူး'လို့ ပြောတယ်။

ဘုန်းကြီးလက်နဲ့ ထောင်ပြသွားတာကို စာရေးသူတို့က သဘောပေါက်တယ်။ အမေကြီးဒေါ်ခင်သန်းမြင့်ရဲ့ ကျင့်ကြံအားထုတ်မှုဟာ (၁၀၀)ရာခိုင်နှုန်း အောင်မြင်တယ်ဆိုတာ ပုဂ္ဂိုလ်တွေက အပြနိုင်းတယ် ဆိုတာပါပဲ။

ရန်ကုန်ရောက်မှ ဒေါ်ခင်သန်းမြင့်က စာရေးသူကို ဖွင့်ပြောတယ်။ ပြည်မှာ အဓိဋ္ဌာန်ဝင်တုန်း တည်းခိုရာ အခန်းရှေ့ကို အဘိုးကြီးတစ်ယောက် ရောက်လာတယ်။ ငွေလှူလိုက်တော့ သာဓုခေါ်ပြီး စက္ကူလေးနဲ့ ထုပ်ထားတဲ့ ပစ္စည်းကို လှမ်းပေးတယ်။ ရန်ကုန်ကိုရောက်မှ ဘုရား

www.burmeseclassic.com

ခန်းမှာ ဖွင့်ကြည့်လို့ဆိုတယ်။

ရန်ကုန်ကို ပြန်ရောက်ပြီး ဘုရားခန်းမှာ ဖွင့်ကြည့်လိုက်တဲ့အခါ အင္ဂလိပ်ကထာ၊ ဋီကာကြီးနဲ့ ပထမပြန့်ပွားလယ်ကျမ်းလာ ထွက်ရပ်ကိုသွားနိုင်သော ဗြဟ္မာစာနဲ့ ကလကာမှိုင်း ဆေးတော်ကြီးနှစ်တောင် ဖြစ်နေပါတယ်။

**အထုပ်တစ်ရာ ဆရာတော်ကြီး**

'ဆရာတို့ ပြည်မှာတွေ့ခဲ့တာ အထုပ်တစ်ရာ ဆရာတော်ကြီးနဲ့ တူတယ်'ဟု ရွှေတိဂုံဘုရားမှာ ဘရသေ့နှင့်ဆုံတော့ ပြောတယ်။

'အထုပ်တစ်ရာ ဆရာတော်ကြီးက ဝိဇ္ဇာထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးပါ။ ပြည်နှင့် ရန်ကုန်မှာ အနေများတယ်။ ရဟန်းဝတ်နဲ့ တွေ့ရတာ များတယ်'ဟု ဘရသေ့က ဆက်ပြောပါတယ်။

ဆရာတော်ကြီးမှာ မွေးသက္ကရာဇ်နဲ့ ရဟန်းရက်ချုပ်ဆိုပြီး မိတ္တူကူးယူထားတဲ့ ဟောင်းနွမ်းနေပြီဖြစ်တဲ့ စာရွက်ကလေး တစ်ရွက်ရှိတယ်လို့ သိရတယ်။ စာရွက်ပေါ်မှာ မွေးသက္ကရာဇ်ကို (၁၂၅၀)ပြည့်နှစ်၊ ဗုဒ္ဓဟူးနေ့ဆိုပြီး ဖော်ပြထားတယ်။ ဒါဆို စာရေးသူတို့နဲ့ ပြည်မှာဆုံတော့ ဆရာတော်ကြီးရဲ့ သက်တော်က (၁၀၆)နှစ်ရှိခဲ့ပြီလို့ ပြောနိုင်ပါတယ်။ ဒါလည်း အမှန်လို့ ယူဆလို့ မရနိုင်ပါဘူး။

ဘရသေ့ကပြောတော့ 'အဘက ဆရာတော်ကြီးကို မကြာခဏတွေ့နေတာ။ အဘတို့သာ တစ်နှစ်ထက်တစ်နှစ် အသက်တွေကြီးပြီး အိုမင်းရင့်ရော်လာတယ်။ ဆရာတော်ကြီးက စတွေ့တုန်းကလည်း ဒီပုံပဲ၊ ခုလည်း ဒီပုံပဲ။ ဘာမှမပြောင်းလဲဘူး'ဟု ဆိုပါတယ်။

အချို့ကတော့ အထုပ်တစ်ရာ ဆရာတော်ကြီးဟာ စစ်ကိုင်းတောင်ရိုး ဝါးချက်ကျေးရွာမှာရှိတဲ့ ပရိယတ္တိစာသင်တိုက်ကြီးက စာချဆရာတော်ကြီးလို့ ဆိုတယ်။ တကယ်တော့ ပထမဝါးချက်ဆရာတော်ကြီး ကိုယ်တိုင်က ကုန်းဘောင်ခေတ် ထွက်ရပ်ပေါက်ဝိဇ္ဇာ စာရင်းဝင် စမဝိဇ္ဇာဓိုရ်ကြီး ဖြစ်ပါတယ်။ အထုပ်တစ်ရာ ဆရာတော်ကြီးဟာ စာချဆရာတော် အဖြစ်ကနေ သတ္တဝါများကို ကယ်တင်ဖို့ ပုဂ္ဂိုလ်တွေ တာဝန်ပေးချက်အရ အရူးသဖွယ် နေရတယ်လို့ သိရပါတယ်။

(၈၈)အရေးအခင်းကြီး မဖြစ်မီ လေးဝါးနှစ်ခန့်က အထုပ်တစ်ရာ ဆရာတော်ကြီးကို ရွှေတိဂုံစေတီတော်နားမှာ ခဏ,ခဏတွေ့တယ်လို့ ဗဟန်းမြို့နယ်နေ မိတ်ဆွေ တစ်ယောက်က ပြောတယ်။

'ဆရာပြတဲ့ ဓာတ်ပုံထဲက ဘုန်းကြီးနဲ့ တူတယ်။ ကျွန်တော်တို့ ဗဟန်းဈေးနားကို အဲဒီဘုန်းကြီး ခဏ,ခဏ လာတယ်။ ဝတ်ထားတဲ့ အပေါ်ရုံရော သင်းပိုင်ကရော ဟောင်းနွမ်းပြီး အရောင်အဆင်းမရှိဘူး။ စုတ်ပြဲနေတယ်။ ဟိုကြည့်ဒီကြည့်နဲ့ လျှောက်သွားနေတာ။ ပခုံးပေါ်မှာ အထုပ်ကြီးတစ်ထုပ်ကို လွယ်ထားသေးတယ်။ လူတွေကတော့ အရူးကြီးလို့ ထင်ကြတာပေါ့ဗျာ'ဟု မိတ်ဆွေက ပြောပါတယ်။

တစ်နေ့ ဗဟန်းအုတ်လမ်းက အုတ်ခုံပေါ်မှာ အဲဒီဘုန်းကြီးဟာ သင်္ကန်းကြီးခါးတောင်းကျိုက် မတ်တတ်ရပ်ပြီး အော်နေတယ်။

*သံသရာမှာ ခံနိုင်ရင်လည်း ခံကြ၊*

*မခံနိုင်ရင်လည်း မခံကြနဲ့။*

*ခံနိုင်ရင်လည်း ကောင်းတာပဲ။*

*မခံနိုင်ရင်လည်း ကောင်းတာပဲ*..ဆိုပြီး အော်နေတာ။

ကလေးတွေက အရူး..အရူးဆိုပြီး အော်တယ်။ လူကြီးအချို့က ကလေးတွေကို တားတယ်။ သွားမစနဲ့ပေါ့။ အဲဒီဘုန်းကြီးက ငါ တရားဟောနေတာ။ နာတတ်မှနာ ဆိုပြီး ဆက်အော်တယ်။ မကြာပါဘူး၊ ဗဟန်းရေတာရှည်လမ်းဟောင်းထဲက ထမင်းဆိုင်တစ်ဆိုင်က ဘုန်းကြီးကို လာပင့်ပြီး ဆွမ်းကပ်၊ လက်ဖက်ရည်အချို့ ကပ်တယ်။ အချို့ဝိဇ္ဇာစကားကို နားလည်သူတွေကတော့ အထုပ်တစ်ရာ ဆရာတော်ကြီးဟာ နောက်မကြာခင်ဖြစ်လာမယ့် ရှစ်လေးလုံး အရေးတော်ပုံကြီးကို ကြိုတင်သတိပေးတာလို့ အဓိပ္ပာယ်ဖွင့်ပါတယ်။

(၈၈)အရေးအခင်းကြီးအပြီးမှာ စာရေးသူ ကန်တော်ကလေးမှာ နေထိုင်ဆဲ ဖြစ်ပါတယ်။ သမီးကို ကျောင်းပို့ရင်းနဲ့ မြန်မာ့ဂုဏ်ရည်လမ်းကို နေ့စဉ်အသွားအပြန် လမ်းလျှောက်ကြိမ်ဖြတ်ရတယ်။ တစ်နေ့တော့ (၉၃)လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ လူငယ်သုံးလေးယောက် ထိုင်စကားပြောနေတယ်။ သူတို့ပြောတဲ့ အကြောင်းက ဘုန်းကြီးအရူး အရူးဘုန်းကြီးအကြောင်း ဖြစ်ပါတယ်။

'အထုပ်ကြီးတစ်ထုပ် လွယ်ပြီး ဖဆပလထဲက

www.burmeseclassic.com

www.burmeseclassic.com

လျှောက်နေတဲ့ ဘုန်းကြီးက ဝိဇ္ဇာလို့ ပြောတယ်"

"ဝိဇ္ဇာလို့ပြောရအောင် မင်းက ဘာသိလို့လဲ"

"တစ်ရက်မှာ ဟိုကောင်က ဒီအရူးဘုန်းကြီးသာ ဝိဇ္ဇာဆိုရင် သေတဲ့သူကို ပြန်ရှင်အောင် လုပ်ပေးနိုင်မှာပေါ့"ဟု အရှေ့မှာထိုင်နေသော ဟိန္ဒူကုလားလေးကို မေးငေါ့ပြရင်း ပြောတယ်။

"ဟုတ်တယ်၊ ငါက အဲဒီလို အသံကျယ်ကျယ်နဲ့ ပြောလိုက်ရော အဲဒီဘုန်းကြီးက ဘာမပြော ညာမပြော ကားတိုက်လို့ လမ်းပေါ်ကျနေတဲ့ ခွေးလေးတစ်ကောင်ကို ကောက်ပြီး ငါတို့ကို လာပြတယ်။ ဒီခွေး သေနေပြီလားတဲ့။ ငါတို့ ကိုင်ကြည့်တော့ သေနေပြီ။ သေနေတယ်ဆိုရင် ငါ ပြန်ရှင်အောင် လုပ်ပေးမယ်ဆိုပြီး ပါးစပ်က တတွတ်တွတ်ရွတ် လေနဲ့ မှုတ်လိုက်တယ်။ အစောက သေနေတဲ့ ခွေးလေး ထပျံပါလေရော။ အဲဒါနဲ့ ငါတို့ တောင်းပန်ပြီး ဘုန်းဘုန်းကြီး သားတို့ကို ခွင့်လွှတ်ပါ။ အမှားလုပ်ခဲ့တာ တွေရှိရင် ခွင့်လွှတ်ပါလို့ ပြောပြီး ဆိုင်ထဲခေါ် လက်ဖက်ရည်နဲ့ မုန့်ကပ်တယ်။

အဲဒီမှာ ဘုန်းဘုန်းကြီးက ပြောသေးတယ်။ ငါတော်လို့ မဟုတ်ပါဘူးကွာ။ ခွေးလေးက သေဖို့ကံ မကြုံသေးဘူး။ အသက်ရှင်ဖို့ကံက ကျန်သေးတယ်။ ဒါကြောင့် ထယ်လို့ရတာ။ မှတ်ထား သားတို့။ သေတဲ့သူ၊ သေတဲ့ သတ္တဝါကို ပြန်ရှင်အောင် လုပ်လို့မရဘူး။ ကံမကုန်သေးတဲ့သူကိုပဲ ပြန်ရှင်အောင် လုပ်လို့ရတယ်။ အဲဒီလိုပြောတယ်။

ရှိသေးတယ်။ ဘုန်းဘုန်းကြီး မုန့်နဲ့ လက်ဖက်ရည် ဘုဉ်းပြီးတော့ ရေနွေးကြမ်းကပ်တယ်။ ရေနွေးကြမ်းက အေးစက်နေတော့ ဆိုင်ရှင်ကို အပူနဲ့ လဲပေးပါဆိုပြီးပြောတယ်။ အဲဒါကို ဘုန်းဘုန်းကြီးက ရပါတယ် သားတို့ရယ်။ ရေနွေးက ပူသားပဲဆိုပြီး အစောက အေးစက်နေတဲ့ ရေနွေးခွက်ကို လက်ဝါးနဲ့ အုပ်လိုက်တယ်။ လက်ဝါးလည်း ပြန်ဖယ်လိုက်ရော ရေနွေးခွက်က အငွေ့တထောင်းထောင်း ထနေတာပဲ။

ဘုန်းဘုန်းကြီးက ငါတို့ကို ပြောသွားသေးတယ်။ ဘာမှမထူးဆန်းပါဘူး သားတို့ရယ်။ ဒါ မျက်လှည့်ပါ။ မျက်လှည့်ကိုတတ်ချင်ရင် မုတ်းစိပ်ကြတဲ့။ ပြီးတော့ ပခုံးမှာ တင်ပြီး ထသွားတယ်။

အထုပ်တစ်ရာ ဆရာတော်ကြီးနဲ့ ကိုယ်တွေ့ကြုံခဲ့တဲ့ လူငယ်သုံးယောက်ထဲက တစ်ယောက်က ခုထိ အနော်ရထာလမ်းမှာ နာရီပြင်ဆိုင်ကလေး ဖွင့်ထားတုန်း ဖြစ်ပါတယ်။

အထုပ်တစ်ရာ ဆရာတော်ကြီးဟာ အရူးလို လှည့်လည်သွားလာနေပေမယ့် ပြည်မှာဆိုရင် ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ နေတယ်။ တစ်ပါးတည်း နေတယ်။ အဲဒီကျောင်းမှာ ထုပ်တန်းမှာ တွဲလွဲဆွဲထားတဲ့ အထုပ်ကြီး အထုပ်ငယ်တွေ၊ ဟိုနားသည်နားချထားတဲ့ အထုပ်ကြီး အထုပ်ငယ်တွေ ရာနဲ့ချီရှိတယ်လို့ ပြည်က မိတ်ဆွေ ကိုမောင်တင့်က စာရေးသူကို ပြောပြတယ်။ သူ့ကျောင်းကလည်း တံခါးမရှိ။ ရှိတဲ့တံခါးလည်း ပိတ်မထားတော့ ခွေးတွေ တက်လိုက် ဆင်းလိုက်နဲ့တဲ့။

တစ်ရက်မှာ လူနှစ်ယောက် ဆရာတော်ကြီးကျောင်းကို ရောက်လာပြီး ဆရာတော်ကြီးမရှိတုန်း အထုပ်တွေကို ဖွင့်ရှာကြတယ်။ ဒါကလည်း ဆရာတော်ကြီးသာ ဝိဇ္ဇာဆိုရင် အထုပ်တွေထဲမှာ ရွှေဖြစ်တဲ့ ဓာတ်လုံးတွေ၊ ဓာတ်သားတွေ၊ အစွမ်းထက်တဲ့ အဆောင်ပစ္စည်းတွေ ရှိမှာပဲဆိုပြီး ဝင်ရှာတာ။ အရင်ဆုံး သက်န်းဟောင်းကြီးနဲ့ထုပ်ထားတဲ့ အကြီးဆုံးအထုပ်ကို ဖွင့်တယ်။ အထဲမှာ အထုပ်ကလေးပေါင်း ရာနဲ့ချီတယ်။ အဖိုးတန်ပစ္စည်း ဘာမှမတွေ့ဘူး။ ဒါနဲ့ ပြန်အထွက် ကျောင်းပေါက အဆင်းမှာ ဆရာတော်ကြီးနဲ့ ပက်ပင်းတိုးတယ်။ ထွက်ပြေးဖို့လုပ်တော့ ဆရာတော်ကြီးက မပြေးကြနဲ့။ အစောက အထုပ်ကြီးထဲမှာ ဘာမှရှာမတွေ့ဘူး မဟုတ်လား။ ဘယ်ရှာတွေ့မလဲ လောဘနဲ့ကြည့်ရင် ဘာကိုမှမမြင်ဘူး။ အဲဒီလိုပြောတော့ လူနှစ်ယောက်လည်း ကန်တော့ပြီး ပြန်သွားတယ်"ဟု ကိုမောင်တင့်က စာရေးသူကို ပြန်ပြောပြပါတယ်။

အထုပ်တစ်ရာ ဆရာတော်ကြီးဟာ ခရစ်နှစ်(၂၀၁၃) ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်၊ သောကြာနေ့မှာ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၉)ရပ်ကွက်၊ ကျောင်းလမ်းက နေအိမ်တစ်အိမ်မှာ အသေထွက် ထွက်သွားတယ်လို့ သိရတယ်။ ဒါပေမဲ့ အဲဒီလိုအထွက်ပြပြီးမှ စစ်ကိုင်းတောင်ရိုးမှာ မကြာခဏ တွေ့နေရတယ်လို့ စစ်ကိုင်းက ဘိုးတော်လေးက စာရေးသူကို ပြောပြပါတယ်။

မိုးဒေါင်းသား




www.burmeseclassic.com

www.burmeseclassic.com

မျက်မှောက်ကာလ ဤဘဒ္ဒကမ္ဘာတွင် ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတော်၌ ဘုရားရှင်၏တပည့်သာဝိကာ ဘိက္ခုနီမတို့တွင် ဥပ္ပလဝဏ္ဏာ ဘိက္ခုနီမသည် ဘုရားရှင်က ချီးမြှောက်ပေးအပ်သော ဣဒ္ဓိမန္တ် တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသောအရာဝယ် အသာဆုံး၊ အမြတ်ဆုံး ဧတဒဂ် ရာထူးဌာနန္တရကို ရရှိပိုင်ဆိုင်ထားသော ရဟန္တာထေရီမတစ်ပါး ဖြစ်သည်။

ထိုကဲ့သို့ တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံထင်ရှားသော ရဟန္တာထေရီမ ဖြစ်လာရခြင်းမှာ ဘဝများစွာ သံသရာခရီး၌ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို အကြိမ်ကြိမ်အဖန်ဖန်ပြုလုပ်၍ ဆုတောင်းပတ္ထနာပြုခဲ့သော ကုသိုလ်အကျိုးစွမ်းအားကြောင့်ပင် ဖြစ်သည်။ ယခုကဲ့သို့ တန်ခိုးဣဒ္ဓိအရာ၌ ဧတဒဂ်ရ ရဟန္တာထေရီမတစ်ပါးဘဝသို့ ရရှိ





# သာသနာ့ဝုဏ်ရည် နိဗ္ဗာန်လှမ်းချီ ဥပ္ပလဝဏ္ဏာထေရီ

www.burmeseclassic.com



ရောက်ရှိလာစေရန် ဖြတ်သန်း
ရှုန်းကန်ခဲ့ရသော
အတိတ်စာတ်ကြောင်း
ဘဝပေါင်းကို ပြန်ပြောင်း
သုံးသပ် တင်ပြရမည် ဆိုပါလျှင်··။

**ရှေးရှေးဘဝဆုတောင်း**

ဥပ္ပလဝဏ်ထေရီမအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်အခါဝယ် ဟံသာဝတီနေပြည်တော်၌ အမျိုးကောင်းသမီး(သူဌေးသမီး)တစ်ဦး ဖြစ်ခဲ့၏။

တစ်နေ့သောအခါ၌ တရားချစ်ခင် သူတော်စင်များအနေနှင့် အတူတကွ လိုက်ပါသွားခဲ့ပြီး တရားနာယူခဲ့လေ၏။ ထိုသို့ တရားနာယူနေစဉ် မြတ်စွာဘုရားရှင်က ဘိက္ခုနီမတစ်ပါးအား တန်ခိုးကြီးသောအရာ၌ အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူး၌ ချီးမြှင့်တော်မူသည်ကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့မြင်ရသဖြင့် ကြည်ညိုမဝ ဖြစ်ခဲ့ရလေ၏။

ထို့ပြင်တစ်ဖန် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးပြုသော သံဃာတော်များအား ပင့်ဖိတ်၍ ကြီးစွာသော မဟာအလှူကြီး ပေးပြီးသော် မြတ်စွာဘုရား ခြေတော်ရင်း၌ ကြာညိုပန်းစည်း(၇)စည်းကို ချထားပူဇော်လျက် ထိုတန်ခိုးကြီးသော တေဒဂ်ရာထူးဌာနန္တရကို ရရှိလိုပါကြောင်း ဆုတောင်းပတ္ထနာပြုခဲ့လေ၏။ ပဒုမုတ္တရဘုရားရှင်ကလည်း တောင်းသည့်ဆုနှင့် ပြည့်စေသတည်းဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

ထိုသူဌေးသမီးသည် မြတ်စွာဘုရားရှင်နှင့် သံဃာတော်များကို အသက်ထက်ဆုံး ရိုသေစွာ ပြုစုလုပ်ကျွေးခဲ့ပြီး ကောင်းမှုကုသိုလ်များဖြင့် ပျော်မွေ့စွာ နေထိုင်ခဲ့ရာ ထိုဘဝမှ စုတေလတ်သော် တာဝတိံသာနတ်ပြည်သို့ လားရောက်ရလေ၏။

ထိုနတ်ပြည်မှတစ်ဖန် စုတေပြန်သော် လူ့ပြည်၌ လူပြန်ဖြစ်၍ ပဒုမုတ္တရ ဘုရားရှင်မြတ်တစ်ဆူအား ကြာညိုပန်းနှင့်တကွ ဆွမ်းအလှူဒါနကို ပြုခဲ့လေ၏။ ထိုအမျိုးကောင်းသမီးသည် ယခုဘဒ္ဒကမ္ဘာမှ ရေတွက်သော် လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဗာရာဏသီပြည်ဝယ် သူဌေးသမီး ပြန်ဖြစ်လာ၏။ ထိုသူဌေးသမီးသည် ဝိပဿီမြတ်စွာဘုရား အမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ပြီးလျှင် မဟာဒါနအလှူကြီးကို ပေးလှူပြန်လေ၏။

ယင်းသို့ အလှူကြီးပေးလှူပြီးနောက် ဝိပဿီမြတ်စွာဘုရားရှင်အား ကြာညိုပန်းဖြင့်ပူဇော်လျက် ရုပ်ရည်အဆင်းတင့်တယ်လှပခြင်း ဖြစ်ရပါစေကြောင်း ဆုတောင်းပတ္ထနာပြုခဲ့ပြန်လေ၏။

<u>ကိကီမင်းကြီးသမီးဘဝ</u>

ထိုအမျိုးသမီးသည် ထိုဘဝ၌လည်း အသက်ထက်ဆုံး ကောင်းမှုကုသိုလ်များ ပြုလုပ်လျက် နတ်ပြည်၊ လူ့ပြည် အစုန်အဆန် လှည့်လည်ကျက်စား၍ နေလာခဲ့ရာ ဤဘဒ္ဒကမ္ဘာဝယ် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ၌ ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏သမီးတော် ခုနစ်ဖော်တို့အနက် ဒုတိယမြောက် သမဏဂုတ္တာမင်းသမီး ဖြစ်လာ၍ ခေမာထေရီမအလောင်းကဲ့သို့ နှစ်ပေါင်းနှစ်သောင်းကြား ကောမာရီဗြဟ္မစရိယအကျင့်ကို ကျင့်ကြံ၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ တစ်ဖန်ပြန်ဖြစ်လေ၏။ ထိုနတ်သမီးမှာ နတ်ပြည်မှ စုတေပြန်သော် ဗာရာဏသီ၌ သူဆင်းရဲမိသားစု၌ လူဖြစ်လာခဲ့ပြန်၏။

ထိုအမျိုးသမီးလေး အရွယ်ရောက်လာသောအခါ များစွာသော လူအပေါင်းတို့က ကောင်းမြတ်သော ပန်းဝတ်တန်ဆာကို ဝတ်ဆင်၍ နက္ခတ်သဘင်ပွဲကို ပျော်ရွှင်စွာ သွားရောက်ကြသည်ကို မြင်တွေ့ရသဖြင့် မိမိလည်း အများနည်းတူ ဝတ်ချင်စိတ်ရှိလှရကား မိဘတို့အား တစ်ထည်မျှသော ပန်းဝတ်ကို ဝတ်ပါရစေဟု တောင်းခံလေ၏။

ထိုအခါ မိဘများက-

'ချစ်သမီး‥ငါတို့ကား အလွန်နွမ်းပါးလှ၏။ စားရုံ၊ ဝတ်ရုံကိုမျှ ပင်ပန်းဆင်းရဲစွာ ရှာဖွေနေကြရ၏။ ပန်းဝတ်တန်ဆာကို အဘယ်မှာပေးနိုင်အံ့နည်း။ ချစ်သမီး ဝတ်ချင်သောဆန္ဒ ပြင်းပြနေပါက သူကြွယ်အိမ်၌ သုံးနှစ်ကျွန်ခံ၍ ဝတ်ပါလေ'ဟု ပြောဆိုရာ ထိုအမျိုးသမီးငယ်လည်း သူကြွယ်တစ်ဦးထံ၌ ကျွန်ခံသမှုပြုလေ၏။

ထိုအမျိုးသမီးငယ်လည်း အမှုကိစ္စဟူသမျှ ဥပါယ်မခို ရိုသေစွာ လုပ်ဆောင်ပေး၏။ ထိုသို့ သမီးငယ်က အိမ်မှုကိစ္စများကို တာဝန်ကျေပွန်စွာ လုပ်ဆောင်ပေးခြင်းကို သူဌေးလင်မယားက သဘောကျ သနားကရုဏာသက်ပြီး သုံးနှစ်မစေ့မီပင် လှပတင့်တယ်သော ပန်းဝတ်တစ်စုံကို ပေးလိုက်လေ၏။ သူငယ်မလည်း ဝမ်းသာကြည်နူးစွာဖြင့် မိဘများအိမ်သို့ ပြန်လာခဲ့ရာ လမ်းခရီးအကြား၌ ရေကန်ကို မြင်လေသော် ကိုယ်လက်သန့်စင်ပြီးမှ ပန်းဝတ်အသစ်ကို ဝတ်ဆင်အံ့ဟုကြံဆ၍ ရေကန်၌ ရေဆင်းချိုးလေ၏။

ထိုစဉ်အခါ၌ ကဿပမြတ်စွာဘုရားရှင်၏ သာဝကဖြစ်သော ရဟန္တာတစ်ပါးသည် သင်္ကန်းကို သူခိုးတို့ လုယက်ခြင်းခံရသောကြောင့် သစ်ရွက်သစ်ခက်တို့ကို ဖုံးကာလျက် ကြွချီလာသည်ကို မြင်ရလေသော် ဤအရှင်ကား ခိုးသားတို့ သင်္ကန်းကိုလုယူသည် ဖြစ်လတ္တံ့။ ငါလည်း ရှေးရှေးသောဘဝက ဒါနနည်းခဲ့သောကြောင့် တစ်ဆယ့်ခြောက်နှစ်တိုင်အောင် ပန်းဝတ်တစ်ထည်ကိုမျှ မဝတ်ခဲ့ရပါ။ ယခု ငါလည်း ထိုနည်းအတူ အလှူဒါနမပြုခြားက ဘဝနောင်ခါ ဆင်းရဲစွာပင် ဖြစ်ရာချေမည်။

ထို့ကြောင့် သုံးနှစ်ကျွန်ခံပြီးမှ ရခဲ့သော ဤပန်းဝတ်ထည်ကို အရှင်မြတ်အား ငါကပ်လှူအံ့ဟု ကြံဆ၍ ရေကန်မှ တက်လာပြီးလျှင်-

'အရှင်ဘုရား‥အကျွန်ုပ်ကို သနားသောအားဖြင့် ဤပုဆိုးပန်းဝတ်ကို ဝတ်ရုံအမှတ် သုံးဆောင်တော်မူပါ'ဟု



www.burmeseclassic.com

www.burmeseclassic.com

ကပ်လှူလေ၏။

ရဟန္တာမထေရ်မြတ်လည်း ဝတ်ရုံကို ဝတ်တော်မူလေ သော် ထွန်းသစ်စ နေလုလင်ကဲ့သို့ ရွှချင်စဖွယ် တင့်တယ် သော အရောင်အဝါကို ဖြစ်စေသည်။

အလှူရှင် ဒကာမငယ်လည်း ရဟန္တာမြတ်၏ သပ္ပာယ် သော အရောင်အဝါကို တွေ့မြင်ရသဖြင့် ကြည်နူးဝမ်းသာ ဆယ်ဖြာလက်မိုး ရှိခိုးဦးခိုက်ပြီးလျှင်-

'အရှင်ဘုရား..ကျွန်ုပ်သည် ဤသင်္ကန်း လှူဒါန်းရ သော အကျိုးအားကြောင့် ရှည်လျားသော ဘဝနောင်ကာလ ဝယ် လှပတင့်တယ် ရှုချင်စဖွယ်သော အဆင်းအင်္ဂါနှင့်ပြည့် စုံသော အမျိုးကောင်းသမီး ဖြစ်ရပါလို၏။ အကျွန်ုပ်အား တွေ့မြင်ရသော ယောကျာ်းအပေါင်းတို့ စေတနာပြန့်ပြူး ရွှမ်းမူးတိမ်းညွှတ်သည် ဖြစ်ကြပါစေ'ဟု ဆုတောင်းပတ္တနာ ပြုလေ၏။

ရဟန္တာအရှင်မြတ်လည်း လျောက်ပတ်သော တရား ဒေသနာတော်ဖြင့် အနုမောဒနာပြုပြီးလျှင် ကြွချီလေ၏။

အဆိုပါ သူငယ်မလည်း မိဘတို့ထံ ပြန်လာ၍ အတူ နေထိုင်လျက် မိဘတို့ကို လုပ်ကျွေးပြုစုနေစဉ် အသက် အတိုင်းနေ၍ ကွယ်လွန်သောအခါ နတ်ပြည်၌ တစ်ကြိမ်ဖြစ် ခဲ့ရပြီးနောက် သိဝိတိုင်း အရိဋ္ဌပုရမြို့ကြီး၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးကြီးတစ်ဦး၏ သမီးချောရတနာ ဖြစ် လာ၏။ ငယ်ရွယ်နုနယ်စဉ် ဘဝကပင် မြင်မြင်သမျှသော ယောကျာ်း,မိန်းမတို့သည် တိမ်းပါးရူးမူးမတတ် သတိချွတ် ယွင်းစေအောင် ဆွဲဆောင်ဖမ်းစားနိုင်သော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံခဲ့လေ၏။ ထို့ကြောင့် ထိုသမီးချောအား ဥမ္မာဒန္တီဟု အမည်မှည့်ခေါ်ကြကုန်၏။

သမီးချောလေး ဥမ္မာဒန္တီသည်လည်း တစ်ဆယ့်ခြောက် နှစ်အရွယ် ရောက်လတ်သော် ပကတိလူသားတို့၏ ရုပ်ရည် အဆင်းကို ကျော်လွန်၍ နတ်သမီးအလား ဖွံ့ထွားနုထွတ် ချောမွတ်ပြေပြစ်သော အရိုးအဆစ်၊ ခြေလက်အင်္ဂါ မျက်နှာ ရှင်ဝ လှပကောင်းမြတ်သော ခန္ဓာကိုယ်ဖွဲ့စည်းမှုရှိရကား ယောကျာ်းတကာတို့ မြင်ရလျှင် ကိလေသာမာန်ဝင် ခင်မင် နှုညွှတ် သည်းပွတ်လိုက်ဆူ၍ သုံ့ရာယစ်မူးသော ယောကျာ်း ကဲ့သို့ တိမ်းပါးရူးသွပ်ကြသည်သာ ဖြစ်ကုန်၏။

ထိုစဉ်ကာလ၌ ကျွန်ုပ်တို့ ဘုရားအလောင်းတော်သည် လည်း သိဝိတိုင်း အရိဋ္ဌပူရနေပြည်တော်၌ စိုးမိုးအုပ်ချုပ် ခြင်းပြုတော်မူ၏။ တစ်ချိန်တည်းမှာပင် ဘထွေးတော်၏ သား အဘိပါရကမှာမူ စစ်သူကြီး ဖြစ်လေ၏။

တစ်နေ့သောအခါမှာတော့ ဥမ္မာဒန္တီ၏ ဖခင်ဖြစ်သော တိရိတဝစ္ဆသူဌေးကြီးသည်လည်း သိဝိရာဇ်မင်းကြီးထံသို့ ဝင်ရောက်ခစား၍ 'အရှင်မင်းမြတ်..အကျွန်ုပ်အိမ်တွင် အရှင်တို့နှင့်သာ ထိုက်တန်သော သမီးကောင်းရတနာ ရှိနေ ပါသည်။ လက္ခဏာကြန်အင်ကို လေ့လာစုံစမ်း၍ နန်းတော် သို့ ယူဆောင်ပါလေလော့'ဟု လျှောက်ထားလေ၏။

ထိုသတင်းကို ကြားလိုက်ရသည်နှင့် မင်းကြီးလည်း အားရဝမ်းသာစွာဖြင့် ကြန်အင်လက္ခဏာ၌ လိမ္မာကျွမ်းကျင် သော ဆရာပုဏ္ဏားတို့အား သွားရောက်လေ့လာစုံစမ်းရန် စေလွှတ်လိုက်လေ၏။

လေ့လာစုံစမ်းရန် ရောက်လာကြသော ပုဏ္ဏားတို့အား ဖခင်သူဌေးကြီးက စားကောင်းစားဖွယ်ရာတို့ဖြင့် ပြည့်စုံ စွာ ကျွေးမွေးဧည့်ခံပြုစုပေး၏။ ဆရာပုဏ္ဏားကြီးတို့ ထမင်း သုံးဆောင်နေကြစဉ် ဥမ္မာဒန္တီသတို့သမီးလည်း လှပတင့် တယ်သော အဝတ်တန်ဆာကိုဝတ်ဆင်လျက် အချိုပွဲ၊ အချဉ် ပွဲများ ဆက်ကပ်အံ့သောငှာ အနီးသို့ ချဉ်းကပ်လာသည်ကို မင်းဆရာပုဏ္ဏားတို့ တွေ့မြင်လေရာ ဘဝင်လိုက်ဆူ သည်း အူပြောင်းပြန် မျက်ဆန်ချာချာလည်၍ မတည်မရပ်နိုင်ဘဲ ထမင်းပွဲအပါးတွင် အချို့ပုဏ္ဏားက လဲကျသွား၏။ အချို့ ပုဏ္ဏားက စားရန်ယူလာသော ထမင်းလုတ်ကို ဦးထိပ်ထက် ၌တင်၏။ အချို့ပုဏ္ဏားက လက္ခတီးကြားသို့ ထမင်းလုတ် ကိုသွင်း၏။ အချို့ပုဏ္ဏားကတော့ နှုတ်ခမ်းသားကိုကိုက် ၍ ငိုက်စိုက်ကျနေ၏။

သို့ကလို ပုဏ္ဏားအားလုံး ရှန်းရင်းတက်မျှ ဖြစ်နေကြ သည်ကို ဥမ္မာဒန္တီ မြင်ရလေသော် ပြည့်ရှင်မင်းကြီးက ငါ့လက္ခဏာကို ကြည့်ရှုစိမ့်သောငှာ စေလွှတ်လိုက်သော် လည်း ဤပုဏ္ဏားရူးတို့မှာ မစူးစမ်းနိုင်ရာပြီဟု ပြောဆို၍ ကြိုးနှင့်ချည်ကာ အိမ်အပြင်သို့ ဆွဲထုတ်စေလေ၏။ တဏှာ ရူး ပုဏ္ဏားတို့လည်း သတိပြန်ရလာသောအခါ ရှက်စနိုးဖြင့် လျင်မြန်စွာပင် အိမ်သို့ အသီးသီးပြန်လာခဲ့ကြသည်။

ထို့နောက် မင်းကြီးထံ ဝင်ရောက်ခစားလျက်-

'အရှင်မင်းကြီးဘုရား..မင်းကြီး ကြားသိတော်မူသော မိန်းမရတနာသည် အဆင်းရူပါကား လှပတင့်တယ်သည်မှာ မှန်ပါ၏။ သို့သော် မိဖုရားတင်မြှောက်ခြင်းငှာ မလျောက် ပတ် မမြတ်သော မိန်းမတည်း'ဟု ရှန်ငြိုးဖြင့် လျှောက်ထား လေ၏။

www.burmeseclassic.com

www.burmeseclassic.com

သိဝိမင်းကြီးလည်း ပုဏ္ဏားတို့၏စကားကို ယုံစား၍ ဥမ္မာဒန္တီအား ဂရုမမူ သိမ်းမယူတော့ဘဲ မေ့ထားလေ၏။ ထိုသို့ ဘုရင်ကြီးက စိတ်မဝင်စားဘဲ မေ့ထားသောကြောင့် သူဌေးကြီးလည်း အဘိပါရက စစ်သူကြီးထံသို့ ဆောင်နှင်း ကမ်းလှမ်းလိုက်လေ၏။ အဘိပါရက စစ်သူကြီးကလည်း အလွန်ရခဲသော မိန်းမရတနာကို ရလာပေသည်ဟု နှလုံး သွင်း ဆင်ခြင်လျက် အခေါင်အဖျား အမွန်အမြတ်ထား၍ ချီးမြှင့်မြှောက်စားလေ၏။

နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့ အခါသမယရောက် တိုင်း သိဝိတိုင်း အရိဋ္ဌပူရတစ်မြို့လုံး၌ ကြတ္တိကာနက္ခတ် သဘင်ပွဲကို သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကား ကျင်းပပြုလုပ်လေ့ရှိ၏။ အဘိပါရက စစ်သူကြီးသည် မိမိ အပိုင်စားရသော မြို့၊ ကျေးလက်သို့ သွားရောက်ရန်ကိစ္စ ရှိနေသောကြောင့် ဥမ္မာဒန္တီအား ဤကဲ့သို့ မှာကြားထား ခဲ့သည်။

'အို··ချစ်နှမဥမ္မာဒန္တီ၊ ဤနက္ခတ်သဘင်ပွဲတော်ရက် အတွင်း၌ ငါတို့မင်းကြီး ရထားစီးလျက် မြို့တော်အတွင်း လမ်းတကာ၊ ရပ်ကွက်တကာကို လှည့်လည်ကြည့်ရှုတော် မူလိမ့်မည်။ ထိုအခါ၌ သင်၏ အဆင်းရူပါကို ထင်ရှားစွာ မပြပါလေနှင့်။ ပြခဲ့လျှင်မူ သင်နှင့် ငါတို့ မပေါင်းရဘဲ ရှိလတ္တံ့'ဟု မှာထားခဲ့လေ၏။

ဥမ္မာဒန္တီသတို့သမီးကလည်း 'အရှင် မစိုးရိမ်ပါလင့်။ သွားရမည့် ခရီးကိုသာ စိတ်ချမ်းသာစွာဖြင့် သွားပါတော့' ဟု ဆိုလေ၏။

မိမိစိတ်ထဲ၌မူ ပြည့်ရှင်မင်းကြီးသည် ပုဏ္ဏားမိုက်တို့ ကုန်းတိုက်စကားကို ယုံမှတ်၍ ငါ့အား မိန်းမယုတ်ဟု ထင်မှတ်နေ၏။ ယုတ်,မယုတ် မြတ်သည့်အဖြစ် ငါ့သနစ် ကို ယနေ့၌ပင် သိမြင်စေအံ့ဟု ကြံရွယ်လျက် ကျေးကျွန် တို့အား အိမ်အပါးသို့ ရထားစီး၍ မင်းကြီးရောက်လာလျှင် ငါ့အား ပြောကြားကုန်ဟု မှာထားခဲ့လေ၏။

တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအခါဝယ် သိဝိမင်း ကြီးလည်း မြင်းရထားစီးလျက် မြို့တော်အတွင်း အိမ်စဉ် ၌ ထွန်းညှိပူဇော်ထားသော ဆီမီးရောင်ကို ကြည့်ရှုခံစားရင်း လှည့်လည်လာခဲ့ရာ ဥမ္မာဒန္တီအိမ်ရှေ့သို့ ရောက်လာခဲ့၏။ ထိုအခါ ဥမ္မာဒန္တီသည်လည်း ကိန္နရီမကဲ့သို့ လှပတင့်တယ် ရှုချင်စဖွယ်သော အမူအရာဖြင့် မင်းကြီးအပါး ချဉ်းကပ်၍ သင်းရနံ့များ ထုံသင်းစေလျက် ရွှေခွက်ဖြင့် ရထားထက်သို့ ပန်းဝတ်များကို ကြဲဖြန့်လိုက်၏။ မင်းကြီးသည် ဥမ္မာဒန္တီကို မြင်လေလျှင် နတ်သမီး ထင်မှတ်လျက် ခင်မင်တိမ်းညွတ် ဘိ၍ သတိမလွတ်အောင် ဆင်ခြင်၍ ရထားမှူးအား ဤ အိမ်ကား မည်သူ့၏အိမ်တည်း။ ဤအမျိုးသမီးငယ်ကား မည်သူ၏ဇနီး ဖြစ်သနည်းဟု မေးလေ၏။

ရထားမှူးလည်း 'အရှင်မင်းမြတ်··ဤအိမ်ကား စစ် သူကြီးအဘိပါရက အိမ်တည်း။ ဤမိန်းမငယ်ကား အရှင့် ထံ၌ လျှောက်ထားပန်ကြားလာသော ဥမ္မာဒန္တီဟူသော မိန်းမလှလေးဖြစ်ပါသည်။ အရှင်မင်းကြီးက မယူချင်သော ကြောင့် အရှင့်ကျွန်သီး စစ်သူကြီးက ဇနီးပြုရလေ၏'ဟု လျှောက်ထားလေ၏။

သိဝိမင်းကြီးလည်း ထိုစကားကိုကြားလျှင် မြင်းမိုရ် ဖျားမှ လျှောကျသော အသူရာ၊ အသပြာတစ်ဘိန်းမျှ ဆုံး ရှုံးသော ယောကျ်ားကဲ့သို့ နှလုံးမသာမယာဖြစ်၍ ထိုနေရာ မှပင် ရထားကို ပြန်လှည့်စေကာ နန်းတော်သို့ ပြန်ဝင်လေ တော့သည်။

မင်းကြီးသည် နန်းတော်သို့ ရောက်သောအခါ သိရိ သယနပလ္လင်ထက် ပက်လက်တစောင်း ပြန်ပြောင်းအိပ်ကာ ဥမ္မာဒန္တီနတ်ဒေဝီကို ယုတ်မာမိုက်မဲ ပုဏ္ဏားမဲ့တို့ကြောင့် ငါလွဲခဲ့ရသည်။ ငါ့အား ဆုပေးဩအံ့။ တစ်ပါးဆုကို မယူ လို။ ဥမ္မာဒန္တီကိုသာ ရလိုပါ၏ စသည်ဖြင့် တသသ ရေ ရွတ်လျက် ရူးသွပ်ပုံလွှင့်လျက် ရှိနေလေ၏။

အဘိပါရက စစ်သူကြီးလည်း ခရီးမှ ပြန်ရောက်လာ သောအခါ ဖြစ်ကြောင်းကုန်စင် ကြားသိရသဖြင့် မင်းကြီး ထံ ဝင်ရောက်ခစားလေ၏။

'အရှင်မင်းကြီး·· အဘယ်ရောဂါ ကပ်ရောက်နေ သနည်း။ အဘယ်ဆန္ဒ မရလေသနည်း။ စားတော်မခေါ်၊ စက်တော်မပျော်ဘဲ တအော်ဟစ်ဟစ် တဖြစ်ဖြစ်နှင့် နွမ်း ညစ်တော်မူသနည်း။ အကျွန်ုပ်အား ပြောကြားပါလော့။ အရှင့်ဆန္ဒ ခဏချက်ချင်း ပြည့်ဝစေရပါမည်'ဟု မေး လျှောက်လေသည်။

မင်းကြီးလည်း မည်သည့်စကားကိုမျှမပြောဘဲ နေမြဲ နေတော်မူ၏။

ယင်းသို့အချိန်မှာပင် စစ်သူကြီးလည်း မင်းကြီး၏ အမတ်တစ်ယောက်အား ဤသို့ဆိုလေ၏။

'အို··အမတ်ကြီး၊ ငါတို့မင်းမြတ်ထံ၌ ကပ်ငြိနေသော အန္တရာယ်ကို မည်သူမျှ မသိနိုင်။ တန်ခိုးကြီးသော နတ်တို့

www.burmeseclassic.com

www.burmeseclassic.com

သာ သိနိုင်ရာ၏။ ငါတို့အရှင် နှစ်စဉ်ပူဇော်သော ညောင်ပင်စောင့်နတ်မင်းအား မေးမြန်းချေလော့’ဟု စေလွှတ်လိုက်၏။

အမတ်ကြီးက သွားရောက်မေးမြန်းလေသော်-

‘သင်တို့မင်းကြီး၌ အခြားရောဂါမရှိ။ အဘိပါရက၏နီး ဥမ္မာဒန္တီကို ရရှိမှုကား ချမ်းသာအံ့။ မရလျှင်မူ သေလတ္တံ့’ဟု ဆိုလိုက်၏။

အမတ်ကြီးလည်း လျင်မြန်စွာ ပြန်လာပြီးလျှင် စစ်သူကြီးထံ အကြောင်းစုံကို ပြန်ကြားလေ၏။

ထိုအခါ စစ်သူကြီးက ‘အရှင်မင်းမြတ်··ဖြစ်ရပ်မှန်ကို လျှို့ဝှက်ထားသော်လည်း နတ်မင်းများက သိနေကြပြီ။ အကျွန်ုပ်၏ ဥမ္မာဒန္တီကို အလိုရှိပါမူ သိမ်းယူတော်မူပါ။ ဤမိန်းမအတွက် ကြောင့်ကြဆင်းရဲမှု မဖြစ်ပါစေလင့်’ဟု လျှောက်ထားလေ၏။

သိဝိမင်းကြီးလည်း ငါ၏ဖြစ်ရပ်ကို နတ်တို့ကပင် သိလေပြီဟု ရှက်ခြင်း၊ ထိတ်လန့်ခြင်းတို့ ပြင်းထန်စွာ ခံစားနေရပြီး ချက်ချင်းထ၍-

‘စစ်သူကြီး··ငါသည် ပြည်၏ ဦးကင်းမင်း ဖြစ်ပါလျက် ရာဂသက်၍ သင်၏ ချစ်ဇနီးအား ဖျက်ဆီးခဲ့သော်ပြည်သူပြည်သား လူအများတို့ ငါ့အား ရှုတ်ချကဲ့ရဲ့ကြ၍မင်းသူခိုးဟု ဆိုကြလိမ့်မည်။ သွေးဖည်ဖောက်ပြန် ဤသည့်ကံကြောင့် သံသရာဝယ် အပါယ်လေးလီ မြစ်နဒီမှာ ပလုံစီနစ်ရချေတော့မည်။ သင့်မယား၌ တိမ်းပါးမိသော်လည်းသတိ၊ ပညာ ထားပါသမှု ဆင်ခြင်ရှုလျက် ငါမလုယက်ချစ်မဖျက်ပါ။ အသက်ရှည်စွာ သင်နှင့်သာလျှင် ကောင်းစွာပေါင်းဖက်ကြလော့’ဟု ဆို၏။

ထိုသို့ မင်းကြီးစကားကို ကြားရလျှင် အဘိပါရကစစ်သူကြီးလည်း မင်းကြီးနှင့်တူသော သူမြတ်ကား ဤလောက၌ ရှားပါးပေစွဟု ချီးပအံ့သြ၍ ကောင်းချီးစကားပြောပြီးလျှင် မိမိအိမ်သို့ ပြန်လာခဲ့လေ၏။

(ဤဇာတ်တော်၌ သိဝိမင်းကြီးကား ဘုရားအလောင်းတော်ဖြစ်၍ စစ်သူကြီးကား အရှင်သာရိပုတ္တရာအလောင်းဖြစ်၏။ ဥမ္မာဒန္တီကား ဥပ္ပလဝဏ်ထေရီအလောင်း ဖြစ်သည်။)

## လယ်စောင့်အမျိုးသမီးဘဝ

ဥမ္မာဒန္တီသည်လည်း ဤဘဝမှ စုတေလတ်သော် နတ်ပြည်၌ တစ်ကြိမ်စံပြီးမှ တစ်ဖန် လူ့ပြည်သို့ သက်ဆင်းလာ၍ ဗာရာဏသီပြည်အနီးရှိ ကျေးရွာလေးတစ်ရွာ၌ တောင်ယာအလုပ်ဖြင့် အသက်မွေးရသော သူဆင်းရဲမျိုး၌ ဖြစ်ရလေ၏။ အရွယ်ရောက်လတ်သော် မိဘတို့ လက်ငုတ်လက်ရင်းဖြစ်သော တောင်သူအလုပ်ကို လုပ်ရလေ၏။

တစ်နေ့သောအခါမှာတော့···

မိမိ၏လယ်တောကို စောင့်ထိန်းရန်အလို့ငှာ အိမ်မှထွက်လာခဲ့ရာ လမ်းခရီးအကြား၌ ကားကားစွင့်ပွင့်နေသော ပဒုမ္မာကြာအိုင်ကို တွေ့မြင်ရသဖြင့် ထိုအိုင်ထဲမှ ကြာပွင့်ငါးရာ၊ ကြာရွက်ငါးရာတို့ကို ဆွတ်ခူးယူဆောင်၍ လယ်စောင့်တဲသို့ လာခဲ့၏။ တဲသို့ရောက်သော် ကောက်နှံတို့ကိုယူ၍ ပေါက်ပေါက်ပွင့်ငါးရာကို ဖောက်လှော်ကာ နေလေ၏။

ထိုစဉ်ကာလ၌ နိရောဓသမာပတ်မှ ထလာစဖြစ်သော ပစ္စေကဗုဒ္ဓါတစ်ပါးသည် ဂန္ဓမာဒနတောင်မှ ကြွလာတော်မူရာ လယ်တဲအနီးသို့ ရောက်ရှိလာ၏။ လယ်စောင့်လုံမငယ်သည် အရှင်မြတ်အား ဖူးမြင်ရသော် ထက်သန်သော သဒ္ဓါတရားဖြင့် ငါးရာသောပေါက်ပေါက်တို့ကို အရှင်မြတ်၏ သပိတ်တော်၌ လောင်းထည့်ပြီးမှ ပဒုမ္မာကြာပန်းဖြင့် ဖုံး



www.burmeseclassic.com

လွှမ်းလျှုဒါန်းလိုက်၏။

ပစ္စေကဗုဒ္ဓါ ကြွချီသွားပြီး အတန်ငယ်ကြာမှ လယ်စောင့်လုံမငယ်လည်း ဤသို့အကြံရလေ၏။ ရဟန်းတို့ကား ကြာပန်းကို အလိုမရှိကုန်ရာဟု ကြံဆ၍ လျင်မြန်စွာ လိုက်သွားပြီး ပစ္စေကဗုဒ္ဓါ၏ သပိတ်ပေါ်မှ ကြာပန်းကို လှမ်းယူ၏။ မိမိလက်သို့ရောက်လျှင် ဆင်ခြင်ပြန်လေ၏။

ဤအရှင်များသည် လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ ငါလှူလိုက်လျှင် ကြီးမားသောဒါနတစ်ခုပင် ဖြစ်သည်။ ငါ မှား၍ ယူမိပြန်သည်ဟုဆို၍ ကြာပန်းကို သပိတ်ပေါ်သို့ တစ်ဖန်ပြန်ထားပြီးသော် ဝပ်ပြုရှိခိုးလျက် 'အရှင်ဘုရား..အကျွန်ုပ်သည် ဤကြာပန်းကို လှူဒါန်းရသော ကုသိုလ်ကံစေတနာကြောင့် တမလွန်ဘဝ ဖဝါးချရာ မြေမျက်နှာထက် ပဒုမ္မာကြာ ထွက်ခံလာသည် ဖြစ်စေသော၊ ပေါက်ပေါက်လှူဒါန်းရသော ကုသိုလ်ကံကြောင့် အရှင်ကဲ့သို့ သားကောင်းငါးရာကို ရလိုပါသော' ဆုတောင်းလေ၏။

ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်လည်း အနုမောဒနာပြု၍ ကြွတော်မူလေ၏။ အလှူရှင် လယ်စောင့်လုံမငယ်လည်း အသက်အတိုင်းနေ၍ ထိုဘဝမှ စုတေလတ်သော် တာဝတိံသာနတ်ပြည်၌ ဖြစ်ရပြန်လေ၏။

လူ့ဘဝက ကြာပန်းလှူခဲ့သော အကျိုးဆက်ကြောင့် ဖဝါးလှမ်းတိုင်းသော အကွက်၌ လှည်းဘီးစက်ပမာဏရှိသော ပဒုမ္မာကြာတို့သည် ပေါက်ကာ,ပေါက်ကာ ခံလာသောကြောင့် ပဒုမဝတီနတ်သမီးဟု ထင်ရှားလေ၏။

**<u>ပဒုမဝတီ အမည်ထင်ရှား</u>**

ထိုနတ်သမီးဘဝမှ စုတေပြန်သော် ဟိမဝန္တာတောကြီး အနီးရှိ ကြာအိုင်ကို အမှီပြု၍ တစ်ခုသော ကြာငုံအတွင်း၌ ပဋိသန္ဓေတည်လာ၏။ ထိုကြာအိုင်ကို မှီခို၍နေသော ရသေ့ကြီးတစ်ပါးသည် နံနက်ချိန်ခါ၌ မျက်နှာသစ်ရန်အလို့ငှာ ကြာအိုင်သို့သွားလေသော် အခြား,အခြားသော ကြာတို့မှာ ပွင့်လန်းနေပါလျက် မပွင့်သေးသော ကြာငုံကြီးတစ်ခုကို မြင်ရ၍ တစ်စုံတစ်ခုသော အကြောင်းဝိသေသ ရှိလေမည်ဟု ဆင်ခြင်လျက် ရေသို့ဆင်းသက်ကာ ကြာပွင့်ကို ကိုင်တွယ်ကြည့်ရှုလေ၏။ ယင်းသို့ကြည့်ရှုနေစဉ် ပွပွကားကားပွင့်လာသဖြင့် ကြာတိုက်အတွင်း၌ အိပ်လျက်ပါလာသော သူငယ်မကို တွေ့မြင်ရလေ၏။

ရှင်ရသေ့လည်း သမီးဟူသောအမှတ်ဖြင့် ချစ်ခင်ကြင်နာစွာပွေ့ပိုက်၍ ကျောင်းသို့ပြန်လာပြီး သလွန်ညောင်စောင်း ထက်၌ ချထား၏။ အမိဋ္ဌာန်ဖြင့် လက်ချောင်းမှ နို့ထွက်စေ ပြီး သနားကြင်နာစွာ မွေးမြူပြုစုလေ၏။ သတို့သမီးငယ် သည် ထိုမှ,ဤမှ သွားလာနိုင်သောအခါ ဖဝါးလှမ်းရာ, လှမ်းရာ၌ ပဒုမ္မာကြာပွင့်တို့သည် မြေမှထွက်ပေါ်၍ ခံလာ ကုန်၏။ ကိုယ်၏ အဆင်းအဝါမှာလည်း ပဒုမ္မာကြာဝတ် အလျှံ ကုက္ကုမံဝတ်မှုန်စုကဲ့သို့ ရှုချင်စဖွယ် တင့်တယ် လျောက်ပတ်၍ နတ်သမီးအသွင် ထင်မှတ်ရ၏။ ပဒုမဝတီ ဟူသော အမည်ကို ခေါ်ဝေါ်သမုတ်၏။ အဘရသေ့ကြီး လည်း နေ့စဉ်နေ့တိုင်း သစ်သီးကြီးငယ်များ ရှာဖွေရန် တောသို့ ဝင်သောအခါ သမီးငယ်ကို တစ်ယောက်တည်းပင် ထားခဲ့ရ၏။

**<u>မိဖုရားဘဝ မြှောက်စားခံရ</u>**

တစ်နေ့သောအခါမှာတော့ တောလိုက်မုဆိုးတစ်ဦး သည် ခရီးလွန်၍ အဘရသေ့နေထိုင်ရာ ကျောင်းသခ်မ်းသို့ ရောက်ရှိလာခဲ့ရာ အရွယ်ရောက်[illegible]ဖြစ်သော ပဒုမဝတီ ကို တွေ့မြင်ရလေ၏။

'ငါတို့လူ့ခွင်၌ မမြင်စဖူး ထူးမြတ်တင့်တယ် အံ့ဩ ဖွယ်သော ဤသတို့သမီးကား လူသားစင်စစ် ဖြစ်လေ သလော။ နဂါး၊ ဂဠုန်၊ သိကြား၊ ဂန္ဓဗ္ဗတို့ပင် တောရစခန်း သို့ ရောက်လာလေသလော။ အကယ်၍ လူဖြစ်ပါက မိဘ ဆွေညာ ရှိတန်ရာ၏။ ငါ သိအောင်စုံစမ်းဦးအံ့'ဟု ကြံဆ ၍ အခြေအနေကို စောင့်ကြည့်နေလေ၏။

အဘရသေ့ကြီး တောထဲမှ သစ်သီးများရှာဖွေ၍ ပြန် လာသည်ကို မြင်လေသော် သတို့သမီးငယ်သည် ပြေးသွား ၍ အဘရသေ့လက်မှ ပါလာသော ပရိက္ခရာတို့ကို လှမ်းယူ လျက် နေရာခင်းခြင်း၊ ခြေသုတ်ခြင်း၊ ယပ်ခတ်ပေးခြင်း စသည့် ဝတ်ကြီး,ဝတ်ငယ်တို့ကို ပြုစုလေ၏။ ထိုသို့ပြုလု သည်ကို မုဆိုးမြင်ရလေမှ ဧကန်လူဖြစ်ကြောင်း သိရလေ ၏။

တောလိုက်မုဆိုးလည်း ရသေ့ကြီးအား ရှိသေစွာဝပ် လေရာ ရသေ့ကြီးက မုဆိုးအား စားဖွယ်သောက်ဖွယ် ဖြင့် ကျွေးမွေးပြီးလျှင် 'အသင်မုဆိုး..လူတို့ရပ်ရွာ ရောက်သောကာလ ငါ့သမီးရှိကြောင်းကို မပြောဘဲ နေ ပါအံ့လော'ဟု မေးလေ၏။

မုဆိုးကလည်း အဘယ်အကျိုးရှိ၍ သူ့ဒေ်ပါး ပြောကြားအံ့ပါနည်းဟုဆို၍ ရသေ့ကြီးအား ရှိခိုးပြီး



www.burmeseclassic.com

www.burmeseclassic.com

လမ်းခရီးစဉ်ကို မှတ်သား၍ ဗာရာဏသီပြည်သို့ ပြန်လာခဲ့လေ၏။

တစ်ဆက်တည်းပင် ဗာရာဏသီပြည့်ရှင်ဘုရင်ကြီးအား အလုံးစုံသော အကြောင်းကို လျှောက်ထားလေ၏။

ဗာရာဏသီပြည့်ရှင်မင်းကြီးသည်လည်း အကြောင်းစုံကို သိရှိရလေသော် ဝမ်းသာစွာဖြင့် မှူးမတ်ဗိုလ်ပါ ခြံရံလျက် မုဆိုးလမ်းညွှန်သည့်အတိုင်း တိုင်းပြည်မှ ထွက်လာခဲ့ရာ ရသေ့ကျောင်းအနီးသို့ ရောက်လတ်သော် သစ်တပ်မြို့တည်၍ ယာယီနေထိုင်၏။ ရှင်ရသေ့ကြီးအား ရဟန်းပရိက္ခရာများ လှူဒါန်း၍ ချိုသာယဉ်ကျေးသောစကားများ ပြောဆိုဆက်ဆံ၏။

ထိုသို့ပြောဆိုဆက်ဆံ၍ ရင်းနှီးခင်မင်လာသောအခါ မင်းကြီးက-

'ဘုန်းတော်ကြီးသော အရှင်ရသေ့..အရှင့်ထံ၌ ရဟန်းတို့နှဲ့ မလျော်ကန်သော ဝိသဘာဝပုဂ္ဂိုလ်ရှိကြောင်း ကြားသိရ၍ အကျွန်ုပ်လာခဲ့ရခြင်း ဖြစ်ပါတယ်။ ထိုမိန်းမငယ်ကို အကျွန်ုပ်အား ဆောင်နှင်းတော်မူပါ'ဟု တောင်းခံလေ၏။

ထိုအခါ ရသေ့ကြီးက 'အရှင်မင်းကြီး..ငါ့သမီးကား ခွေမျိုးနည်းပါး အားကိုးစရာလူတစ်ဦးမျှ မရှိချေ။ မင်းကြီးတို့ကား မောင်းမမိဿံ ခြွေရံပေါများလှ၏။ မနာလိုအားထုန်းချောပြားက သနားမကြင် အပြစ်မြင်ကာ မညှာမထောက် ပြုတတ်ပါ၏။ သို့ပါ၍ ငါ့သမီးအား မင်းကြီးထံဆောင်နှင်းဖို့ရန် ခက်ခဲပါသည်'ဟု ဆို၏။

'အရှင်ရသေ့...စိုးရိမ်တော်မမူပါလင့်။ သူတစ်ထူးမနိုပ်စက်ရအောင် အဂ္ဂမဟေသီ ပြုပါအံ့'ဟု ဝန်ခံလေ၏။

ထိုသို့ ဝန်ခံချက်ရသောအခါ အရှင်ရသေ့ကြီးက ပဒုမဝတီကိုခေါ်၍ သင့်လျော်သော ဆုံးမဩဝါဒပေးပြီးလျှင် မင်းကြီးအား ဆောင်နှင်းပေးလိုက်၏။

မင်းကြီးလည်း အရှင်ရသေ့ကြီးအား ရှိသေစွာ ကန်တော့ပြီးနောက် ပဒုမဝတီနှင့်အတူ နေပြည်တော်သို့ ပြန်လာခဲ့လေ၏။

<u>မောင်းမတို့ ပဒုမဝတီကို မနာလို</u>

ဗာရာဏသီပြည့်ရှင်မင်းကြီးလည်း ပဒုမဝတီကိုရသည့်နေ့မှစ၍ အခြားသော မိဖုရားများနှင့် ထိတွေ့ဆက်ဆံမှုမပြုတော့ဘဲ ပဒုမဝတီနှင့်သာ စံနေတော်မူ၏။ သို့ဖြစ်၍ မိဖုရားမောင်းမတို့က ပဒုမဝတီအပေါ် ငြူစူကုန်လျက် ဖျက်ဆီးရန် ကြံဆလေ၏။

'အရှင်မင်းကြီး..ဤပဒုမဝတီကား လူသားစေတီ မဟုတ်။ မနုဿစစ်စစ် ဖြစ်သောသူတို့မှာ ဖဝါးချရာ,ချရာ၌ ကြာခံလာရသည်ဟု တစ်ခါမျှ မကြားဖူးပါချေ။ နတ်ဘီလူးတို့၏ အမျိုးသာလျှင် ကြာခံလာကြောင်း ကြားဖူးပါသည်။ အရှင့်မိဖုရားကား လူသားစေတီ မဟုတ်။ နာနာရုပ်ဖြင့် ပြုလုပ်ထားသော နတ်ဘီလူးမသာ ဖြစ်ပါလိမ့်မည်။ အကျွန်ုပ်တို့ သူနှင့်အတူ မနေဝံ့ပါ။ အကျွန်ုပ်တို့အား စွန့်ခွာလိုက စွန့်တော်မူပါ။ ပဒုမဝတီကို ပစ်ခွာလိုက ပစ်ခွာတော်မူပါ'ဟု ဆိုကြကုန်၏။

ယင်းကဲ့သို့ အကြိမ်ကြိမ်အခါခါ လျှောက်ထားသော်လည်း မင်းကြီးက တစ်ခွန်းမျှ စကားမပြန်ဘဲ ငြိမ်သက်နေလေ၏။

ဤသို့ဖြင့် နေထိုင်လာခဲ့ရာ နှစ်၊ လ ရာသီတွေ အလီလီကူးပြောင်း အဟောင်းတွေ ချုပ်ငြိမ်း၍ အသစ်တွေ ထွက်ပေါ်လာသော တစ်နေ့မှာတော့ ပဒုမဝတီ၌ ပဋိသန္ဓေ ခလေ၏။ ထိုစဉ်ကာလ ဗာရာဏသီပြည်စွန် နယ်ခြား၌ ပုန်ကန်သောင်းကျန်းမှု ဖြစ်ပွားနေသည့်အတွက် မင်းကြီး ကိုယ်တိုင် သွားရောက်နှိမ်နင်းရလေ၏။

ထိုသို့ မင်းကြီး မရှိခိုက်တွင် ငါးရာသော မောင်းမတို့သည် ပဒုမဝတီ၏ အလုပ်အကျွေး မိန်းမအား တံစိုးလက်ဆောင်များပေး၍ 'သင်၏အရှင်မ သားဖွားသောအခါ ဖွားလာသော သားကို ငါတို့ အားပေးပါလော့။ သစ်တုံးဖြတ်တစ်ခုကိုသာ သားအဖြစ် ပြု၍ထားပါ'ဟု မှာကြားပြောဆို၏။

အလုပ်အကျွေး မိန်းမသည်လည်း ကောင်းပါပြီဟု ဝန်ခံ၍ အသင့်ပြုထားလေ၏။

မကြာသော ကာလမှာပင် ပဒုမဝတီမိဖုရားလည်း ပဒုမမင်းသားကို မွေးဖွားသန့်စင်ပြီး တစ်ချိန်တည်းမှာပင် ကိုယ်ဝန်အညစ်အကြေး သွေးပေါက်သွေးစက်တို့၌ လေးရာကိုးဆယ့် ကိုးယောက်သောသူတို့သည် သံသေဒဇြေတွယ်ကြ၍ ငါးရာမျှသော မင်းသားများ ဖြစ်လာကြကုန်၏။ အလုပ်အကျွေး မိန်းမလည်း ထိုငါးရာမျှသော သားတို့ကို မောင်းမငါးရာတို့အား ပေးအပ်ခဲ့ပြီး သစ်တုံးပြတ်ကိုသာ သွေးများ လိမ်းကျံကာ သားအဖြစ် ထားလေ၏။

ပဒုမဝတီမိဖုရားလည်း သားကို မွေးဖွားပြီးနောက် မောပန်း၍ မိန်းမောနေရာမှ သတိပြန်ရလာသော် အလုပ်အကျွေး မိန်းမကိုခေါ်၍ အကျွန်ုပ်မွေးဖွားသောသား အဘယ်



www.burmeseclassic.com

www.burmeseclassic.com

မှာလဲဟု မေးမြန်းရာ 'အရှင်မ သားကား ဤသစ်တုံးပင် ဖြစ်ပါသည်'ဟု ပြောဆိုလေ၏။

ပဒုမဝတီ မိဖုရားလည်း နှလုံးမသာမယာ ရှက်နိုးစွာဖြင့် လျင်စွာခွဲပစ်ပါလော့။ ဤကိစ္စကို မည်သူ့ကိုမျှ မသိစေနှင့်ဟု နှုတ်ပိတ်နေရန် ပြောဆို၏။

မင်းသားငယ်ငါးရာကို ယူဆောင်ကြသော မောင်းမငါးရာတို့လည်း ပန်းထိမ်သည်ထံ သွားရောက်ကြပြီးသော် ကြုတ်များကို ပြုလုပ်စေပြီးလျှင် ထိုကြုတ်များထဲ၌ သားငယ်ငါးရာကို သိပ်ထား၍ တံဆိပ်ရေးမှတ်ကာ ကောင်းစွာသို့ဝှက်ထားကြ၏။ ထိုသားငယ် ငါးရာတို့ကို ကြုတ်ထဲ၌ သိပ်ထားသော နေ့မှာပင် မင်းသားတို့၏ ဘုန်းတန်ခိုးကုသိုလ်ကြောင့် လက်မမှ နို့ရည်များ ယိုစိမ့်ထွက်လာသည်ဟု ဆိုပါသည်။

ပုန်ကန်သူများကို နှိမ်နင်းအောင်မြင်၍ မင်းကြီးလည်း နေပြည်တော်သို့ ပြန်ရောက်လာခဲ့ရာ ငါးရာသောမောင်းမတို့က ခရီးဦးကြိုဆိုကြလျက် ပဒုမဝတီမိဖုရားမှ သစ်တုံးကို မွေးဖွားကြောင်း၊ ဘီလူးမသာဖြစ်ကြောင်း လျှောက်ထားကြလေ၏။ မင်းကြီးလည်း မောင်းမတို့၏ လျှောက်တင်သောစကားကို ယုံကြည်သက်ဝင်ကာ ပဒုမဝတီမိဖုရားအား နန်းတော်မှ ထွက်ခွာသွားရန် နှင်ထုတ်လေ၏။ ပဒုမဝတီမိဖုရားသည်လည်း ရှေးရှေးဘဝတစ်ခုက ပြုမိခဲ့သော အကုသိုလ်ကံဆိုးသည် အကျိုးပေးမည့်အချိန် ရောက်လာပြီဖြစ်သဖြင့် နန်းတော်မှ တစ်ယောက်တည်း ဆင်းသက်လာခဲ့၏။ ထိုအချိန်မှစ၍ ခြေဖဝါးချတိုင်း ထွက်ပေါ်လာသော ပဒုမ္မာကြာပန်းတို့လည်း ကွယ်ပျောက်ခဲ့ရသလို နတ်တို့၏ ကိုယ်ရောင်ကဲ့သို့ ထွန်းပသော ကိုယ်ရောင်တို့သည်လည်း ကွယ်မကုန်လေ၏။

ထိုကဲ့သို့ ပဒုမ္မာအငြိုး အဖြစ်ဆိုးကြောင့် အားငယ်နေရရှာသော ပဒုမဝတီသည် လမ်းကြုံလမ်းကြားမှ ဖြတ်သန်းလာခဲ့ရာ မြို့စွန်အဖျား၌ နေထိုင်သော အဘွားအိုတစ်ဦး၏ အိမ်အနီးသို့ ရောက်ရှိခဲ့လေ၏။ အဘွားအိုသည် ပဒုမဝတီအား မြင်လျှင်မြင်ချင်း သမီးအရင်းကဲ့သို့ ချစ်ခင်နှစ်သက်ပြီး လာရောက်ရသောအကြောင်းကို မေး၏။

ပဒုမဝတီက 'အို့..မိခင်၊ အကျွန်ုပ်ကား ခရီးသွား အာဂန္တု ဖြစ်ပါတယ်။ တည်းခိုရန်အလို့ငှာ လာရောက်ခြင်း ဖြစ်ပါသည်'ဟု ပြော၏။

ထိုအခါ အဘွားအိုက 'ချစ်သမီး..မည်သို့မျှ စိတ်ဆင်းရဲခြင်း မဖြစ်ပါလေနဲ့။ မိခင်အိမ်ဟု မှတ်ယူ၍ အေးချမ်းပျော်ရွှင်စွာ နေထိုင်ပါလေ'ဟု ဆိုကာ သမီးအရင်းကဲ့သို့ စောင့်ရှောက်ထားလေ၏။

**မောင်းမတို့ လုပ်ကြံမှုကြီး ပေါ်လာပြီ**

မင်းသားငယ်တို့ကို ဝှက်ထားသော မောင်းမငါးရာတို့သည် မင်းကြီးအား မင်းကြီး စစ်ထွက်သွားစဉ် စစ်အောင်နိုင်ရန်အတွက် ဂင်္ဂါနတ်တို့ကို ပူဇော်ဆုတောင်းခဲ့ပါကြောင်း၊ ယခု စစ်အောင်တော်မူသဖြင့် ဂင်္ဂါသဘင်ကျင်းပ၍ ပျော်ရွှင်တော်မူပါ'ဟု လျှောက်ထား၏။

မင်းကြီးလည်း ဂင်္ဂါသဘင်ကို စီရင်တော်မူလေသော် ငါးရာသော မောင်းမတို့သည် မိမိတို့ဝှက်ထားသော ကြုတ်တို့ကို ရေသို့သက်၍ မျှောချလေကုန်၏။ ထိုကြုတ်များမှာ ရေတွင် မျောပါလျက် ကာရံထားသော ပိုက်ကွန်တွင် ငြိတွယ်ကုန်သဖြင့် မင်းကြီးသည် ရေမှတက်၍ ပိုက်ကွန်တို့ကို ဖော်စေသောအခါ ကြုတ်တို့ကို တွေ့ရှိရလေ၏။

ထိုအခါ မင်းကြီးက ကြုတ်ငါးရာကို ဖွင့်ကြည့်လိုက်ရာ ရွှေအဆင်းရှိသော မင်းသားငယ်တို့အား တွေ့ရှိရလေ၏။ ကြုတ်၌ပါရှိသော အက္ခရာတံဆိပ်ကို ကြည့်ရှုပြန်ရာ မင်းသားတို့ကား မိဖုရားပဒုမဝတီ၏ ဝမ်းကြာတိုက်မှ ဖွားမြင်သော ဗာရာဏသီမင်းကြီး၏ သားတော်တို့တည်းဟူသော တံဆိပ်ကို တွေ့ရလေ၏။ ဤတံဆိပ်ကား မောင်းမငါးရာတို့ ကြုတ်အတွင်းသို့ သွင်းသည့်နေ့၌ပင် နောင်တွေ့သောအခါ မင်းကြီး သိနိုင်စေရန် သိကြားမင်းက လာရောက်၍ ရေးသားခဲ့ခြင်း ဖြစ်သတည်း။

ဗာရာဏသီမင်းကြီးသည် မိမိသားအရင်း ဖြစ်သည်ကို သိရလေသော် သည်းအူစိမ့်မျှ ချစ်ခင်မြတ်နိုးလျက် ပဒုမမင်းသားကို ချီမ၍ မှူးမတ်တို့အားလည်း ကြွင်းသော သားငယ်တို့ကို ထိန်းသိမ်းစောင့်ရှောက်စေလျက် ဗိုလ်ပါများနှင့် အတူတကွ နန်းတော်သို့ ဝင်တော်မူလေ၏။ မင်းကြီး နန်းတော်သို့ ပြန်ရောက်သောအခါ ဆင်တော်၏လည်ကုပ်တွင် အသပြာတစ်ထောင်ထုပ်ကိုဆွဲ၍ နေပြည်တော်အတွင်း လှည့်လည်ကာ ပဒုမဝတီကို စုံစမ်းလေ့လာ ရှာဖွေကြစေ။ ပဒုမဝတီကို ပြသနိုင်သူအား အသပြာထောင်ထုပ်ကို ပေးသနားစေဟု အမိန့်တော်မှတ်လေ၏။

မင်းချင်းတို့လည်း ကြေညာမောင်းတီးခတ်၍ စုံစမ်းရှာဖွေလေသော် မိဖုရားတည်းခိုနေထိုင်သော အိမ်ရှေ့သို့ ရောက်ရှိလာ၏။ ကြေညာမောင်းခတ်သော အမိန့်အတိုင်း ပဒုမ

www.burmeseclassic.com

www.burmeseclassic.com

ဝတီ ကြားသိလေသော် "အို..မိခင်၊ ဆင်၏လည်ကုပ်၌ ဆွဲထားသော အသပြာတောင်ထုပ်ကို ယူချေပါလော့။ မင်းချင်းတို့က ပဒုမဝတီကို သိပါသလားဟုမေးလျှင် သိပါသည်ဟု ဆိုလေလော့"ဟု ဆိုစေလိုက်လေ၏။

ထိုအခါ အဘွားအိုက ငါ့သမီး မပြနိုင်လျှင် မခက်ပါလောဟုဆို၍ အသပြာထုပ်ကို မယူဘဲ နေလေ၏။

"အို..မိခင်၊ မစိုးရိမ်ပါလင့်။ ဆင်လည်ကုပ်မှ အသပြာထုပ်ကို ယူဖြစ်အောင်သာ အမြန်ယူလိုက်ပါ"ဟု ထပ်မံပြောဆိုပြန်လေ၏။

ထိုအခါမှ အဘွားအိုလည်း အသပြာထုပ်ကို ယူလေသော် မင်းချင်းတို့လည်း အဘွားအိုနှင့်အတူ အိမ်သို့ လိုက်လာကြရာ အိမ်၌ ရောက်ရှိနေသော ပဒုမဝတီကို တွေ့မြင်ရလေလျှင် ရိုသေစွာ ဦးညွှတ်ကြလျက် အိမ်တွင်းအိမ်ပြင် လှပစွာ တန်ဆာဆင်ပြီးမှ မင်းကြီးအား ပဒုမဝတီကို တွေ့ရှိပါကြောင်း လျှောက်ထားလေ၏။

မင်းကြီးလည်း ကြီးကျယ်သော အခမ်းအနားကြီး ပြုလုပ်တန်ဆာဆင်ပြီးမှ မင်္ဂလာရထားဖြင့် တင်ဆောင်လေ၏။ မိဖုရားလည်း ရထားမစီးမူဘဲ မိမိဘုန်းတန်ခိုးအာနုဘော်ကို ပြည်သူတို့ သိမြင်စေခြင်းငှာ ခြေဖြင့် ကြွလာလတ်သော် ဖဝါးချရာ,ချရာဌာန၌ လှည်းဘီးပမာဏရှိသော ပဒုမ္မာကြာသည် ထွက်ကာ,ထွက်ကာ ခံလာ၍ ဖဝါးချီသော့အခါမှ ထိုကြာပန်းလည်း ကွယ်ပလေ၏။

မိဖုရားပဒုမဝတီသည် နန်းတော်သို့ရောက်လျှင် လှမ်းတစ်လျှောက် ခင်းကျင်းထားသော အဝတ်တန်ဆာ ရတနာ ရွှေ,ငွေတို့ကို စောင့်ရှောက်ကျွေးမွေးခဲ့သော အဘွားအိုအား ပေးလေ၏။ မင်းကြီးကလည်း ယခင် ငါးရာသောမောင်းမတို့ကို ပဒုမဝတီအား ကျွန်အလို့ငှာ ပေးအပ်လေ၏။ မိဖုရားကြီးက ထိုမောင်းမတို့သည် မကောင်းကြ၍ ကျွန်ခံရကြောင်းကို မြို့တော်လေးပြင်လေးရပ်သို့ စည်တော်ဖြင့် လှည့်လည်တီးခတ်၍ အသိပေးကြေညာစေသည်။

ထို့နောက်မှာတော့ မင်းကြီးထံခွင့်ပန်၍ သဘောထားကြီးစွာဖြင့် သည်းခံခွင့်လွှတ်ပြီး မောင်းမငါးရာတို့အား ကျွန်အဖြစ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်လေ၏။ တစ်ဆက်တည်းပင် မိဖုရားကြီး ပဒုမဝတီက မဟာပဒုမမင်းသားကို မွေးမြူ၍ ကြွင်းသောမင်းသားငယ် (၄၉၉)ယောက်တို့ကို မောင်းမငယ်တို့အား အသီးသီး ကျွေးမွေးပြုစုစေခဲ့သည်။

## မင်းသားငါးရာ ပစ္စေကဗုဒ္ဓါဖြစ်ကြခြင်း

အရွယ်ရောက်လာပြီဖြစ်သော မင်းသားတို့သည် တစ်နေ့သောအခါ ဆော့ကစားကြရင်း ရေကန်ကြီး၌ ကြာပန်းတို့သည် နံနက်ခင်းပွင့်စအချိန်အခါတွင် လွန်စွာလှပတင့်တယ်၍ ညချမ်းကာလ ရောက်သောအခါ၌ ညှိုးနွမ်းလာသည်ကို တွေ့မြင်လေလျှင် ကြာပန်းကြာပွင့်တည်းဟူသော အနုပါဒိန္နကရုပ်သည် ဝယပတ္တအနိစ္စသဘော ဖြစ်ကြသေးလျှင် ဥပါဒိန္နကဖြစ်သော ငါတို့၏ရုပ်နာမ်ခန္ဓာသည်ကား အဘယ်မှာ လွန်ဆန်နိုင်အံ့နည်းဟု ဝိပဿနာရှုပွားဆင်ခြင်ကြလေရာ ထိုခဏမှာပင် မင်းသားများသည် ပစ္စေကဗုဒ္ဓါများ ဖြစ်လေကုန်၏။

ထိုသို့ဖြစ်သောအခါ ကြာပွင့်ချပ်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေကြသည်ကို နောက်ပါအခြံအရံတို့ တွေ့မြင်လေလျှင် "အရှင့်သားတို့..နန်းတော်သို့ ပြန်ဖို့ရန် အချိန်တန်ပါပြီ။ ရေကန်မှ တက်တော်မူကြပါလော့"ဟု လျှောက်ထား၏။

ထိုသို့လျှောက်ထားသည်ကို မင်းသားတို့က လုံးဝစကားမပြန်ကြဘဲနေသဖြင့် မင်းကြီးထံ လျှောက်တင်ပြန်ရာ "ငါ့သားတို့ဆန္ဒအတိုင်း နေလိုတိုင်းနေစေ။ သင်တို့သာ စောင့်ရှောက်လေ"ဟု ဆိုသဖြင့် ညဉ့်သုံးယံပတ်လုံး စောင့်နေရ၏။

နံနက်လင်းသောအခါ "အရှင့်သားတို့ နန်းတော်သို့ ဝင်တော်မူပါ"ဟု လျှောက်ထားလေသော် "အသင်မင်းချင်းတို့..ငါတို့ကား မင်းသားမဟုတ်တော့၊ ပစ္စေကဗုဒ္ဓါ ဖြစ်ကြပြီ"ဟု ဆိုလေ၏။

မင်းချင်းတို့ကလည်း ပစ္စေကဗုဒ္ဓါမည်သည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ သင်္ကန်းပရိက္ခရာအစုံနှင့် ဖြစ်ပါသည်။ ဝန်လေးသောစကားကို မဆိုကြလင့် လျှောက်ထားလေလျှင် ရဟန်းအသွင်သို့ ညွှတ်သောစိတ်ဖြင့် မိမိတို့၏ဦးခေါင်းကို လက်ဖြင့် သုံးသပ်လေသော် လူအသွင်ကွယ်ပ၍ ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းအသွင်ကို ရကြကုန်လေ၏။ ယင်းသို့ ရဟန်းအသွင်ဖြင့် ကောင်းကင်ခရီးမှ ဂန္ဓမာဒနတောင်သို့ ကြွတော်မူကြလေ၏။

## လက်လုပ်စားအိမ်ရှင်မဘဝ

ပဒုမဝတီမိဖုရားသည်လည်း ထိုအကြောင်းကို ကြားရလေသော် ငါသည်ကား သားအများကို မွေးဖွားရပါလျက် ငါ၏ထံ၌ တစ်ယောက်မျှမရှိ။ နိပ္ပတ္တက ဖြစ်ရချေပြီဟု စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကြီးစွာဖြစ်လျက် ကြေကွဲအံ့နည်း

www.burmeseclassic.com

သော ဝေဒနာဖြင့် ကြမ္မာကုန်ခဲ့ရပြီးနောက် ရာဇဂြိုဟ်မြို့ အနီးရှိ ရွာငယ်တစ်ရွာ၌ လယ်သမားကြီး၏သမီး ဖြစ်ရပြန်လေ၏။

ချိန်ခါရွယ်ရောက်လူလားမြောက်လာသည့်ကာလ အိမ်ထောင်ပြုပြီးလျှင် အစဉ်အလာဖြစ်သော လယ်ယာလုပ်ငန်းကို လုပ်ဆောင်ရလေ၏။ တစ်နေ့သောအခါ လင်ယောကျ်ားအတွက် ယာဂုပို့ဆောင်ရန် လယ်တောသို့ ထွက်လာခဲ့သည်။ ထိုစဉ် ဘဝဟောင်းက မိမိသား ဖြစ်ခဲ့ဖူးသော ပစ္စေကဗုဒ္ဓါငါးရာတို့မှ ရှစ်ပါးသော ပစ္စေကဗုဒ္ဓါတို့သည် ကောင်းကင်ခရီးမှ ကြွလာသည်ကို မြင်ရသဖြင့် လင်ယောကျ်ားအား 'အရှင်..ကောင်းကင်မှ ကြွလာသော ပစ္စေကဗုဒ္ဓါတို့ကို ရှုစမ်းပါလော့။ ထိုရဟန်းတို့ကို ပင့်ဖိတ်၍ ဆွမ်းလှူဒါန်းကုန်အံ့' ဟု ဆို၏။

ထိုအခါ လင်ယောကျ်ားက 'ဤပုဂ္ဂိုလ်တို့ကား ရဟန်းငှက် မည်ကုန်၏။ အဘယ်ဌာန၌ ဆင်းသက်ကြမည်ကို မသိနိုင်' ဟု ဆို၏။

ထိုသို့ ဇနီးမောင်နှံနှစ်ဦးတို့ ပြောဆိုနေကြစဉ်အချိန်မှာပင် ပစ္စေကဗုဒ္ဓါတို့သည် ကောင်းကင်မှ ဆင်းသက်လာ၍ ၎င်းတို့နှစ်ဦးအနီး၌ ရပ်တော်မူကုန်၏။ လယ်ရှင်မိန်းမလည်း ပစ္စေကဗုဒ္ဓါတို့အား ပင့်ဖိတ်၍ အသင့်ရှိနေသော ဆွမ်း၊ ခဲဖွယ်တို့ဖြင့် ဆက်ကပ်ပြီးလျှင် 'အရှင်မြတ်ရှစ်ပါးတို့.. မနက်ဖြန်မှာလည်း တပည့်တော်မ၏ဆွမ်းကို အလှူခံတော်မူပါ' ဟု ဖိတ်ကြား၏။



ပစ္စေကဗုဒ္ဓါတို့ကလည်း 'ဒါယိကာမကြီး လှူဒါန်းသော ဆွမ်းကိုလည်းကောင်း၊ နေရာကိုလည်းကောင်း ရှစ်ပါးစာအတွက်သာ ရှိပါစေ။ ကုသိုလ်စေတနာတရား ပြန့်ပွားရအောင် ငါးရာသောရဟန်းတို့ ကြွလာအံ့' ဟု မိန့်ဆို၍ ပြန်ကြွလေ၏။

နံနက်မိုးသောက် အလင်းရောက်သောအခါ ရှစ်ပါးသော ပစ္စေကဗုဒ္ဓါတို့သည် ကြွင်းသော လေးရာ ကိုးကျိပ်နှစ်ပါးတို့အား 'သင်တို့မိခင် ဖြစ်ခဲ့ဖူးသော ဒါယိကာမကြီးအား ချီးမြှောက်သောငှာ တစ်ပါးနေရာသို့ ဆွမ်းခံမကြွမူဘဲ ငါတို့နှင့်အတူ လိုက်ခဲ့ပါကုန်' ဟုဆို၍ ထိုရဟန်းငါးရာလုံးပင် ကောင်းကင်ခရီးမှ ကြွလာကြလေ၏။

ဒါယိကာမကြီးလည်း မှာခဲ့သည့်ဆွမ်း၊ နေရာထိုင်ခင်းတို့ကိုသာ စီမံထားသည်ဖြစ်ရာ ငါးရာသောရဟန်းတို့ ရောက်လာသဖြင့် ဝမ်းမြောက်ဝမ်းသာစွာ နေရာပြင်ခြင်းငှာ အားထုတ်လေ၏။

ပစ္စေကဗုဒ္ဓါတို့လည်း မိမိတန်ခိုးအားဖြင့် အိမ်ကိုလည်းကောင်း၊ နေရာထိုင်ခင်းကိုလည်းကောင်း တိုးပွားစေရန် ရဟန်းငါးရာလုံးပင် ထေရ်စဉ်ဝါလိုက် နေထိုင်ကြလေ၏။ ဒါယိကာမကြီးလည်း ရှိသမျှသော ဆွမ်း၊ ဘောဇဉ်တို့ကို ပြင်ဆင်လေရာ ရှစ်ပါးအတွက်သာ ရည်မှန်းပြုလုပ်ထားသော ဆွမ်း၊ ဘောဇဉ်တို့မှာ တိုး၍,တိုး၍ များများလာပြီး ရဟန်းငါးရာအတွက်ပင် လုံလောက်ပြည့်စုံစွာ ဆက်ကပ်လှူဒါန်းနိုင်ခဲ့လေ၏။

ထိုသို့ ရဟန်းတို့အား ဆွမ်းဆက်ကပ်ပြီးနောက် ပစ္စေကဗုဒ္ဓါရှစ်ပါးတို့အား ကြာညိုပန်းတို့ကို လှူဒါန်း၍ ဆွမ်းအနုမောဒနာတရား နာကြားပြီးသော် 'တပည့်တော်မသည် ယခုအားထုတ်အပ်သော ကုသိုလ်ကောင်းမှုကြောင့် ဖြစ်ရာဘဝ နောင်ကာလ၌ ကြာညိုပွင့်ချပ်ကဲ့သို့ လျောက်ပတ်တင့်တယ်သော ကိုယ်၏ အဆင်းအရောင်ကိုလည်းကောင်း၊ အရှင်မြတ်တို့ရအပ်သော တရားထူးကိုလည်းကောင်း ရပါလို၏' ဟု ဆုတောင်းပတ္ထနာပြုလေ၏။

တရားဒေသနာတော် ပြီးဆုံးလေသော် ပစ္စေကဗုဒ္ဓါတို့လည်း ဂန္ဓမာဒနတောင်သို့ ပြန်ကြွလေ၏။

**နောက်ဆုံးဘဝ ရဟန်းပြုခြင်း**

လယ်ရှင်မိန်းမလည်း အသက်အဝိုင်းနေ၍ စုတေလတ်



www.burmeseclassic.com

www.burmeseclassic.com

သောအခါ နတ်ပြည်၌ တစ်ကြိမ်ဖြစ်ပြီးမှ ငါတို့ ဂေါတမဘုရား ပွင့်ချိန်နီးသောအခါ သာဝတ္ထိပြည်၌ ကုဋေတစ်ရာ ခြောက်ဆယ်ကြွယ်ဝသော သူဌေးအိမ်၌ ပဋိသန္ဓေတည်နေ၏။ ဖွားမြင်သောအခါ ကြာညိုရောင်နှင့်တူသော ကိုယ်အဆင်းရှိသောကြောင့် ဥပ္ပလဝဏ်ဟူသောအမည်ကို မှည့်လေ၏။ ကိုယ်၏ရနံ့မှာလည်း ကြာညိုနံ့ကဲ့သို့ မွှေးပျံ့သင်းထုံနေ၏။

ထိုမိန်းမငယ်သည် အပျိုဘော်အရွယ်သို့ရောက်လျှင် မြင်မြင်သမျှသော ယောကျ်ား၊မိန်းမတို့သည် ချီးမွမ်းအံ့သြ၍ မကုန်နိုင်အောင် လှပတင့်တယ် ချစ်ခင်စဖွယ်သတင်းကောင်းသည် ဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံး ပျံ့နှံ့ကျော်စောလေ၏။ ထိုသတင်းကို ကြားသိကြသော တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းအပေါင်းတို့သည်လည်းကောင်း၊ စည်းစိမ်ကြီးကျယ်သော သူဌေးသူကြွယ်တို့သည်လည်းကောင်း အောင်သွယ်တမန်တို့ဖြင့် ဖခင်သူဌေးကြီးထံသို့ ဥပ္ပလဝဏ်သမီးပျိုအား တောင်းခံလာကြကုန်၏။

ထိုသို့ မင်း၊ ပုဏ္ဏား၊ သူဌေးတို့က အပြိုင်အဆိုင် တောင်းခံလာကြသောအခါ ဖခင်သူဌေးကြီးက ဤသို့အကြံဖြစ်လေ၏။ ငါ၌လည်းကောင်း၊ ငါ့သမီး၌လည်းကောင်း ဘေးရန်ကင်းကြောင်းဖြစ်သော ဥပါယ်ကိုပြုအံ့ဟု ဆို၍ သမီးကို ခေါ်ယူပြီးသော် 'ချစ်သမီး..သင်သည် ကိစ္စများ မြောင် လူတို့ဘောင်၌ အိမ်ထောင်သက်မွေးခြင်း မပြုဘဲ ရဟန်းပြုနိုင်ပါအံ့လော'ဟု မေးလေ၏။

ဥပ္ပလဝဏ်မှာလည်း သံသရာ၏ နောက်ဆုံးကာလ ပစ္ဆိမဘဝ၌ ရောက်ရှိနေသူ ဖြစ်သောကြောင့် ဖခင်မေးမြန်း ပြောဆိုလိုက်သော စကားသည် ဦးခေါင်းထက်ဝယ် လောင်းချလိုက်သည့် အကြိမ်တစ်ရာ ချက်အပ်ပြီးသော ဆီမွှေးကဲ့သို့ ရှိလေ၏။

ထိုအခါ 'သမီး ရဟန်းမ,ပြုနိုင်ပါသည်။ သာသနာတော်ကို အမြန်သာသွတ်သွင်းပါလော့'ဟု ဆို၏။

မိဘနှစ်ပါးတို့လည်း ဝမ်းမြောက်ဝမ်းသာ ရတနာထမ်းစင်ဖြင့် တင်ဆောင်လျက် ဘိက္ခုနီမတို့ကျောင်းသို့ ပို့ဆောင်၍ ရဟန်းပြုလေ၏။ ယင်းသို့ ကေသီပယ်၍ ထေရီမယ် ဘိက္ခုနီမ ရဟန်းပြုပြီး မကြာမြင့်မီ ဥပုသ်နေ့နှင့်ကြုံ၍ ဥပုသ်ကျောင်း၌ ဆီမီးထွန်းညှိပူဇော်လေသော် ပြောင်ပြောင်လက်သော ဆီမီးရောင်ကို အာရုံစေ့လျက် တေဇောကသိုဏ်းကို ရှုမှတ်ပွားများလေရာ မကြာမြင့်မီမှာပင် တေဇောကသိဏ်းဈာန်ကို ရရှိလေ၏။

ထိုတေဇောကသိဏ်း ဈာန်သမာဓိကို အခြေခံပြု၍ ဝိပဿနာတရား ပွားများအားထုတ်ခဲ့ရာ မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ရဟန္တာထေရီမ ဖြစ်လေ၏။ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည်နှင့် တစ်ပြိုင်တည်းပင် ရှေးရှေးဘဝက ဆုတောင်းခဲ့သည့်ပါရမီအတိုင်း တန်ခိုးစီမံဖန်ဆင်းခြင်း၌ ဝသီတော်ငါးတန် လေ့လာနိုင်နင်းပြီး မြောက်သူ ဖြစ်လေ၏။

**<u>ဧတဒဂ်ဘွဲ့ထူးရရှိ</u>**

ရဟန္တာထေရီ မယ်ဥပ္ပလဝဏ်သည် ကျွန်ုပ်တို့ဂေါတမ ဘုရားရှင် ခုနစ်ဝါမြောက် ရောက်သောအခါဝယ် ယမိုက်ပြာဋိဟာပြတော်မူသောနေ့၌ 'ဘုန်းတော်ကြီးမြတ်လှသော မြတ်စွာဘုရား..တပည့်တော်မ တန်ခိုးပြာဋိဟာကို ပြုပါရစေဘုရား'ဟု မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်စကား လျှောက်ထားခဲ့လေ၏။

နောင်သောအခါ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဆိုပါအကြောင်းကို အတ္ထုပ္ပတ်ပြု၍ ဘိက္ခုနီမတို့ကို ရာထူးဌာနထားတော်မူရာတွင် 'ရဟန်းတို့..တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံကြသည့် ငါဘုရား၏ တပည့်မ သာဝိကာဘိက္ခုနီမတို့တွင် ဥပ္ပလဝဏ္ဏာဘိက္ခုနီမသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေသည်'ဟု ချီးကျူးတော်မူ၍ တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသောအရာဝယ် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ပေးတော်မူလေ၏။

အဆိုပါ တန်ခိုးဣဒ္ဓိအရာတွင် ဧတဒဂ်ဘွဲ့ထူး ရရှိခဲ့ခြင်းမှာ ရှေးရှေးကာလ ပဒုမုတ္တရမြတ်စွာဘုရားထံတော်၌ ဧတဒဂ်ပန်တော်မူခဲ့သော သံသရာအဆက်ဆက် ဘဝအလီလီ ပါရမီအဆင့်ဆင့် ဖြည့်ကျင့်ခဲ့သောကြောင့် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ သမီးတော်တစ်ပါးဖြစ်သော ရဟန္တာဥပ္ပလဝဏ္ဏာ ထေရီမယ်သည် လူတို့ပြည်ရွာ ဓမ္မတာအတိုင်း ခန္ဓာနာမ်ရုပ် ဖြစ်ပျက်ချုပ်၍ အသခ်တတာဓာတ် နိဗ္ဗာန်မြတ်သို့ ဝင်စံတော်မူခဲ့လေသည်။

မောင်ထည်ဝါ(ပျော်ဘွယ်)

**<u>ကျမ်းကိုး</u>**

* မဟာဗုဒ္ဓဝင် (မင်းကွန်းဆရာတော်ကြီး)။
* ဇိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ်ဆရာတော်ကြီး)။
* ဓမ္မပဒ ဒုတိယတွဲ (သာသနာရေးဦးစီးဌာန)။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်း၏ ကိုးကွယ်ဆည်းကပ်ခြင်းကို ခံယူတော်မူသည့် သဗ္ဗညုမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ ဝါကပ်စဉ်ကာလ၌ ဖြစ်၏။

ထိုကာလ၌ ဘုရားရှင်၏ လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်နှင့် လက်ယာတော်ရံ ရှင်သာရိပုတ္တရာကိုယ်တော်ကြီး နှစ်ပါးတို့မှာ သာဝတ္ထိ၌ ရှိမနေခဲ့။ ရှိမနေခဲ့ရခြင်းအကြောင်းရင်းကလည်း ဝေးလံခေါင်ဖျား အရပ်တစ်နေရာသို့ ဒေသစာရီကြွချီကာ တရားဒေသနာတော်များကို ဟောကြားနေခဲ့သောကြောင့် ဖြစ်သည်။ ဝါဆိုရန်အတွက် သာဝတ္ထိသို့ ခြေဦးပြန်လှည့်ခဲ့သော်ငြား ရောက်ရှိသည့်နေရာနှင့်က ခရီးလမ်းတာ ဝေးကွာလွန်းလှပါဘိ။ ဘယ်နည်းနှင့်မျှ သာဝတ္ထိသို့ ဝါမဆိုမီ မရောက်နိုင်။ သည်တော့လည်း လမ်းခုလတ်တွင်ရှိနေသည့် ကောကာလိကတိုင်း၊ ကောကာလိကမြို့မှာပင် ဝါကပ်ရတော့သည်။

ဝါဆိုဝါကပ်ပြုသည့် ကျောင်းကလေး၏ အမည်မှာ ဆောက်လုပ်လှူဒါန်းသူ ကျောင်းဒါယကာ ကောကာလိက သူဌေးကို အစွဲပြု၍ ကောကာလိကကျောင်းဟုပင် အမည်တွင်နေခဲ့သည်။ ကျောင်းထိုင်ပုဂ္ဂိုလ်မှာလည်း အခြားမဟုတ်၊ အဆိုပါ ကျောင်းဒါယကာ၏သား အရှင်ကောကာလိကပဲ ဖြစ်သည်။

ဘုရားရှင်၏ သာသနာတော်၌ ကောကာလိကနှစ်ပါး ရှိသည်။ တစ်ပါးမှာ ဒေဝဒတ်၏တပည့် စူဠကောကာလိကဖြစ်ပြီး ကျန်တစ်ပါးမှာ ယခုကိုယ်တော်ကြီးနှစ်ပါးတို့ ဝါဆိုဝါကပ်ကြရာ ကျောင်းကလေး၏ ကျောင်းထိုင်ဗြဟ္မာနွယ်ဖွား မဟာကောကာလိကပဲ ဖြစ်သည်။

◆ ◆ ◆

တစ်နေ့ တစ်နေ့ တရွေ့ရွေ့နှင့် ဝါလကင်းလွတ်သီတင်းကျွတ်ခဲ့ပါလေပြီ။

"ငါ့ရှင်ကောကာလိက၊ ဝါလကင်းလွတ် သီတင်းလည်းကျွတ်ပြီမို့ ငါတို့ ပြန်ကြွပါတော့မယ်"

ရှင်သာရိပုတ္တရာ၏ မိန့်ဆိုစကားကို ကြားရတော့ ကျောင်းထိုင်ပုဂ္ဂိုလ် ကောကာလိကအဖို့ တွေခနဲဖြစ်သွားခဲ့သည်။

ပြီးတော့ "အရှင်ဘုရား‥ တစ်ရက်လောက်တော့ ဆိုင်းငံ့တော်မူပါဦး" ဟု လျှောက်ထားပြီး မြို့တွင်းသို့ ကြွသွားခဲ့သည်။ ထို့နောက် လူသူပရိသတ်တို့ကို စုဝေးစေလိုက်သည်။

"ဒကာတို့‥ငါ့ရဲ့ ကျောင်းသခ်မ်းမှာ ဘုရားရှင်ရဲ့ လက်ဝဲတော်ရံ၊ လက်ယာတော်ရံ ရှင်မဟာမောဂ္ဂလာန်နဲ့ ရှင်သာရိပုတ္တရာတို့ဟာ ရဟန်းသံဃာများစွာနဲ့ ဝါဆိုတော်မူခဲ့ကြတာကို ဘာလို့များ မသိကြရတာတဲ့တုံး။ ဆွမ်းကလေး တစ်နပ်ကပ်ဖို့တောင်မှ ဘာလို့များ မသိတတ်ကြတာတဲ့တုံး။

ဒကာတို့‥တကယ်ဆိုရင် အကျော်ဇေယျဖြစ်တော်မူတဲ့ သည်လိုပုဂ္ဂိုလ်ကြီးနှစ်ပါးကို လှူဒါန်းခွင့်ရဖို့ဆိုတာ တကယ့်ကို ကြိုတောင့်ကြိုခဲ ကိစ္စရပ်ပါပဲ။ အခု ကိုယ်တော်ကြီးနှစ်ပါးဟာ သာဝတ္ထိကို ပြန်ကြွဖို့ လုပ်နေတာ ငါ မနည်းကို တားထားရတယ်။ သည်လိုမျိုး ကြုံတုန်းကြုံခိုက် အခွင့်သာတဲ့ အခိုက်အတန့်မှာ လှူဒါန်းဖို့ မကောင်းပေဘူးလား။ လှူကြစမ်းပါ၊ တန်းကြစမ်းပါ"

သည်စကားကြားရတော့ မြို့သူမြို့သားအပေါင်းမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြတော့သည်။

"အို‥ဟုတ်ပေသားပဲ၊ အခွင့်သာတုန်း လှူလိုက်ကြရအောင်"

မြို့သူမြို့သားများ၏ စေတနာသဒ္ဓါတရားတို့မှာ မခေါင်းပါးကြ။ ဝမ်းမြောက်ဝမ်းသာစွာဖြင့် စုဝေးလိုက်ကြပြီး မိမိတို့၏ ချွေးနဲ့စာများဖြစ်ကြသည့် ထောပတ်၊ တင်လဲ၊ အစရှိသည့် လှူဖွယ်တန်းဖွယ် ဝတ္ထုအစုစုတို့ကို စီရင်လိုက်ကြတော့သည်။ သိပ်မကြာလိုက်၊ လှူဖွယ်ဝတ္ထုတို့ စုံလင်စွာ ချိတ်တွယ်ထားသည့် ပဒေသာပင်တို့ ဖြစ်လာကြသည်။ သည်မြင်ကွင်းကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည့် ကောကာလိက၏ ရင်ထဲမှာတော့ တလှပ်လှပ်။

"ဟာ‥လှူဖွယ်တန်းဖွယ်တွေဟာ မနည်းမနောပါပဲလား။ ကိုယ်တော်ကြီးနှစ်ပါးတို့ကို ကြည့်ရတာ လောဘသက္ကာရ နည်းပါးတဲ့ပုံပါပဲ။ သည်လှူဖွယ်တန်းဖွယ် ဝတ္ထုအစုစုဆိုတာဟာ ငါ့ရဲ့ စီမံခော်ဩမှုနဲ့ ဖြစ်ပေါ်လာရတာ မဟုတ်လား။ သည်တော့ ဒါကို သိနားလည်ကြတော့ ကိုယ်တော်ကြီးနှစ်ပါးဟာ လှူဖွယ်ဝတ္ထုတွေအပေါ် တပ်မက်သာယာကြလိမ့်မယ် မဟုတ်ပေဘူး၊ အလှူခံအောင် ခံချင်မှ ခံလိမ့်မယ်။ ကျောင်းထိုင်ဖြစ်တဲ့ ငါ့ကိုပဲ ပေးလှူလိုက်

www.burmeseclassic.com

ကြလို့ ညွန်ကြားမှာ အသေအချာပဲ။ ဒါဆို သည်ပစ္စည်းတွေအားလုံး ငါပဲ ဆောင်ရတော့မယ်'

ကောကာလိက၏ မနောအာရုံမှာတော့ လောဘတိမ်သားတွေက တရိပ်ရိပ်တက်မဆုံး။

သူ ကျောင်းသခ်မ်းသို့ ပြန်ရောက်ပြီး သိပ်မကြာလိုက်၊ မြို့သူမြို့သားအပေါင်းတို့သည် ဝတ်ကောင်းစားလှများ ဝတ်ဆင်လျက် ပဒေသာပင်နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ထမ်းရွက်သယ်ပိုးကာ ရောက်ရှိလာကြပြီး ကိုယ်တော်ကြီးနှစ်ပါးအား ဆက်ကပ်လှူဒါန်းကြလေသည်။

ကိုယ်တော်ကြီး နှစ်ပါးကား အခြေအနေ အရင်းခံသိထားခဲ့သည်မို့-

'ဒကာတို့..လှူပါ တန်းပါလို့ ရည်ညွှန်းတိုက်တွန်းနှိုးဆော်လို့ ဖြစ်ပေါ်လာတဲ့ လှူဖွယ်ဝတ္ထုတွေဆိုတာ ငါတို့အနေနဲ့ သုံးဆောင်ဖို့ မအပ်စပ်ပေဘူး' ဟူသော စကားကြောင့် ကောကာလိက၏ မျက်ခုံးနှစ်ဖက်မှာ ပင့်သွားခဲ့ရသည်။ စိတ်ထဲမှာလည်း-

'အင်း..ကိုယ်တော်ကြီးတို့ ငြင်းပယ်ပြီဆိုတော့ သည်လှူဖွယ်ဝတ္ထုတွေဟာ ငါ့အတွက် ဖြစ်လာရတော့မှာပေါ့' ဟု အတွေးတို့ဝင်ကာ ပျော်ရွှင်ကြည်နူးမှုကို ရိုက်ခတ်သွားရသည်။ သို့သော်ငြား တကယ့်တကယ်တမ်းကျတော့ သူ ထင်မှတ်ထားသလိုမျိုး ဖြစ်မလာခဲ့။

'ဒကာတို့..သင်တို့ရဲ့ လှူဖွယ်ဝတ္ထုအစုစုဟာ ငါတို့နဲ့ မအပ်စပ်သလို ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်တဲ့ ကောကာလိကနဲ့လည်း လားလားမှ မအပ်စပ်ပေဘူး။ သည်တော့ ဒကာတို့ရဲ့စိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့အဲ့ ပြန်ယူသွားကြပါ'

သည်သို့ ပြတ်သားစွာ မိန့်ကြားသည့်နောက် ကိုယ်တော်ကြီး နှစ်ပါးလည်း နောက်ပါသံဃာတော်များနှင့် သာဝတ္ထိသို့ ကြွသွားခဲ့တော့သည်။

ကောကာလိက၏ ရင်ထဲမှာတော့ တနုံ့နုံ့။ မြို့သူမြို့သားတို့ ပြန်ယူသွားကြသည့် ပဒေသာပင်နှင့်တကွ လှူဖွယ်ဝတ္ထုအစုစုတို့အား နှမြောတ,သခြင်းကြီးစွာဖြင့် ငေးကြည့်လျက် စိတ်မသက်မသာ ဖြစ်နေရတော့သည်။

'ဘယ်လိုဖြစ်ရတာပါလိမ့်။ ဒကာတွေ လာလှူကြတာကိုလည်း လက်မခံ၊ သူတို့လက်မခံတော့လည်း ငါ့ကို ပေးမသွားဆိုတော့လည်း မပေး၊ တော်တော်လည်း နားလည်ရခက်တဲ့ ကိုယ်တော်ကြီးတွေပဲ'

မကျေနပ်ခြင်း၊ ဒေါသဖြစ်ခြင်းတို့က ကောကာလိက၏ရင်ထဲသို့ ဆူးများသဖွယ် ရောက်ရှိသွားခဲ့လေပြီတကား။

◆◆◆

ကာလရာသီ သိပ်မကြာလိုက်။ ကိုယ်တော်ကြီး နှစ်ပါးသည် နောက်ပါသံဃာတော်များနှင့် ဒေသစာရီလှည့်လည်ရင်းမှ ကောကာလိကမြို့သို့ ရောက်ရှိသွားခဲ့ပြန်သည်။

'အရှင်ဘုရားတို့..ဘယ်မှာ သီတင်းသုံးကြမှာပါလဲဘုရား'

မြို့သူမြို့သားတို့ ရောက်ရှိလာကြပြီး လျှောက်ထားမေးမြန်းလာကြသည်။

'ကောကာလိကကျောင်းမှာပဲပေါ့ ဒကာတို့'

'တင်ပါ့ဘုရား'

သည်တစ်ခါမှာတော့ မြို့သူမြို့သားတို့အဖို့ မိမိတို့၏အသိစိတ်ဓာတ်၊ စေတနာသဒ္ဓါတရားတို့ဖြင့် ကောကာလိက ကျောင်းသို့သွားရန် စုဝေးပိုက်ကြသည်။

ကိုယ်တော်ကြီးတို့ ကျောင်းသခ်မ်းရောက်ပြီး မကြာခင်မှာပင် မြို့သူမြို့သား ဒကာ,ဒကာမအပေါင်းတို့ လာရောက်ဖူးမြော်ကာ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြလေသည်။

'သာဓု..သာဓု..သာဓု'

အမှန်မှာတော့ ဒကာ,ဒကာမတို့၏အလှူကို လက်ခံလိုက်ခြင်းသည် မည်သူတစ်ဦးတစ်ယောက်၏ သိမ်းသွင်းစည်းရုံးစေ့ဆော်မှုမပါဘဲ ၎င်းတို့ဆန္ဒရှိသည့်အတိုင်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လာရောက်လှူဒါန်းမှုကြောင့်ပဲ ဖြစ်သည်။

သည်လိုမျိုးမြင်ကွင်းက ကျောင်းထိုင်ပုဂ္ဂိုလ် ကောကာလိက၏သန္တာန်၌ ငုပ်လျှိုးလျက်ရှိနေခဲ့သော ရန်ငြိုးတို့အား ဆွပေးသကဲ့သို့ ဖြစ်စေခဲ့သည်။ ရင်ထဲအညှောက်ပေါက်နေသော ဆူးများကို ချွန်မြစေခဲ့သည်။ သည်အဖြစ်ကို ချုပ်တီးနိုင်မှုစွမ်းအားလည်း ကောကာလိကတွင် မရှိတော့ပြီ။

ထို့ကြောင့်ပင် အ,ဂါရဝဆိုသည်ကို အလေးမမူနိုင်တော့ဘဲ ကိုယ်တော်ကြီးနှစ်ပါး ရှေ့တော်မှောက်၌ မားမားရပ်လျက် လက်ညှိုးငေါက်ငေါက်ထိုးရင်း-

'ငါ့ရှင်တို့..သင်တို့နှစ်ပါးရဲ့ လုပ်ရပ်တွေဟာ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com

လဲ။ ဟိုတစ်ခါ လာလှူတုန်းကတော့ အလိုလောဘမရှိတဲ့ပုံစံနဲ့ လာလှူတာမှန်သမျှကို ငြင်းပယ်ပြီး ဒကာတွေကို ပြန်ယူသွားစေခဲ့တယ်။ ခုကျတော့လည်း အလှူပစ္စည်း လာဘ်လာဘတွေ လိုချင်လို့ ပြန်လာပြီး ပြောင်ပြောင်တင်းတင်းကို လက်ခံနေပါရောလား'

'ငါ့ရှင်ကောကာလိက၊ သင်ရဲ့စွပ်စွဲမှုတွေဟာ အမှားကြီး မှားနေပြီ'

'အို...ဘာမှားမှာတဲ့လဲ။ မမှားဘူး၊ မမှားဘူး၊ လုံးဝဆို လုံးဝမမှားဘူး။ ကိုယ်တော်တို့နှစ်ပါးဟာ တကယ့်ကို အလိုရမ္မက်ကြီးမားလှတဲ့ ဘိက္ခုတွေပဲ'

'မဟုတ်သေးဘူး ကောကာလိက၊ ငါတို့ ရှင်းပြတာကို နားခံလိုက်ပါဦး'

'မရှင်းနဲ့၊ ဘာဆိုဘာမှ မရှင်းနဲ့။ ကိုယ်တော်တို့ ရှင်းသမျှဟာ မုသားတွေပဲဖြစ်မှာ။ သည်တော့ လုံးဝမကြားချင်ဘူး လောဘကိုယ်တော်တို့ရေ'

ကောကာလိက၏ အသွင်ကား မှန်ယိုနေသောတောဆင်ရိုင်းကောင်နှင့် မခြားပြီ။

အားရအောင် ပုတ်ခတ်ခဲ့၏။

မကြားဝံ့မနာသာ စွပ်စွဲခဲ့၏။

ကိုယ်တော်ကြီး နှစ်ပါးမှာမူကား မေတ္တာစာတ်တို့ လွှမ်းခြုံလျက် တည်ငြိမ်အေးချမ်းစွာပါပေ။

◆◆◆

ကောကာလိကဒု အငြိုးအတေးကား မီးပြေးကလေး မဟုတ်ခဲ့၊ တကယ့်ကို မီးလုံးပတ်လည် အနေအထား။

သူကျောင်းထိုင်သည့် အရပ်ဒေသမှာတင် ပုတ်ခတ်စွပ်စွဲခဲ့သည်ကို အားမရနိုင်သေး။ ဘုရားရှင် သီတင်းသုံးနေတော်မူသည့် သာဝတ္ထိပြည် ဇေတဝန်သို့တိုင်အောင် အရောက်သွားကာ လျှောက်ထားတိုင်ကြားပြန်ပါသေး၏။

အဂ်ကောကာလိကပါတကား။

'အရှင်ဘုရား...အရှင်ဘုရားရဲ့ လက်ယာတော်ရဲ့ လက်ယာတော်ရဲ့ နှစ်ပါးဖြစ်ကြတဲ့ မောဂ္ဂလာန်နဲ့ သာရိပုတ္တရာတို့ဟာ ရဟန်းတန်မဲ့ အင်မတန်မှ လောဘသက္ကာရ ကြီးမားကြပါတယ်ဘုရား။ လောဘအလိုဆိုးနောက်ကိုလည်း လိုက်နေပါတယ်ဘုရား'

သည်သို့တိုင်ကြား လျှောက်ထားပြီး သူကြုံတွေ့ခဲ့ရသည့် အဖြစ်များကိုပါ ဖွင့်ဟခဲ့ပါသေး၏။

'ကောကာလိက...သင့်အနေနဲ့ သည်လိုမျိုးပြောဆိုဖို့ရာ မသင့်လျော်ပေဘူး။ မောဂ္ဂလာန်နဲ့ သာရိပုတ္တရာတို့ဟာ သင်ထင်မြင်ယူဆသလို မဟုတ်ပေဘူး။ သူတို့နှစ်ပါးစလုံးဟာ သီလကို လွန်စွာမှ ချစ်မြတ်နိုးကြတဲ့သူတွေပါ။ သူတို့အပေါ်ထားရှိတဲ့ မကောင်းမြင်စိတ်တွေကို ဖယ်ရှားစွန့်ပယ်လိုက်ပါတော့ ကောကာလိက'

'မဟုတ်သေးပါဘူး အရှင်ဘုရား၊ သူတို့နှစ်ပါးဟာ လောဘသက္ကာရ အင်မတန်ကြီးတဲ့ ပုဂ္ဂိုလ်တွေပါပဲဘုရား'

'မှားနေပြီ ကောကာလိက'

ဘုရားရှင်၏ တားမြစ်မှုမှာ အရာမရောက်ခဲ့။ တားမြစ်နေသည့်ကြားမှပင် သုံးကြိမ်သုံးခါတိတိ စွပ်စွပ်စွဲစွဲ အတင့်ရဲစွာ လျှောက်တင်ခဲ့သည်။ လျှောက်တင်သမျှကိုလည်း ဘုရားရှင်က ပယ်ချခဲ့သည်ချည်း။

သူ ဘယ်သို့ပင် လျှောက်တင်,လျှောက်တင် မည်သို့မျှ အရာမယွင်းလေတော့ ကောကာလိကလည်း စိတ်ပျက်လက်ပျက်ဖြင့် ထပြန်လာခဲ့သည်။ သို့ငြား ဇေတဝန်ကျောင်းတော် အပြင်ဘက်သို့မရောက်မီ ကျောင်းပရိဝုဏ်အတွင်းမှာပင် ကောကာလိက၏ တစ်ကိုယ်လုံး ဖြန်းခနဲဖြစ်သွားရသည်။

မုန်ညင်းစေ့ခန့်၊ ထိုမှ ပဲနောက်စေ့ခန့်၊ ထိုမှ ကုလားပဲစေ့ခန့်၊ ထိုမှ ဆီးစေ့ခန့်၊ ထိုမှ ဆီးသီးခန့်၊ ထိုမှ ဖန်ခါးစေ့ခန့်အရွယ်ရှိ အဖုအပိမ့်တို့သည် ၎င်း၏ တစ်ကိုယ်လုံး အပ်ချစရာ မရှိလောက်အောင် ပေါက်လာလေတော့၏။ ထိုအဖုအပိမ့်တို့သည် မကြာခင် ကာလအတွင်းမှာပင် ပေါက်ပြဲလာကြကာ သွေးများ၊ ပြည်များ တစက်စက်နှင့် စိမ့်ထွက်ကျလာကြသည်။

'အောင်မယ်လေး...လေး'

ဝေဒနာ၏ ဖိစီးနှိပ်စက်မှုကြောင့် ဇေတဝန်ကျောင်းတော်၏ တံခါးဝအနီးမှာပင် လဲလျောင်းရင်း မချိမဆံ့ ခံစားနေပါချေ၏။

နေ့အလင်းရောင်တို့ မှိန်ဖျော့ကွယ်ပျောက် ညဥ့်အပိုင်းအခြားသို့ ကူးပြောင်းရောက်ရှိလာခဲ့ပေပြီ။ ကောကာလိက အဖို့ နေရာမှထဖို့ ကြိုးစားပါသေး၏။ သွေးတို့၊ ပြည်တို့က တရွှဲရွှဲ။ လဲနေရာမှ မည်သို့မျှ ထ၍မရ။ အသက်သည်ပင် ထွက်ပေါက်ကို ရှာနေရသည့်အလား။ အသက်ရှူ ထုတ်ရန်ကိုပင် ကြိုးစားပမ်းစား လုပ်နေရသည်။

www.burmeseclassic.com



ထိုစဉ်မှာပင် ရောင်စဉ်အလင်းတန်းတစ်ခုက ဖျတ်ခနဲ ဖြာကျလာခဲ့သည်။ ထိုအလင်းရောင်နှင့်အတူ သူ့ရှေ့မှောက်သို့ ဗြဟ္မာကြီးတစ်ပါး ရောက်လာခဲ့သည်။

'အို..ကောကာလိက..ရှင်မောဂ္ဂလာန်၊ ရှင်သာရိပုတ္တရာတို့အပေါ် အထင်အမြင်လွဲမှားနေမှုကို ပယ်ဖျောက်ပြီး စိတ်ကောင်းကို မွေးလိုက်ပါ။ တောင်းပန်သမှုပြုလိုက်စမ်းပါ။ ရှင်မောဂ္ဂလာန်နဲ့ ရှင်သာရိပုတ္တရာတို့ဟာ သင်စွပ်စွဲသလို လောဘသက္ကာရကြီးမားဖို့ မဆိုထားနဲ့၊ လောဘစိတ် အလျှင်းမရှိတဲ့သူတွေပါ။ သီလကို သိပ်ချစ်မြတ်နိုးကြတဲ့ သူတော်စင်ရဟန္တာကြီးတွေပါ ကောကာလိက'

'ဟာ..ကြားရစဲ့ စကားတွေက တယ်လည်းနားထဲခါးလှပါကလား။ နေပါဦး၊ သင်က သူတို့ဘက်က ကာကွယ်ပေးရအောင် သင်က ဘယ်သူမို့လို့လဲ'

'ကောကာလိက..ငါဟာ သင့်ရဲ့ဥပဇ္ဈာယ်ဆရာ ဖြစ်ခဲ့ဖူးတဲ့ တုရုမထေရ်ကြီးအဖြစ်က ဘဝပြောင်းသွားတဲ့ ဗြဟ္မာကြီးပါ။ သင့်ရဲ့အပြစ်ကို သနားကရုဏာသက်လွန်းလို့ သင် မဖြစ်သင့်တာ မဖြစ်ရအောင်လို့ သင့်ရဲ့ပျက်စီးမှုကို မဖြစ်စေချင်လို့ ဗြဟ္မာပြည်ကနေ အရောက်လာခဲ့တာပါ။ ကောကာလိက..ကိုယ်တော်ကြီးနှစ်ပါးအပေါ် နှုတ်ဝစီနဲ့ စော်ကားခဲ့တာတွေကို ဝန်ချတောင်းပန်ပါ။ စိတ်ကောင်းစိတ်မြတ်ကို မွေးလိုက်စမ်းပါ'

'မတောင်းပန်ဘူး၊ မတောင်းပန်ဘူး။ ဘာလို့တောင်းပန်ရမှာလဲ၊ ဝန်ချရမှာလဲ။ သင်လည်း ဘုရားရှင်လိုပဲ တစ်ဖက်ကိုပဲ ပစားပေးနေတာ။ သွား..သင်ထွက်သွား။ ဘာဆိုဘာမှ မကြားချင်ဘူး။ ထွက်သွား'

တုရုဗြဟ္မာကြီးအဖို့ မေတ္တာ၊ ကရုဏာ ရှေ့ထားလျက် လာရောက်ကယ်တင်ခဲ့သော်ငြား ကောကာလိကမှာမူ မည်သည့်မာန်ကိုမျှ မချခဲ့။ သည်တော့လည်း သတ္တဝါတစ်ခု ကံတစ်ခုဟူ၍သာ သဘောထားရတော့မည် မဟုတ်ပါလား။

အင်း..ဒုက္ခ ဒုက္ခ၊ လူရယ်လို့ဖြစ်လာတဲ့ သတ္တဝါတွေရဲ့ အာခံတွင်းထဲမှာ နှုတ်၊ အာ၊ လျှာဆိုတဲ့ အသွားထက်လှတဲ့ ဓားမကြီးတစ်ချောင်း ပါလာလေရဲ့။ လူမိုက်တွေဟာ ကြမ်းကြုတ်တဲ့စကားကို ပြောဆိုပြီး အဲသည်စကား ဓားမကြီးနဲ့ မိမိကိုယ်ကို ဇီဝိန်ချုပ်တဲ့အထိ ခုတ်သတ်နေကြတာပါပဲလား။

ယုတ်မာတဲ့စိတ်ထား ကြမ်းကြုတ်ရင့်သီး ရိုင်းပျတဲ့အပြောအဆိုတို့ မွေးမြူပြီး အရိယာအနွယ်ဝင် သူတော်စင် ပုဂ္ဂိုလ်တွေအပေါ် ပြစ်မှားကျူးလွန်ခဲ့ရင် ကာလပတ်လုံး လွတ်ရက်မရှိ ငရဲကျရောက်တော့မှာပါလား။

သည်သို့ မချိတင်ကဲ ရွတ်ဆိုပြီးသည့်နောက် ဗြဟ္မာကြီးလည်း ကွယ်ပျောက်သွားပါလေတော့၏။

ကောကာလိကကား ထိုညမှာပင် ဇေတဝန်ကျောင်းတော် တံခါးဝ၌ ဝေဒနာကို မချိမဆံ့ခံစားရင်း ကွယ်လွန်သွားခဲ့ပါလေ၏။ သည်အဖြစ်ကို သဟမ္ပတိ ဗြဟ္မာကြီးသည် ဘုရားရှင်အား လာရောက်၍ လျှောက်ထားပါလေ၏။

နံနက်မိုးသောက်သည့်သမယ ဘုရားရှင်လည်း သံဃာအစည်းအဝေး၌ စုဝေးရောက်ရှိနေကြသော ရဟန်းတို့အား ကောကာလိက၏အကြောင်း၊ ပဒုမငရဲသို့ ကျရောက်သွားသည့်အကြောင်းတို့ မြွက်ကြားတော်မူလေ၏။ ဤတွင် ရဟန်းပရိသတ်ထဲမှ ရဟန်းပျိုကလေးတစ်ပါးက ရိုသေစွာ လက်အုပ်ချီရင်း မေးလျှောက်လာခဲ့သည်။

'အရှင်ဘုရား..ပဒုမဆိုတဲ့ငရဲရဲ့ သက်တမ်းဟာ ဘယ်လောက်တောင်မှ ရှည်လျားလှပါသလဲ အရှင်ဘုရား'

'ချစ်သားရဟန်း..ကောကာလိက ကျရောက်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com

ပဒုမငရဲဆိုတာဟာ သက်တမ်းကာ နှစ်အရေအတွက်အနေနဲ့ ရာထောင်ပေါင်း ဘယ်လောက်ဆိုတာကို ရေတွက်ဖို့ [illegible]ခဲ့ပါယတယ်'

ချစ်သားရဟန်း [illegible] အဲသည်အကြောင်းအရာကို ရိုပ်စားမိနိုင်အောင် ဥပမာနဲ့ ပြနိုင်ပါ့သလား အရှင်ဘုရား'

'ချစ်သားရဟန်း··ဥပမာအနေနဲ့ ပြနိုင်ပါတယ်။ သေချာစွာ နာယူရစ်ပါ'

'ချစ်သားရဟန်း··ကောသလတိုင်းမှာ အသုံးပြုတဲ့ တင်းနှစ်ဆယ်ဝင် နှမ်းလှည်းတစ်လှည်း ရှိတယ်ဆိုပါစို့။ ယောကျ်ားတစ်ယောက်ဟာ အဲသည်လှည်းတစ်စီးတိုက်ရှိတဲ့ နှမ်းတွေကို နှစ်ပေါင်းတစ်ရာရှိလာတဲ့အခါ နှမ်းတစ်စေ့ကိုယူပြီး စွန့်ပစ်လိုက်တယ်။

ချစ်သားရဟန်း··အဲသည်လို နှစ်ပေါင်းတစ်ရာ ရောက်ကာမှ နှမ်းစေ့တစ်စေ့ယူပြီး စွန့်ပစ်နေလိုက်တာ လှည်းတစ်စီးစာ နှမ်းစေ့တွေ ကုန်လွန်သွားပေမယ့် တစ်ခုသော အဗ္ဗုတငရဲကတော့ ကုန်ခန်းခြင်းကို မရောက်နိုင်ပါဘူး။

အဗ္ဗုဒငရဲပေါင်း နှစ်ဆယ်ဟာ-နိရဗ္ဗုငရဲတစ်ခု ဖြစ်ပါတယ်။ နိရဗ္ဗုငရဲ နှစ်ဆယ်ဟာ အဗဗငရဲတစ်ခု ဖြစ်ပါတယ်။ အဲသည်အဗဗငရဲ နှစ်ဆယ်ဟာ အဋ္ဋငရဲတစ်ခု ဖြစ်ပါတယ်။ အဲသည် အဋ္ဋငရဲနှစ်ဆယ်ဟာ အဟဟငရဲ တစ်ခု ဖြစ်ပါတယ်။ အဲသည် အဟဟငရဲ နှစ်ဆယ်ဟာ ကုမုဒငရဲတစ်ခု ဖြစ်ပါတယ်။ အဲသည် သောဂန္ဓိကငရဲ နှစ်ဆယ်ဟာ ဥပ္ပလငရဲတစ်ခု ဖြစ်ပါတယ်။ အဲသည် ဥပ္ပလငရဲ နှစ်ဆယ်ဟာ ပုဏ္ဍရီကငရဲတစ်ခု ဖြစ်ပါတယ်။ အဲသည် ပုဏ္ဍရီကငရဲ နှစ်ဆယ်ဟာ ပဒုမငရဲပဲပေါ့'

'သဘောပေါက်ပါပြီ အရှင်ဘုရား'

- ရဟန်းအပေါင်းတို့လည်း နှုတ်ကြောင့်ကြွခဲ့လေသော မစော်ကားသင့်သူကိုမှ စော်ကားသဖြင့် ပဒုမငရဲကို လားရရှာသည့် ကောကာလိက၏ အလောင်းကို အသုဘကမ္မဋ္ဌာန်းရှုကြရင်း တရားသံဝေဂများ ပွားကြလေကုန်သတည်း။

**နန္ဒာမိုးကြယ်**

<u>ကျမ်းကိုး</u> * ကောကာလိကသုတ်တော်။

---


## မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

# ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

**B.A (History)**

## ဗေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃၂၄၀၇၉၆ ၊ ၀၉ ၃၂၂၂ ၇၇ ၆၇




www.burmeseclassic.com

www.burmeseclassic.com

နံ့နက်ခင်းနေခြည်နုနုသည် နန်းတော်ဆောင်ကို နွေး ထွေးစွာ လွှမ်းခြုံထား၏။

ရွှေမင်းသမီးကလေးသည် လဲလျောင်းရာ ညောင် စောင်းထက်မှ ညင်သာစွာ ဆင်းလာပြီး ပြတင်းတံခါး ပေါက်ဆီသို့ သိမ်မွေ့စွာ လျှောက်လာသည်။ နန်းဆောင် ပြတင်းတံခါးကို ဖွင့်လိုက်သည်နှင့် နေခြည်နုနုကလေး များက နန်းဆောင်အတွင်းသို့ နံ့နက်ခင်းလေပြည်ညင်းနှင့် အတူ နွေးထွေးစွာ ဝင်ရောက်လာကြသည်။

လေသာပြတင်းမှ မြင်တွေ့လိုက်ရသော နံ့နက်ခင်း သဘာဝအလှရှုခင်းက စိတ်နှလုံးအာရုံကို ဖမ်းစားလိုက် သဖြင့် ရွှေမင်းသမီးကလေးရင်ထဲတွင် ကြည်နူးချမ်းမြေ့ သွားမိသည်။ တစ်သက်နှင့်တစ်ကိုယ် မျှော်မှန်း၍ မရနိုင် ခဲ့သော၊ အိပ်မက်ပင် မမက်မဲ့ဖူးသော မိမိ၏ကိုယ်တွင် ဆင်မြန်းထားသည့် အဆင်တန်ဆာများကိုကြည့်လျက် ရွှေ မင်းသမီးကလေး နှစ်သက်မြတ်နိုးနေမိသည်။ အံ့သြနေ မိသည်။

ချိုမြိန်သောမျိုးစေ့ကို စိုက်ပျိုးသူသည် ချိုမြိန်သော အသီးကို စားသုံးရပေမည်။ ချဉ်သောမျိုးစေ့ကို စိုက်ပျိုး သူသည် ချဉ်သောအသီးကို စားသုံးရပေမည်။ ခါးသော မျိုးစေ့ကို စိုက်ပျိုးသူသည် ခါးသောအသီးကို စားသုံးရ မည် အမှန်ဖြစ်၏။

မိမိသည် မည်သည့်မျိုးစေ့ကို စိုက်ပျိုးခဲ့ပါသလဲ။

ရွှေမင်းသမီးကလေးသည် မိမိကိုယ်မိမိ ပြန်လည်မေး ခွန်းထုတ်နေမိသည်။ ကိုယ်တိုင်လည်း အဖြေရှာကြည့်မိ သည်။ ရွှေမင်းသမီးကလေး၏ မျက်နှာသည် နံ့နက်ခင်း နေခြည်နုနုနှင့်အတူ ဝင်းလက်သွား၏။ အဖြေကို ရှာတွေ့ သွားသောကြောင့် ဖြစ်သည်။

ထိုအဖြေသည်ကား··။

◆◆◆

ရွာကလေး နံ့နက်ခင်းအချိန်သည် တောက်ပသော နေရောင်ခြည်အောက်ဝယ် ကျေးငှက်တို့ အော်မြည်တေးဆို သံကလေးဖြင့် သာယာလှပနေပါ၏။

ကျွန်မကလေး မယ်နာဂါသည် အိပ်ရာထဲနောက်ကျ သွားသဖြင့် ရေအိုးကလေးကို ဆွဲယူလျက် ရွာထိပ် ရေ ကန်ကြီးရှိရာသို့ ကသုတ်ကရက် ထွက်လာခဲ့သည်။ ရုတ် တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်မကလေး

## ဥက္ကလာ
# မြင့်သန်းအောင်
## ကုသိုလ်ဒါန ကောင်းကျိုးရသူ





www.burmeseclassic.com

www.burmeseclassic.com

မယ်နာဂါ ခြေလှမ်းတို့ ရပ်တန့်သွားမိ၏။ ရွာထိပ်လမ်းအတိုင်း ဆွမ်းခံကြွချီလာနေသော သံဃာတော်များကို လှမ်းမြင်ဖူးတွေ့လိုက်ရသောကြောင့် ဖြစ်၏။

ရေအိုးကလေးကို ချထားလိုက်ပြီး ခေါင်းခုလုပ်သည့် ပုဆိုးစုတ်ကလေးကို ပခုံးပေါ်တင်လျက် ကြွချီလာနေသော သံဃာတော်များကို ရှိသေကြည်ညိုစွာ ရှိခိုးကန်တော့လိုက်၏။ စိတ်ထဲမှလည်း သံဃာတော်များကို ရေတွက်ကြည့်လိုက်မိသည်။

အလို..သံဃာတော်အပါး ခြောက်ဆယ်တောင်မှပါလား။

သံဃာတော်များသည် ရွာလမ်းအတိုင်း ကြွချီလျက် ရွာအတွင်းသို့ ဝင်ရောက်သွားကြသည်။ ကျွန်မကလေး မယ်နာဂါလည်း ရေခပ်ရမည့်ကိစ္စအတွက် ရေအိုးကလေးကို ကောက်ယူပြီး ရွာထိပ်ရေကန်ကြီးရှိရာသို့ ထွက်လာခဲ့တော့သည်။

မယ်နာဂါသည် နံနက်ခင်းအချိန်ဝယ် မမျှော်လင့်ဘဲ ကံလာရှိစွာဖြင့် သံဃာတော်များကို ဖူးမြော်ကန်တော့လိုက်ရသည့်အတွက် သူမစိတ်ထဲတွင် ကျေနပ်ပီတိတွေ အကြိမ်ကြိမ်ပွားလျက် ရင်ဝယ်လှုပ်ခတ်စွာ ခံစားနေမိသည်။

ထို့နောက် မိမိဘဝတစ်လျှောက် တွေ့ကြုံခံစားခဲ့ရသည်များကို ပြန်လည်မြင်ယောင်နေမိပြန်သည်။

◆◆◆

ဘဝအကျိုးပေး မကောင်းခဲ့လေသော မယ်နာဂါသည် မိဘများ သေဆုံးခဲ့ရသည်ကိုပင် သူမတွင် သင်္ဂြိုဟ်စရိတ် မရှိခဲ့ချေ။ သေဆုံးသူ မိဘများကို စိတ်ကျေနပ်စွာ သင်္ဂြိုဟ်ခဲ့ရသည်အထိ သူမဘဝ ဆင်းရဲနွမ်းပါးခဲ့ရသည်။ ထို့အတွက်ကြောင့်လည်း မယ်နာဂါသည် သူမ၏ကိုယ်ကို ကျွန်အဖြစ် ခိုင်းစေရန် ငွေခြောက်ဆယ်ဖြင့် ပေါင်နှံခဲ့ရသည်။ ထိုငွေခြောက်ဆယ်ကို ပြန်လည်မပေးဆပ်နိုင်သဖြင့် သူမကို နေ့ကျွန်အဖြစ် ခိုင်းစေရန် ကတိခံဝန်ချက်ကို ပေးခဲ့ရလေသည်။

မယ်နာဂါသည် နေ့ကျွန်ဆိုသော်လည်း အိမ်ကြီးရှင်၏ အိမ်ရာသို့ မဝင်သေးသည့်အချိန်အထိ အိမ်အလုပ်မှန်သမျှကို ပင်ပန်းကြီးစွာ လုပ်ကိုင်ရသည်။ ဘယ်တော့များ နေ့ကျွန်အစေခံဘဝမှ လွတ်မြောက်နိုင်ပါမည်နည်း။ သူမအပေါ် တင်ရှိထားသည့် အကြွေးငွေခြောက်ဆယ်ကို မည်သည့်နည်းဖြင့် ရှာဖွေ၍ ရနိုင်ပါမည်နည်း။

ထိုအတွေးများကြောင့် မယ်နာဂါသည် တစ်နေ့မှ စိတ်အေးချမ်းသာ မရှိခဲ့ရပါချေ။ သူများနည်းတူ လှူချင်ပါသော်လည်း မလှူနိုင်ရှာသည့်ဘဝ ဖြစ်နေရသည်။ လှူရန်မဆိုထားနှင့်၊ အဝတ်အစားသည်ပင်လျှင် သူများနည်းတူ ဝတ်စားနိုင်သည့် ဘဝမျိုး မဟုတ်ပါချေ။

◆◆◆

ကျွန်မကလေး မယ်နာဂါသည် ရေခပ်ပြီး၍ ရေအိုးကို ရွက်လျက် ခပ်သုတ်သုတ်လှမ်းပြီး ပြန်လာခဲ့သည်။

သည်နေ့သည် မယ်နာဂါအတွက် ထူးခြားသည့်နေ့ တစ်နေ့ဟု ဆိုရပေလိမ့်မည်။ သူမ ရေခပ်ထွက်လာစဉ်ကလည်း သံဃာတော်များကို ဖူးမြော်ခွင့်ကြုံခဲ့ရသည်။ ယခု ရေခပ်ပြန်လာတော့လည်း သံဃာတော်များကို ဖူးမြော်ခွင့် ကြုံရပါလေပြီ။

မယ်နာဂါသည် ရေအိုးကလေးကို ချထားလိုက်ပြီး လက်အုပ်ချီလျက် သံဃာတော်များ ကြွချီလာနေသည့်လမ်းကို စောင့်မျှော်နေလိုက်သည်။ သူမစိတ်ထဲတွင်လည်း သံဃာတော်များသည် မကြာမီကပင် ရွာထဲသို့ ဆွမ်းခံကြွချီသွားကြသည်။ ယခု ပြန်ထွက်ကြွလာခဲ့ကြပြီ။ ဆွမ်းများ ရခဲ့ကြပါ့မလားဟု တွေးနေမိစဉ်မှာပင် သံဃာတော်များသည် သူမရှေ့သို့ ရောက်လာကြတော့၏။

မယ်နာဂါသည် သူမရှေ့မှောက်သို့ ရောက်လာသည့် သံဃာတော်များကို လက်အုပ်ချီ၍ ကန်တော့လိုက်ပြီး 'အရှင်ဘုရားတို့..ဆွမ်းများ ရခဲ့ကြပါသလားဘုရား' ဟု မေးလျှောက်လိုက်၏။

မယ်နာဂါ၏ မေးလျှောက်မှုကို သံဃာတော်များထံမှ လုံလောက်သည့် ဖြေကြားမိန့်ဆိုချက် မရသည့်အတွက် မယ်နာဂါသည် အားမလိုအားမရစိတ်ကြောင့် သံဃာတော်များကို ခွင့်ပန်လိုက်ပြီး သပိတ်များကို ဖွင့်ကြည့်လိုက်သည်။ သပိတ်များထဲတွင် ဆွမ်းဟူ၍ တစ်ဇွန်းစာမျှပင် ပါရှိမလာသည်ကို တွေ့လိုက်ရလေသည်။

ဘုရား..ဘုရား..ရွာထဲက လူတွေ စေတနာသဒ္ဓါတရား နည်းပါးလှပါလား။

မယ်နာဂါ ရေရွတ်ရင်းမှပင် စိတ်ထဲတွင် ယောက်ယက်ခတ်သွားမိသည်။ သံဃာတော်များ အခြားရွာသို့



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းခံကြွရန်ကလည်း သည်ရွာနှင့် နီးနီးနားနားရွာဟူ၍ မရှိသလောက်ဖြစ်၏။ နေကလည်း တဖြည်းဖြည်းမြင့်လာနေပြီ။ မယ်နာဂါသည် စိုးရိမ်စွာသော အတွေးများဖြင့် သံဃာတော်များ ဆွမ်းအတွက် အကြံတစ်ခုကို စဉ်းစားလိုက်မိသည်။ သူမ၏ စိတ်အကြံသည် ဖြစ်နိုင်ပါစေဟုလည်း ဆုတောင်းလိုက်မိ၏။

'အရှင်မြတ်တို့ဘုရား... တပည့်တော်မရဲ့ ရေအိုးကလေးကို ခေတ္တခဏ အပ်ထားခဲ့ပါရစေဘုရား။ တပည့်တော်မရဲ့ ရေအိုးကလေး တန်ဖိုးက တစ်မတ်တန်ပါတယ်ဘုရား'

မယ်နာဂါသည် မိမိ၏ စိတ်အကြံကို အကောင်အထည်ဖော်ရန် သူမ၏ ရေအိုးကလေးကို သံဃာတော်များထံတွင် အပ်နှံထားလိုက်ပြီး သံဃာတော်များကိုလည်း ထိုနေရာမှာပင် ခေတ္တသီတင်းသုံးနေတော်မူရန် ခွင့်ပန်လျှောက်ထားလိုက်သည်။

ဟုတ်သည် မဟုတ်သည်မသိ၊ တစ်မတ်တန်သော ပစ္စည်းသည် သံဃာတော်များအတွက် ဘဝရှုံးလောက်အောင် အရေးကြီးသည်ဟု မယ်နာဂါ ကြားဖူးနားဝရှိထားသည်။ ထို့ကြောင့် သံဃာတော်များကို လျှောက်ထားရာ၌ သူမ၏ ရေအိုးကလေးတန်ဖိုးကိုပါ ထည့်သွင်းလျှောက်လျှောက်ထားခဲ့ခြင်း ဖြစ်သည်။

မယ်နာဂါသည် သူမ၏ အရှင်သခင် အိမ်ဆီသို့ အလျင်အမြန် ပြန်လာခဲ့သည်။ နေမွန်းတည့်သွားလျှင် သံဃာတော်များ ဆွမ်းမဘုဉ်းပေးရတော့မည်ကိုလည်း စိုးရိမ်စိတ် လွှမ်းကဲနေမိသည်။

မယ်နာဂါ အိမ်သို့ ပြန်ရောက်လာသည်။ အိမ်တွင်းသို့ မျှော်လင့်ချက်ကြီးစွာ လှမ်းကြည့်လိုက်ရာ အရှင်နှင့် အရှင်မတို့ကို အိမ်ထဲ၌ အခန့်သင့်ပင် တွေ့လိုက်ရသဖြင့် မယ်နာဂါ ဝမ်းသာသွားမိသည်။ သို့သော် သူမပြောရမည့် ကိစ္စအတွက် စကားအစရှာမရအောင် ဖြစ်နေမိသည်။

'ဟဲ့..မယ်နာဂါ၊ ဘာကြည့်နေတာလဲ။ လာစမ်းပါဟဲ့'

အရှင်မ လှမ်းခေါ်သဖြင့် ရှေ့သို့ရောက်လာရသော်လည်း သူမပြောရမည့် စကားအတွက် ကြောင်အမ်းအမ်း ဖြစ်နေမိသည်။ ပြောသည့်အတိုင်း ဖြစ်မလာခဲ့လျှင်ဟူသော စိုးရိမ်သည့်အတွေးကြောင့် မယ်နာဂါ နှုတ်လေးနေမိသည်။

'ပြောစမ်းပါ မယ်နာဂါ၊ ဘယ်လိုအကြောင်းရှိလို့လဲ'

အရှင်မ၏ အမေးစကားကြောင့် မယ်နာဂါ စိုးရိမ်စိတ်ကိုဖျောက်လိုက်သည်။

'ဒီလိုပါ အရှင်မရယ်၊ ကျွန်မ ငွေခြောက်ဆယ်ထပ်လိုချင်လို့ပါရှင်'

အရှင်မက အံ့သြစွာဖြင့် မယ်နာဂါကို ကြည့်သည်။

'အလိုကွယ်..စဉ်းစားပါဦး မယ်နာဂါရယ်။ အရှင်ယူထားတဲ့ ငွေခြောက်ဆယ်တောင် မဆပ်နိုင်သေးလို့ နေ့ကျွန်ခံနေရတာ၊ အခု ငွေခြောက်ဆယ်ထပ်ယူဦးမယ်ဆိုရင် ညည်း တစ်သက်လုံး ကျွန်ဘဝက လွတ်ပါ့ဦးမလား'

'အဲဒါတွေကို ကျွန်မသိပါတယ်ရှင်။ အရှင်ယူထားတဲ့ ငွေခြောက်ဆယ်က နေ့ကျွန်အတွက် ဖြစ်ပါတယ်။ အခုတောင်းတဲ့ ငွေခြောက်ဆယ်အတွက် ညကျွန်ခံရင်း ကျွန်မ ပေးဆပ်သွားပါမယ်ရှင်'

'အို..ဒီလောက်တောင်မှပဲလား မယ်နာဂါရယ်၊ မေးစမ်းပါရစေဦး။ ဒီငွေခြောက်ဆယ်ကို ညည်းက ဘာလုပ်မလို့ တောင်းရတာလဲ'

အရှင်ကြီးက သနားငဲ့ညှာစိတ်ဖြင့် ဝင်ပြောသည်။

'ကဲပါ အမယ်ကြီးရယ်၊ ကလေးမက အရေးကြီးလို့ တောင်းတာဖြစ်မှာပေါ့၊ ပေးလိုက်စမ်းပါလေ'

'မဟုတ်ပါဘူး အဘိုးကြီးရယ်။ ဒီကလေး အရှင်[...]ကာရော သုံးပစ်မှာစိုးလို့ပါ'

'ဒီငွေတွေကို ကျွန်မ သုံးဖို့ မဟုတ်ပါဘူးရှင်။ သံဃာတော်တွေကို ဆွမ်းကပ်လှူချင်လို့ပါ အရှင်မရယ်'

'ဟော..ကလေးမတောင်းတာ ကုသိုလ်ပြုဖို့ဆိုတော့ ပေးလိုက်ပါ အမယ်ကြီးရယ်'

'ဟုတ်ပါပြီရှင်။ ကျွန်မ နားလည်ပါတယ်'

အရှင်မသည် ငွေခြောက်ဆယ်ထုတ်ပြီး မယ်နာဂါအား ပေးလိုက်သည်။

'ရော့..ညည်းတောင်းတဲ့ ငွေခြောက်ဆယ်၊ ကဲ[...]တော့ တည်ပါစေနော်'

'စိတ်ချပါ အရှင်မရယ်'

မယ်နာဂါသည် ဝမ်းသာကြည်နူးစိတ်ဖြင့် အရှ[...] ပေးလိုက်သော ငွေခြောက်ဆယ်ကို ယူလာပြီးလျှင် ရွာ၌ တစ်အိမ်တစ်ကျပ်ကျစီ ခွဲဝေပေးလိုက်ပြီး ဆွမ်းတ[...]



www.burmeseclassic.com

www.burmeseclassic.com

စီချက်ကြရန် စီစဉ်ပေးလိုက်လေသည်။

ရွာထဲရှိ စေတနာရှိသူ စိတ်ကောင်းရှိသူများကလည်း ရလာသည့် ငွေတစ်ကျပ်ဖြင့် ဆွမ်းချက်လိုက်ကြသည့်အခါ မကြာမီအချိန်အတွင်းမှာပင် ဆွမ်းအုပ်ခြောက်ဆယ် ပြီးစီးသွားလေတော့သည်။

အချိန်ကလည်း သံဃာတော်များ နေ့ဆွမ်းဘုဉ်းပေးချိန်တိုင်လေပြီ။

မယ်နာဂါသည် ဆွမ်းအုပ်ခြောက်ဆယ်ကို ဦးဆောင်၍ ယူဆောင်လာပြီးလျှင် ခေတ္တခဏ သီတင်းသုံးနေတော်မူကြသည့် သံဃာတော်အရှင်မြတ်တို့အား တစ်ပါးလျှင် ဆွမ်းအုပ် တစ်အုပ်ကျစီ ကပ်လှူလိုက်လေတော့သည်။

ထို့နောက် မယ်နာဂါသည် မိမိဘဝ အကြောင်းရင်းနှင့် ညကျွန်အဖြစ် ခံယူ၍ ကပ်လှူသည့် ဆွမ်းအုပ်များဖြစ်ကြောင်းကိုလည်း သံဃာတော်အရှင်မြတ်တို့အား လျှောက်ထားလိုက်လေသည်။

သံဃာတော်အရှင်မြတ်တို့ကလည်း ဤဆွမ်းသည် သာမညဆွမ်းမဟုတ်၊ သာမန်စေတနာဖြင့် ဖြစ်ပေါ်လာသော ဆွမ်းမဟုတ်။ ထူးကဲမွန်မြတ်သောဆွမ်း၊ ထက်သန်သော စေတနာကြောင့် ဖြစ်ပေါ်လာသောဆွမ်း ဖြစ်သည်။

ထို့ကြောင့် ဤဆွမ်းကို ကိလေသာအညစ်အကြေးများ မစင်သည့် သာမန်ပုထုဇဉ် အဖြစ်မျိုးနှင့် သုံးဆောင်ဘုဉ်းပေးခြင်းမထိုက်။ အရိယာအဖြစ်နှင့်သာ သုံးဆောင်ဘုဉ်းပေးထိုက်သည်ဟု နှလုံးသွင်း သဘောပေါက်မိကြပြီး မယ်နာဂါ လှူဒါန်းလိုက်သောဆွမ်းကို အလှူခံယူတော်မူ၍ ကမ္မဋ္ဌာန်းအာရုံသို့ ညွတ်ကိုင်းသော စိတ်ထားကိုယ်စီဖြင့် တောအတွင်း သစ်ပင်ရင်းများဆီသို့ ကြွလှမ်းတော်မူသွားကြလေသည်။

မယ်နာဂါသည်လည်း သံဃာတော်အရှင်မြတ်တို့၏ ဝတ်ကျေးဇူးများကို ရည်မှန်း၍ ရှိခိုးဦးခိုက်ပူဇော်ပြီး သဒ္ဓါပီတိစိတ်တို့ ပွားများလျက် ရေအိုးကလေးကိုရွက်ပြီး ရွာဘက်ဆီသို့ ပေါ့ပါးလန်းဆန်းစွာ ပြန်လာခဲ့လေတော့သည်။

◆◆◆

'သာဓု..သာဓု..သာဓု'

ရုတ်တရက်ထွက်ပေါ်လာသော သာဓုခေါ်သံကြောင့် မင်းကြီးသည် နန်းဆောင်အတွင်း လှည့်ပတ်ကြည့်လိုက်သည်။ မိဖုရားကြီး အသံလည်းမဟုတ်၊ နန်းဆောင်အတွင်း ရှိနေကြသူများသည်လည်း မည်သူမျှ လှုပ်လှုပ်ရှားရှား မရှိကြ။ မည်သူ့အသံနည်း။

မင်းကြီးသည် မည်သို့မှ စဉ်းစားမရသည့် အဆုံးတွင်-

'သာဓုခေါ်ဆိုသူမှာ မည်သူဖြစ်သနည်း'

'အကျွန်ုပ် ထီးချက်စောင့်နတ်သမီး၊ သာဓုခေါ်ဆိုခြင်း ဖြစ်သည် အရှင်မင်းကြီး'

'အို..အသင် ထီးချက်စောင့်နတ်သမီး၊ ကျွန်ုပ်၏ ကောင်းမှုကုသိုလ်ဒါနတွေအတွက် သာဓုခေါ်ဆိုခြင်း ဖြစ်ပါသလော'

'မြတ်သောမင်းကြီး၊ အကျွန်ုပ် သာဓုခေါ်ဆိုခြင်းမှာ အရှင်မင်းကြီး၏ ကောင်းမှုကုသိုလ် ဒါနများအတွက် မဟုတ်ပါ။ ကျေးတောရွာမှ ကျွန်မကလေး မယ်နာဂါ၏ ဆွမ်းအလှူဒါနအတွက် သာဓုခေါ်ဆိုခြင်း ဖြစ်တယ်'

'အသင် ထီးချက်စောင့်နတ်သမီး၊ မယ်နာဂါမည်သော ကျွန်မကလေး၏ ဆွမ်းအလှူဒါနသည် ကျွန်ုပ်၏ ဒါနကုသိုလ်ပွဲများထက် ပို၍မွန်မြတ်ပါ၏လော'

'မြတ်သောမင်းကြီး..အရှင်မင်းကြီး၏ ဒါနကုသိုလ်များသည် ကျွန်မကလေး မယ်နာဂါ၏ ဆွမ်းအလှူဒါနထက် ကြီးကျယ်ခမ်းနားလှပါ၏။ သို့သော်လည်း မွန်မြတ်ခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုရသော် အရှင်မင်းကြီး





www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်သော အလှူဒါနသည် နဖူးကချွေး ခြေမသို့ကျသည့်တိုင်အောင် ကိုယ်တိုင် လုပ်ကိုင်ရှာဖွေရရှိသော ပစ္စည်းဥစ္စာဖြင့် ပြုလုပ်သော အလှူဒါနမဟုတ်ပါ။ ကျွန်မကလေး မယ်နာဂါ၏ အလှူဒါနသည် သူတကာတို့ ပြုနိုင်ခဲ့သည့် မိမိကိုယ်ကို ညကျွန်ခံ၍ ပေးလှူသော ဆွမ်းအလှူဒါန ဖြစ်ပေတယ် အရှင်မင်းကြီး။ ထို့အပြင် သံဃာတော်များသည်လည်း ကျွန်မကလေး မယ်နာဂါ လှူဒါန်းသော ဆွမ်းကို အကြောင်းပြု၍ ပုထုဇဉ်ဘဝမှ အရိယာအဖြစ်သို့ ရောက်ခဲ့ကြပါတယ်။ ထို့ကြောင့် ကျွန်မကလေး မယ်နာဂါ လှူဒါန်းသော ဆွမ်းဒါနပွဲသည် အရှင်မင်းကြီး လှူဒါန်းသည့် အလှူဒါနပွဲထက် ထူးကဲမွန်မြတ်ခြင်း ဖြစ်ပါတယ်။ အကျွန်ုပ် ထီးချက်စောင့်နတ်သမီးသည် ကျွန်မကလေး မယ်နာဂါ၏ ထူးကဲမွန်မြတ်သော ဆွမ်းအလှူအတွက် သာဓုခေါ်ခြင်း ဖြစ်တယ် အရှင်မင်းကြီး'

'သာဓု..သာဓု..သာဓု'

မင်းကြီးသည် ထီးချက်စောင့်နတ်သမီး၏ သာဓုခေါ်ဆိုရခြင်း အကြောင်းရင်းကို ကြားသိလိုက်ရသည့်အတွက် ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ သာဓုခေါ်ဆိုလိုက်မိသည်။

မင်းကြီးသည် ထူးကဲမွန်မြတ်သော ဆွမ်းအလှူရှင်မလေး မယ်နာဂါကို တွေ့ချင် မြင်ချင်လွန်းသည့် အာသာဆန္ဒများ ပြင်းပြလာသည်။ ထို့ကြောင့် မင်းချင်းတို့အား မယ်နာဂါရှိမည့် ရွာကလေးကို စုံစမ်း၍ မယ်နာဂါအား နေပြည်တော်သို့ ခေါ်ဆောင်လာရန် အမိန့်ပေး စေခိုင်းလိုက်လေသည်။

ဤသို့ဖြင့် မယ်နာဂါ ကျွန်မကလေးသည် မင်းကြီး၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာခဲ့ရလေတော့သည်။ မင်းကြီးက သံဃာတော်အရှင်မြတ်တို့အား ဆွမ်းလှူရသည့် အကြောင်းခြင်းရာများကို စုံလင်စွာ မေးမြန်းတော်မူလေသည်။ မယ်နာဂါ ကျွန်မကလေးကလည်း ဖြစ်ကြောင်းကုန်စင် အမှန်အတိုင်း ဖွင့်ဟလျှောက်တင်လိုက်လေသည်။

မင်းကြီးသည် မယ်နာဂါ ကျွန်မကလေး၏ ဖွင့်ဟလျှောက်တင်ချက်ကို ကြားလိုက်ရသည့်အခါတွင် ပီတိသဒ္ဓါအဟုန်ကြွပြီး သာဓုအကြိမ်ကြိမ် ခေါ်ဆိုလိုက်မိပါတော့သည်။

◆ ◆ ◆

ရွှေမင်းသမီးကလေးသည် အရိပ်ပမာလိုက်လာသည့် သူမ၏ အတိတ်ဘဝများကို ပြန်လည်တွေးနေရင်းမှ အရှင်မွေး၍ နေ့ချင်းကြီးခဲ့ရသည့် အဖြစ်ကြောင့် ရင်တွင်းပီတိများ ရွှန်းရွှန်းဝေဖြာနေမိသည်။

မိမိကိုယ်ကို ပေါင်နှံ၍ သံဃာတော်အပါးခြောက်ဆယ်တို့အား ဆွမ်းလှူဒါန်းခဲ့ရသော ဒါနကုသိုလ်အကျိုးကြောင့် ယခုတစ်ဘဝတည်းမှာပင် သုံ့တစ်ပါး၏ ကျေးကျွန်ဘဝမှ အပြီးတိုင် ကျွတ်လွတ်ခဲ့ရပြီး တစ်ပင်တိုင်မြနန်းထက်မှာ စံမြန်းလျက် ဘုရင့်သမီးတော်တစ်ပါး၏ စည်းစိမ်ဥစ္စာရတနာများစွာ အခွင့်အရေးများစွာကို ထိုက်ထိုက်တန်တန် ခံစား စံစားရလေသည်။

မိမိ၏ ဆွမ်းအလှူဒါနကြောင့် သံဃာတော်အပါးခြောက်ဆယ်သည်လည်း ပုထုဇဉ်ဘဝအဖြစ်မှ အရိယာသူတော်စင်အဖြစ်သို့ ထိုက်ထိုက်တန်တန် ရောက်ခဲ့ကြရလေသည်။ သန့်စင်မွန်မြတ်သော ဒါနကုသိုလ်သည် နည်းသည် များသည်၊ ကြီးသည် ငယ်သည်မဟူ အကျိုးပေးကြီးကျယ်လှပေသည်ဟု တွေးလိုက်မိသည်။

မိမိဘဝသည်လည်း ကောင်းသောအမှုကို ပြုလုပ်သူသည် ကောင်းသောအကျိုးကို ထိုက်ထိုက်တန်တန် ခံစားရမည်။ မကောင်းသောအမှုကို ပြုလုပ်သူသည် မကောင်းသောအကျိုးကို ထိုက်ထိုက်တန်တန် ခံစားရမည်။ ချိုမြိန်သော မျိုးစေ့ကို စိုက်ပျိုးသူသည် ချိုမြိန်သော အသီးကို စားသုံးရပေမည်။ ချဉ်သော မျိုးစေ့ကို စိုက်ပျိုးသူသည် ချဉ်သောအသီးကို စားသုံးရပေမည်။ ခါးသော မျိုးစေ့ကို စိုက်ပျိုးသူသည် ခါးသောအသီးကို စားသုံးရပေမည်ဟူသော လောကနိယာမတရားကို ညွှန်ပြနေပါလေတော့သည်။

ရွှေမင်းသမီးကလေးသည် မင်းပရိသတ်တို့အား လူ့လောကတွင် စည်းစိမ်ဥစ္စာရတနာတို့ဖြင့် ထိုက်ထိုက်တန်တန် ခံစားလိုသော ပုဂ္ဂိုလ်တို့သည် သာသနာ့မြေပြင်ဝယ် ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော မျိုးစေ့ကောင်းများကို ကြဲချစိုက်ပျိုးကြပါဟု တိုက်တွန်းနှိုးဆော်လိုက်ပါလေသတည်း။

ဥက္ကလာ မြင့်သန်းအော

ရည်ညွှန်း

* သီဟဠဝတ္ထု၊ မယ်နာဂါဇာတ်။



www.burmeseclassic.com

(က)

ကျိန်စာအမျိုးမျိုးရှိသည်။

ပုဂံခေတ်က ပုဂံဘုရားပုထိုးစေတီများတွင် ကျိန်စာဆိုလေ့ရှိကြသည်။ ကျိန်စာကျောက်စာများရှိသည်။ မင်းနှင့် မိဖုရား၊ မင်းအချင်းချင်း၊ မိဖုရားအချင်းချင်း၊ မင်းစဉ်မင်းဆက်အချင်းချင်း စသည်တို့နှင့်ပတ်သက်၍ မကျေနပ်မှုများ၊ ရန်ငြိုးများ၊ ကောက်ကျစ်စဉ်းလဲမှုရှိသည်များကို ကျိန်စာဆိုလေ့ရှိကြသည်။ အမျက်မာန်၊ ရာထူးမာန် ကြီးရုံမျှမက ပုဂ္ဂိုလ်ရေးရာ မကျေလည်မှုများအထိ အငြိုးအတေး ထားခဲ့ကြပေတကား။

မိမိတို့ လူမှုနယ်ပယ်တွင်လည်း ကလေးဘဝ ဆော့ကစားကြစဉ်၊ စကားပြောကြစဉ် အကြောင်းတစ်ခုခုဖြင့် အစွပ်အစွဲခံရပါက၊ အပြစ်တင်ခံရပါက ကျိန်ဆိုလေ့ရှိခဲ့ ကြသည်။ နင် မိုးကြိုးပစ်၊ ညည်း မြွေပွေးကိုက်မှာ ကျိန်ဆိုခိုင်းလျှင် မိုးကြိုးကြီး ပစ်ပါစေ၊ မြွေပွေးကိုက် ခံရပါစေ စသည်ဖြင့် ကျိန်ဆိုရလေသည်။ မိုးကြိုးပစ် ခံရမှာကို ကြောက်ကြပေသကိုး။ ကျေးလက်တောအရပ်ဒေသဆိုတော့ အဆိပ်ပြင်းသော၊ သေစေနိုင်သော မြွေပွေး၊ မြွေဟောက်တွေကလည်း ပေါပေသကိုး။ မိုး



www.burmeseclassic.com

ကြိုးပစ်ခံရလျှင် အလွန်ကံဆိုးသူ ဖြစ်တောင့်ဖြစ်ခဲဖြစ်၍ ကံဆိုးသူကိုမှ မိုးကြိုးပစ်သည်ဟု ခံယူထားကြတာကိုး။

သို့သော် ယနေ့ခေတ်မှာဖြင့် ကဏန်းရှာထွက်သော အမျိုးသမီးနှစ်ဦး မိုးကြိုးပစ်ခံရခြင်း၊ လယ်ကွင်းထဲမှာရှိနေသော လယ်သမားတစ်ယောက် မိုးကြိုးပစ်ခံရ၍ သေသွားခြင်း စသောသတင်းများကို သတင်းစာ၊ ဂျာနယ်၊ ရေဒီယို စသော မီဒီယာများမှာ ကြားသိနေရသည်။ အမှန်စင်စစ် နွေနှောင်းကာလ မိုးဦးကျစအခါသမယတွင် မိုးလေဝသ သဘာဝအရ အပူဓာတ်၊ အအေးဓာတ် ထိနိုက်ပွန်းရှ ပဋိပက္ခသဘောအရ မိုးကြိုးပစ်ခြင်း၊ မုန်တိုင်းကျခြင်းတို့ ဖြစ်တတ်ပေသည်။ ဥတုနိယာမ သဘာဝတရား၏ ဖောက်ပြန်ပြောင်းလဲမှု သဘာဝတရားပင် ဖြစ်ချေသည်။

မိုးကြိုးပစ်ခံရခြင်းမှာ ဖြစ်တောင့်ဖြစ်ခဲကိစ္စဖြစ်၍ ကံဆိုးသူများသာ ထိမှန်တတ်သည်ဟူသော အယူအဆက ရှိနေပေသကိုး။ မြို့ပြမှာ ခေတ်မီမီကျိန်ဆိုမယ်ဆိုလျှင်တော့ မိုးကြိုးပစ်သာမက ကားတိုက်၊ ဓာတ်လိုက်ခံရပါစေဟူ၍ပင် ကျိန်စာသစ် ထည့်ရမည် ထင်သည်။

အမှန်အားဖြင့် ကျိန်စာကျိန်ဆိုခြင်းသည် မိမိဘက်မှ မှန်ကန်မှုကို ပြခြင်းဖြစ်သည်။ မှန်ကန်သည့်အတိုင်း ကျိန်ဆိုပါက ပြဿနာမရှိသော်လည်း မမှန်မကန်ကိစ္စ(အမှားလုပ်ထားတာကို)ဖုံးကွယ်ပြီး ကျိန်စာဆိုလျှင်ကား မကောင်းကျိုးသက်ရောက်မှု ရှိတတ်ပေသည်။

ဟုတ်မှန်နေသောကိစ္စကို ဖုံးကွယ်ပြီး မမှန်မကန်လုပ်ကြံကျိန်စာဆိုခဲ့သောကြောင့် အဝတ်အစားမဲ့ ပြိတ္တာမကြီးဖြစ်သွားရသူ တစ်ယောက်ကို သတိပြုဖွယ် သင်ခန်းစာယူဖွယ် ဓာတ်လမ်းတစ်ပုဒ်ကို ဖော်ထုတ်တင်ပြလိုက်ပါသည်။

(ခ)

တစ်ချိန်က သာဝတ္ထိမင်းနေပြည်တော်အနီးမှာ ရွာတစ်ရွာ ရှိလေ၏။ အိမ်ခြေများပြားသော ရွာကြီးမဟုတ်သော်လည်း မနေဥစ္စာကြွယ်ဝချမ်းသာသူ အများအပြားရှိလေသည်။ သူကြွယ်ဇနီးမောင်နှံတို့ နေထိုင်ကြသည်။ ဇနီးမောင်နှံတွင် သားနှစ်ယောက် ဖွားမြင်၏။ သားနှစ်ယောက်တို့သည် ရုပ်ရည်အဆင်း လှပကြကာ ရုပ်ချင်းလည်း တူကြသည်။ တစ်ယောက်ချင်းသာ တွေ့ဆုံမည်ဆိုလျှင် ဘယ်သူကအစ်ကို၊ ဘယ်ဝါကညီပါဟု ခွဲခြားမရနိုင်အောင် ရုပ်အဆင်းတူ၏။ ကိုယ်လုံးကိုယ်ပေါက်ချင်းလည်း တူညီကာ ယောကျ်ားပီသကြလေသည်။

အားကောင်းမောင်းသန် ညီအစ်ကိုဖြစ်၍ အစ်ကိုကြီးကို မဟာဗလဟုခေါ်ပြီး ညီဖြစ်သူကို စူဠဗလဟု ခေါ်သည်။ ကိုကိုဗလနှင့် ညီညီဗလဟု အလွယ်တကူ ခေါ်ကြပါစို့။ မိခင်ကလည်း ချောမောလှပသူဖြစ်၍ သူတို့ညီအစ်ကိုကို အမေတူသားများဟု ချီးကျူးကြလေသည်။

မိခင်မှာ အပျိုဘဝ အိမ်ထောင်မကျခင်က အလှမာန်တက်ခဲ့သည်။ ဒီရွာမှာ ငါသာလျှင် အလှဆုံးဟု သွေးနားထင်ရောက်ကာ အလှမာန်တက်ခဲ့၏။ ယခုအချိန်တွင် သားနှစ်ယောက်ကပါ ယောကျ်ားပီသ ချောမောလှပသူများ ဖြစ်နေ၍ သားမာန်တက်ပြန်လေသည်။ သားမာန်ဆိုတာ သားနှင့်ပတ်သက်ပြီး မာနကြီးတတ်သော အမေတို့၏ မာနတစ်မျိုးပင်။

သားမာန်ကြောင့် ပတ်ဝန်းကျင်အပေါ် မာနကြီးရုံမျှမက လင်ယောကျ်ားဖြစ်သူ သားတို့၏ အဖေကိုပင် အရှိအသေတန်လျက်ရှိသည်။ အလှဂုဏ်၊ သားဂုဏ်တက်ပြီး လင်ကိုပင် အဖက်မတန်သလို ဆက်ဆံလာသည်။ အကျောက်အကန် ပြန်လှန်ပြောဆိုမှုတွေ များလာသည်။

သားတို့ အဖေကလည်း အိမ်ထောင်ဦးစီး အိမ်ဦးနတ်ဖြစ်သောသူကို နတ်နေကိုင်းမချန် ဆက်ဆံလာသောအခါ မကျေနပ်ပေ။ လင်မယားချင်း မကြာခဏ စကားများလေ့ရှိ၏။

'ယောကျ်ားချင်းတူပေမယ့် ကျုပ်သားတွေက အဖိုးတန် ယောကျ်ားတွေတော့ သိရဲ့လား။ ရှင်လို ညောင်နာနာ ရှုနာရှိုက်ကုန်း မဟုတ်ဘူး'

'ဟော့..ရှင်မ၊ မင်းရဲ့ သားတွေကို အမွှမ်းတင်ချင်တင်ပါ၊ ငါ့ကိုတော့ မစော်ကားနဲ့'

'အိုရှင်..ကျုပ်က မှန်တာ ပြောတာ။ ရှင်က နာသလား'

'တော်ကွာ တော်..တော်၊ မင်းဟာမင်း ဘယ်လိုပဲ အလှဂုဏ်၊ သားဂုဏ်မောက်မောက် မင်းဟာ ငါ့ခြေဖဝါးအောက်ရောက်နေတဲ့ ငါ့မယား ဖြစ်နေပြီလေ၊ မှတ်ထား'

'ကျုပ်မျက်စိမှောက်လို့ ရှင့်ကို ကြိုက်မိတာ။ ရှင့်



www.burmeseclassic.com

www.burmeseclassic.com

လို ရုပ်မျိုးကို ဘယ်သူကမှ ကြိုက်မှာ မဟုတ်ဘူး'

မယား၏ စကားများသည် လင်ယောကျ်ား၏ မာန ကို ထိပါးလာသောအခါ မခံချင်စိတ်က စကားလုံးများ အဖြစ် ပွင့်အန်ထွက်ကျလာလေသည်။

'မင်းထက်သာတဲ့ မိန်းမမျိုးကို ငါယူပြရမလား'

'ဟား..ဟား..ဟွား..ယူစမ်းပါတော်။ တစ်ယောက် မကဘူး၊ ဆယ်ယောက်ယူ..ယူ'

'အေး..ကောင်းပြီ။ မင်းစကားမင်း မြဲမြဲမှတ်ထား နော်'

(ဂ)

မိန်းမ၏ အရွဲ့အစောင်း အထေ့အငေါ့ စကားတွေက လင်ယောကျ်ား၏ ယောကျ်ားမာနကို ထိခိုက်ပွန်းရှသွား လေသည်။ ထိုအခါ မယားအရွဲ့တိုက်သည့်သဘော သူ လည်း မခေဘူးဆိုသော သဘောဖြင့် မယားငယ်အချော အလှ တစ်ယောက်ကို ကောက်ယူကာ အိမ်ပေါ် ခေါ်တင် လာလေတော့သည်။

တစ်အိမ်တည်းမှာ မယားနှစ်ယောက် လင်က တစ် ယောက်။ မယားကြီး မယားငယ်၊ မယားပြိုင်လည်း တရားဥပဒေတွင်ဆိုသည်။ ဓမ္မပဒတွင် ဝိသာခါ၏ အဖော် မိန်းမများ ဥပုသ်စောင့်ကြရာတွင် ဥပုသ်စောင့်ခြင်း၏ ရည်ရွယ်ချက်မေးရာ လင်တူမယား(မယားပြိုင်) ဘဝမှ လွတ်မြောက်လို၍ ဥပုသ်စောင့်ခြင်း ဖြစ်ဖါကြောင်း အချက်တစ်ချက်လည်း ပါဝင်သည်။

မယားငယ်တွင် ကိုယ်ဝန်သုံးလ ရသောအခါ မယား ကြီး စိတ်ပြောင်းသွားသည်။ မယားငယ်၊ မယားပြိုင်က သားသမီးရလာလျှင် ငါ့စည်းစိမ်ဥစ္စာ ခွဲဝေပေးရတော့မှာ ပါလားဟု မနာလိုဝန်တိုစိတ်ဝင်လာကာ မယားငယ်အား ကိုယ်ဝန်ပျက်ဆေး တိုက်ကျွေးလေ၏။

ဤကိစ္စကို အားလုံးက ရိပ်မိကြသည်။ မယားငယ် ၏ မိဘဆွေမျိုးများကမူ ဒီကိစ္စဟာ မယားကြီး လက်ချက် ပဲဟု တပ်အပ်စွပ်စွဲ ပြောဆိုကြလေသည်။ ဤကိစ္စနှင့်ပတ် သက်၍ လူပုံအလယ်မှာ ကိုယ်ဝန်ဖျက်ဆေး မတိုက်ကျွေး ရပါဘူးလို့ ကျိန်ဆိုခိုင်းကြလေပြီ။

'ကျွန်မသည် ကိုယ်ဝန်ဖျက်ဆေးကို ကျွေးလျက်နှင့် မကျွေးပါဟု လိမ်ညာပြီး ကျိန်စာဆိုခဲ့သော် အမြဲပူး သား(၇)ယောက်တို့ကို နံနက်တစ်ကြိမ်၊ ညမှာတစ်ကြိမ် မွေးဖွားပြီး အဲဒီသား(၁၄)ယောက်တို့ကို ပြန်စားသော မိန်းမဖြစ်ရပါစေသား'

ထိုမိန်းမ၏ ကျိန်စာဆိုပုံကလည်း ကြောက်စရာ၊ ကြက်သီးဖြန်းဖြန်းထစရာ ကောင်းလှပါ၏။ ထိုမိန်းမက တော့ သူမဟုတ်သလို ဟန်မပျက် ကျိန်စာဆိုလိုက်လေ သည်။

(ဃ)

လိမ်ညာ၍ ကျိန်စာဆိုခဲ့သော မိန်းမသည် စိတ် ထောင်းကိုယ်ကျေဖြစ်ကာ ထိုဝေဒနာဖြင့် သေသွားလေ ၏။ နောင်ဘဝတွင် ခံစားရသော သူမဘဝ၏ပုံလွှာ အဖြစ် ဆိုးကို ကြည့်ကြပါဦး။ အဝတ်မပါသော ပြိတ္တာမ၊ အရုပ် ဆိုးအကျည်းတန် တစ်ကိုယ်လုံး ပုပ်စော်နံညှီနေကာ ယင် တလှောင်းလှောင်းဖြစ်နေလေသည်။ သူကျိန်စာဆိုခဲ့သည့် အတိုင်း နံနက် သား(၇)ယောက်၊ ညအခါ သား(၇) ယောက်မွေးဖွားပြီး ကိုယ့်သားများကို စားပစ်နေရသည်။ ဝလည်းမဝ၊ အမြဲဆာလောင်လျက်သာ အသည်းနှလုံးများ ကို မီးမြိုက်ခံရသလို ပူလောင်ခံခက် ဆိုးဝါးချက်များကို ရဟန်းသံဃာများအား အသနားခံ ပြောပြနေပါတော့၏။

'တပည့်တော်မ၏ ခင်ပွန်းယောင်းအိမ်သို့ ကြွရောက် ဆွမ်းအလှူခံတော်မူပြီး အဲဒီအလှူဒါနအဖို့ဘာဂကို တပည့် တော်မအား အမျှပေးဝေပေးတော်မူကြပါဘုရား'

ရဟန်းသံဃာတော်များသည် ကျောင်းအနီးသို့ရောက် လာပြီး ကိုယ်ထင်ရှားပြကာ တောင်းပန်စကား လျှောက် ထားနေပေသော ပြိတ္တာမကို သနားကြကာ သံသရာဘဝ ဘေးဆိုးကြီးကိုလည်း ထိတ်လန့်စွာ သံဝေဂယူကြကာ ပြိတ္တာမ လျှောက်ထားသည့်အတိုင်း စီစဉ်ပြုလုပ်ပေးကြ လေသည်။

သာခုသုံးကြိမ် ခေါ်ဆိုရသဖြင့် အဖို့ဘာဂ အမျှရရှိ သွားသော ပြိတ္တာမသည် ပြိတ္တာဘဝမှ ကျွတ်လွတ်သွားခဲ့ ပါသတည်း။

ရဟန်းတော်တို့သည် သာဝတ္ထိပြည်အလာ လမ်းခရီး တွင် တွေ့ကြုံခဲ့ရသော ပြိတ္တာမအကြောင်းကို မြတ်စွာ ဘုရားအား လျှောက်ထားကြလေ၏။

**မုံရွာ နေဇာ**

(ပေတဝတ္ထု အဋ္ဌကထာ၊ ဥရဂဝဂ်၊ သတ္တပုတ္တခါဒ ပေတိဝတ္ထုကို ခြယ်မှုန်းပါသည်။)

www.burmeseclassic.com

# ဓမ္မဃောသကကျော်ဩဘာသ ၏ မိန့်မြွက်တော်မူသော ဩဝါဒစာပေများ (၃)




အရည်အချင်းပြည့်ဝရမည့် အကြောင်းအရာသုံးမျိုးတွင် ဒုတိယပြည့်ဝရမည့် အကြောင်းအရာသည် လှူဒါန်းနိုင်သော ပစ္စည်းဝတ္ထုဖြစ်၏။ ပစ္စည်းဝတ္ထု၏ အရည်အချင်းသည် သန့်ရှင်းခြင်းဖြစ်၏။ သန့်ရှင်းသော ပစ္စည်းဝတ္ထုဖြစ်ရန် လိုအပ်၏။ အည[...] အကြေးများ ပေကျံနေသော[...] ပစ္စည်းဝတ္ထု မဖြစ်ရပေ။

သန့်ရှင်းသည်မှာ နှစ်မျိုးရှိ၏။ ရှာဖွေမှု သန့်ရှ[...] ခြင်း၊ ပြုလုပ်မှု သန့်ရှင်းခြင်း ဖြစ်၏။ တချို့သော ပ[...] ဥစ္စာတို့သည် တရားသောနည်းဖြင့် ရှာဖွေခြင်းမဟုတ်[...] မတရားသောနည်းဖြင့် ရှာဖွေ၍ ရရှိလာခြင်း ဖြစ်[...]



www.burmeseclassic.com

www.burmeseclassic.com

ကောက်ကျစ်၍သော်လည်းကောင်း၊ လိမ်လည်လှည့်ပတ်၍သော်လည်းကောင်း၊ ခိုးဝှက်၍သော်လည်းကောင်း၊ နိုင်ထက်ကလူပြု၍သော်လည်းကောင်း ရှာဖွေသော ပစ္စည်းဥစ္စာသည် မတရားသဖြင့် ရှာဖွေသော ပစ္စည်းဥစ္စာဖြစ်၏။ ကုန်ရောင်းကုန်ဝယ်လုပ်ခြင်း၊ လက်မှုပညာ စသည်တို့ဖြင့် သင့်သောအမြတ်ကိုယူ၍ ရှာဖွေသော ပစ္စည်းဥစ္စာသည် တရားသောနည်းဖြင့် ရှာဖွေခြင်းဖြစ်၏။ တရားသောနည်းဖြင့် ရှာဖွေသော ပစ္စည်းဥစ္စာသည် သန့်ရှင်းသောပစ္စည်းဥစ္စာဖြစ်၏။ မတရားသဖြင့် ရှာဖွေသော ပစ္စည်းဥစ္စာသည် မသန့်ရှင်းသော ပစ္စည်းဥစ္စာ ဖြစ်၏။ မသန့်ရှင်းသော ပစ္စည်းဥစ္စာသည် အရည်ချင်း မပြည့်ဝသော ပစ္စည်းဥစ္စာဖြစ်၏။ အရည်ချင်းပြည့်ဝသော ပစ္စည်းဥစ္စာ ဖြစ်ရန်အတွက် သန့်ရှင်းသော ပစ္စည်းဥစ္စာဖြစ်အောင် ကြိုးစားကြရမည် ဖြစ်၏။

ဒါနပြုလုပ်ခဲ့သော အကုံရနတ်သား၏ ပစ္စည်းဥစ္စာသည် အရည်အချင်း ပြည့်ဝခဲ့၏။ အကုံရနတ်သားသည် ပစ္စည်းဥစ္စာကို ကောက်ကျစ်၍ မရှာဖွေခဲ့၊ လိမ်လည်လှည့်ပတ်၍ မရှာဖွေခဲ့၊ ခိုးဝှက်၍ မရှာဖွေခဲ့၊ နိုင်ထက်ကလူပြု၍ မရှာဖွေခဲ့ပေ။ အကုံရသည် ဥါရာဝတီမြို့၌ နေထိုင်ခဲ့သူဖြစ်၏။ မင်းမျိုးမင်းနွယ်ဖြစ်သော်လည်း မင်းမလုပ်ခဲ့ပေ။ ကုန်သည်အလုပ်ကိုသာ လုပ်ခဲ့သူဖြစ်၏။ ကုန်သည်လုပ်ငန်းသည် စွန့်စားရသောလုပ်ငန်းဖြစ်၏။ အကုံရသည် စွန့်စားရသောလုပ်ငန်းအား စွန့်စွန့်စားစားပင် လုပ်ခဲ့၏။ လုပ်သလောက် အကျိုးရှိခဲ့၏။ လုပ်ငန်းသည် အောင်မြင်ပြီးရင်း အောင်မြင်ရင်းဖြစ်ခဲ့၏။

အကုံရ ပိုင်ဆိုင်ထားသမျှသော ပစ္စည်းဥစ္စာတို့ဖြင့် ဒါနပြုလုပ်ခဲ့၏။ ပြုလုပ်ခဲ့သော ဒါနသည် အကြီးကျယ်ဆုံး ကြီးကျယ်ခဲ့၏။ ဝန်းကျင်ပတ်လည် လူများစွာတို့သည် လယ်လုပ်ခြင်း စသောလုပ်ငန်းတို့ကို မလုပ်ကိုင်ကြတော့ဘဲ အကုံရ၏အလှူမှာ စားနေကြ၍ နိုင်ငံ့ဘဏ္ဍာငွေ နည်းပါးလာခဲ့၏။ ဘုရင်ကိုယ်တိုင် အလှူကို လျှော့လှူဖို့ တိုက်တွန်းခဲ့ရ၏။ ဤမျှလောက်ထိ ဒါနကို ပြုလုပ်ခဲ့သူဖြစ်၏။ အကုံရပြုလုပ်ခဲ့သော ဒါနပွဲ၌ အသုံးပြုခဲ့သော ပစ္စည်းဥစ္စာတို့သည် အကုံရကိုယ်တိုင် စွန့်စွန့်စားစား ရှာဖွေခဲ့သော ပစ္စည်းဥစ္စာများဖြစ်၏။ သန့်ရှင်းသော ပစ္စည်းဥစ္စာဖြစ်၏။ အရည်အချင်းပြည့်ဝသော ပစ္စည်းဥစ္စာဖြစ်၏။

ဒါနပြုလုပ်ခဲ့သော ဣန္ဒကနတ်သား၏ ပစ္စည်းဥစ္စာသည်လည်း အရည်အချင်းပြည့်ဝခဲ့၏။ ဣန္ဒကနတ်သားသည်လည်း ပစ္စည်းဥစ္စာကို ကောက်ကျစ်၍၊ လိမ်လည်လှည့်ပတ်၍ မရှာခဲ့ပေ။ ကာယအား၊ ဉာဏ်အားဖြင့် ရှာဖွေခဲ့သော ပစ္စည်းဥစ္စာဖြစ်၏။ ဣန္ဒကနတ်၏ ဒါနပွဲသည် အကုံရနတ်၏ ဒါနပွဲလောက် ကြီးကျယ်ခမ်းနားခြင်း မရှိခဲ့ပေ၊ အကုန်အကျမများခဲ့ပေ။ အကုံရနတ် လှူဒါန်းခဲ့သော ဒါနပွဲနှင့် မည်သို့မှ ယှဉ်၍မရနိုင်ပေ။ ဣန္ဒကနတ်သားသည် ထမင်းတစ်ဇွန်းသာ ပေးကမ်းလှူဒါန်းခဲ့ခြင်းဖြစ်၏။

အမှန်မှာဆိုပါလျှင် အကုံရနတ်သည် ဣန္ဒကနတ်ထက် အဆပေါင်း ထောင်သောင်းများစွာ သာလွန်သော ဒါနကုသိုလ်ကို ပြုလုပ်ခဲ့ခြင်းဖြစ်၏။ အကျိုးတရားကို ခံစားရမည်ဆိုလျှင် အကုံရနတ်သားသည်သာ ပို၍ ပို၍ ခံစားရမည်ဖြစ်၏။ လက်တွေ့အကျိုးတရား ခံစားရသောအခါ ဣန္ဒကနတ်သားသည်သာ ပို၍ ပို၍ ခံစားရ၏။

အကုံရနတ်နှင့် ဣန္ဒကနတ်သည် စိတ်၏ အရည်အချင်းလည်း ပြည့်ဝကြ၏။ လှူဖွယ်ဝတ္ထု၏ အရည်အချင်းလည်း ပြည့်ဝကြ၏။ အလှူခံပုဂ္ဂိုလ်တို့၏ အရည်အချင်း မပြည့်ဝ၍ ခံစားရပုံချင်း ကွာခြားနေခြင်းဖြစ်၏။ ပုဂ္ဂိုလ်အရည်အချင်း ကွာခြား၍ အကျိုးတရား ခံစားရပုံချင်း ကွာခြားခြင်းဖြစ်၏။ ဣန္ဒကနတ်သည် အရည်အချင်းပြည့်ဝသော ပုဂ္ဂိုလ်အား လှူဒါန်းခဲ့၍ လှူဖွယ်ဝတ္ထုနှင့် ဒါနပွဲ နည်းပါးသေးငယ်သော်လည်း အကျိုးတရားမှာမူ ကြီးမားခဲ့၏။ အကုံရနတ်သည် အရည်အချင်းပြည့်ဝမှုမရှိသော ပုဂ္ဂိုလ်အား လှူဒါန်းခဲ့၏။ လှူဖွယ်ဝတ္ထုနှင့် ဒါနပွဲ များမြတ်ကြီးကျယ်ခဲ့သော်လည်း အကျိုးတရားမှာမူ နည်းပါးခဲ့ခြင်း ဖြစ်၏။

အကုံရ ဒါနပြုလုပ်ခဲ့စဉ်က မြတ်စွာဘုရား၏ သာသနာတော်သည် လောကထဲသို့ ရောက်တော်မမူခဲ့သေးပေ။ သာသနာပကာလ၌ ဒါနကို ပြုလုပ်ခဲ့ခြင်းဖြစ်ပေ၏။ ထိုအချိန်က လူတို့၏ သက်တမ်းသည် ရာဂဏန်း၊ ထောင်ဂဏန်းမက သောင်းဂဏန်းအထိရှိ၏။ လူတို့သည် အသက်တစ်သောင်းကျော်ထိ ရှင်သန်ကြ၏။ အကုံရသည် နှစ်ပေါင်းတစ်ထောင်ထိ ဒါနကိုပြုလုပ်ခဲ့၏။ ထိုသို့ပြုလုပ်စဉ်၌ တစ်နေ့တစ်ရက်မှ ပျက်ခဲ့သည်ဟူ၍ မရှိခဲ့ပေ။

အကုံရ၏ အလှူလုပ်ရာ မြေအကျယ်အဝန်းသည်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆယ့်နှစ်ယူဇနာထိ ကျယ်ခဲ့၏။ ထိုနေရာသို့ နေ့စဉ် အလှူခံပုဂ္ဂိုလ်တို့သည် ရောက်လာကြ၏။ တစ်ယောက်စ၊ နှစ်ယောက်စ ရောက်လာသည်မဟုတ်။ တစ်ဆယ့်နှစ်ယူဇနာ မြေနေရာ ပြည့်လုနီးပါး ရောက်လာခဲ့ခြင်းဖြစ်၏။ ထိုအလှူခံပုဂ္ဂိုလ်တို့တွင် ဖန်ရည်ဆိုးသောသင်္ကန်းကို ဝတ်လေ့ရှိသည့် ရဟန်းတစ်ပါးမှ မပါဝင်ခဲ့ပေ။

ဣန္နကနတ် ဒါနပြုခဲ့စဉ်တွင် မြတ်စွာဘုရား၏ သာသနာတော်သည် လောကထဲတွင် နေရောင်၊ လရောင် အလား ထွန်းလင်းတောက်ပနေပြီဖြစ်၏။ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်လေ့ရှိသော ရဟန်းများသည် စည်စည်ကားကားပင် ရှိနေပြီဖြစ်၏။ ထိုရဟန်းများထဲက ရဟန်းတစ်ပါးကို ဣန္နက ဆွမ်းတစ်ဇွန်း လောင်းလှူခဲ့၏။ ထိုရဟန်းသည် အရှင်အနုရုဒ္ဓါမထေရ် ဖြစ်၏။ အရှင်အနုရုဒ္ဓါမထေရ်သည် ရဟန္တာတစ်ပါး ဖြစ်၏။ လောကမှ လွတ်မြောက်ပြီးသူ ဖြစ်၏။ အရှင်အနုရုဒ္ဓါမထေရ်အတွက် နောက်ထပ် ဘဝသံသရာသည် မရှိတော့ပါပေ။

'လယ်တို့သည် မြက်ပင်ပေါက်ရောက်ခြင်းကြောင့် အပြစ်ရှိကုန်၏။ ဤသတ္တဝါအပေါင်းသည် ရာဂကြောင့် အပြစ်ရှိ၏။ ထို့ကြောင့်သာလျှင် ရာဂကင်းကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့အား ပေးအပ်သောအလှူသည် များမြတ်သော အကျိုးရှိသည် ဖြစ်၏'

လယ်မြေ၌ ပေါင်းမြက်များ ပေါက်ရောက်နေလျှင် စပါးစသော ကောက်ပဲသီးနှံများ စိုက်၍အဆင်မပြေလှ။ ပေါင်းမြက်တို့သည် စပါးစသော ကောက်ပဲသီးနှံများကို တတ်နိုင်သမျှ ဖျက်ဆီးကြ၏။ လယ်လုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်နေကြသော လူတို့သည် မြက်ပင်များကို အထူးဂရုပြုကြ၏။ လယ်ကွင်း၌ မြက်ပင်တို့ မရှိရအောင် ပြုလုပ်ပြီးမှ လယ်လုပ်ငန်းကို လုပ်ကိုင်ကြ၏။ မြက်ပင်များကင်းရှင်းသော လယ်မြေသည် စပါးစသော ကောက်ပဲသီးနှံတို့ ဖြစ်ထွန်းပေါက်ရောက်ရာ ရတနာတစ်ပါးဖြစ်၏။ မြက်ပင်များ ရှုပ်ထွေးစွာ ပေါက်ရောက်နေသော လယ်မြေသည် စပါးစသော ကောက်ပဲသီးနှံတို့ ဖြစ်ထွန်းပေါက်ရောက်ရာ ရတနာတစ်ပါး မဖြစ်နိုင်ပေ။ လယ်မြေ၏တန်ဖိုးအား ဖျက်ဆီးတတ်သည်မှာ မြက်ပင်ဖြစ်၏။ မြက်ပင်ကြောင့် လယ်မြေ၏ တန်ဖိုးသည် ကျဆင်း၏။

လူတို့၏စိတ်သည် လယ်မြေနှင့်တူ၏။ လူတို့၏စိတ်ထဲသို့ ဝင်ရောက်လာသော ရာဂသည် မြက်ပင်များနှင့်တူ၏။ မြက်ပင်များ ရှိနေသောကြောင့် လယ်မြေ၏တန်ဖိုးသည် ကျဆင်းသကဲ့သို့ ရာဂတရား ဝင်ရောက်နေသောကြောင့် လူတို့စိတ်၏ တန်ဖိုးသည် ကျဆင်း၏။ လယ်မြေ၏အပြစ်သည် မြက်ပင်ဖြစ်၏။ လူ့စိတ်၏အပြစ်သည် ရာဂဖြစ်၏။ ရာဂသည် စွဲလမ်းခြင်း၊ တောင့်တခြင်း၊ တပ်မက်ခြင်း၊ မျှော်လင့်ခြင်း ဖြစ်၏။ ထိုကို တဏှာဟု ဆို၏။

တဏှာသည် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူ၍ သုံးမျိုးရှိ၏။ မရသေးသော အရာဝတ္ထုကို ရရှိအောင် အားထုတ်ခြင်း၊ တွန်းအားပေးခြင်းသည် ကာမတဏှာ ဖြစ်၏။ ရရှိပြီးသော အရာဝတ္ထုကို မပျက်စီးအောင် အားထုတ်ခြင်း၊ သိမ်းပိုက်ထားအောင် တွန်းအားပေးခြင်းသည် ဘဝတဏှာဖြစ်၏။ ရရှိပြီးသော အရာဝတ္ထုသည်လည်း ထာဝရကျေနပ် နှစ်သက်နိုင်မှုသည် မရှိ။ အချိန်တစ်ခု အတိုင်းအတာလောက်သာ ကျေနပ်နှစ်သက်မှုကို ပေး၏။ အချိန်ကြာလာသည်နှင့်အမျှ ကျေနပ်နှစ်သက်မှုတို့သည် ကင်းပျောက်လာတတ်၏။ ကျေနပ်နှစ်သက်မှု ကင်းပျောက်လာသည်နှင့် ငြီးငွေ့မှုသဘောတရားသည် ရောက်ရှိလာ၏။ အပြောင်းအလဲ လုပ်လိုခြင်းသည် ဖြစ်လာ၏။ ထိုသည်လည်း တဏှာပင် ဖြစ်၏။ ထိုတဏှာကို ဝိဘဝတဏှာဟု ဆို၏။

လူတစ်ယောက်သည် ကုန်တိုက်တစ်ခုအတွင်းသို့ဝင်၏။ အဝတ်တန်းဘက်သို့ လျှောက်သွား၏။ သိပ်လှသော အဝတ်တစ်စုံအား တွေ့၏။ ထိုအဝတ်အစားအား ထိုလူသည် လိုချင်၏။ အဝတ်အစားကို ရရှိအောင် သူသည် ကြိုးစား၏၊ အားထုတ်၏။ ကြိုးစားအားထုတ်ခြင်း၏ အခြေအမြစ်သည် လိုချင်ခြင်းဖြစ်၏။ လိုချင်မှုက တွန်းအားပေးခြင်းဖြစ်၏။ ထိုတွန်းအားပေးခြင်းသည် ကာမတဏှာဖြစ်၏။ ကာမတဏှာက တွန်းအားပေး၍ အဝတ်အစားကို ရရှိခဲ့၏။ ရရှိထားသော အဝတ်စားကို တရိုတသေ သိမ်းဆည်းထား၏။ အဝတ်အစား၏ တန်ဖိုးသည် ဝတ်ဆင်ခြင်းဖြစ်၏။ အဝတ်အစားဝယ်ယူခြင်းသည် ဝတ်ဖို့အတွက်ဖြစ်၏။ ဝတ်ဖို့ ဝယ်ယူလာသော အဝတ်အစားကို ဝတ်ဆင်၏။ ဝတ်သော်လည်း ထိန်းသိမ်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com

ဝတ်၏။ ထိုသို့ မပျက်စီးရအောင် သိမ်းပိုက်ခြင်းသည် ဘဝတဏှာဖြစ်၏။ လိုချင်၍ ဝယ်ယူလာခဲ့သော အဝတ်အစားကို ဝတ်ဖန်များလာသည့်အခါ ရိုးအီလာ၏။ မဝတ်ချင် ဖြစ်လာ၏။ အခြားသော အဝတ်အစားအသစ်ကိုသာ လိုချင်လာ၏၊ ဝတ်ချင်လာ၏။ ထိုကို အပြောင်းအလဲလုပ်လိုခြင်းဟုဆို၏။ ဝိဘဝတဏှာဖြစ်၏။ အချုပ်အားဖြင့် ကာမတဏှာသည် ဖြစ်ခြင်းနှင့်ယှဉ်သော သဘောရှိ၏။ ဘဝတဏှာသည် တည်ခြင်းနှင့်ယှဉ်သော သဘောရှိ၏။ ဝိဘဝတဏှာသည် ပျက်ခြင်းနှင့်ယှဉ်သော သဘောရှိ၏။

တဏှာသုံးမျိုးအား အမည်တစ်မျိုးအနေဖြင့် ရာဂဟုဆိုခြင်းဖြစ်၏။ မြက်ရှိသော လယ်မြေသည် အပြစ်ရှိသကဲ့သို့ ရာဂရှိသော စိတ်သည်လည်း အပြစ်ရှိ၏။ မြက်အနည်းငယ်ရှိသော လယ်မြေသည် အပြစ်အနည်းငယ်ရှိ၏။ ရာဂအနည်းငယ်ရှိသောစိတ်သည် အပြစ်အနည်းငယ် ရှိ၏။ မြက်အများကြီးရှိသော လယ်မြေသည် အပြစ်ကြီး၏။ ရာဂအားကြီးသောစိတ်သည် အပြစ်ကြီး၏။ မြက်အများကြီးရှိသော လယ်မြေ၌ ကြဲချစိုက်ပျိုးလိုက်သော မျိုးစေ့သည် ဖြစ်ထွန်းမှု အနိမ့်ဆုံးအဆင့်သို့ ရောက်၏။ မြက်အနည်းငယ်ရှိသော လယ်မြေ၌ ကြဲချစိုက်ပျိုးလိုက်သော မျိုးစေ့သည် ဖြစ်ထွန်းမှုရှိ၏။ အောင်မြင်သည်ဟု ဆိုထား။ မြက်လုံးဝမရှိသော လယ်မြေ၌ စိုက်ပျိုးကြဲချလိုက်သော မျိုးစေ့သည် အကောင်းဆုံး ဖြစ်ထွန်း၏။ အအောင်မြင်ဆုံး အောင်မြင်၏။

ဒါနသည် ကြဲချစိုက်ပျိုးသော မျိုးစေ့နှင့်တူ၏။ ရာဂစိတ် အားကြီးသောသူတို့အား ပေးကမ်းလှူဒါန်းသော ဒါနသည် အကျိုးဖြစ်ထွန်းမှု အနိမ့်ဆုံးဖြစ်၏။ ရာဂစိတ်အနည်းငယ်ရှိသောသူတို့အား ပေးကမ်းလှူဒါန်းသော ဒါနသည် အကျိုးဖြစ်ထွန်းမှုရှိ၏။ အားရလောက်သော အကျိုးဖြစ်ထွန်းမှုဟူ၍တော့ မဆိုသာပေ။ ရာဂစိတ်ကင်းရှင်းသော သူတို့အား ပေးကမ်းလှူဒါန်းသော ဒါနသည် အကောင်းဆုံးသော အကျိုးဖြစ်ထွန်းမှုကို ပေး၏။

ပုထုဇဉ်မှန်သမျှသည် ရာဂနှင့် ကင်းသည်ဟူ၍မရှိ။ ရာဂနှင့် ပေါင်းသင်းနေထိုင်ကြသည်ချည်းဖြစ်၏။ ပုထုဇဉ်သည် အန္ဓပုထုဇဉ်နှင့် ကလျာဏပုထုဇဉ်ဟု နှစ်မျိုးရှိ၏။ အန္ဓပုထုဇဉ်သည် ရာဂစိတ် အားကြီးသူဖြစ်၏။ ကလျာဏပုထုဇဉ်သည် အန္ဓပုထုဇဉ်ထက် ရာဂစိတ် အားနည်းသူဖြစ်၏။ အရိယာလောကထဲတွင်လည်း အနာဂါမ်ထိအောင် ရာဂ၏ အခိုးအငွေ့သည် မပျောက်ကင်းသေးချေ။ ရဟန္တာဖြစ်သည့်အခါမှ ရာဂ၏ အခိုးအငွေ့သည် အလုံးစုံပျောက်ကင်း၏။ ထို့ကြောင့် အန္ဓပုထုဇဉ်ကို ပေးကမ်းလှူဒါန်းသောဒါနထက် ကလျာဏပုထုဇဉ်ကို ပေးကမ်းလှူဒါန်းသောဒါနက ပို၍အကျိုးကြီး၏။ ကလျာဏပုထုဇဉ်ကို ပေးကမ်းလှူဒါန်းသောဒါနထက် သောတာပန်ပုဂ္ဂိုလ်အား ပေးကမ်းလှူဒါန်းသောဒါနက ပို၍အကျိုးကြီး၏။ သောတာပန်ပုဂ္ဂိုလ်ကို ပေးကမ်းလှူဒါန်းသော ဒါနထက် သကဒါဂါမ်ပုဂ္ဂိုလ်ကို ပေးကမ်းလှူဒါန်းသော ဒါနက ပို၍အကျိုးကြီး၏။ သကဒါဂါမ်ကို ပေးကမ်းလှူဒါန်းသောဒါနထက် အနာဂါမ်ပုဂ္ဂိုလ်ကို ပေးကမ်းလှူဒါန်းသောဒါနက ပို၍အကျိုးကြီး၏။ အနာဂါမ်ပုဂ္ဂိုလ်ကို ပေးကမ်းလှူဒါန်းသောဒါနထက် ရဟန္တာပုဂ္ဂိုလ်ကို လှူဒါန်းသောဒါနက ပို၍အကျိုးကြီး၏။ ရဟန္တာပုဂ္ဂိုလ်အား လှူဒါန်းသောဒါနသည် မဟပ္ဖလဖြစ်၏။

လယ်တို့သည် မြက်ပင်ပေါက်ရောက်ခြင်းကြောင့် အပြစ်ရှိကုန်၏။ ဤသတ္တဝါအပေါင်းသည် ဒေါသကြောင့် အပြစ်ရှိ၏။ ထို့ကြောင့်သာလျှင် ဒေါသကင်းကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၌ ပေးအပ်သောအလှူသည် များမြတ်သောအကျိုးရှိ၏။

လယ်တို့သည် မြက်ပင်ပေါက်ရောက်ခြင်းကြောင့် အပြစ်ရှိကုန်၏။ ဤသတ္တဝါအပေါင်းသည် မောဟကြောင့် အပြစ်ရှိ၏။ ထို့ကြောင့်သာလျှင် မောဟကင်းကုန်ပြီးသော ရဟန္တာတို့၌ ပေးအပ်သော အလှူသည် များမြတ်သော အကျိုး ရှိ၏။

လယ်တို့သည် မြက်ပင်ပေါက်ရောက်ခြင်းကြောင့် အပြစ်ရှိကုန်၏။ ဤသတ္တဝါအပေါင်းသည် မကောင်းသော အလိုရမ္မက်ကြောင့် အပြစ်ရှိ၏။ ထို့ကြောင့်သာလျှင် အလိုရမ္မက် ကင်းကုန်ပြီးသော ရဟန္တာတို့၌ ပေးအပ်သော အလှူသည် များမြတ်သောအကျိုး ရှိ၏။

လယ်မြေတွင် မြက်ပင်သည် အပြစ်ဖြစ်၏။ သတ္တဝါတို့တွင် ရာဂသည်သာ အပြစ်မဟုတ်သေးပေ။ ဒေါသသည်လည်း အပြစ်ဖြစ်၏။ မောဟသည်လည်း အပြစ်ဖြစ်၏။ အလိုရမ္မက်ကြီးခြင်းသည်လည်း အပြစ်ဖြစ်၏။ သတ္တဝါတို့ နေထိုင်ရာ ဝန်းကျင်လောကသည် ရာဂ၊

www.burmeseclassic.com

ဒေါသ၊ မောဟ စသည်တို့ကြောင့် ဆူပူရ၏။ ပင်ပန်းရ၏။ ပူလောင်ရ၏။ ထိုတရားများ နည်းသည်နှင့်အမျှ ဝန်းကျင်လောကသည် ငြိမ်းအေးမှုကိုရ၏။ ချမ်းသာမှုကိုရ၏။ ရာဂစသည်တို့ အထွတ်အထိပ်သို့ ရောက်နေလျှင် လူ့လောကသည် ငရဲဘုံဖြစ်၏။ ရာဂစသည်တို့ နည်းပါးနေလျှင် လူ့လောကသည် နတ်ပြည်ထက်သာ၏။ ဒေါသ၊ မောဟ၊ အလိုရမ္မက်ကြီးခြင်းတို့သည် ပုထုဇဉ်တို့ရပ်ဝန်း၌ ကျက်စား၏။ တည်ရှိ၏။ ရဟန္တာပုဂ္ဂိုလ်တို့သည် ရာဂသာ ကင်းရှင်းသည်မဟုတ်၊ ဒေါသလည်း ကင်းရှင်း၏။ မောဟလည်း ကင်းရှင်း၏။ အလိုရမ္မက်ကြီးခြင်းလည်း ကင်းရှင်း၏။ ကိလေသာမှန်သမျှတို့သည် မရှိတော့ပြီဖြစ်၏။

သောတာပန်အစ ရဟန္တာအဆုံးထိသော အရိယာပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား သာသနာခေတ်၌သာရှိ၏။ သာသနာပ ကာလ၌မူ လုံးလုံးမရှိပေ။ သာသနာတွင်း ကာလ၌ လှူဒါန်းသောအလှူသည် အကျိုးကြီး၏။ ယခုအချိန်အခါသည် သာသနာ၏ နောက်ပိုင်းကာလဖြစ်၏။ သာသနာနောက်ပိုင်းကာလ၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူသော အရိယာပုဂ္ဂိုလ်တို့သည် ရှားပါးလာပြီဖြစ်၏။ မြတ်စွာဘုရား သက်ရှိထင်ရှားရှိစဉ်က လောက် ပေါများမှု မရှိတော့ပါပေ။ သံဃာသည်လည်း သမုတ္တိသံဃာသာ များပြားလာ၏။

အလှူဒါနတစ်ခုအား အကျိုးရှိအောင် လှူဒါန်းရာ၌ သံဃာ့ဂုဏ်ကို ရည်မှန်းကြရမည်ဖြစ်၏။ မြတ်စွာဘုရားသည် သံဃေဒိန္နံမဟပ္ဖလံဟု ဟောတော်မူခဲ့၏။ သို့ကြောင့် ပုဂ္ဂိုလ်အား ရည်မှန်းမလှူဘဲ သံဃာအား ရည်မှန်းလှူဒါန်းရမည်ဖြစ်၏။ သံဃာရည်မှန်း လှူဒါန်းပါက ဣန္ဒကနတ်သားကဲ့သို့ မဟပ္ဖလကို ခံစားရမည်မှာ ကေန်မုချဖြစ်လာမည် ဖြစ်ပါ၏။

မေတ္တာဖြင့်
ဓမ္မယောသက အရှင်ဩဘာသ

ကျမ်းကိုး
* ပေတဝတ္ထုဋ္ဌကထာ
အင်္ကုရပေတဝတ္ထု။

ဘုရားသုံးဆူ တည်ပို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ
အထူးအစီအစဉ်ဖြင့် သာသနာပြုလျက်ရှိသော
ဆရာမကြီး ဒေါ်အေးမိုးမိုး



စိတ်မနှောအာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်လာတော့သည့်
ပညာရေး စီးပွားရေး အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊
မြေ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း၊
မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊
တတ်ရိုက်မာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး
အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၃)၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅၈၅၂၅၂၀ ၊ ၀၉ ၄၂၁၀၂၁၀၆၈

www.burmeseclassic.com

အိမ်ထောင်ကျ၊ သားတစ်ယောက် မွေးပြီးကတည်းက နတ်အိမ်ဆောက်ရန် ဖနီးက စာရေးသူအား သတိပေးပါသည်။ သိပ်စိတ်မဝင်စားတော့ မသိချင်ယောင် ဆောင်နေလိုက်ပါသည်။ တစ်ခါပြောလည်း အင်းမလုပ် အိမ်းမလုပ်၊ နှစ်ခါပြောလည်း အင်းမလုပ် အိမ်းမလုပ် ဆိုတော့ သူ့အမေကို စစ်ကူတောင်းဟန်တူပါသည်။

တစ်နေ့ စာရေးသူတို့ ဖနီးမောင်နှံ ရွာကိုသွားတော့ ပြန်ခါနီးမှာ နတ်အိမ်အတွက် ဝါးအဆင်သင့် ခုတ်ယူသွားဖို့ အမေကြီး(ယောက္ခမ)က သတိပေးပါသည်။ ကျွန်တော်တို့ ခြံထဲက ဝါးလည်း ရတာပဲလို့ စိတ်မဝင်စားတဲ့ လေသံနှင့် စာရေးသူ ပြောလိုက်၏။






www.burmeseclassic.com

www.burmeseclassic.com

သို့သော် အမေကြီး လက်မလျှော့ပေ။ ဟိုလူခေါ်၊ ဒီလူကိုခေါ် စသည်ဖြင့် ဆောက်လုပ်ပေးမည့်သူများကို ရှာဖွေနေသေး၏။ စာရေးသူက 'ကျွန်တော့်ဘာသာ ဆောက်လည်း ဖြစ်ပါတယ်'လို့ ဖြတ်ပြောလိုက်ပါသည်။ စာရေးသူ စိတ်မဝင်စားမှန်း ရိပ်မိနေသည်မို့ ဘာမှ ဆက် မပြောတော့ပေ။

သို့သော် အမေကြီး လုံးဝ လက်လျှော့လိုက်သည် ကား မဟုတ်ပေ။ သူ့စိတ်ကူးနှင့်သူ စီစဉ်နေဟန်တူပါ သည်။

နောက်တစ်ခေါက် စာရေးသူတစ်ယောက်တည်း ရွာ သွားတော့ ယောက္ခမက 'အခါလွန်မှ လာခဲ့မယ်နော်'လို့ ဘာမှန်းမသိ အရင်းမရှိ အဖျားမရှိ ပြောပါသည်။ စာရေး သူလည်း အလိုက်သင့်ပင် 'ဟုတ်ကဲ့'ဆိုပြီး ပြန်လာခဲ့ ပါသည်။

အိမ်ရောက်တော့ 'အီ··အမေကြီးက အခါလွန်မှ လာခဲ့မယ်နော်လို့ ပြောပါလား။ ဘာကိစ္စ ပြောထားလို့ လဲ'လို့ ဇနီးကို ပြန်မေးကြည့်ရာ 'နတ်အိမ် လာဆောက် ပေးဖို့နေမှာ'လို့ ပြောပါသည်။

စာရေးသူစိတ်ထဲ 'ဩော်'လို့ အာမေဋိတ် ဖြစ်သွား ပါသည်။ (၂၂-၄-၂၀၁၇) စနေနေ့ ညနေပိုင်းတွင် ယောက္ခမက သူ့သမီးကို ဖုန်းဆက်ပါသည်။

ခဏနေ ရွာက ဆိုက်ကားသမား ကိုမိုးဇော် ရောက် လာ၏။ အတိုအရှည် ပုံစံစုံ ဆိုဒ်စုံ ဖြတ်ထားတဲ့ ဝါးတွေ အပြည့်တင်လာပါသည်။ ကိုယ်လည်း မလုပ်၊ ယောက္ခမ စီစဉ်ပေးပြန်လည်း မဟုတ်၊ ဘယ်လိုလူလည်းမှ မသိ တာလို့ အရပ်ထဲက မှတ်ချက်ချ ပြောဆိုလာမည်ကို မလို လား၍ စာရေးသူ မငြင်းဆန်ဘဲ လက်ခံလိုက်ပါသည်။

နောက်တစ်နေ့ (၂၃-၄-၂၀၁၇) တနင်္ဂနွေနေ့ မနက် ပိုင်းမှာတော့ လက်သမားဆရာကြီး ကိုညွန့်လှိုင်၊ စာရေး သူနှင့် မယားညီအစ်ကိုတော်စပ်သူ မောင်တင်ဖြိုး၊ ပြီး တော့ လူကြမ်းမင်းသား ဇော်ထက် သုံးယောက် ရောက် ရှိလာကြ၏။ ဆောက်လုပ်မည့်နေရာကို ပြလိုက်သည်နှင့် စကြတော့၏။ မွန်းလွဲနှစ်နာရီလောက် ပြီးစီးသွားပါသည်။

သူများ လာဆောက်ပေးပေမယ့် စာရေးသူ ပိုက်ဆံ နှင့် ဆောက်လုပ်သည်မို့ 'ကျွန်ုပ်ဆောက်တဲ့ နတ်အိမ်' ဟု ခေါင်းစီးထားလိုက်ပါသည်။ နတ်အိမ် လူဆောက်ပေး ရတယ် ဆိုကတည်းက တန်ခိုးမရှိ၊ ဗိမာန်မရတဲ့နတ် ဖြစ်ပါသည်။ ထို့ကြောင့် နတ်ဗိမာန်စာမဆိုဘဲ နတ်အိမ်ဟု ဆိုလိုက်ပါသည်။ ကိုယ်နေဖို့ အိမ်တောင် ကိုယ်မဖန်တီး နိုင်တဲ့ နတ်က လူကို ကူညီနိုင်ပါ့မလားလို့ တွေးချင်စရာ ဖြစ်နေ၏။ သို့သော် စာရေးသူ မတွေးပါ။

နတ်အိမ် ဆောက်ပြီးသည်နှင့် 'အင်း··နတ်အတွက် တော့ ငါတို့ အိမ်ဆောက်ပေးပြီးပြီ၊ ငါတို့ ကိုယ်ပိုင်အိမ်နဲ့ နေနိုင်အောင် ကူညီဖို့ပဲ ကျန်တော့တယ်'လို့ ရယ်စရာ ပြောလိုက်ပါသည်။

လက်သမားဆရာကြီး ကိုညွန့်လှိုင်ကလည်း 'ဒါ တော့၊ ကိုယ့်တာဝန်ကျေပြီ၊ သူ့တာဝန်ပဲ ရှိတော့တယ်' လို့ အတည်ပေါက်နှင့် ပြောလိုက်ပါသည်။

နတ်အိမ်ဆောက်ဖို့ စိတ်မဝင်စား၊ မဆောက်လိုတာ ဘာ့ကြောင့်လဲလို့ စာရေးသူအား အင်တာဗျူးခဲ့ရင် 'ကျွန် တော် ရဟန်းလူထွက်မို့ပါ'လို့ ရိုးရှင်းစွာ ဖြေဆိုပါမည်။

ရဟန်းလူထွက် တစ်ယောက်အနေနှင့် နတ်အိမ် ဆောက်ကာ နတ်ကိုးကွယ်ပါလျှင် သာသနာ့ဝန်ထမ်း ရှင်ရဟန်း အသိုင်းအဝိုင်းက 'ဒီကောင် ကိုယ့်မယား တောင် သာသနာမပြုနိုင်၊ အလကားကောင်ပါ'လို့ မေး ငေါ့ကြမှာ သေချာပါသည်။

ဒါနဲ့ နောက်ဆုံးကျတော့ ဘာလို့ လက်ခံလိုက်တာ လဲလို့ ထပ်မေးခဲ့မူကား 'သာမည် နာတိဓာဝေယျ=သမုတိ သစ္စာကို ဖယ်ရှား၊ ကျော်လွန်ပြီး တရားမဟောရ၊ မဟော လေနှင့်'လို့ ဘုရား သင်ညွှန်ထားသည်ကို လေးစား လိုက်နာသောအားဖြင့် လက်ခံပါသည်ဟု ဖြေရပေမည်။

မှန်၏။ ဘုရားကိုယ်တိုင်လည်း လူတို့ သမုတ်ပညတ် သောအားဖြင့် မှန်ကန်တဲ့ လောကသစ္စာ အမှန်တရား များကို လျစ်လျူရှု မသိကျိုးကျွန်ပြုကာ တရားမဟော ခဲ့ပေ။

နတ်ကိုးကွယ်လို့ တကယ်ကော အကျိုးရှိပါသလား၊ နတ်က အကျိုးပေးပါသလားလို့ မေးခွန်းထုတ်လာခဲ့ပါမူ ကား အကျိုးရှိပါသည်ဟုပင် ဖြေချင်ပါသည်။ မှန်၏၊ နတ်သည် လူတို့အား ဘေးဥပဒ်အန္တရာယ်များ မကျ ရောက်အောင် စောင့်ရှောက်ကူညီပေး၏။ အထင်ရှားဆုံး သာဓကကို ထုတ်ပြရလျှင် ရတနသုတ်ပရိတ်တော်ကိုပင် ထုတ်ပြချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝေသာလီပြည်သူပြည်သားများ ဘေးကြီးသုံးပါး ဆိုက်စဉ်က အရှင်အာနန္ဒာသည် ဘုရားဂုဏ်တော်များကို ဆင်ခြင်ပြီး ညဥ့်သုံးယံပတ်လုံး ရတနသုတ်တော်ကို ရွတ်ဖတ်ခဲ့၏။ ဝေသာလီပြည်သူပြည်သားများ ဘေးသုံးပါးမှ လွတ်မြောက်ခဲ့ကြ၏။ ထို့ကြောင့် ယခုအခါ ပရိတ်ကြီး ပါဠိတော်၊ ရတနသုတ်နိဒါန်း၌ "ရောဂါမနုဿ ဒုဗ္ဘိက္ခ၊ သမ္ဘူတံ တိဝိဓံ ဘယံ=အနာရောဂါဘေး၊ ဘီလူးဘေး၊ ငတ်မွတ်ခေါင်းပါး၊ အစာရှားခြင်းဘေး သုံးမျိုးတို့ကို၊ ခိပ္ပမန္တရ ဓာပေသိ=လျင်မြန်စွာ ကင်းပျောက်စေနိုင်၏" လို့ အမွှမ်းတင်ထားပါသည်။

ထိုသို့ အမွှမ်းတင်ပြီးမှ "ပရိတ္တံ တံ ဘဏာမဟေ= သြော် သူတော်ကောင်းတို့ ထိုရတနသုတ် ပရိတ်တော်ကို ရွတ်ဖတ်ကြကုန်စို့" လို့ တိုက်တွန်းထားပါသည်။

သို့သော် အချို့က စာရေးသူ နားလည်ယူဆသကဲ့သို့ မယူဆပေ။ ရတနသုတ်ကို ရွတ်ဖတ်လို့ အန္တရာယ်ကင်း သွားတာဟု ယူဆကြ၏။ နတ်နှင့် ဘာဆိုင်လို့လဲ၊ နတ် ကိုးကွယ်လို့ ဘေးကင်းသွားတဲ့အကြောင်း စာထဲ ပါလို့ လားဟု မေးကြ၏။ အထူးအားဖြင့် ဓမ္မကထိက ရဟန်း တော်များ၊ ဘာသာရေးစာရေးဆရာများ အမေးများပါ သည်။

အနည်းငယ် ရှင်းပြပါအံ့။ ထိုရတနသုတ်၌ပင် "ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ=နေ့အခါ၌သော်လည်း ကောင်း၊ ညဥ့်အခါ၌သော်လည်းကောင်း၊ သင်တို့အား ပူဇော်ပ,သကြကုန်၏"ဟု ဆိုထား၏။

ထိုသို့ လူတို့က နတ်တို့အား ပူဇော်ပ,သပုံကို ထုတ် ဖော်ပြောဆိုပြီးမှ "တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊ မေတ္တံ ကရောထ မာနုသိယာ ပဇာယ=ထို့ကြောင့် လူ တို့အား မေတ္တာထားပြီး စောင့်ရှောက်ကြပါ"လို့ အရှင် အာနန္ဒာ မေတ္တာရပ်ခံ အပ်နှံပါသည်။

အကယ်၍ လူတို့သည် နတ်တို့အား ပူဇော်ပ,သခြင်း မပြုခဲ့ပါက အရှင်အာနန္ဒာ မည်သို့ မေတ္တာရပ်ခံကာ အပ် နှံပါအံ့နည်း။ အပ်နှံသည် ထားဦးတော့၊ နတ်တို့က အရေး လုပ်ကာ စောင့်ရှောက်ပါအံ့လော။ ငါတို့နှင့် ဘာဆိုင် လို့လဲဆိုပြီး မသိကျိုးကျွန်ပြုနေမှာ သေချာပေသည်။

ဤစာကို ကျက်မှတ်၊ ဤပရိတ်ကို ရွတ်ဖတ်နေ ပါလျက် နတ်ကို မလိုလားနိုင်တဲ့ အမုန်းစကား၊ နတ်ကို ဖယ်ရှားလိုတဲ့ တရားများကို အဘယ့်ကြောင့် ဟောပြေ ရေးသားနေကြသည်ကိုမူ စာရေးသူ နားမလည်နိုင်၊ မရှု ပြတတ်ပါ။

နည်းနည်းပါးပါး ရိပ်မိသည်ကား နတ်ကို ကိုးကွယ လျှင် သရဏဂုံပျက်သည်ဟု ယူဆထားသောကြောင့် သို့ မလိုမုန်းထား ဟောကြား၊ ရှုရေးသားနေကြခြင်း ဖြ သည်ဟု ထင်ပါသည်။ နတ်ကိုးကွယ်ရုံနှင့် တကယ သရဏဂုံ ပျက်ပါသလား။ အတိအကျ စဉ်းစားသင့် သည်။ အတ္တနောမတိ=မိမိအယူအဆဆိုတဲ့ အနိမ့်ဆုံ မဟာမဒေသဖြင့် စဉ်းစားဆုံးဖြတ်ခြင်းသည် မခိုင်မာချေ

ထို့ကြောင့် ပါဠိတော်၊ အဋ္ဌကထာ၊ ကျမ်းစာ အ ဖြင့်သာ စဉ်းစားပါအံ့။ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ သရဏ ယဝဏ္ဏနာ၊ ဘေဒါဘေဒဖလဒီပနာ ဆိုတဲ့ အဖွင့်ကို လာကြည့်ပါသည်။ သရဏဂုံပျက်ခြင်း နှစ်မျိုး ထုတ် ထားသည်ကို တွေ့ရ၏။

၁။ အပြစ်ရှိတဲ့ သရဏဂုံပျက်ခြင်း၊

၂။ အပြစ်မရှိတဲ့ သရဏဂုံပျက်ခြင်း..ဟု နှစ်မျိုး ကြောင်း ထုတ်ပြပြီး အပြစ်မရှိတဲ့ သရဏဂုံပျက်ခြ ဆိုတာ သေခြင်း၊ သေလို့ ပျက်သွားခြင်းပင်ဖြစ်ကြော ဦးစွာ ရှင်းပြပါသည်။ ထို့နောက် အပြစ်ရှိတဲ့ သရဏ ပျက်ခြင်းကို နားလည်ဖို့ သရဏဂုံ တည်ပုံကို အလ ရှင်းပြပါမည်။

"စတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာ ဓမ္မဉ္စ၊ ဥပါသကေ နော ဘဂဝါ ဓာရေတု=တပည့်တေ တို့သည် ဘုရားရှင်ကိုလည်းကောင်း၊ တရားကိုလည် ကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တပည့်တေ တို့ကို ဥပါသကာဒါယကာဟု မှတ်တော်မူပါ အ ဘုရား"ဟု ရွတ်ဆိုကာ တဖုဿနှင့် ဘလ္လိကတို့ ဆော တည်ခဲ့၏။ ထိုသရဏဂုံကို သမာဒါန သရဏဂုံဟု ခေ ပါသည်။

"သတ္ထာ မေ ဘန္တေ ဘဂဝါ၊ သာဝကောဟ အရှင်ဘုရားသည် တပည့်တော်ရဲ့ဆရာ ဖြစ်ပါ၏။ တ တော်က အရှင်ဘုရားရဲ့ တပည့်ပါ"ဟု အရှင်မ ကဿပ ရွတ်ဆိုဆောက်တည်ခဲ့၏။ ထိုသရဏဂုံ သိဿဘာဝူပဂမန. သရဏဂုံဟု ခေါ်ပါသည်။

နမောတဿ ဘဂဝတော အရဟတော သ



www.burmeseclassic.com

www.burmeseclassic.com

သမ္မာသမ္ဗုဒ္ဓ-ဟု ဘုရားရှိရာသို့ လက်အုပ်ချီကာ ဖြဟ္မာယု ပုဏ္ဏားသုံးကြိမ်ရွတ်ဆို ဆောက်တည်ခဲ့၏။ ထိုသရဏဂုံကို တပ္ပေါဏ သရဏဂုံဟု ခေါ်ပါသည်။

တရားအားထုတ်တဲ့ ယောဂီတို့သည် 'အရှင်ဘုရားအား တပည့်တော်တို့၏ ဤခန္ဓာကိုယ်ကို လှူဒါန်းပါ၏' ဟု အပ်နှံကာ ဆောက်တည်ကြ၏။ ထိုသရဏဂုံကို အတ္တသန္နိယျာတန သရဏဂုံဟု ခေါ်ပါသည်။

အရိယာပုဂ္ဂိုလ်တို့သည် သရဏဂုံ ညစ်နွမ်းကြောင်း ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်တောက်ပြီးဖြစ်ပါသည်။ ထိုသို့ ကိလေသာကို အကြွင်းမဲ့ဖြတ်တောက်တဲ့ သရဏဂုံကို သရဏဂမနပက္ကိလေသ် သမုစ္ဆေဒန သရဏဂုံဟု ခေါ်ပါသည်။

အဆိုပါ သရဏဂုံ ငါးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် အခြားဘုရားထံ၌ ရွတ်ဆိုဆောက်တည်လျှင် သရဏဂုံ ပျက်ပါသည်။ အပြစ်ရှိတဲ့ ပျက်ခြင်းလည်း ဖြစ်ပါသည်။ အပြစ်ရှိတဲ့ ပျက်ခြင်း၊ အပြစ်မရှိတဲ့ ပျက်ခြင်းအားဖြင့် ပျက်စီးခြင်း နှစ်မျိုးလုံးသည် ပုထုဇဉ်တို့အတွက်သာ ဖြစ်ပါသည်။

ဘုရားတော်ကို မသိခြင်းကြောင့် သံသယဖြစ်ခြင်း၊ မိစ္ဆာဉာဏ်ဖြစ်လာ၍ မရိုသေခြင်း ဖြစ်ခဲ့ပါလျှင် သရဏဂုံ ညှိုးပါသည်။ သရဏဂုံ မပျက်ပေ။ အရိယာပုဂ္ဂိုလ်တို့သည်ကား သရဏဂုံ ညှိုးနွမ်းခြင်း၊ ပျက်စီးခြင်း အလျှင်း မရှိချေဟု ရှင်းပြထားသည်ကို တွေ့ရ၏။ နတ်ကိုးကွယ်၍ သရဏဂုံပျက်သည်ဟူ၍ ဖွင့်ဆိုပြထားသည်ကိုမူ လုံးဝ မတွေ့ရပေ။

ပါဠိတော်၊ အဋ္ဌကထာတို့၌ နတ်ကိုးကွယ်က သရဏဂုံပျက်ကြောင်း မပါရှိဘဲ နတ်ကိုးကွယ်လျှင် သရဏဂုံ ပျက်လေဟန် အဘယ့်ကြောင့် ဟောပြောရေးသားနေကြသနည်း။ အညသတ္ထုရိ=တစ်ပါးသော ဆရာ၌ ဆိုသည့် စကားဝယ် ဘုရားမှတစ်ပါး အခြားအားလုံးကို ကိုးကွယ်လျှင်ဟု နားလည်မှားဟန်တူပါသည်။ တကယ်တော့ အားလုံး မဟုတ်ပေ။

ဘုရား ဘုရားချင်းသာ နှိုင်းယှဉ်ရပေမည်။ မိမိကိုးကွယ်နေသော ဘုရားမှ အခြားဘုရား တစ်မျိုးမျိုးကို ကူးပြောင်းကိုးကွယ်လျှင် သရဏဂုံပျက်သည်ဟုသာ ယူဆသင့်ပါသည်။ အတုမဲ့ဘုရားနှင့် နတ်ကို ယောင်လို့ပင်



မနှိုင်းယှဉ်အပ်ပေ။ ထို့ကြောင့် နတ်ကို ကိုးကွယ်ခြင်းကြောင့် သရဏဂုံမပျက်ဟု အခိုင်အမာ ယုံကြည်ထိုက်ပါသည်။

နောက်တစ်ချက်က နတ်ကိုးကွယ်လို့ အကျိုးရနိုင်သလားဆိုတဲ့ မေးခွန်းပါ။ အကျိုးရနိုင်သည်ဟု စာရေးသူ ဖြေချင်ပါသည်။ အကျိုးရနိုင်ကြောင်းနှင့် ရနိုင်ပုံကို (၂၀၁၃)ခုနှစ်၊ ဒီဇင်ဘာလထုတ် ဂမ္ဘီရမဂ္ဂဇင်းတွင် 'နတ်ကိုးကွယ်ခြင်း၏ ဒိဋ္ဌဓမ္မအကျိုး' ခေါင်းစီးဖြင့် စာရေးသူ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဤ၌ တစ်ဖန်ပြန်လည်ကာ အနည်းငယ် တင်ပြပါဦးအံ့။

ဇာတကအဋ္ဌကထာ၊ ဧကကနိပါတ်၊ ပရောသတဝဂ်၊ ကုဏ္ဍကပူဝဇာတ်တော်အရ ဗာရာဏသီပြည်တွင် ဖြဟ္မဒတ်မင်း အုပ်စိုးစဉ် ဘုရားအလောင်းတော်သည် ကြက်ဆူပင်စောင့် ရုက္ခစိုးနတ် ဖြစ်ခဲ့ဖူးပါသည်။ ထိုစဉ်က ထိုဒေသနေ လူတို့သည် နတ်ပူဇော်ပ,သတဲ့ ပွဲလမ်းသဘင်ဆင်ယင်ကျင်းပလေ့ ရှိကြပါသည်။ နတ်ပွဲသဘင် ကျင်းပပြီဆိုလျှင် ကိုယ့်ရုက္ခစိုးကိုယ် ပူဇော်ကြ၏။

ဆင်းရဲသားတစ်ဦးလည်း သူများ ကျင်းပပူဇော်သည်ကို အားကျကာ ကြက်ဆူပင် တစ်ပင်၏ ခြေရင်းပတ်



www.burmeseclassic.com

www.burmeseclassic.com

လည်ကို ခုတ်ထွင်ရှင်းလင်း၏။ တတ်နိုင်သူများမှာ ပန်းနှံ့သာ၊ ခဲဖွယ်ဘောဇဉ်ကောင်းများဖြင့် ပူဇော်ပ,သကြ၏။ ဆင်းရဲသားကတော့ ထိုသို့ မတတ်နိုင်၍ ဆန်ကွဲမုန့်နှင့် ရေတစ်ခွက်ယူလာပြီး ကြက်ဆူပင်အနီးရပ်ကာ စဉ်းစားပါသည်။

'နတ်ဆိုတာ နတ်၌ဖြစ်သော ခဲဖွယ်ဘောဇဉ်တွေကို စားတာ၊ ငါ့နတ်က ငါယူလာတဲ့ ဆန်ကွဲမုန့်ကို စားနိုင်ပါ့မလား။ မစားလောက်ဘူး ထင်တယ်။ အလကားသက်သက်မဲ့ ငါ့မုန့်တော့ အဆုံးရှုံး မခံနိုင်ဘူး။ ကိုယ့်ဘာသာပဲ စားလိုက်တော့မယ်'

ထိုသို့ စဉ်းစားပြီး နောက်ပြန်ဆုတ်လာစဉ်မှာပင် အလောင်းတော် ကြက်ဆူပင်စောင့်နတ်က သစ်ပင်ခွကြားထိုင်ပြပြီး 'အို ယောကျ်ား ဆန်ကွဲမုန့်ကို သင် အမှန်တကယ် အစိုးတရ ပိုင်ဆိုင်သည် ဖြစ်အံ့။ ချိုမြိန်သော ခဲဖွယ်ကို ငါ့အား ပေးပါလော့။ သင့်မုန့်ကို မစားဘဲ တခြားမုန့်ကို ငါက ဘာလို့ စားရမှာလဲ။ ငါ့အဖို့ကို မဖျက်ဆီးပါနှင့်'ဟု ပြောလိုက်ပါသည်။

ဆင်းရဲသားလည်း အံ့အားသင့်စွာ နောက်ပြန်ဆုတ်လာပြီး ဘုရားလောင်း ရုက္ခစိုးအား အသေအချာကြည့်ကာ ဗလိနတ်စာ ကျွေးလိုက်ပါသည်။ ဘုရားလောင်း ရုက္ခစိုးသည် ဆင်းရဲသား ပူဇော်တဲ့ ဆန်ကွဲမုန့်ရဲ့ အဆီအနှစ်ဩဇာကို သုံးဆောင်ပြီးမှ 'အမောင်ယောကျ်ား၊ အဘယ်အကျိုးငှါ ရည်ရွယ်ပြီး ငါ့အား လုပ်ကျွေးပါသနည်း'လို့ မေးမြန်းလိုက်ပါသည်။

ဆင်းရဲသားကလည်း 'အရှင်နတ်မင်း၊ ကျွန်တော်မျိုး ဆင်းရဲပါတယ်။ သင်နတ်မင်းကိုမှီပြီး ဆင်းရဲသားဘဝက လွတ်မြောက်လိုလို့ လုပ်ကျွေးတာပါ'ဟု အမှန်အတိုင်းပင် ပြန်ဖြေလိုက်ပါသည်။

ရုက္ခစိုးကလည်း 'အို ယောကျ်ား၊ မစိုးရိမ်ပါလင့်။ ထွေထွေထူးထူး မစဉ်းစားပါနှင့်။ သင်က ကျေးဇူးသိပြီး ထင်စွာပြုတတ်သူကို ပူဇော်တာပဲ။ ဒီ ကြက်ဆူပင်ပတ်လည်မှာ လည်ချင်းဆက်ပြီး တည်နေတဲ့ ရွှေအိုးတွေ အများကြီး ရှိပါတယ်။ မင်းကြီးကို သွားပြောပြီး လှည်းဖြင့် တင်ဆောင်ကာ နန်းရင်ပြင်၌ ပုံလော့။ မင်းကြီးက အလွန်နှစ်သက်ပြီး သင့်အား သူဌေးဘွဲ့ ပေးလိမ့်မည်'ဟု လုပ်ထုံးလုပ်နည်းနှင့်တကွ ရွှေအိုးရှိတဲ့ နေရာကို ပြသကာ တကယ် မ,စလိုက်ပါသည်။

ဆင်းရဲသားလည်း ရုက္ခစိုး ပြောတဲ့အတိုင်း လုပ်... ဘုရင်ကြီးလည်း ရုက္ခစိုး ပြောသည့်အတိုင်း ဆင်းရဲသားအား သူဌေးဘွဲ့ ပေးလိုက်ပါသည်။

ကဲ ဘယ်လိုရှိပါ့။ နတ်ပူဇော်ပ,သလို့ အကျိုးရှိလား၊ မရှိဘူးလား။ ဘုရားကိုယ်တိုင် ဟောပြထားတာပါ။ ထပ်စဉ်းစားဦးမလား။ အကယ်၍ အကျိုးမရှိမှန်ပါက ဤတရားကို မြတ်ဘုရား ဟောကြားလိမ့်မည် မဟုတ်ပေ။ ဘုရားဟောမို့ စဉ်းစားမနေနဲ့တော့၊ လက်ခံလိုက်ပါ့။ နတ်ကိုးကွယ်လျှင် တကယ်အကျိုး ရှိပါသည်။

သို့သော် ဤဇာတ်တော်လာ ပူဇော်ပ,သခြင်းမျိုးကိုသာ အကျိုးရှိတဲ့ အမှန်တရားအဖြစ် လက်ခံတင်ပြခြင်းဖြစ်ပါသည်။ မူးချင်ရူးချင်လို့၊ ဆိုးချင်သွမ်းချင်လို့၊ မိုက်ချင်ရမ်းချင်လို့၊ အတိတ်ဇာတ်လမ်းတွေကို မနားတမ်း မရှက်မကြောက် ပြောချင်လို့၊ မသောက်သင့်ရာကို သောက်ချင်လို့ နတ်ကိုမှီကာ လူ့အစာ လုပ်နေကြသည်ကို အားပေးကာ ဘုရားဟော တရားတော်နှင့် ညီသည်ဟု လက်ခံတင်ပြခြင်း မဟုတ်ပါ။

လိုရင်းပြောပါက အပ်သောနည်းလမ်းဖြင့် တင့်အပ်လျောက်ပတ်စွာ နတ်အား ပူဇော်ပ,သပါက အကျိုးလည်း ရှိပြီး သရဏဂုံလည်း မပျက်ပေ။ မအပ်သော နည်းလမ်းဖြင့် စွတ်အတင်း ပူဇော်ပ,သပါက အကျိုးမရှိနိုင်ချေ။ သို့သော် သရဏဂုံကတော့ မပျက်နိုင်ပါ။ ဤမျှဆိုလျှင် ကျွန်တော်ဆောက်တဲ့ နတ်အိမ်အကြောင်း ပြည့်စုံပြီ ထင်ပါသည်။

နတ်မကိုးကွယ်လျှင် အပြစ်မရှိနိုင်သလို အကျိုးလည်း မရနိုင်ချေ။ သရဏဂုံလည်း မပျက်ပေ။ မအပ်သော နည်းလမ်းဖြင့် နတ်ကိုးကွယ်လျှင် အပြစ်လည်း မကင်း၊ အကျိုးလည်း မရှိပါချေ။ သို့သော် သရဏဂုံကတော့ ပျက်ဖွယ် မရှိပါ။

အပ်သောနည်းလမ်းဖြင့် နတ်ကိုးကွယ်လျှင် သရဏဂုံ မပျက်သည့်အပြင် အပြစ်လည်းကင်းပြီး အကျိုးလည်း ရှိပါသည်။ ထို့ကြောင့် ကျွန်တော့်အိမ်ရှေ့တွင် နတ်အိမ် ဆောက်လိုက်ပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ
မောင်ဉာဏ်လင်း(အောင်ကုတ်)

www.burmeseclassic.com

www.burmeseclassic.com


ဓိနတ္ထပကာသနီကျမ်းမှာ မြန်မာဗုဒ္ဓဘာသာဝင်တိုင်း လိုလို ဖတ်ဖူးကြသော ကျမ်းတစ်စောင် ဖြစ်ပေသည်။ ဓိနတ္ထပကာသနီကျမ်းကို ယခုခေတ် မြန်မာဗုဒ္ဓဘာသာ ဝင်တို့ မဖတ်ဖူးကြဟုဆိုလျှင်ပင် ကြားတော့ ကြားဖူးကြ ပေမည်။ ဗုဒ္ဓဝင်ကျမ်းများတွင် အလွန်ထင်ရှားသော ဆေး ကျမ်းတစ်စောင် ဖြစ်သောကြောင့်ပင်။

ဓိနတ္ထပကာသနီ၊ မဟာဝင်ဝတ္ထု၊ စွယ်စုံကျော်ထင် အဖြေကျမ်း၊ မွေဂန်ဖတ်စာနှင့် ပုရာဏ်ကျမ်း စသော ကျမ်းပေါင်း(၃၀)မျှကို ပြုစုစီရင်တော်မူခဲ့သော ဆရာ တော်မှာ ရွှေတောင်မြို့ ကျီးသဲလေးထပ်ကျောင်းဆရာ တော်ကြီး ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီးကို မြန်မာသက္ကရာဇ်(၁၁၇၉) ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်၊ ကြာသပတေး နေ့တွင် ရွှေတောင်မြို့နယ်၊ ကျီးသဲရွာ၊ ရှမ်းကန်ကလေး ရပ်၌ ဖွားမြင်တော်မူသည်။ ငယ်မည်ကို ဦးကင်းဟုခေါ် ဆိုကြသည်။ ငယ်ရွယ်စဉ်ကပင် ပိဋကတ်အခြေပြုစာတို့ ကို သင်ကြားတတ်မြောက်ခဲ့လျက် (၁၉)နှစ်ခြောက်လ တွင် အမရပူရ ရွှေတောင်ဆရာတော်ဘုရားကြီး အရှင်ဂု ဏာစာရီ၏ သိဒ္ဓိဝိဟာရိက ရွှေတောင်မြို့ဝိုဏ်းအုပ်ဆရာ တော် အရှင်ကုမာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့

# မောင်ဘုရက်စိန်

## ကျီးသဲလေးထပ်ဆရာတော်၏ ဩဝါဒကထာများ



www.burmeseclassic.com

ရောက်တော်မူသည်။- ဘွဲ့အမည်မှာ အရှင်မုနိန္ဒာဘိဓဇ ဖြစ်ပေသည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးလျှင် မန္တလေး ရတနာပုံ နေပြည်တော်သို့တက်ကာ သာသနိကဖြစ်သော ပိဋကတ်ကျမ်း၊ အနုဝဇ္ဇဖြစ်သော လောကီယကျမ်းတို့ကို ဆုံးခန်းတိုင် တတ်မြောက်အောင် သင်ကြားခဲ့ရသည်။ အရှင်မုနိန္ဒာဘိဓဇအား သင်ကြားပေးခဲ့သော ဆရာတော်များတွင် တံဆိပ်တော်အထပ်ထပ် ရတော်မူကြသော မောင်းထောင်သာသနာပိုင်ဆရာတော်၊ မိတ္ထီလာဆရာတော်၊ ခင်မကန်ဆရာတော်၊ ရွှေတိုက်ဝန်ဆရာတော်တို့ အပါအဝင် ဖြစ်ပေသည်။ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးမှာ သာသနာဝယ် နေ့လအသွင် ထင်ရှားသောအဖြစ်သို့ ရောက်တော်မူသည်။

ထို့နောက် ရွှေတောင်မြို့သို့ ပြန်လာ၍ ရွှေတောင်မြို့ဝန် မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်နော်ရထာဘွဲ့ခံ ဝန်ကြီးဦးမှို့ ဆောက်လုပ်အပ်သော ကျီးသဲရွာအံရှေ့မျက်နှာရှိ လေးထပ်ကျောင်းကြီးကို အလှူခံကာ ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဝသော သာသနာ့တာဝန်ကြီးများကို ထမ်းရွက်တော်မူခဲ့သည်။

သက္ကရာဇ်(၁၂၅၆)ခုနှစ်တွင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့သော်မှ မရှောင်သာသော သမ္မုတိမရဏ စုတိကမ္မဇရုပ် ချုပ်ငြိမ်းပျံလွန်တော်မူပေသည်။ ဆရာတော်ဘုရားကြီး၏ ဩဝါဒကဗျာများကို ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်မှထုတ်သည့် မွေ့ဂန်ဖတ်စာနှင့် ပုရာဏ်ကျမ်းမှ ကောက်နုတ်ဖော်ပြလိုက်ရပေသည်။

<u>ဩဝါဒကဗျာများ</u>

(၁) သဗ္ဗပညတ်၊ အမြဲမှတ်လော့၊ ဓာတ်သိစေလို၊ ပြည့်နှံဆိုအံ့၊ ကိုယ်တွင်ရောဂါ၊ အနာရှိလျက်၊ ရက်ရက်ငယ်က၊ မကုသသော်၊ နှိုင်းဆချင့်သော်၊ မဆိုးလား။

(၂) တောင်ကိုမြင်လျှင် ပြေးချင်ခုန်လွှား ကျွန်ငွားး၊ ချင့်အားချင့်ကိုယ် မပြုန်းလား။

(၃) ကျွန်ပြောင်မထား၊ မယားမနေ၊ ယောကျ်ားလေလည်း၊ ရွာနေလူများ မမုန်းလား။

(၄) သားလည်းမသီး၊ သမီးမရ၊ အိုရှယ်ကျသော်၊ ဒုက္ခချင့်မှာ၊ မဖုံးလား။

(၅) သန်လျက်ဖြစ်ငြား၊ မသွေးထားသော်၊ ချင့်ထားလိုကာ မတုံးလား။

(၆) ဓမ္မသတ်တရား၊ မသင်ကြားသော်၊ စကားဆိုကာ မရှုံးလား။

(၇) ငယ်ကပျော်လွန်၊ ကျမ်းဂန်တရား၊ မသင်ငြားသော်၊ မင်းပါးစိုးခွင်၊ မဝင်နိုင်ဘဲ၊ ဆင်းရဲပန်းတောင်း၊ မကောင်းသက်မွေး၊ မယဉ်ကျေးသည်၊ လူရေးလူစ မတုံးလား။

(၈) ပညာရှိများ၊ ချစ်သနားလည်း၊ တရားဟောကာ မဖုံးလား။

(၉) မိဘမသင်၊ ပွဲတွင်မတည်၊ ကုန်စည်မသွား၊ လူငွားး၊ မယားချင့်ကို မမုန်းလား။

(၁၀) မင်းစေလုပ်ငြား၊ လျှင်မြတ်စားသည်၊ ယောကျ်ားလူလေး၊ လူငမွေ့ကို၊ ရွာနေသူများ မမုန်းလား။

(၁၁) ရေမရသော်၊ တွင်းဝအထဲ၊ မြေနဲတိုင်အောင်တူး။

(၁၂) သလိပ်သည်းခြေ၊ သွေးလေမကောင်း၊ အနာထောင်းသော်၊ စာဟောင်းဒေါသထုတ်။

(၁၃) ဥစ္စာနည်းရှား၊ ကြွေးမြီများသော်၊ ကုန်သွားလယ်ယာလုပ်၊

(၁၄) မိုးမရွာခင်၊ သစ်ငုတ်ဝါးရင်း၊ တျင်းတျင်းစင်အောင်ခုတ်။

(၁၅) မိုးတည်းရွာမူ၊ သစ်စေ့မျိုးရင်း၊ တွင်းကျင်းဝင်အောင်မြှုပ်။

(၁၆) မြှုပ်၍အပင်၊ ပေါက်တုံချင်သော်၊ ကျွဲ ဆင် နွားတား၊ မဝင်ငြားအောင်၊ အတားဆောင်ရန်းလုပ်။

(၁၇) ရင်ဝယ်ဖြစ်ငြား၊ မွေးသည့်သားတို့၊ မသွားနေတိုင်း ကျောင်းကန်ရှိင်းသော်၊ နေ့တိုင်း နားရင်းထုပ်။

(၁၈) နားရင်းထုပ်လျက်၊ ဆိုနိုင်ခက်သော်၊ လက်နှင့်ပျင်းပိုးထုပ်။

(၁၉) ဗီဝကပင်၊ ဖြစ်လျှင်ကစား၊ မခေါ်ငြားသော်၊ သွား၍လွှတ်အောင် မကုံနှင့်။

(၂၀) နတ်သမီးပင်၊ ဖြစ်လျှင်ကစား၊ သူ့မျောက်သားကို ဖျောင်းဖျပြောဆို မလုနှင့်။

(၂၁) သူ့ငွေးသားပင်၊ ဖြစ်လျှင်ကစား၊ မင်းဝတ်စားလို မတုနှင့်။

(၂၂) တစ်အိမ်ထွက်ဝင်၊ လင်လည်းမနေ၊ မိန်းမလေကား



www.burmeseclassic.com

www.burmeseclassic.com

ရင်၌သားကို မချစ်ပါ။

(၂၃) တစ်ကျောင်းထွက်ဝင်၊ ကျောင်းစဉ်လည်လှည့်၊ တပည့်မည်ကား၊ လူ့ဗာလာကား၊ ဆရာမြတ်ကို မချစ်ရာ။

(၂၄) နံနက်ညဦးခါ၊ သေစာစောင်းညင်း၊ သီချင်းတလိုက်၊ ကြက်တိုက်အနံ့ခက်၊ လည်ပတ်သွားများ၊ ထိုယောက်ျားကား၊ ဥစ္စာများကို မချစ်ရာ။

(၂၅) ကျောင်းကန့်မတဲ၊ လူထဲမလာ၊ တောမှာပျော်ပိုက်၊ ချွေးတိုက်လေ့လား၊ ချက်စားပြုတ်ကင်၊ လူ့ဖေင်ကား၊ သူ့အသက်ကိုမချစ်ရာ၊ ကောင်းရာလားစု၊ ကောင်းမှုပဟူဆည် မဖြစ်ရာ။

(၂၆) သမီးကညာ ရွယ်ရောက်လာ အခါမလင့်ပါစေနှင့်၊ အခါလင့်က အသင့်မရ ယုတ်သောသူနှင့် ညားတတ်စွ။

(၂၇) ကိုယ်တွင်ရောဂါ ကပ်ခဲ့လာ အနာမရင့်ပါစေနှင့်၊ အနာရင့်က သက်နှင့်တမျှ ရှိတတ်စွ။

(၂၈) သားငါးရဲရာ သွားလာအတင့်မရဲနှင့်၊ ကိုယ်နှင့်ခန္ဓာကင်းလွတ်ကွာ မကြာခဏ ပျက်တတ်စွ။

(၂၉) မြစ်ကြီးဂင်္ဂါ လူးသောခါ ဝန်ပါမလေးပါစေနှင့်၊ ဝန်ပါလေးက လေလေးပေါက်လျက် မြစ်လယ်ချက်ဝယ် ယက်ယက်ခဏ နစ်တတ်စွ။

(၃၀) ပညာရှိလည်း သတိမလျော့ပါစေနှင့်၊ သတိလျော့လျက် အကြံပျက်သော် ကိုယ်တွင်ခဏ ယုတ်တတ်စွ။

(၃၁) လက်မှုနှုတ်မှု၊ စုစုအတတ်၊ အရပ်ရပ်ကို မှတ်လေလူများ၊ အမျိုးသားတို့၊ မှတ်သားနိုင်က၊ ချမ်းသာရလိမ့်၊ ဆုံးမပေရာ၊ လူလိမ္မာတို့၊ နည်းနာစကား၊ ကြားဖန်များက၊ ကြီးပွားပညာ၊ ထင်ရှားရာသည်၊ လူ့ရွာကျော်ကျော် သဲသဲတည်း။

**မောင်ဉာဏ်စိန်**

<u>ရည်ညွှန်းစာအုပ်</u>

* မွေ့ဂန်ဖတ်စာနှင့် ပုရာဏ်ကျမ်း (ကျီးသဲလေး ထပ်ဆရာတော်)၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။






www.burmeseclassic.com

www.burmeseclassic.com



# ကိုရွှေပြည်သန့်(သမိုင်း)

## ဗုဒ္ဓဘာသာအပေါ် ကမ္ဘာကျော်လူပုဂ္ဂိုလ်များ၏ အတွေးအမြင်များနှင့် မှတ်ချက်များ

ဗုဒ္ဓဘာသာကို မြန်မာလူမျိုးတစ်ယောက်၊ မွေးရာပါ ဗုဒ္ဓဘာသာတစ်ယောက်က ဝေဖန်ခြင်းထက် လူမျိုးခြား ဘာသာတစ်ယောက်၏ အပြုသဘောဆောင် ဝေဖန်ခြင်းက ပို၍မှန်ကန်ပါလိမ့်မည်။

အပြုသဘောဆောင်ခြင်းက လောကကြီးကို တိုးတက်စေသည်။ အပျက်သဘောဆောင်ခြင်းက လောကကြီးကို ပျက်စီးစေသည်။

ဤတွင် လောကကြီးကို တိုးတက်စေသည့် ဗုဒ္ဓဘာသာ အပေါ် ကမ္ဘာကျော် လူပုဂ္ဂိုလ်များ၏ အတွေးအမြင်နှင့် မှတ်ချက် များကို ဗုဒ္ဓအနုပညာပြခန်း စာအုပ်နှင့် ဘာသာရေးပညာပေး စာစဉ်စာအုပ်တို့မှ ပြန်လည်ကောက်နုတ် ရေးသားတင်ပြလိုက်ပါ၏။

သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာအပေါ် ကမ္ဘာကျော် လူပုဂ္ဂိုလ်များ၏

www.burmeseclassic.com

www.burmeseclassic.com

အတွေးအမြင်နှင့် မှတ်ချက်တို့မှာ-

၁။ ဗုဒ္ဓဘာသာသည် လူသားတိုင်းအတွက် ဖြစ်ပေမယ့် လူသားအားလုံးဟာ ဗုဒ္ဓဘာသာ မဖြစ်ခဲ့ကြဘူး။

(အိုင်စတိုင်းလ်)

၂။ အကယ်၍ ခေတ်သစ်သိပ္ပံပညာ လိုအပ်ချက်များနှင့် ဖက်ပြိုင်နိုင်သည့် ဘာသာရေးတစ်ခု ရှိခဲ့သည်ဆိုပါလျှင် ၎င်းဘာသာသည် ဗုဒ္ဓဘာသာ ဖြစ်ပေလိမ့်မည်။

(အိုင်စတိုင်းလ်)

၃။ အနာဂတ်မှာ ဘာသာတရား တစ်ခုက သဘာဝ လောကဓာတ်တစ်ခွင်လုံးအတွက် အဖြေပေးစွမ်းနိုင်သော အယူဝါဒတစ်ရပ်သာ ဖြစ်ရလိမ့်မည်။ အဲဒီဘာသာသည် ပုဂ္ဂလဓိဋ္ဌာန် အယူအဆဖြင့် ဖန်တီးကိုးကွယ်ထားသော ဘုရားသခင်နှင့် မသက်ဆိုင်စေသင့်။ တစ်ယူသန် အစွဲ အလမ်းများနှင့် ယင်းတို့မှ ပေါက်ဖွားခဲ့သော အကျိုး အကြောင်းဆက် ပညာကိုလည်း ကျော်လွှားလွန်မြောက်ရ လိမ့်မည်။ ထိုဘာသာတရားသည် သဘာဝလောကဓာတ် ရုပ်တရားနှင့်တကွ နာမ်တရားများကို လွှမ်းခြုံ၍ ဒိဋ္ဌမေ့ ဖြင့် အဓိပ္ပာယ်ပြည့်ဝသော ပေါင်းစည်းညီညွတ်မှုကို ဖော် ဆောင်နိုင်စွမ်း ရှိရပေလိမ့်မည်။

ဗုဒ္ဓဘာသာသည် ထိုအရည်အချင်းများနှင့် ပြည့်စုံ သည်ကို တွေ့ရ၏။ မျက်မှောက်ခေတ် သိပ္ပံပညာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်းသော ဘာသာ တရားတစ်ခု ရှိသည်ဆိုပါလျှင် ထိုဘာသာတရားက ဗုဒ္ဓ ဘာသာ ဖြစ်လိမ့်မည်။

(အိုင်စတိုင်းလ်)

၄။ မြတ်ဗုဒ္ဓသည် ဘာသာပြောင်းသူများကို အနိုင်ယူရန် တရားဟောခြင်း မဟုတ်ဘဲ တပည့်သာဝကတို့ကို အသိ ဉာဏ်အလင်း ရရှိစေရန် တရားဟောခြင်း ဖြစ်သည်။

(စာရေးဆရာတစ်ဦး)

၅။ ဗုဒ္ဓနှင့် သာမန်လူသားတစ်ဦး၏ ကွဲပြားချက်မှာ သူကောင်းနှင့်အရူး ကွဲပြားသကဲ့သို့ပင် ဖြစ်သည်။

(စာရေးဆရာတစ်ဦး)

၆။ ခန္ဓာကိုယ်ကို သတ်ပစ်ခြင်းသည် အကျိုးမရှိပါ။ ခန္ဓာကိုယ်က အပြစ်ကျူးလွန်ခြင်းကိစ္စမှာ တာဝန်မရှိပါ။ မသိမိုက်မဲသောစိတ်ကသာ အပြစ်ကိုကျူးလွန်၍ တာဝန် ရှိသူ ဖြစ်တယ်။ မသိမိုက်မဲမှုသည်သာ လူသတ်သမား အစစ် ဖြစ်ပါတယ်။ ဒါကြောင့် မသိမိုက်မဲမှုကိုသာ သတ် ပစ်ရမယ်။ ကြိုးပေးရမယ်။ ဘယ်လိုသတ်ဖြတ် ကြိုးပေးရ မလဲ။ လူသတ်သမားကို သစ္စာ၊ ပညာ၊ ဗုဒ္ဓဒေသနာတရား တော်များ ဟောကြားပြီး မိုက်မဲမှု၊ မသိမှုကို ပယ်သတ် ပစ်နိုင်တယ်။

(မဟတ္တမဂန္ဒီ)

၇။ ဗုဒ္ဓ၏ ကြီးမားသော အနစ်နာခံမှု၊ စွန့်လွှတ်မှုနှင့် ဘဝ၏ သန့်ရှင်းစင်ကြယ်မှုတို့ဖြင့် ဟိန္ဒူဝါဒအပေါ်တွင် မပျက်ပြယ်နိုင်သည့် အမှတ်တံဆိပ်တစ်ခုကို ထားရစ်ခဲ့ ပြီး ဟိန္ဒူဝါဒသည် ထိုမြတ်သောဆရာအား အနန္တကျေး ဇူးကြွေးများ ပေးဆပ်ရန် ရှိနေပေသည်။

(မဟတ္တမဂန္ဒီ)

၈။ ဗုဒ္ဓ၏ အဆုံးအမများသည် ဟိန္ဒူဝါဒတွင် တစ်စိတ် တစ်ဒေသအားဖြင့် ပါဝင်အကျုံးဝင်နေသည်ဟု ကျွန်ုပ် ဆင်ခြင်ယူဆမိပါသည်။ အိန္ဒိယနိုင်ငံရှိ ဟိန္ဒူဝါဒအပေါ် ဂေါတမဗုဒ္ဓက မည်ကဲ့သို့ ကြီးမားစွာ ပြောင်းလဲစေခဲ့ သည်ကို မည်သို့မျှ ပြန်လည်ဖူးစမ်းရှာဖွေရန် မဖြစ်နိုင် တော့ချေ။

(မဟတ္တမဂန္ဒီ)

၉။ ကမ္ဘာပေါ်တွင် မည်သည့်ဘာသာသည် ကြီးကျယ် မြင့်မြတ်သော ဘာသာဖြစ်သည်ဆိုခြင်းကို မပြောလျှင် မဖြစ် ပြောပါဟု သင်က ကျွန်ုပ်အား တိုက်တွန်းခဲ့သော် ကျွန်ုပ် စိတ်ပါလက်ပါ ထောက်ထားသောအားဖြင့် 'ဗုဒ္ဓ ဘာသာသည် ကြီးကျယ်မြင့်မြတ်သော ဘာသာဖြစ်သည်' ဟု မဆိုင်းမတွ အဖြေပေးရမည် ဖြစ်ပါသည်။

(ရာဘင်ဒြာနတ်တဂိုး)

၁၀။ အကယ်၍ ပြဿနာတစ်ခုခု ဖြေရှင်းဖွယ်ရာရှိခဲ့လျှင် ဗုဒ္ဓဟောကြားခဲ့သည့် လမ်းစဉ်ဖြင့် ငြိမ်းချမ်းစွာ ဒီမို ကရေစီကျကျ စဉ်းစားဆင်ခြင်ရပေသည်။

(နေရူး)

၁၁။ ဗုဒ္ဓ၏ တရားတော်သည် ကမ္ဘာပေါ်ဝယ် အဏုမြူ ဗုံးများ၊ ဟိုက်ဒရိုဂျင်ဗုံးများ ရှိနေသည်ထက် ပို၍လိုအပ် သော အချိန်ဖြစ်သည်။

(နေရူး)

၁၂။ သန့်ရှင်းသော နည်းနာနိဿယနှင့် မြင့်မြတ်သော သွင်ကြားမှုများမှာ တစ်စုံတစ်ခုသော အယူဝါဒပြီး တစ်



www.burmeseclassic.com

www.burmeseclassic.com

ခုကမျှ အလွမ်းသင့်အောင် ဆောင်ရွက်နိုင်စွမ်းသဖြင့် (ဆောင်ရွက်ပေးနိုင်သော) ဗုဒ္ဓဘာသာမှ ကူးယူကြရပေသည်။

*(အိပ်ချ်ဂျီဝဲလ်၊ ဗြိတိသျှသမိုင်းပညာရှင်)*

၁၃။ လူမှုဒုက္ခ၊ သုက္ခ အရှုပ်အထွေးများအတွက် ဗုဒ္ဓ၏ ငြိမ်းချမ်းရေး တရားဒေသနာတော်သည် အတိတ်ကထက် ယနေ့တွင် ပို၍လိုအပ်ပေသည်။

*(နေရူး)*

၁၄။ ရှင်တော်ဗုဒ္ဓ အရှင်ဘုရားဟောကြားတဲ့ ဒေသနာမှာရှိတဲ့ တခြားအရာတွေထက် အကြောင်းအရာ တစ်ခုအတွက်နဲ့ပဲ တပည့်တော် အရှင်ဘုရားရဲ့ တရားဒေသနာတော်ကို လေးစားမြတ်နိုးလှပါတယ်။

အဲဒီအကြောင်းအရာဟာ ဘာလဲဆိုရင် တရားဒေသနာမှာပါတဲ့ အရာအားလုံးဟာ ပြတ်သားနေခြင်း ဖြစ်ပါတယ်။ သူ့အလိုလိုပင် ထင်ရှားနေခြင်း ဖြစ်ပါတယ်။

*(ဟာမန်ဟက်စ် ၁၈၈၇-၁၉၆၂)*

၁၅။ ပြစ်မှုကျူးလွန်သူသည် ဘုရားရှင်ထံ တောင်းပန်အသနားခံရန် ဆုတောင်းဝတ်ပြုမှုတို့ဖြင့် အကုသိုလ်ဆိုးကျိုးမှ လွတ်မြောက်နိုင်သည်ဟု ဗုဒ္ဓဝါဒီတို့က မယုံကြည်ချေ။

*(ဂျုန်ဝေါလ်တားစ်)*

၁၆။ ကျွန်ုပ်တို့အားလုံးသည် ရုပ်ဝတ္ထုကြွယ်ဝမှု ဝိုင်းဝိုင်းလည်နေသည့်ကြားတွင် စိတ်ဓာတ်ရေးရာအားဖြင့် ချွတ်ခြုံကျနေကြရပါသည်။ ရုပ်ဝတ္ထု ကြွယ်ဝပါသော်လည်း စိတ်ချမ်းသာမှုကင်းသော အခြေအနေတွင် စိတ်၏ချမ်းသာမှု အမှန်တကယ်ရရန်အတွက် ဗုဒ္ဓ၏ကျင့်စဉ်ကို ကျင့်ကြံအားထုတ်ကြည့်ဖို့ သင့်လှပါသည်။ ဗုဒ္ဓကျင့်စဉ်သည် စိတ်ချမ်းသာမှုကို အမှန်တကယ် ဖြစ်စေနိုင်သည်။

*(ဂျုန်ဝေါလ်တားစ်)*

၁၇။ သက်ရှိသတ္တဝါများကို ညှဉ်းဆဲရန် နတ်ဘုရားများထံဝယ် ဆုတောင်းပတ္ထနာပြုခြင်း၊ ဘုန်းတော်ဘွဲ့များ ရွတ်ဆိုခြင်း၊ ယဇ်ပူဇော်ခြင်းများကို မပြုလုပ်ရန် ဗုဒ္ဓသည် လူ့သမိုင်းတွင် အဦးဆုံး အပြစ်ပြု၍ ဆုံးမပဲ့ပြင်ခဲ့သည်။

*(ပါမောက္ခရီးစ်ဒေးဗစ်)*

၁၈။ ရှည်လျားလှသည့် သမိုင်းကြောင်းတစ်လျှောက်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် အခြားဘာသာဝင်များကို ညှဉ်းပန်းနှိပ်စက်မှုဟူသော မှတ်တမ်းမှတ်ရာ တစ်စုံတ[...]ရာမျှ မရှိချေ။

*(ပါမောက္ခရီးစ်ဒေး[...]*

၁၉။ ကမ္ဘာပေါ်ရှိ ဘာသာတရားတီထွင်သူ ခေါင်းဆော[...] အများစုမှာ မဟာခရီးသည်များ ဖြစ်ကြသည်။ ဘာသ[...] တရားခေါင်းဆောင် ဓမ္မနာယကများထဲတွင် အကျ[...] သိက္ခာ၊ ပညာဉာဏ်၊ စဉ်းစားဉာဏ်၊ စိတ်နေသဘော[...] ထား အရာတို့၌ အမြင့်မြတ်ဆုံးဖြစ်သည့် ဗုဒ္ဓသည[...] ခရီးသည်ဘုရင် ဖြစ်သည်။

*(ရာဟုလာသံကိစ္စည်[...]*

၂၀။ ဗုဒ္ဓမြတ်စွာတွင် ဒေါသအလျှံထွက်သောအခါဟူ[...] မည်သည့်အခါမျှ မရှိချေ။ ဘုရားရှင်၏ နှုတ်တော်[...] အကြင်နာမဲ့သောစကား ထွက်ပေါ်လာသည်ဟူ၍ မည[...] သည့်အခါမျှ မရှိပေ။

*(ဒေါက်တာအက်စ်ရာဓာခရစ်ရှနား[...]*

၂၁။ ခရစ်ယာန်ဘာသာကို ကျွန်ုပ် လက်ခံနိုင်ခြင်းမရှိပါ[...] သို့သော် ကမ္ဘာ့ဘာသာကြီးများအနက် တစ်စုံတစ်ခုသော[...] ဘာသာကို လက်ခံရန် အကြောင်းများ ပေါ်ပေါက်လာ[...] သော် ကျွန်ုပ်လက်ခံနိုင်မည့် ဘာသာတရားမှာ ဗုဒ္ဓဘာသာ[...] ဖြစ်ပါသည်။

*(ဘာထရမ်ရပ်ဆယ်[...]*

၂၂။ ဗုဒ္ဓဝါဒသည် ယုံကြည်မှုထက် (အမှန်အတိုင်း) သိ[...] မှုနှင့် ရှုမြင်မှုကိုသာ အဓိကထားသည်။ ဗုဒ္ဓ၏ သွန်သင[...] ဆုံးမမှု တရားတော်များသည် ဧဟိပဿိကောလာလော့[...] ကြည့်ရှုပါလော့ဟု ဖိတ်ခေါ်ခြင်းကိုသာပြု၍လာပြီး ယုံ[...] ကြည်လော့ဟု မဆိုပေ။

*(ဆရာတော် ဒေါက်တာဝါပိုလာရာဟုလာ[...]*

၂၃။ ဗုဒ္ဓဝါဒသည် လောကနှင့် ဘဝ၏ တကယ်ပကတ[...] အဖြစ်မှန်ကိုသာ ဆင်ခြင်သုံးသပ်ရကား သဘာဝ[...] အတိုင်း ရှုမြင်သောဝါဒဟု ဆိုရပေမည်။

*(ဆရာတော် ဒေါက်တာဝါပိုလာရာဟုလာ[...]*

၂၄။ ဗုဒ္ဓသည် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဆိုင်ရာ ဘုရား[...] (သို့မဟုတ်) နတ်ဘုရားများ၏ ကူညီမှုမြူတစ်စိမျှမပါ[...] လူတိုင်းကိုယ်တိုင် ရယူနိုင်သည့် လွတ်မြောက်ရေး[...] ကမ္ဘာ့သမိုင်းတွင် အဦးဆုံး ထုတ်ဖော်ကြေညာခဲ့သည[...]

*(ပါမောက္ခအီလွ[...]*



www.burmeseclassic.com

www.burmeseclassic.com

၂၅။ နှလုံးသားမှာ ချမ်းသာစေတဲ့တရား မရှိလျှင် စည်းစိမ်ဥစ္စာ မည်မျှပြည့်စုံစေကာမူ ချမ်းသာနိုင်မည် မဟုတ်ပေ။

(ဒလိုင်လားမား)

၂၆။ လွှတ်လပ်မှုမပေးစွမ်းနိုင်တဲ့ အမိန့်ဟာ ညှဉ်းဆဲနှိပ်စက်မှု ဖြစ်သွားနိုင်တယ်။ အမိန့်မပါတဲ့ လွှတ်လပ်မှုဟာလည်း ဖရိုဖရဲဖြစ်သွားနိုင်တာပဲ။ ဒါကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးတွက် လွှတ်လပ်မှုကိုလည်း ပေးစွမ်းနိုင်ရမယ်။ ဖရိုဖရဲဖြစ်မှုကိုလည်း ကာကွယ်နိုင်စွမ်း ရှိရမယ်။

(ဒလိုင်လားမား)

၂၇။ ဤအရာ လူသားသစ်ပင်မှာ၊
နှစ်ပေါင်းကုဋေကုဋာ ပွင့်ခဲ့တာ၊
ပညာရနံ့ ပျားရည်စက်များ၊
လောကကို ပြည့်ဝစေတာ၊
လူသားပန်းတစ်ပွင့်ပါ။

(ဆာအက်ဒွင်အာနိုး)

၂၈။ ဗုဒ္ဓဘာသာနှင့် ခေတ်သစ်သိပ္ပံပညာသည် အသိပညာဆိုင်ရာ အလွန်နီးကပ်ဆက်စပ်စွာ တည်ရှိနေကြောင်း ကျွန်ုပ် မကြာ,မကြာဆိုခဲ့ပြီး ထပ်ခါတလဲလဲ ပြောဆိုပါဦးမည်။

(ဆာအက်ဒွင်အာနိုး)

၂၉။ များသောအားဖြင့် ဘာသာရေးဆရာများသည် ၎င်းတို့၏ တယည့်များကို အခြားဘာသာများဖြင့် စပ်ဆိုင်သည့် ကျမ်းစာများ၊ အယူဝါဒများ၊ စာပေများကို ဖတ်ရှုလေ့လာခွင့်မပြုဘဲ တားမြစ်ကြသည်။ ဗုဒ္ဓဝါဒတွင် ဤအဖြစ်မျိုး လွန်စွာနည်းပါးပေသည်။

(ဖရခန္တီပါလော)

၃၀။ စွမ်းရည်သတ္တိ ဘယ်လောက်သိမ်ဖျင်းသူ ဖြစ်ပါစေ၊ တရားတော်ရဲ့တန်ခိုးကြောင့် သတ္တိဗျတ္တိ ပြည့်ဝလာစေပါတယ်။ အညံ့စား လူတစ်ဦးကို အတော်ဆုံးဖြစ်လာစေတာဟာ တရားတော်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့်ပါပဲ။

(ဂိုအင်ဂါ)

စသည်တို့သာ ဖြစ်ပါကြောင်းဟု ဟူ၍သာ။

**ကိုရွှေမြသန်း(သမိုင်း)**

**ဆရာဦးသိန်းဝင်း**
B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ -၁၄၇၂)

**ပြည်တော်စံ**
တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျောက်ပေါင်း၊ အာရုံကြော
အားနည်း၊ လေဝင်း/လေဖြတ်၊
ကိုယ်ခံအားကျခြင်း၊
အကြောနှင့်ပတ်သက်သော ရောဂါများ
ကုသပေးပါသည်။
✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ
အိမ်ဆွေးကုသပေးပါသည် ✤

**လေဖြတ်ခြင်းကို**
**ကြိုတင်ကာကွယ်ပါ**

လေဖြတ်မည့် လက္ခဏာများ
* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ,လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း
စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
☎ ၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁ ၆၅၂ ၇၂၄



www.burmeseclassic.com

www.burmeseclassic.com

# ယမမင်း မျက်နှာလွှဲသည့်အခါ

## ကိုမောင်သန်းဝင်း



ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အနေဖြင့် ယမမင်း အကြောင်းကို ကြားဖူးနားဝ ရှိကြပေလိမ့်မည်။ မရဏာနှင့် ပတ်သက်သောနတ်ကို ယမဟု ခေါ်သည်။ ဗုဒ္ဓဘာသာ ကျမ်းဂန်များ အဆိုအရ လူသတ္တဝါများ ကွယ်လွန်သေဆုံး သွားကြသောအခါ မိမိတို့ပြုလုပ်ခဲ့သည့် အမှုကိစ္စများနှင့် ပတ်သက်ပြီး အဆုံးအဖြတ်နာခံရန် ယမမင်းရှေ့မှော[illegible] ရောက်သွားရသည်။ ဓမ္မပဒအဋ္ဌကထာ၌ ယမသသန္တိ[illegible] မရဏာသန္တိကံဟူ၍ မိန့်ဆိုထားသည်။

လူ့ပြည်တွင် ကုသိုလ်ကောင်းမှုတွေ များစွာပြုလု[illegible] ပြီး သူတော်ကောင်းစာရင်းဝင် ဖြစ်ကြပါလျက် သေခါ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြုခဲ့ဖူးသော အကုသိုလ်အခွင့် ရကြသဖြင့် ငရဲငယ်ဖြစ်သော လောဟကုမ္ဘီငရဲ၊ ပဟာသငရဲ၊ ဒဗ္ဗုသငရဲ၊ အဗ္ဗုဒငရဲ စသည်တို့ရဲ့အကြား တောမြေလပ်သို့ ကျရောက်လေ့ရှိပါသည်။ ရောက်ရှိသူတို့သည် တစ်စုံတစ်ခုသော ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို မခံရပါဘဲ ငရဲထိန်းထံမှာ အစစ်ဆေးခံရပါသည်။

ယမမင်းကြီး၏ ဒေဝဒူတစစ်တမ်းကြီး ငါးချက်နှင့်တကွ အမျိုးမျိုးသော အခွင့်တို့ဖြင့် ထိုသူတို့အား ရှေးဘဝက ပြုခဲ့ဖူးသော ကုသိုလ်ကို အမှတ်သတိဖော်ရှိကြရလေအောင် အားထုတ်မေးမြန်းလေ့ရှိပါသည်။ သူတို့သည် ကုသိုလ်အမှုကို ပြန်လည်သတိရသည်နှင့်တစ်ပြိုင်နက် ထိုငရဲဘဝမှနေပြီး ကျွတ်လွတ်၍ လူ့ပြည်၊ နတ်ပြည်တို့သို့ သွားရောက်ကြရပါသည်။

ကုသိုလ်အမှုကို သတိမရနိုင်ကြသော သူတို့ကိုမူကား ကမ္မကာရဏာဖြစ်ချေပြီဟု ယမမင်းတို့က မျက်နှာလွှဲ၍နေကြပါသည်။ မျက်နှာအလွှဲခံရသည့်သူများကို ငရဲထိန်းတို့က ခေါ်ယူဆောင်ပြီး (၃၂)ပါးသော ကမ္မကရဏာတို့ကို ပြုပြီး ပျော်ပါးကြပါသည်။

ကမ္မကရဏာ(၃၂)ပါး

(၁) အဆူးရှိသောကြိမ်လုံးတို့ဖြင့် ရိုက်နှက်ကြကုန်၏။
(၂) အဆူးမရှိသော ကြိမ်လုံးတို့ဖြင့်လည်း ရိုက်နှက်ကြကုန်၏။
(၃) နှစ်တောင်ပမာဏရှိသော တုတ်တို့ဖြင့်လည်း ရိုက်နှက်ကြကုန်၏။
(၄) လက်နှစ်ဖက်ကိုလည်း ဖြတ်ကုန်၏။
(၅) ခြေနှစ်ဖက်ကိုလည်း ဖြတ်ကုန်၏။
(၆) နားရွက် နှစ်ဖက်ကိုလည်း ဖြတ်ကုန်၏။
(၇) နှာခေါင်းကိုလည်း ဖြတ်ကုန်၏။
(၈၊ ၉) နား၊ နှာခေါင်းကိုလည်း ဖြတ်ကုန်၏။
(၁၀) လျှာကိုလည်း ဖြတ်ကုန်၏။
(၁၁) ပုန်းရည်အိုးခေါ်သော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၁၂) ခရုသင်းဦးပြည်းခေါ်သော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၁၃) ရာဟုခံတွင်းခေါ်သော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၁၄) မီးပန်းပဒေသာခေါ်သော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၁၅) လက်မီးတောက်ခေါ်သော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၁၆) ပိန်းမြက်ခေါ် ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၁၇) သင်တိုင်းဝတ်ခေါ်သော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၁၈) ဧဏီမြုက်ခေါ်သော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၁၉) မြားချိပ်သားလွှာခေါ်သော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၂၀) တစ်ကျပ်သားလွှာဟူသော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၂၁) လုံ့ထိုးဆားမံခေါ်သော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၂၂) တံခါးကျဉ်လှည့်ခေါ်သော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၂၃) ကောက်ရိုးအင်းပျဉ်ခေါ်သော ညှဉ်းဆဲမှုကိုလည်း ပြုကုန်၏။
(၂၄) ပူလောင်လှစွာသော ဆီဖြင့်လည်း လောင်းကုန်၏။
(၂၅) ကြမ်းလှစွာသော ခွေးတို့ကိုလည်း ကိုက်စားစေကုန်၏။
(၂၆) အရှင်လတ်လတ်ကိုလည်း လူသေသံတံကျင်၌ လျှိုကုန်၏။
(၂၇) သန်လျက်ဖြင့်လည်း ခေါင်းကို ဖြတ်ကုန်၏။
(၂၈) ရဲရဲတောက်သော သံတံသင်းကို လက်တစ်ဖက်၌ စိုက်နှက်ကုန်၏။
(၂၉) ရဲရဲတောက်သော သံတံသင်းကို ဒုတိယလက်၌ စိုက်နှက်ကုန်၏။
(၃၀) ရဲရဲတောက်သော သံတံသင်းကို ခြေတစ်ဖက်၌ စိုက်နှက်ကုန်၏။
(၃၁) ရဲရဲတောက်သော သံတံသင်းကို ဒုတိယခြေတစ်ဖက်၌ စိုက်နှက်ကုန်၏။
(၃၂) ရဲရဲတောက်သော သံတံသင်းကို ရင်လယ်၌ စိုက်နှက်ကုန်၏။

ယင်းသို့သော ကမ္မကရဏာ(၃၂)ပါးတို့တွင် ဗိလိင်ထာလိက အစရှိသော (၁၃)ပါးတို့၏ အဓိပ္ပာယ်သည်



www.burmeseclassic.com

www.burmeseclassic.com

ကား-

(၁) ဦးခေါင်းကို အလယ်၌ နှစ်ပိုင်းဖြတ်ပြီးလျှင် ရဲရဲငြိးသော သံတွေသံခဲတို့ကို ဦးနှောက်တွင်း၌ ထည့်ကုန်၏။ ပုန်းရည်အိုးပွက်ပွက်ဆူသကဲ့သို့ ဦးနှောက်တို့သည် ပွက်ပွက်ဆူခြင်းသည်ကား ဗိလိင်္ဂထာလိကတည်း။

(၂) ဦးခေါင်းရေကို အောက်အဖို့၌ ဓား၊ သန်လျက်ဖြင့် ရစ်လှီး၍ ဆံပင်တို့ကို တစ်ပေါင်းတည်း လုံတံ၌ ရစ်ပတ်၍ ဆွဲငင်သည်ရှိသော် အရေနှင့်တကွ ကျွတ်၍ပါကုန်၏။ ထိုအခါ ကြမ်းတမ်းလှစွာသော ကျောက်စရစ်အိုးခြမ်းတို့ဖြင့် ပြင်းထန်စွာပွတ်တိုက်၍ ခရုသင်းကဲ့သို့ ဖွေးဖွေးဖြူသော ဦးပြည်းမှုကို ပြုကြသည်ကား သခ်ိမုဏ္ဍိတတည်း။

(၃) သံတံသင်းဖြင့် ခံတွင်းပေါက်ကိုထောက်၍ ခံတွင်းအတွင်း၌ မီးတို့ကိုထွန်းညှိထားကုန်၏။ မျက်နှာတစ်ပြင်လုံး ဆောက်တို့ဖြင့် ထွင်းဖောက်၍ သွေးတို့ကို ခံတွင်း၌ စုသည်တို့ကို ပြုကြကုန်၏။ နေဗိမာန်ငုံ၍ထားသော ရာဟုခံတွင်း၌ အလားတူစွာဖြစ်ကြရသည်ကား ရာဟုမုခတည်း။

(၄) တစ်ကိုယ်လုံးကို ဆီ၊ ရေနံ စိမ်အပ်သော အဝတ်တို့ဖြင့် ရစ်ပတ်၍ မီးပန်းပဒေသာကဲ့သို့ ပြုကြသည်ကား ဇောတိမာလိကတည်း။

(၅) လက်နှစ်ဖက်ကိုသာ ထို့အတူရစ်ပတ်၍ မီးရှူးထွန်းသကဲ့သို့ ပြုသည်ကား ဟတ္ထပဇ္ဇောတိကတည်း။

(၆) ခါးမှစ၍ အရေလွှာတို့ကို ပိန်းမြက်ရွက်တို့ကဲ့သို့ ခြေမျက်စိသို့ရောက်အောင် ခွာချကုန်၍ ခြေ၌စုပုံစေပြီးလျှင် လက်စသည်တို့၌ ကြိုးတို့ဖြင့်ဖွဲ့ချည်၍ ထိုမှ ဤမှ ဆွဲငင်၍ ပြေးကြကုန်၏။ မိမိတို့အရေ၌နင်း၍ အဖန်ဖန်လဲပြိုကြရသည်ကား ဧရကပဋ္ဋိကတည်း။

(၇) ထို့အတူ လည်ပင်းမှစ၍ ခါးသို့ရောက်အောင် အရေလွှာတို့ကို အကုန်ခွာ၍ လျှော်တေဝတ်သကဲ့သို့ ပြုကြသည်ကား စီရကဝါသိကတည်း။

(၈) တံတောင်ဆစ်နှစ်ဖက်၊ ပုဆစ်ဒူးနှစ်ဖက်တို့၌ သံကွင်း၊ သံခြေကျင်းတို့ဖြင့် လျှိုခတ်၍ သံချောင်းနှက်ပြီးသော ဧကီမည်သော သားကောင်ကဲ့သို့ လေးဖက်တွား၍ နေစေပြီးမှ မီးတို့ကို ပတ်ပတ်လည်၌ထည့်၍ မြှိုက်သည်ကား ဧဏေယျကတည်း။

(၉) သခေါ်ာသီး၊ သခွားသီးတို့ကို စဉ်းကောစဉ်းခြစ်သကဲ့သို့ သံမျှားချိတ်တို့ဖြင့် တစ်ကိုယ်လုံး၌ အရေအသားတို့ကို အမျှင်မျှင်ချိတ်ငင် ခြစ်ယူကုန်၍ အရိုးမျှကျန်ရှိသည်ကို ပြုသည်ကား ဗလိသမံသိကတည်း။

(၁၀)ထက်လှစွာသော ဓား၊ ပဲခွပ်တို့ဖြင့် ခြေဖမိုးမှ စ၍ တစ်ကိုယ်လုံး၌ အသားတို့ကို တစ်ကျပ်သား၊ တစ်ကျပ်သား လှီးဖြတ်၍ ချထားသည်ကား ကဟာပဏိကတည်း။

(၁၁)တစ်ကိုယ်လုံး၌ လှံတံတို့ဖြင့် ထိုးဆွ၍ ဆား၊ ဆပ်ပြာတို့ဖြင့် မွမ်းမံသည်ကား ခါရပဋိစ္ဆကတည်း။

(၁၂)စောင်းလျက်အိပ်စေ၍ အထက်နားပေါက်မှ အောက်နားပေါက်ကိုဖောက်ထွင်း၍ မြေသို့ဝင်လေအောင် သံတံကျင်ကို စိုက်နှက်စေပြီးလျှင် တံခါးကျည်ကို လှည့်လည်စေသကဲ့သို့လည်းကောင်း၊ ဆီဆုံလည်စေသကဲ့သို့လည်းကောင်း ခြေနှစ်ချောင်းကို ကိုင်ဆွဲ၍ ပတ်ပတ်လည်လှည့်ကြသည်ကား ပလိဃပရိဝတ္တိကတည်း။

(၁၃)အသားအရေတို့ကို မစုတ်မပဲ့စေမူ၍ တစ်ကိုယ်လုံး၌ရှိသော အရိုးတို့ကို အကုန်ကြေမွသည်ကိုပြု၍ ကျောက်တို့ဖြင့် ထုကုန်ပြီးမှ ဆံပင်တို့ကိုကိုင်၍ ခါထုတ်သဖြင့် အရိုးတို့ကို အကုန်ထွက်စေ၍ အသားစုသက်သက်သာ ကျန်ရှိအောင် လုပ်ပြီးမှ ကောက်ရိုးအင်ပျဉ်ကဲ့သို့ ပြုကြသည်ကား ပလာလပီဌကတည်း။

အရိုက်သုံးရယ်၊ အဖြတ်ရှစ်မျိုး၊ ပုန်းရည်အိုးနည်း၊ ဦးပြည်းရာဟု၊ နှစ်စုမီးချက်၊ ပိန်းမြက်လျှော်တေ၊ ဧကီမြှိုက်ခြင်း၊ စဉ်းကောစဉ်းလတ်၊ တစ်ကျပ်လှီးမျိုး၊ ဆားလှံထိုးနှင့်၊ ကောက်ရိုးအင်ပျဉ်၊ ဆီလှျင်ခံလောင်းရေး၊ ခွေးကျွေးတံကျင်၊ ငါးအင်အဖွဲ့၊ ပြုတုံခံသည်၊ သုံးဆယ့်နှစ်လီ ညွှဉ်းပန်းတည်း။

ဒေဝဒူတသုတ်၌ကား-

ယမမင်းကြီးတို့ကိုယ်တိုင် အကြိမ်ကြိမ်စစ်မေးပါသော်ငြားလည်း ရှေးဘဝ၌ ငရဲသူအပေါင်းတို့ကို ငရဲထိန်းတို့သည် ယူဆောင်ကုန်၍ ရဲရဲငြိးသောသံမြေ၌ ပက်လက်အိပ်စေကုန်လျက် လက်ဖဝါးနှစ်ဖက်၊ ရင်လယ်အရပ်၌ ထန်းလုံးခန့် ပမာဏရှိကုန်သော ငါးခုသော သံတံတင်းတို့ကို ရိုက်နှက်ကာ ကြွတ်၍ထားခြင်း၊

အလျှံပြောင်တောက်လောင်နေသော သံမြေ၌ အိပ်စေ၍ သုံးဂါဝုတ်မျှရှိသော အတ္တဘောတို့ကို အိမ်မိုးတစ်ခြမ်းခန့်ရှိသော ဓားမတို့ဖြင့် ရွေခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

ဦးခေါင်းစောက်ထိုး မြေမိုးမျှော်ထားပြီးလျှင် ပဲခွပ်ကြီးတို့ဖြင့် အသားတို့ကို ရွေချခြင်း၊

အလျှံပြောင် တောက်လောင်နေသောရထား၌ ကကုန်သော အလျှံပြောင်တောက်လောင်နေသော သံမြေ၌ စိုက်နင်းခြင်း၊

လက်နက်လှံတံတို့ဖြင့် ပစ်ခတ်ရိုက်နှက်၍ မီးအတိပြီးသော သံတောင်ကြီးပေါ်သို့ တက်စေခြင်း၊ ထို့နောက် အနက်အကျယ် ယူဇနာ(၆၀)ရှိသော သံပူရည် မင်လယ်ကြီးနှင့် အလားတူသော လောဟကုမ္ဘီခေါ်သော သံဒယ်အိုးကြီး၌ ပစ်ချခြင်း၊

ထိုလောဟကုမ္ဘီငရဲ၌ အနှစ်များစွာကြာမြင့်ပြီးသော် သူတို့ကို ယူငင်၍ မဟာအဝိစိငရဲအတွင်းသို့ ပစ်ချခြင်း၊

မဟာအဝိစိ ငရဲမကြီးအတွင်း၌ နှစ်ပေါင်းအသိန်းများစွာ ခံကြရကုန်ပြီး၍ ရှေးကပြဆိုခဲ့ပြီးသည့် အစဉ်အားဖြင့် ဥဿဒငရဲကြီး ငါးရပ်တို့သို့ ကျရောက်ခြင်း စသည့် အစဉ်အလာများ ရှိပါသည်။

ဤမှတစ်ပါး-

* နေမိဇာတ်၌လာသော ငရဲခန်းများ၊
* နာရဒဇာတ်တော်၌လာသော ငရဲခန်းများ၊
* သရဘင်္ဂဇာတ်တော်၌လာသော ငရဲခန်းများ၊
* မိတ္တဝိန္ဒကနိယသုတ်တော်၌လာသော ငရဲခန်းများ၊
* မာရတဇ္ဇနိယသုတ်တော်၌လာသော ငရဲခန်းများ

အစရှိသော ငရဲခန်းများတို့သည် မဆုံးနိုင်ဖွယ် လွန်စွလွန်စွာ များပြားလှပါဘိတောင်း။


ဗုဒ္ဓရှင်တော်မြတ်ကြီးသည်လည်း ငရဲဘုံ၌ ခံကြရသော ဒုက္ခအမျိုးမျိုး အထွေထွေကို ဒေသနာအစဉ်အလာအားဖြင့် ဟောဆိုပြခြင်းငှာ မတတ်နိုင်ဟု မိန့်ကြားတော်မူပါသေးသည်။

ကုသိုလ်စိတ်သူတော် ပွားများနိုင်ကြပါစေ။

ကိုမောင်သန်းဝင်း

<u>ကျမ်းကိုး</u>

* လေးထွေပါယ်တွင်း မလွတ်ကင်းလျှင် အသေမဦးခင် [ဦးဝင်းဇင်(မြိတ်)]။
* စာပေယဉ်ကျေးမှုရေစီးကြောင်း (ပါရဂူ)။



www.burmeseclassic.com

ကြိုးစားလာခဲ့သည်မှာ သုံးနှစ်တာ ကာလခန့်တွင်သည်။

ကထိန်ခင်းရန် တိုက်တွန်းခဲ့သူမှာ ငယ်သူငယ်ချင်းတစ်ယောက်။ သူကိုယ်တိုင်ကလည်း နှစ်စဉ် ကထိန်သင်္ကန်း ကပ်လှူခြင်းက အဆက်မပြတ်။

ကထိန်သင်္ကန်း ကပ်လှူခြင်းသည် လွယ်ကူလှသည် မဟုတ်။ ငွေရေးကြေးရေး မ,တည်ရသည်။ အများစုပေါင်း၍လည်း အလှူငွေ ထည့်ဝင်ခြင်းအား စုစည်းလက်ခံရသည်။ ကထိန်တစ်ခု ပြီးမြောက်ရန် သိန်းပေါင်းများစွာ ထည့်ဝင်ကြရသည်။ အချို့က သိန်းနှစ်ဆယ်၊ သိန်းငါးဆယ်မှသည် အချို့သော ကထိန်များတွင် သိန်းရာချီ၍ ကုန်ကျသည်။ သူငယ်ချင်းကမူ နှစ်စဉ် ဘုန်းကြီးကျောင်းတစ်ရာခန့်အတွက် ကထိန်ခင်းနိုင်သည်မှာ အံ့သြဂုဏ်ပြုဖွယ်ရာ။ သူ၏ကြိုးစားမှုက အမေရိကန်ရှိ မိတ်ဆွေအပေါင်း အသင်းများအထိ ပါဝင်လာကြသည်မှာ အုတ်အော်သောင်းတင်း။

ကျွန်တော်၏ ကြိုးပမ်းရာ၌ ဖျက်သူက ဖျက်ကြသည်။ မဖြစ်နိုင်ကြောင်း အခက်အခဲများဖြင့် တားကြ







www.burmeseclassic.com

www.burmeseclassic.com

သည်။ ကထိန်သင်္ကန်း ကပ်လှူခြင်း၏ ဖြစ်လေ့ဖြစ်ထသော ဂုဏ်ပကာသန ရေ့တန်းတင်လာကြသည်။ ကထိန်သင်္ကန်း ကပ်လှူရာတွင် ပဒေသာပင်များက အရေးပါသည်။ မည်သို့သည့်ကျောင်းအတွက် ပဒေသာပင်တန်ဖိုးက မည်မျှ စသည်ဖြင့် တန်ဖိုးဖြတ်ကြသည်။ ဤငွေကြေးပမာဏက ကထိန်သင်္ကန်းကို လွှမ်းမိုးလာသည်။ ပြိုင်ဆိုင်လာသည်။ လိုလားတပ်မက်မှုကို ဖော်ညွှန်းစေသည်။ ကထိန်သင်္ကန်းကို လှူသူများကသာ ဖန်တီးလှူဒါန်းကြသည့် ပုံစံ။

တကယ်တမ်းအားဖြင့် ကထိန်ကို လူတွေ ခင်း၍မရ။ သံဃာတော်များသာ ခင်းရသည့် ကထိန်သာဖြစ်သည်။ လူတွေက ကထိန်သင်္ကန်းကိုသာ လှူရခြင်းသာဟု မှတ်သားဖူးသည်။ အဓိက တာဝန်ရှိသည်မှာ သံဃာ၊ အရန်အထား ပါဝင်ရသူက လူသားများ။ ယနေ့ဖြစ်နေသည်က လူသားက အကျယ်ချဲ့ထွင်လျက် ကထိန်ခင်းကြခြင်းဖြင့် နေရာယူလာကြသည်။

ကျွန်တော်လှူဒါန်းလိုသည့် ကထိန်သင်္ကန်း ကပ်လှူရာတွင် သင်္ကန်းချည်းသက်သက်။ ထို့ကြောင့် စိတ်မပါဝင်ကြ။ ပဒေသာပင်မပါ၍ ခြောက်ခြောက်သွေ့သွေ့။ အခြားတတ်နိုင်သူများက ကထိန်ခင်းသည်ကို အပဟန့်အတားပြုရာရောက်မည်ဟူ၍ မသိမသာ သတိပေးစကား။

ကထိန်ခင်းသည့် ကျောင်းမှလည်း တစ်နှစ်လျှင်တစ်လ၊ တစ်လတွင် တစ်ခါသာ ကျောင်းက အလှူခံခွင့်ရ၍ ကထိန်ခင်းရသည်။ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ကာလ တစ်လသက်သက်သာ။ ကထိန်ခင်းရမည့် သံဃာတော်ကလည်း ဝါဆိုလပြည့်ကျော် (၁)ရက်နေ့ ဝါထပ်ပထမဝါဆိုသည့် သံဃာအား အလှူခံခွင့်ရသည်။ ဝါခေါင်လပြည့်ကျော် (၁)ရက် ဒုတိယဝါဆိုကပ်သည့် သံဃာများက ကထိန်သင်္ကန်းကို ခင်း၍မရနိုင်။

ကထိန်ကို အလှူခံမည့် သံဃာက ကျုပ်ဘုန်းကြီးကျောင်းတွင် ကထိန်ခင်းပါဟု ပြောခွင့်မသာ။ ဒကာ၊ ဒကာမကိုသာမက သံဃာ၏ ဖခမည်းတော်၊ မယ်တော်များပင် ကထိန်ခင်းရန် ပူဆာတောင်းဆိုခွင့်မရှိ။ ပြောဆိုခွင့်မရှိ။ ဤမျှစည်းကမ်းတင်းကျပ်သည့် သဘောတရား။

◆◆◆

သို့ဖြစ်၍ တစ်နှစ်လျှင်တစ်ကြိမ် ပေးလှူရသည့် အလှူကထိန်ဟု မှတ်တမ်းတင်ရသည်။ သံဃာကိုယ်တိုင်ခင်းရသည့်ကထိန်။ ရှေးကာလက သင်္ကန်းဆေးအရောင်ကိုလည်း သံဃာများ သစ်ခေါက်များဖြင့် ဆေးဆိုးရသည်။ ဝါဂွမ်းမှ ဝါချည်မှတစ်ဆင့် သင်္ကန်းစ ရသည်အထိ ရက်ကန်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို သံဃာများက စုဝေးလုပ်ဆောင်ကြရသည်။ သိမ်ဝင်ကြရသေးသည့် ကထိန်သင်္ကန်း၊ ရှေးခေတ်တုန်းက ကထိန်သင်္ကန်းအစဉ်အလာမှာ ဤသို့။

ယခုအခါ သင်္ကန်းက ဝယ်ယူ၍ အဆင့်သင့်။ သို့ကြောင့် သံဃာများ သင်္ကန်းရက်လုပ်ခြင်းအစား သင်္ကန်းကို ပေးလှူနိုင်ခြင်း၏ တိုးတက်မှု။ ထိုသင်္ကန်းကို လူများက ပေးလှူကြသည်။ ဤနေရာတွင် ပဒေသာက မပါဝင်သေး။ အသုံးလိုသော ပစ္စည်းများကိုပါ ထည့်သွင်းခြင်းဖြင့် ကထိန်သင်္ကန်းခင်းရာတွင် ပါဝင်ကြသည်။ ပစ္စည်းများက အများမြင်သာအောင် ချိတ်ဆွဲပြသကြခြင်းဖြင့် စုစည်းအလှူခံကြသည်။ လှူဒါန်းသူ၏ စိတ်အား နှိုးဆွပေးသည်။ ကုသိုလ်ပွားများစေသည်။ ဤအစဉ်အလာအရ ပဒေသာပင် ပေါ်ပေါက်လာသည်။

ပဒေသာပင်ဆိုသည်မှာ ပစ္စည်းအသုံးအဆောင်အမျိုးမျိုးရနိုင်သောအပင်။ သံဃာတော်များ သုံးစွဲလိုသော အမျိုးစုံသီးသော သစ်ပင်ဟုလည်းခေါ်သည်။ ပါဠိအခေါ် ကပ္ပရုက္ခ၊ ကမ္ဘာဦးကျမ်းအဆိုအရ မြောက်ကျွန်းနေသူများ သီလမြဲမြံကြသည်မှ စသည်။ ကျွန်းသားများ အလိုရှိရာ သုံးနိုင်သော၊ ဆွတ်ခူးနိုင်သော အပင်ကြီး ပေါ်ပေါက်လာသည်။ ထိုအပင်ကို ကပ္ပရုက္ခဟု ဆိုသည်မှ အစပြု၍ ပဒေသာပင်အသုံးအနှုန်း ပေါ်ပေါက်လာသည်။

ရဟန်းသံဃာများ အလိုရှိရာ ပစ္စည်းအသုံးအဆောင်များ၊ လှူဖွယ်ပစ္စည်းများတို့ကို ဘုံကထိန်ပွဲ ဆွမ်းကြီးလောင်းပွဲများ၌ မပါမဖြစ် အသုံးဝင်လာသည့် ပဒေသာပင်။ ပဒေသာပင်မဲပေါက်သည့် လှူဒါန်းခြင်းမျိုးလည်း ပေါ်ပေါက်လာသည်။ ပဒေသာပင်နှင့် သဒ္ဓါတရား ပွားများရန် အိုးစည်ဗုံမောင်း တီးမှုတ်ကခုန် လှည့်လည်ခြင်း ဓလေ့က ပူးတွဲပေါ်လာသည်။

ပဒေသာပင်ပုံစံမှာ အောက်ကျယ်၊ အထက်စုချွန်းသည်။ သစ်သားဖြင့် ဖန်တီးသကဲ့သို့ နှီးဝါးဖြင့်လည်း

www.burmeseclassic.com

www.burmeseclassic.com

ရက်လုပ်ကြသည်။ ပစ္စည်းချိတ်ဆွဲသော ပဒေသာပင်နှင့် ငွေသားသီးသော ပဒေသာပင်ဟူ၍ ခွဲခြားသည်။ မည်သို့ဖြစ်စေ ကထိန်တွင် ပဒေသာပင်သည် ရှေးမလှေ့ထုံးစံ။ ကထိန်တွင် ကထိန်သင်္ကန်းနှင့် ပဒေသာပင်ကို ပစ်ပယ်၍မရ။

ကထိန်ဆိုသည်မှာ ပါဠိဘာသာမှ ဆင်းသက်သည်။ ကထိနမှ ကထိန်ဖြစ်လာသည်။ အနက်အဓိပ္ပာယ်မှာ ခိုင်မြဲခြင်း၊ မြဲမြံနိုင်နှံခြင်း။

◆◆◆

ကထိန်ခင်းခြင်း အကျိုးအာနိသင်အကြောင်းက လေ့လာစရာ။ အချက်အားဖြင့် (၅)ချက်စုစည်းရှိသည်။ လှူဒါန်းသူနှင့် အလှူခံ နှစ်ဖက်စလုံးက ရရှိသဖြင့် အာနိသင် (၁၀)ချက်ဟု ယူဆရသည်။ ရဟန်းသံဃာဘက်မှ ရရှိသော အကျိုးမှာ အောက်ပါအတိုင်း အထင်အရှား။ တစ်နည်းအားဖြင့် အာပတ်ငါးပါး ကင်းလွတ်သည်ဟု မှတ်ရသည်။

(၁) ကထိန်အာနိသင်ရထားသော သံဃာများသည် ဆွမ်းစားသွားသည့်အခါ ကျောင်းရှိ ရဟန်းအား မပန်ကြားဘဲ သွားလာနိုင်သည်။ တစ်နည်းအားဖြင့် အာပတ်မသင့်ပါ။

(၂) ကထိန်အာနိသင် ရထားသော သံဃာသည် သင်္ကန်းသုံးထည် ဆောင်စရာမလို။ အာပတ်မသင့်ပါ။

(၃) ကထိန်အာနိသင် ရထားသော သံဃာသည် ဆွမ်းစားပင့်သူက 'ထမင်းလာစားပါ၊' မုန့်စားကြွခဲ့ပါဟု ပြောလျှင်လည်း လိုက်ပါဆောင်ရွက်နိုင်သည်။ ဆွမ်းဘုဉ်းပေးကြွပါဟု မပင့်သော်လည်း ဆွမ်းစားနိုင်သည်။ အာပတ်မသင့်ပါ။

(၄) ကထိန်အာနိသင် ရထားသော သံဃာသည် မိမိအလှူခံရရှိသော ပစ္စည်းဝတ္ထုများကို အဓိဋ္ဌာန်ပြုခွင့် မလိုဘဲ သုံးဆောင်နိုင်သည်။ အာပတ်မသင့်ပါ။

(၅) ကထိန်အာနိသင် ရထားသော သံဃာသည် ပစ္စည်းလာဘ်လာဘများကို သံဃာအများအား ခွဲဝေမပေးဘဲ တစ်ပါးတည်း သုံးဆောင်နိုင်ခွင့်ရှိသည်။ အာပတ်မသင့်ပါ။

ကထိန်ခင်းခွင့် လှူဒါန်းရသူအတွက် အကျိုးအာနိသင်သည်လည်း (၅)မျိုးသာ။

(၁) ခရီးသွားလာသည့်အခါ ရန်သူမျိုးငါးပါးရန်မှ ကင်းလွတ်နိုင်သည်။

(၂) ကိုယ်ပိုင်ပစ္စည်းများကို အခြားသူများ မဖျက်ဆီးနိုင်။

(၃) အစားအသောက်တွင် အဆိပ်မမိစေနိုင်။

(၄) ဥစ္စာပစ္စည်းများအတွက် အစောင့်အရှောက်မလိုအပ်။

(၅) မိမိပစ္စည်းကို ကိုယ်မပေးဘဲ မည်သူမျှ ယူမသွားနိုင်။

ဤအကျိုးအာနိသင်(၅)မျိုးကို ကဗျာဖြင့်စပ်၍ မှတ်သားနိုင်သည်။

တားဆီးကင်းကွာ လွပ်လပ်စွာ လိုရာသွားနိုင်သည်။
တာဝန်ကိစ္စ မလေးရ ပေါ့ပါးလှလေသည်။
စားလိုရာများ စားလိုငြား ဘေးကားမဖြစ်ပြီ။
ပစ္စည်းအများ သိမ်းပိုက်ထား ဘေးကားမဖြစ်ပြီ။
ကိုယ့်ပစ္စည်းများ သူတစ်ပါး ယူသွားကင်းပသည်-

ဟုလည်း စိတ်မှ စွဲမှတ်ထားသည်။

◆◆◆

ကထိန်အာနိသင်ဆိုသည်မှာ ကထိန်သင်္ကန်း ခင်းခွင့်ရရှိမှသာ ခံစားခွင့်ရှိသည်ကိုသာ ရည်ရွယ်သည်။ ဘုန်းတော်ကြီးကျောင်းရှိ သံဃာများက ကထိန်ခင်းခွင့် ရရှိလိုကြသည်။ သို့သော် နှုတ်မှ မပန်ကြားရ။ ကထိန်အာနိသင် အကျိုး(၅)ပါးကို သံဃာတော်တိုင်း အလွန်လိုလားနှစ်သက်ကြသည်။

ကျောင်းတိုင်းရှိ သံဃာများက ကထိန်ခင်းရန် အလှူအတန်းကို နှုတ်ဖြင့် မတောင်းဆိုဘဲ တိတ်ဆိတ်စွာ စောင့်ဆိုင်းနေကြသည်မှာ ရှေးရိုးစဉ်လာ။ ကထိန်ခင်းသည့် အလှူရှင်များကလည်း ကြိုးပမ်းကြသည်။ တစ်ဦးတည်းတတ်နိုင်က တစ်ဦးတည်း (သို့မဟုတ်) စုပေါင်းဘုံကထိန်ကိုလည်း စုစည်းအလှူခံတတ်ကြသည်။ ထို့နောက် မိမိတို့ နီးနီးစပ်စပ် ဆက်စပ်ပတ်သက်သည့် ကျောင်းများသို့ လှော်ကပ်ထားကထိန်ခင်းကြသည်။

မြန်မာပြည်တွင် ဘုန်းတော်ကြီးကျောင်းပေါင်းများစွာ စာသင်တိုက်များလည်း အနမတဂ္ဂ။ တစ်ပါးချင်း တရားအားထုတ်နေသည့် ကျောင်းများလည်း အနယ်နယ်အနှံ့နှံ့။ ကထိန်ခင်းရန် အခွင့်မသာသော ကျောင်းများအတွက် ဝမ်းနည်းဖွယ်ရာ။ အတင်းအဓမ္မဖန်တီး၍ ကထိန်ခင်းသည်ကို မည်သည့်သံဃာမျှ မစွမ်းသာခဲ့။ တပည့်ပေါင်းများစွာဖြင့် အဆက်အသွယ်ကျယ်ပြန့်သော စည်ကားနေသည့် ကထိန်များကို ငေးကြည့်နေရသည့်ဘဝ။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ငယ်ရသော တောကျောင်းများ။

ကထိန်မခင်းရသဖြင့် ဝမ်းနည်းသော်လည်း ကထိန်အာနိသင် မရရှိခြင်းက ပို၍,ပို၍နစ်နာရသည့် ဘုန်းတော်ကြီးကျောင်းများ။

◆ ◆ ◆

တောင်ကြီးမြို့အလွန် ကိုးဆူဘုရားနှင့် ဘုန်းတော်ကြီးကျောင်း ဆရာတော်အား ချဉ်းကပ်ပူဆာရသည်။

'ကထိန်မခင်းနိုင်သော ကျောင်းများ၊ သံဃာများ စုစည်းပေးပါဘုရား။ တပည့်တော် မိုးကထိန်ခင်းလိုလို့ပါ'

ဤမျှတင်လျှောက်သည့်အခါ ဆရာတော်က သဘောကျ နားလည်သည်။ ကူညီပေးမည်ဟု ကတိစကားကလွှတ်ခဲ့သော သုံးလကတည်းက ရရှိသည်။

ဆရာတော်တို့ကျောင်းက ကိုးဆူကျောင်းမို့ ကထိန်ခင်းရန် ကျောင်းကိုးကျောင်းအထိ ရအောင်လုပ်ပေးမယ်ဟု အဓိပ္ပာယ်ပါပါ အမိန့်ရှိသည်။ ရယ်မောလျက် ဆိုမိန့်သည့်အတိုင်း ကျောင်းကိုးကျောင်း ကထိန်ခင်းရန် စိတ်ကူးယဉ်နိုင်ခဲ့သည်။

'ဒကာက ဘယ်လိုလှူမှာလဲ'

'ဒကာက မည်သို့အကုန်ကျခံမှာလဲ'

'ပဒေသာပင် ကပ်လှူမှာလား'

'နယ်အစွန်အဖျားက ကိုယ်တော်များအတွက် မည်သို့စီစဉ်သလဲ'

ဆရာတော်၏ မေးခွန်းများက စေ့စေ့စုံစုံ။ မိမိ၏အလှူအား စီစဉ်ရန် ,လမ်းကြောင်းသလို၊ အမေရိကရောက် ငယ်သူငယ်ချင်း ကိုမြင့်ကြည်နှင့် ဒေါ်ခင်ကြွယ်တို့က ပါဝင်သည်။ သူနှင့်ကိုယ် နှစ်ဦးနှစ်ဖက် ပါဝင်သည်။ အခြားအကျိုးတူထည့်ဝင်မှုများ မရခဲ့။ အမှန်က အားလုံးစုပေါင်း မိုးပေါ်ကျ ကထိန်များစွာကို ကျင်းပလိုသည့်ဆန္ဒ။ နောက်နှစ်များတွင် အလျဉ်းသင့်လုပ်ခွင့်ရပါက ကြိုးပမ်းလိုသည့် အာသီသ။ ဤပထမအကြိမ်တွင် ဤမျှဖြင့်သာ။

သင်္ကန်း(၉)စုံ ဓယ်ယူခြင်းဖြင့် မ,တည်သည်။ သင်္ကန်းများအား ဘုရားကိုးဆူကျောင်းတွင် သိမ်ဝင်မည်။ ကထိန်ခင်းရာတွင် မရှိမဖြစ် မဟုတ်သော်လည်း ရိုးရာမလေ့ ထုံးစံအရ တစ်ပေခွဲခန့် အမြင့်ရှိသော ပဒေသာပင်ငယ်များ စီစဉ်သည်။ ဝေးလံခေါင်းပါးသော နယ်မှလာရောက်အလှူခံမည့် သံဃာတော်များအတွက် ခရီးစရိတ်က အိတ်ဖြင့်ထည့်၍ ကပ်လှူမည်။

ကထိန်ခင်းရန်ရက်မှာ သတ်မှတ်ကာလ နောက်ဆုံးရက်အဖြစ် တန်ဆောင်မုန်းလပြည့်ကျော်နေ့ကို သတ်မှတ်သည်။ နောက်ဆုံးရက် မရောက်ခင်က အခြားကထိန်များက ဆက်သွယ်လျှင် ကထိန်ခင်းလိုက သံဃာတော်တွင် အခွင့်အရေးရှိစေရမည်။ ထိုရက်တွင် ကထိန်မရရှိပါသည်၏ အဆုံးတွင် မိမိ၏အလှူက ဖြည့်ဆည်းမည့် သဘောထား။

ထိုနေ့တွင် ကိုးဆူကျောင်းရှိ သံဃာတော်များ ညွှန်သည် ဆရာတော်များအား နံနက် ဆွမ်းလုပ်ကျွေးမည့်အလှူအတန်းအတွက် ကျယ်ကျယ်ပြန့်ပြန့်မချဲ့ထွင်။ သိမ်ဝင်သံဃာများ၊ ပဒေသာပင်နဝကမ္မများ လမ်းစရိတ်များ ကပ်လှူမည်။ သံဃာများအား ဆွမ်းကပ်မည်။ ဤတွင် ကထိန်အစီအစဉ် နိဋ္ဌိတံ။

◆ ◆ ◆

သိန်းသုံးဆယ်တန်၊ သိန်းရာကျော်တန် ကထိန်ခင်းသူများက တတ်နိုင်စွမ်းသူ ကုန်ကျသော ငွေကြေးကို တန်ဖိုးသင့်လျက် ပီတိဖြစ်လိုသူများဖို့ အားကျဖွယ်ရာ။ သူတို့၏အလှူမှာ သံဃာများအတွက် သင်္ကန်းသာမက အခြားလိုအပ်သော ပစ္စည်းများကိုပါ ဦးစားပေးသည်။ ပဒေသာပင်ချင်း ယှဉ်ပြိုင်ကြသည်။ လှူသူကလည်း အားရကျေနပ်စွာ။ အလှူခံသူများဘက်မှလည်း ဝမ်းမြောက်ဝမ်းသာ။ ဤယှဉ်ပြိုင်မှုကလည်း ပီတိလှိုင်းသို့ ထကြွစေသည်။ ဤအမျိုးအစားကို ပကာသနနှင့်ယှဉ်တွဲ၍ မသုံးသပ်သင့်။ တတ်နိုင်သူတို့၏ စိတ်ဓာတ်ကြွသောအလှူဟုသာ အမွှမ်းတင်သင့်သည်။

တတ်နိုင်သူတို့၏ စွမ်းအားကို ချီးမြှောက်ရသည်။ အားပေးရသည်။ အသုံးလိုသော သံဃာတော်များအတွက် ဝမ်းမြောက်ဖွယ် ကထိန်သင်္ကန်းသည်ကား မပါမဖြစ်။

မိမိတို့ တတ်စွမ်းသမျှ အင်အားဖြင့် ခင်းကျင်းသော မိုးကျကထိန်ကလည်း ကျေနပ်ဖွယ်။ ငွေကြေးအင်အား မကြီးမားသော်လည်း ထိုက်သင့်သောအရွယ်အစား။ ဒို့သော် ကထိန်က အဓိက။

တစ်နှစ်တစ်ကြိမ်သာ လှူခွင့်ရသော စည်းကမ်းတင်း



www.burmeseclassic.com

www.burmeseclassic.com

ကျပ်သော ကထိန်အလှူ။ ကထိန်ခင်းခြင်းကြောင့် ရရှိသော အကျိုးအာနိသင်ကလည်း လှူသူနှင့် အလှူခံသူများအတွက် (၅)ချက်အကျိုးတူ။ အချို့ကထိန်က ခမ်းခမ်းနားနား စည်စည်ကားကား။ မိုးကျသင်္ကန်းကပ်လှူရာ၌ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး။ မည်သို့ပင်ဖြစ်စေ အကျိုးအာနိသင်ခြင်းက အတူတူ။

ကထိန်သင်္ကန်းကပ်လှူခွင့် မရရှိရာသော ကျောင်းများအတွက် ကပ်လှူခြင်းက မိုးကျကထိန် အကျိုးအာနိသင်ကို ထိုကျောင်းများ၏ သံဃာတော်များအား ရရှိစေရန် ဖြည့်ဆည်းပေးသည်က အကျိုးကျေးဇူး။ မိုးကျကထိန်ကပ်လှူခြင်းသည် တစ်နှစ်တစ်ကြိမ်သာ ကထိန်ခင်းအခွင့်အရေးရလည့် ကျောင်းတစ်ကျောင်းသာမက မိမိတို့ သွားလာနိုင်သမျှ ကျောင်းများသို့ သွားရောက်ကပ်လှူခြင်းဖြင့် ကျောင်းပေါင်းများစွာသို့ ကထိန်ခင်းနိုင်သည်။ ထိုကျောင်းများအတွက် မိုးပေါ်မှကျလာသော ကထိန်အဖြစ် အမွှမ်းတင်အပ်ပါသည်။ ဤအလှူကလည်း ရင်ဝယ်ပီတိ ခံစားရခြင်းမှာလည်း ထပ်တူညီမျှ။

အိုးစည်ဒိုးပတ် မကြားရသောကထိန်။ လှူဒါန်းသူနှင့် လှူဒါန်းခံသူ နှစ်ဦးပါမှ ပြည့်စုံမည်။ တိတ်တိတ်ဆိတ်ဆိတ် အလှူကလေးကလည်း ဘဝင်တိုင် အကျိုးရှိလှသည်။ မိုးကထိန်ဟု ပြောသောအခါ အချို့က ကရော်ကမည် နွေကထိန်၊ ဆောင်းကထိန်လည်း ရှိသေးသလားဟု ပြက်ရယ်ပြုကြသည်။ အမှန်က ကောင်းကင်ပေါ်မှကျလာသောကထိန်ကို မိုးကထိန်ဟု အတိုကောက်အမည်သည် မြန်မာ့ဝေါဟာရ သဘောတရား။ မိုးကထိန်စကားက နွေ၊ မိုး၊ ဆောင်း ရာသီဥတုနှင့် မသက်ဆိုင်။ ရင်ထဲသို့ ပီတိလှိုင်းခတ်မှု များနိုင်ဖို့သာ အရေးပါလှကြောင်း။

**ရန်နိုင်**

**<u>စာညွှန်း</u>**

* သာစည်မြို့ ကြာကန်ရိပ်သာကျောင်းဆရာတော် ဒေါက်တာစန္ဒောဘာသ၏ ......ကိစ္စ။
* မြန်မာ့စွယ်စုံကျမ်း အမှတ်စဉ်(၆)။


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဘဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ်နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ်ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်မပြေဖြစ်နေသည့် လူပျိုကြီး၊ အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ မြေ၊ ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဘဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။

အမှတ်-၉၄ (ပထမထပ်)၊ မန္တလေးလမ်း(အလယ်) (ရေမြောင်းကြီးအနီး)၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ) ☎ (01)394727, (01)399426, 09 7300 9994, 09 5152521


www.burmeseclassic.com

www.burmeseclassic.com



# သူ့ကို ကိုယ်ဖျက် ကိုယ်လည်း ပျက်၏

## ချစ်မင်းသူ

မနောလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာကြရမည် ဟူ၍ မဟာစည်ဆရာတော်ကြီးမှ ဆုံးမတော်မူခဲ့ပါသည်။ တစ်ဖက်သားအပေါ်တွင် ကောင်းကျိုးဖြစ်စေခြင်း၊ တစ်ဖက်သားအပေါ်တွင် ဆိုးကျိုးဖြစ်ပေါ်စေခြင်းမှာ လူတို့၏ အတွင်းစိတ်သဏ္ဍာန်မှ ပေါက်ဖွားလာခဲ့ရခြင်း ဖြစ်သည်။ သောကြောင့် စိတ်ကောင်းမွေးမြူရခြင်းထက် စိတ်ယုတ်မာမွေးမြူရခြင်းက ပို၍လွယ်ကူလေ့ရှိ၏။ သို့ရာတွင် လူတို့သည် ခက်ခဲသော စိတ်ကောင်းကိုသာလျှင် တတ်နိုင်သမျှ ကြိုးစားမွေးမြူကြရန်သင့်၏။

မာဃဒေဝလင်္ကာသစ်တွင် မန်လည်ဆရာတော်က-

ညီရင်းနောင်ရင်း၊ နွယ်မကင်းသား၊

သားချင်းမျိုးဖော်၊ အကျော်ထင်ရှား၊

ဆွေတော်များကို၊ တရားမပျက်၊

မေတ္တာဆက်၍၊ မဖျက်ဆီးမှု၊

ချီးမြှောက်ပြုလော့၊ သူ့ကိုချီးမြှောက်၊

ကိုယ့်ဂုဏ်မြှောက်၏၊ ယှဉ်းဖောက်အလို၊

ဝန်မတိုနှင့်၊ သူ့ကိုဂုဏ်နှိမ့်၊

ကိုယ့်ဂုဏ်နိမ့်၏ ဟူ၍ ရေးသားဆုံးမတော်မူခဲ့ပါသည်။

လူ့လောကတွင် လူသားအချင်းချင်း တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

နှင့်တစ်ယောက် ကူးလူးဆက်ဆံ ပြောဆိုနေထိုင်သွားကြရသည် ဖြစ်သည်။ ဤသို့ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံသွားကြရာတွင် တစ်ဦးက တစ်ဦးအပေါ် အပြစ်မမြင်ဘဲ ချစ်ခင်စွာ အကျိုးပြု နေထိုင်သွားကြရန် အရေးကြီးပေသည်။ သို့မဟုတ်ပါဘဲ တစ်ဦးအပေါ် တစ်ဦးက မနာလိုစိတ် မွေးမြူ၍ သူတစ်ပါးအကျိုးကို ဖျက်ဆီးရန် မကောင်းစိတ် မွေးမြူပါက ထိုမကောင်းစိတ်ကြောင့်ပင် မိမိတို့ကိုယ်တိုင် ပြန်လည်အကျိုးခံစားရသည့် သာဓကများစွာ ရှိခဲ့ဖူးပါသည်။ ထိုသာဓကများစွာထဲမှ တေရသကနိပါတ်၊ ဖန္ဒနဇာတ်တော်လာ အကြောင်းတရားကို ရေးသားဖော်ပြလိုက်ရပါသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ လက်သမားရွာရှိ၏။ ထိုရွာမှ ပုဏ္ဏားလက်သမားတစ်ယောက်သည် တောမှ သစ်တို့ကို ယူဆောင်ပြီးလျှင် ရထားပြုလုပ်၍ အသက်မွေး၏။ ဟိမဝန္တာရှိတောအရပ်၌ ကြို့ပင်တစ်ပင် ရှိ၏။ ထိုကြို့ပင်၌ ကြို့ပင်စောင့်နတ် နေ၏။ ထိုကြို့ပင်ကြီးအနီး၌ ဝံတစ်ကောင်သည် အစာရှာဖွေ စားသောက်၍ ထိုကြို့ပင်ရင်း၌ပင် အိပ်၏။

တစ်နေ့တွင် ကြို့ပင်ကို လေတိုက်သောအခါ ကြို့ပင်ပေါ်မှ သစ်ကိုင်းခြောက်များ ကြွေကျကျိုးကျလေရာ အောက်၌ရှိနေသော ဝံ၏ကျောကုန်းပေါ်သို့ ကျ၏။ ထိုဝံသည် သစ်ကိုင်းခြောက် ပြုတ်ကျခံရခြင်းကြောင့် ကျောကုန်းအနာတရဖြစ်ကာ ကြောက်လန့်တကြားဖြင့် ထ၍ ပြေး၏။

နောက်မှ ထိုနေရာသို့ ပြန်လာပြီးကြည့်ရာတွင် တစ်စုံတစ်ယောက်ကိုမျှ မမြင်ရချေ။ ထိုအခါ ဝံသည် ဤသို့ တွေး၏။ ငါ့ကို တစ်ပါးသော ခြင်္သေ့သည်လည်းကောင်း၊ ကျားသည်လည်းကောင်း လိုက်သည်မရှိ။ ထိုကြို့ပင်စောင့်နတ်သည် သစ်ပင်ခြေရင်း၌ ငါအိပ်သည်ကို သည်းမခံနိုင် ဖြစ်သည်တကားဟူ၍ အ[illegible]ဟုတ်သည်၌ ရန်ငြိုးဖွဲ့ကာနေ၏။

ထို့နောက် ကြို့ပင်ကို ပုတ်ခတ်၍ နင့်သစ်ပင် အရွက်ကို ငါ မစား၊ နင့်သစ်ခက်ကို ငါ မချိုး၊ ဤသစ်ပင်တွင် တစ်ပါးသူတို့ နေသည်ကို နင်သည်းခံနိုင်၏။ ငါတစ်ယောက်ကိုမူကား နင် သည်းမခံနိုင်။ ငါ့တွင် အဘယ်အပြစ်ရှိသနည်း။ နှစ်ရက်၊ သုံးရက်မျှ ငံ့လင့်ဦး။ နင့်သစ်ပင်ကို အမြစ်နှင့်တကွ ခုတ်စေ၍ အပိုင်းပိုင်းပြတ်စေအံ့ဟု ကြို့ပင်စောင့်နတ်ကို ခြိမ်းခြောက်၏။

တစ်နေ့တွင် ပုဏ္ဏားလက်သမားသည် လူနှစ်ယောက်၊ သုံးယောက်ကိုခေါ်၍ ရထားလုပ်ရန် သစ်ရှာဖွေရန် လှည်းဖြင့် ထိုအရပ်သို့ သွား၏။ ပုဏ္ဏားလက်သမားသည် ထိုအရပ်၌ လှည်းကိုရပ်၍ ပဲခွပ်၊ ပုဆိန်ဆွဲကာ သစ်ခုတ်ရန် သစ်တို့ကို လိုက်လံရှာဖွေစစ်ဆေး၏။ ဤသို့ သစ်တို့ကို ရှာဖွေစစ်ဆေးရင်းဖြင့် ကြို့ပင်အနီးသို့ ရောက်သွားလေ၏။ ဝံသည် ထိုအဖြစ်အပျက်ကို မြင်သောအခါ အလွန်ဝမ်းသာသွားပြီး ယနေ့ ငါသည် ရန်သူကို ပျက်စီးစေအံ့ဟု ကြိမ်းဝါးလျက် လက်သမားတို့အနီးသို့ ချဉ်းကပ်သွား၏။

ပြီးနောက် ပုဏ္ဏားလက်သမားအား 'အမောင်ယောကျ်ား..အဘယ်သစ်ကို ဖြတ်ခြင်းငှာ အလိုရှိသနည်း။ ငါ့အား ပြောကြားဘိလော့' ဟု ဆို၏။

လက်သမားသည် ဝံ၏စကားကို ကြားသောအခါ 'အို..လုလင်တို့၊ အံ့ဖွယ်ရှိစွ။ ငါသည် လူစကားပြောသော ဝံကို တစ်သက်လုံး မမြင်ဖူး၊ မကြားဖူးခဲ့ချေ။ ခုမှ ကြုံရပေ၏။ ဤဝံသည် ရထားလုပ်ရန် သင့်လျော်သော သစ်ကို သိလတ္တံ့' ဟု ဆိုလေ၏။

ထို့နောက် 'အဆွေဝံ..အဘယ်သစ်သည် ရထားလုပ်ရန် အကွပ်အလို့ငှာ ခိုင်ခံ့သနည်း' ဟု လက်သမားက ဝံကို မေး၏။

ဝံသည် ထိုစကားကြားသောအခါတွင် ငါဖြစ်စေချင်သော အလိုဆန္ဒတို့သည် ပြည့်ဝရန်အချိန်သို့ ရောက်ပေပြီဟု တွေးကာ 'အဆွေလက်သမား..ပိတောက်သစ်လည်း မခိုင်၊ အင်ကြင်းသစ်လည်း မခိုင်၊ ဖောက်ကြံ့သည်လည်း မခိုင်။ ကြို့မည်သော သစ်ပင်၏ အသားသည်သာလျှင် ရထားအကွပ်အလို့ငှာ ခိုင်ခံ့၏' ဆိုလေ၏။

လက်သမားသည်လည်း ဝံ၏စကားကို ကြားသော် အားရကျေနပ်သွားလေ၏။

သူနှင့်အတူ ပါလာသော လုလင်တို့ကိုလည်း ရှေးယခင်က ဤတောသို့လာသော ငါ့ကို မည်သည့်တိရစ္ဆာန်ကမျှ ရထားလုပ်ရန် သင့်လျော်သည့် သစ်သားကို မပြောဖူးခဲ့ချေ။ ယခုမူကား ထူးထူးခြားခြားဖြင့် ဝံတိရစ္ဆာန်က ငါ့အား ရထားလုပ်ရန် သစ်ကို ညွှန်ကြားပြောဆိုပေး၏။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းလေစွတကားဟု ဝမ်းသာအားရ ပြောဆိုလေ၏။ ပြီးနောက်မှ အခွေ့ဝံ၊ ကြို့ပင်၏အကြောင်းကို ပြောကြားပါလော့။ ထိုကြို့ပင်၏ အရွက်တို့သည် အဘယ်သို့ရှိသနည်း။ ပင်စည်သည် အဘယ်သို့ရှိသနည်းဟူ၍ ဝံကို မေး၏။ ဝံသည် သူ့အကြံ အောင်မြင်တော့မည်ကိုတွေး၍ အပျော်ကြီး ပျော်နေ၏။ တက်တက်ကြွကြွ ဖြစ်နေ၏။

ထို့ကြောင့် ဝံက လက်သမားတို့ကို ကြို့ပင်၏ အကိုင်း၊ အရွက်တို့သည် တွဲလျားကျကုန်၏။ ကိုင်းညွတ်ကုန်၏။ ထိုအခက်တို့သည် မကျိုးကုန်။ ငါသည် သစ်ပင်တစ်ပင်ရင်း၌ နေခဲ့၏။ ငါနေသော သစ်ပင်သည် ကြို့ပင်မည်၏။ ရထားလှည်းဘီးပုံတောင်းတို့သည်လည်းကောင်း၊ လှည်းသန်သည်လည်းကောင်း၊ ရထားအကွပ်သည်လည်းကောင်း သင်ပြုလုပ်မည့် အလုံးစုံသော ရထားသည်လည်းကောင်း ဤကြို့ပင်ကို ပြုလုပ်ခြင်းဖြင့် ခိုင်ခံ့လတ္တံ့။ ကြို့ပင်မှ အသားဖြင့်သာ ရထားကို ပြုလုပ်သင့်ပေ၏ဟု ပြောကြားလေ၏။

ထိုအခါ လက်သမားက ဝံကို ကြို့ပင်ရှိရာနေရာကို ပြခိုင်း၏။ ပြီးလျှင် ကြို့ပင်ကို ဖြတ်တောက်ရန် အားထုတ်၏။ ဤသို့ ဝံနှင့် လက်သမားတို့ ပြောဆိုနေသည်တို့ကို ကြို့ပင်စောင့်နတ်သည် အလုံးစုံ ကြားသိ၏။ ဤဝံသည် အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့၍ ငါ၏ဗိမာန်ကို ဖျက်ဆီးရန် ကြံစည်၏။ အားထုတ်၏။ ငါ နှုတ်ပိတ်ရေငုံနေခဲ့သော် ငါ့ဗိမာန်သည် ပျက်စီးခြင်းသို့ ရောက်လတ္တံ့။ မတတ်နိုင်၊ တစ်ခုသော ဥပါယ်တံမျဉ်ဖြင့် ဤဝံအား ဤလက်သမားတို့ကပင်လျှင် ဖျက်ဆီးစေအံ့ဟု ကြံစည်စိတ်ကူးလေ၏။

ထိုသို့ကြံစည်ပြီးလျှင် ကြို့ပင်စောင့်နတ်သည် တောတွင်းသား ယောကျ်ားအသွင် ဖန်ဆင်း၍ လက်သမားတို့ထံ အရောက်သွားလေ၏။

လက်သမားတို့နှင့်တွေ့သော် တောတွင်းသားက "အို ယောကျ်ား..သင်သည် နှစ်သက်ဖွယ်သော ဤသစ်ပင်ကို ရှာ၏။ သစ်ပင်ကိုဖြတ်၍ အသို့ပြုအံ့နည်း" မေးရာ လက်သမားက "ရထားအကွပ်ပြုအံ့" ဟု ပြော၏။

ထိုအခါ တောတွင်းသားက "ဤသစ်ပင်ဖြင့် ရထား ခိုင်လတ္တံ့ဟု အဘယ်သူက သင့်အား ပြောကြားသနည်း" ဟု မေး၏။

"ဝံတစ်ကောင်က ပြောကြား၏" ဟု လက်သမားက ပြော၏။

"ဤကြို့ပင်ဖြင့် ပြုလုပ်သော လှည်းရထားသည် အလွန်ကောင်းလတ္တံ့။ ထို့ထက် ဝံရေကိုခွာ၍ လက်လေးသစ် အဝိုင်းအရှည်ရှိသော နေရာ၌ သံပြားပတ်သကဲ့သို့ အကွပ်ဝန်းကိုရစ်သော် အကွပ်သည် အလွန်ခိုင်လတ္တံ့။ ရထားအတွက် အဖိုးဥစ္စာများစွာကိုလည်း ရလတ္တံ့" ဟု တောတွင်းသား အယောင်ဆောင် ကြို့ပင်စောင့်နတ်က လက်သမားကို ပြောကြား၏။

လက်သမားတို့လည်း ကြို့ပင်စောင့်နတ်၏ စကားကို ယုံကြည်သွားကာ "ဝံရေကို အဘယ်မှာ ရှာဖွေရအံ့နည်း" ဟူ၍မေးရာ "နှစ်သက်ဖွယ်သော ဤသစ်ပင်ကို ပြောကြားသော ဝံထံ အသင်သွား၍ လှည့်စားကာ ခေါ်ဆောင်ချေလော့။ ထိုသို့ ခေါ်ဆောင်ပြီးသော် ထိုဝံကို ထက်လှစွာသော ပုဆိန်ကြီးဖြင့် အသက်ကုန်စေပြီးလျှင် ဝံရေကို ယူ၍ ကောင်းမြတ်သော အသားကိုစားပြီး ကြို့ပင်ကို ဖြတ်လော့" ဟု ကြို့ပင်စောင့်နတ်က လက်သမားကို ပြောကြား၏။

လက်သမားသည် ကြို့ပင်စောင့်နတ်၏ စကားကို ကြားလျှင် "သြော်..အံ့ဖွယ်ရှိစွ။ ယနေ့သည် ငါ့အတွက် မင်္ဂလာရှိသောနေ့တည်း" ဟု ဆို၍ ဝံထံသွားကာ လှည့်စားခေါ်ဆောင်ပြီးလျှင် ပုဆိန်ဖြင့် ခုတ်သတ်၍ ကြို့ပင်ကိုလည်း ခုတ်လှဲပြီး ယူဆောင်သွားလေတော့၏။

အထက်ပါ သာဓကကို ကြည့်၍ သူများအပေါ် မကောင်းကြံသည့် စိတ်ဓာတ်မျိုးကို ရှောင်ရှားသင့်ကြပေသည်။ သူများအပေါ် မကောင်းကြံသည့် စိတ်ဓာတ်မျိုး မွေးမြူမိကတည်းကပင် မိမိကိုယ်တိုင် စိတ်ဒုက္ခခံစားနေရပြီး သောကရောက်နေရတတ်ပါသည်။ သူတစ်ပါး ပျက်စီးသည်၊ မပျက်စီးသည်က ထားဦး၊ လောလောလတ်လတ် မကောင်းကြံ စိတ်ဓာတ်ကြောင့် ဦးစွာ သောကရောက်ရသူမှာ မိမိသာလျှင် ဖြစ်ပါသည်။

သို့ဖြစ်ရာ သူများအပေါ် စိတ်ကောင်းထားခြင်းဖြင့် မိမိသည်လည်း ထိုစိတ်ကောင်း မွေးမြူမိ၍ စိတ်ချမ်းသာရပုံကိုတွေးကာ စိတ်ကောင်းမွေးမြူနိုင်ကြစေဖို့ စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပေသည်။

ချစ်မင်းသူ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် (၉)နှစ်တာကာလပတ်လုံး ဆရာကြီး ရမ်းချန္ဒရာဆင်း၏ ညွှန်ကြားခဲ့သည့်အတိုင်း ကိုးလုံးပုတီးကို နေ့စဉ်မပြတ် စိပ်ခဲ့ရာ ယနေ့ဆိုလျှင် (၉)နှစ်ပြည့်ရန် ထိုနေ့တစ်ရက်သာ လိုတော့၏။

'အမိဋ္ဌာန်ဝင်ပြီး အလုပ်လုပ်တဲ့လူတိုင်းမှာ အဖျက်ဆိုတာ ရှိတတ်တယ်။ မိန်းမဖျက်တာတို့၊ စီးပွားပျက်တာတို့၊ အနှောင့်ပယောဂဝင်တာတို့၊ နောက်ဆုံး လမိုင်းနတ်တွေ ဝင်နှောက်ဖျက်ဆီးတာတို့ ကြုံတတ်တယ်။ အဲဒီလိုဖျက်လို့ ပျက်စီးသွားရင်တော့ လိုရာခရီး မရောက်တော့ဘူးကွ။ အစကနေ ပြန်ပြီးအမိဋ္ဌာန်ဝင်ရတယ်။ အမိဋ္ဌာန်ဆိုတာ ပျက်လို့မရဘူး' ဟု ဆရာကြီး ဆိုမိန့်ခဲ့သည်။

ကျွန်ုပ်သည် ပြန်၍ ကြားယောင်ကာ အမှတ်ရနေမိလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ထိုတစ်ရက်သာ ကျန်တော့သော အမိဋ္ဌာန်ပုတီးကို မပျက်အောင် သတိထားလျက် နေရတော့၏။

ထိုနေ့၌ ကျွန်ုပ်သည် ရွှေဘုန်းပွင့်စေတီတော်၌ ပုတီးစိပ်လေ၏။ ရွှေဘုန်းပွင့် စေတီတော်ကား ရန်ကုန်မြို့၊ ပုဇွန်တောင်အရပ်၌ တည်ထားသော စေတီတစ်ဆူ ဖြစ်လေသည်။ (ရေကျော် ဇော်ရုပ်ရှင်ရုံ ဟောင်းအနီး၌ ရှိသည်။)

ကျွန်ုပ် မှုတီးစိပ်နေစဉ်မှာပင် လွန်စွာထူးဆန်းသော ရနံ့တစ်မျိုးကို ရလေ၏။ ပန်းရနံ့လော၊ ရေမွှေးရနံ့လော ကျွန်ုပ် မသိပေ။ ဓော စောက ကျွန်ုပ်ထိုင်၍ ပုတီးစိပ်နေစဉ်၌ ထိုရနံ့ကို မရ သေးပေ။ ပုတီးစိပ်၍ နာရီဝက် လောက်ကြာမှ ထိုရနံ့ကို ရှူရှိုက်ခဲ့ခြင်း ဖြစ်လေသည်။ စိတ်ထဲမှာလည်း တစ်စုံတစ်ယောက်သည် ကျွန်ုပ် ၏ ဘေးနား၌ လာရောက်၍





www.burmeseclassic.com

www.burmeseclassic.com

ထိုင်လိုက်သည်ဟု ထင်၏။ ထိုသို့ ထိုင်လိုက်ပြီးကာမှ ထိုမွှေးရနံ့သည် ပို၍ထင်ရှားလာသကဲ့သို့ ရှိလေ၏။ ပို၍မွှေးပျံ့လာသကဲ့သို့ ခံစားသိရှိရလေ၏။

ကျွန်ုပ်သည် မျက်စိမှိတ်၍ ပုတီးစိပ်နေသောကြောင့် ထိုတစ်စုံတစ်ယောက်ကို ကျွန်ုပ် မသိရပေ။ စိတ်ထဲမှာတော့ မိန်းကလေးတစ်ယောက်ဟု ထင်သည်။ ကျွန်ုပ်၏ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားသကဲ့သို့ အေးခနဲဖြစ်သွား၏။

'အစ်ကို..ခဏနားပါဦးလား'ဟု ခပ်တိုးတိုး ပြောလိုက်သံကိုလည်း ကြားရလေ၏။

'ကိုအာကာကို ရှာလိုက်ရတာ တမောပဲ။ တောင်ဥက္ကလာပစေတီလည်း ရောက်တယ်၊ (၇)ဆူဘုရားလည်း ရောက်တယ်။ တွေ့မယ့်တွေ့တော့ မမျှော်လင့်ဘဲနဲ့ ရွှေဘုန်းပွင့်စေတီမှာမှ လာပြီးတွေ့ရတယ်လို့ရှင်။ ဟင်း.. မောလိုက်တာ တစ်အားပဲ'ဟု သက်ပြင်းချ၍ ညည်းတွားသံနှင့် ပြောသံလည်း ကြားနေရလေ၏။

ကျွန်ုပ်သည် သတိထားနေရင်းက လှစ်ခနဲ သတိတစ်ချက် လွတ်သွားလေ၏။ ကျွန်ုပ်ကိုယ်ကို တစ်အားဖက်လိုက်သော သူမ၏ လှုပ်ရှားမှုကြောင့် ဖြစ်လေ၏။ ကျွန်ုပ်သည် ပုတီးစိပ်နေရာမှ ကိုယ်ကိုမထိန်းနိုင်ဘဲ ဘေးသို့ ယိုင်လဲပြိုကျသွားလေ၏။

ပုတီးလည်း လက်မှ လွတ်ကျသွားလေ၏။ ကျွန်ုပ်၏ အဓိဋ္ဌာန်လည်း ဤတွင် ပျက်လေတော့၏။ ကျွန်ုပ်ကို တစ်အားဖက်လိုက်သောသူမှာ ရိပ်ခနဲ ပျောက်သွားလေတော့၏။

ကျွန်ုပ်သည် များစွာစိတ်ထိခိုက်ကာ ငိုချင်စိတ်ပင် စိတ်ထဲ ဖြစ်လာလေ၏။

'ယောက်ျားပဲကွာ။ ကြံ့ကြံ့ခံနိုင်ရင် အဓိဋ္ဌာန်အောင်တာပါပဲ။ တစ်ရက်တာအချိန် မလွန်မြောက်သေးပါဘူးကွ။ ဆက်ပြီးကြိုးစားစမ်းပါ'ဟူသော အသံတစ်ခု နား၌ ကြားလိုက်ရလေ၏။

အသံကိုသာ ကြားရ၏။ လူပုဂ္ဂိုလ်ကား မြင်တွေ့ရခြင်း မရှိပေ။ ကျွန်ုပ်၏ စိတ်ထဲ၌ အာရုံတစ်ခုကြောင့် ကြားခြင်းဖြစ်မည်ဟု ထင်လေသည်။

ထိုအသံမျိုးကို ကျွန်ုပ်ကြားဖူးသကဲ့သို့ရှိ၍ အသံရှင်ကို စိတ်ထဲ၌ ရုပ်ဖမ်းကြည့်နေမိလေ၏။

'မလိုအပ်တာတွေ စဉ်းစားမနေစမ်းပါနဲ့ကွာ။ စဉ်းစားလေလေ အလုပ်မဖြစ်လေလေဘဲကွ။ ဆက်စိပ်၊ ဆက်စိပ်။ မင်းဆရာ ရမ်းချွန်ရာဆင်းနဲ့ တွေ့ချင်ရင် ဆက်စိပ်။ အဓိဋ္ဌာန်အောင်ရင် လုမ္ဗိနီကိုသွား၊ မင်းဆရာ အဲဒီမှာရှိတယ်'ဟု ပြောပြီး ထွက်ခွာသွားပုံရ၏။

လေအေးအေးတစ်ခု ကျွန်ုပ်၏ကိုယ်ကို လာရောက်ထိခတ်၍သွားလေ၏။

ကျွန်ုပ်လည်း မမြင်ရသောပုဂ္ဂိုလ်၏ စကားအတိုင်း ဘာကိုမှ စဉ်းစားမနေတော့ဘဲ ပုတီးကိုသာ ဆက်၍စိပ်နေလေတော့၏။

အပတ်(၉၀)ပြည့်ခါနီး တစ်ပတ်အလိုမှာ တောက်ခတ်သံတစ်ချက် ကြားလိုက်၏။ ကျွန်ုပ်စိတ်ထင် ထိုတောက်ခတ်သံသည် အလွန်ကျယ်လောင်စွာ ရှပေ၏။

အပတ်(၉၀)ပြည့်သောအခါ -

'မင်းက ဆရာကောင်းရှိတော့ အောင်တာပေါ့ကွာ။ တစ်နေ့ မင်းနဲ့ ဆုံဦးမှာပါ'ဟုပြောပြီး ထွက်ခွာသွားသောခြေသံကို ကြားလိုက်ရပေ၏။

ကျွန်ုပ်လည်း လုပ်စရာရှိသော ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်နေရသောကြောင့် ဘယ်အနှောင့်အယှက်ကိုမှ သတိမပြုနိုင်တော့ပေ။ နောက်ဆုံး စကြဝဠာအနန္တ သတ္တဝါအနန္တတို့ကို မေတ္တာပို့ပြီးနောက် ကျွန်ုပ်၏ ကိုးနှစ်တာကာလ အဓိဋ္ဌာန်အောင်မြင်ခြင်းသို့ ရောက်ရှိလေတော့သတည်း။ ထိုအောင်မြင်ခြင်းနှင့်အတူ ကျွန်ုပ်၏ ပျော်ရွှင်ခြင်းမှာလည်း ပြောမပြနိုင်လောက်အောင် ဖြစ်ရလေတော့သတည်း။

ကျွန်ုပ်သည် ရွှေဘုန်းပွင့်စေတီတော်မှ ထွက်လာသောအခါ ညမိုးချုပ်နေပြီ။ ည(၁၀)နာရီပင် ကျော်နေပေပြီ။ တောင်ဥက္ကလာပသို့ ပြန်ရမှာမို့ သည်အချိန်ဆို လိုင်းကားတွေ ရှိမှရှိပါ့မလားဟု စိုးရိမ်စိတ်ဝင်မိလေ၏။

ပုဇွန်တောင်လိုင်းကားဂိတ်သို့လျှောက်လာကာ လိုင်းကားကို စောင့်မည်။ ကျွန်ုပ်ကဲ့သို့ ကားစောင့်နေကြသူအချို့ကို တွေ့ရလေ၏။ ကားက တော်ရုံနှင့် ပေါ်မလာပေ။ အခြားအောက်ဆိုက်ကားများ ရောက်လာကြသော်လည်း တောင်ဥက္ကလာပသို့ သွားမည့်ကားက ရောက်မလာပေ။ Taxi ကား ငှားစီးသွားဖို့လည်း ငွေက လုံလုံလောက်လောက် ကျွန်ုပ်၌ မပါချေ။



www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခတော့များပြီနဲ့တူတယ်ဟု ကျွန်ုပ်သည် စိတ်ထဲက ရေရွတ်လိုက်မိလေ၏။

'ဒုက္ခမများပါဘူးရှင်။ ကျွန်မလည်း တောင်ဥက္ကလာပ သွားမှာပါ။ Taxi လာရင် ငှားပြီး အတူသွားကြတာပေါ့'ဟု ဘယ်အချိန်က ရောက်လာမှန်းမသိသော မိန်းကလေး တစ်ယောက်က ထိုသို့ပြောပြီး ကျွန်ုပ်ကိုကြည့်၍ ပြုံးလေ၏။

မိန်းကလေး၏အသက်မှာ (၂၅၊ ၃၀)အရွယ်ဟု ခန့်မှန်းရလေ၏။ သန့်သန့်ပြန့်ပြန့် အမျိုးကောင်းသမီး တစ်ယောက်ဟု ထင်ရလေ၏။

ထူးဆန်းသည်မှာ ကျွန်ုပ်စိတ်ထဲမှ ရေရွတ်ညည်းတွားလိုက်သော စကားကို သူမ ဘယ်လိုလုပ်ပြီး သိတာပါလိမ့်ဟု တွေးမိလိုက်ခြင်းပင် ဖြစ်လေ၏။ တိုက်ဆိုင်သွားတာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်မည် ထင်လေ၏။

'ကျွန်တော့်မှာ ငွေပိုငွေလျှံမပါဘူးခင်ဗျ။ လိုင်းကားစီးနိုင်လောက်တဲ့ငွေပဲ ပါတာ'ဟု ကျွန်ုပ်က ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောလိုက်သောအခါ သူမက ဟက်ခနဲ ရယ်လေ၏။

'မပါလည်း ရတယ်။ ကျွန်မ ကူညီမှာပေါ့။ ဟိုမှာ Taxi' ဟုပြောပြီး သူမက အငှားယာဉ်ကို တားလေ၏။

အငှားယာဉ် လာရပ်ပြီး ကားသမားက 'ဘယ်လဲ' ဟု မေးသည်။

'တောင်ဥက္ကလာပ'ဟု သူမက ဖြေသည်။

'တောင်ဥက္ကလာပ ဘယ်ရပ်ကွက်လဲ'ဟု ကားသမားက ဆက်မေးသည်။

'တောင်ဥက္ကလာပစေတီ'ဟု သူမက ဖြေသည်။

ကားသမားက-

'ငါးထောင်ကျမယ်'ဟု ဆို၏။

'ရတယ်။ တက် အစ်ကို'ဟုဆိုကာ ကျွန်ုပ်ကို ကားပေါ်သို့ တက်စေ၏။ သူမလည်း တက်လေ၏။ ထို့နောက် ကားမောင်းထွက်လေ၏။

တောင်ဥက္ကလာပစေတီသို့ရောက်တော့ ကျွန်ုပ်တို့ ကားပေါ်မှ ဆင်းကြလေ၏။ ကားခကို သူမက စိုက်၍ ပေးလေ၏။

'ကျေးဇူးတင်ပါတယ် ညီမရယ်'

'ရပါတယ်။ ဆရာကြီးက ရှင့်ကို အကူအညီပေးလိုက်ပါဆိုလို့ ကျွန်မ အကူအညီပေးတာ'ဟု သူမက ပြော၍ ကျွန်ုပ်မှာ အံ့သြ၍သွားလေ၏။

ဆရာကြီးဆိုသောကြောင့် ဘယ်ဆရာကြီးပါလိမ့်ဟု တွေးနေစဉ်မှာပင် သူမသည် ရုတ်တရက် ကျွန်ုပ်၏အနားမှ ထွက်ခွာသွားလေ၏။ တောင်ဥက္ကလာပစေတီမှာ မှန်လေးမှန်စလုံး ပိတ်သွားပြီ ဖြစ်၏။ တောင်ဘက်မုခ်အနား၌ သူမ မှောင်ရိပ်ကျသလို ပျောက်ကွယ်သွားသည်မှာ မျက်လှည့်ပြသကဲ့သို့ ဖြစ်လေ၏။

ကျွန်ုပ်လည်း ကြက်သီးမွေးညင်းများထကာ ထိတ်ခနဲ ရင်ထဲခုန်၍သွားလေတော့သတည်း။

◆◆◆

ကျွန်ုပ်သည် တောင်ဥက္ကလာပ (၇)ရပ်ကွက်ရှိ (၉) လမ်း၌ နေထိုင်သော ကိုဆန်နီ၏အိမ်သို့ ရောက်သောအခါ ည(၁၁)နာရီထိုးပေပြီ။ ကိုဆန်နီကိုနှိုးရာ ချက်ချင်းပင် ကိုဆန်နီ နိုးလေ၏။

'ကိုအာကာ ..မိုးချုပ်လှချည်လား'

'ဟုတ်တယ် ကိုဆန်နီရေ၊ ဒီနေ့က နောက်ဆုံးအစီအစဉ်ပြည့်တဲ့နေ့လေ။ ကံကောင်းလို့ အစီအစဉ်ပျက်တော့မလို့'ဟု ကျွန်ုပ်က ရွှေဘုန်းပွင့်စေတီမှ ဖြစ်ပျက်ခဲ့ပုံများနှင့် မိန်းကလေးတစ်ယောက်က Taxi ငှားပြီး တောင်ဥက္ကလာပ အရောက်ပို့ပေးခဲ့ပုံများကို ပြောပြလိုက်လေ၏။

'အချိန်မရှိတော့ဘူး။ မနက်မှ ဆက်ပြောကြတာပေါ့' ဟု ကိုဆန်နီကဆို၍ ကျွန်ုပ်အတွက် အိပ်ဖို့နေရာ အခင်းအကျင်းများ ဆောင်ရွက်ပေးလေ၏။

ကျွန်ုပ်လည်း ကိုဆန်နီ ခင်းကျင်းပေးသောနေရာ၌ အိပ်စက်အနားယူခဲ့မိလေသတည်း။

◆◆◆

ထိုညက ကိုဆန်နီအိမ်မှာ အိပ်မက်ဆန်းတစ်ခု မက်လေသည်။ ၄င်းအိပ်မက်ထဲတွင် ဆရာကြီးရမ်းချွန်ရာဆင်းက (၉)လုံးပုတီးအကြောင်းကို ကျွန်ုပ်အား မေးလေ၏။

'ကိုးလုံးပုတီးနဲ့ပတ်သက်ပြီး မောင်အာကာ ဘာများ ထူးထူးဆန်းဆန်း တွေ့မိသလဲ'ဟု ဆရာကြီးက မေးလေ၏။

ကျွန်ုပ်လည်း ပုတီးပေါ်မှာ ထွင်းထုထားသော စာလုံးများကို ပုတီးတစ်လုံး စာတစ်လုံးကို (၉)လုံးအပြည့်



www.burmeseclassic.com

www.burmeseclassic.com

ထွင်းထားကြောင်း ပြောပြလေ၏။

'မသိသူကျော်သွား သိသူဖော်စားလို့ ရေးထားတာ မြင်တယ်ဆိုရင် မင်းက ဘာဖြစ်လို့ ကျော်သွားနေတာလဲ။ ဖော်စားလိုက်တော့လေ' ဟု ဆရာကြီးက ပြောလေ၏။

'ကျွန်တော်က ဘယ်လိုလုပ်ပြီး ဖော်စားရမှာလဲဆရာကြီး' ဟု ပြန်၍မေးလိုက်ရာ ဆရာကြီးက တဟားဟားဖြင့် ရယ်မောလေ၏။

'ဖော်စားတာ လွယ်ပါတယ်ကွ။ မြေကြီးထဲမှာ မြှုပ်နေတဲ့ မှိုတို့၊ မျှစ်တို့၊ ပဲမြစ်၊ အာလူး၊ မြေပဲတွေလိုပေါ့ကွာ။ မင်း ကိုးလုံးပုတီးလည်း အဲဒီလိုပဲပေါ့။ ထုခွဲဖော်စားလိုက်ရင် ကျောက်သံပတ္တမြားတွေ ပေါ်လာမှာပေါ့ကွ။ ဘာခက်တာလိုက်လို့ကွာ။ ကိုင်း..ကိုင်း..ဒါပဲ..ဒါပဲ။ ငါ့တပည့် ဖော်စားပြီး လုပ်စရာရှိတာ ဆက်လုပ်ပေတော့' ဟုဆိုကာ ပျောက်ကွယ်၍သွားလေ၏။

ကျွန်ုပ်လည်း အိပ်မက်မှ နိုးလေတော့၏။ ညက အိပ်မက်ကို ကျွန်ုပ်စဉ်းစား၍နေ၏။ ကိုဆန်နီက မနက်စာအတွက် စားဖို့သောက်ဖို့ သွားဝယ်လေ၏။ ကိုဆန်နီ ပြန်လာသောအခါ ကျွန်ုပ်တို့ လက်ဖက်ရည်နှင့် အီကြာကွေး စားသောက်ကြလေ၏။

စားသောက်နေရင်း ကျွန်ုပ်က-

'ကိုဆန်နီ..ချမ်းသာချင်လား'

ဟု ကောက်ခါငင်ခါ မေးလိုက်လေရာ ကိုဆန်နီက အံ့ကြောင်ကြောင်ဖြင့် ကျွန်ုပ်ကို စိုက်ကြည့်၍-

'မင်းကရော ဘယ်လောက်များ ချမ်းသာနေလို့လဲ။ ကိုယ့်ကိုယ်ကိုယ် အရင်ချမ်းသာအောင် လုပ်စမ်းပါဦး' ဟု ပြောလေ၏။

'အခုချမ်းသာတော့မှာမို့လို့ ကိုဆန်နီကိုလည်း ချမ်းသာစေချင်တဲ့သဘောနဲ့ မေးကြည့်တာပါ' ဟု ကျွန်ုပ်က ပြောလိုက်၏။

'လောကမှာ လူတိုင်း ချမ်းသာချင်ကြတာချည်းပဲကွာ။ ငါလည်း လူတိုင်းထဲက လူတစ်ယောက်ပါပဲ။ ချမ်းသာချင်တာပေါ့' ဟု ကိုဆန်နီက အဖြေပေးလေ၏

'ဒါဆို ချမ်းသာပြီ။ ဟောဒီမှာ' ဟု ပြောပြီး ပုတီးကို မြှောက်၍ ပြလိုက်လေ၏။

'ပုတီးလေ။ အဲဒါ ဘာဖြစ်လဲ။ ကျောက်သံပတ္တမြားမှ မဟုတ်တာ'

'အဲဒါ ကျောက်သံပတ္တမြားတွေပဲ ကိုဆန်နီ။ အဲဒီ ပုတီးတွေကို ထုခွဲလိုက်ရင် ဘာဖြစ်မလဲ သိလား'

'ကလေးတောင် သိတယ်။ ကြေမွသွားမှာပေါ့ကွ'

'ဟား..ဟား..ဟား..ဟား'

ကျွန်ုပ်က အားပါးတရ ရယ်မောလိုက်လေ၏။

'ဟေ့ကောင် အာကာ၊ မင်းရူးသွားပြီလား' ဟု ကိုဆန်နီက စိုးရိမ်သွားဟန်ဖြင့် ကျွန်ုပ်ပခုံးကိုပုတ်၍ ပြောလေ၏။

'ကျွန်တော်က ဘာလို့ရူးရမှာလဲဗျ။ ထူးတော့မှာ၊ ထူးတော့မှာ' ဟု ပြောပြီး 'တူရှာဗျာ' ဟု ကျွန်ုပ်က ကိုဆန်နီကို ပြောလိုက်လေ၏။

'တူက ဘာလုပ်မလို့လဲ'

'ပုတီးတွေ ခွဲမလို့'

'ကြေမွသွားမှာပေါ့ကွ'

'အကောင်းကို အပျက်ဖြစ်ရအောင်လို့ကွာ။ မင်းတော့ ရူးပြီ အာကာ' ဟု ပြော၍ ကိုဆန်နီ တူသွားယူ၍ ကျွန်ုပ်အား လှမ်းပေးလေ၏။

ကျွန်ုပ်က တူကို လှမ်းယူရင်း ပုတီးလုံးများကို တစ်လုံးချင်း တစ်လုံးချင်း တူဖြင့် ထု၍ခွဲလေ၏။

ပုတီးလုံးများ ကွဲသွားသောအခါ ပုတီးလုံးထဲမှ ရတနာများ ထွက်ကျလာလေ၏။ ပုတီးတစ်လုံး ရတနာတစ်မျိုးစီ ဖြစ်လေ၏။

မသိသူကျော်သွား သိသူဖော်စား ဆိုသည့်အတိုင်း ဆရာကြီးရမ်းချန္ဒရာဆင်း၏ ကျေးဇူးကား လွန်စွာမှ ကြီးမားလေစွတကား။

ကိုဆန်နီ အံ့ဩသွားလေ၏။ ပုတီးထဲက ရသော ရတနာများကိုကြည့်၍ ဝမ်းသာပီတိ ဖြစ်နေပုံလည်းရ၏။

'အဲဒါပဲ ကိုဆန်နီ။ ဝိဇ္ဇာတွေရဲ့ ဣန္ဒြာသယပုတီးကုံး ဆိုတာ သိသူဖော်စားမှ ရတာ။ ဟား..ဟား..ဟား..ဟား..ကိုဆန်နီ၊ ခင်ဗျားရော ကျွန်တော်ရော ချမ်းသာပြီဗျ။ ချမ်းသာပြီ'

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုဆန်နီကလည်း-

'ငါလည်း ဆင်ဖြူတော်မှီပြီး ကြံစုပ်ရတာပေါ့ကွာ' ဟု ပြန်ပြောကာ ကျွန်ုပ်အား တစ်အားဖက်၍ထားလိုက်လေတော့သတည်း။

ရှင်ထွေးအောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုတ်စားဖူး သူ့ကျေးဇူး ဟူသော စကားသည်
ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အဖို့ အမြဲသုံးစွဲလေ့ရှိသော စကားဖြစ်သည်။
လက်ရှိပစ္စုပ္ပန်လောကကြီးကို ကြည့်မည်ဆိုလျှင် သတ္တဝါတိုင်းသည်
သူတစ်ပါး၏ ကျေးဇူးတရားနှင့် ကင်းလွတ်သည်ဟူ၍ မရှိကြပေ။ ကွမ်းတစ်ယာ ရေတစ်မှုတ် ထမင်းတစ်လုတ်၊ လက်ဖက်ရည်တစ်ခွက် ကျွေးခဲ့ဖူးသည်ဖြစ်စေ၊ စကားတစ်ခွန်းဖြင့် ပြောဆိုကူညီပေးခဲ့သည်ဖြစ်စေ၊ ကာယအားဖြင့်သော်လည်းကောင်း၊ ဉာဏအားဖြင့်လည်းကောင်း၊ ငွေကြေးအပိုင်းကဏ္ဍအားဖြင့်လည်းကောင်း ကူညီခဲ့ဖူးသည်ဖြစ်စေ တစ်ခုမဟုတ်တစ်ခု ရှိကြပေမည်။

သို့ဖြစ်၍ တစ်လုတ်စားဖူး သူ့ကျေးဇူး၊ တစ်လုံးသင်ဖူး သူ့ကျေးဇူး၊ တစ်ခါပြပေးဖူး သူ့ကျေးဇူး၊ တစ်ခွန်းပြောပေးဖူး သူ့ကျေးဇူးတို့မှာ ရှိနေကြပေမည်။ သို့ရာတွင် ထိုတင်ရှိနေခြင်းကို ကျေးဇူးသိတတ်၍ ကျေးဇူးဆပ်သူ ဦးရေမှာကား အရေအတွက်အားဖြင့် အလွန်ပင် နည်းလွန်းလှသည်။ ထိုနည်းလှသည့် အရေအတွက်ထဲမှ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ကာလက ဤကမ္ဘာမြေပြင်ဝယ် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက် တချို့မှာကား အလွန်ပင် အတုယူစရာကောင်းလှသည်။

ဂေါတမမြတ်စွာဘုရားလက်ထက်တွင် သာဝတ္ထိပြည်၌ ရာဓအမည်ရှိသော သူဆင်းရဲပုဏ္ဏားကြီးတစ်ယောက် ရှိသည်။ ထိုပုဏ္ဏားကြီးသည် ဇနီးသည် ပုဏ္ဏေးမကြီး ကွယ်လွန်သောအခါ မှီခိုအားထားစရာ သားသမီးမရှိသောကြောင့် ဇေတဝန်ကျောင်းတော်သို့သွား၍ ရဟန်းများကို မှီခိုကပ်ရပ်ကာ နေလေသည်။ ယင်းသို့နေစဉ် ရာဓသည် ကျောင်းပရိဝုဏ်အတွင်း၌ တံမြက်လှည်းခြင်း၊ မြက်ပင်,သစ်ပင်တို့ကို ရှင်းလင်းခြင်း စသည့်ဝေယျာဝစ္စအမှုတို့ကို ပြုလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းများအတွက် သောက်ရေ သုံးရေများကိုလည်း ခပ်ပေးသည်။ သို့အတွက် ရဟန်းများက မိမိတို့၏ ဆွမ်းကျန် ဟင်းကျန်များကို ကြည်ဖြူစွာ ပေးကြလေသည်။



## တွန်းအားရှင်
### စိတ်ဝေဒနာဖြေဖြတ် ကျေးရွာပီတာတသျှများ

ဤသို့ ရဟန်းတို့၏ ဆွမ်းကျန် ဟင်းကျန်များကို ဝဝလင်လင် စားသောက်နေရသော်လည်း မုဂ္ဂလာနကြီးရာမှာ ပျော်ရွှင်ခြင်း မရှိလှချေ။ အဘယ်ကြောင့်ဆိုသော် ရဟန်းဝတ်ချင်ပါလျက် ဝတ်ခွင့်မရသောကြောင့် ဖြစ်ပေသည်။ အမှန်စင်စစ် သူသည် ခပ်မင်ရင်းနှီးသော ရဟန်းများထံ၌ ရဟန်းဝတ်လိုကြောင်း အကြိမ်ကြိမ်လျှောက်ထားခဲ့၏။ သို့ရာတွင် မည်သည့်ရဟန်းကမျှ သူ့အား ရဟန်းဝတ်ပေးရန် လိုလားသည့် အမူအရာကို မပြခဲ့ကြချေ။

ဤသို့ လိုအင်ဆန္ဒမပြည့်ဝဘဲ ဖြစ်နေသောကြောင့် ဆွမ်းကျန် ဟင်းကျန်များကို ဝဝလင်လင် စားနေရလင့်ကစား သူ၏ ခန္ဓာကိုယ်မှာ ဝဝဖြိုးဖြိုး ဖြစ်မလာဘဲ တစ်နေ့တခြား ပိန်ချုံး၍နေလေသည်။

တစ်နေ့သ၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်အတွင်း၌ လှည့်လည်ကြည့်ရှုတော်မူစဉ် ရာဓပုဏ္ဏားကြီးကို တွေ့မြင်တော်မူသဖြင့် နှုတ်ဆက်စကား မြွက်ကြားတော်



www.burmeseclassic.com

www.burmeseclassic.com

မူသည်။

'ပုဏ္ဏားကြီး..သင် ဘာလုပ်သလဲ'

'ရဟန်းတို့၏ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ပါသည် ဘုရား'

'ရဟန်းတို့ထံမှ ထိုက်တန်သော ထောက်ပံ့ချီးမြှင့်မှုကို ရပါရဲ့လား'

'စားဖွယ်သောက်ဖွယ်ဖြင့် ချီးမြှင့်ခြင်းကို ရပါသည်။ သို့သော် တပည့်တော်အား ရဟန်းပြုပေးရန်ကိုမူ မည်သည့်ရဟန်းကမျှ မလိုလားကြပါဘုရား'

ဤသို့လျှောက်ကြားသောအခါ မြတ်စွာဘုရားသည် ရာဓပုဏ္ဏားကြီးကို နောက်တော်မှ တစ်ပါတည်း ခေါ်သွားပြီး ဂန္ဓကုဋိတိုက်သို့ ကြွတော်မူသည်။ ထို့နောက် ရှင်အာနန္ဒာအား ဇေတဝန်ကျောင်းတိုက်အတွင်းရှိ ရဟန်းများကို အမြန်စည်းဝေးကြရန် မိန့်ကြားတော်မူလေသည်။ ရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတိုက်အတွင်း၌ လှည့်လည်လျက် ရဟန်းများကို ဖိတ်ခေါ်သည်။ မကြာမီအချိန်အတွင်း အစည်းအဝေးခန်းမဆောင်၌ ရဟန်းများ အစုံအညီ စုဝေးရောက်ရှိကြလေသည်။ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့အား ရာဓပုဏ္ဏားကြီး၏ အကြောင်းကို မိန့်ကြားတော်မူလေသည်။

'ရဟန်းတို့.. ဤရဟန်း ပရိသတ်အတွင်း၌ ရာဓပုဏ္ဏားကြီး၏ ကျေးဇူးကို သတိရသူ တစ်စုံတစ်ယောက် ရှိပါသလော'

ထိုအခါ ပရိသတ်အတွင်းမှ ရှင်သာရိပုတ္တရာက ထ၍ ဤသို့လျှောက်ကြားလေသည်။

'အရှင်ဘုရား..ဤရာဓပုဏ္ဏားကြီးသည် တစ်ခါက တပည့်တော်အား ဆွမ်းတစ်ဇွန်းမျှ လောင်းလှူခဲ့ဖူးပါသည်'

'သာရိပုတ္တရာ..သို့ဖြစ်လျှင် သင်သည် ဤကဲ့သို့သော ကျေးဇူးရှင်ကို ဆင်းရဲဒုက္ခမှ လွတ်ကင်းအောင် ကယ်တင်သင့်သည် မဟုတ်ပါလော'

မြတ်စွာဘုရားက ဤသို့မိန့်ကြားသောအခါ ရှင်သာရိပုတ္တရာက ရာဓပုဏ္ဏားကို ရဟန်းပြုပေးရန် တာဝန်ကို ယူလိုက်သည်။ ထို့နောက် ချက်ချင်းပင် ရဟန်းပြုပေးလိုက်ရာ ရာဓပုဏ္ဏားကြီး၏ လိုအင်ဆန္ဒ ပြည့်ဝသွားလေသည်။

ရဟန်းအဖြစ်သို့ ရောက်ရှိလာသော ပုဏ္ဏားကြီးရာ
သည် အသက်အရွယ်ပင် ကြီးလင့်ကစား ဝါစဉ်အာ
ငယ်သောကြောင့် ဆွမ်းခံသွားသည့်အခါ သံဃာ့ပရိသတ်
၏ နောက်ဆုံးမှ လိုက်ပါရသည်။ ဆွမ်းလောင်းသည့်
လူများသည် ရှေ့ပိုင်းမှ မထေရ်ကြီးများကိုသာ ဂရုစိုက်၍
လောင်းကြသဖြင့် နောက်ပိုင်းမှ ရဟန်းများ ဆွမ်းအ
နည်းကြသည်။ သို့ဖြစ်၍ ရဟန်းအိုကြီး ရှင်ရာဓမှာ ဆွ
လောက်အောင် ဆွမ်းမရဘဲ ပင်ပန်းဆင်းရဲလျက် ရှိလေ
သည်။

ဤအခြေအနေကို သိမြင်သော ရှင်သာရိပုတ္တရာက
ဆွမ်းခံသွားသည့်အခါ ရှင်ရာဓကို မိမိနှင့်အတူ ခေါ်သွား
သည်။ ယင်းသို့ ခေါ်သွားခြင်းဖြင့် ဆွမ်းအခက်အခဲက
ပြေလည်စေရုံသာမက ရဟန်းတို့၏ ကျင့်ဝတ်သိက္ခာမျ
ကိုလည်း နီးနီးကပ်ကပ် သွန်သင်ဆုံးမရန် အခွင့်အလမ်
ရရှိသွားလေသည်။

ရဟန်းကြီးရာဓသည် ရှင်သာရိပုတ္တရာ၏ ဆုံးမ
ဩဝါဒကို မြေဝယ်မကျလိုက်နာသည်။ ရဟန်းတို့၏ နေထိုင်
သွားလာပုံမှစ၍ တရားဘာဝနာ ပွားများအားထုတ်ပုံနည်း
များကိုပါ ရှင်သာရိပုတ္တရာ ညွှန်ပြသည့်အတိုင်း တ
သဝေမတိမ်း ကျင့်ကြံအားထုတ်သည်။ ထို့ကြောင့် ရှ
ရာဓသည် မကြာမီအတွင်း၌ပင် ရဟန္တာအဖြစ်သို့ ရောက်
သွားလေသည်။

တစ်နေ့သ၌ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာ
မေးမြန်းသည်မှာ-

'ရှင်သာရိပုတ္တရာ..သင့်တပည့် ရဟန်းကြီးသ
ဆိုဆုံးမလွယ်ပါ၏လော'

'မှန်ပါ၊ အလွန်ပင် ဆိုဆုံးမလွယ်ပါသည်ဘုရာ
မည်သို့ပင် ဆိုဆုံးမစေကာမူ အမျက်ဒေါသထွက်ခြ
အနည်းငယ်မျှ မရှိပါဘုရား'

'သာရိပုတ္တရာ..ဤသို့ဆုံးမလိုသော တပည့်မျာ
ရမည်ဆိုလျှင် သင်သည် မည်မျှလောက်သော တပ
တို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်နည်း'

'ရာပေါင်းများစွာသော တပည့်တို့ကို ထိန်းသိ
စောင့်ရှောက်နိုင်ပါသည်ဘုရား'

'သာရိပုတ္တရာ..ကောင်းလစွ၊ ကောင်းပေစွ'

ဤသို့ ရှင်သာရိပုတ္တရာသည် ရှင်ရာဓကို အကြော



www.burmeseclassic.com

www.burmeseclassic.com

ပြု၍ ဗုဒ္ဓမြတ်စွာ၏ ချီးကျူးခြင်းကို ခံရလေသည်။

◆◆◆

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြကုန်လျက် ရှင်သာရိပုတ္တရာ၏ဂုဏ်ကို ချီးကျူးပြောဆိုနေကြသည်။

'ငါ့ရှင်တို့..ရှင်သာရိပုတ္တရာသည် မိမိအား ဆွမ်းတစ်နှပ်လောင်းဖူးသော ပုဏ္ဏားအိုကြီးကိုပင် ရဟန်းပြုပေးတော်မူသည်။ သူ့ကျေးဇူးကို အလွန်သိတတ်ပါပေ၏'

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာ ကြွလာ၍ သာရိပုတ္တရာသည် ယခုမှသာ ကျေးဇူးကို သိတတ်သည်မဟုတ်၊ ရှေးအခါကလည်း သိတတ်ခဲ့ပေ၏ဟု မိန့်ကြားပြီး အတိတ်ကို ဆောင်တော်မူလေသည်။

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်။ ဗာရာဏသီပြည်မှ အနည်းငယ်ဝေးသော မြစ်ညာအရပ်၌ လက်သမားတစ်စုသည် အိမ်ဆောက်ရန် သစ်များကိုခုတ်၍ ရောင်းချအသက်မွေးကြသည်။ ထိုအခါ ဆင်ကြီးတစ်ကောင်သည် ခြေထောက်၌ ရှားငုတ်စူးသဖြင့် ကောင်းစွာမသွားနိုင်သောကြောင့် လက်သမားတို့အနီးသို့ လာ၍ ဝပ်နေလေသည်။

လက်သမားများသည် ဆင်ကြီးအား သနားကြင်နာကြသဖြင့် အနာကို ဆေးလိမ်းကုပေးကြရာ ရက်ပိုင်းအတွင်း၌ပင် လုံးဝပျောက်ကင်းသွားလေသည်။ ထိုအခါ ဆင်ကြီးသည် ကျေးဇူးတုံ့ပြန်သောအနေဖြင့် လက်သမားတို့ သစ်ခုတ်ရာ၌ သစ်တုံးများကို မ,ပေးခြင်း၊ သယ်ပေးခြင်း စသောအမှုများကို ဆောင်ရွက်ပေးလေသည်။ ဤသို့ဖြင့် နှစ်ပေါင်းများစွာ ကြာခဲ့ပြီး တစ်နေ့သ၌ ဆင်လိမ္မာကြီး ရုတ်တရက် ပျောက်သွားသဖြင့် လက်သမားများ စိတ်မကောင်းဖြစ်နေကြသည်။ သို့ရာတွင် သုံးရက်ခန့်ကြာလျှင် ဖြူဖွေးလှပသော ဆင်ပေါက်ကလေးတစ်စီးနှင့်အတူ ဆင်လိမ္မာကြီး ပြန်ရောက်လာလေသည်။ အမှန်စင်စစ် ဆင်ကြီးသည် သူကိုယ်တိုင်မှာ အိုမင်းလှပြီဖြစ်၍ လက်သမားတို့၏အလုပ်ကို အားစိုက်ခွန်စိုက် မလုပ်နိုင်တော့သောကြောင့် သူ့သားငယ်ကို သွားရောက်ခေါ်ယူခဲ့ခြင်း ဖြစ်လေသည်။

ဆင်ပေါက်ကလေးကို ခေါ်လာပြီးနောက် သုံးရက်မြောက်သောနေ့၌မူ ဆင်ကြီးသည် တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားရာ နောက်တစ်ဖန်ပြန်၍ ပေါ်မလာတော့ချေ။ လက်သမားများလည်း ဆင်ကြီး၏ စေတနာကို ကောင်းစွာနားလည်သဘောပေါက်ကြပြီး ဆင်ပေါက်ကလေးအား အထူးဂရုစိုက်၍ ကျွေးမွေးစောင့်ရှောက်ထားကြသည်။ ဆင်ပေါက်ကလေးကလည်း သူ့ဖခင်ကဲ့သို့ပင် သစ်တုံးများ မပေးခြင်း၊ သယ်ပေးခြင်း စသောအမှုများကို နေ့စဉ်မပျက် ဆောင်ရွက်ပေးလေသည်။ အားလပ်သည့်အချိန်များတွင်မူ ဆင်ပေါက်ကလေးသည် လက်သမားတို့၏ သားငယ် သမီးငယ်များနှင့် တပျော်တပါး ကစားလေ့ရှိလေသည်။

လက်သမားတို့၏ ဆင်ပေါက်ကလေးမှာ သာမန်ဆင်မဟုတ်၊ ထူးခြားသော အာဇာနည်ဆင်ဖြူကလေး ဖြစ်သည်။ အာဇာနည်မျိုးဖြစ်သော ဆင်၊ မြင်း စသည်တို့သည် ရေထဲ၌ ကျင်ကြီးကျင်ငယ် စွန့်လေ့မရှိကြ။ ဆင်ပေါက်ကလေးသည် ဂင်္ဂါမြစ်သို့ဆင်း၍ ရေချိုးခြင်း၊ ရေသောက်ခြင်းပြုသော်လည်း ကျင်ကြီးကျင်ငယ်တို့ကိုမူ ရေထဲ၌ တစ်ခါတစ်ရံမျှ မစွန့်ချေ။

သို့ဖြစ်သော်လည်း မိုးကြီးသည်းထန်စွာရွာသော နေ့တစ်နေ့တွင် ကုန်းပေါ်၌စွန့်ထားသည့် ဆင်ပေါက်ကလေး၏ ချေးများသည် မိုးရေဖြင့်မျောပါ၍ ဂင်္ဂါမြစ်ထဲသို့ရောက်သွားလေ၏။ ထိုဆင်ချေးများသည် မြစ်ရေအလျဉ်ဖြင့် အစဉ်အတိုင်း မျောပါသွားရာ ဗာရာဏသီမြို့တော် မြစ်ဆိပ်အနီး ချုံတစ်ခုတွင် ကပ်ငြိနေလေသည်။

ဂင်္ဂါမြစ်ဆိပ်၌ ဗြဟ္မဒတ်မင်းကြီး၏ဆင်တို့ကို နေ့စဉ်ရေချိုးလေ့ရှိရာ ထိုနေ့တွင်ကား ဆင်များသည် တစ်စီးမျှ ရေသို့ မဆင်းဝံ့ဘဲ အမြီးထောင်၍ ပြေးကြလေသည်။ ဤထူးဆန်းသော အခြင်းအရာကိုမြင်လျှင် ဆင်ထိန်းတို့က အနီးပတ်ဝန်းကျင်၌ ဘေးအန္တရာယ်တစ်ခုခု ရှိမည်ထင်၍ ရှာဖွေစူးစမ်းကြရာ ချုံတစ်ခုတွင် ကပ်ငြိနေသော အာဇာနည် ဆင်ချေးများကို မြင်တွေ့ကြလေသည်။ ထိုအခါ ဆင်ထိန်းတို့သည် အာဇာနည်ဆင်ချေးနံ့ရသဖြင့် ကြောက်ရွံ့ပြီး ဘုရင့်ဆင်များ ထွက်ပြေးကြခြင်းဖြစ်ကြောင်း သဘောပေါက်သွားကြသည်။

ဆင်အကြောင်းကို နောကျေအောင် ကျွမ်းကျင်နားလည်နေသော ဆင်ထိန်းတို့သည် အာဇာနည်ဆင်ချေးများကို အရည်ဖျော်၍ ဘုရင့်ဆင်များ၏ကိုယ်ပေါ်၌ ပက်ဖျန်း



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ ထိုအခါမှ ဘုရင့်ဆင်များသည် အကြောက်ပြေကာ မြစ်ထဲသို့ ဆင်းဝှံကြတော့သည်။ ဆင်ထိန်းတို့၏ လျှောက်တင်ချက်အရ မြစ်ညာတစ်နေရာ၌ အာဇာနည်ဆင်ဖြူတစ်စီးရှိကြောင်း ဗြဟ္မဒတ်မင်းကြီး သိရှိသွားလေသည်။ ဆင်ဖြူတော်ရှိလျှင် တိုင်းပြည်ပို၍စည်ပင်ဝပြောပြီး ဘုရင်လည်း ဘုန်းတန်ခိုးတိုးတက်သည်ဟု အဆိုရှိရကား ဗြဟ္မဒတ်မင်းကြီးသည် မှူးမတ်ဗိုလ်ပါပေါင်းမြောက်မြားစွာနှင့်အတူ ရေလမ်းခရီးဖြင့် ဆင်ဖြူတော်အရှာထွက်လေသည်။

လက်သမားတို့သည် မိမိတို့၏ သစ်ထုတ်လုပ်ရေးစခန်းသို့ ဆိုက်ရောက်လာသော ဗြဟ္မဒတ်မင်းကြီးကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။

'အရှင်မင်းကြီး..ဘယ်အလို့ငှာ ဤတောလမ်းခရီးသို့ ကိုယ်တော်တိုင် ကြွချီတော်မူလာပါသလဲ'

လက်သမားတို့၏ အကြီးအကဲဖြစ်သူက ဤသို့ လျှောက်တင်လိုက်သည်။ မင်းကြီးက ဆင်ဖြူတော်ကို အလိုရှိ၍ ထွက်လာခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထိုအခါ လက်သမားများက မိမိတို့၏ ဆင်ပေါက်ကလေးကို မင်းကြီးအား ပြသကြ၏။ မင်းကြီးသည် ဆင်ထိန်းတို့အား ထိုဆင်ကလေးကို သေချာစွာ ကြည့်ရှုစစ်ဆေးစေပြီး ဆင်အာဇာနည်အစစ်ဖြစ်ကြောင်း သိရှိလျှင် လက်သမားတို့ထံမှ တောင်းယူသည်။ လက်သမားတို့ကလည်း ကြည်ကြည်ဖြူဖြူနှင့်ပင် မင်းကြီးအား ဆက်သလိုက်ကြသည်။

သို့ရာတွင် ဆင်ကလေးကို မြစ်ဆိပ်သို့ ဆောင်ယူရန်အတွက် ဆင်ထိန်းတို့က မောင်းနှင်သည့်အခါ ဆင်



ကလေးသည် အသာတကြည်ဖြင့် မလိုက်ပါဘဲ ငြင်းဆန်နေလေသည်။ အဘယ်ကြောင့် ဤသို့ငြင်းဆန်နေသလဲဟု မင်းကြီးက မေးလျှင် မိမိ၏ ကျေးဇူးရှင်များအား ကျေးဇူးဆပ်လိုခြင်းကြောင့်ဖြစ်ကြောင်း ဆင်ထိန်းတို့က လျှောက်တင်လိုက်ကြသည်။

ထိုအခါ မင်းကြီးက များစွာသော ရွှေငွေပစ္စည်းများကို ဆင်ကလေးအား ပြသ၍ လက်သမားတို့အား ပေးစေသည်။ ထိုအခါတွင်မှ ဆင်ကလေးသည် ဆင်ထိန်းတို့ ခေါ်ဆောင်ရာသို့ အသာတကြည် လိုက်ပါသွားလေသည်။

နေပြည်တော်သို့ရောက်လျှင် ဗြဟ္မဒတ်မင်းကြီးသည် ဆင်ဖြူကလေးအား ကြီးကျယ်ခမ်းနားသော အဆောင်အယောင်များဖြင့် မင်္ဂလာဆင်တော်အရာ၌ ထားလေသည်။ ထိုမင်္ဂလာဆင်တော် ရောက်လာသည့်အချိန်မှစ၍ ဗြဟ္မဒတ်မင်းကြီးသည် တစ်နေ့တခြား ဘုန်းတန်ခိုးတိုးတက်လာသည်။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် ဗြဟ္မဒတ်မင်းကြီးအား အန်တုဝံ့သူ မရှိဘဲ ပြည့်ရှင်မင်းအားလုံးတို့ကပင် ဗာရာဏသီပြည်ကို ဦးညွှတ်ကြရလေသည်။

◆ ◆ ◆

တစ်ရှူတစ်ပါးသော ထီးဆောင်းတို့၏ ဦးညွှတ်ရာဖြစ်သော ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးသည် နှစ်ပေါင်းများစွာ ထီးနန်းစည်းစိမ်ကို ခံစားနေပြီး သက်တမ်းစေ့သောအခါ နတ်ရွာစံသွားလေသည်။ မင်းကြီး နတ်ရွာစံသွားချိန်တွင် ထီးနန်းကို ဆက်ခံမည့် သားတော်သမီးတော် တစ်ပါးမျှ မကျန်ခဲ့။ သို့သော် မိဖုရားကြီးမှာမူ ကိုယ်ဝန်အရင့်အမာရှိနေပြီး ခုနစ်ရက်မြောက်တွင် မွေးဖွားလိမ့်မည်ဟု ပုဏ္ဏားတော်တို့က ဟောကိန်းထုတ်ထားကြသည်။ ထို့ကြောင့် ဘုရင်သစ် တင်မြှောက်ရေးကိစ္စကို မိဖုရားကြီး မီးဖွားပြီးမှ စီစဉ်ဆောင်ရွက်ရန် မှူးမတ်တို့က စောင့်ဆိုင်းနေကြသည်။

သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီးသည် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံသွားကြောင်း ကြားသိရလျှင် ဗာရာဏသီပြည်ကို သိမ်းပစ်ရန် စစ်အင်္ဂါလေးပါးဖြင့် ချီတက်လာသည်။ ဗာရာဏသီမြို့တော်အနီးသို့ ရောက်သောအခါ တိုင်းပြည်ကို အသာတကြည် ပေးအပ်မည်လော၊ (သို့မဟုတ်) စစ်ပြိုင်ဆိုင်တိုက်ခိုက်မည်လောဟု ဗာရာဏသီမှူးမတ်တို့ထံ ရာဇသံတစ်စောင် ပို့လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုရာဇသံကို ရရှိသောအခါ ဗာရာဏသီ မှူးမတ်တို့သည် မြို့တံခါးများကို လုံခြုံအောင် ပိတ်ထားကြပြီး ကောသလမင်းကြီးထံ သဝဏ်လွှာတစ်စောင် ပြန်လိုက်ကြသည်။

'အရှင်မင်းကြီး..ကျွန်ုပ်တို့ မိဖုရားကြီးသည် ခုနစ်ရက်အတွင်း မီးဖွားရန် ရှိနေပါသည်။ မိဖုရားကြီးမှ သားတော်မွေးဖွားလျှင် ကျွန်ုပ်တို့တိုင်းပြည်ကို မအပ်နိုင်ပါ။ အရှင်မင်းကြီးနှင့် စစ်ပြိုင်တိုက်ရပါလိမ့်မည်။ သို့အတွက် နောက်ထပ်ခုနစ်ရက်မျှ ဆိုင်းငံ့တော်မူပါ'

မှူးမတ်တို့၏ သဝဏ်လွှာအရ ကောသလမင်းကြီးနှင့် စစ်သည်ဗိုလ်ပါတို့သည် မြို့ပြင်၌ စောင့်ဆိုင်းနေကြသည်။ ဗာရာဏသီမိဖုရားကြီးသည် ခုနစ်ရက်မြောက်သောနေ့၌ သားတော်လေးတစ်ပါးကို ချောမောစွာ ဖွားမြင်လေသည်။ တိုင်းတစ်ပါး စစ်တပ်တို့၏ ဝိုင်းရံထားခြင်းကို ခံနေရသဖြင့် စိတ်အားငယ်နေကြသော ဗာရာဏသီပြည်သူအပေါင်းတို့သည် မိမိတို့၏ထီးနန်းကို ဆက်ခံမည့် မင်းသားကလေး ဖွားမြင်လာပြီဖြစ်ကြောင်း ကြားသိရလျှင် ကြည်နူးဝမ်းသာ စိတ်ဓာတ်တက်ကြွလာကြသည်။ ဤသို့ ပြည်သူတို့အား စိတ်အားမလျှော့ဘဲ တက်ကြွရဲရင့်မှုကို ဖြစ်စေသောကြောင့် မင်းသားလေးကို အလီနစိတ္တဟု အမည်မှည့်ကြလေသည်။

အလီနစိတ္တမင်းသားလေး ဖွားမြင်ပြီး နောက်တစ်နေ့တွင် ဗာရာဏသီပြည်သူတို့သည် ကောသလမင်းနှင့် စစ်ပြိုင်တိုက်ခိုက်ကြသည်။ တိုင်းတစ်ပါးလက်အောက်သို့ မကျရောက်လိုသောစိတ်ဓာတ်ဖြင့် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ကြသော်လည်း စီမံအုပ်ချုပ်မှုမှာ ညံ့ဖျင်းမှုကြောင့် ဗာရာဏသီဘက်မှ တဖြည်းဖြည်း စစ်ရေးနိမ့်လာသည်။ မိဖုရားကြီးသည် မိမိတို့ဘက်မှ စစ်ရေးနိမ့်နေသည့်အကြောင်းကို ကြားသိလျှင် သားငယ်ကလေးကိုပွေ့ချီပြီး ဆင်တင်းကုပ်သို့ သွားလေသည်။ ဆင်တင်းကုပ်သို့ ရောက်သောအခါ သားငယ်ကို မင်္ဂလာဆင်တော်၏ရှေ့၌ ချထားကာ ဤသို့ ပြောကြားလေသည်။

'အခွေဆင်မင်း..သင်၏အရှေ့ဖြစ်သော ဗြဟ္မဒတ်မင်း ကွယ်လွန်သွားပါပြီ။ ဤသူငယ်သည် သင့်အခွေတော်၏သား ဖြစ်ပါသည်။ ဗြဟ္မဒတ်မင်း ကွယ်လွန်ကြောင်း ကြားသိ၍ ကောသလမင်းသည် ဗာရာဏသီ ထီးနန်းကို သိမ်းပိုက်ရန် ယခု ဆိုက်ရောက်နေပါသည်။ နှစ်ပြည်ထောင် စစ်ထိုးကြရာတွင်လည်း ကျွန်ုပ်တို့ဘက်မှ စစ်ရေးနိမ့်နေပါသည်။ သို့ဖြစ်၍ သင့်အခွေတော်၏ ထီးနန်းကို သင်ကိုယ်တိုင်ထွက်၍ ကာကွယ်စောင့်ရှောက်မှ ဖြစ်ပါတော့မည်'

ဤသို့ မိဖုရားကြီးက ပြောကြားသောအခါ မင်္ဂလာဆင်တော်သည် အလွန်ဝမ်းနည်းကြေကွဲသော အမူအရာဖြင့် မင်းသားလေးကို နှာမောင်းဖြင့်ပွေ့ချီ၍ ဦးကင်းပေါ်၌ တင်ထားသည်။ ထို့နောက် မင်းသားငယ်ကို မိဖုရားလက်သို့ပြန်ပေးပြီး ပြင်းစွာသော အရှိန်အဟုန်ဖြင့် ဆင်တင်းကုပ်မှထွက်သည်။ ထိုအခါ စစ်သူကြီးသည် မင်္ဂလာဆင်တော်ကိုစီး၍ မြို့တံခါးမှ ထွက်လေသည်။ များစွာသော စစ်သည်ရဲမက်အပေါင်းတို့က နောက်မှခြံရံ၍လိုက်ကြသည်။

ဆင်တော်သည် ကြိုးကြာသံနှင့်တူသော အသံတော်ကိုပြု၍ ကောသလမင်း၏တပ်တွင်းသို့ ဖောက်ထွင်းဝင်ရောက်သည်။ မင်္ဂလာဆင်တော်ကြီး ထွက်လာပြီတဲ့ဟူသော စကားကို ကြားရုံဖြင့်ပင် ချောက်ချားတုန်လှုပ်နေသော ကောသလမင်း၏ စစ်သည်ရဲမက်တို့သည် ဖရိုဖရဲပြိုကွဲကာ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးကြလေသည်။ မင်္ဂလာဆင်တော်သည် ကောသလမင်းကို အရှင်ရအောင် ဖမ်းဆီးခဲ့ပြီး မြို့တွင်းသို့ ယူဆောင်လာလေသည်။ ထိုအခါ မှူးမတ်တို့က ကောသလမင်းကို အလီနစိတ္တမင်းသားငယ်၏ ခြေရင်း၌ ဝပ်စင်းစေပြီး နောက်နောင်တွင် ဤကဲ့သို့ ကျူးကျော်စော်ကားခြင်း မပြုရန် သတိပေးဆုံးမကာ ပြန်လွှတ်လိုက်ကြလေသည်။

ဗုဒ္ဓမြတ်စွာသည် အတိတ်ကို ဆောင်တော်မူပြီး ထိုအခါက ကျေးဇူးသိတတ်သော ဆင်ကြီးမှာ ရှင်သာရိပုတ္တရာလောင်းပင်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထို့နောက်တစ်ဖန် ရဟန်းမည်သည် ရဟန်းအိုကြီးရာကဲ့သို့ ဆိုဆုံးမ လွယ်သူဖြစ်သင့်ကြောင်း ဆုံးမစကား မြွက်ကြား တော်မူပြီး အပြစ်မြင်လျှင် မထောက်မညှာ ဖိနှိပ်ဆုံး တတ်သော ပညာရှိကိုတွေ့လျှင် မြှုပ်ထားသော ရွှေ ပြောပြသူကဲ့သို့ ထင်မှတ်လျက် ထိုပညာရှိကို ဆည်း သင့်၏။ ထိုကဲ့သို့သော ပညာရှိကို ဆည်းက ကောင်းမြတ်ခြင်းသည်သာ ဖြစ်၏။ ယုံ



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ဟူသော ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

◆◆◆

မြန်မာ့သမိုင်းတွင် တွေ့ရှိရသော တစ်လုတ်စားဖူးသူ့ကျေးဇူးကို သိတတ်သော ငခင်ညိုဆိုသူ၏ ကျေးဇူးသိတတ်ပုံမှာလည်း ထူးခြားလှသည်။ ငါးစီးရှင်ကျော်စွာသည် ငခင်ညိုအား ပင်လယ်မြို့ကို စားရသော စစ်ကိုင်းစား အသခ်ယာစောယွမ်းကို လုပ်ကြံရန် စေခိုင်းလိုက်သည်။ ငခင်ညိုသည်လည်း ဘုရင်၏ စေခိုင်းချက်တာဝန်ကို ကျေပွန်ရန် အသခ်ယာစောယွမ်း၏ နန်းတော်ထဲသို့ ဝင်နိုင်ရန် သုံးရက်ပင် ကြာခဲ့၏။ ထမင်းလည်း မစားရ၊ ရေလည်း မသောက်ရနှင့် အလွန်ဆာလောင်မွတ်သိပ်နေလေသည်။ သုံးရက်ပြည့်မှ နန်းတော်တွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။ သူဝင်ရောက်ချိန်သည် ညဥ့်အခါဖြစ်၍ နန်းတော်တစ်ခုလုံး အိပ်မောကျနေပေပြီ။

ဘုရင်စောယွမ်းအား လုပ်ကြံရန် နန်းတော်တွင်းသို့ ပုန်းလျှိုးကာသွားရင်းဖြင့် အလွန်မွှေးကြိုင်သည့် နတ်တင်ထားသော စားတော်ပွဲကို တွေ့လိုက်ရသည်။ သူ့မှာ အစာရေစာ ပြတ်လပ်မှု၊ ငတ်မွတ်မှုကြောင့် မထိန်းနိုင်တော့ဘဲ မဟာဂီရိနတ်အား တင်ထားသော ရွှေစလောင်းနှင့် ထမင်း၊ အမဲသားများကိုတွေ့ရာ အားရပါးရစားသောက်လိုက်တော့သည်။ စားသောက်ပြီးသော် ဆာလောင်မှုလည်းပြေပျောက်၊ အားအင်များလည်း ပြည့်မောက်လာသည်။ စောယွမ်း၏ ညေ့ခန်းဆောင်အတွင်းထိပင် ဝင်ရောက်ခဲ့ချေပြီ။ မှိန်ပျပျမီးရောင်အောက်ဝယ် သလွန်ညောင်စောင်းပေါ်၌ နှစ်နှစ်ခြိုက်ခြိုက် စက်တော်ခေါ်နေသော စောယွမ်းအား အလွယ်တကူပင် သတ်ဖို့ အခွင့်သာနေလေပြီ။

ထိုအခါ ငခင်ညို၏စိတ်ထဲတွင် ငါသည် အသခ်ယာစောယွမ်းအား သတ်လိုက်ပါက ငါးစီးရှင်ကျော်စွာ၏ အမြောက်အစားခံရမည်၊ ဂုဏ်ပြုခံရမည်၊ ဆုတော်လာဘ်တော်များ ရမည်။ ထိုဆုတော်လာဘ်တော်များဖြင့် မိသားတစ်စုလုံး ပျော်ပျော်ပါးပါး နေထိုင်မည်ဟု တွေး၏။ ထိုအတွေး၏နောက်ဝယ် တစ်လုတ်စားဖူး သူ့ကျေးဇူးဟူသည့် ဆိုရိုးစကားကိုလည်း သူ့စိတ်မှာ အာရုံထင်လာပြန်သည်။ ကျေးဇူးရှိသူကို ကျေးမစွပ်ကောင်းဟု တွေးမိလာသည်။ သို့ဖြစ်၍ စောယွမ်း၏ ခေါင်းရင်းနား၌ ဓားအိမ်မှ ဓားကို အသာအယာထုတ်လိုက် သွင်းလိုက်ပြုလုပ်နေသည်မှာ နှစ်ကြိမ်ပင် ရှိခဲ့သည်။

ငါးစီးရှင်ကျော်စွာအား ငါအကျိုးအကြောင်းကို ပြောပြမည်။ အကယ်၍ ဘုရင်မင်းမြတ်က အမျက်တော်ရှလို့ သေရသော်မှ တစ်ဘဝသာ သေရမည်။ ကျေးဇူးရှင်ကို ပြစ်မှားမိချေက သံသရာတစ်လျှောက် ဆင်းရဲဒုက္ခရောက်တော့မည်ဟုတွေးကာ ဓားကို အပြီးတိုင် ဓားအိမ်၌ သုံးကြိမ်မြောက်ထိုးသွင်းပြီး သက်သေအဖြစ် ဘုရင်စောယွမ်း၏ သန်လျက်နှင့် ကျောက်စီဓားတို့ကို ယူဆောင်ကာ မိုးမလင်းမီပင် အင်းဝဘက်သို့ အရောက်လာခဲ့သည်။

ငခင်ညိုသည် ငါးစီးရှင်ဘုရင်ကျော်စွာအား ဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားပြီး သက်သေအဖြစ် ယူဆောင်ခဲ့သော သန်လျက်နှင့် ကျောက်စီဓားကို ဆက်သလိုက်ပြီး သူ၏ထမင်းကို စားမိသည်ဖြစ်၍ မလုပ်ကြံခဲ့ကြောင်း၊ ထို့ကြောင့် မင်းကြီးပေးအပ်သော အပြစ်ကို ခံယူပါမည်ဖြစ်ကြောင်း လျှောက်ထားလေသည်။

အမြော်အမြင် ကြီးမားလှသည့် ဘုရင်ကျော်စွာသည် ငခင်ညိုအား "ငါ၏ အမှုတော်ကိုထမ်းကာ ငါ၏ ထမင်းရိက္ခာကို စားနေသူဖြစ်သည်။ တစ်လုတ်စားဖူးသည့် သူ့ကျေးဇူးကို သိသူဖြစ်လျှင် ငါ့အပေါ်မှာလည်း များပြားလှသည့် ကျေးဇူးကို သိသူ ဆပ်သူ ဖြစ်ပေလိမ့်မည်" ဟု အောက်မေ့ကာ အပြစ်မပေးသည့်အပြင် ဆုတော် လာဘ်တော်ပင် ချတော်မူခဲ့သည်။

အထက်ဖော်ပြပါ ကျေးဇူးသိတတ်သော အရှင်သာရိပုတ္တရာနှင့် ငခင်ညိုတို့မှာ ကြီးမားသော ကျေးဇူးများကိုပင် အသိအမှတ်မပြုချင်သူ၊ ကျေးဇူးကန်းသူတို့၏ စိတ်ဓာတ်နှင့်မူ မိုးနှင့်မြေကြီး၊ ရွှေထီးနှင့်ခမောက်၊ ဆီးဖေ့နှင့် မြင်းမိုရ်တောင်၊ ဆင်ပြောင်နှင့် ယင်ကောင်ပမာ ကွာခြားလှပေသည်။ အရှင်သာရိပုတ္တရာနှင့် ငခင်ညိုတို့၏ ဆောင်ရွက်ချက်များကို သတိမူ အတုယူကာ မိမိတို့အပေါ် ကျေးဇူးရှိဖူးသူတို့ကို ကျေးဇူးဆပ်သင့်ကြပေသည်။

◆◆◆

စာရေးသူ လက်တွေ့ကြုံဖူးသော ဝန်ထမ်းတစ်ဦး အမှတ်မထင် ကူညီဆောင်ရွက်ခဲ့သော ကျေးဇူးဆပ်ပုံ စာရေးသူအား အမှတ်တရဖြစ်စေခဲ့သည်။ အချိန်ကာ

www.burmeseclassic.com

www.burmeseclassic.com

ကား လွန်ခဲ့သော ခုနစ်နှစ်ခန့်ကဖြစ်သည်။ စာရေးသူမှာ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ သက်ပြည့်ပင်စင်ယူပြီး ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

(၂၀၁၀)ခုနှစ်၊ ဇွန်လ (၆)ရက်နေ့ ည(၁၁)နာရီခန့်တွင် မိမိနေအိမ်၌ ဝမ်း(၆)ခါလောက်သွားပြီး အိမ်သာမှ ထွက်လာစဉ် အိမ်ရှေ့ခန်းတွင် လဲကျပြီး သတိလစ်သွားခဲ့သည်။ (၆)မိနစ်ခန့်ကြာမှ သတိပြန်ရလာသည်။ စာရေးသူ သတိပြန်ရသည့် အချိန်တွင် အနားတွင် မိမိ၏ ဇနီးနှင့် သမီးသမက်တို့က အကြောဖြေလိမ်းဆေးများ လိမ်းကျံကာ တစ်ကိုယ်လုံးကို စောင်ထူထူဖြင့် ပတ်ထားသည်။ တစ်ကိုယ်လုံး အေးစက်နေသဖြင့် အနွေးဓာတ် ပြန်ရရန်အတွက် ဖြစ်သည်။ အနွေးဓာတ်ပြန်ရချိန်တွင် သတိရလာခြင်းဖြစ်သည်။ တစ်ကိုယ်လုံး အနွေးဓာတ်ရပြီး သတိရလာချိန်တွင် မိမိမှာ ဘာဝေဒနာမျှခံစားခြင်း မရှိတော့ပေ။ သို့ရာတွင် အိမ်မှမိသားစုက စိတ်မချသဖြင့် ထိုညတွင်ပင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီးသို့ တင်လိုက်ကြသည်။

ဆေးရုံတွင် သက်ဆိုင်ရာ တာဝန်ရှိ ဆရာဝန်များက လိုအပ်သော စစ်ဆေးမှုများကို ပြုလုပ်ကာ ဆေးဝါးကုသပေးကြသည်။ ဆီး၊ ဝမ်း၊ သွေး အထွေထွေစစ်ဆေးမှု ပြုလုပ်ခဲ့ကြသော်လည်း ထူးထူးခြားခြား ရောဂါတစ်စုံတစ်ရာမှ မတွေ့ရ။ သို့ရာတွင် အားနည်းနေသဖြင့် အားဆေးသွင်းထားသည်။ ဇွန်လ (၇)ရက်၊ (၈)ရက်နေ့များတွင်လည်း ဆေးဝါးကုသမှုခံယူပြီး ဆေးရုံမှာ အနားယူနေရသည်။ ဇွန်လ (၉)ရက်နေ့တွင် သက်ဆိုင်ရာ တာဝန်ခံအထူးကုဆရာဝန်ကြီးက ဒီနေ့ ဆေးရုံက ဆင်းလို့ရပြီဟု ပြောသည်။

ထိုအချိန်တွင် အသိမိတ်ဆွေများ၊ ဆွေမျိုးများနှင့် တစ်ချိန်က လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတချို့တို့က ဆေးရုံသို့ လာရောက်သတင်းမေးနေကြသည်။ ထို့ကြောင့် ညနေ(၆)နာရီလောက်မှ ဆေးရုံမှ ဆင်းတော့မည်ဟု စီစဉ်လိုက်သည်။ ဆေးရုံမှမဆင်းမီ ဆေးရုံ၏ ကုန်ကျစရိတ်ဘီ(လ်)ရှင်းရန် ငွေထွက်ထားဖို့ စာရေးသူဇနီးက ငွေလက်ခံကောင်တာတွင် သွားပြောထားသည်။ အခန်းနံပါတ်ကို မေးမြန်းရာ (၄၀၃)ဖြစ်ကြောင်းနှင့် စာရေးသူ၏ အမည်ကိုပါ ပြောထားခဲ့သည်။

ညနေ(၆)နာရီခန့်တွင် စာရေးသူ၏ဇနီးက ငွေရှင်းရန်အတွက် ငွေလက်ခံကောင်တာသို့ သွားမေးရာ မမျှော်လင့်သော စကားတစ်ခွန်းကို အမှတ်မထင်ကြားလိုက်ရသည်။

'အန်တီရယ်..ငွေရှင်းပြီးသွားပြီလေ' တဲ့။

ထိုအခါ စာရေးသူ၏ဇနီးက 'ဘယ်သူက ငွေရှင်းသွားသလဲ'ဟု မေးမြန်းရာ လူငယ်တစ်ဦးက ရှင်းသွားကြောင်း၊ သူ့နာမည်ကိုတော့ မမေးလိုက်မိကြောင်း ပြန်ပြောသည်။

ထိုနေ့ ညနေပိုင်းတွင် စာရေးသူတို့မှာ ဆေးရုံမှဆင်းလာခဲ့ကြသည်။ အိမ်သို့ ပြန်ရောက်သည့်အခါ ဆေးရုံတွင် ဘယ်သူ ငွေရှင်းသွားသလဲ၊ ဘာ့ကြောင့် ရှင်းသွားသလဲ၊ ငွေရှင်းသွားပြီ ဆိုသည်ကို မိမိတို့အား ဘာ့ကြောင့်အသိမပေးခဲ့သလဲဟု လဲပေါင်းများစွာ မိမိကိုယ်မိမိ မေးခွန်းထုတ်နေမိသည်။ ဆေးရုံသို့ လာရောက်သတင်းမေးသူများအနက် ဖုန်းနံပါတ်ရှိသူတချို့ကို ဖုန်းဆက်မေးကြည့်သော်လည်း ဘာမှအကြောင်းမထူး။ ထို့ကြောင့် ဆက်၍မစုံစမ်းတော့ပေ။ တစ်နေ့နေ့တော့ သိလာပါလိမ့်မယ်ဟုသာ မျှော်လင့်လျက်နေပေတော့သည်။

တစ်ပတ်ခန့်အကြာတွင် စာရေးသူ၏နေအိမ်သို့ ဦးဖြိုးထိုက်အောင်ဆိုသူ ရောက်ရှိလာခဲ့သည်။ မိမိကတော့ သူ့ကို ကိုဖြိုးဟုသာ ခေါ်သည်။ ကိုယ့်သားအရွယ်လောက်သာ ရှိသည်။ သူမှာ ထိုအချိန်က မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ နိုင်ငံပိုင်





www.burmeseclassic.com

www.burmeseclassic.com

အမှတ်(၁၀၀)သစ်စက်၊ ဖလုံရွာ၊ တိုက်ကြီးမြို့နယ်တွင် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။

သူသည် စာရေးသူ ပင်စင်မယူမီ သံတွဲမြို့ရှိ အမှတ်(၆၈)သစ်စက်တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ စာရေးသူ၏ လက်အောက်ဝန်ထမ်း ဖြစ်သည်။ စာရေးသူတို့ တာဝန်ထမ်းဆောင်ခဲ့စဉ် (၂၀၀၇)ခုနှစ်၊ ဇူလိုင်လတွင် သံတွဲမြို့၌ မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေများ စီးလာကာ သံတွဲတစ်မြို့လုံး ရေကြီးသည်။ ရွှေဆံတော်ဘုရားတောင်ခြေရင်းမှ မြေများပြိုကျသည်။ ရွှေဆံတော်ဘုရားရင်ပြင်မှာလည်း အခင်းကြွေပြားများ အက်ကွဲသွားသည်။ ထို့ကြောင့် ရင်ပြင်ကို ကြွေပြားအသစ်ခင်းခြင်း၊ အုတ်တံတိုင်းအကာများကို စတီးလက်ရန်းများ အစားထိုးကာရံခြင်းများကို ဆောင်ရွက်လျက်ရှိရာ အလှူရှင်များ လိုအပ်နေသည်။

ထိုအချိန်တွင် စာရေးသူမှာ ကိုဖြိုးနှင့်အတူ ဘုရားဖူးရန် ရွှေဆံတော်ဘုရားသို့ ရောက်ရှိခဲ့သည်။ ဘုရားတွင် အလှူရှင်များ လိုအပ်နေကြောင်း တွေ့ရှိရသောအခါ ကိုဖြိုးမှာ သဒ္ဓါတရားထက်သန်ကာ လှူချင်သည့်စေတနာများ ဖြစ်ပေါ်လာသည်။ စတီးလက်ရန်းအရှည် (၁၂)ပေ တစ်ခန်း လှူချင်သော်လည်း သူ့လက်ထဲမှာ ငွေအလုံအလောက်မရှိ။ သူ့မှာ မိသားစုမရှိ။ လူပျိုလူလွတ်တစ်ဦးဖြစ်သော်လည်း ရန်ကုန်မြို့ရှိ အိမ်မင်းမစွမ်းဖြစ်နေသော မိအို၊ဖအိုများကို အမြဲတမ်းထောက်ပံ့နေရသူ ဖြစ်သည်။ ထို့ကြောင့် အရစ်ကျပေး၍ရလျှင် သူ့အနေဖြင့် လှူဒါန်းချင်ကြောင်း စာရေးသူအား ပြောပြ၏။ ထိုအခါ စာရေးသူသည် ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးအောင်သန်းတင်အား သွားရောက်ကာ အကျိုးအကြောင်းကို တင်ပြရာ အလွယ်တကူပင် လက်ခံသည်။ အရှည်(၁၂)ပေရှိသော စတီးလက်ရန်းတစ်ခန်း လှူဖြစ်သွားလေသည်။

ထိုသို့လှူဒါန်းသွားပြီးနောက် ကိုဖြိုးမှာ မိမိ၏စွန့်ကြဲခြင်း ဒါနအလှူကို အဖန်တလဲလဲအောက်မေ့ကာ စာဂါနုဿတိဘာဝနာပွားများပြီး ကုသိုလ်စိတ်တွေ ယိုဖိတ်လျက်ပင် ရှိနေလေတော့သည်။ ရုံးပိတ်ရက်များနှင့် အလုပ်အားချိန်များတွင် စာရေးသူနှင့် ကိုဖြိုးမှာ ရွှေဆံတော်ဘုရားသို့သွားကာ ဘုရားဖူးပြီး ဒါန၊ သီလ၊ ဘာဝနာများ ပွားများအားထုတ်ကြသည်။ စာရေးသူမှာလည်း ရွှေဆံ

တော်ဘုရားတွင် စတီးလက်ရန်း လှူထားသည်ဖြစ်
မိမိတို့၏ ဒါနကုသိုလ်များကို ဘုရားရင်ပြင်ရောက်တိုင်
အပရစေတနာ ပွားများစေပါသည်။

(၂၀၀၉)ခုနှစ်၊ ဇန်နဝါရီလ၌ စာရေးသူ အသက်
(၆၀)ပြည့်၍ ပင်စင်ယူကာ ရန်ကုန်မြို့တွင် နေထိုင်လျ
ရှိသည်။ မိမိပင်စင်ယူပြီးနောက်ပိုင်းတွင် ကိုဖြိုးမှာ သံ
မြို့တွင်ပင် တာဝန်ထမ်းဆောင်လျက် ရှိနေခဲ့သည်။
နောက် သူ့မှာ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသော သ
ကြီးရွယ်အို မိအို၊ဖအိုများကို အနီးကပ်ပြုစုစောင့်ရှော
နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးသို့ ပြောင်းရွှေ
အောင် ကြိုးစားခဲ့သည်။

ကိုဖြိုးမှာ အချိန်ရလျှင်ရသလို ရွှေဆံတော်ဘုရား
သွားကာ ရန်ကုန်တိုင်းဒေသကြီးသို့ ပြောင်းရွှေ့ခွင့်ရ
အတွက် မိမိလှူဒါန်းခဲ့သော အလှူဒါနကို အောက်
သတိရလျက် ဂုဏ်တော်ပုတီးစိပ်ကာ အဓိဋ္ဌာန်ပြု
တောင်းခဲ့သည်။ ထိုကုသိုလ်ကံ စေတနာတို့ကြော
(၂၀၀၉)ခုနှစ်မကုန်မီမှာပင် ရန်ကုန်တိုင်းဒေသကြီး၊ တို
ကြီးမြို့နယ်၊ ဖလုံကျေးရွာရှိ နိုင်ငံပိုင် အမှတ်(၁၀၀)သ
စက်သို့ ပြောင်းရွှေ့ခဲ့ရသည်ဟု သူယုံကြည်မိသည်။

စာရေးသူ ဆေးရုံတက်နေသည့်သတင်းကို ကြ
သဖြင့် (၂၀၁၀)ပြည့်နှစ်၊ ဇွန်လ (၉)ရက်နေ့တွင် ရွှေဂုံတိ
အထူးကုဆေးရုံသို့ သတင်းလာမေးရင်း အပြန်တွင် ဆေ
ရုံငွေလက်ခံကောင်တာ၌ ငွေကျပ်နှစ်သိန်းကျော် ရှင်း
ခဲ့ခြင်း ဖြစ်သည်။ ဆေးရုံအတွက် ကုန်ကျစရိတ်ကို
ရှင်းပေးမည်ဟု ပြောလိုက်လျှင် စာရေးသူ လက်မခံမ
စိုး၍ မည်သူ့ကိုမျှ အသိမပေးဘဲ ပေးခဲ့ရခြင်း ဖြစ်သ
ကိုဖြိုး၏စိတ်ထဲမှာ စာရေးသူ ပြောပေးသော စက
တစ်ခွန်းကျေးဇူးကြောင့် သူ့မှာ ဒါနပြုခဲ့ရသည်ဟူသေ
အသိက သူ့နှလုံးသားမှာ ထာဝစဉ်စွဲမြဲလျက်ပင် ရှိ
သည်။ ထို့ကြောင့် စာရေးသူအား ကျေးဇူးတုံ့ပြန်သ
အနေဖြင့် ဆေးရုံ၏ ကုန်ကျစရိတ်ကို ပေးသွင်းခဲ့ရကြော
အသေးစိတ်ကို အိမ်သို့ လာရောက်ရှင်းပြခြင်းဖြစ်သည
ကိုဖြိုးအနေဖြင့် မိမိ၏ မပြောပြလောက်သော ကူ
မှုအတွက် ကျေးဇူးသိတတ်ခြင်းကို အလွန်ပင် အံ့ဩ
ဝမ်းသာနေမိပါတော့သည်။

တွန်းအား



www.burmeseclassic.com

www.burmeseclassic.com

"အစ်မရယ်..ချမ်းသာချင်လိုက်တာ။ ပိုက်ဆံတွေ အများကြီး ရချင်လိုက်တာ။ ချမ်းသာတဲ့သူတွေကလည်း မတရား ချမ်းသာတယ်။ သမီးတို့က ဘယ်တော့များမှ ချမ်းသာမှာလဲ မသိဘူးနော်"ဟု ပြောသွားသော ညီမ ချစ်စုမွန်၏ စကားကို ပြုံးပြခေါင်းညိတ်လျက် လုပ်လက်စ အလုပ်များကို ဆက်လုပ်နေမိကြသည်။

ကုမ္ပဏီတစ်ခုတွင် အလုပ်အတူဝင်၍ မိမိထက် ဆယ်စုနှစ်တစ်ခုကွာ၍ ငယ်နေသော ညီမငယ်ကိုကြည့်၍ သူမ၏ စကားများကို ကရုဏာသက်မိသည်။

အိမ်ထောင်သည်ဖြစ်၍ သုံးတန်းအရွယ် သားတစ်ဦး၏ မိခင်ဖြစ်သူ ညီမချစ်စုမွန်သည် လှပတင့်တယ်သော ကိုယ်ခန္ဓာ၊ ရှည်လျားသောဆံပင်နှင့် ခေတ်နှင့်အညီ နေထိုင်တတ်၍ မြင်သူငေးကာ အားကျရသူလည်းဖြစ်သည်။ ဘဝတစ်ဆစ်ချိုး၌ ဆံပင်အလှပြင်ဆိုင်တွင် ဝန်ထမ်းဘဝ ဖြင့်သော်လည်းကောင်း၊ ဆိုင်ပိုင်ရှင်ဘဝဖြင့်သော် လည်းကောင်း လုပ်ကိုင်ခဲ့ဖူးသူ၊ ကိုယ်ကိုယ် တိုင်လည်း အလှအပကို ကြိုက်နှစ်သက် သူဖြစ်သောကြောင့် နေ့စဉ် ဆံပင် အစ ခြေအဆုံးအထိ စိတ်ကြိုက် ခြယ်လှယ်ပြီးမှ ကုမ္ပဏီ အလုပ်ကို လာလုပ်သူတစ်ဦး ဖြစ်သည်။

မြို့ပြင်အစွန် မှော်ဘီ လမ်းသွယ်ဖျားမှ မြို့လယ် ဗိုလ်ချုပ်ဈေးပတ်ဝန်းကျင် အထိ နေ့စဉ် ရုံးတက် ရုံးဆင်း လုပ်နေသော ညီမငယ်၏ ခွဲသတ္တိကတော့ ချီးမွမ်းစရာပင်။ အစိုးရဝန်ထမ်း ခင်ပွန်းသည်၏ လခကို မလောက်င၍ မိမိ၏ အစွမ်းအစကို ပြရန်ဟု ကြိုးစားငွေရှာနေသူ ဖြစ်သည်။ ယောက္ခမ ၏ အိမ်ခြံဝင်းအတွင်းတွင် အိမ်ပိုင်းသတ်သတ်ခွဲနေရသော သူမ၏ မိသားစုအိမ်လေးကို သူမ၏ ဖုန်းမှတစ်ဆင့် မြင်တွေ့ရ၍ သူမ၏ မိန်းကလေးပီသမှုကို တွေ့နေရသည်။ အများ၏အမြင်တွင် ပြည့်စုံနေသည်ဟု ထင်ရသော်လည်း အရေးသူနှင့် နေ့စဉ် ထိတွေ့နေရသူအတွက် သူမ၏ မပြည့်စုံမှုကို သိရှိနေရသည်။

နွေ၏ နေ့တစ်နေ့တွင် ကုမ္ပဏီရုံးခန်းအတွင်း ထမင်း စားနေရာမှ "အစ်မရေ..ညက ရေခပ်ရတာ ပခုံးတွေ နာနေတာပဲ"ဟု ပြောလိုက်သော ချစ်စု၏စကားကို သနား သွားမိသည်။

"ရေထမ်းတဲ့ အမျိုးသမီး မလာလို့ သမီး ထမ်းရတယ်"ဟု ပြောဆိုညည်းတွားနေသူကို သနားသွားမိသည်။

# စောယုနန္ဒာ (မေ့ရင်ခွင်)

# အလှ။ လှုတတ်ပါစေ



www.burmeseclassic.com

ရုံးက ပြန်လာလျှင် မသောက်ပြီး ပြန်လာတဲ့နေ့ မရှိသော ခင်မွန်းသည်က ထမင်းစားပြီးလျှင် စောစော အိပ်တတ်သော အကျင့်ရှိသည်။ မအိပ်လျှင် စကားများ များ ပြောတတ်သောအကျင့်ကြောင့် စကားခဏ,ခဏ များရတယ်။ 'အိပ်တာပဲ ကောင်းပါတယ် အစ်မရယ်။ ကလေးကလည်း ငယ်သေးတော့ ရေထမ်းသည် မလာ ရင် သမီးပဲ ပင်ပန်းတာပေါ့'ဟု ပြောလာသော ချစ်စုကို ဘယ်လိုကူညီပေးရမလဲဟု အလျှင်အမြန် တွေးပေးမိသည်။

စကားပြောလျှင် သမီးက၊ ညီမကဟု ပြောနေသော ညီမငယ်ချစ်စုကို လွန်စွာပင် ခင်မင်မိသည်။ အလှအပ ကြိုက်သော နုနုရွရွပြောတတ်သော ညီမငယ်သည် ရေ ထမ်းရသည်ကိုရှက်၍ ညဥ့်နက်လူခြေတိတ်မှ သွားထမ်း လာကြောင်းကို ပြောပြသည့်အခါ မှောင်မည်းနေသော နေရာ၌ ရေထမ်းလာသည်ကို မျက်စိထဲတွင် မြင်ယောင် လိုက်မိသည်။

'မိုးအရမ်းချုပ်တော့ အန္တရာယ်များတာပေါ့ ညီမ ရယ်။ ရေခပ်ရတဲ့ နေရာက ဝေးနေလား'ဟု စိတ်ပူပြီး ပြန်၍ မေးဖြစ်လိုက်သည်။

'သိပ်မဝေးပါဘူး၊ နည်းနည်းတော့လှမ်းတယ်။ အရင် တုန်းကဆိုလျှင် ယောက္ခမက ရေတွင်းတူးပေးထားသော ကြောင့် အဆင်ပြေတယ်။ အခု ရေတွင်းအနီးမှာ ယောက္ခမ က ဈေးစာကျွေး၊ တခြားညီမတွေက ပန်းကန်ဆေးပြီး စားကြွင်းစားကျန်တွေ ပစ်ပစ်သွားလို့ ရေတွင်းပျက်တာ အစ်မရဲ့။ သမီးက ရေတွင်းဆယ်ဖို့ သွားမေးသေးတယ်။ တစ်သိန်းလောက် ကုန်မယ်ဆိုတော့ သမီးလစာ တစ်လ နီးပါး ကုန်မယ့်အတွက် သမီး မတတ်နိုင်ဘူး။ စုပေါင်းပြီး လုပ်ဖို့ကျတော့ တခြားသူတွေက မထည့်ချင်ဘူး အစ်မရဲ့'

ဟု ပြောလာသော ညီမငယ် ချစ်စုကို-

'ညီမရဲ့ ယောက္ခမတွေရော ထမ်းသုံးရတာပဲလား'

ဟု မေးရာ-

'ဟုတ်တယ်၊ အထမ်းသည်ကိုပဲ ခေါ်ထည့်ခိုင်းရ တာ'ဟု ပြောရင်း ထမင်းစားဝိုင်းကို လက်စသတ်၍ ကိုယ့်အလုပ်ရှိရာနေရာကို ဆက်လာ၍ လုပ်မြဲအလုပ်ကို သာ ဆက်လုပ်နေကြသည်။

မနေနိုင်သော စာရေးသူက 'ညီမရယ်··ဘယ်လို နည်းနဲ့ပဲဖြစ်ဖြစ် ရေတွင်းကို ပြန်ဆယ်လိုက်ပါလား။ အမှိုက်မပစ်နိုင်အောင် ကြိုးစားဆောင်ရွက် လုပ်ကိုင်ရင် ခြံထဲမှာရှိတဲ့လူတွေ အကုန်လုံး အဆင်ပြေသွားတာပေါ့'

ဟု ထပ်ပြောမိရာတွင်-

'အဆင်ပြေလည်း ခဏပဲဖြစ်မှာ။ စည်းကမ်းရှိတာ မဟုတ်လို့ မကြာခင် ပြန်ပျက်မှာ။ တစ်သိန်းပဲ ဆုံးလိမ့် မယ်'ဟု ပြန်ပြောသော ညီမငယ်ကို ဘာမျှထပ်မပြော တော့ဘဲ အလုပ်ကိုသာ ဆက်လုပ်မိနေသည်။

များမကြာမီကာလတွင် အလုပ်၏ စားပွဲသို့ ရှင်ပြု ဖိတ်စာနှင့်အတူ ညီမငယ်ချစ်စု လာရောက်၍ အလှူဖိတ် သည်။ ဆက်ဆက်လာစေချင်သည်ဟုဆို၍ မအားမလပ် သည့်ကြားမှ အလုပ်များကို ကြိုးစားလုပ်ကာ အလှူသို့ သွားရောက်ခဲ့သည်။ စာရေးသူ သွားချိန်တွင် အလှူမှ ဧည့်သည်များ များစွာလာရောက်ပြီးသော အချိန်ဖြစ်၍ အေးဆေးစွာ ဧည့်ခံနိုင်သောအချိန် ဖြစ်သည်။

ကိုယ်ကိုယ်တိုင် လှပအောင် ခြယ်မှုန်းထားသော အလှူ့ဒါယိကာမ ချစ်စုမွန်ကို အလှူအတွက် သာရေခေါ် ကြောင်း ပြောနေစဉ်တွင် ညီမက အစ်မရယ်··အရပ်က ဆိုင်းဝိုင်းငှားခိုင်းတယ်။ အိုးစည်ဒိုးပတ်ပါမှ စည်ကားတာ ပေါ့လို့ပြောလို့ နှစ်သိန်းခွဲနှင့် ဆိုင်းဝိုင်းငှားခဲ့ရကြောင်း၊ မနက်စောစောလာခဲ့လျှင် လွန်စွာစည်ကားသော အလှူ ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိ၏အလှူကို ကြည်နူးစွာ ပြောဆိုနေသော ညီမကိုကြည့်၍ မိမိတွင်ပင် အပျော်ကူး စက်မိသည်။

ဖိတ်ရက်ပြီး၍ ပုံမှန်အလုပ်ဆင်းချိန်တွင် ညီမချစ်စု နှင့် ထမင်းအတူစား၊ အတူနေရာမှ ညီမက အလှူအတွက် နှစ်ဆယ့်လေးသိန်း ချေးငှားထားရကြောင်း၊ အတိုးများ ကြောင်း၊ တစ်နှစ်ကျော်အောင် ကြိုးစားဆပ်ရမည်ဖြစ် ကြောင်း ပြောဆိုသည့်အတွက် ရင်ထဲတွင် အံ့ပူလုံးပူမိ သည်။

'ညီမရေ··ရေခပ်ရသေးလား'ဟု မေးမိရာ 'အရင်လို ပဲ ရေသည် မလာရင် ညဘက် ရေခပ်ရတယ် အစ်မ'ဟု ပြောရာ စာရေးသူ၏ မျက်စိထဲတွင် ပြင်ယူ၍ရသော ရေတွင်းပျက်လေးကို ပြေးမြင်မိသည်။

ငွေကုန်ကြေးကျများစွာ အကုန်အကျခံခဲ့သော အလှူ နှင့် မိမိကိုယ်တိုင်လည်း အဆင်ပြေနိုင်သော အလှူများကို ကျော်လွှား၍ ပရိက္ခရာရှစ်ပါးနှင့် လိုအပ်သည်များကိုသာ

www.burmeseclassic.com

www.burmeseclassic.com

ကြိုးစား၍ လုပ်နိုင်ပြီး ရှင်တစ်ပါးဖြစ်နိုင်ချိန်တွင် ချဲလျှင်ချဲ့သလို ကျန်နိုင်သည့် အရာများစွာကို အတိုးများစွာဖြင့် နှစ်ရှည်ဆပ်ရမည်ကို တွေး၍ စိတ်ပူမိသည်။

ဆရာတော်ဘုရားများ၏ ဆုံးမစကားတွင် အလှူလှူရာဝယ် လိုအပ်နေသော အချိန်မျိုးတွင် လှူရသောအလှူများသည် လွန်စွာအကျိုးပေးကြောင်း နာကြားဖူးသော စာရေးသူသည် ညီမငယ်ချစ်စုကို ရေတွင်းလေး ပြန်ဆယ်လိုက်ပါဟုသာ ပြောလိုက်ချင်သည်။

စာရေးသူ၏ဘဝတွင် ကိုယ်တိုင်သော်လည်းကောင်း၊ နီးစပ်ရာဆွေမျိုး သူငယ်ချင်းများထံမှ ကြည့်၍သော်လည်းကောင်း လေ့လာမှတ်သားထားမှုများစွာတွင် အချိန်နှင့်နေရာဒေသကိုကြည့်၍ လိုအပ်သည်များကို လှူဒါန်းမှုများသည် အလှူပြုလုပ်သူထံ လျင်မြန်စွာ အကျိုးပေးမှုများ၊ မြန်စွာအကျိုးပေးမှုများ ငွေကြေးအဆင်ပြေမှုများ များစွာရရှိသည်ကို ကိုယ်တွေ့ကြုံခဲ့ရသည်။

မိဘမှာ အစိုးရဝန်ထမ်းဖြစ်၍ အလုပ်ကို လိုင်းကားနှစ်ဆင့်တိုးစီးပြီး ကြိုးစားရုန်းကန်နေရသော ကလေးနှစ်ယောက်အမေ နိုင်နိုင် တစ်ခါက အမှတ်မထင် ပြောခဲ့ဖူးသော သူမ၏အလှူ၊ မည်သူမျှ မသိလိုက်ပေမယ့် စာရေးသူက မှတ်မိနေသည့် သူမ၏အလှူ။ သူမသည် အသက်အရွယ်ကြီးသော ဖခင်၏သွားအံကပ်အတွက် သူမ၏လက်ကောက်ကလေးကို ပေါင်နှံ၍ ပြုလုပ်ပေးခဲ့ကြောင်း၊ အလှူအကြီးမဟုတ်ပေမယ့် သူမဖခင်ကို ကြည့်ရသည်မှာ သွားအလွန်ပျော်ကြောင်း၊ ပီတိခဏ,ခဏဖြစ်မိသည်ဟု ပြောဖူးရာတွင် စာရေးသူက ခဏ,ခဏတွေးမိရင်း ခဏ, ခဏ ကုသိုလ်ရတော့မည်ဟု ပြောမိခဲ့သည်။

ထိုညီမ နိုင်နိုင်သည် အလုပ်တက် အလုပ်ဆင်း ကားစီးရာတွင် သူရသည့် ကားနေရာကိုလည်း အမြဲပင် လူကြီးသူမ၊ ကိုယ်ဝန်သည်၊ ကလေးငယ်များကို အမြဲပင် လှူလှူနေသည်ကို စာရေးသူ လေ့လာတွေ့ရှိမိသည်။ ဝါးစပ်မှ ထုတ်ဖော်မပြောမိသော်လည်း သူမ လှူနေသည်ကို သတိထားမိသည်။ သူမ၏နေရာ ဖယ်ပေးလိုက်ရ၍ သူမ ဆင်းသည့်မှတ်တိုင်အထိ မတ်တတ်ရပ် စီးရသော်လည်း အပြုံးမပျက်ခဲ့ပေ။

ကံကြမ္မာအလှည့်အပြောင်းတွင် နိုင်နိုင်သည် စာရေးသူနှင့် အတူတူလုပ်သောအလုပ်မှ ထွက်ခွာသွားခဲ့သည်။ နိုင်နိုင် အလုပ်ထွက်ပြီး တစ်နှစ်အကြာတွင် မင်္ဂလာဆောင်တစ်ခု၌ အမှတ်မထင် ညီမနိုင်နိုင်ကို တောက်ပသစ်လွင်သော အင်္ကျီအဝတ်အစားများနှင့် သူမ၏ခင်ပွန်းက ကားကိုမောင်း၍ မင်္ဂလာဆောင်လာကြသည်။ ရိုးသားသော နိုင်နိုင်က သမီး ကားဝယ်ထားတယ် အစ်မဟု ကြွားဝါခြင်းမရှိသော မျက်နှာနှင့် ပြုံးပြုံးရွှင်ရွှင်ပြောသော ညီမငယ်ကို ကြည့်၍ လွန်စွာပီတိဖြစ်မိသည်။

ကာလ၊ ဒေသကိုလိုက်၍ လိုအပ်သော နေရာတွင် လိုအပ်သလို လျင်မြန်စွာလှူတတ်သော ညီမနိုင်နိုင်၏ ရိုးရှင်းသော အလှူလေးများမှ ကုသိုလ်သည် သူမ လိုအပ်သောအချိန်တွင် အကျိုးပေးလေပြီ။ ငွေကြေးများစွာ အကုန်အကျခံ၍လှူမှ အလှူမြောက်ခြင်း၊ ကုသိုလ်ရခြင်း မဟုတ်ပါ။ ကြွေးတင်ပြီး လှူရသဖြင့် သောကနှင့် လှူရသော ဒါနသည် အကျိုးပေး နည်းသည်။

ဘုရားရှင်လက်ထက်က စိတ်သန့်သန့်ဖြင့် ဆွမ်းလှူခြင်း အကျိုးသည် ဆယ်နာရီတွင် လှူသောအလှူသည် တစ်နာရီတွင် အကျိုးပေး လျင်မြန်စွာရရှိသည်။ ဘုန်းဘုန်းတရားများကို နာကြားခြင်းအားဖြင့် အလှူလှူရာတွင် စောကြီး(၇)ကြိမ်ရှိသည်။ ပထမစောက ချက်ချင်း ဒီဘဝမှာ အကျိုးပေးသည်။ သတ္တမစော ခုနစ်ကြိမ်မြောက်စောက နောက်ဘဝမှာ အကျိုးပေးသည်။ အလယ်စောငါးချက်က တတိယဘဝမှ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အကျိုးပေးသည်။

စေတနာအပြည့်ဖြင့် လှူသောအလှူသည် ကုန်ကျမှုနည်းသော်လည်း ကုသိုလ်အကျိုးပေးကား ကြီးမားလေသည်။ ယခု ညီမနိုင်နိုင်နှင့်ပတ်သက်၍ စာရေးသူ သိသော အလှူလေးများမှာ နည်းပါးပါလိမ့်မည်။ စာရေးသူ မသိသော အလှူလေးများလည်း အများအပြားရှိပါလိမ့်မည်။ ထို့ကြောင့် အလှူလှူရာတွင် ငွေကြေးပမာဏ နည်းခြင်း၊ များခြင်း၊ အလှူစည်ကားသိုက်မြိုက်ခြင်းတို့သည် အဓိကမဟုတ်ဘဲ စေတနာသန့်ရှင်းစွာဖြင့် ကာလ ဒေသ အလှူကို လှူတတ်ကြစေရန် ရည်ရွယ်ရေးသားလိုက်ရပါသည်။

(၇)နေ့သားသမီးများ ကျက်သရေတိုး၍ ရောဂါကင်း ရှင်းကြပါစေ။

စောယုနန္ဒာ(ဆေးရင်ခွင်)



www.burmeseclassic.com

www.burmeseclassic.com

ကဲ့ ဝီရိယ မည်သည်က ဖြစ်ပါသလဲ

တစ်နေ့ ဓာရာနဂရမြို့တော်ကြီးရဲ့ နန်းတော်ညီလာခံ သဘင်ကြီးမှာ ပညာရှိကဝိ အမတ်အပေါင်းတို့ စုံစုံညီညီ ရောက်လာကြပြီး ညီလာခံသဘင် စတင်တော့တယ်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ညီလာခံစစချင်းပါပဲ ဘောဓဘုရင်ကြီးက ပုစ္ဆာတစ်ပုဒ်ကို မေးလာပါတယ်။

'အို..ကဝိအမွန် လူရည်ချွန်တို့၊ သည်လောကကြီးမှာ ကံနဲ့ ဝီရိယတို့နှစ်ပါးမှာ ဘယ်ဟာက မွန်မြတ်သလဲ'

တစ်ထောင့်လေးရာကျော် မှူးမတ်အပေါင်းတို့က ဝီရိယ၊ လုံ့လ စိုက်ထုတ်လုပ်ကိုင်မှ ကိုယ့်ဘဝ ကြီးပွားတိုးတက်မယ်လို့ အားလုံးနီးပါးက လျှောက်တင်လိုက်ကြပေမယ့် ဆရာကာလီဒါသကတော့ ဘာမှမပြောဘဲ သည်အတိုင်း ထိုင်နေပါတယ်။

'အရှင်းကာလီဒါသ၊ သင်ကရော ဝီရိယသာ မြတ်တယ်လို့ ဆိုလိုတာလား'

သည်တော့မှ ဆရာကာလီဒါသ မတ်တတ်ထရပ်ပြီး ရဲရဲဝံ့ဝံ့ လျှောက်တင်လိုက်တယ်။

'ကံကသာ သည်လောကမှာ အမြတ်ဆုံး၊ အသာဆုံး၊ အမွန်မြတ်ဆုံး ဖြစ်ပါတယ် အရှင်မင်းမြတ်'

'ဟဲ့..မောင်မင်းက အားလုံးနဲ့ ဆန့်ကျင်နေတာပဲ ကိုးကွယ့်။ ဒါဆို မောင်မင်း ကံသာ အမြတ်ဆုံးဆို သာဓကပြပါ'

'ဟုတ်ပါတယ်၊ ကံသာ မြတ်တယ်ဆိုရင် သာဓကပြပါ အရှင်ကာလီဒါသ'

ဘောဓဘုရင်ကြီးနဲ့ ဝီရိယမှူးမတ်အပေါင်းတို့က သာဓကပြဖို့ တောင်းဆိုလိုက်ကြတယ်။

'အရှင်းကာလီဒါသ..ကံသာရှိပြီး ဝီရိယမရှိဘဲ အိပ်ပြီးသာနေမယ်ဆိုရင် စားဝတ်နေရေးအတွက် ဘယ်လိုပြေလည်ပါ့မလဲကွယ်။ စဉ်းစားပါဦး မောင်မင်း'

'စဉ်းစားစရာမလိုပါ အရှင်မင်းမြတ်၊ မည်သို့ပင် လုံ့လကြီးကုတ် အားထုတ်ပါသော်လည်း ကံမရှိလျှင် မည်သည့်အကျိုးမှ မရနိုင်ပါ။ ပေးသင့်ပေးထိုက်လို့ ကံတရားကသာ ပေးလာပါက ဘယ်တရားကမှ တားလို့မရပါဘူး မင်းကြီး။ နောက် ကံတရားကို ဘယ်သူမှလည်း တားဆီးလို့ မရနိုင်ပါ။ ကံသာလျှင် ပဓာနကျပြီး ဝီရိယကသာ သာမညပါ'

ဆရာကာလီဒါသကို အကောက်ကြံဖို့ ချောင်းနေတဲ့ မှူးမတ်အချို့က မင်းလိုလိုက် မင်းကြိုက်ဆောင်ပြီး အဆင်း ဘီးတွန်းလိုက်ကြပြန်တယ်။

'မင်းကြီး..ကံသာလျှင် အဓိကကျသည်ဆိုပါလျှင် သာဓကပြဖြစ်အောင် ပြနိုင်းစေချင်ပါတယ်ဘုရား။ ဒါမှ မင်းကြီးရော ကျွန်တော်မျိုးတို့ရော ယုံကြည်ပါမည်ဘုရား'

ဘောဓဘုရင်ကြီးကလည်း အများအား ဘုရားမခံသာ ဆိုသလိုပါပဲ အမိန့်ချလိုက်ရပါတော့တယ်။

'အရှင်းကာလီဒါသ..ကံရှိသူသည် ဝီရိယရှိသူထက် သာလွန်သည်လို့ သင်အတန်တန် ဆိုတယ်။ မှန်၊မမှန်ကို သင် သာဓကသာ ပြပေတော့ မောင်မင်း'

'မင်းကြီး..အခု သာဓကပြရန် မလွယ်သေးပါ။ မကြာခင် သာဓကပြနိုင်ပါလိမ့်မယ်'

ဘောဓဘုရင်ကြီးလည်း ဆရာကာလီဒါသ လျှောက်ထားတာကို လက်ခံပြီး ညီလာခံသိမ်းလိုက်တော့တယ်။

တစ်နေ့ညနေခင်းအချိန် မြစ်အတွင်းက တိုက်ခတ်လာတဲ့ လေနုအေးလေး တသွေးသွေးလေးနဲ့အတူ ဘောဓဘုရင်ကြီးသည် ဆရာကာလီဒါသနဲ့ မှူးမတ်တွေခြံရံပြီး မြစ်ကမ်းဘေးက လျှောက်နေရင်း ဘောဓဘုရင်ကြီးက ဆရာကာလီဒါသကို စကားစလိုက်တယ်။

'အရှင်းကာလီဒါသ၊ ဝီရိယက ကံထက်သာလွန်မြင့်မြတ်တာကို လက်မခံနိုင်သေးဘူးလားကွယ်'

'မှန်ပါတယ် မင်းကြီး၊ ကံရှိသူသည် ဝီရိယရှိသူတို့ထက် သာလွန်မြင့်မြတ်ကြောင်းကို ကျွန်တော်မျိုး လျှောက်တင်ပြီးပါပြီ'

ဆရာကာလီဒါသရဲ့ လျှောက်တင်လိုက်တဲ့ စကား ကြောင့် ဘောဓဘုရင်ကြီး ဒေါသထွက်လာကာ လက် လက်စွပ်ကို ချွတ်လိုက်ပြီး မြစ်ထဲကိုပစ်ချကာ ဒေါသ အမိန့်ပေးလိုက်တော့တယ်။

'အရှင်းကာလီဒါသ၊ သင်သည် ကံကိုသာ အား သူဖြစ်တယ်။ သည်လိုသာဆို အခု ကျွန်ုပ်ပစ်ချလိုက် လက်စွပ်ကို တစ်လအတွင်း သင့်ကံကို အားကိုး ရအောင်ယူချေ။ တစ်လပြည့်လို့ မရခဲ့ပါက သင့်ဦး ကို ငါ ဖြတ်ရမယ်'

ဘောဓဘုရင်ကြီးလည်း ဒေါသနဲ့ပြောဆိုပြီး တော်ကို ပြန်ကြွသွားတော့တယ်။

ဆရာကာလီဒါသကို ချစ်ခင်လေးစားကြတဲ့ မှူး တွေက လက်စွပ်တော့ပြန်ရဖို့ လမ်းမမြင်ချေဘူး။ ကာလီဒါသတော့ သည်တစ်ခါ ဒုက္ခအ

www.burmeseclassic.com

ရောက်ပါပေါ့လားလို့ စိုးရိမ်ကြင်နာကြသလို အကောက်ကြံနေကြတဲ့ မှူးမတ်တို့က သည်တစ်ခါ ကာလီဒါသတော့ ကြိမ်းသေ သေရမှာပဲလို့ ဝမ်းသာကြတယ်။

ဘောဇဘုရင်ကြီး နန်းတော်ကို ပြန်သွားတော့ ဆရာကာလီဒါသက အစောင့်တွေကိုခေါ်ပြီး အစောင့်ချထားလိုက်ကာ သည်နားတစ်ဝိုက် ရေမချိုး၊ ငါးမရှာရ၊ လက်စွပ်ကိုပြန်ရအောင် အားထုတ်သူ မရှိစေရလို့ အမိန့်ပေးထားလိုက်တယ်။

ဆရာကာလီဒါသက ကံတရားကိုသာ ယုံကြည်သူမို့ အေးအေးသာနေပါတယ်။ ဤသို့ဖြစ်ပျက်ခဲ့ပြီး တစ်လပြည့်ဖို့ တစ်ရက်အလိုမှာ ဘောဇဘုရင်ကြီးက ဆရာကာလီဒါသကိုခေါ်ပြီး ဖျောင်းဖျတော်မူတယ်။

'အချင်းကာလီဒါသ၊ လက်စွပ်ရပြီလော။ မရသေးလျှင်လည်း ရှိပါစေတော့။ သင်ကသာ ကံရှိသူထက် ဝီရိယရှိသူက သာလွန်ကြောင်း ဝန်ခံပါက သေဒဏ်မှ ချမ်းသာပေးအံ့'

'အရှင်မင်းမြတ်..ကျွန်တော်မျိုးသည် အမှန်တရားကို အမှားမလုပ်ဝံ့ပါ။ ကံရှိသူသာ မှန်မြတ်ပါတယ်'

ဆရာကာလီဒါသကို ပြုပြင်နိုင်းတာ မရလို့ ဘောဇဘုရင်ကြီး ဒေါသထွက်ပြီး မျက်နှာလွှဲတော်မူလိုက်တယ်။ သည်လိုနဲ့ တစ်လပြည့်သွားတော့ ဘောဇဘုရင်ကြီး သံယောဇဉ်မဖြတ်နိုင်ဘဲ ခေါ်မေးပြန်တယ်။

'အချင်းကာလီဒါသ..သည်နေ့ တစ်လပြည့်သွားပြီ။ လက်စွပ်ရပြီလား'

'အရှင်မင်းမြတ်..ကျွန်တော်မျိုး ကံတရားက လက်စွပ်ကို လာရောက်မပို့သေးပါ'

'ဒါဆို သင်သေဖို့သာ ပြင်ဆင်ထားပေတော့ မောင်မင်း'

ဆရာကာလီဒါသကို အကျဉ်းချထားလိုက်တယ်။ သည်လို ချုပ်နှောင်ထားပြီး ရက်အနည်းငယ်ကြာတော့ ဘောဇဘုရင်ကြီးက ကရုဏာသက်တော်မူပြီး စကားပြန်ပြင်နိုင်းပြန်တယ်။

'အမောင်ကာလီဒါသ.. သင်သည် ကံရှိသူထက် ဝီရိယရှိသူကသာ သာလွန်မှန်မြတ်တယ်လို့ သဘောတူလိုက်ပါတော့လားကွယ့်။ သင့်ကို ကျွန်ုပ် အပြစ်ဒဏ်က အခုပင် လွှတ်ပေးလိုက်မယ်'

'အရှင်မင်းမြတ်..အသတ်ခံရလို့ သေရမယ့်ကံ ပါလာသူသည် အမှန်ပင် သေရပါမည်'

'အချင်းကာလီဒါသ..ကျွန်ုပ် သင့်ကို နောက်ဆုံးအခွင့်အရေးပေးခြင်း ဖြစ်တယ်။ ကဲ..လက်မရွံ့အာဏာသားတို့သည် တစ်ယူသန် ငမိုက်သားကို တစပြင်ကို ခေါ်သွားပေတော့'

ဘောဇဘုရင်ကြီးမှာ ကရုဏာဒေါသောနဲ့ အာဏာသားတို့ကို အမိန့်ပေးပြီး မျက်နှာမကောင်းစွာနဲ့ အဆောင်တော်ထဲကို ဝင်သွားတော့တယ်။ အာဏာသားတို့ကလည်း ဆရာကာလီဒါသကို တစပြင်ကို ခေါ်ဆောင်သွားတော့တယ်။

ဘောဇဘုရင်ကြီးက ဆရာကာလီဒါသကို ကွပ်မျက်ရန် အမိန့်ထုတ်လိုက်ပြီဆိုတာကို ကြားလိုက်ရတဲ့ ဓာရာနဂရပြည်သူပြည်သားအားလုံးရဲ့ ရင်ထဲမှာ ယူကျုံးမရဖြစ်ကြရတော့တယ်။ ပြည်သူပြည်သားတို့က ဆရာကာလီဒါသကို ချစ်ခင်ကြည်ညိုကြတာဆိုတော့ အချည်းနှီး အသတ်ခံရမှာကို မလိုလား မမြင်လိုကြပေ။

အချို့က ငိုယိုကြ၊ တချို့က ဆရာကာလီဒါသ လွှတ်မြောက်ရန် ဘောဇဘုရင်ထံမှာ တောင်းဆိုကြဖို့ နန်းတော်ကို သွားနေကြတယ်။

ကွပ်မျက်ရန်ကလည်း အချိန်နီးကပ်လာချေပြီ။ လက်မရွံ့အာဏာသားတို့က ဆရာကာလီဒါသကို လူသတ်စင်ပေါ် တင်လိုက်ပါပြီ။

'ကဝိမြတ်..အသင့်ကို မင်းကြီးက သတ်စေအမိန့်ချလိုက်ပါပြီ။ ယခု နောက်ဆုံးအချိန်မှာ အရှင် ဘာကို အလိုရှိပါသနည်း။ ပြောပါ၊ ဆောင်ရွက်ပေးပါ့မယ်'

ပါးကွက်အာဏာသား အကြီးအမှူးက ရိုရိုသေသေ ပြောဆိုလိုက်ချိန်မှာပဲ ဆရာကာလီဒါသထံပါးကို ရသေ့ကြီးတစ်ပါး ကြွလာပါတယ်။

'ကဝိမြတ်ကာလီဒါသ..သင်သည် ရှေးအတိတ်ကံဘဝက အကုသိုလ်ကံကြောင့် အခုလို အချုပ်အနှောင်ခံရပေတယ်။ သည့်အတွက်ကြောင့် အကုသိုလ်ကံ ပပျောက်သွားစေရန် ကုသိုလ်ကောင်းမှု ◌စ်ခုခု ပြုလုပ်ပါလေ။ အခု မနက်အချိန်အခါဖြစ်လို့ ငါ အလွန်ဆာလောင်မွတ်သိပ်နေတယ်။ ငါ့ကို ငါးတစ်ကောင်ချက်ပြီး လှူဒါန်းပါတော့'



www.burmeseclassic.com

www.burmeseclassic.com

'ရသေ့မြတ်··တပည့်တော်သည် အမျိုးဇာတ်အားဖြင့် မြင့်မြတ်သူဖြစ်ပါတယ်။ သည့်အတွက်ကြောင့် သူတစ်ပါး အသက်ကို မသတ်ဝံ့ပါ အရှင်'

(ဆရာကာလီဒါသတို့ လူမျိုးက ဗြဟ္မဏလူမျိုးဖြစ်၍ သက်သတ်လွတ်စားပါတယ်။)

'သင်သည် ယခုအခါမှာ သေရအံ့ဆဲဆဲ ဖြစ်နေပါပြီ။ ငါ့အား ငါးချက်လှူဒါန်းခဲ့လျှင် သင်နဲ့ သင့်ဇနီး၊ သားသမီးတွေ မုချသုခကောင်းကျိုးရပါလိမ့်မယ်'

ရသေ့ကြီးကလည်း တိုက်တွန်းသလို လာရောက်ကြည့်နေကြတဲ့ ပရိသတ်တွေကလည်း ငိုယိုတောင်းပန်ကြတယ်။ လူအုပ်ထဲမှာလည်း တံငါသည်တစ်ဦးက ငါးတစ်ကောင်ကိုင်ပြီး ကြည့်နေတယ်။

'အရှင့်သား··ကျွန်ုပ်ထံမှာရှိနေတဲ့ ငါးကြင်းကို အရှင်ပေးလိုသမျှ ပေးပါ။ သည်ငါးနဲ့ အရှင် ကုသိုလ်ပြုပါလော့'

သည်အသံတွေကို ကြားရတော့ ဆရာကာလီဒါသ သဘောတူပြီး ငါးကိုဝယ်လိုက်ပြီး ပိုမိုကုသိုလ်ဖြစ်စေရန် ကိုယ်တိုင်ပင် ငါးကို ခွဲစိတ်ဆေးကြောသန့်စင်တော့ ငါးရဲ့ အစာအိမ်ထဲမှာ မာကျောတဲ့ အရာဝတ္ထုကို လက်နဲ့စမ်းသပ်မိလို့ ငါးအညစ်အကြေးတွေကို ရေစင်အောင် ဆေးကြောလိုက်တော့ ဘောဇဘုရင်ကြီးရဲ့ လက်စွပ်ကို တွေ့ရတော့တယ်။ လက်စွပ်ကို တွေ့တာနဲ့ မတ်တတ်ထရပ်ပြီး ရသေ့ကို ရှိခိုးရန်ကြည့်လိုက်တော့ ရသေ့ကို မတွေ့ရတော့ဘဲ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားတာကို အံ့သြစွာတွေ့ရတော့တယ်။

'ဟော့··အာဏာသားအပေါင်းတို့၊ ကံတရားသည် ကျွန်ုပ်ကို စောင့်ရှောက်ခဲ့ပြီ။ ကျွန်ုပ်အား ဘုရင်မင်းမြတ်ထံ အမြန်ပို့ကြတော့'

မင်းချင်းတို့ကလည်း ဝမ်းသာအားရနဲ့ နှောင်ကြိုးတို့ကို ဖြေပေးကြပြီး ဘောဇဘုရင်ကြီးထံကို ပို့ဆောင်ပေးကြတယ်။ ဘောဇဘုရင်ကြီးက ဆရာကာလီဒါသကို သရော်ပြုံးနဲ့ မထိတရိ ကြည့်နေပါတယ်။

'ကာလီဒါသ··ကံရှိသူထက် ဝီရိယရှိသူက သာလွန်မြင့်မြတ်တယ်လို့ လာပြီးပြောဆိုတာ ဖြစ်ရမယ်။ ငါ ငြင်းဆိုမှပဲ' လို့ စိတ်ကူးထားတယ်။

ဆရာကာလီဒါသ ဘောဇဘုရင် ရှေ့တော်မှောက်ကိုရောက်တော့ ဦးစွာ အရိုအသေပြုတဲ့အခါ မင်းကြီးက စိတ်ဆိုးဟန်ဆောင်ပြီး ဟောက်လိုက်တယ်။

'ဖွတ်တရွတ်ပြောဆိုတတ်တဲ့ ကာလီဒါသ၊ သေခါနီးမှ နူးညံ့သိမ်မွေ့နေတာ အလကားပဲ။ အသင်က ကံရှိသူထက် ဝီရိယရှိသူက သာလွန်မြင့်မြတ်တယ်လို့ အခုအချိန်မှာ လာဝန်ခံနေလို့ အပိုပဲ။ အသက်ချမ်းသာရမယ် မထင်လေနဲ့'

'အရှင်မင်းမြတ်··အကျွန်ုပ်သည် ကံတရားကိုသာ လက်ကိုင်ထားသူ ဖြစ်ပါတယ်။ ကျွန်တော်မျိုးရဲ့စကားကို မည်သည့်အခါမှ ပြင်ပြီးတင်လျှောက်မှာ မဟုတ်ပါ'

ဆရာကာလီဒါသ လျှောက်ထားလိုက်တာကို ကြားလိုက်ရတော့ ဘောဇဘုရင်ကြီး အလွန်ကို အံ့သြသွားပါတယ်။

'အချင်းကာလီဒါသ·· သင်သည် သေခါနီးတာတောင် အလျှော့ပေးလိုသူ မဟုတ်ပါလား။ ဒါဆို အသင်ကျွန်ုပ်ထံ ဘာကြောင့်လာရသတုန်းဟဲ့'

'အရှင်မင်းမြတ်··ကျွန်ုပ်ပြန်လာရခြင်းက ဝီရိယရှိသူထက် ကံရှိတဲ့သူက သာလွန်မွန်မြတ်ကြောင်းကို အရှင်မင်းကြီး ဝန်ခံစေလိုသောကြောင့် ဖြစ်ပါတယ်'

'ဒါဆို ကောင်းပေပြီ၊ ကျွန်ုပ်လက်စွပ်ကို အခု လက်တွေ့ပြလေလော့'

ဆရာကာလီဒါသက အသင့်ယူဆောင်လာတဲ့ ဘောဇဘုရင်ကြီးရဲ့လက်စွပ်ကို ဘောဇဘုရင်ကြီးလက်ထဲကို ဆက်သလိုက်တော့ ကိုယ်တိုင်မြစ်ထဲကို ပစ်ချလိုက်တဲ့ လက်စွပ်ကို ပြန်ရတော့ အံ့သြဝမ်းသာပြီး ထပ်မေးလိုက်တယ်။

'ကဝိမြတ်··ဤလက်စွပ်ကို ဘယ်က ရခဲ့ပါသနည်း'

'အရှင်မင်းမြတ်··ကျွန်ုပ်ကံတရားကသာလျှင် သည်လက်စွပ်ကို ယူဆောင်လာပါတယ်။ အကယ်၍ ကံကသာ ဖေးမ,ကူညီခြင်းမရှိပါက အကျွန်ုပ် အဘယ်ကဲ့သို့ ရနိုင်ပါမည်နည်း'

ဘောဇဘုရင်ကြီးလည်း ဆရာကာလီဒါသကို အသက်ဘေးမှ ချမ်းသာခွင့်ပေးလိုက်ပြီး ဆုတော်လာဘ်တော်တို့ကိုပါ များစွာချီးမြှင့်ပေးသနားတော်မူလိုက်တယ်။ နောက်နေ့ ညီလာခံရောက်တော့ မှူးမတ်တွေအရှေ့မှာ ကံကသာ ဝီရိယထက် သာလွန်မြင့်မြတ်ကြောင်းကို လူ

www.burmeseclassic.com

www.burmeseclassic.com

ဗိုရှင်ကြား ဝန်ခံလိုက်တော့တယ်။

**ဗိတ်တိတ်နေတော့ ထောင်တန်တာပေါ့**

တစ်နေ့မနက် ဘောဓဘုရင်ကြီးက ညီလာခံမှာ ဆရာကာလီဒါသကို အမိန့်ပေးလိုက်ပါတယ်။

'အချင်းကာလီဒါသ..ကျွန်ုပ်ထံကို အရာရာတိုင်းမှာ ကျွမ်းကျင်လိမ္မာပြီး ပညာဉာဏ်နဲ့ပြည့်စုံကာ မေးသမျှပြဿနာပုစ္ဆာတွေကို ချက်ချင်းဖြေဆိုနိုင်တဲ့ ပညာရှိတစ်ဦးကို ရှာဖွေပြီး ခေါ်ခဲ့ရမယ်'

ဆရာကာလီဒါသလည်း ဘောဓဘုရင်ကြီးရဲ့ အမိန့်ချမှတ်တာကို စဉ်းစားရတော့တာပေါ့။

'သည်ဘုရင်ကလည်း နန်းတော်ထဲမှာ မှူးမတ်ပညာရှိ ပုရောဟိတ်သုခမိန်တွေ၊ ကုန်သွယ်တဲ့ နေရာမှာလည်း ကျွမ်းကျင်လိမ္မာတဲ့ ပညာရှိတွေ ပြည့်စုံနေပါလျက် သည်လို မိန့်ကြားတာ သဘောရိုးတော့ မဟုတ်တန်ရာ။ အကြောင်းတစ်မျိုးမျိုးတော့ ရှိရမယ်လို့ တွေးတော့တယ်။

'မှန်ပါ အရှင်မင်းကြီး၊ မင်းကြီးအလိုရှိတဲ့ သုခမိန်တစ်ဦးကို ခေါ်ယူလာပေးပါ့မယ်'

ဆရာကာလီဒါသက လျှောက်ထားပြီး အိမ်ကို ပြန်ခဲ့တော့တယ်။ အိမ်ကိုမရောက်ခင် လမ်းပေါ်မှာ နွားနို့သည်တစ်ဦးကိုတွေ့ပြီး အကြံရကာ နွားနို့သည်ကို ခေါ်တွေ့တယ်။

'နွားနို့သည်ကြီး..အသင့်ကို ကျွန်ုပ် နောက်နေ့မနက် ဘုရင့်ထံကို ခေါ်သွားပါမည်။ အသင် ဟိုရောက်ရင် ဘုရင်မေးသမျှကို တစ်လုံးမှမဖြေဘဲ ဆိတ်ဆိတ်သာနေပါ။ သည်လိုလုပ်ပေးနိုင်ပါက အသင့်ကို အသပြာငွေများ ပေးမည်။ ကျွန်ုပ်ရော သင်ရော အကျိုးရှိမှာမို့ လိုက်လျောစေချင်တယ်'

ဆရာကာလီဒါသ စကားထဲမှာ အသပြာတွေ ရမယ်ဆိုတော့ အသပြာငွေတွေရရင် နွားတွေ ထပ်ဝယ်နိုင်မယ်။ ငါလည်း ကောင်းကောင်းဝတ်စားနိုင်မယ်လို့ တွေးပြီး လက်ခံလိုက်တယ်။

နောက်နေ့မနက်ကျတော့ ဆရာကာလီဒါသထံကို ရောက်လာတဲ့ နွားနို့သည်ကို အဝတ်အစားသစ်တွေ ဝတ်ပေးပြီး နန်းတော်ကို ခေါ်လာတော့တယ်။

ညီလာခံစတော့ ဆရာကာလီဒါသက နွားနို့သည်ကို နေရာချပေးပြီး ဘောဓဘုရင်ကြီးကို 'ပညာရှိကြီး ခေါ်လာပါပြီ။ မင်းမြတ် မေးလိုရာ မေးနိုင်ပါတယ်ဘုရား' လို့ လျှောက်ထားလိုက်တယ်။

ဘောဓဘုရင်ကြီးကလည်း ပညာရှိတွေကို လိုလားတဲ့သူဆိုတော့ မဆိုင်းဘဲ မေးမြန်းပါတော့တယ်။

'အသင်ပညာရှိ.. သင်သည် မည်သည့်အလုပ်ကို လုပ်ကိုင်သနည်း။ နာမည်ကရော ဘယ်လိုခေါ်သနည်း။ အဘယ်အရပ်မှာ နေပါသနည်း။ ဘယ်လိုအတတ်ပညာများရော တတ်ပါသနည်း'

နွားနို့သည်လည်း ဆရာကာလီဒါသ သင်ကြားထားတဲ့အတိုင်း မင်းကြီးအမေးတို့ကို တစ်ခွန်းမှမဆိုဘဲ နှုတ်ဆိတ်၍သာ နေပါတယ်။ ဘောဓဘုရင်ကြီးက နွားနို့သည် ဖြေဆိုသံမကြားလို့ ရိုးရိုးသာမန်ဧည့်သည်လို ပြောဆိုမေးမြန်းပေမယ့် စကားတစ်လုံးမှ မထွက်လာလို့ ဆရာကာလီဒါသကို လှည့်ပြီး အပြစ်ဆိုလိုက်တယ်။

'အချင်းကာလီဒါသ..သင်ခေါ်လာသူသည် ပညာရှိပါလို့ သင်ဆိုပေမယ့် ကျွန်ုပ်ထင်တာကတော့ ဆွံ့အနားမကြားသူသာ ဖြစ်လိမ့်မယ်။ သည်လိုလူမျိုးကို ကျွန်ုပ်ထံခေါ်လာပြီး ကျွန်ုပ်ကို အရှက်ခွဲတာလား။ မောင်မင်း အကြောင်းစုံ ရှင်းချေ'

'အရှင်မင်းမြတ်..သည်ပုဂ္ဂိုလ်သည် ပညာရှိသုခမိန် အမှန်ပင် ဖြစ်ပါတယ်။ အရှင်မင်းကြီးကို ညွှတ်ကိုင်းရိုသေလွန်းလို့ ဆိတ်ဆိတ်နေပြီး အဖြေပေးနေခြင်းပါ'

'တော်ပါ မောင်မင်းရယ်၊ မောင်မင်းပညာရှိ မောင်အကြီးက အမျိုးအမည်၊ အရပ်ဌာနေနဲ့ အတတ်ပညာကို မေးတာတောင် တစ်ခွန်းတောင်မှ မဖြေတာဆိုတော့ စိတ်မနှံ့တာလား၊ ဆွံ့အနားမကြားတာလား။ အသင်ပြောတဲ့ ဆိတ်ဆိတ်နေပြီး အဖြေပေးတာဆိုတာကို ရှင်းပြစမ်းပါဦး မောင်ကာလီဒါသရယ်'

'အရှင်မင်းမြတ်..ကဗျာဆရာတစ်ဦး ရေးထားတဲ့ ကဗျာတစ်ပုဒ် ရှိပါတယ်။ ကဗျာထဲမှာ မင်း၊ ယောဂီ၊ မီး၊ ရေဆိုတဲ့ လေးပါးမှာ မင်းတို့မည်သည် တိုင်းသူပြည်သားတို့အပေါ်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှသာ အချစ်ရှိတတ်ကြလို့ မကြာခင်မှာပဲ အပြစ်ဒေါသ ဝင်လာတတ်ကြလို့ မင်းနဲ့ ဝေးဝေးနေလို့ ဆိုထားပါတယ်။ သည်အတွက်ကြောင့် ကျွန်တော်မျိုးခေါ်လာတဲ့ ပညာရှိသည် သုခမိန်အမှန်ဖြစ်ပေ၍ အခုလို ဆိတ်ဆိတ်နေခြင်း ဖြ

www.burmeseclassic.com

ပါတယ်။ သုခမိန်ထံမှာ အဖြေများစွာ ရှိပါသော်လည်း မင်းကြီး မကြိုက်မနှစ်သက်တဲ့ အဖြေတွေ ပါလာပါက အမျက်တော်ရှပြီး အဆုံးစီရင်မှာစိုးလို့ အဖြေမပေးခြင်းဘဲ ဖြစ်ပါတယ်။ သည့်အပြင် တိတ်ဆိတ်နေခြင်းသည် လူတစ်ရာကို နိုင်နိုင်သည်ဟု စကားပုံအရ တိတ်တိတ်နေခြင်းသာ မြတ်တယ်လို့ ဆင်ခြင်ပြီး အဖြေမပေးခြင်း ဖြစ်ပါတယ် မင်းကြီး'

ဗောဓဘုရင်ကြီးက သုခမိန်ယောင်ဆောင်ထားတဲ့ နွားနို့သည်ကို လှည့်မေးလိုက်ပြန်တယ်။

'သုခမိန်ကြီး၊ ကာလီဒါသ ပြောတဲ့အတိုင်း မှန်ပါသလား'

'မှန်ပါတယ် မင်းကြီး၊ ဆရာကာလီဒါသ လျှောက်ထားသည့်အတိုင်း ဆုံးဖြတ်ထားခြင်းမို့ ဆိတ်ဆိတ်နေရခြင်း ဖြစ်ပါတယ်'

'ဩော်. ဆိတ်ဆိတ်နေ ထောင်တန်ပေ၏'

ဗောဓဘုရင်ကြီးက ဤသို့ဆိုပြီး ဆရာကာလီဒါသနဲ့ နွားနို့သည်တို့ကို ဆုတော်ငွေများ ပေးသနားတော်မူလိုက်တော့တယ်။

__ထင်းသည်တစ်ဦးရဲ့ဂါထာ__

ဗောဓဘုရင်ကြီးရဲ့ နန်းတော်ထဲမှာ ပညာရှိ တစ်ထောင်ကျော်တွေထဲက ဆရာကာလီဒါသဆိုတာ အားလုံးရဲ့ ခေါင်းချုပ်ပါပဲ။ ဗောဓဘုရင်ကြီးကလည်း ညာလက်ရုံးသဖွယ် အားထားသလို စွယ်စုံတစ်ချောင်းလို့ အခြားတိုင်းပြည်တွေတိုင် ကျော်ကြားသတင်း မွှေးပျံ့နေပါတယ်။

ဆရာကာလီဒါသရဲ့ ကျော်ကြားတဲ့ ဂုဏ်သတင်းကြောင့် အတိုင်းတိုင်းအပြည်ပြည်က ပညာရှိတွေ လာရောက်ကာ ပညာဖလှယ်ကြ၊ ပညာပြိုင်ကြတာတို့ နေ့စဉ်လိုလို ရှိနေကြတယ်။

တစ်နေ့မှာ တခြားတိုင်းပြည်က မာဓဝ အမည်ရှိတဲ့ ပညာရှိပုဏ္ဏားကြီး တစ်ဦးနဲ့ သူနောက်လိုက် ပညာသင် တပည့်သုံးဆယ်ကျော်တို့ ဓာရာနဂရမြို့တော်ကို ရောက်လာကြတယ်။

သည်ပညာရှိပုဏ္ဏားကြီးကလည်း အပြည်ပြည်ကို လှည့်လည်ပြီး ပညာရှိဆိုသူတွေနဲ့ ပညာချင်း ဖလှယ်ပြိုင်နေသူပါ။ အခုလည်း ဓာရာနဂရမြို့တော်မှာ ဆရာကာလီဒါသဆိုတဲ့ ပညာရှိတစ်ဦး ကျော်ကြားနေလို့ ချီးနှိမ်ရအောင် လာရောက်ခဲ့တယ်လို့ သူ့ကိုယ်သူ ဂုဏ်တင်ပြီး ပြောနေသူပါ။

'ကာလီဒါသနဲ့ သူ ပညာပြိုင်ကြရင် ကာလီဒါသ ကျိန်းသေရှုံးပြီး သူ့ကို ဆရာတင်ရမယ်လို့လည်း သူ့တပည့်တွေကို ကျိန်းဝါးပြီး ပြောနေလေရဲ့'

ပညာရှိပုဏ္ဏားကြီး မာဓဝနဲ့ သူ့တပည့် သုံးဆယ်ကျော်တို့ဟာ ဓမ္မသာလာဇရပ်ကြီးမှာ တည်းခိုနေပြီး ပညာပြိုင်ဖို့ အချိန်အခါကို စောင့်စားနေတယ်။ ရှေးတုန်းက သည်လို တရားဟော ဇရပ်မျိုးတွေ မြို့တိုင်း၊ ရွာတိုင်းမှာ ရှိကြတယ်။ မြို့ခံတွေနဲ့မသိတဲ့ ခရီးသွားဧည့်သည်တွေ၊ ဈေးသည်တွေ တည်းခိုနိုင်အောင် စောင်၊ ခေါင်းအုံး၊ ဖျာနဲ့ ချက်ပြုတ်စားသောက်ကြဖို့ အိုးခွက်၊ ဖန်းကန်တွေကအစ ထားပေးလေ့ရှိတယ်။ သူခိုးသူဝှက်ကလည်း မရှိလို့ ပျောက်ရှခြင်းလည်း မရှိပါဘူး။ အခုခေတ်နဲ့တော့ ကွာဟကွာပါ။ သည်လိုဇရပ်မျိုး သီပေါမင်း နန်းတက်တဲ့ အချိန်ထိ ရှိနေသေးတယ်လို့ စာတွေမှာ ဖတ်ရှုဖူးပါတယ်။

ပညာရှိပုဏ္ဏားကြီး မာဓဝရဲ့ ဂုဏ်သတင်းက ဓာရာနဂရမြို့တော်ကြီးမှာ လူပြောများနေတော့ ဆရာကာလီဒါသလည်း ကြားမိတာပေါ့။ နောက်တစ်နေ့ စောစောမှာတော့ ဆရာကာလီဒါသ အဝတ်ဟောင်းတွေဝတ်ပြီး ထင်းစည်းထမ်းလို့ ထင်းရောင်းသမား ဟန်ဆောင်ပြီး ဓမ္မသာလာဇရပ်ရှေ့ကို လာခဲ့ပါတော့တယ်။

'ဆရာတို့..ထင်းများ ယူကြဦးမလားခင်ဗျာ'

ထင်းသည်ဟန်ဆောင်ထားတဲ့ ဆရာကာလီဒါသက ဓမ္မသာလာဇရပ်တွင် တည်းခိုနေတဲ့ ပုဏ္ဏားပညာရှိကြီး ကြားအောင် အော်လိုက်တယ်။

'ဟေ့..ထင်းသည်၊ လာဦး။ ထင်းတစ်စည်း ဘယ်လိုရောင်းသလဲကွ'

မာဓဝရဲ့တပည့် ပုဏ္ဏားတစ်ဦးက မေးလိုက်တယ်။

'ငွေပေးစရာ မလိုပါဘူးအရှင်။ အရှင်တို့ ထမင်းစားပြီး ပိုတဲ့ထမင်းဟင်းအကျန်စွန်လျှင် တော်ပါပြီခင်ဗျာ'

'တို့ စားလို့ကုန်သွားရင် ဘယ်လိုလုပ်ရမလဲကွ'

'ဒါဆိုလည်း ကိစ္စမရှိပါဘူး အရှင်။ အရှင်တို့စားလို့ကုန်သွားတော့လည်း ဘာတတ်နိုင်မှာလဲ။ ကျွန်ုပ်ကသိလိုက်ပဲလို့ ယူဆရမှာပေါ့ အရှင်'

'ဒါဆို ကောင်းပြီ။ မောင်မင်းထင်းစည်း ထည့်နား

www.burmeseclassic.com

www.burmeseclassic.com

မှာ ချထားလိုက်ပါတော့'

ထင်းသည်ဟန်ဆောင် ဆရာကာလီဒါသက ပုဏ္ဏားတို့ ထမင်းချက်တဲ့နေရာမှာ ထင်းစည်းကို သွားချထားလိုက်တယ်။ ပုဏ္ဏားတို့ ချက်ပြုတ်ကြပြီး ပညာရှိပုဏ္ဏားကြီးနဲ့ သူ့တပည့်တွေ ထမင်းစားကြတယ်။ ထမင်းစားပြီးတော့ ပညာရှိပုဏ္ဏားကြီးက သူ့တပည့်တစ်ယောက်ကို ဂါထာတစ်ပုဒ် ရွတ်ဆိုပြလိုက်တယ်။ နောက် သူ့တပည့်ပုဏ္ဏားကို သည်လိုပြောလိုက်သေးတယ်။

'သည်ဂါထာက အစပုဒ်ဂါထာပဲ ရှိသေးတယ်။ တပည့်တို့ ဆက်ရွတ်နိုင်တဲ့သူတွေ ဆက်ရွတ်ကြ။ နောက်ဆုံးမှာ ဂနဲ့ပဲ အဆုံးသတ်ရမယ်။ ဂါထာအစက-

*ပရိပဘောတိ ပယိုနိခေါက်ပတံဂး။*

*နေသည် သမုဒ္ဒရာ၌ ဝင်သွား၏။*

သည်ဂါထာ အစပုဒ်ကို ကြားရတဲ့ ကေသဝဆိုတဲ့ ပုဏ္ဏားတပည့်တစ်ဦးက သူဆက်မယ်ဆိုပြီး ဒုတိယဂါထာတစ်ပုဒ်ကို ဆက်ရွတ်ဆိုလိုက်တယ်။

*ဆရဆိရုဟာ မုဒရေယ့ုမဏ္ဍကြီဂး။*

*- ကာမဝုဏ်မှုးယစ်၍ အရှုးသဖွယ်ဖြစ်သော ပျားပိတုန်းတို့သည် ကြာပန်းတို့၌ ကျကုန်၏။*

ကေသဝရဲ့ ဒုတိယအဖြည့်ပိုဒ်ကို မာဓဝ ပုရောဟိတ်ကြီး ကြားလိုက်ရတော့ အလွန်အားရဝမ်းမြောက်ပြီး နောက်စာပိုဒ်ကိုဖြည့်ရန် ပြောလိုက်ပြန်တယ်။ သည်အခါ ဝဏိဘအမည်ရှိတဲ့ ပုရောဟိတ်ရဲ့ တပည့်တစ်ဦးက သူထပ်ဆက်မယ်ဆိုပြီး ဆက်ဆိုလိုက်ပြန်တယ်။

*ဥပဝနေ စာရုကိုင့ရေဝိဟံဂး။*

*ငှက်တို့သည် ဥယျာဉ်ရှိ သစ်ပင်များ၏ အခေါင်း၌ နေကြ၏။*

ပုရောဟိတ်ပုဏ္ဏားကြီးက သူ့တပည့် ဝဏိဘကို ကောင်းချီးပေးပြီး စတုတ္ထအပိုဒ်ကို ဆက်ဖြည့်ကြရန် တပည့်တွေကို ပြောလိုက်ပြန်တယ်။ ဒါပေမဲ့ ဘယ်သူမှ ဆက်ရန်စဉ်းစားလို့ မရတာမို့ အသံတိတ်သွားကြတယ်။

'တပည့်တို့ စတုတ္ထပိုဒ်ကို ဆက်ကြဦးလေ'

မာဓဝပုရောဟိတ်ကြီးက သူ့ရဲ့ တပည့်ပုဏ္ဏားတွေကို ပြောကြပေမယ့် ဘယ်တပည့်တို့ကမှ အသံမထွက်လာလို့ အတော်ကြာမှ ထင်းသမားဟန်ဆောင်ထားတဲ့ ဆရာကာလီဒါသက မာဓဝပုရောဟိတ်ကြီးထံကို မရဲတရဲကပ်သွားပြီး ရိုရိုသေသေနဲ့ ပြောလိုက်တယ်။

'အို-ပညာရှိကြီး မာဓဝ၊ ဘာကိုစဉ်းစားနေပါသနည်း။ ကျွန်ုပ်အား ခွင့်ပြုပါလျှင် သည်စတုတ္ထအပိုဒ်ကို ကျွန်ုပ်ဖြည့်ပါရစေ'

ပညာရှိမာဓဝပုဏ္ဏားကြီးက ဟက်ဟက်ပက်ပက်ရယ်မောပြီး သရော်သလို စကားဆိုလာတယ်။

'အို-အချင်းထင်းထမ်းသမား၊ ဤဂါထာကိုစွသည် သင်ရဲ့ကိစ္စ မဟုတ်ပါ။ သင့်စကားက မတန်မရာကျူလွန်းတယ်။ ပညာရှိများပင် ဆိတ်ဆိတ်နေကြတာ မတွေ့ပါသလော'

'မှန်ပါတယ် အရှင်။ သည်အရာသည် ပညာရှိတို့ရဲ့ အရာသာဖြစ်သော်လည်း အသင်ခွင့်ပြုပါက ကျွန်ုပ်ဖြည့်စွက်ပေးလိုပါတယ်'

မာဓဝပညာရှိကြီးက အတန်ကြာစဉ်းစားပြီး ခွင့်ပြုပေးလိုက်တယ်။

'အို-ထင်းသည်ယောကျ်ား၊ အသင် ဆက်ဆိုနိုင်ပါက ဆက်ဆိုကြည့်ပါလေ'

ထင်းသမားဟန်ဆောင် ဆရာကာလီဒါသက မဆိုင်းမတွဘဲ ဂါထာရဲ့ စတုတ္ထပိုဒ်ကို ရွတ်ဆိုပြလိုက်တယ်။

*'ယုဝတိဂျနေ ယှုရှနိုက် ရှနိုက်ရနံဂး'*

*မိန်းမများ၌ တဖြည်းဖြည်း ကာမတရားပွား၏။*

ဆရာကာလီဒါသ ဖြည့်စွက်လိုက်တဲ့ ဂါထာအဆုံးပိုဒ်ကို ကြားလိုက်ရတဲ့ မာဓဝပုရောဟိတ်ပုဏ္ဏားကြီးမှာ အလွန်အံ့ဩသွားပြီး ကောက်မေးလိုက်တယ်။

'အသင် ဘယ်သူလဲ၊ မှန်မှန်ပြောပါ'

'အို-ပုရောဟိတ်ပညာရှိကြီးရယ်၊ ထင်းလာရောင်းကတည်းက ပြောခဲ့ပါပြီကော။ ထင်းရောင်းစားသူ၊ အသင်တို့ကို ထင်းပေးသူ၊ အခု ထမင်းရဖို့ စောင့်နေသူသာ ဖြစ်ပါတယ်'

'ဒါဆို အသင်သည်ဂါထာ အဆုံးပိုဒ်ကို ဘယ်က ရခဲ့ပါသနည်း'

'အရှင်ရယ်-ကျွန်ုပ်ကြားဖူးနားဝရှိလို့သာ ရွတ်ဆိုရတာပါ။ ကျွန်ုပ်သွားပါတော့မယ်။ ထမင်းသာ ပေးပါ အရှင်။ ကျွန်ုပ် သွားပါရစေတော့'

'စိတ်ချပါ ထင်းသည်၊ ထမင်းရပါစေမယ်။ စတုတ္ထအပိုဒ်ကို အသင် ဘယ်ကရခဲ့သလဲဆိုတာကို ပြောပြပါ'

www.burmeseclassic.com

www.burmeseclassic.com

'ပညာရှိကြီး..ကျွန်ုပ်သည် ဆင်းရဲသား ထင်းရောင်းသမား ဖြစ်ပါတယ်။ သင်တို့လို ပညာရှိ မဟုတ်ပါ။ ဒါကြောင့်မို့ ကျွန်ုပ်ကို ထပ်မံမေးရန် မလုပ်ပါနဲ့တော့'

'မဟုတ်ပါဘူး မိတ်ဆွေ၊ စိတ်မဆိုးပါနဲ့။ နောက်ဆုံးပိုဒ်ဂါထာကို ဖြည့်စွက်ပေးနိုင်သူမို့ ကျွန်ုပ် လေးစားမိပါတယ်။ ဂါထာဘယ်ကရလဲဆိုတာကို ပြောပေးဖို့ တောင်းပန်ပါတယ် မိတ်ဆွေ'

'ကျွန်ုပ်တို့ရွာမှာ ပုဏ္ဏားတစ်ဦးရှိတယ်။ သည်ပုဏ္ဏားက ဆရာကာလီဒါသရဲ့ တပည့်လို့ သိရပါတယ်။ သူ့ထံကို ကျွန်ုပ် နေ့စဉ် ထင်းပို့နေတာမို့ သူ့တပည့်တွေ ရွတ်ဆိုနေတာ ကြားရဖန်များလို့ ရနေတာပါ။ မှားလျှင် သည်းခံပေးတော်မူပါ'

'ဒါဆို ဆရာကာလီဒါသက ပညာရှိတာပေါ့'

'ဒါဘယ်ကမလဲ ပုဏ္ဏားကြီးရဲ့၊ သူ့အိမ်မှာခိုင်းထားတဲ့ ကျွန်မိန်းမ၊ ကျွန်ယောကျ်ားတွေတောင် ပညာရှိတွေ ဖြစ်နေကြပါတယ်။ ဆရာကာလီဒါသဆို ဘယ်ဆိုဖွယ်ရာရှိတော့မှာလဲ'

'အသင် ကာလီဒါသကို မြင်ဖူးပါသလား'

'လူကြီးလူကောင်း သူဌေးသူကြွယ်တို့ပင် ဆရာကာလီဒါသကို မြင်ဖူးသူ ရှားပါတယ်။ ကျွန်ုပ်ဆို သာ၍ဝေးတာပေါ့။ ညီလာခံကိုသွားတဲ့ လမ်းတစ်လျှောက်မှာ သူ့တပည့်တွေနဲ့ပြည့်နေလို့ တခြားသူပင် သွားရာလမ်း မရှိပါ'

ထင်းသည် ဆရာကာလီဒါသရဲ့ စကားကို ကြားရတော့ မာဓဝပုရောဟိတ်က ကံကောင်း၍သာ ထင်းရောင်းသမားနဲ့တွေ့ရလို့ ကာလီဒါသရဲ့ ပညာစွမ်းကို သိရပေပြီ။ အကယ်၍ သွားမိပါက အရှုံးကြီးရှုံးပြီး အရှက်ကွဲရတော့မယ်လို့ တွေးမိ၍ တပည့်တစ်ဦးကိုခေါ်ကာ ထင်းရောင်းသမားကို ထမင်းဟင်းများ ပေးစေတယ်။ ထင်းရောင်းသမားလည်း မာဓဝကို အရိုအသေပေးပြီး ပြန်သွားတော့တယ်။

ဆရာကြီးမာဓဝက ဆရာကာလီဒါသကို မတွေ့ဖူးသေးတဲ့ ထင်းထမ်းရောင်းသမားတောင် သည်လောက်တတ်နေတာဆိုတော့ ကာလီဒါသနဲ့ တွေ့ဖူး မြင်ဖူးသူဆို ပြောစရာမလိုအောင် ပညာရှိကြလိမ့်မယ်။ ကာလီဒါသဆို ဆိုဖွယ်ရာ မရှိတော့ဘူး။ ငါသာ ပညာသွားပြိုင်မိရင် အရှက်ကွဲဖို့သာရှိပေမည်လို့ တွေးပြီး ပြန်မှတော်မယ်။ မပြန်ခင်တော့ ဘောဇဘုရင်ကြီးထံ ခစားပြီး အလိမ္မာဖ[...] ပြီး ပြန်မှပဲလို့ ဆက်တွေးကာ နောက်နေ့နက်စောစော[...] ဘောဇဘုရင်ကြီးထံ ဝင်ရောက်ခစားတော့တယ်။

ဘောဇဘုရင်ကြီးကလည်း မာဓဝပုဏ္ဏားကြီးရဲ့ ပညာရှိပုံကို ကြားထားသူဖြစ်လေတော့ ဝမ်းသာလှိုက်လှဲ[...] စွာ ကြိုဆိုပြီး ဧည့်ဝတ်ပြုတယ်။

'အို..ပုရောဟိတ်ကြီး၊ ကျန်းခန်းသာလို့ မာဝါရဲ့[...] လား။ သည်ဓာရာနဂရကို အဘယ်ကြောင့် လာခဲ့ပါသလဲ'

'မြတ်သောမင်းကြီး၊ ဓာရာတိုင်းသည် စည်းစိမ်ဥစ္စာ[...] တို့ လွှမ်းစွာပေါများဝပြော သာသာယာယာရှိပါတယ်[...] ထို့အပြင် ပညာအမျိုးမျိုးပြည့်စုံတဲ့ ဆရာကာလီဒါသ ဂုဏ်[...] သတင်းကိုလည်း ကြားသိရပါတယ်။ သည်ကဲ့သို့ ကောင်း[...] မြတ်တဲ့ ဂုဏ်သတင်းကို ကြားသိရလို့ တွေ့မြင်ရလျှင်[...] ကောင်းမှာပဲလို့ နှလုံးသွင်းမိပါတယ်'

ဆရာကာလီဒါသကို ချီးကျူးတဲ့စကားကို ကြား[...] တော့ ဘောဇဘုရင်ကြီးလည်း အလွန်ဝမ်းသာလို့ မာဓ[...] နဲ့ နောက်ပါပုဏ္ဏားတို့ကို လှူဖွယ်ဝတ္ထုအမျိုးမျိုးနဲ့ လှူဒါန်း[...] ချီးမြှောက်တော့တယ်။

ဆရာကာလီဒါသလည်း မာဓဝပုဏ္ဏားကြီးနှင့် သူ့[...] တပည့်တွေကို မိမိအိမ်ကို ဖိတ်ခေါ်သွားပြီး လိုလေသေး[...] မရှိ ဧည့်ခံထားပြီး မာဓဝရဲ့ပညာမာနကို ချိုးနှိမ်စေပြီး[...] မိမိပညာမာန်စွယ်ကို ပြသလိုလည်း ဖြစ်သွားစေပါတယ်[...]

အထက်က ဆိုခဲ့တဲ့ မာဓဝပုဏ္ဏားနဲ့ တပည့်တို့[...] ဂါထာကို ဆရာကာလီဒါသ ဖြည့်စွက်လိုက်တဲ့အပိုဒ်[...] အဓိပ္ပာယ်က သည်လိုဖြစ်ပါတယ်။

နေဝင်ဆည်းဆာအချိန်အခါတွင် ဥဏှာဂုနေမင်းသည်[...] သမုဒ္ဒရာအတွင်းကို သက်ဆင်းတော့သည်။ ကာမဂုဏ်[...] ဖြင့် ယစ်မူး၍ အရူးသဖွယ်ဖြစ်နေသော ပျားပိတုန်း[...] သည်လည်း တဟုန်ဟုန်တဒီဒီ ရစ်ဝဲပျံသန်းကြလျက် [...] ဖူးကြာငုံ၌ ခိုလှုံနားနေကြသည်။ ငှက်အပေါင်းတို့သည်[...] လည်း ဥယျာဉ်ရှိ သစ်ပင်သစ်ခေါင်းတို့တွင် ခိုအောင်း[...] နေ အပန်းဖြေကြကုန်၏။ မိန်းမများသည်လည်း ကာ[...] တရား တဖွားဖွား ဖြစ်ပေါ်နေကြလေသတည်း။

မောင်လှယဉ်(မော်လမြိုင်)

www.burmeseclassic.com

# သတ္တဌာန အင်းဖယောင်းတိုင် ပူဇော်နည်း

## ပုရောဟိတ်ဆရာဦးမြတ်စံ

လွန်ခဲ့သော(၅)နှစ်ခန့်က ဗုဒ္ဓဂယာသို့ မြန်မာနိုင်ငံမှ india Airline ဖြင့် ရောက်ရှိခဲ့ပါသည်။ ရောက်ရှိချိန်မှာ ဒေသစံတော်ချိန် ညနေ(၅)နာရီခန့် ဖြစ်ပါသည်။ ဆရာတော်အရှင်သောမ ဦးဆောင်မှုဖြင့် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ မဟာမြေမြတ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ဂယာလေဆိပ်ပြင်ပသို့ရောက်လျှင် အသင့်စောင့်ကြိုနေသော Guide (ဂိုက်လမ်းညွှန်)အဖွဲ့က Tour Bus (တိုးကား)ပေါ်သို့ ဦးဆောင်ခေါ်သွားပါသည်။ ညနေနေဝင်ရီတရောဖြစ်သဖြင့် ဘုရားဖူးများတည်းခိုရာ မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းသို့ မသွားသေးဘဲ ဗုဒ္ဓဂယာ မဟာမြေမြတ်သို့ ဦးစွာဖူးမြော်ခွင့်ရခဲ့ပါသည်။

စာရေးသူကလည်း အိမ်မှာကတည်းက ကြိုတင်စီမံဆောင်ရွက်ထားသော အင်းဖယောင်းတိုင် ပါ,မပါ ခရီးဆောင်အိတ်အတွင်း ဇစ်ကိုဖွင့်၍ အသာအယာထုတ်ကြည့်လိုက်မိပါသည်။ ဖယောင်းတိုင်၊ နံ့သာတိုင်များက အဆင်သင့်ရှိနေပါသည်။ မီးခြစ်တော့ပါမလာပါ။ [မှတ်ချက်-လေယာဉ်ပေါ်တွင် လက်ဆွဲ Hand Baggage ၌ Gaslighter ခေါ် ဂက်(စ်)မီးခြစ်၊ ရေသန့်ဘူး သယ်ဆောင်ခွင့် မရှိကြပါ။] သို့ဖြစ်ရာ ဗုဒ္ဓဂယာဘုရားအဝင်ဝတွင်ရှိသော ဈေးဆိုင်ကလေးတွင် ဂက်(စ်)မီးခြစ်တစ်ခု ဝယ်လိုက်ပါသည်။ ဆရာတော် ဦးဆောင်၍ မဟာဗောဓိစေတီတော်ကို အရင်ဦးခိုက်ပူဇော်ကြပါသည်။

ထို့နောက် ဘုရားအဆူဆူပွင့်ရာ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ဖူးမြော်ကန်တော့ကြပါသည်။

ဆရာတော်မှ သတ္တဟာဌာနကို အောက်ပါအတိုင်း အစဉ်လိုက် ဖူးမြော်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါသည်။

(၁) ပထမသတ္တာဟ ခေါ် ပလ္လင်္ကသတ္တာဟ၊
(၂) ဒုတိယသတ္တာဟ ခေါ် အနိမိသစေတီတော်၊
(၃) တတိယသတ္တာဟ ခေါ် ရတနာစင်္ကြံမသတ္တာဟ၊
(၄) စတုတ္ထသတ္တာဟ ခေါ် ရတနာဃရရွှေအိမ်တော်၊
(၅) ပဥ္စမသတ္တာဟ ခေါ် အဇပါလဆိတ်ကျောင်းညောင်ပင်နေရာ၊
(၆) ဆဋ္ဌမသတ္တဟ ခေါ် ကျည်းပင်ပေါက်ရာ မုစလိန္ဒာအိုင်နေရာ၊
(၇) သတ္တမသတ္တာဟ ခေါ် လင်းလွန်းပင်ပေါက်ရာ ရာဇာယတနသတ္တာဟတို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားအရှေ့ရှုပွင့်တော်မူရာ ဗောဓိပင်နှင့် ရွှေပလ္လင် (ပထမသတ္တာဟ)

**ပထမသတ္တာဟ ခေါ်**

**ပလ္လင်္ကသတ္တာဟ**

သက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့ မိုးသောက်ယံတွင် ဘုရားစင်စစ် ဖြစ်တော်မူခဲ့ပါသည်။ အပရာဇိတ ပလ္လင်တော်သည် ဗောဓိပင်နှင့် မဟာဗောဓိစေတီတော်ကြားတွင် တည်ရှိကာ အတိုင်းအတာအားဖြင့် အလျား(၇$\frac{၁}{၂}$)ပေ၊ အနံ(၄$\frac{၅}{၆}$)ပေ၊ အမြင့်(၁$\frac{၁}{၂}$)ပေရှိသော ကျောက်တုံးပုံ ဖြစ်ပါသည်။ မာရ်ငါးပါးကို တစ်စမကြွင်း အရှင်းအောင်မြင်ခဲ့ပြီးဖြစ်၍ ရွှင်လန်းဝမ်းမြောက်ခြင်းဖြစ်ကာ ဥဒါန်းကျူးရင့်လျက် အပရာဇိတပလ္လင်ထက်တွင် (၇)ရက်ကြာ ဈာန်သမာပတ်ဝင်စားကာ ပဋိစ္စသမုပ္ပာဒ် တရားတော်ကို ဆင်ခြင်ပြီး ပလ္လင်္ကသတ္တာဟ စံတော်မူခဲ့ပါသည်။

ခြံခတ်ထားသော အရှေ့မှာဝင် စာရေးသူက စီရင်ထားသော သတ္တာဟအင်းဖယောင်းတိုင်နှင့် နံ့သာတိုင်တို့ကို ပူဇော်၍ မင်္ဂလိနိဗ္ဗာန်ဆုကို တောင်းလိုက်ပါသည်။

**ဒုတိယသတ္တာဟ ခေါ် အနိမိသစေတီတော်**

မဟာဗောဓိစေတီတော်၏ အရှေ့မြောက်ထောင့် ကုန်းမြင့်ပေါ်တွင် တည်ရှိသော စေတီတော်ဖြစ်ပြီး ဉာဏ်တော်မှာ (၅၅)ပေရှိပါသည်။ လိုဏ်ဘုရားဖြစ်၍ လိုဏ်ထဲတွင် ဘုရားအလောင်းရုပ်ပွားတော် ရှိပါသည်။ ဗုဒ္ဓဘုရားရှင်သည် အရဟတ္တဖိုလ်သမာပတ်မှ ထတော်မူပြီး နတ်၊ ဗြဟ္မာတို့ ပလ္လင်တော်ပေါ်၌ စွဲလမ်းတပ်မက်မှု ရှိတော်မူသည်ဟု ယုံမှားသံသယကို ဖယ်ရှားရန် ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပါသည်။ ထို့နောက် သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိရာဖြစ်သော မဟာဗောဓိပင်နှင့် အပရာဇိတပလ္လင်တော်ကို မျက်တောင်မခတ်ဘဲ ခုနစ်ရက်မျှ အာရုံစူးစူးစိုက်စိုက်ကြည့်ကာ အနိမိသသတ္တာဟ စံတော်မူပါသည်။

လိုဏ်ဂူတော်အဝတွင် ဆီမီးထွန်းသောနေရာ၌ စာရေးသူ အသင့်ယူဆောင်လာသော နံ့သာတိုင်၊ သတ္တာဟအင်းဖယောင်းတိုင့်ကို ထွန်းညှိကာ ဖြစ်လေရာဘဝတိုင်း၌ ဘုရားဆုပန် မင်းယောကျ်ား ဖြစ်ရပါလို၏ဟု ဆုတောင်းလိုက်ပါသည်။

**တတိယသတ္တာဟ ခေါ် ရတနာစင်္ကြံသတ္တာဟ**

မဟာဗောဓိစေတီတော်မြတ်ကြီး၏ မြောက်ဘက် အလျား(၆၀)ပေ၊ အနံ(၄)၊ အမြင့်(၃)ပေရှိသော အုတ်ခုံပေါ်တွင် မြတ်စွာဘုရား ကြွချီခြေလှမ်းတော်မူခဲ့သော ခြေတော်ရာအဖြစ် ကြာပွင့်(၁၉)ပွင့် ထုလုပ်ထားပါသည်။



[illegible] အနိမိသစေတီတော် (ဒုတိယသတ္တာဟ)

www.burmeseclassic.com

www.burmeseclassic.com



စင်္ကြံကြွတော်မူရာ စင်္ကမဌာန (တတိယသတ္တာဟ)

ပလ္လင်တော်နှင့် အနိမိသစေတီတော်အကြား၌ ရတနာစင်္ကြံတော်ကို ဖန်ဆင်းတော်မူပြီး ခုနစ်ရက်တိုင်တိုင် စင်္ကြံကြွရောက်တော်မူပါသည်။

စာရေးသူလည်း အသင့်ပါလာသော နံ့သာတိုင်နှင့် အင်းဖယောင်းတိုင် (သတ္တာဟအင်း စီရင်ထားသော အလင်းတိုင်)ကို ထုတ်လိုက်ပါသည်။ ပလ္လင်တော်နှင့်နီးသော ရှေ့ဆုံးကြာပွင့်တွင် အင်းဖယောင်းတိုင်ကို ထွန်းညှိပြီး ကြာပွင့်(၁၉)ပွင့်တွင် နံ့သာတိုင်(၉)တိုင်စီ ပူဇော်လိုက်ပါသည်။ ထိုသို့ပူဇော်ရင်း သံသရာဘဝဆက်တိုင်း၌ အမှား,အမှန်ကို ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်သော ဉာဏ်ပညာကို ရရပါလို၏ဟု ဆုတောင်းလိုက်ပါသည်။


**စတုတ္ထသတ္တာဟ ခေါ် ရတနာဃရရွှေအိမ်တော်**

မဟာဗောဓိစေတီတော်ကြီး၏ အနောက်မြောက်ယွန်း ကိုက်(၁၀၀)ခန့်အကွာတွင် တည်ရှိပါသည်။ (၁၄)ပေ၊ (၁၀)ပေ ကျယ်ဝန်းသော အုတ်တိုက်တစ်ခု ဖြစ်ပါသည်။ အတွင်း၌ ဗောဓိသတ္တရုပ်ပွားတော် တစ်ဆူ ရှိပါသည်။ မြတ်စွာဘုရားသည် ရတနာဃရရွှေစံအိမ်တော်၌ အဘိဓမ္မာခုနစ်ကျမ်းကို ဉာဏ်တော်ဖြင့် သုံးသပ်နေပါသည်။ အဘိဓမ္မာခုနစ်ကျမ်း၏ နောက်ဆုံးကျမ်းဖြစ်တော်မူသော ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူရာ ရောင်ခြည်တော်များ ကွန့်မြူးလျက် (၇)ရက်တိုင် စံတော်မူခဲ့ပါသည်။

စာရေးသူလည်း အသင့်ပါလာသော နံ့သာတိုင်နှင့် သတ္တာဟအင်း အလင်းတိုင်ကို ခရီးဆောင်အိတ်အတွင်းမှ ထုတ်ကာ သံတံခါးရှေ့တွင် ဆီမီးနှင့် နံ့သာပူဇော်ရင်း ပဋ္ဌာန်းကျမ်းကိုရွတ်ဖတ်၍ ပူဇော်လိုက်ပါသည်။ ပဋ္ဌာန်းရွတ်ရသော ကုသိုလ်တော်ကြောင့် မိမိသင်ကြားထားသော ပညာမှန်သမျှ မှတ်ဉာဏ်ကောင်းဖြင့် မမေ့မပျောက် စွဲလမ်းစွာ ရရှိလိုပါ၏ဟု ဆုတောင်းလိုက်ပါသည်။

**ပဉ္စမသတ္တာဟ ခေါ် ဆိတ်ကျောင်းညောင်ပင်နေရာ**

မဟာဗောဓိစေတီတော်ကြီး၏ အရှေ့မုခ်တည့်တည့် လှေကားအဆင်း ပေ(၂၀၀)ခန့်အကွာတွင် သီရိမဗ္ဗာသောကမင်းကြီးက အထိမ်းအမှတ် ကျောက်တိုင်အဖြစ် စိုက်ထူခဲ့သောနေရာ ဖြစ်ပါသည်။ အမြင့်အားဖြင့် (၁၃) ပေခန့်ရှိကာ တိုင်ထိပ်တွင် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူ ရှိပါသည်။ ထူးခြားချက်မှာ ထိုကျောက်တိုင်၏ အောက်ခြေသည် အမြဲနွေးနေပါသည်။ ဘုရားအား သဗ္ဗညုတဉာဏ်တော် မရရန် မာရ်နတ်မင်းက ဖျက်ဆီးသော်လည်း အကြံမအောင်သဖြင့် လက်မှိုင်ချနေစဉ် မာရ်နတ်မင်း၏ သမီး(၃)ဦးက ဘုရားရှင်ကို မာ



ပဋ္ဌာန်းတရား ဆင်ခြင်ရာ ရတနာဃရ ရွှေအိမ်တော် (စတုတ္ထသတ္တာဟ)

www.burmeseclassic.com

www.burmeseclassic.com

ယာဖြင့် ဖြားယောင်းသော်လည်း မအောင်မြင်ခဲ့သောနေရာ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည်အဇပါလဆိတ်ကျောင်းညောင်ပင် နေရာ၌ ခုနစ်ရက်တာကာလပတ်လုံး တရားကိုဆင်ခြင်ကာ ဖလသမာပတ် ဝင်စားလျက် အဇပါလသတ္တာဟ စံတော်မူခဲ့ပါသည်။



အဇပါလ ဆိတ်ကျောင်းညောင်ပင်နေရာ (ပဉ္စမသတ္တာဟ)

အထက်ပါ ကျောက်တိုင် အရှေ့နားတွင် အသင့်ယူဆောင်လာသော နံ့သာတိုင်၊ သတ္တာဟအင်းဖယောင်းတိုင်ကို ထွန်းညှိပူဇော်ကာ မိမိအား လာရောက်နှောင့်ယှက် ဖျက်ဆီးသော မနာလိုမှုများ ပျောက်ကင်းပါစေဟု ဆုတောင်းလိုက်ပါသည်။

<u>ဆဋ္ဌမသတ္တာဟ ခေါ် ကျည်းပင်ပေါက်ရာ မုစလိန္ဒာအိုင်နေရာ</u>

မဟာဗောဓိစေတီတော်ကြီး၏ အရှေ့တောင်ထောင့်တွင် ရှိပါသည်။ မြတ်ဗုဒ္ဓဘုရားရှင်သည် ကျည်းပင်ရင်းတွင် ဖလသမာပတ် ဝင်စားလျက်ရှိစဉ် ခုနစ်ရက်တိုင်တိုင် မိုးကြီးစွေ၍ ရွာသွန်းခဲ့ရာ မုစလိန္ဒာအိုင်အတွင်းမှ နဂါးမင်းက မိမိ၏တန်ခိုးဖြင့် မိမိခန္ဓာကိုယ် ခုနစ်ခွေရစ်ပတ်၍ မြတ်ဗုဒ္ဓအား လေဒဏ်မိုးဒဏ်မှကာကွယ်ကာ ပါးပျဉ်းကြီး ဖန်ဆင်း၍ မိုးအုပ်ပေးထားခဲ့ပါသည်။

စကြာကြွနိုင်ရန် နဂါးမင်း၏ တန်ခိုးဖြင့် ဖန်ဆင်းပေးတော်မူခဲ့သော်လည်း စကြာမကြွဘဲ ထိုင်လျက်သာ အရဟတ္တဖိုလ်ချမ်းသာကို (၇)ရက်တိုင် စံမြန်းသီတင်းသုံးခဲ့ပါသည်။ မြန်မာနိုင်ငံမှ ပန်းပညာရှင်ကြီးများ၏ လက်ရာဟု သိရပါသည်။



ကျည်းပင်ပေါက်ရာ မုစလိန္ဒာအိုင် (ဆဋ္ဌမသတ္တာဟ)

သို့ဖြစ်ရာ နဂါးရုံဘုရားများ တည်ထားကိုးကွယ်ရာတွင် နဂါးသည် (၇)ရစ်ပတ်ခွေပြီး နဂါးဦးခေါင်း အမောက်နှင့် အမြီးသည် တစ်သမတ် တစ်ဖြောင့်တည်း တည့်နေရပါမည်။ တစ်နည်း အမြီးအမောက် တည့်ရပါမည်။ အမြီးအမောက် မတည့်ပါက မိမိလုပ်သမျှ အဆင်မပြေကြောင်း ပုံခိုင်းပြောခြင်း ဖြစ်ပါသည်။


စာရေးသူလည်း မုစလိန္ဒာအိုင်တွင်း စံမြန်းတော်မူသော ဗုဒ္ဓမြတ်စွာဘုရားအား ရည်စူး၍ ကန်ပေါင်ပေါ်တွင် အသင့်ပါလာသော နံ့သာတိုင်နှင့် သတ္တာဟအင်းဖယောင်းတိုင်ကို ပူဇော်လိုက်ပါသည်။ ဤကောင်းမှုကြောင့် မိမိဆောင်ရွက်သမျှ ကြံစည်သမျှ အဆင်ပြေချောမွေ့ပါစေသားဟု ဆုတောင်းလိုက်ပါသည်။

<u>သတ္တမသတ္တာဟ ခေါ် လင်းလွန်းပင်ပေါက်ရာ ရာဇာယတနသတ္တာဟ</u>

မူလက လင်းလွန်းပင် ရှိခဲ့သော်လည်း နောက်ပိုင်းတွင် မရှိတော့သဖြင့် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်



www.burmeseclassic.com



လင်းလွန်းပင်ပေါက်ရာ ရာဇာယတနဌာန (သတ္တမသတ္တာဟ)

တက်အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး စမိုက် (ခေါ်) ဗိုလ်မှူးကြီးလှအောင်က လင်းလွန်းပင်တစ်ပင် စိုက်ပျိုးလှူဒါန်းခဲ့ပါသည်။ ထိုလင်းလွန်းပင်နေရာတွင် (၇)ရက်သီတင်း သုံးခဲ့ပါသည်။

ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိကတို့ ကုန်သည်ညီနောင် ပျားမုန့်ညက်နှင့် ပေါက်ပေါက်ဆုပ်တို့ကို (၄၉)ရက်ပြည့်သောနေ့တွင် ဘုရားရှင်အား လှူဒါန်းခဲ့ပါသည်။

မြတ်စွာဘုရားရှင်ကလည်း ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိဟူ၍ ဒွေဝါစိကသရဏဂုံ ပေးသနားပြီး ဦးခေါင်းတော်ကို သုံးသပ်ကာ ဆံတော်များ ချီးမြှင့်တော်မူခဲ့ပါသည်။ ထိုဆံတော်များကို ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်တွင် ရွှေတိဂုံစေတီတော် တည်ထားကိုးကွယ်ခဲ့ပါသည်။

စာရေးသူလည်း နှံ့သာတိုင်၊ သတ္တာဟအင်းဖယောင်းတိုင်တို့ကိုထုတ်ကာ လင်းလွန်းပင်ခြေရင်းတွင် မြတ်စွာဘုရားမှ သရဏဂုံ ချီးမြှင့်တော်မူသကဲ့သို့ ဆင်ခြင်ပြီး သကာလ ဖြစ်လေရာ ဘဝတိုင်း၌ သရဏဂုံ(၃)ပါးတည်နိုင်သော ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ရပါလို၏ဟု ဆုတောင်းလိုက်ပါသည်။

အထက်ပါ သတ္တဋ္ဌာနအင်းတော်ကြီးကို စီရင်ပြီး ဖယောင်းတိုင်တွင်ပတ်၍ သတ္တာဟဋ္ဌာန(၇)ဌာနရောက်တိုင်း ပူဇော်၍ မိမိလိုရာဆုကို တောင်းနိုင်ပါသည်။ မိမိအလုပ်အကိုင် အကြံအစည်၊ ပညာရေး၊ စီးပွားရေးကအစ လိုတိုင်းရ တ,တိုင်းပြည့်ပါကြောင်း ရေးသားလိုက်ပါသည်။

ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားသူတိုင်း သတ္တဋ္ဌာနအင်း ဖယောင်းတိုင် ပူဇော်လိုပါက စာရေးသူထံသို့ လာရောက်အလှူခံနိုင်ပါသည်။ မေတ္တာဖြင့် ဆောင်ရွက်ပေးပါမည်။

**သတ္တဋ္ဌာနအင်းတော်**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပ | ဋ္ဌ | မံ | ဇော | မိ | ပ | လ္လ | ဂ်ံ |
| စ | တု | ဋ္ဌံ | ရ | တ | န | ဃ | ရံ |
| ဒ | ဝိ | န္နေ | န | ဆ | ဋ္ဌ | ာ | ဒွိ |
| ယ | ဓ | စ | ရ | န္တံ | ေ | င | ဋ |
| ဒ္ဓ | ဒ | ဋ | ဇ | ဿ | ဋ | ဃ | ဃ |
| ဒ | ဦ | လ | ဂု | ခ | ဣ | ေ | မ္ဗ |
| ယွ | စ | ဂှ | ပွ | ယ | ဂှ | ဝွ | ၁၀ |

**အင်းဆံဂါထာ**

ပဌမံ ဇောမိပလ္လင်္ဂံ
ဒုတိယဋ္ဌ အနိမိသံ
တတိယံ စင်္ကမံ
သေဋ္ဌသံ
စတုဋ္ဌံ ရတနဃရံ
ပဥ္စမံ အဇပါလဋ္ဌ
မုစ္စလိန္ဒေန ဆဋ္ဌမံ
သတ္တမံ ရာဇရုက္ခံ။

မေတ္တာရည်၍

**ပုရောဟိတ် ဆရာဦးမြတ်စံ**

ဖုန်း - ၀၉၅၁ ၇၆၆၄၆



www.burmeseclassic.com

www.burmeseclassic.com

# ရှင်သီဝလိရဟန္တာ ရတနာဒီပံအင်းစက်တော်ကြီး



မှုရောဟိတ် ဆရာဦးမြတ်စံ

စာရေးသူ၏ အယူတော်မင်္ဂလာ ဗေဒင်ဟောပြောခန်းတွင် ဗေဒင်ဟောနေရာမှ ကျွန်ုပ်၏ ဒစ်ဂျစ်တယ်ဖုန်းမှ ခေါ်သံမြည်လာ၍ ဖုန်းကိုကိုင်ပြီး ဖြေကြားလိုက်ပါသည်။

မြေလတ်မြို့နယ်မှဖြစ်ပြီး စာရေးသူ၏ စာဖတ်ပရိသတ်တစ်ဦးဖြစ်ကြောင်း ရတနာရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြောင်း သိရပါသည်။ နေ့စဉ် ဈေးဦးမပေါက်သည့်ရက်က များ၍ လာဘ်ပွင့်အစီအရင် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါသည်။

ထိုအခါ စာရေးသူက လာဘ်ပွင့်အစီအရင် ဆောင်ရွက်ရန် အချိန်ယူရကြောင်း၊ နက္ခတ်၊ ရက်ရာဇာ၊ တိထိရက်များ ရွေးရသဖြင့် (၁)လခန့် ခွာချိန်းလိုက်ပြီးမှ လာယူရန် ပြောလိုက်ပါသည်။

စာရေးသူလည်း အဆိုပါ ရတနာကုန်သည်အတွက် လိုအပ်သောလာဘ်ပွင့်အစီအရင် ဆောင်ရွက်နိုင်ရန် ဆရာတော် အရှင်သံဝရ၏ ပုရပိုက်ထဲမှ ကူးယူထားသော ရှင်သီဝလိရဟန္တာမြတ်ကြီး၏ ဓဟာဒီပံလာဘ်ဖွင့်အင်းတော်ကြီးကို သွား၍သတိရမိပါသည်။

စာရေးသူ ဌာနဆိုင်ရာတွင် အလုပ်လုပ်နေစဉ်က နိုင်ငံခြားမှ Project Consultant (စီမံကိန်းအတိုင်ပင်ခံ) တစ်ဦး လာတိုင်း ဆက်သွယ်ရေးအရာရှိ(Liaison Officer) တာဝန်ကို ထမ်းဆောင်ရပါသည်။ နိုင်ငံအသီးသီးမှ လာရောက်ကြသော နိုင်ငံခြားသားများ၏လေသံကို အမြဲနားထောင်လေ့ကျင့်ရပါသည်။ ရုံးအားရက်၊ ပိတ်ရက်များတွင် ဒေသန္တရဗဟုသုတ အထူးစိတ်ဝင်စားဖွယ် ဘာသာရေးအဆောက်အအုံတို့ကို လေ့လာကြပါသည်။ ကျောက်မျက်ရတနာများကိုလည်း မိုးကုတ်ရတနာ ပတ္တမြားနီလာကို စိတ်ဝင်တစား လေ့လာဝယ်ယူကြပါသည်။ ကျောက်စိမ်းကျောက်မျက်ကိုလည်း အထူးစိတ်ဝင်စားကြပါသည်။

ရတနာဝယ်ယူရာတွင် ယုံကြည်စိတ်ချရသော ရတနာကုန်သည်ကို ပထမရွေးချယ်ရပါသည်။ ရတနာအစစ်အမှန်ကိုသာ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းဝယ်သူကိုသာ စဉ်းစားနေမိပါသည်။

ထိုသို့စဉ်းစားပြီး ဒိုင်ယာရီမှတ်စုဟောင်းများကို ရှာဖွေခဲ့ရာ ဆရာတော်အရှင်သံဝရ၏ ဆရာရင်း ဒကာရင်းဖြစ်သော ပုဂ္ဂိုလ်တစ်ဦး၏ လိပ်စာကို ရှာတွေ့ပါတော့သည်။ သူ၏ ဘဝဖြစ်စဉ်ကလည်း ထူးဆန်းစိတ်ဝင်စားစရာ ကောင်းလှပါသည်။

မြစ်ဝကျွန်းပေါ် တောနယ်ကလေးမှ ရန်ကုန်သို့ တက်လာပြီး ဆရာတော်ကျောင်းတွင် ကပ္ပိယအဖြစ်ခိုလှုံ၍ အလုပ်ရှာပါသည်။

ဆရာတော်၏ ထောက်ခံချက်ဖြင့် ဗိုလ်ချုပ်ဈေး ရတနာဆိုင်တွင် တောက်တိုမည်ရ လုပ်ရပါသည်။ သန့်ရှင်းရေးလုပ်ခြင်း၊ အိမ်မှဆိုင်သို့ ထမင်းချိုင့်သွားယူပေးရခြင်း၊ ဆိုင်ရှင်က ရတနာထုပ်ကို ပန်းထိမ်ဆိုင်သို့ ပို့ခိုင်းခြင်း၊ ကုန်သည်အချင်းချင်း ငွေပေးချေမှုကို ငွေပို့ခိုင်းခြင်း၊ ငွေတောင်းခြင်း အလုပ်တွေကို တာဝန်ပေးခြင်း ခံရပါသည်။ ကြာလာတော့ ယုံကြည်ကိုယ်စားပြုနိုင်သော လူယုံတစ်ယောက် ဖြစ်လာပါသည်။

လူငယ် ကိုအောင်သူကလည်း နဂိုကတည်းက ရိုးသားကြိုးစားသူဖြစ်၍ ရတနာ၏ အရည်အသွေးကို လေ့လာခြင်း၊ ကာလပ်တွက်ခြင်း စသည်တို့ကို ဝါရင့်ပညာရှင်ကြီးများထံမှ အလျဉ်းသင့်သလို လေ့လာမှတ်သားခဲ့ပါသည်။ ထိုစဉ်က ရတနာတန်ဖိုးဖြတ်၊ အရည်အသွေးစစ်သော ဓာတ်ခွဲခန်းများ မပေါ်ပေါက်သေးပါ။ အတွေ့

www.burmeseclassic.com

အကြို၊ အလေ့အကျင့်က မိမိဝါသနာနှင့် ပေါင်းစပ်၍ ရတနာလောကတွင် ပညာရှင်အဖြစ် ရပ်တည်ကြရပါသည်။

တဖြည်းဖြည်းနှင့် ရက်ကို လစား၊ လကို နှစ်စား ဆယ်စုနှစ်တစ်ခုကို ဖြတ်ကျော်လာပါသည်။ ထိုအခါ ကိုအောင်သူတစ်ယောက် ရတနာဆိုင်ပိုင်ရှင်၏ အားကိုးလောက်သော ညာလက်ရုံးတစ်ဆူ ဖြစ်လာပါတော့သည်။ သိပ်မကြာလိုက်ပါ၊ ရတနာဆိုင်ပိုင်ရှင်က သူ၏ ရတနာဆိုင်နာမည်ဖြင့်ပင် ဆိုင်ခွဲတစ်ခုကို ဗိုလ်ချုပ်ဈေး ရတနာတန်းတွင် ဖွင့်ပေးလိုက်ပါသည်။ ကိုအောင်သူကလည်း ဆရာတော်၏ကျောင်းတွင် မနေတော့ဘဲ ကျောက်မြောင်းဘက်တွင် သူ၏သူဌေး အစီအစဉ်ဖြင့် တိုက်ခန်းတစ်ခန်းတွင် နေထိုင်ခဲ့ပါသည်။

အလျဉ်းသင့်ရင် သင့်သလို ဆရာတော်ကျောင်းသို့ လာပြီး ဆွမ်းကပ်လေ့ရှိပါသည်။ စာရေးသူနှင့် ကြုံသော ရက်များတွင် စာရေးသူလည်း လုပ်အားဒါနပြုခဲ့ပါသည်။ ဆရာတော် ဆွမ်းဘုဉ်းပြီး အချိုပွဲဘုဉ်းပေးနေစဉ် ကိုအောင်သူနှင့် စကားလက်ဆုံကျမိပါသည်။

ကိုအောင်သူ၏ ပြောပြချက်အရ ဆရာတော် အရှင်သံဝရ စီမံပေးသော ရှင်သီဝလိရဟန္တာကိုယ်တော်မြတ်ကြီး၏ မဟာဒီပံလာဘ်ဖွင့် အစီအရင်ကြောင့် ယခုလို ရတနာဆိုင်ခွဲတစ်ခု ပိုင်လာရခြင်းဖြစ်ကြောင်း သိရပါသည်။

ကိုအောင်သူနှင့် မတွေ့ကြတော့သော်လည်း ကိုအောင်သူ၏ ဆိုင်လိပ်စာကို ဗိုလ်ချုပ်ဈေးတွင် အလွယ်တကူ ရှာတွေ့ခဲ့ပါသည်။ ပရိဂျက်အတိုင်ပင်ခံ နိုင်ငံခြားသား ဝယ်လိုသော ရတနာ၊ ကျောက်စိမ်း၊ နီလာ၊ ပတ္တမြား တို့ကို ကိုအောင်သူ၏ ရတနာဆိုင်တွင် ဝယ်ယူရန် လိုက်ပို့ပေးခဲ့ပါသည်။ ရတနာ၏ အရည်အသွေး၊ ဈေးနှုန်းကအစ စိတ်ချယုံကြည်စွာဖြင့် ဝယ်ယူနိုင်သဖြင့် နိုင်ငံခြားသား၏ စိတ်ကျေနပ်မှုကို ရရှိခဲ့ပါသည်။

ကိုအောင်သူ ပြန်သွားသောအခါ ဆရာတော်အား ပူဆာလျှောက်ထားလိုက်ပါသည်။ ကိုအောင်သူ ပြောပြသော ရှင်သီဝလိရဟန္တာ၏ လာဘ်ဖွင့်အစီအရင် ရတနာဒီပံအင်းတော်ကြီးကို စီရင်ပုံစီရင်နည်းကို သင်ကြားပေးပါရန် လျှောက်ထားလိုက်ပါသည်။

ဆရာတော်မှလည်း ရတနာဒီပံဖယောင်းတိုင် ပြုလုပ်ရာတွင် လိုအပ်သော ပရိက်များကို အရင်သင်ကြားပေးပါသည်။

၁။ စီရင်ဆောင်ရွက်သော ပုဂ္ဂိုလ်သည် သက်သတ်လွတ် (၇)ရက်စားရပါသည်။ နေ့(၇)နေ့၊ နံ(၇)နံအတွက် (၇) ရက်သားသမီးကို ရည်ညွှန်းပါသည်။

၂။ နေ့စဉ် မေတ္တာသုတ်(၉)ခေါက် ရွတ်ဆိုရပါသည်။

၃။ ဝတ်ဖြူစင်ကြယ်ကို အိပ်ချိန်မှလွဲ၍ အမြဲဝတ်ထားရပါမည်။

၄။ သီဝလိစမဟာထေရော ဒေဝမနုဿပူဇိတော သောရဟော ပစ္စယာ ဒီနံ့ မဟာလာဘံ ကရောတုမေ ဂါထာကို တစ်နေ့(၁၀၈)ခေါက် ရွတ်ဆိုရပါမည်။

၅။ ကံငါးပါးမှ အနည်းဆုံး ကံ(၃)ပါးကို စောင့်ထိန်းပြီး အဖြူဟ္မာစရိယကျင့်စဉ်ကို ရှောင်ရပါမည်။

အထက်ပါ(၅)ချက်ကို (၇)ရက်တိုင် အဓိဋ္ဌာန်ဝင်ပြီးမှ အောက်ပါ ရှင်သီဝလိရတနာဒီပံအင်းတော်ကြီးကို စီရင်ရပါမည်။ စီရင်သောနေ့သည် မြေခံကောင်းခြင်း၊ တိထိ၏ကောင်းခြင်း၊ ရက်ကောင်းရက်မြတ်၊ ရက်ရာဇာနေ့တွင် ဘုရားပွဲတစ်ပွဲ၊ ရှင်သီဝလိရဟန္တာပွဲတစ်ပွဲနှင့် ပညာပွဲတစ်ပွဲ စုစုပေါင်းကန်တော့ပွဲ(၃)ပွဲ တင်မြှောက်ပါ။

၁။ ပျားဖယောင်းစစ်စစ် (၅)ကျပ်သားကို အိုးသန့်သန့်တွင်ထည့်၍ မီးဖြင့်ကျို၍ ပိတ်စိမ်းပါးဖြင့် အညစ်အကြေးများ စစ်ထုတ်ပါ။

၂။ မိမိကိုယ်တိုင်း အမြင့်နှင့်အမျှ သက်ရေချည်မျှင်ကို မီးဇာပြုလုပ်ပါ။

၃။ ရှင်သီဝလိအင်းတော်ကို မိုင်းကိုင်စက္ကူတွင် စီရင်ပါ။

၄။ အထက်ပါအင်းတော်ကြီးကို မီးဇာချည် သက်ရေဖြင့်လိပ်၍ အအေးခံထားသော ပျားဖယောင်းဖြင့် လိပ်ပေးပါ။

၅။ ရရှိလာသော ရတနာဒီပံ ရှင်သီဝလိလာဘ်ဖွင့်အစီအရင်ကို အရုဏ်ဂါထာဖြင့် အောက်ပါဌာနများတွင် (၁၀၈) ခေါက်ရွတ်ပေးပါ။


က။ ရေခံဗိပ်
(သဘော်၊ လှေ၊ သမ္ဗန် ဆိုက်ကပ်သောနေရာ)

ခ။ တံတားထိပ် (လူသွားလူလာများသော ပေါင်းကူး တံတားကို ဆိုလိုပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

**အလွန်လာဘ်ရှင်စေသော**
**ရှင်သီဝလိ မဟာဒီပံအင်း**





ဂ။ လမ်းဆုံလမ်းခွရှိသောနေရာ
(ဆူးလေဘုရားသည် လမ်းဆုံ လမ်းလေးခွ ဖြစ်ပါသည်။)

ဃ။ တန်ခိုးကြီးဘုရား (ရွှေတိဂုံစေတီတော်ကဲ့သို့ သမိုင်းဝင် တန်ခိုးကြီး ဘုရား ဖြစ်ပါသည်။)

င။ ရဟန္တာသိမ်တော်ကြီး
(ရွှေတိဂုံဘုရား တောင်ဘက်မုခ်တွင် ရှိပါသည်။)

အထက်ပါ ရတနာဒီပံအင်းတော်ကြီးကို ရွှေပြား၊ ငွေပြား၊ ကြေးပြားတွင် စီရင်လျှင်လည်း ရပါသည်။ ရတနာဒီပံဖယောင်းတိုင်ကို မကြာခဏ စီရင်စရာမလိုဘဲ မိမိ၏ဆိုင်တွင် အမြင့်တစ်နေရာ၌ ထောင်ထားပါ။

ရွှေချထားသော ရှင်သီဝလိရုပ်ပွားတော်ကိုလည်း ထိုအင်းတော်ကြီး၏ ရှေ့တွင် ပူဇော်ထားရပါမည်။ နေ့စဉ် ပန်း၊ ရေချမ်း၊ နံ့သာတိုင်များ ပူဇော်ပေးပါ။ သင်၏ ရတနာဆိုင်၊ စတိုးဆိုင်၊ ရူပါမားကက်တို့သည် ဈေးဝယ်သူများဖြင့် စည်ကားနေမည် ဖြစ်ပါသည်။

မေတ္တာရည်၍
ပုရောဟိတ် ဆရာဦးမြင့်စိုး
ဖုန်း - ၀၉၅၁၃၃၆၆၄၆

www.burmeseclassic.com

ဂန္တိရဆရာလှမျိုး(B.Sc)

# လိုရာဆန္ဒပြည့်စေရာ အနောက်တိုင်းလောကီပညာ(၂)

မည်သည့်လောကီပညာမဆို ယုံကြည်စိတ်နှင့် ပြုလုပ်ရန် လိုပါသည်။ ဆရာကြီးတစ်ယောက်က ပြောဖူးသည်။ ယုံကြည်မှုတွင် (၆၀)ရာခိုင်နှုန်း၊ သက်ဝင်တာက (၄၀)ရာခိုင်နှုန်းဟု ဆိုသည်။ ယုံကြည်မှ သက်ဝင်၊ ယုံကြည် သက်ဝင် ဟူသောအဆိုကို ရှင်းထားခြင်း ဖြစ်ပါသည်။

ယခုလည်း စာရေးသူကိုယ်တိုင် လုပ်တာရှိသလို သူတစ်ပါးကို လမ်းညွှန်ပေးတာလည်း ရှိပါသည်။ စာတွေ့ လက်တွေ့ ပေါင်းစပ်ပြုလုပ်သင့်ပါသည်။

**(၈) ထီကံကောင်းစေသောနည်း**

ဤအစီအရင်သည် ကံထိုက်ကစားနည်း မှန်သမျှ၌ ပိုကောင်းသောကံကို ပိုင်ဆိုင်စေနိုင်သည်။ သောကြာနေ့တွင် အစိမ်းရောင်ဖယောင်းတိုင် တစ်တိုင်ကို မီးထွန်းပြီး အောက်ပါဂါထာကို (၆)ကြိမ်ကျယ်လောင်စွာ ရွတ်ပါ။

Beautiful Lady.

Rain the luck upon me grant me a lucky win.

A sure and certain thing.

ဤအစီအစဉ်အတိုင်း (၉)ညဆက်တိုက် လုပ်ပါ။ သင် ထိုးထားသော ထီလက်မှတ်ဖြတ်ပိုင်း စသည်တို့ကို အစီအရင်လုပ်နေစဉ် ဖယောင်းတိုင်ရှေ့တွင် ထားပါက အကျိုးသက်ရောက်မှု ပိုရှိမည်။

**(၉) ငွေဝင်ရန် ဖယောင်းတိုင်အစီအရင်**
**(Candle Money Spell)**

**လိုအပ်သောပစ္စည်း**

* လိမ္မော်ရောင်ဖယောင်းတိုင်(၂)တိုင်၊
* အမွှေးဆီ၊

တနင်္ဂနွေ၊ ကြာသပတေး၊ သောကြာ တစ်ရက်ရက်တွင် သင့်အမည်နှင့် သင်လိုလားသော ချမ်းသာကြွယ်ဝခြင်း၊ ဩဇာအာဏာရှိခြင်း စသည့် သင့်ဆန္ဒအားလုံးကို ဖယောင်းတိုင်များပေါ်တွင် အချွန်တစ်ခုဖြင့် ရေးထွင်းကာ ဖယောင်းတိုင်များကို သင်နှစ်သက်ရာ ရေမွှေး (သို့မဟုတ်) အမွှေးဆီတစ်မျိုးမျိုး သုတ်လိမ်းပြီး မီးထွန်းညှိပါ။

ဖယောင်းတိုင်များကို သင့်လက်ထဲတွင် ဆုပ်ကိုင်ကာ သင့်လက်ဖဝါးတွင် သွေးတိုးနေသည်ကို ခံစားမိသည်အထိ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားပြီး အောက်ပါစာသားကို ရွတ်ဆိုပါ။

These candles bring me wealth and rich.

ယင်းစာသားကို လေးငါးဆယ်ကြိမ် (သို့မဟုတ်) သက်စေ့ စသည်ဖြင့် သင်စိတ်ကျေနပ်လောက်အောင် ရွတ်ပြီးသော် ယင်းဖယောင်းတိုင်များကို နှာခေါင်းမှ လေဖြင့် မှုတ်ငြိမ်းလိုက်ပါ။ ပါးစပ်ဖြင့် မမှုတ်ရ။ ယင်းဖယောင်းတိုင်များ ကုန်သွားသည်အထိ နေ့စဉ်ရက်ဆက် ဤအတိုင်း ဆက်လုပ်ပါ။

**(၁၀)ဆင်းရဲခြင်းမှ လွတ်ကင်းရန်**

ဤနည်းသည် ကာရေဘီယံပင်လယ်အော်ဒေသမှ နာမည်ကျော်ဆရာတစ်ဦး၏ နည်းဖြစ်သည်။

**လိုအပ်သောပစ္စည်း**

* ပန်းကန်ငယ်(၁)၊
* ဆားအနည်းငယ်၊
* သကြားအနည်းငယ်၊
* ဆန်အနည်းငယ်၊
* တွယ်ချိတ်(၁)၊


ဆား၊ သကြားနှင့် ဆန်တို့ကို ညီမျှစွာခြင်တွယ်ယူပြီး ပန်းကန်လုံးထဲ ထည့်ပါ။ တွယ်ချိတ်ကို ပန်းကန်အလယ်တွင်ထားပါ။ သင်ကိုးကွယ်သည့် ဘာသာအလိုက် ချမ်းသာကြွယ်ဝပါစေကြောင်း ဆုတောင်းပါ။

သင့်မှာ ခြံဝင်းရှိလျှင် ယင်းပန်းကန်ကို ခြံထဲရှိ အမိုးအကာအောက်၌ထားပါ။ တိုက်ခန်းနှင့် နေသည်ဖြစ်လျှင်



www.burmeseclassic.com

www.burmeseclassic.com




ပြတင်းပေါက်ဝတွင် ထားပါ။ ပန်းကန်ထဲရှိ ပစ္စည်းများ ဖုန်တက်လာလျှင် အသစ်ပြန်လဲလှယ်ပါ။ (သို့မဟုတ်) သင့်လျော်သော အခြေအနေတွင် အသစ်လဲလှယ်ပေးပါ။

(၁၁)**အလုပ်ကိစ္စ ကံကောင်းစေမည့်နည်း**

**လိုအပ်သောပစ္စည်းများ**

* ဟင်းခတ်ဆား မီးခြစ်ဆံခေါင်းခန့်၊
* လက်ကိုင်ပဝါ(၁)၊

ဤနည်းသည် အစွမ်းထက်သော အနောက်တိုင်းမှော်ပညာနည်းတစ်ခု ဖြစ်သည်။ အလုပ်အင်တာဗျူးဝင်မည်၊ (သို့မဟုတ်) အလုပ်ကိစ္စနှင့်ပတ်သက်ပြီး အရေးကြီးသူတစ်ဦးနှင့် တွေ့ဆုံမည်ဆိုလျှင် လက်ကိုင်ပဝါထဲတွင် အိမ်သုံးဆား မီးခြစ်ဆံခေါင်းခန့် ထည့်လုပ်ပြီး လက်ကိုင်ပဝါကို သင့်အိတ်ထဲမှာ ဆောင်ထားပါ။ တွေ့မေး၊ တွေ့ဆုံမည့် အခန်းထဲရောက်သည်နှင့် လက်ကိုင်ပဝါကိုထုတ်ပြီး တစ်စုံတစ်ခုကို ပုတ်ခါသလိုနှင့် လက်ကိုင်ပဝါထဲမှ ဆားပွင့်များကို အခန်း၏မြောက်ဘက်အရပ်သို့ ပစ်လိုက်ပါ။ (၃)ရက်အတွင်း အလုပ်ရမည်၊ (သို့မဟုတ်) အလုပ်ကိစ္စ အဆင်ပြေမည်။

(၁၂)**ဖောက်သည်တိုးပွားစေနည်း**

ဤနည်းသည် ဗူဒူးမှော်နည်းတစ်ခုဖြစ်ပြီး လုပ်ငန်း ပိတ်သိမ်းရလုနီးနီး စတိုးဆိုင်ပိုင်ရှင်တစ်ဦးကို ဆိုင်ခွဲများ ဝင် ထပ်ဖွင့်နိုင်စေခဲ့သည်။

**လိုအပ်သောပစ္စည်းများ**

* သကြားအနည်းငယ်၊
* ကန့်အနည်းငယ်၊
* စိတ်ကြည်နူးစေမည့် အမွှေးဆီတစ်မျိုးမျိုး။

နံနက်စောစော နေမထွက်မီ သကြား၊ ကန့်နှင့် သင့်တင့်သော အမွှေးဆီပမာဏကို အမွှေးဆီမီးရှို့သည့် ခွက်ထဲထည့်ကာ မီးရှို့ပါ။ ကြေးခွက်မရှိပါက ကြွေခွက်၊ မြေခွက်ကို သုံးပါ။

နေထွက်လာစဉ်တွင် အရှေ့အရပ်သို့ကြည့်ပြီး ဈေးဝယ်သူများ သင့်ထံ ဝင်ရောက်လာပါစေကြောင်း မေတ္တာပို့ကာ ဆုတောင်းပါ။

(၁၃)**သော့တွဲလာဘ်ရွှင်အစီအရင်**



လောကီပညာ သော့တွဲ၊ သော့ခလောက်များ အစီအရင်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ သော့(Key) အဖြစ် အသုံးပြုသည်။

သော့သုံးချောင်းတွဲကို မိမိအလုပ်၊ ဈေးဆိုင်မှာ ကြိုးဖြင့် ဆွဲထားပါ၊ ချိတ်ဆွဲထားပါ။ ရွှေရောင်သော့ (သို့မဟုတ်) ငွေသော့ဆိုပါက ပိုကောင်းသည်။ စတီးကြိုး (သို့မဟုတ်) အစိမ်းရောင်ကြိုး တစ်ခုခုဖြင့် ချိတ်ဆွဲထားပါ။ သော့သုံးချောင်းကို မေတ္တာ(Love)၊ ချမ်းသာခြင်း(Wealth) နှင့် ကျန်းမာခြင်း(Health) ဟူ၍ အဓိပ္ပာယ်ဖော်ထားသည်။ ထို့ကြောင့် အကျိုးကျေးဇူးသုံးမျိုး ရရှိနိုင်သည်။ အနောက်တိုင်းတွင် ရွှေအစစ်ကိုပင် ပြုလုပ်ဆောင်ကြသည်ဟု ဆိုကြသည်။ အဓိကမှာ ရွှေရောင်၊ ငွေရောင် (သို့မဟုတ်) စတီး၊ ကြေးသော့ တစ်မျိုးမျိုးအသုံးပြုနိုင်သည်။ ပုံစံတူဖြစ်စရာ မလိုပါ။ ကားမှာလည်း ချိတ်ဆွဲထား၍ ရပါသည်။

ငွေဝင်ပြစေရန်၊ အကြွေးငွေ ရရှိစေရန်အတွက် သော့ခလောက်ထဲကို သော့တံ ထည့်လိုက် ထုတ်လိုက်လုပ်ပြီး လိုရာဆန္ဒ ပြောဆိုဆုတောင်းပါ။ အင်္ဂလိပ်လိုတော့ Money Money come to me ဟု ပြောရသည်။ အချိန်အခါ နေရာမရွေး ပြုလုပ်ရသည်။

အိမ်ထောင်ရေးအဆင်မပြေသူများ ညအိပ်ရာဝင်ခါနီးတွင် မိမိအိပ်ရာအနီး ခုံတစ်လုံးပေါ်တွင် သော့တံနှင့် သော့ခလောက် ယှဉ်တွဲထားပါ။ ပန်းကန်ပြားထဲထည့်၍ ရသည်။ သော့တံကို အမျိုးသားဟု အာရုံပြု၊ သော့ခလောက်ကို မိမိဟု အာရုံပြုကာ ဖယောင်းတိုင်တစ်တိုင်စီ ထွန်းညှိကာ လိုရာဆန္ဒဆုတောင်းမှု ပြုပေးပါ။

အနောက်တိုင်းလောကီပညာတွင် ငွေဝင်စေရန် မန္တန်အဖြစ် Trick a five ဟု အကြိမ်ကြိမ် ရွတ်ဆိုနိုင်းပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ငွေဝင်လာဘ်ရွှင်စေသောမန္တန်ဟု ဖွင့်ဆိုထားသည်။ ဘာပစ္စည်းမှ မလိုသောနည်း ဖြစ်ပါသည်။ ငွေကြေးကိစ္စကို အာရုံစိုက် ရွတ်ဆိုပေးနေရမည်။

**(၁၄)ကိုယ့်ချစ်သူနှင့် နီးစေမည့်နည်း**

**လိုအပ်သောပစ္စည်း**

* အနီရောင် ဖယောင်းတိုင် (၂)၊
* ပန်းကန် (၁)၊
* ကြက်ဥ (၂)၊

အနီရောင်ဖယောင်းတိုင် နှစ်တိုင်ကို ပူးကပ်ပြီး မီးထွန်းပါ။ ပန်းကန်လွတ်ကို ယင်းဖယောင်းတိုင်နှစ်တိုင်၏ ရှေ့တွင်ချထားပြီး ကြက်ဥတစ်လုံးကိုယူ၍ အခွံကို မားဖြင့် အသာဆတ်ပြီး ခွဲလိုက်ပါ။ အနှစ်ပေါက်မသွားပါစေနှင့်။ အနှစ်နှင့် အကာတို့ကို ပန်းကန်ထဲသို့ သွန်ချလိုက်ပါ။ ဤသို့လုပ်နေစဉ် အောက်ပါဂါထာကို ရွတ်နေပါ။ Gold သည် ကြက်ဥအနှစ် Silver သည် ကြက်ဥအကာကို ဆိုလိုသည်။

This is me My mind is gold. My body is silver.

နောက် ကြက်ဥတစ်လုံးကိုလည်း အောက်ပါဂါထာကိုရွတ်၍ ယခင်နည်းအတိုင်း ပြုလုပ်ပါ။

This is him/her
His/Her mind is gold.
His/Her body is silver.

သင်ရည်ရွယ်သူသည် ယောကျ်ားလေး ဖြစ်ပါက him/his မိန်းကလေးဖြစ်ပါက her/her ဟု ရွတ်ဆိုပါ။

ပန်းကန်အတွင်းမှ ကြက်ဥနှစ်လုံး၏ အနှစ်နှင့် အကာများကို ပေါက်သွားအောင် မားဦးဖြင့် အသာအယာမွှေပြီး အောက်ပါဂါထာကို ရွတ်ဆိုပါ။

Let our minds and bodies united even more,
Until one is two and two is one.

ကြက်ဥနှစ်လုံး၏ အနှစ်နှင့် အကာများ သမစွာရောနှောသွားသည်အထိ မွှေနေရင်း အထက်ပါ ဂါထာကို အထပ်ထပ် ရွတ်နေပါ။ ထို့နောက် အိမ်ပြင်သို့ထွက်ပြီး ကြက်ဥအရောများကို မြေကြီးပေါ်သို့ သွန်ချလိုက်ပါ။ ကွန်ကရစ်၊ ကတ္တရာလမ်းပေါ် မသွန်ရ။ ဤအစီအရင်ကို ထူးခြားမှုတစ်ခုခု ပြသည်အထိ တစ်ပတ်တစ်ကြိမ်လုပ်ပါ။

စာရေးသူ လူငယ်တစ်ဦးကို ဆောင်ရွက်ခိုင်းရာ သုံးပတ်ပြုလုပ်ပြီးသောအခါ ထူးခြားတာ ကြုံတွေ့ရပါသည်။

**(၁၅)ချစ်သူတောင်းပန်နည်း**

သင့်ရည်းစား ယောကျ်ားလေးက သင့်ကို လမ်းခွဲသွားလျှင် သင့်အမည်နှင့် သူ့အမည်ကို စာရွက်တစ်ရွက်တွင် မင်နီဖြင့်ရေးကာ ထိုအမည်များကို မင်နီနှင့်ဝင်စက်ဝိုင်းသုံးထပ်ဝိုင်းပြီး မြေတွင် မြှုပ်ထားပါ။ မကြာမီသူက တောင်းပန်စကားဆိုပြီး ပြန်လာမည်။




**(၁၆)မိန်းကလေးတစ်ဦးထံမှ ချစ်ခြင်းမေတ္တာ ရရှိစေရန်**

အနက်ရောင်သဘော် မဟူရာကျောက်(Agate)တို ငွေဖြင့်ကွပ်၍ လော့ကက်သီးတစ်ခုလုပ်ပါ။ ထိုလော့ကက်သီးကို သင်ကိုယ်တိုင် (၇)ရက်ဆွဲထားပြီးနောက် သင်ရည်ရွယ်ထားသော မိန်းကလေးကို လက်ဆောင်ပေးလိုက်ပါ။ သူမအချစ် သင်ရပါလိမ့်မည်။ အမှန်တကယ် ချစ်မေတ္တာရှိမှ ပြုလုပ်ပါ။

အနောက်တိုင်းလောကီပညာများကို အလျဉ်းသင့်သလို ရှာဖွေတင်ပြပေးသွားပါမည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**

**မှီငြမ်း**

* လိုတရအနောက်တိုင်းလောကီပညာ (သက်လင်း)။
* စာရေးသူကိုယ်တိုင် လေ့လာမှတ်သားလောကီပညာ မှတ်စုများ။
* မဂ္ဂဇင်း၊ ဂျာနယ်၊ သင်တန်းမှုများ။

www.burmeseclassic.com

www.burmeseclassic.com


# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝလမ်းကြောင်း ဟောကိန်းထုတ်ပေးနေသော ဆရာဘုန်းမြတ်မင်း

'အထူး' အောင်မြင်မှုများ ရရှိပါမည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

တံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရမြဲပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ ပူခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး စီးပွား အဆင်မပြေမှုနဲ့တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရမြဲပါတယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ဝစ္စုပ္ပန်အကျိုးတရား ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဝမ်းရှိသော့တလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့တာသာ အဓိကလိုပါတယ်။ ကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

**ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။**


ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၉ ၅၁ ၈၄၉၀၅




www.burmeseclassic.com

www.burmeseclassic.com



# ဝင်စေ ထွက်စေ စမဲစေတွ

မင်းနေထွန်း(ကန့်ဘလူ)

ကျွန်တော်က လူတစ်ယောက်ကို တစ်ခါ၊ နှစ်ခါ တွေ့ဖူး၊မြင်ဖူးရုံနဲ့ မမှတ်မိတတ်တော့ဘူး။ အသက်အရွယ်နဲ့ပဲ ဆိုင်သလားတော့ မသိဘူး။ မှတ်ဉာဏ်တွေက အိုပ်ပြီး၊ မကောင်းတော့ဘူးလေ။ အဲဒါကြောင့်ပဲ တချို့လူတွေနဲ့ အားတုံ့အားနာ ဖြစ်ရတယ်။

ခုပဲ ကြည့်လေ။ ကျွန်တော့်ရဲ့ ရင်အေးငြိမ်းစေသား ဗေဒင်အလုပ်စခန်းရဲ့ စားပွဲရှေ့မှာ ရောက်လာတဲ့ လူနှစ်ယောက်အနက်က တစ်ယောက်ကို ကျွန်တော် မမှတ်မိတော့ဘူး ဖြစ်နေတယ်။ သူကတော့ စားပွဲမှာ ထိုင်လိုက်ကတည်းက ကျွန်တော့်ကို ရင်းရင်းနှီးနှီး ရွှန်းရွှန်းစားစားမျက်နှာနဲ့ ကြည့်ပါတယ်။ ကျွန်တော်က အိမ်ရှင်ဝတ္တရားအရသာ သူ့ကို အပြုံးနဲ့ ပြန်ကြည့်မိပေမယ့် မှတ်မိလို့မဟုတ်ဘူး ဖြစ်နေတယ်။

'ကျွန်တော့်ကို ဆရာကြီး မမှတ်မိဘူး ထင်တယ်။ ဒီအရင်က ဆရာကြီးဆီကို ကျွန်တော့်သားနဲ့ လာဖူးတယ်။ ဟိုလေ..ထော်လာဂျီပြန်ရောင်းချင်လို့ဆိုပြီး လာအကူအညီတောင်းကြတာ။ ဆရာကြီးညွှန်းတဲ့အတိုင်း လုပ်လိုက်တာ ထော်လာဂျီ ပြန်ရောင်းထွက်သွားတယ်။ ခုဟာက သူက သမက်လေ။ မော်တော်ဆိုင်ကယ် ပြန်ရောင်းချင်တာ။ ဒီအဟောင်းထွက်မှ သူ့ထက်ကောင်းတဲ့ အသစ်တစ်စီး ပြန်ဝယ်ချင်လို့'

ကျွန်တော့်မျက်နှာ ပူရှိန်းရှိန်း စပ်ဖျဉ်းဖျဉ်း ဖြစ်သွားပါတယ်။ သူပြောဆိုတဲ့အတိုင်းဆိုရင် ကျွန်တော့်ဆီ ရောက်ဖူးတဲ့ ကျွန်တော့်ဆီ ဗေဒင်မေးဖူးတဲ့ ကျွန်တော့်ဆီက ယတြာသျှော့ပညာ အကူအညီယူဖူးတဲ့သူပဲ။ တစ်နည်း ပညာအားပေး ကျေးဇူးရှင်တစ်ယောက်ပေပဲ။ ဒါကို မမှတ်မိဖြစ်နေတဲ့အတွက် အားတုံ့အားနာ ဖြစ်သွားရတယ်လေ။ သူ ပြန်ပြောတော့မှ အတွေးကို အပြေးစဉ်းစားတော့မှ ပြန်ပေါ်လာတယ်။

'ဪ..မှတ်မိပြီ။ ခင်ဦးမြို့နယ်ထဲက သဲကုန်းကြီးရွာကလေ။ ဟုတ်ပြီ၊ ကျွန်တော်မှတ်မိသွားပြီ။ ခွင့်လွှတ်ဗျား ကျွန်တော်က အသက်အရွယ်အရရော၊ ကျွန်တော့်ဆီ လာအကူအညီတောင်းဖူးသူ များတာရော ရုတ်တရက် မမှတ်မိဘူး ဖြစ်သွားတယ်'

'ရပါတယ် ဆရာကြီးရဲ့၊ ဒါ ဖြစ်တတ်ပါတယ်။ အဲ..ကျွန်တော့်သမက်ကိစ္စလေ' ဆိုပြီး သူ့သမက်ဆိုသူဘက်ကို မျက်နှာမူသွားပါတယ်။

သူ့သမက်ဆိုသူက လူအေးနဲ့တူပါတယ်။ သူ့ယောက္ခမ ဦးဆောင်ပြောဆိုနေတာကိုပဲ ဘေးက အပြုံးနဲ့ ထိုင်နားထောင်နေရှာတယ်။

သူ့ယောက္ခမက သူ့ဘက် မျက်နှာလှည့်လာတော့မှပဲ ပျာပျာသလဲ အမူအရာနဲ့ 'ဟုတ်..ဆရာကြီး၊ အဖေပြောသလို ဆိုင်ကယ်ရောင်းချင်တာပါ' တဲ့။

ဒီတော့ သူ့ကံမှာ စက်ပစ္စည်း ဝင်ကိန်း၊ ထွက်ကိန်း ရှိ၊မရှိ သိဖို့လိုတာပေါ့။ အကယ်လို့ စက်ပစ္စည်းထွက်ကိန်း မရှိပါဘဲနဲ့ အတင်းရော အဓမ္မရော မထွက်၊ထွက်အောင် ဓာတ်ဆင်ဓာတ်ရိုက်လုပ်လိုက်ကြရင် ထွက်တော့ထွက်သွားမှာပါပဲ။ ဒါပေမဲ့ အကောင်းထွက်ထွက်ခြင်းမျိုး မဟုတ်ဘဲ အဆိုးထွက် ထွက်သွားတာမျိုး ဖြစ်တတ်တာကိုး။ အဲဒီလို မဖြစ်အောင် တွက်ရမယ်လေ။ တွက်ဖို့ သူ့မွေးသက္ကရာဇ် မေးရတော့တာပေါ့။

သက္ကရာဇ်မေးပြီး တွက်ချက်ကြည့်လိုက်တော့ သူ ရောက်သက်အရ စက်ပစ္စည်းလို့ ပရိယာယ်ရတဲ့ အင်္ဂါနဲ့ ဂြိုဟ်က တန်းကပ်မှာ ရှိနေတာကို တွေ့ရတယ်။ ဗေဒင်

www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်ကြီးတွေရဲ့ ဝိဂြိုဟ်ပြုမှုအရဆိုရင် တန်းကပ်မှာရှိတဲ့ နံဟာ ဝင်လာနိုင်သလို အဲဒီတန်းကပ်နံဂြိုဟ်ကို လာရောက် ပူးယှဉ် ကပ်တွယ်နေတဲ့ နံဂြိုဟ်ကလည်း ဇာတာရှင်ဆီက ပြန်ထွက်သွားတတ်လေ့ရှိတယ်ဆိုကိုး။ ဒီတော့ မော်တော်ဆိုင်ကယ်လို စက်ပစ္စည်းရောင်းချင်သူအဖို့ အဝင်၊ အထွက် ကံ ရှိနေပြီလို့ ပြောလို့ရတာပေါ့။

၆ ၆
ပြ ၅ ၅
၄ ၄
*၃ ၃ (စက်ပစ္စည်း)
၂ ၂
နိစ် ၁ ၁
၀ ၀

ဒီနေရာမှာ အင်္ဂဝိဇ္ဇာဗေဒင်နည်းပညာနဲ့ ပြောရရင် ဗေဒင်မေးသူရဲ့ နှုတ်ထွက်စကား၊ ဗေဒင်မေးချိန်မှာ မြင်ရ၊ ကြားရတဲ့ အတိတ်၊ နိမိတ်တွေဟာ အရေးကြီးတဲ့အတွက် မော်တော်ဆိုင်ကယ် ရောင်းချင်လို့ပါဆိုတဲ့ မော်(ကြာသပတေးနံဂြိုဟ်)ဟာ အရေးကြီးတဲ့ နိမိတ်လက္ခဏာပါပဲ။

သူတို့ပြောတဲ့ မော်တော်ဆိုင်ကယ် ကြာသပတေးနိမိတ် နံဂြိုဟ်ဟာ ဇာတာရှင်ရဲ့ သက်ရောက်တိုင်မှာ ပရလို့ခေါ်တဲ့ (ပြ)မှာ နားခိုနေတာကို ထင်းထင်းကြီး တွေ့နေရတာကိုး။ ပရဆိုတာ သူတစ်ပါးအတွက်လို့ အနက်အဓိပ္ပာယ်ပေးထားကြတာဆိုတော့ သူတို့ ရောင်းချင်ပါတယ်ဆိုတဲ့ မော်တော်ဆိုင်ကယ်ဟာ ပရ(သူတစ်ပါးအတွက်) ဖြစ်နေပြီပေါ့။ နိမိတ်ပြနေပြီပေါ့။

အကယ်လို့ ဟွန်ဒါဆိုင်ကယ် ရောင်းချင်လို့ပါ။ ဂျာလင်းဆိုင်ကယ် ရောင်းချင်လို့ပါလို့ ပြောရင်တော့ သောကြာနံဂြိုဟ်၊ တနင်္လာနံဂြိုဟ်တွေကို ကြည့်ရမှာပေါ့။ အခုတော့ မော်တော်ဆိုင်ကယ်လို့ ဆိုလာတဲ့အတွက် ကြာသပတေးနံဂြိုဟ်ကိုပဲ ကြည့်ရတော့တာပေါ့။ ယေဘုယျအမြင်၊ ယေဘုယျနိမိတ်အရတော့ ဒီဇာတာရှင် စက်ပစ္စည်း(မော်တော်ဆိုင်ကယ်) ထွက်ကိန်းရှိနေတာ သေချာပြီပေါ့။ ဒါပေမဲ့ ကောန်ဖေ့ဝလို့ သတ်မှတ်လို့တော့ မရသေးဘူးပေါ့။

တစ်ဆင့်ကျန်သေးတယ်။

အဲဒါကတော့-

'ခင်ဗျားတို့အိမ် ပတ်ဝန်းကျင်မှာ မီးလန့်တာမျိုးများ ကြုံပြီးပြီလား။ ဒါမှမဟုတ် အိမ်နီးချင်း ပတ်ဝန်းကျင်အိမ်မှာ ကလေးမီးဖွားတယ်ဆိုတဲ့ သတင်းစကားများ ကြားမိသလား' လို့ မေးရတာပေါ့။

ကျွန်တော့်အမေးလည်းဆုံးရော ယောက္ခမနဲ့ သမက်ဆိုသူ နှစ်ယောက်လုံးက အံ့ဩသွားသလိုနဲ့-

'ဟာ..အိမ်နီးချင်းတောင်မဟုတ်ဘူး ဆရာကြီး။ အိမ်မှာကို ကျုပ်သမီးက မီးဖွားတာ၊ ယောက်ျားလေး။ ဘယ်နှစ်ရက်ရှိဦးမလဲ။ တစ်လတောင် မပြည့်တတ်သေးဘူး' လို့ အားရဝမ်းသာ ယောက္ခမဖြစ်သူက ဝင်ပြီး ဖြေပါတယ်။

သူတို့စိတ်ထဲမှာတော့ ဗေဒင်ဟောတာ မှန်လိုက်တာလို့ ထင်သွားကြမှာပါပဲ။ အဲဒါ ကျွန်တော်သိချင်လို့ မေးတဲ့အမေးပါ။ ဗေဒင်ဟောတာ မဟုတ်သေးပါဘူး။ နိမိတ်၊ ဟိတ် မှန်,မမှန် သိချင်လို့ မေးလိုက်တာပါ။ တချို့က အဲဒါမျိုးကို ဗေဒင်မှန်လိုက်တာလို့ ယူဆထင်မြင်တတ်ကြတယ်။ ရယ်တော့ ရယ်ချင်စရာကြီးပါ။

နိမိတ်၊ ဟိတ် မှန်ပြီဆိုတော့ ဇာတာရှင်ဟာ သေချာပေါက် မော်တော်ဆိုင်ကယ် (စက်ပစ္စည်း၊ ကြာသပတေးနံ) ထွက်ကို ထွက်တော့မယ်ပေါ့။ ကောင်းသောထွက်ခြင်းနဲ့ ထွက်သွားဖို့ပဲ လိုတော့တာပေါ့။ ဒီအတွက်လည်း သိမ်ပြီး မခက်လှပါဘူး။ ထွက်စေ၊ ဝင်စေ စမတွေ မြန်မာ့ပညာရပ်နယ်မြေမှာ အရှိသားပဲဥစ္စာ။ သိသူတွေ ဖော်စားနေကြပြီပဲ။ မသိသူတွေက ကျော်သွားနေကြလို့ဥစ္စာ။

ဟိုအရင်က ထော်လာဂျီထွက်သွားပြီဆိုတော့ စနေနံပေါ့ဗျာ။ ခုတစ်ခါ မော်တော်ဆိုင်ကယ်ဆိုတော့ ကြာသပတေးနံဖြစ်သွားပြီပေါ့။ စနေနံကိုစီရင်တဲ့ အင်းစမနဲ့ ကြာသပတေးနံ အင်းစမ မတူညီတော့ စနေနံအင်းစမနဲ့တော့ မော်တော်ဆိုင်ကယ် ထွက်မှာ မဟုတ်ဘူးဗျ။ အဲဒီနည်းနဲ့များ လုပ်ကိုင်ကြည့်မိကြသေးသလား မသိဘူးလို့ အကဲစမ်းမေးလိုက်တော့ ကွက်တိပဲ။

အဟဲတဲ့။ နှစ်ယောက်စလုံး ပြုံးဖြီးဖြီးလုပ်ကြတယ်။ ကျေးလက်နေ ပြည်သူတွေဆိုတာက အင်မတန် ရိုးသားကြပါတယ်။ လေ့နှံဗေးထစ်လည်း စွဲတတ်မှတ်တတ်ကြပါတယ်။ သူတို့ ထော်လာဂျီစမအင်းနဲ့ လုပ်ကြည့်ပြီး မော်တော်ဆိုင်ကယ် မထွက်လို့ ကျွန်တော့်ဆီ ရောက်လာတာပဲဆိုတာ ကျွန်တော် အကဲဖမ်းလို့ရပါတယ်။

အင်္ဂဝိဇ္ဇာအခါတိုင်အရ-

'ကဲ..မော်တော်ဆိုင်ကယ် ရောင်းထွက်ချင်တယ်ဆိုတော့ အရင်ကလိုပဲပေါ့ဗျာ။ အင်းစမရေးပြီး မော်တော်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ကယ်ရဲ့ ရှေ့ထိပ်မှာကပ်၊ အရှေ့မြောက်ထောင့် ဒါမှမဟုတ် အနောက်ဘက်တည့်တည့်အရပ်ကို မော်တော်ဆိုင်ကယ်ကို လှည့်ထား၊ သောကြာချိန်မှာ အင်္ဂါနံ ဆီးညွှန့်နဲ့ ထွက်.. ထွက်..ကောင်းသောထွက်ခြင်းနဲ့ထွက်ဆိုပြီး (၈)ချက်ရိုက် ပေတော့ လို့ မှာလိုက်ရပါတယ်။

သောကြာချိန် ရွေးနည်းကိုတော့ ထော်လာဂျီရောင်း ထွက်ရေး ကိစ္စကတည်းက (၇)ရက်စာ ရေးပေးလိုက်ပြီမို့ နောက်ထပ်ရေးမပေးလိုက်တော့ပါဘူး။

(၇)နေ့ (၇)နံ ပစ္စည်းတွေအဖို့ ဝင်စေလိုတဲ့ စမအင်း၊ ထွက်စေလိုတဲ့ စမအင်းတွေကိုတော့ ဘိုး၊ ဘွား၊ ဘီ၊ ဘင် ရှေးပညာရှင်ကြီးများက နောက်နောင်အသုံးချမယ့်သူတွေ အတွက် တီထွင်ပေးထားခဲ့ပြီး ဖြစ်ပါတယ်။ အဓိကအရေး ကြီးတာကတော့ ယုံယုံကြည်ကြည်နဲ့ အသုံးချတတ်ဖို့ပါပဲ။ ခု မော်တော်ဆိုင်ကယ်လို ကြာသပတေးနံအတွက် စမအင်း ကို ဖော်ပြလိုက်ပါမယ်။

၂ (င)
၆ (ဠ)
၃ (ည)
* ၅ (မ)
၁
၄
ဝ

| | |
|---|---|
| မ | ည |
| ဠ | င |

**မော်တော်ဆိုင်ကယ်ထိပ်တွင် ကပ်ရန် စမအင်း**

၄ (ဝ)
၁ (သြ)
၅ (မ)
* ဝ (ဏ)
၃
၆
၂

| | |
|---|---|
| ဏ | အ |
| သြ | ဝ |

**ယခင်ထော်လာဂျီထိပ်တွင် ကပ်သော စမအင်း**

* သောကြာချိန်တွင် ပေါက်ညွှန့်ဖြင့် (၁၉)ချက်ရိုက်ခဲ့ သည်။

ရှေးဘိုး၊ ဘေး၊ ဘီ၊ ဘင်ပညာရှင်ကြီးများ တီထွင်ပေး သွားခဲ့ကြတဲ့ အဝင်အထွက် စမများကို ဝါသနာရှင်သူတေ သီများအတွက် ဖော်ပြပေးရရင်တော့ အောက်ပါအတိုင်းပဲ ဖြစ်ပါတယ်။

| နေ့နံ | ဝင် | | ထွက် |
|---|---|---|---|
| တနင်္ဂနွေ | အ | | သြ |
| တနင်္လာ | က | ခ၊ ဂ၊ ဃ | င |
| အင်္ဂါ | စ | ဆ၊ ဇ၊ ဈ၊ | ည |
| ဗုဒ္ဓဟူး | လ | | ဝ |
| ကြာသပတေး | ပ | ဖ၊ ဗ၊ ဘ | မ |
| သောကြာ | သ | ဟ | ဠ |
| စနေ | ဋ | ဌ၊ ဍ၊ ဎ | ဏ |
| ရာဟု | ယ | | ရ |

တနင်္ဂနွေနံပစ္စည်း ထွက်လိုတယ်ဆိုရင်-

၅ (မ)
၂ (င)
၆ (ဠ)
၁ (သြ)
၄
ဝ
၃

| | |
|---|---|
| သြ | ဠ |
| င | မ |

**အထွက်စမအင်း**

တနင်္ဂနွေနံပစ္စည်း ဝင်လာစေလိုတယ်ဆိုရင်-

၅ (ပ)
၂ (က)
၆ (သ)
၁ (အ)
၄
ဝ
၃

| | |
|---|---|
| အ | သ |
| က | ပ |

**အဝင်စမအင်း**

အထက်က တနင်္ဂနွေနံ နည်းဥပဒေအရ ကျန်တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ စတဲ့နံကြိုက် ပစ္စည်းတွေ ဝင်စေလို၊ ထွက်စေလိုရင် ဆောင်ရွက်တတ်ကြ ပြီလို့ မျှော်လင့်ပါတယ်။ ပညာကို သေရွာသို့ မယူကြေး ဆိုတဲ့ ဆရာကြီးဒဂုန်ရဲ့ သြဝါဒကို ခံယူလျက် တင်ပြလိုက် ရပါတယ်ခင်ဗျား။

**ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်**

**မင်းနေ့ထွန်း(ကမ္ဘာလှ)**

www.burmeseclassic.com

www.burmeseclassic.com

# သင့်ရဲ့ကံကြမ္မာ တွက်ကြည့်ပါ

သာထက်ဇော်(မကွေး)

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟာဒိဗ္ဗဗေဒင် ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသည့် အမျိုးသမီးကြီးတစ်ဦး ရောက်လာခဲ့သည်။

သူမသည် ယခုကဲ့သို့ အလုပ်အားလပ်ရက်၊ အလုပ်နားရက်တို့တွင် ကျွန်တော့်ဆီကို လာပြီး ဗေဒင်ပညာရပ်များ သင်ကြားလေ့ရှိသူ တစ်ဦးလည်းဖြစ်၏။ သူမတွင် ခင်ပွန်းသည်ယောကျ်ား ဦးတင်လှနှင့် သားနှစ်ယောက်၊ သမီးတစ်ယောက် ရှိလေသည်။ ထိုဒေါ်ထားထားသည် ဒေသထွက် အသီးအနှံများကို ရောင်းချခြင်း၊ အောင်ဘာလေထီ ရောင်းချခြင်းတို့ဖြင့် မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေသူ တစ်ဦးလည်း ဖြစ်ပေသည်။

သူမယောကျ်ားကမူ တောခလေ့အရ တောင်သူလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် နွားအရောင်းအဝယ် (နွားပွဲစား) လုပ်ကိုင်ခြင်းတို့ လုပ်၏။ သမီးအကြီး မသန်းလှက အိမ်ဗာဟီရ လုပ်ကိုင်သည်။ သားနှစ်ယောက်ကတော့ ရွာမူလတန်းကျောင်းလေးတွင် တတိယတန်းနှင့် စတုတ္ထတန်း၌ ပညာသင်ကြားလျက် ရှိပေသည်။

ထို့ကြောင့် ဒေါ်ထားထားတို့ မိသားစုလေးသည် အကျပ်အတည်းကြီး မဟုတ်သည့်တိုင် အနည်းငယ်တော့ စီးပွားရေးအခက်အခဲ ရင်ဆိုင်ရလေ့ရှိသည်။ ရံဖန်ရံခါတွင် ဒေါ်ထားထားသည် ကျွန်တော် သင်ကြားပေးသော ဗေဒင်ပညာရပ်ဖြင့် (၇)ရက်သားသမီးအပေါင်းကို ဗေဒင်ဟောပြောပေးလေ့ရှိ၏။ ထို့ကြောင့် သူမတို့မိသားစု၏ စားဝတ်နေရေး အခက်အခဲသည် ပြေလည်တန်သလောက် ပြေလည်ခဲ့သည့် အခါများလည်း ရှိပေသည်။

ထိုသို့သော ဒေါ်ထားထားသည် ကျွန်တော့်ဆီကို ရောက်လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် တို့ဆရာရေဟူသော အာလုပ်စကားဖြင့် အစပျိုးလေ့ရှိ၏။

'တို့ဆရာရေ ကျုပ်ဖြင့် ကြာလာရင် ဗေဒင်လောကထဲကနေ အပြီးအပိုင် စွန့်ခွာရတော့မယ် ထင်ပါရဲ့'

'ဘယ့်နှယ်က ဘယ်လို ခင်ဗျားကြည့်တော့လည်း အလတ်ကြီး ရှိပါသေးတယ်။ အလန်းကြီးပါလား။ ကျွန်တော်က မုန့်ဟင်းခါးသာ ကြိုက်တတ်တာ သရဲတော့ အကြောက်သားပဲ ဒေါ်ထားထားရဲ့'

'ပြောတော့မယ် တို့ဆရာကတော့၊ ဘာတွေမှန်းလည်း မသိဘူး'

'သိဘူးလေဗျာ၊ ခင်ဗျားပဲ အခုချက်ချင်းပဲ ကောက်ကာငင်ကာ ခွေခနဲ ခေါက်ခနဲ သေတော့မယ့်အတိုင်း ပြောပြီးတော့'

'ကျုပ်ပြောတာက ဒီလိုပါ။ ကျုပ်ကို ဆရာက သက်ရောက်ရှစ်ပုံ ဟောမကုန်နည်းနဲ့ ဗေဒင်သင်ပေးခဲ့တယ်နော်'

'အင်းလေ၊ အဲဒါ ဘာဖြစ်သတုံး'

'ဘာဖြစ်ရမလဲ။ အဲဒီဟောကွက်က အတော်ဒုက္ခရောက်ရတယ်'

'ဒီမယ် ဒေါ်ထားထား၊ ခင်ဗျားကို ကျုပ်ရဲ့ မရှိမဲ့ရှိမဲ့ တပည့်တစ်ယောက်တည်းမို့ မပြောချင်လို့ ကြည့်နေတာ ကြာပြီ။ ဘာလဲဗျာ၊ ခင်ဗျားမို့ ပြောရက်တယ်။ ခင်ဗျား ဘဝတစ်လျှောက်လုံး ဒုက္ခရောက်သွားမယ် ဘာမှတ်လဲ။ အဲဒါ ကျုပ်တို့ အဘဆရာကြီး ဒေါက်တာမင်းသိန်းကိုယ်တိုင် လက်တွေ့ဟောပြော အောင်မြင်မှုရရှိခဲ့ပြီး မြန်မာပြည်တစ်နံတစ်လျားက တပည့်တွေကို သင်ကြားပေးခဲ့တဲ့ ဟောကိန်းကြီးကိုများ စွပ်စွပ်စွဲစွဲပြောရက်တယ်။ ခင်ဗျား မယုံရင် မော်ဘီ မရမ်းတလင်းခြံကြီးထဲကို အရောက်သွားကြည့်။ အဲဒီမှာ ကျောက်စာချပ်ကြီးတွေ ထွင်းထုပြီး အဘကိုယ်တိုင် အခိုင်အမာတည်ဆောက်ထားခဲ့တာ ခင်ဗျား မျက်ဝါးထင်ထင် တွေ့လိမ့်မယ်။ အဲဒီမှုက ပြည်မြို့က အဝေရာဆရာတော်ရဲ့ သုံးတန်ပေါ်နိစ် ကျမ်းကြီးဗျ။ အဘကိုယ်တိုင် ဗေဒင်ကျမ်းအဆူဆူကို မွှေနှောက်သင်ကြားခဲ့ပေမယ့် အခုကျမ်းကြီးလောက် မှန်ကန်မှုမရှိတာကို သိခဲ့လို့ ကျောက်စာကမ္ပည်း ရေးထိုးပြီးတော့င် မှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com

တင်ထားခဲ့တာလေ။ ဒါကို ခင်ဗျားက ပြောရက်တယ်ဗျာ'

'ဒီလို··ဒီလို သဘောမျိုးနဲ့ ပြောတာ မဟုတ်ရပါဘူး ဆရာရယ်။ ကျုပ်ဆရာ နားလည်အောင် ရှင်းပြပါ့မယ်။ အဖြစ်က ဒီလိုပါ။ တစ်နေ့က ဈေးရောင်းပြီး အိမ်အရောက် တောင်တွင်းကြီးနယ်ဘက်က မိသားစုတစ်စု ကျုပ်ဆီ ရောက်လာတယ်။ ကျုပ်ဆီ တစ်သီးပုဂ္ဂလ လာတာတော့ မဟုတ်ပါဘူး။ ရွာမှာရှိတဲ့သူတို့ရဲ့ ဆွေမျိုးသားချင်းတွေဆီ အလည်လာရင်း လမ်းကြုံလို့ ဗေဒင်လာမေးတဲ့ သဘောပါ။

အားလုံးစုစုပေါင်း (၁၀)ယောက်တိတိရှိတယ်။ ပထမဆုံး အိမ်ထောင်ဦးစီး၊ နောက်ဇနီး၊ နောက် သားသမီး (၈)ယောက်။ အစဟောတုန်းက အဆင်ပြေပေမယ့် သားသမီး(၅)ယောက်လောက် ဟောလည်းဟောရော ပြဿနာက တက်ပြီ'

'ဘယ်လိုပြဿနာတက်တာလဲ။ ရှင်းစမ်းပါဦး'

'ဒီလို ဆရာရယ်··သက်ရောက်က တစ်ယောက်တစ်မျိုးနှုန်းနဲ့ ဟောလာလိုက်တာ ငါးယောက်လောက်ရောက်လာတော့ သက်ရောက်အဟောတွေ ထပ်ထပ်သွားတယ်။ ဒီမှာတင် ကျုပ် ဟောပေါက်ပိတ်သွားပြီလေ။ ဟောပေါက်ပိတ်သွားတော့ စကားလုံးတွေ၊ ဝေါဟာရတွေကို ဖုတ်ပူမီးတိုက် ကမန်းကတန်း စဉ်းစားရပြန်တယ်။ ခေါ်ချွေးတွေလည်း ရေချိုးထားသလို ရွှဲနစ်ကုန်တယ်ဆရာ။ မနည်းဖျစ်ညှစ်ပြီး စိတ်ကျေနပ်အောင် ဟောပေးလိုက်ရတယ်။ ဒါပေမဲ့ သူတို့အနေနဲ့ စိတ်ကျေနပ်သွားကြပေမယ့် ကျုပ်အနေနဲ့ကတော့ ဗေဒင်လောက,ကနေ အပြီးအပိုင် စွန့်ခွာသွားချင်စိတ်တွေ တဖွားဖွားပေါ်ခဲ့တာ အခုအချိန်ထိအောင်ပါပဲ ဆရာရယ်'

'ဒီအတွက်တော့ ဘာမျှမပူတော့နဲ့ ဒေါ်ထားထားရေ။ ခင်ဗျားလို ကျွန်တော့်လို ဗေဒင်ဆရာမျိုးတွေအတွက် ဒီလိုဖြစ်စဉ်တွေက အမြဲကြုံတွေ့နေရမှာသိလို့ ကြိုတင်ဟောကိန်း ရှာထားတယ်။ သက်ရောက်ဟောကိန်း (အဋ္ဌလက်ခွင်)နဲ့ဟောလို့ ထပ်လာရင် အခု ဒီနည်းနဲ့ ဟောကြည့်စမ်းဗျာ။ မှန်ကန်တာ တွေ့ရလိမ့်မယ်။ ဟောဒီမှာ ကွန်ပျူတာအသင့်စီထားတယ်။ ယူသွား။ ကျက်ပြီးဟော၊ တွက်ပြီးဟော။ ဗေဒင်လောက,ကနေ အပြီးအပိုင် ထွက်ပြေးစရာ မလိုပါဘူးဗျာ။ တစ်နှစ်စာ ဟောကိန်းပဲလေ။ ဘာမှမခက်ဘူး။ ဗေဒင်မေးလာသူရဲ့ လက်ရှိရောက်ဆဲ အသက်ကိုတည်၊ (၇)နဲ့စား၊ အကြွင်းကိုင်ဟောလိုက်ရုံပဲ။ (၁)ကြွင်းရင် (၁)ကြွင်း အဟောဖတ်၊ (၂)ကြွင်းရင် (၂)ကြွင်း အဟောဖတ် ဟောလိုက်ရုံပဲ။ အသာလေးရယ်။ ကဲ··ဟောဒီမှာ'

(၁)ကြွင်း

အိမ်နေရာ၊ အလုပ်နေရာ အပြောင်းအရွှေ့ ကြုံရတတ်ပါတယ်။ စက်ပစ္စည်းအတွက် စိတ်ညစ်ရမယ်။ ရွှေထည်ပစ္စည်း ထွက်ကိန်းရှိတယ်။ ငွေကြေးပြဿနာတက်တတ်တယ်။ အိမ်တွင်းရေး အနှောင့်အယှက်၊ အခက်အခဲကြုံမယ်။ ဘုရားပုံတော်ဝင်ရင် ထီပေါက်တတ်တယ်။ ခရီးထွက်ရမယ်။ ပညာရေးနဲ့ပတ်သက်တဲ့ သင်တန်းတက်ရတတ်တယ်။ မိတ်ဆွေအပေါင်းအသင်းရဲ့ အကူအညီရမယ်။ ပညာရေးအတွက် ပူပန်နေရတတ်တယ်။ အချစ်ရေး ရှုပ်ထွေးပွေလီတတ်တယ်။ စနေ၊ အင်္ဂါ၊ သောကြာ သားသမီးဖြစ်ပါက အညွှံ့အခိုက် သက်သာပါမယ်။ ကျန်နေ့သားသမီးဖြစ်ပါက အနည်းငယ် ညှံ့ပါမယ်။

(၂)ကြွင်း

နိုင်ငံခြားခရီးသွားရကိန်း ကြုံပါမယ်။ စိုးရိမ်ပူပန်ရတဲ့ခရီး ဖြစ်နေလိမ့်မယ်။ အလုပ်နဲ့ပတ်သက်ပြီး ထူးခြားကောင်းမွန်မယ်။ အိုးအိမ်ကောင်း ရရှိတတ်တယ်။ ရပ်ဝေးက သတင်းကောင်း ကြားရတတ်တယ်။ မိတ်ဆွေ၊ ဆရာသမားတွေနဲ့ စကားများရတတ်တယ်။ ဝင်ငွေနဲ့ ထွက်ငွေ မမျှတဘူး ဖြစ်နေလိမ့်မယ်။ ငွေကြေးအာမ,မခံမိစေနဲ့။ အချစ်ရေး ကံမကောင်းချေ။ ပညာရေး ဒီနှစ် ညှံ့မယ်။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ သားသမီးဖြစ်ပါက အညွှံ့အခိုက် သက်သာပါမယ်။ ကျန်နေ့သားသမီးဖြစ်ပါက အညွှံ့အခိုက် ကြုံပါမယ်။

(၃)ကြွင်း

မိတ်ဆွေ၊ ဆရာသမားတွေရဲ့ အကူအညီရပါမယ်။ ရွှေဝင်ပြီး ပြန်ထွက်ကိန်းကြုံမယ်။ ရွှေလိမ်ခံရတတ်တယ်။ လူမှုရေးအရှုပ်အရှင်း ကြုံရတတ်တယ်။ ဒီနှစ် ခရီးမထွက်သင့်ပါ။ အလုပ်အကိုင် အဆင်ပြေပြီး မထင်မှတ်ဘဲ ငွေဝင်ပါမယ်။ လက်အောက်ငယ်သားတွေကြောင့် စိတ်ညစ်ရတတ်တယ်။ စကားပြောဆိုမှု ဆင်ခြင်ပါ။ စကားအပြောများပြီး ပြဿနာတက်တတ်တယ်။ စန်းပွင့်ပြီး အချစ်ရေး

www.burmeseclassic.com

www.burmeseclassic.com

ကံကောင်းမယ်။ ပညာရေး၊ အိမ်တွင်းရေး ကောင်းမွန်မယ်။ တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး သားသမီးဖြစ်ပါက ကံကောင်းပါမယ်။ ကျန်နေ့သားသမီးတွေ အညှို့ကြုံပါမယ်။

(၄)ကြွင်း

လုပ်ငန်းကိုင်ငန်းတွေကို ဦးဆောင်ဦးရွက် လုပ်နေရတာကြောင့် စိတ်သောကကြုံနေမယ်။ လူမျိုးခြားများကို သတိထား ဆက်ဆံပါ။ ဆရာသမားတွေရဲ့ အငြိုအငြင်ခံရတတ်တယ်။ အထက်လူကြီးတွေနဲ့ပတ်သက်ပြီး ငွေကြေးဝင်မယ်။ နိုင်ငံခြားခရီးစဉ်ရှိပါက ပျက်တတ်တယ်။ အိမ်အတွက် ပူပန်ရတတ်တယ်။ စက်ပစ္စည်းလက်ဆောင်ရတတ်တယ်။ ဘာသာရေး၊ ခရီးသွားလာရတတ်တယ်။ ချစ်သူအပေါ် မာနထားခြင်းကြောင့် အချစ်ရေး အဆင်မပြေ ဖြစ်တတ်တယ်။ မာနထားတာ လျှော့လိုက်ပါရင် အဆင်ပြေသွားပါလိမ့်မယ်။ အပြိုင်အဆိုင်များ ပေါ်ပေါက်လာတတ်တယ်။ ပညာရေးအနည်းငယ်ညှို့မယ်။ တနင်္လာ၊ အင်္ဂါ၊ သောကြာ သားသမီးဖြစ်ပါက အညှို့သက်သာပါမယ်။

(၅)ကြွင်း

ရွှေထည်ပစ္စည်းဝင်မယ်။ ဘုရားပုံတော်ဝင်ပါက စီးပွားတက်ပါမယ်။ လက်အောက်ငယ်သားဆီက လက်ဆောင်ပစ္စည်း တစ်ခုခု ရရှိတတ်ပါတယ်။ ငွေကြေးကံကောင်းမယ်။ စပ်တူလုပ်ငန်းလုပ်ပါက အကျိုးပေးပါမယ်။ အလှူမင်္ဂလာ လုပ်ရတတ်ပါတယ်။ အိမ်မှာနေချင်စိတ်မရှိအောင် အိမ်တွင်းရေး အဆင်မပြေဖြစ်တတ်တယ်။ ချစ်သူက စိတ်ညစ်အောင် သင့်ကို လုပ်ပေမယ့်လည်း အချစ်ရေးကံ ကောင်းပါတယ်။ အထူးသဖြင့် ဒီနှစ်ထဲ ခရီးဝေးဝေး မသွားသင့်ပါဘူး။ ပညာရေး ညှို့နေတတ်ပါတယ်။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေသားသမီးဖြစ်ပါက အညှို့အခိုက် သက်သာပါမယ်။

(၆)ကြွင်း

မိဘနဲ့ ဆရာသမားတွေဆီကနေ အကူအညီရတတ်ပါတယ်။ ဒါပေမဲ့ အလုပ်အကိုင် တိုးတက်မှုတော့ နှောင့်နှေးနေတတ်ပါတယ်။ စကားအပြောအဆို ဆင်ခြင်ရမယ့်နှစ်တစ်နှစ်ပါ။ အိမ်တွင်းရေး ရှုပ်ထွေးနေချိန် ဖြစ်ပါတယ်။ ငွေကြေးဆုံးရှုံးတတ်သလို ငွေလည်း လူလိမ်ခံရတတ်ပါတယ်။ ဒီနှစ်တစ်နှစ်လုံး မော်မော်ကြွားကြွား မနေပါနှင့်။ တောက်တောက်ပြောင်ပြောင် အဝတ်အစားတွေလည်း မဝတ်ဆင်သင့်ပါဘူး။ အချစ်ရေးကံ ညှို့နေပါမယ်။ ပညာရေး ကံကောင်းမယ်။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး သားသမီးဖြစ်ပါက အညှို့အခိုက် သက်သာပါမယ်။

(၀)ကြွင်း

ဒီနှစ်ထဲမှာ စကားကောင်းတွေ၊ သတင်းကောင်းတွေ ကြားလာရလိမ့်မယ်။ နောက်ပြီး အစားကောင်းတွေလည်း စားရတတ်တယ်။ ခရီးကောင်းတွေ သွားရမယ်။ ငွေကြေးကိစ္စ အဆင်ပြေပါမယ်။ အထက်အရာရှိ၊ အုပ်ချုပ်သူတွေနဲ့ မိတ်ဆွေ၊ ဆရာသမားတွေရဲ့ အကူအညီရရှိလိမ့်မယ်။ ပညာရေး ကံကောင်းမယ်။ အနာအဆာ ဒဏ်ရာပါတဲ့ ရွှေထည်ပစ္စည်း ဝင်မယ်။ လက်အောက်ငယ်သား၊ သားသမီးအတွက် ပူပင်သောက ကြုံရတတ်တယ်။ အချစ်ရေး စိုးရိမ်ဖွယ် ကြုံရပေမယ့်လည်း ပြန်ကောင်းလာမှာပါ။ ကြာသပတေး၊ သောကြာ သားသမီးဖြစ်ပါက အညှို့အခိုက် သက်သာပါမယ်။

ကျွန်တော်သည် ဒေါ်ထားထားကို ဟောစာတမ်းစာရွက်များ ပေးလိုက်လေတော့သည်။

ဒေါ်ထားထားသည် ကျွန်တော်ပေးလိုက်သော ဟောစာတမ်း စာရွက်များကို တစ်ရွက်ချင်း အသေးစိတ် ဖတ်ကြည့်လိုက်ရင်း-

'ဟူး‥အခုမှပဲ သက်ပြင်းချနိုင်တော့တယ် ဆရာရေ။ ဟုတ်တယ်နော်။ ဆရာပြောသလိုပဲ ဒီဟောကိန်းတွေက အတော်မှန်သားပဲ။ ကျုပ်တို့ မိသားစုငါးယောက်စလုံးကို တွက်ကြည့်ပြီးပြီ။ ဒါဆိုရင်တော့ ဇာတ်လောကထဲကနေ အပြီးအပိုင် စွန့်ခွာသွားလို့ မဖြစ်သေးပါဘူး။ ဟုတ်တယ်နော် ဆရာ'

'အမှန်ပေါ့ ဒေါ်ထားထားရယ်။ ဒီဟောကိန်းနဲ့ဟောလို့ ဟောကိန်းထပ်နေဦးမယ်ဆိုရင် နောက်ထပ်သက်ရောက်ဟောကိန်းတွေ ရှိပါသေးရဲ့ဗျာ'

'တကယ်ပြောတာလား ဆရာ'

'တကယ်ပေါ့ ဒေါ်ထားထားရယ်'

မွှေ့ဟာဝေ ရက္ခတိ မွှေရှ

သာထက်ဇော်(မကွေး)

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ အောက်တိုဘာလအတွက် ဈေးကွက်ခန့်မှန်းချက်

တရုတင့်ရာသီ၌ ဗဟုဂြိုဟ် ရှိသဖြင့် ကြေး၊ သံ မပေါမရှား ရှိတတ်၏။ (၆)လမြောက်သော် ဆန်စပါး ရှား၍ ဈေးမြင့်တတ်အံ့။ သိတ်ရာသီ၌ ဥဂ်ဂြိုဟ်နှင့် ဖြေကြာဂြိုဟ် ရှိသဖြင့် ရွှေ၊ ငွေ၊ ကြေးနီ ရှားပါးတတ်၏။ တန်ရာသီ၌ တနင်္ဂနွေဂြိုဟ်၊ ၄ဟူးဂြိုဟ်၊ ဖြေကြာဂြိုဟ်တို့ ရှိချိန်တွင် အုန်းသီး၊ နှမ်းဆီ၊ ရွှေ၊ သကြားနှင့် ကြံသကာ တို့ ဈေးတက်အံ့။ တူရာသီ၌ ၁နွေဂြိုဟ်၊ ၄ဟူးဂြိုဟ်၊ ၅တေးဂြိုဟ်တို့ ရှိချိန်တွင် ရွှေ၊ ဆန်စပါး ရှားပါးအံ့။ ဗြိစ္ဆာ ရာသီ၌ ၁နွေဂြိုဟ် ရှိချိန်တွင် နံ့သာနီ၊ ကြေးနီတို့ ပေါများအံ့။



မင်းမပျော်ညွှန့်

# နက္ခတ်ဗေဒ ရက်မြတ်ကောင်း အချိန်အခါ



**၂-၁၀-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂)ရက်**

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ နတ်ကွန်းတည်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံ ခတ်ရန်၊ အလှူမဏ္ဍပ် ဆောက်ရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်း၊ တိုင်ထူရန်၊ အိမ်တက်မင်္ဂလာ ပြုလုပ်ရန်၊ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်ခွေ၊ မခိုင်ခင်စိုး..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယကြာအရောင်မှာ အဖြူရောင် ဖြစ်သည်။



**၄-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄)ရက်**

ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့ နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ စူးစမ်းရှာဖွေရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အိမ်,ခြံ,မြေနှင့် ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ အစုရှယ်ယာဝင်ရန်၊ ဥယျာဉ်လယ်ယာ လုပ်ကိုင်ရန်၊ ငွေကြေး ချေးငှားရန်၊ ခရီးသွားလာရန်၊ အလုပ်သစ်လျှောက်ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ အာမခံလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com


လုပ်ဆောင်ရန်အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းဇော်ဟိန်း၊ မယမင်းဟန်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



**၅-၁၀-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၅)ရက်**

မင်းချီးမြှင့်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကစာတင်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ အလှူမဏ္ဍပ် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အုတ်မြစ်ချရန်၊ အုတ်စီ၊ ကျောက်သွေးလောင်းရန်၊ တိုင်ထူရန်၊ ပန်းချီစသော ပန်း(၁၀)မျိုးလုပ်ငန်းတို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃:၀၀)နာရီမှ (၄:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်ဟိန်းဇော်၊ မမျိုးသူဆွေ..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



**၆-၁၀-၂၀၁၇ (သောကြာနေ့)**

**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁)ရက်**

အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသရန်၊ ရှင်ပြု၊နားသရန်၊ စေ့စပ်၊လက်ထပ်ရန်၊ အလှပြင်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်နှင့် စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆက်ပွဲနှင့် ပါတီညစာစားပွဲ ကျင်းပရန်၊ ဆိုင်ခန်းသစ်၊ ကုမ္ပဏီသစ် စတင်ဖွင့်လှစ်ရန်၊ အချစ်ရေးစကား ဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းမြတ်မင်း၊ မသူဇာမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။



**၇-၁၀-၂၀၁၇ (စနေနေ့)**

**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၂)ရက်**

ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဂါထာမန္တန် သိဒ္ဓိတင်ရန်၊ အစည်းအဝေးခေါ်ရန်၊ ဆံရိတ်၊ ဆံသ၊ အလှပြင်ရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ဆေးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပညာစသင်ရန်၊ စာအုပ်စာပေ ရေးသားရန်၊ သတ္တုတွင်း တူးဖော်ရန်၊ စူးစမ်းရှာဖွေရန်၊ အချစ်ရေးစကား ဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေစိုးသိုက်၊ မနှင်းဝတ်ရည်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။



**၈-၁၀-၂၀၁၇ (တနင်္ဂနွေနေ့)**

**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၃)ရက်**

အဆောက်အအုံ တည်ရှသောယုဂ် ရရှိသဖြင့် ယနေ့ ကုမ္ပဏီထူထောင်ရန်၊ အားကစားလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com

ကောင်းရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ ကျောက်မျက်ရတနာနှင့် သတ္တု စူးစမ်းရှာဖွေရန်၊ အဝီစိတွင်း တူးဖော်ရန်၊ အနုပညာ အတီးအမှုတ်ဆိုင်ရာ ပြုလုပ်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အလှပြင်ရန်၊ ဇာတ်ရှင်ဒီဗိုင်း ဖန်တီးရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ ငွေကြေးချေးငှားရန်၊ အလုပ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်ဆွေ၊ မခိုင်ခင်စိုး..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



**၁၁-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၆)ရက်**


ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသ ပြုရန်၊ ရှင်ပြု,လက်ထပ်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်နှင့် စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီပွဲ ကျင်းပရန်၊ အချစ်ရေးစကား ပြောရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းဇော်ဟိန်း၊ မယမင်းဟန်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။



**၁၃-၁၀-၂၀၁၇ (သောကြာနေ့)**

**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၈)ရက်**

ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ စိုက်ပျိုးရေးပစ္စည်း ရောင်းဝယ်ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ လေကြောင်းခရီး သွားရန်၊ ထွန်ယက်ပျိုးကြဲရန်၊ ဥယျာဉ်ခြံလုပ်ငန်း လုပ်ဆောင်ရန်၊ အသီးဆွတ်ခူးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းမြတ်မင်း၊ မသူဇာမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ မီးခိုးရောင် ဖြစ်သည်။



**၁၄-၁၀-၂၀၁၇ (စနေနေ့)**

**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၉)ရက်**

ကြီးပွားတိုးတက်သောယုဂ် ရှိသဖြင့် ယနေ့ ကြော်ငြာဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ထီးတော်တင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချရန်၊ အုတ်စီ,ကျောက်သွေးလောင်းရန်၊ တိုင်ထူ,လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးထံ အစီရင်ခံစာ တင်သွင်းရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေစိုးသိုက်၊ မနှင်းဝတ်ရည်..ဟု ပေးနိုင်ပါသည်။ ယနေ့

www.burmeseclassic.com

www.burmeseclassic.com

အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



**၂၂-၁၀-၂၀၁၇ (စနေနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂)ရက်**

အလုံးစုံအောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ပြည်တွင်း၊ပြည်ပ ခရီးသွားလာရန်၊ ရဟန်းခံရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ဘာသာ၊သာသနာကိစ္စ ဆောင်ရွက်ရန်၊ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ ရေတွင်း၊ရေကန် တူးဖော်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ ပန္နက်ရိုက်၊ တိုင်ထူရန်၊ လှေကားတင်ရန်၊ အသင်းဖွဲ့စည်းရန်၊ အလုပ်လျှောက်ရန်၊ ထွန်ချ၊မျိုးကြဲရန်၊ လေကြောင်း ခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေစိုးသိုက်၊ မနှင်းဝတ်ရည်-ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင် အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။



**၂၃-၁၀-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၄)ရက်**

အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ အလုပ်သစ် လျှောက်ရန်၊ ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်ရန်၊ ကျောက်မျက်ရတနာ သွေး၍ ရောင်းဝယ်ရန်၊ အလှကုန်ပစ္စည်း ရောင်းဝယ်ရန်၊ ကုမ္ပဏီ ထူထောင်ရန်၊ ကိစ္စအဝဝ တွေ့ဆုံဆွေးနွေးရန်၊ အင်္ဂတာဖျူးရန်၊ လက်မှတ်ရေးထိုးရန်၊ ရေကြောင်း ခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟု ကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ဆွေ၊ မခိုင်ခိုင်စိုး-ဟု ပေးနိုင်ပါသည်။ ယနေ့ တောင် အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



**၂၅-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၆)ရက်**

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရွှေ၊စတင်ငွေ့သိုက် တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ ပန်းချီ၊ပန်းပုစသော ပန်း(၁၀)မျိုးနှင့် ဂီတ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ရဟန်းခံရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ဆံရိတ်၊ဆံသပြုရန်၊ အလှပြင်ရန်၊ ဆေးခန်းသစ် ဖွင့်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အောင်ဘာလေထီထိုးရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ စပါးကျီသွင်းရန်၊ ငွေချေးငှား အပ်နှံရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လွှမ်းဖော်အောင်၊ မယမင်းဟန်-ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ဝင်စေ၍ ယတြာအရောင် မှာ အဝါရောင် ဖြစ်သည်။



**၂၆-၁၀-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇)ရက်**


အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ စေ့စပ်၊လက်ထပ်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ ပညာစသင်ရန်၊ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ယာဉ်၊စက် ပစ္စည်း ရောင်းဝယ်ရန်၊ သီးနှံဆွတ်ခူး ရိတ်သိမ်းရန်၊ ဥယျာဉ်ခြံလုပ်ငန်းများ ဆောင်ရွက်ရန်၊ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

သစ်နှင့် တွေ့ဆုံရန်၊ မျိုးစေ့ချရန်၊ အလုပ်သစ်လျှောက်ရန်၊ မေတ္တာရေးရာ စကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀) နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်ဟိန်းဇော်၊ မမျိုးသူဆွေ··ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ဝင်စေ၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။



**၂၈-၁၀-၂၀၁၇ (စနေနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၉)ရက်**


အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ အိမ်တိုင်ရန်၊ အိမ်သစ်တက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးထံ အစီရင်ခံစာ တင်သွင်းရန်၊ အလုပ်သစ်လျှောက်ရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေ စိုးသိုက်၊ မနှင်းဝတ်ရည်··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ဝင်စေ၍ ယတြာအရောင်မှာ မီးခိုးရင့်ရောင် ဖြစ်သည်။



**၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက်**

မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ရတနာရောင်းဝယ်၊ ဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ ကျောက်သွေးလောင်း တိုင်ထူရန်၊ အိမ်တက်လှေကား ထောင်ရန်၊ မျိုးစေ့ချ ပျိုးကြဲရန်၊ အသီးဆွတ်ခူးရန်၊ လေကြောင်းခရီးသွားရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပ ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေး လိုပါက မောင်အောင်မြတ်ထွန်း၊ မအင်ကြင်းဦး··ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



**၃၀-၁၀-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက်**

ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အုတ် မြစ်ချရန်၊ အုတ်စီ၊ကျောက်သွေးလောင်းရန်၊ အိမ်တိုင်ထူရန်၊ အိမ်သစ်တက်ရန်၊ သီးနှံဆွတ်ခူး ရိတ် သိမ်းရန်၊ လေကြောင်းခရီး သွားရန်၊ မိတ်ဆွေသစ်ဖွဲ့ရန်၊ အိမ်ဆောက်ပစ္စည်း ဝယ်ယူရန်၊ ငွေချေးငှား အပ်နှံရန်၊ အစုရှယ်ယာ ဝင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်ဆွေ၊ မခိုင်ခင်စိုး··ဟု ပေး ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

မင်းမဟော်
ဖုန်း-၀၉ ၂၅၀ ၁၆၇



www.burmeseclassic.com

www.burmeseclassic.com

# (၂၀၁၇)ခုနှစ် နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

☼ ☼ ☼ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည့်လင်လှပ၊ နူးကြွရွှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇ ၃၂')၊ မြောက်လတ္တီတွဒ်(၁၆ ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလက်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလက်ကို အတိအကျသိထားလိုပါက ဖုန်း-ဝ၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလက်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လက်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀ - ၈:၄၀ | မကာရ |
| ၈:၄၀ - ၁၀:၄၀ | ကုမ် |
| ၁၀:၄၀ - ၁၂:၄၀ | မိန် |
| ၁၂:၄၀ - ၁၄:၄၀ | မိဿ |
| ၁၄:၄၀ - ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀ - ၁၈:၄၀ | မေထုန် |
| ၁၈:၄၀ - ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀ - ၂၂:၄၀ | သိဟ် |
| ၂၂:၄၀ - ၂၄:၄၀ | ကန် |
| ၂၄:၄၀ - ၂:၄၀ | တူ |
| ၂:၄၀ - ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀ - ၆:၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀ - ၈:၄၀ | မကာရ |
| ၈:၄၀ - ၁၀:၄၀ | ကုမ် |
| ၁၀:၄၀ - ၁၂:၄၀ | မိန် |
| ၁၂:၄၀ - ၁၄:၄၀ | မိဿ |
| ၁၄:၄၀ - ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀ - ၁၈:၄၀ | မေထုန် |
| ၁၈:၄၀ - ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀ - ၂၂:၄၀ | သိဟ် |
| ၂၂:၄၀ - ၂၄:၄၀ | ကန် |
| ၂၄:၄၀ - ၂:၄၀ | တူ |
| ၂:၄၀ - ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀ - ၆:၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀ - ၈:၁၀ | မိန် |
| ၈:၁၀ - ၁၀:၁၀ | မိဿ |
| ၁၀:၁၀ - ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀ - ၁၄:၁၀ | မေထုန် |
| ၁၄:၁၀ - ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀ - ၁၈:၁၀ | သိဟ် |
| ၁၈:၁၀ - ၂၀:၁၀ | ကန် |
| ၂၀:၁၀ - ၂၂:၁၀ | တူ |
| ၂၂:၁၀ - ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀ - ၂:၁၀ | ဓနု |
| ၂:၁၀ - ၄:၁၀ | မကာရ |
| ၄:၁၀ - ၆:၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ဝ၅:၄၅ - ဝ၇:၄၅ | မိဿ |
| ဝ၇:၄၅ - ဝ၉:၄၅ | ပြိဿ |
| ဝ၉:၄၅ - ၁၁:၄၅ | မေထုန် |
| ၁၁:၄၅ - ၁၃:၄၅ | ကရကဋ် |
| ၁၃:၄၅ - ၁၅:၄၅ | သိဟ် |
| ၁၅:၄၅ - ၁၇:၄၅ | ကန် |
| ၁၇:၄၅ - ၁၉:၄၅ | တူ |
| ၁၉:၄၅ - ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅ - ၂၃:၄၅ | ဓနု |
| ၂၃:၄၅ - ဝ၁:၄၅ | မကာရ |
| ဝ၁:၄၅ - ဝ၃:၄၅ | [illegible] |
| ဝ၃:၄၅ - ဝ၅:၄၅ | မိန် |

www.burmeseclassic.com

မေလ (၁၄)ရက်မှ
ဇွန်လ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၅ - ၇:၂၅ | ပြိဿ |
| ၇:၂၅ - ၉:၂၅ | မေထုန် |
| ၉:၂၅ - ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅ - ၁၃:၂၅ | သိဟ် |
| ၁၃:၂၅ - ၁၅:၂၅ | ကန် |
| ၁၅:၂၅ - ၁၇:၂၅ | တူ |
| ၁၇:၂၅ - ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅ - ၂၁:၂၅ | ဓနု |
| ၂၁:၂၅ - ၂၃:၂၅ | မကာရ |
| ၂၃:၂၅ - ၁:၂၅ | ကုမ် |
| ၁:၂၅ - ၃:၂၅ | မိန် |
| ၃:၂၅ - ၅:၂၅ | မိဿ |

ဇွန်လ (၁၅)ရက်မှ
ဇူလိုင်လ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

ဇူလိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၀ - ၇:၅၀ | ကန် |
| ၇:၅၀ - ၉:၅၀ | တူ |
| ၉:၅၀ - ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀ - ၁၃:၅၀ | ဓနု |
| ၁၃:၅၀ - ၁၅:၅၀ | မကာရ |
| ၁၅:၅၀ - ၁၇:၅၀ | ကုမ် |
| ၁၇:၅၀ - ၁၉:၅၀ | မိန် |
| ၁၉:၅၀ - ၂၁:၅၀ | မိဿ |
| ၂၁:၅၀ - ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀ - ၁:၅၀ | မေထုန် |
| ၁:၅၀ - ၃:၅၀ | ကရကဋ် |
| ၃:၅၀ - ၅:၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၇)ခုနှစ် အောက်တိုဘာလအတွက် [illegible]

### မိဿလဂ် (Aries)



ဓွဲ၊ လုံ့လ၊ ဝီရိယများ ယခင်ထက် ပိုကောင်းနေမည်။ သို့သော် ကြိုးစားမှုရလဒ်အပေါ် စိတ်တိုင်းမကျ ဖြစ်နေရတတ်၏။ အချစ်ရေးကို အဓိကထားနေပါက ဓွဲဆုရနိုင်ပါသည်။ မှားယွင်းတဲ့ အချစ်မျိုးတော့မဟုတ်၊ စစ်မှန်တဲ့ အချစ်မျိုးနှင့် တွေ့ရလိမ့်မည်။ ပညာရေးကို ယခင်ထက် တစ်မူထူးကာ စိတ်ဝင်စားနေပေမည်။ ငွေကြေးကိစ္စ မှန်းသလောက် ခရီးမရောက်နိုင်ပါ။ ခါးလော်ကတ်တင်မှ ရင်လောက်ကျလိမ့်မည်။ နိုင်ငံရပ်ခြားသွားရောက်လုပ်ကိုင်နေသူများ အထူးအောင်မြင်နေမည်။ ဆိုင်ကယ်ကားစတဲ့ စက်ပစ္စည်း ဝယ်လိုသူများ အပေါင်းနှင့်တိုးပြီး စိတ်တိုင်းမကျ ဖြစ်နေတတ်၏။ မဝယ်သေးဘဲစောင့်ဆိုင်းနိုင်လျှင် ပိုကောင်းပါသည်။ စိတ်တိုင်းမကျနိုင်တဲ့ အိမ်အို အိမ်ဟောင်းသို့ ပြောင်းရွှေ့ရတတ်ပါသည်။ မပြောင်းလိုက အိပ်ရာပြောင်းအိပ်လိုက်ပါ။ အကြင်နာသံယောဇဉ် မထားသင့်သူကို သံယောဇဉ်ထားနေမိတတ်၏။ ထားမိလျှင် ပညာရေးထိခိုက်နိုင်ပါသည်။ မိခင်နှင့်

www.burmeseclassic.com

လည်း အတိုက်အခံ ပြဿနာ အကြီးအကျယ် ဖြစ်လိမ့်မည်။ အလုပ်အကိုင်၊ လုပ်ငန်းခွင်တွင် မိမိအမှားကြောင့် ပြဿနာ ဖြစ်ရတတ်ပါသည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၈၊ ၆၊ ၁၊ ၂)ပါ။

ယတြာ

မိခင်၊ မိခင်နှင့်တူသူအား ယောဂီရောင်ထဘီ တစ်ထည် လှူဒါန်းလိုက်ပါ။ အဆင်ပြေလိမ့်မည်။

## ပြိဿလဂ် (Taurus)



အရာရာ မလုပ်ချင်မကိုင်ချင် စိတ်ဓာတ်ကျနေမည်။ လုပ်စား မိုးခေါင်၊ ခိုးစား ခွေးဟောင်ဆိုသလို ကြိုးစားလုပ်ပြန်တော့လည်း အပြစ်မလွတ်၊ အမှားမကင်း ဖြစ်နေတတ်၏။ သို့သော် ရွှေလုပ်ငန်းရှင်၊ ရွှေကုန်သည်ကြီးများကတော့ အထူးအောင်မြင်နေပေမည်။ ပါးစပ်နှင့် လုပ်စားသူများ အောင်မြင်ပြီး ပင်ပန်းခံလုပ်နေသူများ အဆင်မပြေနိုင်တဲ့လပါပဲ။ ကုမ္ပဏီပိုင်ရှင်များ၊ ဝန်ထမ်းများ၊ အစုစပ်ရှယ်ယာဝယ်သူများ ကောင်းကျိုးခံစားရမည်။ အောင်မြင်မည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသုခကို အပြည့်အဝ မခံစားရဘဲ စိတ်ဆင်းရဲနေရတတ်ပါသည်။ ရည်ရွယ်ထားကြတဲ့ ချစ်သူစုံတွဲများလည်း အိမ်ထောင်ပြုလိုလျက် မပြုဖြစ်ဘဲ အတွေးများနေတတ်၏။ ဒုတိယပတ်ကျော်မှ အဆင်ပြေမည်။ စာပေအနုပညာ လုပ်ငန်းရှင်များ၊ ဝါသနာရှင်များ အနာခံမှ အသာစံရမည့် ကာလပါ။ သရုပ်ဆောင်များ အထူးအားဖြင့် အဆင်မပြေနိုင်ပါ။ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းထဲမှ မူးယစ်ဆေးသုံးစွဲသူ တစ်ယောက်ကြောင့် စိတ်ပင်ပန်းနေရတတ်ပါသည်။ အခြေခံစားကုန် ရောင်းသူများ အကျိုးဖြစ်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၁၊ ၄၊ ၆၊ ၇၊ ၀)ပါ။

ယတြာ

ပန်းသီးဆွမ်း ကပ်လှူပူဇော်ပါ။ အခက်အခဲများ ကျော်လွှားနိုင်ပြီး စိတ်ချမ်းသာရလိမ့်မည်။

## မေထုန်လဂ် (Gemini)

ကွဲကွာနေတဲ့ အိမ်ထောင်ရှင်များ ပြန်ပေါင်းဖြစ်သွားမည်။ သို့သော် လကုန်ခါနီး အထူးသတိထားပါလေ။



မမျှော်လင့်ဘဲ ပြန်ကွဲတတ်ပါသည်။ အချစ်ရေးဖန်တီးနေသူများ အဆင်ပြေမလိုလိုနှင့် မပြေချင် ဖြစ်သွားတတ်၏။ ပညာသင်လူငယ်များ ပညာရေးကောင်းပါသည်။ ငွေကြေးကိစ္စ ခက်ခဲနေပါက လဝက်အတွင်း အဆင်ပြေအောင် ကြိုးစားပါ။ အိမ်ခန်း ရောင်း,ဝယ်,ငှားပါက (၁၅)အတွင်း အပြီးဆောင်ရွက်နိုင်မှ အဆင်တပြေအောင်မြင်မည်။ နောက်ပိုင်းဆို အဆင်မပြေတော့ပါ။ သင့်ကံကြမ္မာကို ယခုလတွင် အရမ်းကြီး အားကိုးမနေပါနှင့်။ ဉာဏ်၊ ဝီရိယကိုသာ အားကိုးပါလေ။ သားရေးသမီးရေး စိတ်အေးရလိမ့်မည်။ တတိယပတ်လောက်တွင် ဖခင်ထံမှ လက်ဆောင်ကောင်းတစ်ခု ရလိမ့်မည်။ ချစ်သူစကားကို နားထောင်ပေးလိုက်ပါ။ သင့်အတွက် အကျိုးရှိလာလိမ့်မည်။ စကားပြောကို ဆင်ခြင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၁၊ ၀၊ ၄၊ ၉)ပါ။

ယတြာ

ထောင်ဝင်စာ သွားတွေ့မည့်သူအား အကူအညီပေးလိုက်ပါ။ သင် အဆင်ပြေလိမ့်မည်။

## ကရကဋ်လဂ် (Cancer)



ရည်မှန်းချက်များ အကောင်အထည်မဖော်နိုင်ဘဲ မှိုင်နေရတတ်၏။ နေရင်းထိုင်ရင်း ကျန်းမာရေးညှဉ့်လာတတ်ပါသည်။ လျှို့ဝှက်အိမ်ထောင်ရေးကို စိတ်ဝင်စားနေတတ်၏။ ကိုယ့်ကို သတိပေးပြီး ရှောင်ပါလေ။ မရှောင်နိုင်က အချုပ်အနှောင်ခံရတတ်ပါသည်။ မကောင်းမှု၌ ခွဲကောင်းနေတတ်၏။ နာမည်နှင့်လိုက်အောင် မကောင်းကျိုး ခံစားရလိမ့်မည်။ ရှေ့နေ၊ ပွဲစားများ အထူးအောင်မြင်နေမည်။ အိမ်ထောင်ရှင်များဘဝရဲ့ အခြေခံ လုပ်ငန်းတစ်ခုကို စီမံကိန်းချနေရမည်။ ပညာရေးဝ ဆောင်မှုပေးသူများ၊ ကျောင်းသားလူငယ်များ သိပ်အဆင် မပြေချင်ပါ။ စိုးရိမ်သောကမကင်း၊ ပြဿနာမကင်း ဖြ နေတတ်ပါသည်။ အချစ်ရေးကို စိတ်မဝင်စားပါနှင့်။ ဖ စပ်လုပ်ငန်းရှင်များ ပြဿနာဟောင်းများကို ဖြေရှ ရတတ်ပါသည်။ လဝက်အတွင်း ရသင့်ရထိုက်သည်မျ မတောင်းပါနှင့်။ တောင်းမိပါက မရသည့်အပြင် ခိုက်

www.burmeseclassic.com

ဖြစ်ရတတ်ပါသည်။ လဝက်ကျော်မှ တောင်းပါ။ လက်နက်ကိုင်တပ်ဖွဲ့များ ပြင်းထန်စွာ ဒဏ်ရာရတတ်၏။ ဘေးကင်းရန်ကွာလိုပါက အဖြူရောင်ပန်းတစ်ပွင့် ဘုရားလှူထားပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၄၊ ၉၊ ၃၊ ၁)ပါ။

**ယတြာ**

ကလေးခုနစ်ယောက်ကို ဆီးယိုထုပ် တစ်ထုပ်စီ ဝယ်ကျွေးလိုက်ပါ။ အဆင်ပြေလိမ့်မည်။

## သိဟ်လဂ် (Leo)



ခိုက်ရန်ဒေါသဖြစ်စရာများ တစ်ခုမဟုတ်တစ်ခု တွေ့နေရတတ်ပါသည်။ သွေးလေနှင့်ဆိုင်တဲ့ အနာရောဂါ ဖြစ်တတ်ပါသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယကြောင့် အထွတ်အထိပ်ရောက်မည့် ကာလပါ။ အစတုန်းက ဟုတ်သလိုလိုနှင့် လက်နက်ခါနီးမှ ပညာရေးကြောင့် စိုးရိမ်သောက များလာရတတ်၏။ လက်နက်ခါနီး အချစ်ရေးပြဿနာ တက်လာတတ်ပါသည်။ သားရေး၊သမီးရေးကြောင့် စိတ်ထိခိုက်နေရတတ်ပါသည်။ ရပ်တန့်ထားတဲ့ လုပ်ငန်း ပြန်လုပ်ဖြစ်မည်။ မျက်စိအားစိုက်ရတဲ့ စာရေးဆရာများ၊ ကွန်ပျူတာဆရာများ ညာဘက်မျက်စိကို အထူးသတိပြုပေးပါ။ ဗေဒင်အရ ဆေးညွှန်းရလျှင် ရေကြည် ရေအေးနှင့်သာ မျက်လုံးကို ဖွင့်ပိတ်လုပ်ပေးလိုက်ပါ။ အိမ်ခန်းရောင်း၊ငှား၊ဝယ်လိုသူများ နှစ်ပတ်အတွင်း လုပ်ဆောင်ပါ။ တတိယပတ်နောက်ပိုင်း လုပ်ဆောင်ပါက စိတ်တိုင်းကျ မဖြစ်နိုင်ပါ။ သင်တန်းပညာတစ်ခုခု တက်ရောက်သင်ယူရတတ်ပါသည်။ သင်ယူပြီးပါက သင့်ရည်ရွယ်ချက် အောင်မြင်မည်။ သင်ကြိုးစားသလောက် အကျိုးအမြတ် မခံစားရနိုင်ပါ။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျနိုင်ပြီး အိမ်ထောင်ရှိသူများ အဆင်ပြေကာ စိတ်ချမ်းသာနေရမည်။ နိုင်ငံခြားနှင့် ဖက်စပ်လုပ်ကိုင်ထားသူများကတော့ လက်ဖျား ငွေသီးနေမှာပါ။ နိုင်ငံခြားမှာ လုပ်ကိုင်နေသူများလည်း အထူးကောင်းနေမည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၈၊ ၄၊ ၃၊ ၉၊ ၂)ပါ။

**ယတြာ** - မိမိမွေးနေ့တွင် သူငယ်ချင်းသုံးယောက်ကို ပေါင်မုန့်ဝယ်ကျွေးလိုက်ပါ။

## ကန်လဂ် (Virgo)



ငွေကြေး စုဆောင်းမိနေမည်။ ဘာကြောင့်ပဲဖြစ်ဖြစ်၊ ဘယ်လိုပဲပြောပြော သင့်ပတ်ဝန်းကျင်တွင် သင့်ဂုဏ်သတင်း ကျော်ကြားနေမည်။ ကျောင်းသားကျောင်းသူများ စာကျက်လို့ ရလွယ်မည်။ သို့သော် စိတ်မစားသလို ဖြစ်နေတတ်ပါသည်။ ဖခင်ကျန်းမာရေးကို ဂရုစိုက်ပေးပါ။ အခန့်မသင့်က ဖခင်နှင့် ဝေးရတတ်ပါသည်။ ဝန်ထမ်းများ အထက်လူကြီးနှင့် အဆင်မပြေချင်ပါ။ ပြန်တမ်းဝင်အရာရှိများ ရာထူးကျတတ်ပါသည်။ ဘဝမှာ မခံချင်စိတ် ပြင်းထန်လာပြီး မလုပ်သင့်ရာကို စိတ်လိုက်မာန်ပါ လုပ်မိတတ်၏။ အထူးသတိပြုဆင်ခြင်ပါ။ အတိုက်အခံများ ကျော်လွှားနိုင်မည်။ ကိုယ်ပိုင်လုပ်ငန်းပဲဖြစ်ဖြစ်၊ ပြည်သူ့ဝန်ထမ်းပဲဖြစ်ဖြစ်၊ ကုမ္ပဏီဝန်ထမ်းပဲဖြစ်ဖြစ် မည်သူမဆို အလုပ်ကိုသာ ရိုးသားစွာ လုပ်ကိုင်ပါ။ ထူးခြားတဲ့ အကျိုးအမြတ်များ ခံစားရလိမ့်မည်။ အလုပ်သစ် စတင်လိုသူများ စတင်ပါ။ အောင်မြင်ပါလိမ့်မည်။ ဘာသာရေးနှင့် ဆက်နွှယ်တဲ့ လုပ်ငန်းရှင်များ ပိုမိုအောင်မြင်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၇၊ ၁၊ ၂၊ ၅၊ ၀)ပါ။

**ယတြာ**

မွေးနေ့တွင် တနင်္ဂနွေထောင့် ဂြိုဟ်တိုင်ဘုရားအား အုန်းညွန့်(၆)ညွန့် လှူဒါန်းပါလေ။

## တူလဂ် (Libra)



ပညာရေး ပြောစရာမရှိအောင် ကောင်းနေမည်။ ဂုဏ်သိက္ခာ၊ စည်းစိမ်ဥစ္စာများ တိုးတက်အောင်မြင်ပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမည်။ မိမိရည်ရွယ်ချက်များ အမြန်အကောင်အထည်ဖော်ပါ။ အိမ်ထောင်ပြုရန် ရည်ရွယ်ထားပါက ပြုဖြစ်အောင် ပြုလိုက်ပါ။ အိမ်ထောင်ပြုပြီး အရာရာ ပိုအောင်မြင်လာပါလိမ့်မည်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ရေးသုခ အပြည့်အဝ ခံစားရမည်။ ဖက်စပ်လုပ်ငန်း လုပ်ကိုင်ပါက အရင်းအနှီး တိုးမြှင့်ပါ။ မုချအောင်မြင်ပါလိမ့်မည်။ မစိုးရိမ်ပါနှင့်။ ထီဝါသနာပါက (၉၊ ၈၊ ၇)ဂဏန်းများ ပါဝင်အောင်



www.burmeseclassic.com

ရွေးချယ်ကံစမ်းပါ။ မှောင်ခိုလုပ်ငန်းရှင်များ ကံကောင်းနေတတ်တဲ့ ကာလဟု ဆိုရမည်။ စကားများများပြောသူကို ရှောင်ပါ။ မတော်တဆ အက်ဆီဒင့်ဖြစ်ကာ ထိခိုက်ဒဏ်ရာ ရတတ်၏။ အသွားအလာ ဆင်ခြင်ပါ။ ကျန်းမာရေး အနည်းငယ်ညံ့မည်။ ရည်မှန်းချက်ကို (၁၅)ရက်လွန်မှ အကောင်ထည်ဖော်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၂၊ ၈၊ ၅၊ ၇)ပါ။

ယတြာ

သောက်ရေသန့်သာ ဘုရားကို ကပ်လှူပါ။ အရာရာ အဆင်ပြေလာလိမ့်မည်။

## ဗြိစ္ဆာလဂ် (Scorpio)



တစ်ကျော့ပြန်လာတဲ့ လောကဓံဆိုးများကို ရင်ဆိုင်နေရတတ်၏။ အလုပ်အကိုင်ကတော့ ယခင်အတိုင်း ကောင်းမွန်နေမည်။ ဝန်ထမ်းဆိုပါက ရာထူးတိုးတတ်၏။ မတိုးလျှင် ကြီးမားတဲ့ တာဝန်တစ်ခုကို တာဝန်ယူရလိမ့်မည်။ ကိုယ်ပိုင်စည်းကမ်း ပျက်ချင်စိတ်ပေါက်နေတတ်၏။ မပျက်ပါနှင့်။ အိမ်ထောင်ဖက်နှင့် စကားအချေအတင် ပြောရတတ်ပါသည်။ အစုစပ်လုပ်ငန်းများ ရှောင်ပါ။ ငွေကြေးကိစ္စ ရမလိုလိုနှင့် အနားရောက်မှ မရနိုင်ဖြစ်သွားတတ်ပါသည်။ အချစ်ရေးမှာ မအီမလည်နှင့် ဟိုလိုလို ဒီလိုလို ဖြစ်နေမည်။ စိတ်ရှည်ပါ။ သားသမီးတစ်ယောက်ယောက် ဆေးရုံ၊ ဆေးခန်းသို့ ရောက်ရတတ်၏။ အောက်လက်ငယ်သား ဒုက္ခပေးခြင်းကို ခံရမည်။ အစာအိမ်လေနာရောဂါ ခံစားရတတ်၍ အပူအစပ်နှင့် လက်သုပ်ချဉ်များ ရှောင်ပါ။ သစ်သီးပွဲရုံများ၊ ရောင်းဝယ်သူများ အလုပ်အကိုင် အဆင်မပြေနိုင်ဘဲ တုံ့ဆိုင်းနေမည်။ အလှကုန်ဖန်တီးသူများလည်း ကြိုးစားသလောက် အကျိုးအမြတ် မခံစားရနိုင်ပါ။ သစ်တောရေးရာ ဝန်ထမ်းများအားလုံး အထူးသတိထားပါ။ မဆီမဆိုင် ပြဿနာထဖြစ်တတ်ပါသည်။ အိုးအိမ်ထူထောင်လိုသူများ လဆန်း(၁၅)ရက်အတွင်း အပြီးလုပ်ပါ။ စက်မှုလက်မှု လုပ်ငန်းရှင်များ အထူးအောင်မြင်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၄၊ ၁၊ ၆၊ ၃၊ ဝ)ပါ။

ယတြာ

မွေးနေ့တွင် အမွှေးနံ့သာများ ထွန်းညှိပူဇော်ပေးပြီး ဆီထမင်းဆွမ်း ဆက်ကပ်ပါ။

## ဓနုလဂ် (Sagittarius)



ဝင်ငွေကောင်းမည်။ ကိုယ်ပိုင်စည်းကမ်းများ ယခင်ထက် ပိုကောင်းနေမည်။ ဆရာကောင်းတွေ့ပြီး နည်းကောင်းရတတ်၏။ အရာရာ အက်တစ်ဖြစ်နေမည်။ ကုသိုလ်ကောင်းမှု အလှူဒါနတစ်ခုခု ပြုဖြစ်သွားမည်။ ငွေရေးကြေးရေးကိစ္စ စိုးရိမ်စရာ မလိုပါ။ ချစ်သူမရှိသေးသူများ ချစ်သူတွေ့ပြီး ချစ်သူရှိသူများ အထူးအဆင်ပြေမည်။ သားရေး၊သမီးရေး တွေးပူနေစရာမလို။ သားသမီးအကျိုး ခံစားရမည်။ ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်းများ အထူးအောင်မြင်မည်။ စပ်တူထီထိုးပေးပါ။ အိမ်ထောင်ရေးဆိုင်ရာ ပြဿနာများ အနည်းငယ်ဖြစ်တတ်၏။ သို့သော် ကွဲခြင်း ကွာခြင်းတော့ မရှိနိုင်ပါ။ တတိယပတ်လောက်ကစပြီး မတော်တဆ အက်ဆီးဒင့်ဖြစ်တတ်၍ သတိရှိပါစေ။ ကျန်းမာရေး အနည်းငယ်ညံ့လာတတ်ပါသည်။ သို့သော် စိုးရိမ်စရာမရှိပါ။ လဆန်းပိုင်းတွင် စုငွေများ ထုတ်သုံးနေရတတ်၏။ အတိုက်အခံ၊ အနှောင့်အယှက်များလည်း မကြာခဏ တွေ့နေရတတ်ပါသည်။ စိတ်ဓာတ်မကျပါနှင့်။ သင့်လုပ်ငန်း အမြင့်ဆုံးအနေအထား ရောက်နေမည်။ ရှေ့နေ၊ ပွဲစား၊ ပရဟိတသမားများ အထူးအောင်မြင်မည်။ ဆရာ၊ ဆရာမနှင့် သူနာပြုများ၊ ရာထူး၊ ဂုဏ်သိက္ခာ၊ လုပ်ပိုင်ခွင့်များ တိုးလိမ့်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၄၊ ၁၊ ၅၊ ၇)ပါ။

ယတြာ

အုန်း(၇)ညွှန့်၊ သပြေ(၇)ညွှန့် ရောစည်းပြီး မွေးနံထောင့် ဘုရားအား လှူဒါန်းပါ။

## မကာရလဂ် (Capricon)



ဘဝအတွက် အခြေခံစီမံကိန်းတစ်ခု ရေးဆွဲနေလိမ့်မည်။ အောင်မြင်မှာပါ။ အိမ်ထောင်ရေးမှာ မမှားချင်ဘဲ မှားသွားရတတ်တဲ့ အနေအထား ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာတတ်ပါသည်။ မိသားစုကိုတောင် မစည်းရုံးနိုင်တော့ဘဲ စိတ်မာတတ်ကျနေတတ်၏။ ဘာသာရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ စည်းရုံးလှုပ်ရှားခြင်း အားလုံးကို အတတ်နိုင်ဆုံး ရှောင်ပါလေ။ မရှောင်နိုင်က ပြဿနာမျိုးစုံ တက်လာတတ်ပါသည်။ လဆန်းပိုင်းမှာ ပညာရေးကိစ္စများ အဆင်မပြေနိုင် ဖြစ်နေတတ်၏။ သားသမီးကိစ္စလည်း စိတ်ရှုပ်ထွေးနေရတတ်ပါသည်။ တတိယပတ်လောက်ဆို အလိုလို အဆင်တပြေ ဖြစ်သွားလိမ့်မည်။ အလုပ်အကိုင်များ ပုံမှန်ကောင်းမွန်နေမည်။ ငွေကြေးလည်းပဲ စုမိဆောင်းမိရှိမည်။ ဘဏ်လုပ်ငန်းများ အထူးပင် အောင်မြင်မည်။ စာရင်းမှားတတ်၍ သတိထားပါ။ ဆန့်ကျင်ဘက်တွေ့မှာကို မစိုးရိမ်ပါနှင့်။ မိမိ အနိုင်ရပြီး ဘ၀အင်အားဖြစ်သွားလိမ့်မည်။ ကျန်းမာရေးတော့ နည်းနည်းဂရုစိုက်ပေးပါ။ အလိုလိုနေရင်း ခေါင်းမူးဝေခြင်း၊ အော့အန်ခြင်းများ ခံစားရတတ်ပါသည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၇၊ ၀၊ ၁၊ ၅၊ ၉)ပါ။

ယတြာ

နာရေးတွေ့လာပါက ယပ်တောင်ကုသိုလ် ဝင်ပေးပါ။ အရာရာ အဆင်ပြေသွားလိမ့်မည်။

## ကုမ်လဂ် (Aquarius)



သင့်ကျန်းမာရေး ယခင်ထက် ကောင်းမွန်နေမည်။ ကိုယ့်ရည်မှန်းချက်ကို ပြီးမြောက်အောင် အကောင်အထည်ဖော်ပါ။ တုံ့ဆိုင်းမနေပါနှင့်။ သေချာပေါက် အောင်မြင်ပါလိမ့်မည်။ ပင်ကိုဉာဏ်များ စွမ်းရည်ထွက်ကာ သင့်အတွေးများ လင်းလက်နေလိမ့်မည်။ ပြောစရာမလိုလောက်အောင် ဖွဲ့၊ လုံ့လ၊ ဝီရိယများလည်း ကောင်းနေမည်။ အချစ်ရေး အဆင်ပြေလိမ့်မည်။ ချစ်သူရှာမည်ဆိုပါက နှစ်ပတ်အတွင်း ရှာပါ။ ပညာရေးဦးစားပေးသူများ အနှောင့်အယှက် ကင်းဝေးစွာ အောင်မြင်နေမည်။ ငွေကြေးကိစ္စလည်း သောကကြားကပင် အဆင်တပြေ ဖြစ်သွားလိမ့်မည်။ လောဘကို အတောမသတ်နိုင်သူများ ကြွေးတင်မည်။ အိမ်ထောင်ရေး သာယာသည်ဟု ဆိုသော်လည်း မကြာ,မကြာ စကားများရတတ်၏။ တည်ငြိမ်အေးဆေးစွာ ပြောဆိုဆွေးနွေးပါ။ အလျှင်စလို မငြင်းခုံ မပြောဆိုပါလေနှင့်။ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းရှင်များ အထူးစိတ်ချမ်းသာရမည်။ အလှပြင်အလှဆင်သူများ ထင်သလောက် အဆင်မပြေနိုင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၂၊ ၀၊ ၅၊ ၇)ပါ။

ယတြာ

ရဟန်းသာမဏေ တစ်ပါးပါးအား လိုအပ်တဲ့ စာအုပ်၊ စာရေးကိရိယာများ လှူပေးလိုက်ပါ။

## မိန်လဂ် (Pisces)



သင်မြတ်နိုးရာ တစ်ခုခုကို ဆုံးရှုံးရတတ်ပါသည်။ သင့်စိတ်က မှားယွင်းတဲ့ အချစ်ရေးကို ဖန်တီးချင်စိတ် လွှမ်းကဲနေမည်။ ပညာရေးကို စိတ်မဝင်စားချင်။ ပညာသင်လိုစိတ် ကင်းမဲ့နေတတ်၏။ ဘ၀ကို လွတ်ပျော်ချင်တဲ့သဘော မတွေးပါနှင့်။ စည်းကမ်းသတ်ပြီးမှ ပျော်ရွှင်နိုင်အောင် ကြိုးစားပါ။ အိမ်ထောင်ဖက်အခြေအနေ ယခင်ထက် ကံကြမ္မာမြင့်မားနေမည်။ အိမ်ထောင်ဖက်ကျေးဇူးကြောင့် သင့်ဘ၀လည်း အတော်အသင့် မြင့်မားနေမည်။ သင့်ရဲ့ လုံ့လ,ဝီရိယကောင်း၊ စိတ်စေတနာများ သူတစ်ပါးကြောင့် ဆုတ်နစ်နေမည်။ မိမိလုပ်မြဲတိုင်းသာ ဆက်လုပ်ပါ။ အဟုတ်တကယ် အောင်မြင်လာလိမ့်မည်။ သင်နိုင်ငံခြားခရီး သွားဖြစ်ပါက အထူးအကျိုးရှိမည်။ နေအိမ်အခက်အခဲ တွေ့နေသူများ အဆင်ပြေသွားမည်။ မိခင်အကူအညီကြောင့် သင်စိတ်ချမ်းသာရလိမ့်မည်။ သင်တန်းပညာတစ်ခု သင်ယူရတတ်၏။ အကြင်နာသံယောဇဉ် ပိုင်ရှင်တစ်ဦးကြောင့် သင့်ရဲ့ အခက်အခဲမှ လွန်မြောက်သွားမည်။ ကားဝယ်လိုသူများ ဝယ်ဖြစ်သွားမည်။ လေရောဂါ ခံစားရတတ်ပါသည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၄၊ ၇၊ ၃၊ ၀၊ ၉)ပါ။

ယတြာ

ပေါက်စီ(၇)လုံးဝယ်ပြီး ခုနစ်နှစ်သားသမီးများနှင့် မျှဝေစားလိုက်ပါ။ အဆင်ပြေသွားပါလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ
ဆရာကံထူး(ဝေဒသုတေသီ)
၀၉ ၄၀ ၁၅၃ ၄၄ ၉၉ ၊ ၀၉ ၇၇၂ ၁၈၀ ၅၇၃



www.burmeseclassic.com

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

(၂၀၁၇)ခုနှစ်၊ အောက်တိုဘာလအတွင်း

# ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မွန်းတည့်မျဉ်းဖြတ်စဉ်များ

(၂၀၁၇)ခုနှစ်၊ အောက်တိုဘာလအတွင်း ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လဂ်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်များကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းအချိန်ပိုင်းများအတွင်း မဟာဝေဒဗွမန္တန်၊ ရုဋ္ဌဝေဒဗွမန္တန်များနှင့် အခြားလာဘ၊ဓနဆိုင်ရာ ဂါထာ၊မန္တန်များ ရွတ်ပွားပူဇော်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားကြပါလိမ့်မည်။

အထူးမှာ (၁-၁၀-၂၀၁၇) ည(၈း၅၄း၃၇)နာရီမှ (၂-၁၀-၂၀၁၇) ည(၁၀း၀၈း၂၆)နာရီအတွင်း နှင့် (၂၉-၁၀-၂၀၁၇) နံနက်(၅း၄၆း၁၄)နာရီမှ (၃၀-၁၀-၂၀၁၇) နံနက်(၇း၂၆း၂၂)နာရီအတွင်းတို့တွင် စန်း (ခေါ်) တနင်္လာဂြိုဟ်သည် ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ဖြတ်ကျော်ရောက်ရှိနေမည် ဖြစ်ပါမည်။

သို့ဖြစ်ပါ၍ လဂ်ဖြတ်ကျော်ခြင်းအတွက် (၁-၁၀-၂၀၁၇) ညနေ(၃း၀၂း၃၉)နာရီမှ (၃း၄၈း၄၀) နာရီအတွင်း၊ (၁-၁၀-၂၀၁၇) ည(၈း၅၄း၃၇)နာရီမှ (၉း၃၃း၅၉)နာရီအတွင်၊ (၂-၁၀-၂၀၁၇) ည (၈း၃၈း၂၄)နာရီမှ (၉း၃၀း၀၃)နာရီအတွင်း၊ (၂၉-၁၀-၂၀၁၇) မွန်းလွဲ(၁း၁၂း၃၄)နာရီမှ (၁း၅၈း၃၅) နာရီအတွင်းနှင့် (၂၉-၁၀-၂၀၁၇) ညနေ(၆း၅၂း၁၅)နာရီမှ (၇း၄၃း၅၃)နာရီအတွင်းတို့တွင် လာဘ၊ ဓနဆိုင်ရာ ဂါထာ၊မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ အောက်တိုဘာအတွင်း

[illegible]


| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၂၀း၄၂း၂၀ | ၂၁း၃၃း၅၉ |
| ၂ | ၂၀း၃၈း၂၄ | ၂၁း၃၀း၀၃ |
| ၃ | ၂၀း၃၄း၂၉ | ၂၁း၂၆း၀၇ |
| ၄ | ၂၀း၃၀း၃၃ | ၂၁း၂၂း၁၁ |
| ၅ | ၂၀း၂၆း၃၇ | ၂၁း၁၈း၁၅ |
| ၆ | ၂၀း၂၂း၄၁ | ၂၁း၁၄း၁၉ |
| ၇ | ၂၀း၁၈း၄၅ | ၂၁း၁၀း၂၃ |
| ၈ | ၂၀း၁၄း၄၉ | ၂၁း၀၆း၂၇ |
| ၉ | ၂၀း၁၀း၅၃ | ၂၁း၀၂း၃၁ |
| ၁၀ | ၂၀း၀၆း၅၇ | ၂၀း၅၈း၃၅ |
| ၁၁ | ၂၀း၀၃း၀၁ | ၂၀း၅၄း၄၀ |
| ၁၂ | ၁၉း၅၉း၀၅ | ၂၀း၅၀း၄၄ |
| ၁၃ | ၁၉း၅၅း၁၀ | ၂၀း၄၆း၄၈ |
| ၁၄ | ၁၉း၅၁း၁၄ | ၂၀း၄၂း၅၂ |
| ၁၅ | ၁၉း၄၇း၁၈ | ၂၀း၃၈း၅၆ |
| ၁၆ | ၁၉း၄၃း၂၂ | ၂၀း၃၅း၀၀ |
| ၁၇ | ၁၉း၃၉း၂၆ | ၂၀း၃၁း၀၄ |
| ၁၈ | ၁၉း၃၅း၃၀ | ၂၀း၂၇း၀၈ |
| ၁၉ | ၁၉း၃၁း၃၄ | ၂၀း၂၃း၁၂ |
| ၂၀ | ၁၉း၂၇း၃၈ | ၂၀း၁၉း၁၆ |
| ၂၁ | ၁၉း၂၃း၄၂ | ၂၀း၁၅း၂၁ |
| ၂၂ | ၁၉း၁၉း၄၆ | ၂၀း၁၁း၂၅ |
| ၂၃ | ၁၉း၁၅း၅၁ | ၂၀း၀၇း၂၉ |
| ၂၄ | ၁၉း၁၁း၅၅ | ၂၀း၀၃း၃၃ |
| ၂၅ | ၁၉း၀၇း၅၉ | ၁၉း၅၉း၃၇ |
| ၂၆ | ၁၉း၀၄း၀၃ | ၁၉း၅၅း၄၁ |
| ၂၇ | ၁၉း၀၀း၀၇ | ၁၉း၅၁း၄၅ |
| ၂၈ | ၁၈း၅၆း၁၁ | ၁၉း၄၇း၄၉ |
| ၂၉ | ၁၈း၅၂း၁၅ | ၁၉း၄၃း၅၃ |
| ၃၀ | ၁၈း၄၈း၁၉ | ၁၉း၃၉း၅၇ |
| ၃၁ | ၁၈း၄၄း၂၃ | ၁၉း၃၆း၀၁ |

## (၂၀၁၇)ခုနှစ်၊ အောက်တိုလအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၅း၀၂း၃၉ | ၁၅း၄၈း၄၀ |
| ၂ | ၁၄း၅၈း၄၃ | ၁၅း၄၄း၄၄ |
| ၃ | ၁၄း၅၄း၄၇ | ၁၅း၄၀း၄၈ |
| ၄ | ၁၄း၅၀း၅၁ | ၁၅း၃၆း၅၂ |
| ၅ | ၁၄း၄၆း၅၆ | ၁၅း၃၂း၅၇ |
| ၆ | ၁၄း၄၃း၀၀ | ၁၅း၂၉း၀၁ |
| ၇ | ၁၄း၃၉း၀၄ | ၁၅း၂၅း၀၅ |
| ၈ | ၁၄း၃၅း၀၈ | ၁၅း၂၁း၀၉ |
| ၉ | ၁၄း၃၁း၁၂ | ၁၅း၁၇း၁၃ |
| ၁၀ | ၁၄း၂၇း၁၆ | ၁၅း၁၃း၁၇ |
| ၁၁ | ၁၄း၂၃း၂၀ | ၁၅း၀၉း၂၁ |
| ၁၂ | ၁၄း၁၉း၂၄ | ၁၅း၀၅း၂၅ |
| ၁၃ | ၁၄း၁၅း၂၈ | ၁၅း၀၁း၂၉ |
| ၁၄ | ၁၄း၁၁း၃၂ | ၁၄း၅၇း၃၃ |
| ၁၅ | ၁၄း၀၇း၃၇ | ၁၄း၅၃း၃၈ |
| ၁၆ | ၁၄း၀၃း၄၁ | ၁၄း၄၉း၄၂ |
| ၁၇ | ၁၃း၅၉း၄၅ | ၁၄း၄၅း၄၆ |
| ၁၈ | ၁၃း၅၅း၄၉ | ၁၄း၄၁း၅၀ |
| ၁၉ | ၁၃း၅၁း၅၃ | ၁၄း၃၇း၅၄ |
| ၂၀ | ၁၃း၄၇း၅၇ | ၁၄း၃၃း၅၈ |
| ၂၁ | ၁၃း၄၄း၀၁ | ၁၄း၃၀း၀၂ |
| ၂၂ | ၁၃း၄၀း၀၅ | ၁၄း၂၆း၀၆ |
| ၂၃ | ၁၃း၃၆း၀၉ | ၁၄း၂၂း၁၀ |
| ၂၄ | ၁၃း၃၂း၁၃ | ၁၄း၁၈း၁၄ |
| ၂၅ | ၁၃း၂၈း၁၇ | ၁၄း၁၄း၁၈ |
| ၂၆ | ၁၃း၂၄း၂၂ | ၁၄း၁၀း၂၃ |
| ၂၇ | ၁၃း၂၀း၂၆ | ၁၄း၀၆း၂၇ |
| ၂၈ | ၁၃း၁၆း၃၀ | ၁၄း၀၂း၃၁ |
| ၂၉ | ၁၃း၁၂း၃၄ | ၁၃း၅၈း၃၅ |
| ၃၀ | ၁၃း၀၈း၃၈ | ၁၃း၅၄း၃၉ |
| ၃၁ | ၁၃း၀၄း၄၂ | ၁၃း၅၀း၄၃ |

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည့်

## ဂမ္ဘီရမဂ္ဂဇင်း (ဗေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ------------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------
- မွေးဖွားရာ မြို့/ရွာ ------------------------------
- အချိန်နာရီ (နေ့/ည) ------------------------------

**မေးခွန်းများ**

(၁) ------------------------------

(၂) ------------------------------

(၃) ------------------------------



www.burmeseclassic.com

www.burmeseclassic.com


ဂြိုဟ်ရုပ်ကိုသတ်ပေး၍

# သရုပ်ဖော်ဟောကိန်းများ

ဖြေသည်

**ဒေါ်ကျင်မြင့်**

(၉-၉-၁၉၃၆၊ ၁၉း၀၀ နာရီ၊ ကျောက်တန်းမြို့နယ်၊ ဝဲကြီးကျေးရွာ)




၁။ *ကျန်းမာရေးနှင့် သတိပြုရမည့်ကာလ။*

ယခု(၂၀၁၇)ခုနှစ်၊ အောက်တိုဘာလမှ (၂၀၂၀) ပြည့်နှစ်၊ အောက်တိုဘာလထိ ဖြေကြာ ထူလ၊ ၅တေး ဘုတ္တိဒသာ စားဝင်မည်။ (၂၀-၁၀-၂၀၁၇)ထိ စားဝင်ခဲ့သော ရာဟု ဘုတ္တိဒသာ ကာလမှာ (၉)တန့်သခင် (မနုရာသီ)မှာ ရပ်၍ (၆)တန့် သန္ဓိနှင့် (၆)တန့်သခင် ၁နွေဂြိုဟ်တို့အား (၉)တန့်အမြင့် ကြုံခဲ့၍ ကျန်းမာရေးညံ့လိမ့်မည်။ ရင်/ဝမ်း ဥပဒ်ပေးမည်။ ယခု (၂၀-၁၀-၂၀၁၇) နောက်ပိုင်း ကျန်းမာရေးအညံ့မှ လွတ်ပါမည်။ သို့သော် ထူလသခင် ဖြေကြာသည် (၇)တန့်တွင် (၇)တန့်(မာရက၊ ဘာဓက)သခင်နှင့် ပူး၍ ရပ်တည်ခြင်း၊ ဘုတ္တိဒသာသခင်ဂြိုဟ် ၅တေးသည် (၇)တန့်ရပ် (၇)တန့်သခင် ၄ပူးပိုင်နက္ခတ်အား စီးထားခြင်းကြောင့် သက်တမ်းပြည့်ပြီဖြစ်၍ (၈၁)နှစ်မှ (၈၄)နှစ်အတွင်း သက်တမ်းအတွက် သတိထားရပါမည်။

၂။ *ထီဆုကြီး ပေါက်မည်လား၊ ကာလ။*


ထူလဒသာသခင်ဂြိုဟ် ဖြေကြာသည် (၄၊ ၇၊ ၅၊ ၃၊ ၈)တန့် ဘာဝများ အကျိုးဆောင်ခြင်း၊ ဘုတ္တိဒသာသခင် ရာဟုသည် (၃၊ ၉)တန့်အကျိုးဆောင်ခြင်းက ထီပေါက်ကံ မမြင်ပါ။

၃။ *ဘာသာ၊ သာသနာအကျိုး သယ်ပိုးနိုင်မည်လား။*

လက်ရှိစားဝင်နေဆဲ ဒသာကာလက ကိုယ့်အတွက်ပင် ပြည့်စုံလွန်းသည်ဟု မဆိုနိုင်ရကား တရားဓမ္မ အားထုတ်ခြင်းမျိုးသာ အဓိကပြုသွားပါ။ သရဏဂုံဂုဏ်တော်ထဲ အမြဲအာရုံပြုထားပါ။

**မသန်းသန်းနွယ်**

(၂၈-၁၀-၁၉၈၃၊ ၁၂း၃၅ နာရီ၊ ပုသိမ်မြို့)




၁။ *အိမ်ထောင်ရေးကံ ကောင်း/မကောင်း၊ သားသမီးကံ။*

(၇)တန့်သခင် ၂လ်ဂြိုဟ် (၆)တန့်ဘာဝတွင် ရပ်တည်ရကား အိမ်ထောင်ရေးကံ ကောင်းသည်ဟု ဆို၍ မရပါ။ (၅)တန့်သခင် ဖြေကြာဂြိုဟ် (၈)တန့်တွင်နေ၍ (၅)တန့်တွင် ရာဟုရပ်တည်ခြင်းက သားသမီးကံလည်း ကောင်းသည်ဟု မဆိုနိုင်ပါ။

၂။ *ထီဆုကြီးပေါက်ကံ၊ ကာလ။*

(၃)တန့်သခင် ၅တေးဂြိုဟ် (၁၁)တန့်တွင် ရပ်တည်သော်လည်း ရာဟု၊ ကိတ် အကြပ်ခံရ၍ ထီဆုကြီးပေါက်ကံ အားနည်းသည်။ သို့သော် စပ်တူထီဆုအသေးစားလောက်ကား ရနိုင်ချေ ရှိပါသည်။

၃။ *မိဘအပေါ် သားသမီးဝတ္တရား ကျေနိုင်မည်လား။*

(၄)တန့်သခင် အင်္ဂါဂြိုဟ် (၈)တန့်ရပ်ခြင်း၊ (၉)တန့်




www.burmeseclassic.com

www.burmeseclassic.com

သခင် ၄ဟူးဂြိုဟ် (၁၀)တန့်ရပ်ခြင်းက မိခင်ထက် ဖခင်ပေါ် ပို၍ထောက်ပံ့ပေးနိုင်ခွင့် ကြုံပါမည်။

**မနန္ဒာလွင်**

**(၃၀-၇-၁၉၈၃၊ ၂း၀၀ နာရီ၊ တောင်တွင်းကြီးမြို့)**




၁။ *မိခင်နှင့်အတူ နေထိုင်ပြုစုခွင့် ရှိ/မရှိ။*

(၄)တန့်သခင်ဂြိုဟ် ၁နေ့ (၃)တန့်တွင် ရပ်တည်ခြင်းက မိခင်နှင့် ခွဲခွာနေရတတ်ခြင်းကို ဖော်ပြသည်။ အတူနေထိုင် ပြုစုခွင့်ရဖို့ အားနည်းသည်။ (၈၊ ၁၁)တန့်သခင် ၅တေးဂြိုဟ် (၇)တန့်မှနေ၍ ယင်း(၃)တန့်ရပ် (၄)တန့်သခင်ဂြိုဟ် ၁နေ့အား (၉)တန့်အထူးမြင် ကြုံနေခြင်းက မိခင်အား ထောက်ပံ့မှုတော့ ပေးနိုင်ပါလိမ့်မည်။

၂။ *ထီဆုကြီးပေါက်ကံ ရှိပါသလား၊ ကာလ။*

(၃)တန့်သခင်ဂြိုဟ် ၂လာ (၁၁)တန့်ဘာဝတွင် ရပ်တည်ပြီး (၈၊ ၁၁)တန့်သခင် ၅တေးဂြိုဟ် (၇)တန့်မှ (၅)တန့်အထူးမြင် ကြုံနေခြင်းက ထီပေါက်ကံရှိ၍ စပ်တူပေါက်ကံမျိုး ဖြစ်နေပေသည်။ (၂)တန့်သခင်ဂြိုဟ် ၄ဟူး (၄)တန့်တွင် (၁၊ ၆)သခင် ၆ကြာဂြိုဟ်နှင့် ပူးခြင်းက ဆုအလတ်စားထိသာ ရနိုင်စေတတ်သည်။ (၂၀၂၀)ပြည့်နှစ်၊ မေလနောက်ပိုင်းတွင် (၃)နှစ်အတွင်း ထီပေါက်ကိန်း ရှိပါသည်။


၃။ *သက်ကြီးရွယ်အိုတို့အား ဘုရားဖူးပို့လိုသောဆန္ဒ ပြည့်ပါမည်လား။*

ပြည်တွင်းဘုရားဖူး ခရီးမျိုးဆိုပါက သက်ကြီးရွယ်အိုအချို့အား ဘုရားဖူးခရီး ပို့ပေးနိုင်ပေလိမ့်မည်။ (၂၀၂၀) ပြည့်နှစ်နောက်ပိုင်းတွင် ဖြစ်မည်။

**မောင်အေးမောင်**

**(၁၃-၅-၁၉၉၀၊ ၆း၁၅ နာရီ၊ ရွှေဘိုခရိုင်၊ လှတော်ရွာ)**

၁။ *လုပ်ဆောင်သင့်သော အသက်မွေးလုပ်ငန်း။*




(၁၀)တန့်ဘာဝတွင် အင်္ဂါဂြိုဟ်ရပ်ပြီး (၁၀)တန့်သခင်ဂြိုဟ် ၈နေ (၉)တန့် မိမိပိုင်ဘာဝတွင် ရာဟုနှင့် ပူး၍ ရပ်တည်သည်။ စက်မှုလုပ်ငန်း၊ စက်ပစ္စည်း၊ စိုက်ပျိုးရေးထွက်ကုန်၊ ခရီးသွားလုပ်ငန်း လုပ်ရတတ်ပါသည်။

၂။ *အိမ်၊ မြေ၊ ကား ပိုင်ဆိုင်ကိန်း။*

(၄)တန့်ဘာဝသခင်ဂြိုဟ် ၁နေ့ဂြိုဟ် (၁၂)တန့်တွင် (၂၊ ၅)သခင်ဂြိုဟ် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်သည်။ မိမိကံဖြင့် အိမ်၊ မြေ၊ ယာဉ် ပိုင်ကိန်း အားနည်းသည်။

၃။ *ဘဝအဆင့်အတန်း၊ [illegible]။*


လဂ်သခင်ဂြိုဟ် ၆ကြာ (၁၁)တန့်တွင် ရပ်တည်ခြင်း၊ (၁၀)တန့်သခင် ၈နေဂြိုဟ် (၉)တန့်ဘာဝတွင် ရာဟု၊ ကိတ် အကြပ်ခံရ၍ ရပ်တည်ခြင်းက ဘဝကံ အလတ်စားမျှသာ ဖြစ်စေတတ်သည်။ အသက်(၆၆)နှစ်နောက်ပိုင်း (၈၂)နှစ်ထိ ၅တေးထူလှဒသာ စားဝင်မည်။ ၅တေးသည် (၂)တန့်တွင် ရပ်တည်သော (၈၊ ၁၁)တန့်သခင်ဖြစ်ရကား အိုက် မည့်နိုင်ပါ။

**ကိုအောင်ကိုသန့်**

**(၁၃-၉-၁၉၇၆၊ ၁၈း၀၀ နာရီ၊ လက်ပံတန်းမြို့)**

၁။ *ရာထူးတိုး၊ အပြောင်းအရွှေ့။*

(၄-၇-၂၀၁၇)မှ (၂၂-၇-၂၀၁၈)အတွင်း ရာဟု






www.burmeseclassic.com

www.burmeseclassic.com

ထူလ၊ ကိတ် ဘုတ္တိဒသာ စားဝင်သည်။ ထူလဒသာသခင် ရာဟုသည် (၈)တန့်ဘာဝ (တူရာသီ)တွင် ကံဂြိုဟ်နှင့် ပူး၍ ရပ်တည်နေသည်။ ရာဟုက ကိုယ်စားပြုထားသော ဖြဲကြာဂြိုဟ်သည် ဓနုရာသီ (၇-တန့်ဘာဝ)တွင် ရပ်တည်ထားသည်။ ဖြဲကြာသည် (၃၊ ၈)သခင်ဖြစ်သည်။ ဘုတ္တိဒသာသခင်ဂြိုဟ် ကိတ်သည် (၂)တန့်ဘာဝ (အင်္ဂါပိုင်ရာသီ)တွင် (၆)တန့်သခင် ၂လ်ာဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်ရကား မထင်မှတ်ထားသော အခြေအနေမျိုးဖြင့် ရာထူးတက်၊ နယ်ပြောင်းရဖို့ ရှိသည်။ မိမိနှစ်သက်လောက်သော အခြေအနေ၊ နေရာဌာနမျိုးကား မဖြစ်စတတ်ပါချေ။

၂။ *ထီပေါက်ကံ၊ ကာလ။*


(၃)တန့်သခင် အင်္ဂါဂြိုဟ် (၇)တန့်ဘာဝ (ဓနုရာသီ)တွင် ရပ်တည်ခြင်းက ထီပေါက်ကံ အားနည်းစေသည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

(၂၀၂၅)မှ (၂၀၄၁)ခုနှစ်ထိ ၅တေး ထူလဒသာ၊ (၂၊ ၁၁)တန့်သခင် ပြီသ (၃-တန့်ရပ်)ဒသာ စားဝင်၍ အိုကံ မည့်ပါ။

**မနီလာခိုင်**

**(၂၄-၁၁-၁၉၇၉၊ ၅း၀၀ နာရီ၊ ပြည်မြို့)**



၁။ *အိုးပိုင်အိမ်ပိုင်နှင့် နေရကိန်း၊ ကာလ။*

(၄)တန့်သခင်ဂြိုဟ် စနေ (၁၁)တန့်ဘာဝ (ကန်ရာသီ)တွင် ရပ်တည်နေပြီး (၂)တန့်ရပ် (၁၁)တန့်သခင် ၁နွေဂြိုဟ်ကို (၃)တန့်အထူးမြင် ကြုံထားသည်။ သက်လတ်တန်း ရောက်ပြီးပါက အိုးအိမ်ပိုင်ဆိုင်ကိန်း ရှိသည်။ (၄-၈-၂၀၁၉)မှစကာ ၅တေး ထူလဒသာ စားဝင်သည်။ ၅တေးဂြိုဟ်သည် (၃၊ ၆)တန့်သခင်ဂြိုဟ်အဖြစ် (၁၀) တန့်ဘာဝ (သိဟ်ရာသီ)တွင် ရပ်တည်၍ ၅တေး ထူလ၊ ၅တေး ဘုတ္တိဒသာကာလ အသက်(၄၀)နှစ်မှ (၄၄)နှစ်ကြားတွင် အိုးပိုင်အိမ်ပိုင် ရရှိနိုင်ပေမည်။

၂။ *ထီဆုကြီးပေါက်ကံ၊ ကာလ။*


(၁၁)တန့်သခင်ဂြိုဟ် ၁နွေဂြိုဟ်သည် (၂)တန့် (ဗြိစ္ဆာရာသီ)တွင် ရပ်တည်နေပြီး (၂)တန့်သခင်ဂြိုဟ် အင်္ဂါ (၁၁)တန့်မှ (၄)တန့်အထူးမြင့် ကြုံနေသည်။ သို့ဖြစ်၍ ထီဆုကြီးပေါက်ကံ ရှိပါသည်။ (၁၆-၇-၂၀၁၈) မှ (၄-၈-၂၀၁၉)ထိ စားဝင်မည့် ရာဟု ထူလ၊ အင်္ဂါ ဘုတ္တိဒသာတွင် ထီကံစမ်းနိုင်သည်။

၃။ *မိသားစု အတူနေရမည့်ကာလ။*

(၄-၈-၂၀၁၉) နောက်ပိုင်းတွင် (၃၊ ၆)သခင် (၁၀) တန့် (သိဟ်ရာသီ)ရပ် ၅တေးဂြိုဟ်၏ ထူလဒသာ စားဝင်ပါမည်။ ထူလဒသာသခင် ၅တေးဂြိုဟ်သည် (၁၊ ၈)သခင် (၂)တန့်ဘာဝ (မေရာသီ)ရပ် ဖြဲကြာပိုင် နက္ခတ်ကို စီးထားရကား (၂၀၁၉)ခုနှစ်နောက်ပိုင်းတွင် မိသားစု အတူတူ ပြန်လည်ပေါင်းစည်းနေထိုင်ခွင့် ကြုံပါမည်။

**မလွှင်မာစိုး**

**(၅-၆-၁၉၈၅၊ ၆း၀၅ နာရီ၊ ပြည်မြို့)**



၁။ *အကျိုးပေးမည့်အလုပ်။*

(၁၀)တန့်သခင်ဂြိုဟ် ၅တေး (၈)တန့်ဘာဝတွင် ရပ်တည်သည်ကို (၆၊ ၁၁)သခင် အင်္ဂါဂြိုဟ်က လဂ်ဘာဝမှ (၈)တန့်အထူးမြင် ကြုံနေသည်။ စက်မှုလုပ်ငန်း၊ စက်ပစ္စည်း၊ ယူနီဖောင်းဝတ်စုံ ချုပ်လုပ်ရောင်းဝယ်ခြင်း၊ ခရီးသွားလုပ်ငန်း၊ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း လုပ်နိုင်ပါသည်။

၂။ *အိမ်ထောင်ရေးကံ။*

(၇)တန့်သခင်ဂြိုဟ် ၅တေး မကာရရာသီ (၈)တန့်

www.burmeseclassic.com


ဘာဝတွင် ရပ်တည်သည်။ ယင်းသည် (၁၀)တန့်သခင်ဂြိုဟ်လည်း ဖြစ်သည်။ ၅တေးကို လဂ်တွင် ပူးသော (၆၊ ၁၁)တန့်သခင် အင်္ဂါဂြိုဟ်က (၈)တန့်အထူးမြင် ကြုံထားသည်။ ဘဝတွင် အိမ်ထောင်ကျမည်။ အိမ်ထောင်ရေးကံ သင့်ရုံသာရှိသည်။ အိမ်ထောင်ဖက်နှင့် ကာလတစ်ရပ် ခွဲနေရကိန်း ကြုံရတတ်သည်။

၃။ *ထီဆုကြီးပေါက်ကံ၊ ကံလ။*

(၁၁)တန့်သခင်ဂြိုဟ် အင်္ဂါ လဂ်တွင် ပူး၍ (၇)တန့်ရပ် (၂)တန့်သခင်ဂြိုဟ် ၂လ်ာနှင့် အပြန်အလှန် အမြင်ကြုံနေသည်။ ထီပေါက်ကံရှိသော်လည်း စပ်တူကံမျိုးဖြစ်သည်။ ဆုသိပ်မကြီးတတ်ပါ။

**K.W**

**(၁၈-၅-၁၉၄၉၊ ၁၉း၀၀ နာရီ၊ ရွှေမြို့ရွာ)**




၁။ *စီးပွားရေးကံ။*

(၂၀-၂-၂၀၀၂)မှစကာ ၄ဟူးဒသာ စားဝင်လာခဲ့သည်။ (၂၀-၂-၂၀၂၉)ထိ စားဝင်မည်။ ၄ဟူးသည် (၇)တန့်တွင် (၇)တန့်သခင် ၆ကြာ (၆)တန့်ရပ် (၁၀)တန့်သခင် ၁နွေဂြိုဟ်များနှင့် ပူးယှဉ်ရပ်တည်နေသည်။ (၂)တန့်ဘာဝ (မကာရရာသီ)ရပ်၊ (၂၊ ၅)သခင် ၅တေးဂြိုဟ်က ပြိဿရာသီရှိ ၄ဟူး၊ ၆ကြာ၊ ၁နွေတို့ကို (၅)တန့်အထူးမြင် ကြုံထားသည်။ ဤကာလ စီးပွားရေးသင့်၊ ဝင်ငွေရှိနေပါမည်။ (၁၄-၇-၂၀၁၅)မှ (၁၄-၅-၂၀၁၈)ထိ (၇)တန့်ရပ် (၇)တန့်သခင် ၆ကြာ ဘုတ္တိဒသာ စားဝင်မည်ဖြစ်ရာ စီးပွားရေးသင့်တင့်စွာ အကျိုးပေးနေပေဦးမည်။

၂။ *ရန်၊ အနှောင့်အယှက်၊ အတိုက်အခံ ရှိ/မရှိ။*


(၆)တန့်သခင် အင်္ဂါဂြိုဟ် (၆)တန့်တွင် ရပ်တည်ကာ လဂ်ဘာဝ(ဗြိစ္ဆာ)အား (၈)တန့်အထူးမြင် ကြုံနေခြင်း၊ (၁၂)တန့်သခင် ၆ကြာ (၇)တန့် (ပြိဿ)တွင် ရပ်တည်ကာ လဂ်ဘာဝအား အမြင်ကြုံနေခြင်းတို့က ဘဝတွင် ရန်၊ အတိုက်အခံ များစေတတ်သည်။ ရန်၊ အတိုက်အခံများ ရှိနေမည်။

၃။ *အသက်တန်း။*

လဂ်သခင် အင်္ဂါ (၆)တန့်တွင် ရပ်တည်ကာ လဂ်ဘာဝအား ပြန်မြင်ခြင်းကြောင့် အသက်အရှည်တန်းတွင် ပါသည်။ (၆၈)နှစ်နှင့်အထက် နေရတတ်သည်။ ယခု (၇)တန့်(မာရက)ရပ် ၄ဟူး ထုလဒသာတွင်း၌ အင်္ဂါ ဘုတ္တိဒသာ စားဝင်မည့် (၂၀၂၀-၂၀၂၁)ခုနှစ်အတွင်း သက်ထာမ်းအတွက် အထူးဂရုပြုရပါမည်။

**A.T.Z.K**

**(၁၆-၄-၁၉၈၉၊ ၁၁း၀၀ နာရီ၊ ရန်ကုန်)**




၁။ *စီးပွားချမ်းသာမည့်ကံ ရှိပါသလား။*

(၂)တန့်သခင်ဂြိုဟ် ၂လ်ာ (၃)တန့် သိဟ်ရာသီတွင် ရပ်တည်၍ သိဟ်ရာသီသခင်ဂြိုဟ် ၁နွေ (၁၁)တန့်တွင် ရပ်တည်သည်။ ၂လ်ာကို ရာဟု၊ ကိတ် ကြပ်ထားရကား ဘဝချမ်းသာကိန်းရှိသော်လည်း အတော်ကြိုးစားယူရမည်။ (၁၀)တန့်သခင်ဂြိုဟ် ၅တေး (၁၂)တန့်တွင် ရပ်တည်ခြင်းက မွေးရပ်မှ ဝေးရာအရပ်ဒေသတွင် စီးပွားလုပ်ကိုင်ကြီးပွားစေတတ်သည်။

၂။ *ဝန်ထမ်းအရာရှိကြီး ဖြစ်နိုင်မှာလား။*

(၁၀)တန့်သခင်ဂြိုဟ် ၅တေး (၁၂)တန့်တွင် ရပ်တည်၍ (၆)တန့်သခင် အင်္ဂါနှင့် ပူးထားခြင်းက ဝန်ထမ်းဘဝ ရောက်စေတတ်၏။ (၆)တန့်သခင်ဂြိုဟ် အင်္ဂါ (၁၂)တန့်တွင် ရပ်တည်ခြင်း၊ (၇)တန့်ရပ် (၈၊ ၉)သခင်ဂြိုဟ် စနေအား (၈)တန့်အထူးမြင် ကြုံနေခြင်းက ဝန်ထမ်းဘဝ ရေရှည်မမြဲတတ်ပါချေ။ အရာရှိကြီးအဆင့် မရောက်နိ



www.burmeseclassic.com

www.burmeseclassic.com

ဘဝကံအပြောင်း၊ စီးပွားရေးအပြောင်း ပေါ်မည်။

၃။ *အိမ်ထောင်ရေးကံ၊ ပုံသဏ္ဌာန်။*

(၇)တန့်သခင်ဂြိုဟ် ၅တေး (၁၂)တန့်တွင် (၆၊ ၁၁)တန့်သခင် အင်္ဂါနှင့် ပူးယှဉ်ရပ်တည်၏။ ၅တေးသည် (၁၀)တန့်ဘာဝ သခင်ဂြိုဟ်လည်း ဖြစ်သည်။ အိမ်ထောင်ရေး နောက်ကျတတ်သည်။ အိမ်ထောင်ကံ သင့်သည်။ အိမ်ထောင်ဖက်သည် အသားလတ်၊ အရပ်အမောင်း အလတ်စား၊ ကိုယ်လုံးပြည့်၍ မျက်နှာဝိုင်းမည်။ သိဟ်ရာသီ (၂)တန့်ဘာဝရပ် ၂လဲ်ာဂြိုဟ်၏ ထုလဒသာသည် (၃-၉-၂၀၁၇)မှ (၃-၉-၂၀၂၇)ထိ စားဝင်ပါမည်။ အသက်(၃၀)နှစ်ကျော် (၃၃)နှစ်အတွင်း အိမ်ထောင်ကျကိန်း ရှိသည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**

(ခရစ်ရှနားမူ်တီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)
အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊
၀၉ ၂၆၁ ၄၄ ၇၇ ၆၆၊
၀၉ ၇၉၁ ၄၂၀ ၃၉၄

**မေး၍ဖြေသည် ပရိသတ်များသို့ ပန်ကြားချက်**

ဂမ္ဘီရပရိသတ်ကြီးအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ထုတ်ဝေသူ၊ စာတည်းချုပ်၏ စေတနာအရ နက္ခတ်ဗေဒင်ပညာဖြင့် တိကျစွာပြန်လည်ဖြေကြားပေးနေသောကဏ္ဍာဖြစ်ပါသည်။ သို့ဖြစ်၍ မွေးရပ်၊ မွေးရက်၊ လ၊ နှစ်၊ မွေးဒေသ၊ အချိန်နာရီတို့ တိကျရန်လိုပါသည်။ မွေးချိန်မတိကျက လင်မှမဟုတ်ဘဲ စန်း(၂လဲ်ာ)မှ ဖြေကြားရ၍ အဖြေများ မှန်ကန်တိကျမှု အားနည်းတတ်ပါသည်။

မွေးချိန်မသိက အမေးပုံစံကို ဖြည့်စွက်သော် ရက်၊ လ၊ နှစ်၊ အချိန်၊ ဒေသတို့ကို ဖြည့်စွက်၍ ရောက်ဆဲအသက်ကိုပါ ရေးသားပေးပါ။ မွေးဒေသအတွက် ဆိုင်ရာ မြို့နယ်၊ တိုင်းဒေသကြီးတို့ကိုပါ ရေးသားပေးပါ။

**အဘဆရာကြီး မင်းသိင်္ခ ၏ တပည့်ရင်း**



**ဆရာ မိုးသစ်ခိုင်**

Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)

မိတ်ဆွေ
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။-
ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့။

**တဲရှော့** **ဗေဒ** **လက္ခဏာ**

အမှတ်-၁၄၀၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၅၆ ၈၅၆ ၅၀၀



www.burmeseclassic.com

www.burmeseclassic.com



■ဆရာရန်အောင်ဟိန်း(B.Sc)■

# စိတ်ရောဂါနှင့် ခရစ်ရှနားမူတီးပဒ္ဓတိ

ယနေ့ခေတ်ကို ပညာခေတ်ဟု ခေါ်လာကြသည်။ မြန်မာနိုင်ငံတွင်ပင် မိဘများသည် သားသမီးများ၏ ပညာရေးအတွက် အချိန်၊ ငွေကြေးများစွာ အကုန်အကျခံ၍ အပြိုင်အဆိုင် ကြိုးပမ်းနေကြသည်။ အချို့ ကလေးများ ပညာသင်ယူမှု၏ ဖိစီးမှုကြောင့် သိုသိသာသာရော မသိမသာပါ စိတ်ရောဂါ ခံစားလာရသည်များ တွေ့လာရသဖြင့် နောင်တစ်ခေတ် အနာဂတ် ဖန်တီးရှင်ကလေးများအတွက် (၂၀၁၇)ခုနှစ်၊ ဇွန်လ ကေ.ပီ အီးဇင်းမှ ဇာတာတစ်စောင်ကို ထုတ်နုတ်ဝေဖန်ပြပေးလိုက်ပါသည်။

ဇာတာရှင် ကလေးငယ်သည် ပညာရေး ထူးချွန်သူလေး ဖြစ်သော်လည်း ဘုရားကျောင်း တစ်ခုမှ ပုဂ္ဂိုလ်တစ်ဦး၏ မဆင်မခြင် ဖိနှိပ်ပြောပြောမှုကြောင့် စိတ္တဇဝေဒနာ ခံစားသွားရပေသည်။ (၃၁-၈-၁၉၉၈) နံနက် (၁၀း၂၄း၃၅)နာရီတွင် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တွင် မွေးဖွားခဲ့သူ သမီးငယ်လေး၏ ဇာတာမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်။

**<u>ဥပဒေသများ</u>**

စိတ်ရောဂါအတွက် မပါမဖြစ် စဉ်းစားရမည့်ဂြိုဟ်မှာ ၂လင်္ဂါဂြိုဟ် ဖြစ်သည်။ တနင်္လာဂြိုဟ်သည် ဆင်ခြင်ဉာဏ်နှင့် ဗဟိုအာရုံကြောအဖွဲ့ (ခေါ်) အခြားသော အဆင့်မြင့် အာရုံများကို စိုးမိုးထားသည်။

ဇာတာတစ်စောင်တွင် တနင်္လာဂြိုဟ် အားနည်းပြီး အခြေမခိုင် ဆန့်ကျင်ဘက် ပြနေပါက ဇာတာရှင်သည် အတွေတွေစိတ်ညှိုးငယ်ခြင်း၊ စိတ်မတည်မငြိမ်ဖြစ်ခြင်း သို့မဟုတ် စိတ်လှုပ်ရှားလွယ်ခြင်း၊ စိတ်ဓာတ်ကျခြင်းတို့ ဖြစ်စေတတ်ပါသည်။ (ရွှေပြေး ဆေးနက္ခတ္တဗေဒပညာ စာမျက်နှာ-၉၃)

တနင်္လာအပြင် နောက်စဉ်းစားသုံးသပ်ရမည့် ဂြိုဟ်မှာ ဗုဒ္ဓဟူးဂြိုဟ် ဖြစ်သည်။ ဗုဒ္ဓဟူးဂြိုဟ်သည် ပင်ကိုအသိဉာဏ်ကို ဖော်ပြသည်။ ဗုဒ္ဓဟူး အရပ်အတည်၊ အမြင်အယုဉ် မကောင်းပါကလည်း စိတ်ရောဂါ တစ်မျိုးမျိုး ခံစားရစေတတ်သည်။

ခရစ်ရှနားမူတီးပဒ္ဓတိ နည်းစနစ်အရ (၆)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ရောဂါကို ညွှန်ပြပေးသည်။ (၈)တန့်ဘာဝက အန္တရာယ်ကို ဖော်ပြပြီး (၁၂)တန့်ဘာဝက ဆေးရုံသို့ တက်ရောက်ရခြင်းကို ဖော်ပြသည်။


ရောဂါဝေဒနာ၏ အခြေအနေပေါ် မူတည်၍ ထူလဒသာ၊ ဘုတ္တိဒသာ၊ အန္တရဒသာ သခင်ဂြိုဟ်များက ရောဂါဖြစ်ပေါ် ခံစားရချိန်ကို ဖော်ပြပေးသည်။ ဂြိုဟ်များသည် (၆)တန့်၊ လဂ်နှင့် ဆက်သွယ်အကျိုးဆောင်နေကြပါက ယင်းတို့၏ ဒသာကာလများတွင် စိတ်ရောဂါကို ခံစားရစေတတ်သည်။

(၆)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် (၁၂)တန့်ဘာဝတွင် ရပ်တည်ပြီး (၆)တန့်ဘာဝအတွက် အားကြီးစွာ အကျိုးဆောင်ပါက ကုသမရနိုင်သော ရောဂါမျိုးထိ ခံစားရစေတတ်သည်။

(၆)တန့် သန္တိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် (၇) တန့်ဘာဝတွင် ရပ်တည်ပြီး (၃၊ ၅၊ ၉)တန့် ဘာဝများနှင့်

www.burmeseclassic.com

www.burmeseclassic.com




ဆက်သွယ်နေပါက ပုံမှန်စိတ်အနေအထားမှ သွေဖည်ကာ စိတ်ဝေဒနာ ခံစားရစေတတ်သည်။

(၃)တန့်သည် စိတ်နှင့် ပတ်သက်သော ဘာဝဖြစ်၍ (၁၊ ၅၊ ၉)တန့်ဘာဝများက တွေးတောဆင်ခြင်မှုနှင့် ပတ်သက်သည့် (၉)တန့်သည် အဆင့်မြင့်စိတ်ကို ဖော်ပြ၍ (၃)တန့်သည် အဆင့်နိမ့်စိတ်ကို ဖော်ပြသည်။

မိဿရာသီသည် ဦးခေါင်းပိုင်းကို စိုးမိုးဖော်ပြ၍ ဓာတ်တစ်စောင်တွင် မိဿရာသီ အားနည်းပါက ဦးခေါင်းရောဂါ ခံစားရတတ်သည်။ တနင်္ဂနွေဂြိုဟ် အရပ်အတည်၊ အယှဉ်အမြင် မကောင်းပါက ဦးနှောက်နှင့် စိတ်ရောဂါကို ခံစားရစေတတ်သည်။

(၆)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် တနင်္လာ

www.burmeseclassic.com

(သို့မဟုတ်) ဗုဒ္ဓဟူး (သို့မဟုတ်) တနင်္ဂနွေဖြစ်ကာ မိသာရာသီတွင် ရပ်တည်၍ အသုံ့ကြုံနေပါက စိတ်ဓာတ်ကျရောဂါကို ခံစားရစေတတ်သည်။

(၆)တန့် သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ကန်ရာသီတွင် ရပ်တည်ပြီး အသုံ့ကြုံနေပါက အာရုံကြောအဖွဲ့၊ မှတ်ဉာဏ်၊ စိတ်လှုပ်ရှားလွယ်ခြင်း စသော စိတ်နှင့်ပတ်သက်သော ရောဂါများ ခံစားရစေတတ်သည်။

ကေ·ပီစနစ်အရ အကျဉ်းချုပ် ဆိုရပါသော် မိသာရာသီ၊ ကန်ရာသီ၊ လဂ်၊ ဒနွေဂြိုဟ်၊ ၂လာဂြိုဟ်၊ ၄ဟူးဂြိုဟ်၊ (၃)တန့်၊ (၅)တန့်၊ (၆)တန့် ဘာဝများဖြင့် စိတ်ရောဂါကို သုံးသပ်ဖော်ထုတ်ပေးရပါသည်။

ယခုဇာတာအား လက်တွေ့ ရှင်းပြပါမည်။

ဇာတာတွင် လဂ်၏ ဘုတ္တိနက္ခတ်သခင် စနေဂြိုဟ် မိသာရာသီ (၆)တန့်ဘာဝတွင် ရပ်တည်နေသည်။ မိသာရာသီရှိ (၅)တန့်သခင် စနေဂြိုဟ်အား ဒနွေပိုင် သိဟ်ရာသီတွင် ဒနွေဂြိုဟ်နှင့်ပူး၍ ရပ်တည်နေသော ရာဟုဂြိုဟ်က (၉)တန့်အထူးမြင် ကြုံနေသည်။ ဤအချက်က အထက်ဖော်ပြပါ စိတ်ရောဂါ ဥပဒေသများနှင့် ကိုက်ညီနေသည်။ လဂ်သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် မိသာရာသီတွင်ရှိ၍ (၅)တန့်သခင်လည်း ဖြစ်ကာ (၆)တန့်တွင် ရပ်ပြီး ရာဟု၏ မကောင်းသော လွှမ်းမိုးမှု ခံထားရ၍ မိသာရာသီ၊ လဂ်တို့သည် (၅၊ ၆)တန့်ဘာဝများနှင့် ပတ်သက်ကာ အားနည်းနေပါသည်။

(၆)တန့် သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ၂လာ (စိတ်ရောဂါ)ဂြိုဟ်ဖြစ်ပြီး သဘာဝ ရာသီစက်၏ (၈)တန့်



(ဗြိစ္ဆာရာသီ) (၂)တန့်ဘာဝတွင် ရပ်တည်နေသည်။ ၂လာဂြိုဟ်သည် ၄ဟူးဂြိုဟ် (အသိဉာဏ်၊ ဆင်ခြင်တုံတရား) ပိုင် နက္ခတ်ကို စီးထားသည်။ ၄ဟူးသည် (၉၊ ၁၂)သခင်ဖြစ်ကာ (၁၀)တန့်ဘာဝ၊ ကရကဋ်ရာသီ (၂လာပိုင်)တွင် (၂၊ ၇)သခင် အင်္ဂါဂြိုဟ်၊ (၁၊ ၈)သခင် ဖြကြာဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေသည်။

ဤအချက်ကလည်း (၆)တန့်ဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ၂လာ၊ ၄ဟူးဂြိုဟ်တို့နှင့် ပတ်သက်ကာ (၉) တန့် (အဆင်မြင့်စိတ်)၊ (၁၂)တန့် (ဆေးရုံ)၊ (၇)တန့်တို့နှင့် ပတ်သက်ဆက်နွှယ်စေသည်။ (၃၊ ၆)သခင် ၅တေးဂြိုဟ်ကလည်း (၅)တန့် (မိန်ရာသီ)မှနေ၍ ၂လာအား (၉)တန့်အထူးမြင် ကြုံနေသည်။ ဤအချက်က (၆)တန့်ဘုတ္တိနက္ခတ်သခင်ဂြိုဟ်အား (၃၊ ၅၊ ၉၊ ၆၊ ၇)တန့်ဘာဝများနှင့် ဆက်စပ်အကျိုးဆောင်စေပါသည်။

သို့ဖြစ်၍ ဇာတာရှင်သည် စိတ်ရောဂါကို ခံစားရစေပါသည်။

ဖြစ်ရပ်မှာ နေ့ရက်အတိအကျ မသိရသော်လည်း (၂၀၁၄)ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် ဖြကြာ ထူလ ဖြကြာ ဘုတ္တိ၊ ၅တေး အန္တရဒသာအတွင်း၌ ဘုရားကျောင်းတစ်ခုသို့ အဒေါ်၊ ဖခင်တို့နှင့် သွား၍ ပညာရေးအတွက် ဆုတောင်းပြီး ဗေဒင်မေးစဉ် ထိုကျောင်းရှိ ဝတ်စုံအနီရောင်ဝတ် ဗေဒင်ဆရာမှ ပြင်းထန်ဆိုးဝါးသော အသုံးအနှုန်းများဖြင့် ဇာတာရှင် ကလေးငယ်အား ပညာရေး အပြီးမသတ်မည့် စိတ်ထားမကောင်းသည့် အရူးမဟု ဖိစီးနှိပ်စက် ပြောဆိုခဲ့ရာ ကလေးမလေးသည် ဘုရားကျောင်းမှ အော်ဟစ်ပြေးထွက်ခဲ့သည်။ အိမ်သို့ ပြန်ရောက်ပြီးနောက် အဒေါ်၊ ဖခင်တို့ကို မုန်းတီးလာကာ အိမ်အတွင်း အမွေးတိုင်များဖြင့် မကောင်းဆိုးဝါး နှင်သကဲ့သို့ လိုက်လံပြုလုပ်နေလေ့ရှိခဲ့သည်။ ဖခင်ထိုင်ပြီးသော ခုံတွင်ပင် မထိုင်နိုင်လောက်အောင်ဖြစ်ကာ တစ်ခုခုကို အမြဲကြောက်လန့်နေသကဲ့သို့ပုံမျိုး ပေါက်နေခဲ့သည်ဟု ဆိုပါသည်။ အနီရောင်အဝတ် လုံးဝမဝတ်တော့ဟု သိရသည်။

ဇာတာတွင် ဖြကြာဂြိုဟ်သည် (၁၊ ၈)သခင်ဂြိုဟ်ဖြစ်ပြီး ကရကဋ်ရာသီ (၂လာပိုင်) (၁၀)တန့်ဘာဝတွင် (၉၊ ၁၂)တန့်သခင် ၄ဟူးဂြိုဟ်၊ (၂၊ ၇)သခင် အင်္ဂါဂြိုဟ်

www.burmeseclassic.com

www.burmeseclassic.com





တို့နှင့် ပူးယှဉ်ရပ်တည်နေခဲ့သည်။ ယင်း ဖြောဂြိုဟ်သည် (၉၊ ၁၂)သခင်အဖြစ် မိမိနှင့် ပူးယှဉ်ရပ်တည်နေသော ငှဟူးဂြိုဟ်ပိုင် နက္ခတ်ကိုပင် စီးထားသည်။ ဖြောဂြိုဟ်အား (၅)တန့် (မိန်ရာသီ)ရပ် (၃၊ ၆)တန့်သခင် ၅တေးဂြိုဟ်က (၅)တန့်အထူးမြင်ထားသည်။

ဤအချက်များက ၅တေးဂြိုဟ် (၃၊ ၉၊ ၁၂)တန့်များက ခရီးတစ်ခုထွက်၍ ဘာသာရေးနေရာ တစ်ခုသို့ သွားရောက်ရခြင်းတွင် ယင်းဖြစ်ရပ် ကြုံခဲ့ရခြင်းနှင့် ပတ်သက်ဖော်ပြနေသည်။ ဖြော ထူလ၊ ဖြော ဘုတ္တိဒသာ၏ ဖော်ပြချက်ဖြစ်သည်။ ထူလနှင့် ဘုတ္တိဒသာ သခင်ဂြိုဟ် ဖြောသည် စိတ်ရောဂါဖြစ်စေသော ဥပဒေသများနှင့်လည်း ကိုက်ညီစွာ ဖော်ပြနေသည်။

အန္တရဒသာသခင်ဂြိုဟ် ၅တေးသည် (၃၊ ၆)တန့်သခင်အဖြစ် (၅)တန့်ဘာဝတွင် ရပ်တည်နေသည့် မိမိပိုင် နက္ခတ်ကိုပင် စီးထားသည်။ ဤအချက်ကလည်း စိတ်ရောဂါဖြစ်စေသော ဥပဒေသများနှင့် ကိုက်ညီနေပါသည်။

အထက်တွင် (၆)တန့်ဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် (၁၂)တန့်ဘာဝတွင် ရပ်တည်ပြီး (၆)တန့်ဘာဝအတွက် အားကြီးစွာ အကျိုးဆောင်ပါက ကုမရသော ရောဂါမျိုးဆီ ကြုံတွေ့ရစေတတ်ကြောင်း ဆိုခဲ့ပါသည်။

ယခု ဇာတာတွင် (၆)တန့် သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ၂လ်ာဖြစ်ပြီး (၂)တန့်တွင် ရပ်တည်ကာ (၁၀)တန့်ရပ် (၉၊ ၁၂)တန့်ဘာဝသခင် ငှဟူးပိုင် နက္ခတ်ကို စီးထားသည်။ (၆)တန့်သခင် ၅တေးက ယင်း ၂လ်ာဂြိုဟ်အား မိန်ရာသီ၊ (၅)တန့်ဘာဝမှ (၉)တန့်အထူးမြင်ကြီးနေသည်။ ၂လ်ာဂြိုဟ်သည် (၁၂)တန့်သခင်ဂြိုဟ်ပိုင် နက္ခတ်ကို စီးထားသော်လည်း (၆)တန့်ဘာဝ၏ အားကြီးသော အကျိုးဆောင်ဂြိုဟ် မဟုတ်သဖြင့် ကုသ၍ ရနိုင်မည်ဟု ယူဆပါသည်။

ကလေးငယ်၏ မိဘများက စိတ်ရောဂါကုဆရာဝန်ဖြင့် ပြသကာ ကုသမှု ခံယူနေပါသည်။ ဖြော ထူလဒသာ အစသာဖြစ်သေး၍ ရောဂါရေရှည်တတ်ပေသည်။

ဤစိတ်ရောဂါ ခံစားရသူ ကလေးငယ်၏ ဇာတာအား တင်ပြပေးရခြင်းမှာ ပတ်ဝန်းကျင်တွင် ပညာသင်ကြားမှု ဖိစီးခံရ၍ စိတ်ဓာတ်ကျခြင်း၊ စိတ်ရောဂါကုဆရာဝန်နှင့် ပြသကုသမှု ခံယူရခြင်း စိတ်ဖိစီးမှုဝေဒနာ (mental depression) ခံစားရသူ ပညာသင်အရွယ် ကလေးငယ်များ တွေ့မြင်လာရခြင်း၊ စာမေးပွဲကျ၍ မိမိကိုယ်ကို သတ်သေလာခြင်းများ တွေ့လာရခြင်းကြောင့် မိဘများအနေနှင့် မိမိတို့ သားသမီးများ၏ ဉာဏ်ရည်ဉာဏ်သွေး၊ မှတ်ဉာဏ် စသည်ကို ဂရုမပြုဘဲ ပညာသင်ရန် နည်းမျိုးစုံ၊ ဖိအားမျိုးစုံ ပေးခြင်းမျိုး သတိပြုရှောင်ကြဉ်ကြစေသောစိတ် ဖြစ်လာစေရန် အသိပေးလို၍ ဖြစ်သည်။

ကလေးများတွင် ပုံမှန်မဟုတ်သော စာသင်ခန်းကြောက်ခြင်း၊ ခံတန်တန်ပြလာခြင်း၊ ပုံမှန်မဟုတ်သော အပြုအမူမျိုး ဖော်ပြလာခြင်းမျိုး ကြုံတွေ့ရပါက သတိမူ၍ ဆက်လက်ဖိအားပေးခြင်းမျိုး မပြုဘဲ နားလည်သူများနှင့် တိုင်ပင်ဆောင်ရွက်ကြစေလိုပါသည်။ စိတ်ရောဂါခံစားရပြီးမှ ဆိုပါက နောင်တမှာတစ်ပါး အခြားမရှိနိုင်တော့ပါ။ ကလေး၏ နောင်ရေးလည်း အဖတ်ဆယ်နိုင်တော့မည် မဟုတ်ကြောင်း သတိပြုကြစေလိုပါသည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**

www.burmeseclassic.com

www.burmeseclassic.com

ဟိန်း(ဘူမိ)

# ပြောင်းဖူးနှင့် စပျစ်သီးခြောက်တို့၏ ကျန်းမာရေးကျေးဇူးများ

ပြောင်းဖူး၊ စပျစ်သီးခြောက်တို့သည် သာမန်အားဖြင့် မြန်မာများအတွက် အဆာပြေ စားစရာမျိုးသာ ဖြစ်နေပေသည်။ စပျစ်သီးခြောက်ကား မုန့်များတွင် ထည့်သွင်းအသုံးပြု စားသောက်တတ်ပေသည်။ ယင်းတို့တွင် ကျန်းမာရေးအတွက် ကျေးဇူးများသော အချက်များရှိရာ ဖော်ပြပေးလိုက်ပါသည်။

## ပြောင်းဖူး (CORN)

ကောလက်စထရောကို တိုက်ဖျက်ပေးသည်။

**ယင်း၏ ကုသပေးနိုင်သော စွမ်းအားများ**

ကော်လက်စထရောကို ကျဆင်းစေသည်။

စွမ်းအင်ကို တိုးတက်စေသည်။

တောင်ဒါကိုတာ၊ မစ်ချဲလ်ဒေသတွင် ပြောင်းခင်းကြီးများ ရှိပေသည်။ ပြောင်းစိုက်ရာဒေသကြီးဖြစ်သော ယင်းဒေသနှင့် ပြောင်းဖူးနန်းတော်ဆောင်ကို (၁၈၉၂) ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး နံရံဆေးရေးပန်းချီများ၊ ဆော်ဩစင်များ၊ မျှော်စင်များဖြင့် အလှဆင်ထားပါသည်။ ယင်းပြောင်းဖူးနန်းတော်ဆောင်ကို ပြောင်းဆံ(၃၀၀၀) ဘူရှယ် (ရှစ်ဂါလန်ဝင် တင်းတောင်း)ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ပြောင်းဖူးကို အရေးမပါလှဟု ယူဆမိမည်ဖြစ်သော်လည်း ညစာစားပွဲတွင် အမြဲနေရာယူတတ်ပေသည်။ ပြောင်းဖူးသည် အမျှင်ဓာတ်ကြွယ်ဝသောကြောင့် ကော်လက်စထရော ကျဆင်းစေရန် အထောက်အကူပြုပေးပါသည်။ ကာဘိုဟိုက်ဒရိတ် ကြွယ်ဝ၍လည်း အဆီမပါဘဲ စွမ်းအင်ကို လျှင်မြန်စွာ ရရှိစေပါသည်။



ကော်နဲလ်တက္ကသိုလ်(Cornell University) အာဟာရသိပ္ပံဌာန ပါမောက္ခနှင့် နယူးယောက်၊ ဂျီနီဗာ အာဟာရသိပ္ပံ ကော်နဲလ်အင်စတီကျူးမှ ဒါရိုက်တာဖြစ်သူ မာ့ခ်မက်လီလန်(Mark Mclellan) က 'ပြောင်းဖူးသည် အံ့ဖွယ်အခြေခံစားစရာ ရင်းမြစ်ဖြစ်သည်'ဟု ဆိုခဲ့ပါသည်။ 'အခြားစားစရာများတွင် ပြောင်းဖူးကို ဖြည့်စွက်စားသုံးခြင်းဖြင့် ပရိုတိန်း၊ ကာဘိုဟိုက်ဒရိတ်နှင့် ဗီတာမင်များကို ကောင်းစွာ ရရှိစေနိုင်ပါသည်။'

**ကော်လက်စထရော တိုက်ဖျက်ပေးသော အဆံ**

ပြောင်းဆံတွင် ပျော်ဝင်အမျှင်ဓာတ် အားကောင်းစွာ ပါဝင်ပါသည်။ ပြောင်းဆံကို စားသုံးသောအခါတွင် ယင်းအမျှင်ဓာတ်များက အစာခြေရည်များနှင့် ပေါင်းငြိသွားပါသည်။ ပျော်ဝင်အမျှင်ဓာတ်ကို ခန္ဓာကိုယ်မှ အလွယ်တကူ စုပ်မယူနိုင်ဘဲ ကျင်ကြီးအဖြစ် စွန့်ထုတ်ရာတွင် အစာခြေရည်တွင်းမှ ကော်လက်စထရောများပါ တွယ်ငြိပါဝင်၍ ခန္ဓာကိုယ် ပြင်ပသို့ ထွက်သွားပါသည်။

အုတ်ဂျုံပါးနှင့် ဂျုံဖွဲတို့သည် ကော်လက်စထရောကို ကျစေသကဲ့သို့ ပြောင်းဆံသည်လည်း ကော်လက်စထရောကို ကျစေပါသည်။ အီလီနွိုက်တက္ကသိုလ်မှ ပုံမှန်သုတေသနပြုမှု တစ်ရပ်တွင် ကော်လက်စထရော မြင့်မားနေသော အမျိုးသား(၂၉)ဦးတို့ကို အဆီနည်း စားစရာများ ပေးကျွေးခဲ့သည်။ နှစ်ပတ်အကြာတွင် အချို့သူများကို ပြောင်းဖူးမှုန့်(၂၀)ဂရမ် (လက်ဖက်စားဇွန်းတစ်ဝက်)နှင့် အချို့ကို ဂျုံဖွဲမှုန့်(၂၀)ဂရမ် ပေးခဲ့သည်။ (၆)ပတ်တာ ကာလအတွင်း လေ့လာချက်အရ ပြောင်းဆံမှုန့် ပေးကျွေးထားသူများတွင် ကော်လက်စထရော (၅)ရာခိုင်နှုန်း အထိ လျော့ကျသွားခဲ့ပြီး ထရိုင်ဂလိုင်စီရိုက် (trig-

www.burmeseclassic.com

www.burmeseclassic.com

lycerides) (၁၃)ရာခိုင်နှုန်း လျော့ကျသွားခဲ့ကြောင်း တွေ့ရပါသည်။ ဤအတွက် နှလုံးရောဂါဘေးမှ လျော့ကျသွားစေပါသည်။ ဂျုံဖွဲမှုန့် ပေးကျွေးထားသူများတွင် ပုံမှန် အဆီနည်း စားစရာကြောင့် လျော့ကျခြင်းမှတစ်ပါး အခြားထူးခြားသော အပြောင်းအလဲ မတွေ့ရှိခဲ့ရပါချေ။

**အာဟာရဓာတ်များစွာ**

ပြောင်းဖူး၏ ထူးခြားသော ကောင်းကျိုးတစ်ရပ်မှာ ကယ်လိုရီပမာဏနည်းနည်း (၈၃ ခန့်)ဖြင့် စွမ်းအင်များစွာ ရရှိစေခြင်း ဖြစ်ပါသည်။

ပြောင်းဆံတွင် သီယာမင်၊ ဗီတာမင်(ဘီ)ကဲ့သို့ အစားအစာများကို စွမ်းအင်အဖြစ် ပြောင်းလဲစေသော လိုအပ်သည့်ဓာတ် များစွာပါဝင်ပါသည်။ ပြောင်းဖူးတစ်ဖူးတွင် သီယာမင် (ဝ.၂)မီလီဂရမ် ပါဝင်ပေရာ နေ့စဉ်လိုအပ်ချက်၏ (၁၃)ရာခိုင်နှုန်း ဖြစ်ပါသည်။ ယင်းပမာဏက ဝက်ပေါင်ခြောက် (၃)လွှာ (သို့မဟုတ်) အမဲသားကင် (၃)အောင်စတွင် ပါဝင်သော ပမာဏထက်ပင် သာလွန်နေကြောင်း တွေ့ရပါသည်။

"လတ်ဆတ်ချိုမြသော ပြောင်းဆံတွင် အခြေခံအားဖြင့် ရိုးရိုးနှင့် ရှုပ်ထွေးကာဘိုဟိုက်ဒရိတ် (simple and complex carbohydrate) ပါရှိပေသည်။ ယင်းကာဘိုဟိုက်ဒရိတ်များက အံ့ဖွယ်စွမ်းအင်ရင်းမြစ် ဖြစ်ပေသည်" ဟု မေရီလင်းတက္ကသိုလ် အာဟာရဗေဒ ပါမောက္ခ ဒေါ်နယ်လ်ဗီးရှလင်းမ် (Dornald V.Schlimme, Ph.D) က ပြောပြခဲ့ပါသည်။

"ကျွန်ုပ်တို့၏ စွမ်းအင်လိုအပ်ချက် ပြည့်ဝစွာ ရရှိနိုင်ရန် အဆီပမာဏ များစွာလိုအပ်ပါသည်။ ပြောင်းဖူးတွင် ပေါင်းစုမပြည့်ဝဆီနှင့် တစ်ခုတည်းသော မပြည့်ဝဆီတို့ ပါဝင်ပေရာ အသားများနှင့် နို့ထွက်ပစ္စည်းများတွင် ပါဝင်သော ပြည့်ဝဆီများထက် ကျန်းမာရေးအတွက် ပို၍ အထောက်အကူပြုပေးပါသည်။

**သတိပြုစရာများ**

**အရောင်အဆင်း သတိပြု၍ ဝယ်ယူပါ။**

ပြောင်းဖူးအားလုံး ထပ်တူဖန်တီးထားခြင်းမျိုး မဟုတ်ပါချေ။ အဝါရောင်ပြောင်းဖူးသည် အဖြူရောင်ပြောင်းဖူးထက် အမျှင်ဓာတ် နှစ်ဆပါဝင်သည်။ အဝါရောင်ပြောင်းဖူးတွင် အမျှင်ဓာတ် (၄)ဂရမ် ပါဝင်ပါသည်။

**ပြောင်းဖူးရင့်မှည့်ကြောင်း သေချာပါစေ။**

စူပါမားကက်များတွင် ပြောင်းဖူးဝယ်ယူသောအခါတွင် ပြောင်းဖူးတွင် ပြောင်းဆံများ ပြည့်နေပါစေ။ ယင်းက ပြောင်းဖူး ကောင်းစွာရင့်မှည့်ခြင်း လက္ခဏာဖြစ်သည်။ ယင်းသို့ ရင့်မှည့်နေမှ အာဟာရဓာတ်များ အပြည့်ဆုံး ရရှိပါမည်။

ပြောင်းဖူးကို ရိတ်သိမ်းရာတွင် ပြောင်းဆံတစ်စေ့ကို လက်ချောင်း နှစ်ချောင်းကြားတွင် ထား၍ ဖိညှစ်ကြည့်ပါက နို့နှစ်ရောင်အရည် ထွက်လာရပါမည်။ ဤသို့ မထွက်လာပါက မရင့်မှည့်သေးသော (ဝါ) ရိတ်သိမ်းချိန် လွန်ပြီးမှ ရိတ်သိမ်းခဲ့သော ပြောင်းဖူးဖြစ်ပေမည်။ ယင်းတို့ကို ချန်ထားခဲ့ရပေမည်။

**ပေါင်းထားခြင်း**

ရိုးရာစဉ်လာအားဖြင့် ပြောင်းဖူးကို ပေါင်းလေ့ရှိတတ်သည်၊ (ဝါ) ပြုတ်ထားတတ်သည်။ သို့သော် အမိုးဖုံးမှာ ပေါင်းထားသော ပြောင်းဆံတွင် အာဟာရဓာတ်များ နည်းပါးနေတတ်သည်။ ပြောင်းဖူးကို ပေါင်းခြင်းဖြင့် အာဟာရဓာတ်အချို့ ဆုံးရှုံးသွားရတတ်သည်။ ပြောင်းဖူးကို အချို့က ပြုတ်၍ စားတတ်ကြသည်။ ယင်းက ပြုတ်ရည်ထဲတွင် ပြောင်းဖူးမှ အာဟာရဓာတ်အချို့ ပါဝင်သွားတတ်သည်။

**ပြောင်းတစ်နှံလုံး ဖြစ်ပါစေ။**

ပြောင်းဆံအများစုမှာ အေးခဲထားသော (ဝါ) သံဘူးသွင်းထားသော ပြောင်းဆံများ ဖြစ်တတ်ပေသည်။ ပြောင်းဖူး တစ်ဖူးလုံးကို ဝယ်ယူ၍ မိမိဘာသာ ဓားဖြင့် လှီးချွယူခြင်းက လတ်ဆတ်၍ ချိုမြသော ပြောင်းဆံများကို ရနိုင်ပေသည်။

**လေထုတ်ထားသော သံဘူးသွင်း ပြောင်းဆံကို ဝယ်ယူပါ။**

သံဘူးတွင် ပြောင်းဆံသည် ဆားရည်ဖြင့် ဘူးသွင်းထားရာ အာဟာရဓာတ်များ ယင်းဆားရည်တွင်း၌ ဘူးသွင်းမှု နည်းစဉ်အရ ပါဝင်နေပါမည်။

**ပြောင်းဖူး၊ ပျားရည် လက်သုပ်**

* အေးခဲပြောင်းဆံ တစ်အိတ် (၁၆-အောင်စ)၊
* ငရုတ်ပွသီး အလုံးသေး (၁)လုံး၊


www.burmeseclassic.com

www.burmeseclassic.com

* နုတ်နုတ်စဉ်းထားသော ကြက်သွန်မြိတ် စားပွဲတင်ဇွန်း (၁)ဇွန်း၊
* စီဒါဗိန်နီဂါ (ရှာလကာရည်) စားပွဲတင်ဇွန်း (၁)ဇွန်း၊
* ပျားရည် စားပွဲတင်ဇွန်း (၁)ဇွန်း၊
* မုန်ညင်းစေ့ လက်ဖက်စားဇွန်း တစ်ဝက်၊
* ဆား လက်ဖက်စားဇွန်း (၁/၈)။

ပြောင်းဆံများကို ဆန်ကာတွင် ထည့်၍ ရေစွန်းဖြင့် ဆေးကြောပေးထားပါ။ ခွက်ကြီးအတွင်း ထည့်ကာ ပန်းငရုတ် (ငရုတ်ပွသီး)နှင့် ကြက်သွန်မြိတ်များ ထည့်၍ ရောမွှေပေးထားပါ။

လက်ကိုင်ပါဒယ်အိုး တစ်လုံးတွင်း၌ ရှာလကာရည်၊ ပျားရည်၊ မုန်ညင်းစေ့၊ ဆားများ ရောထည့်ပေးပါ။ မီးအလတ်စားဖြင့် (၂)မိနစ်ခန့် ချက်ပေးပါ။ ပြောင်းဖူးစေ့များပေါ် လွှမ်းသွားအောင် လောင်းချပေးပါ။ ချက်ချင်း (သို့မဟုတ်) အအေးခံ၍ စားသုံးနိုင်ပါသည်။ (၄ ယောက်စာ ဖြစ်သည်။)

အထက်ပါ ပြောင်းဖူးဆံသုပ်တွင် ကယ်လိုရီ(၁၁၂)၊ အဆီ(၀.၂)ဂရမ်၊ ပြည့်ဝဆီ(၀)ဂရမ်၊ ကော်လက်စထရော (၀)မီလီဂရမ်၊ ဆိုဒီယမ်(၇၄)ဂရမ်၊ အာဟာရအမျှင်ဓာတ် (၃)ဂရမ် ပါဝင်ပါသည်။

**စပျစ်သီးခြောက် (CURRANTS)**

[ကြီးမားသော ဗီတာမင်(စီ)၊ ရင်းမြစ်]

**ကုသပေးနိုင်သောစွမ်းအား**

ကင်ဆာကို ကာကွယ်ပေးသည်။

ကော်လက်စထရော ကျစေသည်။

နှလုံးရောဂါဘေးကို လျော့ကျစေသည်။

ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသည်။

ဗြိတိသျှတို့က ယိုနှင့် ဂျယ်လီ ပြုလုပ်စားသုံးရသည်ကို နှစ်ခြိုက်သည်။ ပြင်သစ်တို့က ဝိုင်ပြုလုပ် သောက်သုံးရန် နှစ်ခြိုက်သည်။ အမေရိကန်တို့က လတ်လတ်ဆတ်ဆတ် စားသုံးရန် နှစ်ခြိုက်ခဲ့ကြပြီး လက်ရှိကာလတွင် ဂျယ်လီနှင့် ဆော့စ် ပြုလုပ်စားသုံးရန် နှစ်ခြိုက်ခဲ့ကြသည်။

ယနေ့ကာလတွင် စပျစ်သီးကို ဈေးကွက်၊ ရှုပါမားကက်များတွင် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပေသည်။ စပျစ်သီးသည် ဗီတာမင်(စီ) များပြားစွာ ပါဝင်သော အံ့ဖွယ်စားစရာဖြစ်သည်။

**ကျန်းမာရေးအတွက် ကြီးမားစွာ အထောက်အကူပြုခြင်း**

စပျစ်သီး ခွက်တစ်ဝက်စာ ပမာဏတွင် ဗီတာမင်(စီ) (၁၁၀)မီလီဂရမ်ထိ ပါဝင်ပေရာ နေ့စဉ် လိုအပ်ချက်၏ (၁၆၈)ရာခိုင်နှုန်းထိ ရှိပေသည်။ သို့အတွက် သုတေသီများ အလွန်စိတ်လှုပ်ရှားခဲ့ကြရသည်ထိ ဖြစ်ရပါသည်။ စပျစ်သီးတွင် အီလာဂစ်အက်စစ် (ellagic acid) ပါဝင်သည်။ ယင်းက ကင်ဆာရောဂါကို တိုက်ဖျက်ပေးနိုင်ပေသည်။

အီလာဂစ်အက်စစ်သည် ပေါ်လီဖီနောလ် (polyphenols) ခေါ် ဓာတ်ပေါင်းမိသားစုတွင် ပါဝင်သည်။ ယင်းပေါ်လီဖီနောလ်ဓာတ်ကို ရပ်စ်ဘယ်ရီ၊ စတော်ဘယ်ရီ (strawberries) စသည့် ဘယ်ရီသီးအုပ်စုဝင်များတွင် တွေ့ရှိရသည်။ ဓာတ်ခွဲခန်းတွင် လေ့လာချက်များအရ အီလာဂစ်အက်စစ်မှာ အားကောင်းသော အန်တီအောက်စီးဒန့်ဓာတ်ဖြစ်ကြောင်း သိရသည်။ ယင်းက ခန္ဓာကိုယ်တွင်းရှိ ဖရီးရယ်ဒီကယ်များကို ချေဖျက်ပေး၍ ကင်ဆာကဲ့သို့ ရောဂါများကို တိုက်ဖျက်ပေးနိုင်ပေသည်။ အိုဟိုင်းရိုးပြည်နယ် တက္ကသိုလ်၊ ကင်ဆာဌာန၊ ကင်ဆာကိုမိုကုထုံး ကာကွယ်ခြင်း အစီအစဉ်မှ ဂရေးဒီစတုန်နာ(Gray D. Stoner, Ph.D) က 'ဖရီးရယ်ဒီကယ်များသည် ယင်းတို့၏ ပျောက်ဆုံးနေသော အီလက်ထရွန်များကို ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များမှ ရယူ၍ ဆဲလ်ပြောင်းလဲကာ ကင်ဆာဖြစ်ရသည်' ဟု ပြောပြခဲ့သည်။

အီလာဂစ်အက်စစ်သည် ခန္ဓာကိုယ်တွင်းရှိ ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းများကို ဟန့်တားပေးသည်နှင့် တစ်ချိန်တည်းမှာပင် ကင်ဆာကျိတ် ကြီးထွားမှုကို ဟန့်တားပေးမည့် အင်ဇိုင်းများကို နှိုးဆွပေးကာ နှေးကြားစေနိုင်သည်ဟု ဆိုခဲ့ပါသည်။ ယင်းအတွက် အီလာဂစ်အက်စစ်သည် ကင်ဆာကို နည်းလမ်းနှစ်သွယ်ဖြင့် တားဆီးတိုက်ဖျက်ပေးနိုင်ကြောင်း သိရပါသည်။

ဆရာဝန်များက စပျစ်သီးများကို မည်မျှစားသုံးမှ ကောင်းကျိုးခံစားရမည်ကို သေချာစွာ မသိကြသေးချေ။ ဒေါက်တာစတုန်းကမူ စပျစ်သီးခြောက် အခြောက်



www.burmeseclassic.com

www.burmeseclassic.com

စပျစ်သီး (၄)ကြိမ်မှ (၆)ကြိမ်ခန့်ထိ စားပေးခြင်း၊ ဟင်းသီးဟင်းရွက်များ စားသုံးပေးခြင်းတို့ကို နေ့စဉ် ပြုပေးခြင်းဖြင့် ကင်ဆာဘေးမှ ထိရောက်စွာ တားဆီးပေးနိုင်သည်ဟု ဆိုခဲ့ပါသည်။

**အစာခြေချက်ရန် ကူညီပေးခြင်း**

ဘယ်ရီသီး အများစုကဲ့သို့ပင် စပျစ်သီးသည် အမျှင်ဓာတ် ကြွယ်ဝရကား အနက်၊ အနီ၊ အဖြူ စသည့် မျိုးကွဲများအားလုံးတွင် အမျှင်ဓာတ် (၂)ဂရမ်ထိ ထောက်ပံ့နိုင်ရကား တစ်နေ့တာအတွက် လိုအပ်ချက်၏ (၈)ရာခိုင်နှုန်းထိ ရှိပါသည်။ အမျှင်ဓာတ်များက အစာခြေချက်မှု ပြဿနာပေါ် အကူအညီပေးရကား ဝမ်းချုပ်ခြင်း၊ လိပ်ခေါင်းသွေးကျခြင်းကဲ့သို့ ပြဿနာများကို ကာကွယ်ပေးနိုင်ပေသည်။ ထို့ပြင် ကော်လက်စထရော မြင့်မားခြင်းနှင့် နှလုံးရောဂါကဲ့သို့သော ကြီးမားသည့် ကျန်းမာရေး ပြဿနာများအတွက်လည်း ကောင်းကျိုးပြုပေးနိုင်ပါသည်။

ဖင်လန်တွင် အမျိုးသား(၂၁၉၃၀)ဦးပေါ် လေ့လာဆန်းစစ်ချက်များအရ တစ်နေ့တာအတွက် အမျှင်ဓာတ် (၁၀)ဂရမ် ပို၍စားသုံးသူများတွင် နှလုံးရောဂါဖြင့် သေဆုံးရမည့်ဘေးမှ (၁၇)ရာခိုင်နှုန်းထိ လျော့ကျသွားကြောင်း တွေ့ရှိခဲ့ရပါသည်။ ဟင်းသီးဟင်းရွက်များနှင့်အတူ တစ်နေ့လျှင် စပျစ်သီး တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ်ထိ စားသုံးပေးရုံဖြင့် လိုအပ်သော အမျှင်ဓာတ်ကို လုံလောက်စွာ ရရှိစေနိုင်ပါသည်။

**သတိပြုရန်**

**လမ်းဘေးဆိုင်များ၊ စိုက်ခင်းများတွင် ဝယ်ယူပါ။**

စူပါမားကက်များတွင် လတ်ဆတ်သော စပျစ်သီးများ ရရှိရန် ခဲယဉ်း၍ လမ်းဘေးဆိုင်များ (သို့မဟုတ်) စပျစ်စိုက်ခင်းများမှ ဝယ်ယူခြင်း ပြုနိုင်က ပိုကောင်းပါသည်။ လမ်းဘေးဆိုင်ဆိုရာတွင် ခြံထွက်ပစ္စည်း ရောင်းချပေးသော ကိုယ်ပိုင်ဆိုင်မျိုးကို ဆိုလိုသည်။

**ဂရုပြု သိုမှီထားပေးပါ။**

ကံကောင်းထောက်မစွာဖြင့် လတ်ဆတ်သော စပျစ်သီးများ ရရှိခဲ့ပါက လေလုံသော ထည့်စရာဘူးတွင်ထည့်၍ ရေခဲသေတ္တာတွင် ထားရှိပေးပါက (၃)ရက်ခန့်ထိ လတ်ဆတ်နေတတ်ပါသည်။ သို့မဟုတ် တစ်နှစ်တာလုံး အသုံးပြုနိုင်ရန် အေးခဲခန်းတွင် ထားရှိသိုမှီထားပါလေ။

**စပျစ်သီး ချက်တနီ (Current Chutney)**

* လတ်ဆတ်သော စပျစ်သီး (၂)ခွက်၊
* ခြေမွပေးထားသော ခရမ်းချဉ်သီးအစိမ်း (၂)ခွက်၊
* ပန်းသီးကြိတ်ချေထားသောအနှစ် (၂)ခွက်၊
* ကြိတ်ချေထားသော ကြက်သွန်နီ (၁)ခွက်၊
* ပျားရည် ခွက်တစ်ဝက်၊
* ရှာလကာရည်(cider vinegar) ခွက်တစ်ဝက်၊
* ကြိတ်ချေထားသော ကြက်သွန်ဖြူ လက်ဖက်စားဇွန်း (၂)ဇွန်း၊
* မုန်ညင်းစေ့ လက်ဖက်စားဇွန်း (၂)ဇွန်း၊
* ငရုတ်သီးအနှစ် (ငရုတ်သီးတစ်တောင့် ကြိတ်ချေ)၊
* ကြိတ်ချေထားသော ချင်းအနှစ် လက်ဖက်စားဇွန်း (၁)ဇွန်း၊
* သံပရာသီး (၁)လုံး။

လက်ကိုင်ပါဒယ်အိုးကြီးတွင် စပျစ်သီးများ၊ ခရမ်းချဉ်သီး၊ ပန်းသီး၊ ကြက်သွန်နီ၊ ပျားရည်၊ ရှာလကာရည်၊ ရေ ခွက်တစ်ဝက်၊ ကြက်သွန်ဖြူ၊ မုန်ညင်းစေ့၊ ငရုတ်သီး၊ ချင်းတို့ ရော၍ ထည့်ထားပေးပါ။ မီးအလတ်နှင့် အမြင့်ကြား အပူပေး၍ ပြုတ်ပေးပါ။

သံပရာသီးကို အရှည်လိုက် လေးပိုင်းလှီးပေးပါ။ ထို့နောက် တစ်ပိုင်းစီကို ခပ်းပါးပါး ထပ်လှီးစိတ်ပေးပါ။ လက်ကိုင်ပါအိုးတွင် ထပ်ပေါင်းထည့်ပေးပါ။ အပူချိန်ကို မီးအလတ်စားမှ အနိမ့်စားနားထိ လျှော့ချပေးပါ။ မိနစ် (၂၀)လောက်အကြာတွင် အားလုံး ရောသွားလိမ့်မည်။ သို့မဟုတ် ပန်းသီးနှစ်နှင့် အရောအနှောများ ခပ်ပျစ်ပျစ် ဖြစ်သည်ထိ ချက်ပေးပါ။

အအေးခံပါ။ ရေခဲသေတ္တာအတွင်းတွင် အဖုံးပါသော ဘူးဖြင့် ထည့်၍ သိမ်းဆည်းထားပါ။ ရက်အတန်ကြာသည်အထိ အနံ့၊ အရသာကို ထိန်းထားနိုင်ပေမည်။ (လေးခွက်စာ ဖြစ်သည်။)

အထက်ပါ စပျစ်သီးချက်တနီ (၁/၄)ခွက်တွင် ကယ်လိုရီ(၆၃)၊ အဆီ (၀.၃)ဂရမ်၊ ပြည့်ဝဆီ (၀)ဂရမ်၊ ကော်လက်စထရော (၀)မီလီဂရမ်၊ ဆိုဒီယမ် (၄)မီလီဂရမ်၊ အာဟာရအမျှင်ဓာတ် (၁.၆)ဂရမ် ပါဝင်ပါသည်။

ဟိန်း(ဘူမိ)



www.burmeseclassic.com

www.burmeseclassic.com

'ကဲ..ကဲ..စားသောက်ပြီးကြရင်လည်း သွားကြရအောင်ဟေ့'

'ဟာ..ကိုသက်ခိုင်ကလည်း အစောကြီးရှိသေးတာပဲ။ စက်ပြင်အဖွဲ့က ဦးတင်ငွေတို့တောင် ဈေးဝယ်သွားတာ ပြန်မရောက်ကြသေးဘူး'

သူ့စကားကို ပစ္စည်းထိန်း ကျင်လှိုင်က တုံ့ပြန်လာသည်။




www.burmeseclassic.com

www.burmeseclassic.com

'သိပ်မှောင်သွားရင် ဇက်ပေါ်တက်ရတာ အန္တရာယ်ကြီးတယ် ကျင်လှိုင်။ ပြီးတော့ ဒီတစ်ခေါက် တင်လာတဲ့ ပစ္စည်းကလည်း ငါးတန်လောက်ရှိတာ'

သူကသာ တွေးတွေးဆဆ ပြောလိုက်သော်ငြား ကျင်လှိုင်က အပြုံးမပျက်။

'ဟား··ဟား··ဟား··အာစရိရယ်၊ အိမ်က မိန်းမမျှော်နေမယ်။ ကျွန်တော်တို့ လောဖို့များ ထားစမ်းပါဦး။ ဒီကားနဲ့ ဒီခရီး(၁၅)နှစ်လောက် မောင်းလာတဲ့သူကများ ပူပင်နေရတယ်လို့။ ဒါကြောင့် ခင်ဗျား လူပျိုကြီးဖြစ်နေတာ'



'လူပျိုကြီးပေမယ့် စောင်းတီးတဲ့ နေရာမှာတော့ သက်ခိုင်ကို ဘယ်သူမှ မမီပါဘူး ကျင်လှိုင်ရ'

*ကျင်လှိုင် စကားအဆုံးမှာ ဝင်းကြည်က ဝင်မောက်*

ယက်ဖက်ရည်ဆိုင်လေးထဲ ရယ်သံတွေ စီခနဲ

ဖြစ်သွားသည်။

ဝင်းကြည်ပြောလည်း ပြောစရာပါပေ။ သူ ရန်ကုန်မှာ အလုပ်ဝင်ကတည်းက ဆရာဖြစ်သူ စောင်းဝင်းမောင်ထံမှာ စောင်းပညာ သင်ယူခဲ့သည်။

တာဝန်အရ မလွန်ကို ပြောင်းလာခဲ့ရတော့ စောင်းပြားလေးက သူ့အဖော် ဖြစ်လာခဲ့သည်။ ယခုနယ် ယာဉ်မောင်းအဖြစ် ခရီးသွားရတော့လည်း ကားထဲ စောင်းပြားလေးက ပါနေကျ။ ဤသည်ကိုပင် ဝင်းကြည်က အစွန်းထွက်စကားအဖြစ် ကျီစယ်လာခြင်း ဖြစ်သည်။ စင်စစ်သူ့ဘဝမှာ စောင်းပြားလေးနှင့် စာအုပ်တွေသာ အဖော်ဖြစ်နေသည်ကို လုပ်ဖော်ကိုင်ဖက်များက သိထားပြီးသားပင်။ ထို့ကြောင့် ဝင်းကြည်စကားကို တုံ့ပြန်မနေတော့။

တကယ်တော့ ကျင်လှိုင်ပြောသကဲ့သို့ သူ့ကို ကြိုဆိုမည့် အိမ်ရှင်မက မရှိခဲ့။ အဆောင်နေသူမို့ အဆောင်သားများကသာ သူ ဝယ်လာသည့် စားစရာတွေကိုသာ လုစား၊ တောင်းစား လုပ်ကြရုံသာရှိမည်။ ထို့ကြောင့် ကျင်လှိုင်က ရွှတ်နောက်နောက် လုပ်နေခြင်း ဖြစ်သည်။

'ဟော··ဦးတင်ငွေတို့ ပြန်လာကြပြီ။ သွားကြမလား အစ်ကို'

စပယ်ယာဖြစ်သူ မောင်လှဝေ အသံကြောင့် သူ ကားခေါင်းထဲ ဝင်လိုက်သည်။ ကားပွန်းတစ်ချက်နှိပ်၍ လူစုံသည်နှင့် ကားစက်နှိုးပြီး မောင်းထွက်လိုက်သည်။

အချိန်ကား မွန်းလွဲနှစ်နာရီခန့် ရှိပေပြီ။ ရန်ကုန်ကအပြန် တောင်တွင်းကြီးမှာ ဝင်နားနေတာ တစ်နာရီကျော် ကြာသွားပြီ ဖြစ်၏။

တောင်တွင်းကြီး–မကွေးလမ်းမှာ အနည်းငယ်ကျယ်ပြီး လမ်းနံဘေးမှာ သဲပြင်ရှိနေ၍ လမ်းကောင်းသည်ဟု ဆိုနိုင်၏။ ကားပေါ်မှာ မာတ်ခဲစက်ရုံအတွက် ပစ္စည်းများက တနင့်တပိုးရှိနေသည့်အပြင် ခရီးကြုံ လိုက်ပါလာသူ ဝန်ထမ်းတချို့ကြောင့် ကားကို မှန်မှန်သာ မောင်းနေရ၏။

သစ်ရာကောက်ရွာ အလွန်မှာ တောင်တွင်းကြီး-*မကွေးလမ်းမှ ဘယ်ဘက်သို့ ခွဲထွက်သွားသော လမ်းတစ်*လမ်းရှိသည်။ ထိုလမ်းက တောင်ကုန်းတွေ၊ ချိုင့်ဝှမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com

ကိုဖြတ်ကာ မီချောင်းရဲမြို့ကလေးနှင့် ပဌနဂိုရ်ရွာကလေးသို့ရောက်သည်။ ပဌနဂိုရ်ရွာမှ စက်ရေယာဉ်နှင့် ဧရာဝတီမြစ်ကို ဖြတ်ကူးပြီးကာမှ မလွန်ရွာအနီးရှိ က·စ·လ စက်ရုံသို့ ရောက်ပေမည်။ စက်ရုံကြီးကား နာမည်ကျော် ဖွဲလယ်ထွန်စက်နှင့် နေရှင်နယ်ဓာတ်ခဲ ထုတ်ပေးသော စက်ရုံဖြစ်သည်။

ထိုခရီးကို နှစ်နာရီကျော်ခန့် အချိန်ယူ မောင်းနှင်ရလေသည်။ ယာခင်းတွေကို ဖြတ်တိုက်လာသော မြောက်လေက ကားထဲ တိုးဝင်နေသည်ဖြစ်၍ သူမှာ စိတ်အေးလက်အေး မောင်းနှင်နေနိုင်ခဲ့သည်။

တောင်တွင်းကြီးမှ ထွက်လာကတည်းက သူ သတိထားမိနေသည်မှာ ကားလမ်းဝဲဘက်မှ ရွာကလေးများပဲ ဖြစ်သည်။ ဟင်္ဂယော်၊ မထီဟူသော ရွာအမည်ဆန်းဆန်းတွေက သူ့ကို ဆွဲငင်အားပြင်းပြင်းနှင့် ညှို့ယူနေသောကြောင့်ပင်။

ထို့ထက်ပို၍ ဆန်းနေသည်က ထိုရွာကလေးတွေ၏ မြောက်ဘက်မှာ ဗိဿနိုးမြို့ဟောင်း ရှိနေခြင်းပဲဖြစ်သည်။ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာဟူသော အရပ်ဒေသတွေသည် မြန်မာဟူ၍ စတင်မွေးဖွားဖြစ်တည်ခဲ့ရာ အရပ်တွေ မဟုတ်ပါလော။ ပျူ၊ ကမ်းယံ၊ သက်ဟူသော ရှေးဦးမြန်မာကြီးတွေက သူတို့အတွက် စစ်ရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု အုတ်မြစ်တွေ ချပေးခဲ့သူတွေ။

သည့်နှယ်သော သမိုင်းဝင်ဖြစ်ရပ်များနည်းတူ ဆွတ်ပျံ့လွမ်းမောဖွယ် ဇာတ်လမ်းတွေ ဖြစ်ပေါ်ခဲ့သည်မှာလည်း ဗိဿနိုး၏ ရင်ခုန်သံများဟု ဆိုနိုင်ကောင်း၏။ ဒဏ္ဍာရီဆန်လှသော သမိုင်းတွေထဲမှာ ဗိဿနိုးသည် အလွမ်းတွေနှင့် ဝေနေဆဲ ဖြစ်လေသည်။

ထို့ကြောင့်လည်း ဤနေရာတွေကို ဖြတ်သွားရတိုင်း သူ့ရင်ထဲ လွမ်းရိပ်တွေ ထင်ဟပ်လာခြင်း ဖြစ်မည်။ အားလပ်ချိန်မှာ ကဗျာရေး၊ သီချင်းစပ်၊ စာဖတ်နေတတ်သော သူ့နှလုံးသားတို့သည် ပြာလဲ့မှာ စာချဲ့ဖြစ်သည်လား မပြောတတ်။

စင်စစ် သရေခေတ္တရာ၏ မားအောက်သို့ ကျရောက်သွားခဲ့ရသော ဗိဿနိုး၏ ကံကြမ္မာသည် ကြေကွဲဖွယ် ပုံရိပ်များအဖြစ် ထင်ကျန်နေသေး၏။ ထို့ကြောင့်လည်း ဗိဿနိုး၏ ဝေဒနာကို ကဗျာတစ်ပွင့်၊ တေးတစ်ပုဒ်အဖြစ် ဖွဲ့ဆိုနိုင်ဖို့ သူ အကြိမ်ကြိမ် ကြိုးစားနေမိခြင်း ဖြစ်သည်။ သည်မျှအထိ ဗိဿနိုး၏ အရိပ်ထိုးခံနေရသည်ကို သူကိုယ်သူလည်း နားမလည်နိုင်ခဲ့။

ထို့ကြောင့်လည်း ဟင်္ဂယော်၊ မထီဆိုသော ပျူမှာ မည်ဆန်ဆန် ရွာကလေးတွေကို မှတ်မှတ်ရရ ကြည့်နေမိခြင်းပဲဖြစ်သည်။ သို့နှင့် ကွမ်းအုံရွာ အလွန်မှာတော့ ကားကိုသာ ဂရုပြုလိုက်ရလေသည်။ ယာဉ်မောင်းတစ်ဦးပီပီ အတွေးနှင့် အငေးမှာ နစ်မြောနေ၍ မဖြစ်သေး။ ယာဉ်ပေါ် ပါလာသူများ၊ တင်ဆောင်ထားသော ကုန်ပစ္စည်းများ ဘေးကင်းရေးသည် သူ့အပေါ်မှာ တည်နေ၏။ ထို့အပြင် အိပ်တန်းပြန် ဆိတ်အုပ်၊ နွားအုပ်တွေက တစ်ခါတစ်ရံ ကားလမ်းပေါ် ဖြတ်တက်လာကြသည်ဖြစ်ရာ ရှေ့မြင်ကွင်းကို ဂရုစိုက် မောင်းနေရလေသည်။

ထိုအခါ ဗိဿနိုးမြို့ဟောင်းအနီးမှ ရွှေရောင်တော်စေတီသည်လည်းကောင်း၊ ကိုးခရိုင် စိမ်းလန်းရေးစီမံချက်အရ ထူထောင်ထားသော စိုက်ခင်းများသည်လည်းကောင်း၊ သူ့အတွေးမှာ ဖျောက်ထားရပြန်လေပြီ။ မကြာပါချေ၊ ကုက္ကိုခွရွာကလေးကို လှမ်းမြင်လာရသည်။ ယာကွင်းတွေ တပြန့်တပြောကြားမှ ရွာကလေးသည် ထန်းရိပ်ညို့ညို့တွေနှင့် အုံ့ဆိုင်းနေသည်။

ဆည်းဆာရောင်နေခြည်သည်လည်း ဖုန်လှိုင်းတွေနှင့်ရောကာ ခပ်ဖျော့ဖျော့သာ လင်းနေနိုင်တော့၏။ ကားဟွန်းသံ တပွမ်ပွမ်နှင့် ရွာကိုဖြတ်ကျော်ခဲ့ပြီး ရွာအနောက်နားတွင် ခဏရပ်ပေးလိုက်ရသည်။ ရန်ပယ်ချောင်းကို ဖြတ်ထိုးထားသည့် တံတားဖြတ်သန်းခ ပေးဆောင်ရန် အတွက် ဖြစ်သည်။ မောင်လှဝေ ကားခပေးဆောင်နေစဉ်မှာ သူ့အကြည့်တွေ ရန်ပယ်ချောင်းထဲက ကြက်သွန်ခင်းတွေဆီ ရောက်သွားသည်။

ရန်ပယ်ချောင်းရေသည် တစ်တောင်ခန့် အကျယ်ဖြင့် စီးဆင်းနေသည်။ ရေအနက်မှာ ခြေချင်းဝတ်ပင် မမြုပ်နိုင်တော့။ တောင်ကျရေ ထိုးဆင်းလာသည့်အခါမှာတော့ ရန်ပယ်ရေသည် ဓားလွတ်မြင်းလို အရှိန်ပြင်းလှသည်။

'မောင်း အစ်ကိုရေ'ဟူသော မောင်လှဝေအော် ကြောင့် သူ့အတွေးပြတ်ကာ ကားကို ဂီယာသွင်းလိုက် သည်။ ထိုစဉ် မည်သို့ဖြစ်သည်မသိ၊ ဂီယာသွင်းသည် အထစ်ထစ်အငေါ့ငေါ့ဖြစ်ကာ ကားမှာ တံတားတစ်ဖ

www.burmeseclassic.com

www.burmeseclassic.com

ထိပ်အထိမျှသာ ရွေ့လျားနိုင်တော့သည်။ သို့ကြောင့် လမ်းဘေးနားကပ်၍ ရပ်နိုင်အောင် မနည်းမောင်းယူရသည်။

ထို့နောက်တော့ စက်ပြင်အဖွဲ့မှ ဦးတင်ဋွေနှင့် ကားစက်ဖုံး ဖွင့်စစ်ရသည်။

'မရတော့ဘူး သက်ခိုင်၊ ကလပ်ဘရိတ် ကြွေသွားပြီ။ ဒီလိုလုပ်မယ်ကွာ၊ ငါ တောင်တွင်းပြန်လိုက်သွားမယ်။ မင်းတို့က ဒီမှာ ဖြုတ်သင့်တာတွေ ဖြုတ်ထားနှင့်'

သူ ငြင်းစရာမရှိတော့။ ဦးတင်ဋွေ တောင်တွင်းသွားတော့ မောင်လှဝေ သူ့အနား ရောက်လာသည်။

'ကဲ‥မောင်လှဝေ၊ တို့အဖွဲ့အတွက် ညစာကို ကုက္ကိုခွရွာထဲက ဆိုင်မှာ သွားဝယ်ကွာ။ ပြီးမှ ဖြုတ်စရာရှိတာ ဖြုတ်တာပေါ့။ တို့ ဒီည ဒီမှာပဲ အိပ်ရင်အိပ်နေရမှာ'

'ကျွန်တော် ကိုဝင်းကြည်ကို လွှတ်လိုက်ပါ့မယ်။ အစ်ကိုဘာသာ အေးအေးဆေးဆေးနေပါ။ ကျွန်တော် ကြည့်လုပ်လိုက်ပါမယ်။ ဪ‥မမောင်ခင် အစ်ကို ရေချိုးချင် ချိုးလိုက်ပါလား'

ရန့်ပယ်ချောင်းထဲ မေးငေါ့ပြနေသော မောင်လှဝေကို ကြည့်၍ သူ ခေါင်းညိတ်ပြလိုက်သည်။

◆◆◆

ဆောင်းရာသီသည် အေးစိမ့်စိမ့် လေပြည်ကို ခင်းကျင်းလျက် ညခင်းကို ရီဝေစေခဲ့ပြီ ဖြစ်သည်။ တစ်ခြမ်းကွေး လရောင်သည် တိမ်ဖြူဖြူတွေထဲ ဖြတ်ဆင်းကာ နှင်းမှုန်တွေကြား တိုးဝှေ့လာ၏။ ရန့်ပယ်ချောင်းမှ သဲသောင်ပြင်သည် လရောင်ဟပ်နေသော နှင်းတွေကြားမှာ ငြိမ်သက်နေလေသည်။

ကားကိစ္စလုပ်ကိုင်ပြီးကြသည်နှင့် ဝင်းကြည်တို့အုပ်စု အရက်ဝိုင်းဖွဲ့ဖို့ ပြင်သည်။ သူနှင့် မောင်လှဝေမှာ မသောက်တတ်ကြသဖြင့် ညစာစားနှင့်လိုက်ရသည်။ ထို့နောက်တော့ သူတစ်ယောက်တည်း စောင်းပြားလေး ဆွဲယူကာ ရန့်ပယ်ချောင်းထဲရှိ သဲပြင်ပေါ် ထွက်လာခဲ့သည်။ မောင်လှဝေကတော့ သူ့အထာသိနေသူပီပီ ကားခေါင်းထဲ ဝင်ခွေကျုန်နေ၏။

သဲပြင်အိအိတွေပေါ် ထိုင်ချလိုက်စဉ်မှာပင် ဗိုလ်သနိုး၏ ဝေဒနာက ရုတ်တရက်ပေါ်ထွက်လာပြန်သည်။ မထီး၊ ဟင်္ဂယော်ဟူသော အမည်များနှင့်အတူ ရန့်ပယ်ဟူသော အမည်သည်လည်း ဗိုလ်သနိုး၏ဇာတ်ကောင် ဖြစ်ခဲ့ဖူးသည်သာ။ ရန့်ပယ်ချောင်းနှင့်အတူ ရန့်ပယ်စည်ကြီးတို့မှာ တွဲဖက်ညီသော သွေးသောက်များသဖွယ် ဗိုလ်သနိုး၏ လုံခြုံရေး၊ စိုက်ပျိုးရေးတို့အတွက် အဓိကကျသော အခန်းကဏ္ဍမှ ရပ်တည်ခဲ့သည်။

သူ့အတွေးထဲဝယ် ဖတ်ခဲ့ဖူးသောစာ၊ ကြားခဲ့ဖူးသည့်စကားတွေထဲမှာ ဗိုလ်သနိုး၏ ဝေဒနာကို အဖြေရှာနေမိပြန်သည်။ သို့တိုင်အောင် အိပ်မက်ကို ခြေရာခံမရနိုင်သည့် အလား စောင်းပြားလေးပေါ်မှ စောင်းကြိုးများဆီ လက်ရောက်သွားကာ စည်တော်ကြီးဟူသော ခေတ်ဟောင်းတေးတစ်ပုဒ်ကို အလိုလို တီးခတ်မိသွားလေသည်။

ထို့နောက်တော့ ဗိုလ်သနိုးသူတစ်ယောက်၏ ဝေဒနာကို မျှဝေခံစားလိုစိတ်ဖြင့် ချစ်မိုးကြီးဟူသော တီးကွက်တွေက စောင်းကြိုးများမှတစ်ဆင့် လွမ်းဆွတ်ဖွယ်သံစဉ်များအဖြစ် ကူးပြောင်းသွားရပြန်သည်။ သီချင်းဆုံးအောင် တီးခတ်ပြီးသွားတော့ သူ့ရင်ထဲမှ မွန်းကျပ်လာသည်။

ထိုစဉ်မှာပင်–

'အမောင့်စောင်းသံလေးက သာယာလိုက်တာ'

ကြားလိုက်ရသည့် စကားသံကြောင့် အသံကြားရာဆီ ခေါင်းငဲ့ကြည့်လိုက်မိသည်။ ရန့်ပယ်ချောင်းအလယ်လောက်ဆီမှ တရွေ့ရွေ့လျှောက်လှမ်းလာသော အရိပ်တစ်ရိပ်။ အသံသြသြ ကြည်ကြည်လေးနှင့် ခပ်နွဲ့နွဲ့လှုပ်ရှားဟန်ကြောင့် အမျိုးသမီးတစ်ဦးဟု သိလိုက်သည်။ မှုန်ဝေဝေ လရောင်နှင့် သဲဖြူဖြူတို့ အရောင်ဟပ်နေကြား နှင်းငွေ့တွေ ရီဆိုင်းဆိုင်းကြားမှ အမျိုးသမီးက တည်ငြိမ်သော ခြေလှမ်းတွေနှင့် လှမ်းလာရာမှ သူ့ရှေ့တစ်လံကွာလောက်ထိ ရောက်လာသည်။

သူ့မှာ အံ့သြမှင်တက်စိတ်နှင့်အတူ ထူးခြားလှသည့် အမျိုးသမီးထံမှ အကြည့်ကို လွှဲဖယ်မရနိုင်ခဲ့တော့။ ရင်သားကို လုံအောင်ပတ်စည်းထားသည့် အဝတ်အောက်ပိုင်းမှာ ခါးစည်းရှည်ရှည် ချထားပုံက ဆန်းပြားလှသည့် ဝတ်ဆင်ဟန်ဖြစ်နေသည်။ အိန္ဒိယတိုင်းသူတို့ကဲ့သို့ ခြုံထည်လွှမ်းထားသော်လည်း ခြေရောလက်ပါ လွယ်ကူစွာ လှုပ်ရှားနိုင်သည့် ဝတ်ဆင်မှုမျိုး ဖြစ်နေ၏။

အသက်(၃၀)ထက် မပိုသော်လည်း ခပ်မြင့်မြင့်အရပ်နှင့် လိုက်ဖက်စွာ ပေါ်လွင်သောနှာတံ၊ နက်မှောင်မှောင်မျက်ခုံးနှင့် ကြည်လင်သော မျက်ဝန်းအောက်မှာ မဲ့တရို

www.burmeseclassic.com

www.burmeseclassic.com

အပြုံးက ပွင့်နေသေးပြန်၏။

'ကြည့်လှချည်လား အမောင်ရယ်။ လုလင်ငယ်သိခ်နဲ့ မထီရှာသူ မယ်စန္ဒာဆိုတာ အချိန်ကာလတွေ ခြားသွားခဲ့ပေမယ့် စိမ်းနေရမယ့်သူတွေမှ မဟုတ်တာကိုး။ အမှတ်ရစမ်းပါဦးတော့'

အမျိုးသမီးထံမှ စကားတို့က အဝေးတစ်နေရာမှ လာနေသည့်နှယ် ရွှမ်းလျလျဖြစ်နေ၏။ လုလင်ငယ်သိခ်ဟူသော ရေရွတ်သံက သူ့ရင်ထဲ ထိုးဖောက်ဝင်လာသည်။ ဆတ်ခနဲ ထူမတ်သွားသော ခန္ဓာကိုယ်သည် အတိတ်လွင်ပြင်ဆီ လွင့်မျောသွားသည့်နှယ်။

'အင်းလေ၊ အမောင် မယ်စန္ဒာကို မမှတ်မိတာ မဆန်းပါဘူး'

အမျိုးသမီးက ပြောပြောဆိုဆို သဲပြင်ပေါ် ညင်သာစွာ ထိုင်ချလိုက်သည်။ မြောက်လေတဝေ့ကြောင့် သူမဆံပင်တချို့ လှုပ်ခတ်သွားသော်လည်း ရီဝေဝေအကြည့်က သူ့ဆီမှာသာ။ သည်အချိန်တွင် သူ့နှုတ်ဖျားမှ ပထမဆုံးအကြိမ်အဖြစ် အသံထွက်လာသည်။

'မယ်စန္ဒာ'

'ဟုတ်ပါ့ အမောင်ရယ်။ လုလင်ငယ်သိခ်ရဲ့ မယ်စန္ဒာပါ။ သည်လို ဆုံစည်းဖို့အတွက် ဗိသနိုးရဲ့ နယ်ပယ်ရန့်ပယ်ချောင်းရဲ့လွင်ပြင်မှာ ဘဝပေါင်းများစွာ စောင့်ဆိုင်းခဲ့ရတာ ဗိသနိုးမြို့ဟောင်းနဲ့ ရန့်ပယ်ချောင်းက သက်သေပါ အမောင်ရယ်'

ဖြန်းခနဲ ထသွားသော ကြက်သီးတွေအောက်မှာ သူ့ခန္ဓာကိုယ်ကို အားယူ၍ တည့်မတ်လိုက်ရသည်။ တွေဝေငေးကြောင်နေမိသော်လည်း သည်အမျိုးသမီးကို သူ့ရင်းနှီးနေသကဲ့သို့ ခံစားမိနေသည်။ သူ့အကြည့်ငေးတွေကို အမျိုးသမီးက ပြုံးဟဟဖြင့် တုံ့ပြန်ကြည့်လာသည်။

နှုတ်မှလည်း-

'မယုံမရဲရှိရှာကော အမောင်ရယ်၊ ပန်ထွာဘုရင်မရဲ့ ကိုယ်ရံတော်တပ်မှူးလေး သိခ်နဲ့ မထီရှာသူ နန်းတွင်းရက်ကန်းသူလေးတို့ရဲ့ နှလုံးသားဟာ ဗိသနိုးသားတွေနဲ့ အတူ ကျူးကျော်သူကို ခုခံတိုက်ခဲ့တဲ့ တိုက်ပွဲကြားမှာ စံပြဖြစ်ခဲ့ကြတာများ မှတ်မိပါစ အမောင်'

မယ်စန္ဒာဆိုသူ အမျိုးသမီးငယ်၏ မျက်ဝန်းများ၊ စကားသံများက သူ့ကို တစ်နေရာဆီသို့ ပို့ဆောင်ပေးနေသည့်အလား။ သူ့အသိတွေ ဝေဝါးနေဆဲ အသံတချို့ ဖြတ်စီးလာ၏။

'ဥမိဒေါ ဒတာဘန်း'

'ဥမိဒေါ ဒတာဘန်း'

'ဥမိဒေါ ဗိသျှနူးရာဂျကုမာရီ

'ဥမိဒေါ ဗိသျှနူးရာဂျကုမာရီ'

တစ်ဖက်နှင့်တစ်ဖက် သံပြိုင်ကြွေးကြော်သံတွေထဲမှာ သူကိုယ်တိုင် ပါဝင်စီးမျောလိုစိတ်တွေ တားမရတော့။

'ဥမိဒေါ ဗိသျှနူးရာဂျကုမာရီ'

သူ့နှုတ်ဖျားမှ ထွက်ပေါ်လာသော ကြွေးကြော်သံနှင့်အတူ အတုလသဏ္ဌာန်စည်တော်ကြီး တီးခတ်သံက မိုးချုန်းသည့်နှယ်။ ထို့နောက်တော့ ရန့်ပယ်ချောင်းအတွင်းသို့ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာသော လှိုင်းတံပိုးကြီးများ၏ တဝေါဝေါ တဟဲဟဲ မြည်သံများ၊ နောက်ကျင်ကြောက်ရွံ့စွာ ဟစ်အော်သံများက တိုးတစ်လှည့် ကျယ်တစ်ခါနှင့် သူ့နားစည်ကို ရိုက်ခတ်လာလေ‌‌‌‌…

အတွေးစိတ်မှာ နိုးကြွလာသော သွေးများကြောင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိသွားလေသည်။ မယ်စန္ဒာ ခေါ် အမျိုးသမီးငယ်ကတော့ သူ့ရှေ့မှာ မလှုပ်မယှက်ထိုင်ကာ သူ့ကို ရွှန်းရွှန်းစိုအောင် စိုက်ကြည့်နေဆဲဖြစ်သည်။ သူကတော့ သတိမပြုနိုင်အား။ မီးတောက်မီးလျှံတွေကြားက ဗိသနိုးစစ်သည်တွေ၏ အားမာန်ပါပါ တိုက်ခိုက်နေပုံတွေကို အထင်းသား မြင်ယောင်နေဆဲဖြစ်သည်။

အတန်ကြာမှ သူ့မြင်ကွင်းထဲ မယ်စန္ဒာ၏ ပုံရိပ်က ပြန်လည်ထင်ဟပ်လာသည်။ သည်တော့မှ မောဟိုက်နေသော လေသံဖြင့် သူ မေးခွန်းထုတ်လိုက်ဖြစ်သွား၏။

'ဒါ..ဒါပေမဲ့ တို့များရဲ့ ဗိသနိုးဟာ ကျူးကျော်သူတို့ရဲ့ မီးတောက်တွေကြားမှာ ပျက်သုဉ်းကြေမွခဲ့ရပြီ မဟုတ်လား စန္ဒာ'

သူ့အသံမှာ နာကြည်းမှုတွေ ရောယှက်နေသကဲ့သို့ မယ်စန္ဒာ၏ အဖြေစကားကလည်း နာလိုခံခက် ဖြစ်နေ လေပြီ။

'ဟုတ်ပါ့ အမောင်ရယ်၊ ဒတာဘန်းဘုရင်ရဲ့အမ ပဥ္စင်းဖြူ၊ ပဥ္စင်းညိုတို့ရဲ့ မာယာအောက်မှာ ရန့်ပယ်ချောင်းကြီး သားရေလဲခံရတာ မြို့တောင့်တွေမှာ တာမာသား

www.burmeseclassic.com

ပန္နက်တွေ စိုက်ပစ်ခဲ့တာတွေက အစပြုလို့ ဗိဿနိုးမြို့ကြီး မီးပင်လယ်အောက် ရောက်ခဲ့ရတာပ'

'တောက်'

မယ်စန္ဒာ၏ စကားအဆုံးမှာ တက်ခေါက်သံပြင်းပြင်း တစ်ချက် ထွက်ပေါ်ခဲ့ရပြန်သည်။

အာဏာကို လက်ကိုင်ပြုလိုသူနှင့် ငြိမ်းချမ်းစေးဆိုချင်သူတို့ အားပြိုင်မှုကြားမှာ နှစ်ဖက်စစ်သည်၊ နိုင်ငံသားတို့၏သွေးတွေ ရန်ပယ်ချောင်းထဲ ရွဲနစ်စီးမျောခဲ့ရသည်က အမှန်ပဲဖြစ်လေသည်။ ထို့ကြောင့်လည်း သူ့နှုတ်ဖျားက မေးခွန်းတချို့ ထွက်ပေါ်လာခဲ့သည်။

'စန္ဒာ..တို့များရဲ့ သခင်မဟာ ဒတာဘန်းဘုရင်ရဲ့ မိဖုရားအဖြစ် ဓာတ်သိမ်းခဲ့ရတာ သိပါစ'

'သိပြီကော အမောင်ရယ်၊ နို့ပေသိ ပန်ထွာဘုရင်မရဲ့ နှလုံးသားကတော့ ဒတာဘန်းဘုရင်ရဲ့ သတို့သမီးအဖြစ် ရပ်တည်မသွားခဲ့ပါဘူးလေ'

'ဘာရယ် စန္ဒာ၊ ဓေတ္တရာဘုရင်ရဲ့သတို့သမီး မဟုတ်ခဲ့ဘူး ဟုတ်စ။ ဒါဆိုရင် ပန်ထွာဘုရင်မဟာ ဘယ်သူရဲ့ သတို့သမီးလဲဟင်'

သူ့ကို မယ်စန္ဒာက ပြုံးလဲ့လဲ့ဖြင့် ကြည့်လာသည်။ သည်အပြုံးက မချိတင်ကဲ ခံစားမှုကြားက မျိုးချစ်မာန်ဝဲနေသော အပြုံးမျိုး။ သည်အပြုံးနှင့်အတူ မယ်စန္ဒာအကြည့်က ဝင်းပြက်သွားကာ နှုတ်ဖျားက စကားလုံးတွေပြုံဆင်းလာ၏။

'ဘယ်သူ့သတို့သမီး ဖြစ်ရမှာလဲ အမောင်ရဲ့။ ပန်ထွာဘုရင်မဟာ ဗိဿနိုးရဲ့ သတို့သမီးပဲပေါ့'

'ဘာ..ဘာ..တို့ရဲ့သခင်မ ပန်ထွာဘုရင်မဟာ ဗိဿနိုးရဲ့ သတို့သမီး၊ ဟုတ်စ'

မယ်စန္ဒာ မျက်ဝန်းတွေမှာ ဂုဏ်ယူစိတ်ကြောင့် တောက်တောက်ပပ ဖြစ်လာသည်။

'ဟုတ်သပေါ့ အမောင်ရယ်။ မိန်းမသားတစ်ယောက်ဖြစ်ပေမယ့် ဗိဿနိုးလို နိုင်ငံတော်ကြီးတစ်ခုကို တည်ထောင်နိုင်ခဲ့တဲ့သူ၊ ယင်းချောင်းလွင်ပြင်၊ ရန်ပယ်လွင်ပြင်ထဲက ဗိဿနိုးသူ၊ဗိဿနိုးသားတွေကို ငြိမ်းချမ်းနေအောင် စည်းရုံးနိုင်ခဲ့သူ၊ ဗိဿနိုးနိုင်ငံတော်ကြီးရဲ့ ဘေးရန်အသွယ်သွယ်ကို သူ့အသက်နဲ့ရင်းပြီး ကာကွယ်ပေးခဲ့သူ ပန်ထွာဘုရင်မဟာ ဧကန်ဒီ ဗိဿနိုးရဲ့ သတို့သမီးဆိုတာ



ရာဇဝင်မှာ စာတင်နိုင်ခဲ့ပြီပဲ အမောင်ရယ်'

စန္ဒာ့စကားတွေ နားထောင်ရင်း သူ့ရင်ထဲ တလှပ်လှပ် ဖြစ်လာသည်။ စွန့်လွှတ်ခြင်း၊ ပေးဆပ်ခြင်းတွေ ပြည့်နှက်နေသော ပုံရိပ်လွှာ (သို့မဟုတ်) ပန်ထွာဘုရင်မ၊ ယခုတော့ ဗိဿနိုးရဲ့ သတို့သမီးအဖြစ်နဲ့ ရာဇဝင်တွင်ခဲ့ပြီတဲ့လား။

စစ်ရေးအင်အားဖြင့် အနိုင်ယူခြင်း ခံလိုက်ရသော်လည်း အရှုံးမပေးခဲ့သည့် ပန်ထွာဘုရင်မ၏ နှလုံးသားကို ရိုကျိုးစွာ ပူဇော်လိုက်မိသည်။ သည်အခါမှ သူ့ရင်ထဲ ပေါ့ပါးရှင်ပျလာလေသည်။ ထို့ကြောင့်လည်း စန္ဒာ့ကို ခပ်ရွှင်ရွှင်လေသံနှင့် မေးကြည့်မိသွား၏။

'ဒါဆိုရင် ဒီရန်ပယ်ချောင်းကြီးကိုရော စန္ဒာ ဘယ်လိုသတ်မှတ်မှာလဲဟင်'

ချိုလွင်သော အပြုံးတစ်ချက်က သူ့ဆီ လွင့်ပျံ့လာသည်။

'သြော်..အမောင့်နှယ်၊ အတွေးချော်ရန်ကော။ သည်ရန်ပယ်ချောင်းက ဗိဿနိုးရဲ့ ကိုယ်ရံတော်လေ အမောင်ရဲ့။ အမောင့်ဘာသာ ရိုးရိုးလေးပဲ စဉ်းစားကြည့်။ ပန်ထွာဘုရင်မရဲ့ စည်းရုံးရေးအင်အားနဲ့ ဗိဿနိုးနိုင်ငံကြီး ဖြစ်လာတော့ ရန်ပယ်ချောင်းကြီးလည်း ပန်ထွာဘုရင်မရဲ့ စီမံမှုအောက်မှာ ကာကွယ်ရေးခံတပ်တစ်ခု ဖြစ်ခဲ့ရသလို စိုက်ပျိုးရေးအတွက် အကျိုးပြုပေးတဲ့ ချောင်းကြီးတစ်ခု

www.burmeseclassic.com

ဖြစ်လာတာ အမောင်လည်း သိသားနဲ့။ ဒီတော့ ဗိသနိုးရဲ့ ကိုယ်ရံတော်ဟာ ရန်ပယ်ချောင်းကလွဲလို့ ဘယ်သူဖြစ်ထိုက်သေးလို့လဲ'

မယ်စန္ဒာ စကားအဆုံးမှာ သူ ပေါ့ပါးစွာ ရယ်မောပစ်လိုက်သည်။ မထီရှာသူလေး၏ ယံထာဘူယျကျသော ရွှေးချယ်ပုံက အတုယူစရာပင် ကောင်းနေသေးသည်ပဲ။

'ဟုတ်သပ့် စန္ဒာရေ၊ ဟုတ်သပ့်။ ဟား··ဟား··ဟား··ဗိသနိုးရဲ့ သတို့သမီးဟာ ပန်ထွာဘုရင်မ ဖြစ်ခဲ့သလို ရန်ပယ်ကလည်း ကိုယ်ရံတော် ဖြစ်ထိုက်တာပေါ့။ အင်··ဒါနဲ့ မထီရှာသူရဲ့ သတို့သားကျတော့ရော သိချင်စမ်းလှရဲ့ စန္ဒာရယ်'

သည်မေးခွန်းကို စန္ဒာ ပြန်မဖြေ။ မျက်ဝန်းညိုကြီးများနှင့်သာ သူ့ကို ဝဲကြည့်လာသည်။ ပြီးတော့ သည်အကြည့်က တစ်ခဏအတွင်းမှာ ရီဝေသွားသည်။

'သည်မေးခွန်းက အမောင့်ဘာသာ ပြန်မေးရမယ့် မေးခွန်းပါ။ ကဲ··စန္ဒာ ပြန်ဖို့အချိန်သင့်ပြီမို့ ခွင့်ပြုဦး အမောင်'

အသာအယာ ထရပ်ပြီး ပြောလာသောစကားကြောင့် သူ့ရင်ထဲ ဟာထွက်သွားသည်။

'ဟင်··ပြန်··ပြန်တော့မှာလား စန္ဒာ။ အမောင် မေးတာကိုလည်း မဖြေတော့ဘူးလားဟင်'

'ဖြေစရာလိုသေးလား အမောင်ရယ်။ တွေ့စက ပြောခဲ့သလို ကိုယ်ရံတော်တပ်မှူးလေး သိခ်နဲ့ မထီရှာသူလေးရဲ့ နှလုံးသားဟာ ဗိသနိုးရဲ့ စံပြနှလုံးသားတွေပါလို့ စန္ဒာ ဝန်ခံပြီးပြီလေ။ ဒါကြောင့် နှလို ဆုံခွင့်ရတာကိုပဲ ကျေနပ်နှစ်သိမ့်လိုက်ကြပါစို့ အမောင်'

'နေ··နေပါဦး စန္ဒာရယ်၊ အမောင်နဲ့ စန္ဒာတို့ ဘယ်တော့ပြန်တွေ့ခွင့်ရဦးမယ်ဆိုတာရော ပြောပြနိုင်မလားဟင်'

သူ့စကားသံတွေ တုန်ခါနေသကဲ့သို့ စန္ဒာ၏ လှမ်းလက်စ ခြေလှမ်းတွေ တုံ့ဆိုင်းသွားလေသည်။ ပြီးမှ လည်ပြန်အကြည့်နှင့်အတူ စန္ဒာ အသံတိုးတိုးလေး လွင့်ပျံလာ၏။

'ရွှေရောင်တော်ဘုရားပွဲ ကျင်းပချိန် မထီရှာထိပ်က ရက်ကန်းခတ်သံ ကြားရချိန်ဟာ အမောင်နဲ့ စန္ဒာတို့ တွေ့ခွင့်ရနိုင်တဲ့အချိန်လို့ သိထားလိုက်ပါ အမောင်။ ကဲ··စန္ဒာ သွားတော့မယ်နော်'

စကားအဆုံးမှာ မယ်စန္ဒာဆိုသော အမျိုးသမီးသည် နှင်းတောထဲသို့ တရွေ့ရွေ့ တိုးဝင်သွားခဲ့ပြီဖြစ်၏။ သူ့မှာသာ ဆွံ့အသူနှယ် နှုတ်ဆိတ်ကျန်နေခဲ့ရသည်။ တားဆီးနိုင်ခွင့်မဲ့သောအဖြစ်ကြောင့် ရင်မှာဆို့နင့်နေသည်။ ဝင်လုဆဲ လရောင်အောက်မှာတော့ နှင်းတို့က တဖွဲဖွဲကျဆဲ။

ရန်ပယ်ချောင်းပြင်သည် အေးစက်နေမည်ဖြစ်သော်လည်း သူ့ပါးပြင့်မှာတော့ ပူနွေးသောခံစားမှုက ဘယ်ကမြစ်ဖျားခံလာသည်မသိ။ သူ့အကြည့်တွေကတော့ တမ်းတမှုများနှင့် ရေ့တူရူရှိ နှင်းတောထဲ ငေးကြည့်နေမိတုန်းဝင်။

ထိုစဉ် သူ့ကို ခေါ်သံသဲ့သဲ့ ထွက်ပေါ်လာ၏။ ဒိတ်ခနဲ ခုန်သွားသောရင်မှာ မျှော်လင့်မှုများနှင့် မြည်လာသည်။ ထို့ကြောင့် ခေါ်သံကို ပိုရှ်နားစွင့်လိုက်မိသည်။

'အစ်ကို··အစ်ကိုသက်ခိုင်၊ အမယ်လေး··အစ်ကိုရာ။ ဒီလောက်အေးနေတာများ ပြန်မလာဘဲ ထိုင်နေရတယ်လို့။ လာ··အစ်ကို၊ ပြန်ကြရအောင်။ ဇာတ်တော်ပြင်ပြီးသွားပြီ အစ်ကိုရ'

'ဟင်'

မမျှော်လင့်သော ခေါ်သံနှင့်အတူ သူ့ပခုံးကိုပါ အပုတ်ခံလိုက်ရသည့်တိုင် သူ့မှာ ယောင်နန ဖြစ်နေသေး၏။ ပစ္စုပ္ပန်မှာ အသိတရားကို စုစည်းလိုက်ရသော်လည်း ပြည့်အိုင်လာသော မျက်ရည်များကိုတော့ ထိန်း၍မရတော့။

သူ့အဖြစ်ကို နားမလည်သလို ကြည့်လာသော မောင်လှဝေကို မျက်နှာလွှဲကာ စောင်းပြားလေး ပိုက်လျက်သားနှင့် ထရပ်လိုက်ရသည်။

လေးကန်နေသော ခြေလှမ်းများနှင့် ကားဆီလျှောက်လှမ်းရင်း ရန်ပယ်ချောင်းလွင်ပြင်ဆီ လည်ပြန်ကြည့်လိုက်မိရပြန်သည်။ သြော်··ဗိသနိုးရဲ့ ကိုယ်ရံတော်၏ ရင်ခွင်မှာလည်း နှင်းစက်တွေ ကြွေကျနေပြီကော။

**စိုးအိမ်မှူး**

ဥမိဒေါ် ဒိတဘာန်း - မြင့်မြတ်သော ဒွတ်တဘောင်မင်းမြတ်။

ဥမိဒေါ် ဗိသျှနုးရာဂျကုမာရီ - မြင့်မြတ်သော ဗိသနိုးဘုရင်မ။



www.burmeseclassic.com

www.burmeseclassic.com


မုံရွာ အထူးပြုဆေးပါ

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၀၊ တာဝန်ခံ (တိုင်း)–၁၃၁၂



အသက်ကြီးလာလို့ ပြည့် ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တာဝန်ခံ(စာနယ်ဇင်း)၁၃၀/၀၀၀၄

“ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး”

“သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား”

“ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့”

“ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ဝမ်း၊လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်တို့ ယူထုတ်ပစ်သလို တင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်”

“ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ မရွေးစုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ”

**ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးပျံ့ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်–၄၊ ၃၃လမ်း၊ ဗဟိုလမ်းကြီး၊ ... ရန်ကုန်မြို့။ ဖုန်း–၀၁–...

မုံရွာဆရာမိုး – ဖုန်း – ... လိုင်းခွဲ (၃၄၅)၊ ... လိုင်းခွဲ (၃၄၅)




www.burmeseclassic.com

www.burmeseclassic.com




ကြောက်ပါပြီဗျ၊ ကြောက်ပါပြီဗျ။ လူ့ဘ၀ဆိုတာ မြေအိုးနှင့်တူတယ်။ ကွဲလွယ်ကြေလွယ်တယ်၊ အချိန်မရွေး သေနိုင်တယ်ဆိုတာကို တကယ်ယုံပါပြီ။ နောက်ဆို ဆင်ခြင်ပါတော့မယ်။ ကိုယ့်အသက်ကလေးကိုပဲ ရှင်သန်အောင် မွေးမြူပါတော့မယ်။ လောဘတွေနောက်ကိုလိုက်ပြီး ကျွန်တော် မမိုက်တော့ပါဘူး၊ မမိုက်တော့ပါဘူး။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

'မင်းနာမည် ဘယ်သူလဲ'

'လင်းဦးပါ'

'မင်း ဖိုးရှူးသလား'

'မရှူးပါဘူး'

'ဘိန်းရောင်းသလား'

'မရောင်းပါဘူး'

'ဒါဖြင့် ဟိုဘက်ကိုသွား'

ညာဘက်အခန်းကို ညွှန်ပြသည်။ သူက လျှောက်သွားပြီး အထဲကို ဝင်လိုက်သည်။ အတွင်းမှာတော့ လူ(၃၀)ခန့်က စုဝေးပြီး ထိုင်နေကြသည်။ အားလုံး ယောက်ျားတွေချည်း ဖြစ်သည်။ စကားသံဟူ၍ လုံးဝမကြားရ။ မျက်လုံးလေးတွေ ကလယ်ကလယ်ဖြင့် ငြိမ်သက်နေကြသည်။ ထိုလူစု၏ အစွန်ဘက်တစ်နေရာတွင် သူ သွားထိုင်လိုက်သည်။

ထိုင်ရင်း အပေါက်ဝဘက်ကို လှမ်းကြည့်နေမိသည်။ လူတွေက စားပွဲရှေ့သို့ တစ်ယောက်ပြီး တစ်ယောက် ရောက်လာနေကြဆဲဖြစ်သည်။ ထိုလူများကို စားပွဲတွင် ထိုင်နေသူက စစ်ဆေးမေးမြန်းပြီး အခန်းထဲသို့သာ ပို့လွှတ်ပေးနေသည်။ စစ်ဆေးသူမှာ ဘယ်ရီဦးထုပ် ပြောက်ကျားဝတ်စုံကို ဝတ်ဆင်ထားပြီး မုတ်ဆိတ်ပါးမြိုင်း ထူလပျစ်နှင့်ဖြစ်သည်။ စားပွဲပေါ်မှာ သေနတ်တစ်လက်ကို ကန့်လန့်ဖြတ် တင်ထားသည်။ အခြားပြောက်ကျားဝတ်စုံဝတ် လက်နက်ကိုင်များကိုလည်း တဲအပြင်ဘက်မှာ အများအပြား တွေ့ရသည်။

တဖြည်းဖြည်းနှင့် အခန်းထဲမှာ လူတွေ များလာသည်။ ဦးရေ(၅၀)ခန့် ဖြစ်လာသည်။ ဝင်သူက ဝင်လာနေဆဲပင် ဖြစ်သည်။ စစ်ဆေးရမည့်လူက ကုန်သေးဟန်မတူ။ သည်အခိုက် အနီးအနားမှ တီးတိုးပြောဆိုသံများက ထွက်ပေါ်လာသည်။

'သူတို့က စစ်ဆေးတယ်လည်း ပြောသေးတယ်၊ လူတိုင်းကို ဒီအခန်းထဲချည်း ပို့နေပါလား'

'အေး‥ဟုတ်တယ်။ ဒီလိုမှဖြင့် ဘာစစ်နေစရာ လိုသေးလဲ။ အားလုံး ဒီအခန်းထဲသွားဆို ပြီးနေတာပဲဥစ္စာ'

'တို့ကို ဘာလုပ်မလို့လဲ မသိဘူး'

◆◆◆

ဘာလုပ်မလို့လဲ ဆိုတာကို နောက်နေ့ မနက်စောစောမှာ သိလာကြရသည်။ သူအပါအဝင် လူ(၇၀)ခန့်ကို ချောင်းကမ်းပါး၌ စီတန်းပြီး ထိုင်ခိုင်းထားသည်။ အားလုံးလိုလို လက်ပြန်ကြိုးတွေနှင့်ဖြစ်သည်။ ပတ်ပတ်လည်မှာတော့ လက်နက်ကိုင်တွေက ဝိုင်းထားသည်။ မကြာမီ ကမ်းခြေသို့ လူတွေ တဖွဲဖွဲရောက်လာကြသည်။ ယောက်ျားတွေရော မိန်းမတွေပါ ပါလာကြသည်။

လူတွေ တော်တော်များများ စုဝေးမိသည်နှင့် မနေ့က စားပွဲမှာထိုင်ပြီး လူစစ်ခဲ့သော မုတ်ဆိတ်ပါးမြိုင်းနှင့်လူက အသံကျယ်ကျယ်ဖြင့် ပရိသတ်ကို လှမ်းအော်ပြောသည်။

'ဒီလူတွေကို ကျုပ်တို့ ဘယ်လိုစီရင်မယ်ဆိုတာ ခင်ဗျားတို့ သေသေချာချာ ကြည့်ထားကြပါ။ ကျုပ်တို့အဖွဲ့အစည်းကို မူးယစ်ဆေးဝါးနဲ့ ပတ်သက်နေတယ်ဆိုပြီး စွပ်စွဲနေတဲ့သူတွေရှိတယ်။ ကျုပ်တို့ ဒါမျိုးမလုပ်ဘူးဆိုတာ အခုကျုပ်တို့ကိုယ်တိုင် ဒီတရားခံတွေကို လိုက်ဖမ်းပြီး သက်သေပြလိုက်တာပဲ။ နောက်ကို ခင်ဗျားတို့အထဲက ဘိန်းရှူမယ့်သူ၊ ဘိန်းရောင်းမယ့်သူ ရှိလာရင်လည်း သူတို့လိုပဲ စီရင်ခံရမယ်ဆိုတာ သိစေချင်လို့ တစ်အိမ်တစ်ယောက် မလာမနေရ လာကြည့်ရမယ်ဆိုပြီး ကျုပ်တို့ ကြေညာလိုက်တာပဲ။ ကိုင်း‥မှတ်လောက်သားလောက်အောင် ကြည့်ထားကြပေတော့'

ပြောပြီး ပါးမြိုင်းက သူ့လူတွေကို လုပ်ငန်းစဖို့ အမိန့်ပေးလိုက်သည်။ ပြောက်ကျားသုံးယောက်က တန်းစီထိုင်နေသော တရားခံများဘက်သို့ လျှောက်လာသည်။ ပထမဆုံး လူသုံးယောက်ကိုဆွဲပြီး ထခိုင်းသည်။ ပြီးလျှင် ကမ်းပါးထိပ်သို့ ခေါ်သွားသည်။ ချောင်းဘက်ကို မျက်နှာလှည့်ပြီး စီတန်းရပ်ခိုင်းသည်။ အသင့်ဖြစ်လျှင် ကြိုတင်နေရာယူထားသည့် လက်ဖြောင့်သမားများက သေနတ်ကို ခလုတ်ဖြုတ်လိုက်ကြသည်။ ထဒိုင်းဒိုင်း ထွက်ပေါ်လာသော သေနတ်သံများနှင့်အတူ လူသုံးယောက်က အောက်သို့ ထွေးခနဲ ပြုတ်ကျသွားသည်။ ဝန်းကျင်၌ ယမ်းခိုးတွေနှင့် ဖွေးဖွေးဖြူသွားသလို ချောင်းထဲ၌လည်း သွေးရောင်တွေ ရဲရဲနီသွားသည်။

ပရိသတ်ဘက်က အလန့်တကြား အော်ဟစ်ရေရွတ်လိုက်သံများ ထွက်ပေါ်လာသည်။ ထိုသုံးယောက်ပြီးတော့ နောက်ထပ်သုံးယောက်ကို ပြောက်ကျားများက လာဆွဲကြပြန်သည်။ အဆွဲခံရသူများကို ယခင်ပုံစံအတိုင်း ကမ်း



www.burmeseclassic.com

www.burmeseclassic.com

ပါးထိပ်မှာ တန်းစီခိုင်းပြီး သေနတ်သမားများက ခုလုတ်ဖြုတ်လိုက်ကြပြန်သည်။ ရပ်ကြည့်နေသည့် ပရိသတ်က သွေးပျက်ခမန်း ဖြစ်နေကြသည်။ ခေါင်းကိုငုံ့သူငုံ့၊ မျက်နှာကို လက်ဝါးနှင့်အုပ်သူအုပ် ဖြစ်နေကြသည်။

ထိုသို့ သုံးယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ပစ်သတ်နေရင်း မကြာမီ သူ့အလှည့်သို့ ရောက်လာသည်။ ပြောက်ကျားတစ်ယောက်က သူ့ကို လာဆွဲထုတ်သည်။ သူ တအီအီငိုကြွေးရင်းမှပင် ဆွဲခေါ်ရာနောက်သို့ လိုက်ပါသွားရသည်။ သူ့လိုပင် အခြားသူများကလည်း ငိုယိုနေကြသည်။ သူတို့အဖြစ်က ဒါ့အပြင် ဘာမျှမတတ်နိုင်။ သူတို့မှာ လက်ပြန်ကြိုးကိုယ်စီနှင့်ဖြစ်သည်။ ပြီး လက်နက်ကိုင်တွေကလည်း ပတ်ပတ်လည်မှာ ဝိုင်းလို့။

သူတို့ကို ကမ်းပါးထိပ်ရောက်သည်နှင့် ထုံးစံအတိုင်း ဟိုဘက်လှည့်ပြီး တန်းစီခိုင်းသည်။ သူမျက်စိကို တင်းတင်းမှိတ်ထားသည်။ စိတ်ထဲတွင် ကြောက်စိတ်ကလွဲပြီး အခြားဘာမျှမရှိ။ မကြာမီ အမိန့်ပေးသံက ထွက်ပေါ်လာသည်။ ထိုခဏ၌ သေနတ်သံတွေ ကြားရတော့မည်။ သူလည်း တကယ်သေရတော့မည်ဟု တစ်ထစ်ချမှတ်ယူလိုက်မိသည်။

တကယ်လည်း သေနတ်သံတွေ ထွက်ပေါ်လာသည်။ သို့သော် သူထင်ထားသလို သူ့ခန္ဓာကိုယ်က လဲပြိုမသွားသလို ချောင်းထဲကိုလည်း ထိုးကျမသွားချေ။ နေရာ၌ ရပ်မြဲရပ်လျက်ပင်ရှိသည်။ သူ အံ့အားသင့်နေသည်။ ဇဝေဇဝါဖြစ်မိခြင်းနှင့်အတူ မျက်လုံးကိုပါ ဖွင့်လိုက်မိသည်။ ထိုစဉ်–

'ဟော့ကောင်၊ ဝပ်လိုက်ပါလား၊ ဝပ်လိုက်··ဝပ်လိုက်'

မြေကြီးပေါ် ထိုးမှောက်နေသည့် သူ့ဘေးမှလူက အော်ပြောသည်။ သည်တော့မှ သတိဝင်လာပြီး မြေပေါ်သို့ ထိုးလှဲချလိုက်သည်။ သေနတ်သံများက ပေါက်ပေါက်ဖောက်သလို ဆူညံစွာ ထွက်ပေါ်နေဆဲပင်။ သေနတ်သံကို သာမက အုံးခနဲ၊အုံးခနဲ ပေါက်ကွဲသံကြီးများကိုပါ ကြားလာရသည်။ ရပ်ကြည့်နေကြသည့် ပရိသတ်ကပါ ဖရိုဖရဲနှင့် ပြေးကြလွှားကြရင်း ကြောက်လန့်တကြား အော်ဟစ်နေကြသည်။

◆◆◆

'အမယ်လေး ငါ့သားရယ်၊ မသေကောင်းမပျောက်ကောင်းကွယ်။ ဘုရားသိကြားမလို့သာပါလား။ နို့ ငါ့သားက ဒီဒုစရိုက်တွေကို ဘာမှမလုပ်ပါဘဲနဲ့ ဘာလို့ဖမ်းကြတာတဲ့လဲ'

'ရွှေတွင်းဆိုတော့ လူစုံတယ် အမေ။ ကျွန်တော်နဲ့အတူနေတဲ့သူတွေထဲမှာ ဖိုးသမားတွေလည်းရှိတယ်။ ဒီသူပုန်တွေက တွေ့သမျှလူကို ခိုးသမားတွေပဲဆိုပြီး အကုန်ဖမ်းသွားတာ။ ဘယ်လိုမှ ရှင်းပြလို့မရဘူး။ ကျွန်တော့်ကို ပစ်သတ်တော့မယ့်အချိန်နဲ့ စစ်တပ်ရောက်လာတဲ့ အချိန်က တိုက်ဆိုင်သွားလို့ သူတို့ချင်း တိုက်ပွဲဖြစ်ကြပြီး ကျွန်တော်တို့က ကပ်လွတ်သွားခဲ့တာ'

'နောက်များတော့ တော်ပါတော့ ကိုလင်းဦးရယ်။ ကျွန်မကိုလည်း ဒီလိုကြီးတော့ လုပ်မကျွေးပါနဲ့။ ထမင်းကြမ်း ယပ်ခတ်စားချင် စားရပါစေ၊ ဘေးကင်းတဲ့အလုပ်မျိုးပဲ လုပ်ပါ'

အမေကရော မိန်းမကပါ ဝိုင်းပြီးနားချကြသည်။ သူတို့ နားချမှမဟုတ်ပါ၊ မိမိကိုယ်တိုင်လည်း တကယ်ကို ကြောက်သွားခဲ့သည်။ ကြည့်စမ်း၊ စက္ကန့်ပိုင်းလောက်က လေးအတွင်း အသက်ဘေးက ကပ်လွတ်လာခဲ့ရသည်မှာ နည်းနည်းနောနော ကံကြီးခြင်းလား။ တော်ပြီ၊ တော်ပြီ။ လောကမှာ ဘာမှမရချင်နေ၊ ဘာမှလည်း မကြီးပွားချင်နေ အသက်ရှင်ရရင်ပဲ ကျေနပ်ပြီ။ သာမန်လူတစ်ယောက်အဖြစ်နဲ့ ဘေးကင်းရန်ကင်း ရိုးရိုးတန်းတန်း နေထိုင်ခံစားရရင်ပဲ ကျေနပ်ပြီ။

◆◆◆

သည်အကြောက်တရား သည်ခိုင်းဖြတ်ချက်က တစ်နှစ်၊ နှစ်နှစ်လောက်တော့ ခံလိုက်ပါသည်။ သည်ကာလအတောအတွင်း လူက ဟိုတုန်းကနှင့် အတော်ကြီးပြောင်းလဲသွားသည်။ သူ ခပ်ငြိမ်ငြိမ် ခပ်ကုပ်ကုပ်ဖြစ်သွားသည်။ ဘယ်ပဲသွားသွား ဘာပဲလုပ်လုပ် သတိတရားကို အမြဲတမ်း လက်ကိုင်ထားနေမိသည်။ အသက်ဘေးကို အခါမလပ် တွေးကြောက်နေမိသည်။ ဘုရားကျောင်းကန်နှင့် ပတ်သက်သော ကိစ္စဝိစ္စများကို တိုး၍သာ ပြုလုပ်နေမိသည်။ အခြားအရပ်တစ်ပါးသို့လည်း သွားလိုစိတ် နည်းပါးနေမိသည်။

အဲသည်နောက်ပိုင်းရောက်တော့မှ သူ အကြောက်တရားကို ပြန်မေ့လာသည်။ လူက ဟိုတုန်းကအတိုင်း

www.burmeseclassic.com

ပြန့်ဖြစ်လာသည်။ မဖြစ်၍လည်းမရပါ။ လူ့လောကမှာ နေထိုင်သည့် လူဆိုတော့လည်း လူ့အရေးကိစ္စတွေနှင့် မပတ်သက်ချင်၍မရ။ ဥပမာ–သူ့တွင် သားကျွေးမှု မယားကျွေးမှု ကိစ္စတွေရှိသည်။ မိသားစုကို အောက်ကျနောက်ကျ မဖြစ်အောင်၊ လူတန်းစေ့နေနိုင်အောင် ဦးစီးရွက်ဆောင်ပေးရမည့် တာဝန်တွေ သူ့မှာ ရှိသည်။

သူ့ အရင်ကလိုတော့ ရွှေမှော်၊ ကျောက်မှော်တွေဘက် မသွားတော့ပါ။ သူတို့ဒေသတွင် ရေထွက်ပစ္စည်းတွေ အများအပြားထွက်ရှိရာဒေသဖြစ်သည်။ ထို့ကြောင့် ထိုရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းကိုပင် သူ လုပ်ကိုင်ဖြစ်သွားသည်။

သူက စီးပွားရေးမှာတော့ အတော်အကျိုးပေးပါသည်။ သူ့ကုန်သည်လုပ်ငန်းက ကံလိုက်ပြီး အောင်မြင်သည်။ မကြာမှတင်မီကာလအတွင်းမှာပင် သူ ပိုက်ဆံချမ်းသာလာသည်။ ဤတွင် ရလေလိုလေ အိုတစ္ဆေ သဘောကိုဆောင်သော လောဘ၏ သံသရာချဲ့ခြင်းကို သူ ခံရသည်။ သူ စီးပွားရေးကို မနားမနေ လုပ်ကိုင်နေမိသည်။ ငွေကိုလည်း ရပြီးရင်း ရချင်နေမိသည်။

သည်လိုနှင့် အတိတ်ကို သူမေ့လျော့စပြုလာသည်။ ရံဖန်ရံခါ၌ ထိုအတိတ်ကို သတိရမိသော်ငြား ခံစားချက်က စူးရှထက်မြက်ခြင်း မရှိတော့ပြီ။ မှိန်ဖျော့ပျက်ပြယ်သလောက် ဖြစ်နေလေပြီ။

◆◆◆

သည်တစ်ခေါက်မှာတော့ သူ အချိုးကြီး ကြုံလာခဲ့သည်။ ကုန်တွေကို သင်္ဘောနှင့် တနင့်တပိုး တင်လာခဲ့သည်။ ပွဲပေါက်ကို တွေ့ထား၍လည်း ဤကဲ့သို့ကြံဆောင်လာခဲ့ခြင်းပင်။ လမ်းတစ်လျှောက်လုံး သူက သူရရှိထားသည့် သင်္ဘောပထမတန်း အခန်းထဲတွင် ပစ္စည်းစာရင်းတွေ၊ ငွေစာရင်းတွေကို စစ်ဆေးတွက်ချက်ရင်း အလုပ်ရှုပ်နေမိသည်။

သင်္ဘောက အတော်များများ ခရီးပေါက်ပြီးချိန် ကျယ်ပြန့်သည့် တစ်ခုသော မြစ်လယ်တစ်နေရာသို့လည်း ရောက်ရှိနေချိန် ထိုအချိန်မှာပင် သင်္ဘောပေါ်က ဗရုတ်ဗရက် ရုတ်ရုတ်သဲသဲဖြစ်နေသော အသံဗလံများကို သူ ကြားလိုက်ရသည်။

'မီးဗျို့..မီး..မီး၊ သင်္ဘောစက်ခန်းထဲမှာ မီးလောင်နေပြီ'


'မီးတွေ ကူးလာပြီဟေ့။ ပြေးကြ..ပြေးကြ၊ အပေါ်ထပ်ကို တက်ပြေးကြ'

သူ အထိတ်တလန့်ဖြစ်သွားသည်။ အခန်းထဲက ပြေးထွက်ပြီး အောက်ကို ငုံ့ကြည့်လိုက်မိသည်။ မှန်သည်၊ သင်္ဘောအောက်ပိုင်းမှာ မီးလောင်နေပြီ။ မည်းမှောင်သော မီးခိုးလုံးကြီးတွေ တလိပ်လိပ်ထိုးထွက်နေသည်။ သူကြည့်နေဆဲမှာပင် ဒိုင်းခနဲ့ ဒိုင်းခနဲ ပေါက်ကွဲသံကြီးများပါ ထွက်ပေါ်လာသည်။ ဆီတိုင်ကီ ပေါက်ကွဲသံများပင် ဖြစ်မည်။ ရဲရဲနီသော မီးလုံးကြီးတွေက တဟုန်းဟုန်းထလာကြသည်။

'ဘုရား..ဘုရား..ဘုရား..ဘုရား'

ဘုရားတ,ရင်း ချောက်ချားနေမိသည်။ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေမိသည်။ နောက်မှ သတိရလာကာ အခန်းထဲ ပြေးဝင်သွားပြီး ပစ္စည်းသိမ်းသည်။ ငွေနှင့် စာရွက်စာတမ်းတွေကို အိတ်ထဲထည့်သည်။ ကျန်တာတွေကိုတော့ ဘာမျှမမြင်မိတော့။ အိတ်ကိုလွယ်ပြီး သူပြေးထွက်လာခဲ့သည်။ အပြင်ရောက်တော့ လူအုပ်ကြီးနှင့် ရင်ဆိုင်တိုးမိသည်။ အောက်ထပ်က ပြေးတက်လာသည့် လူတွေ။ ကလေးတွေရော လူကြီးတွေရော အဘိုးကြီးအဘွားကြီးတွေရော အားလုံးကြောက်လန့်နေကြသည်။ ငိုယိုနေကြသည်။ ကယ်ပါ ယူပါနှင့် တစာစာမြည်တမ်းနေကြသည်။ အားလုံး ကမ္ဘာပျက်နေကြပြီ။

သင်္ဘောကြီးက စုန်လှုပ်ပြီး ခါယမ်းနေသည်။ ရေစီးကြောင်းထဲမှာ ပတ်ချာလည်နေသည်။ သွပ်နံ့တွေ၊ မီးခိုးနံ့တွေက ဖုံးလွှမ်းရိုက်ခတ်နေသည်။ တဝုန်းဝုန်း မီးလောင်နေသော အသံများက ပိုမိုကျယ်လောင်လာပြီး အပူရှိန်ကပါ ပို၍တိုးလာသည်။ မီးက ရှေ့ကို ပိုတိုးလာပြီး သင်္ဘောတစ်စင်းလုံးကို လောင်မြိုက်သွားတော့မှာ





www.burmeseclassic.com

www.burmeseclassic.com

သေချာနေသည်။ လူတွေက ရှေ့ပိုင်း၌သာ စုပြုံပြီး ပိတ်မိနေကြပြီ။

'မီးတွေ ဒီကိုရောက်လာပြီ။ ခုန်ချ..ခုန်ချ၊ ရေထဲကို ခုန်ချ'

ငိုယိုအော်ဟစ်သံများက ပိုမိုဆူညံလာသည်။ အပူဟပ်လာပြီးနောက် လူအများပြား ရေထဲ ခုန်ချကြသည်။ တကယ်တော့ သူက ရေထဲ ခုန်မချရဲပါ။ သူ ရေကူးလည်း သိပ်မကျွမ်းပါ။ သို့သော် သူ့အားကလူတွေ တွန်းတာတိုက်တာကို ခံရပြီးနောက် သူပါ ရေထဲ ထိုးကျသွားသည်။ ရေထဲကျကျချင်း အေးခနဲခံစားလိုက်ရပြီးနောက် သူ ကမူးရှူးထိုး ဖြစ်သွားသည်။ မျက်စိထဲ ဘာမှမမြင်တော့ဘဲ တွေ့မိတွေ့ရာတွေကို ရမ်းဆွဲနေမိသည်။ သူ့အိတ်လည်း ဘယ်ရောက်သွားမှန်း မသိတော့။

ရေထဲ၌ ကြောက်အားလန့်အား ဝရုန်းသုန်းကားဖြစ်နေသည်မှာ သိပ်တော့မကြာလှ။ တစ်ကြိမ်တွင် သူဆွဲမိဆွဲရာ ဆွဲမိရင်း မာမာကျောကျော ရှည်ရှည်မျှော့မျှော့ အရာကြီးတစ်ခုကို သူလှမ်းကိုင်မိသည်။ ကြိုးစည်းကြီးတစ်စည်း ဖြစ်နေသည်။ ဝမ်းသာလိုက်သည်မှာ ပြောစရာမရှိ။ ကြိုးစည်းကို လက်နှင့်ပိုက်ထားပြီး ကြိုးစည်းပေါ်မှာပင် ဦးခေါင်းတင်ကာ အသာမျှောလိုက်သွားလိုက်သည်။ သူ့ရင်အစုံကတော့ ဖြောင်းဆန်နေအောင် အခုန်မြန်နေဆဲ။ သူ့အသက်ရှူနှုန်းကလည်း စည်းချက်တွေလွဲပြီး ပြင်းထန်စွာ ဖောက်ပြန်နေဆဲ။

◆◆◆

လူ(၈၀)လောက် သေသွားသည်။ ရေနစ်သူနစ်၊ မီးလောင်သူလောင်၊ သူကတော့ သေကံမရောက် သက်မပျောက်ဖြစ်ရသော စာရင်းထဲမှာ ပါဝင်ခွင့်ရခဲ့သည်။ သည်တစ်ခါ ထိချက်က ယခင်ထိချက်ထက် ပိုပြင်းထန်သည်ဟုဆိုရမည်။ သူ သေဘေးကို အလွန့်အလွန်ကြောက်လန့်သွားသည်။ ဘာမျှအာမခံချက်မရှိသော ပျက်စီးလွယ်သော လူ့ဘဝကိုလည်း ပို၍သဘောပေါက်လာသလို ရှိသည်။

'တော်ပါပြီဗျာ၊ တော်ပါပြီ။ နတ်ပြည် နတ်စည်းစိမ်က ရွှေခွက်နဲ့တူပြီး လူ့ဘဝ လူ့စည်းစိမ်က မြေခွက်နဲ့တူတယ်ဆိုတာ တကယ်မှန်တာပဲ။ လူ့လောက ဘယ်နေရာကိုကြည့်ကြည့် အချိန်မရွေး သေသွားနိုင်တဲ့နေရာတွေချည်းပဲ။ တော်ပြီဗျာ၊ ကိုယ့်အသက်ကလေးကိုပဲ ဉာဏ်ထု… ပြီး မသေအောင် မွေးတော့မယ်။ တခြားဘာမှ မလိုချင်တော့ဘူး'

ကိုယ့်အတွေ့အကြုံနှင့်ယှဉ်ပြီး ကိုယ့်အတွေးအခေါ်ကို နီးစပ်ရာလူတိုင်းသို့ ပြောပြမိသည့်စကား။ စကားနှင့်ညီအောင်လည်း သူက နေထိုင်ခဲ့သည်။ စီးပွားရေးတွေကို ဖြတ်နိုင်သလောက် ဖြတ်သည်။ ဘုရား၊ ကျောင်း၊ က… များသို့ မပြတ်သွားသည်။ ကုသိုလ်ကောင်းမှုတွေ တွန်း… လုပ်သည်။ ထစ်ခနဲဆို အန္တရာယ်များလားဆိုပြီး သတိထားမိပြီးသား ဖြစ်သွားသည်။ သည်မျှကြောက်လန့်သွားသည်။

သည်တစ်ကြိမ်တော့ သည်အရှိန်က (၅)နှစ်၊ (၆)နှစ်လောက် ကြာသွားပါသည်။ သည်ကာလအတွင်း သူခံယူထားသည့် လောကအမြင်၊ ဘဝအမြင်တွေက ကျောက်ချ… ထားသလို တည်တံ့နေသည်။ ခိုင်မြဲနေခဲ့သည်။

အဲ..သည့်နောက်ပိုင်းကို[illegible]တော့ ကာလယ… ရားက ထုံးစံအတိုင်း သူ့ကို ထိပ[illegible]လာပြန်သည်။ လွှမ်းမိုး… လာပြန်သည်။ အနာက ကျက်သလောက် ဖြစ်သွားပြီး… ထိုအနာကို မေ့ပျောက်ချင်သလို ဖြစ်လာပြန်သည်။ အတိတ်က မှုန်ဝါးလာသလို အတိတ်ခံစားချက်တွေကပါ ပျက်ပြယ်လာပြန်သည်။

လောကဟူသည် ပြိုင်ပွဲဖြစ်သည်။ ထိုပြိုင်ပွဲ… မထွက်ချင်အောင် လောကကပင် အမြဲသွေးထိုးပေးနေသည်။ နှိုးဆော်ပေးနေသည်။ သည်ဒဏ်ကို မည်သူမျှ ခံနိုင်ရည်မရှိ။ သူ့ပတ်ဝန်းကျင်မှာ အပြောင်းအလဲတွေ ဖြစ်လာသည်။ တစ်ချိန်က ကိုယ့်အောက်မှာ နေခဲ့သူတွေ ကိုယ့်အထက်ကို ရောက်နေကြပြီ။ သည်လူတွေကိုကြည့်ပြီး မခံချင်စိတ်က တရွရွထိုးထလာသည်။ မခံချင်စိတ်နှင့်အတူ မနာလိုစိတ်တွေ၊ ဝန်တိုစိတ်တွေ၊ မုန်းတီးစိတ်တွေပါ ထပ်ဆင့်ဝင်လာပြီဆိုတော့ သူ မည်သို့မျှ ချုပ်တည်းမထားနိုင်တော့ စိတ်ကို ပြန်လွှတ်ပေးလိုက်ပြီး ပြိုင်ပွဲထဲသို့ ပြန်ဝင်လာခဲ့သည်။

သူတို့ဒေသမှာ လတ်တလော ပုစွန်မွေးမြူရေးလု… ငန်းတွေ ခေတ်စားနေသည်။ သည်လုပ်ငန်းနှင့် ချမ်းသာ… သူတွေ ချမ်းသာနေကြပြီ။ အဲ့ ကိုယ်က မဆင်းရဲ… ဘူးဆိုတော့င် အရင်က အခြေအနေမျိုး မရှိတော့ပြီ။ သ…



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဆက်နေသွားလျှင် ထပ်ပြီးကျသထက်ကျသွားဖို့သာရှိသည်။ မဖြစ်ပါ။ သည်အတိုင်းနေ၍ မဖြစ်ပါ။ ဝင်မှဖြစ်မည်၊ လုပ်မှဖြစ်မည်။ သူများ ပုစွန်ဆို ကိုယ်လည်း ပုစွန်မှဖြစ်မည်။

လောဘသွေးတွေ ပူလောင်ဆူပွက်လာခြင်းနှင့်အတူ ပုစွန်မွေးမြူရေးလုပ်ငန်းကို ထူထောင်လုပ်ကိုင်ဖြစ်သွားသည်။

◆◆◆

လေယာဉ်က အမြင့်ပေသောင်းကျော်၌ ပျံသန်းလျက် ရှိသည်။ ငြူငြူရရ ပျံသန်းလျက်ရှိသည်။ လေယာဉ်ပြတင်းမှတစ်ဆင့် တိမ်တိုက်တွေကို တရိပ်ရိပ်တွေ့ရသည်။ အောက်ကိုငုံ့ကြည့်လိုက်တော့ တောင်တန်းတွေ၊ မြစ်ချောင်းတွေကို သေးကွေးမှုန်ဝါးစွာ တွေ့မြင်ရသည်။

အဆင့်မြင့်လေယာဉ်ပျံကြီးကိုစီးရင်း ပြည့်စုံသော မိမိဘဝအကြောင်းကို ပြန်တွေးနေရသည်မှာ အရသာရှိလှသည်။ သူက စီးပွားရေးတွင် ဘာမဆို အကျိုးပေးသည်၊ အောင်မြင်သည်။ ယခု ပုစွန်မွေးမြူရေးလုပ်ငန်းကို သူများနောက်မှ ထလုပ်တာတောင် ဘယ်သူမှ မယှဉ်နိုင်အောင် ထွန်းပေါက်ခဲ့သည်။ အားလုံးကို ဖြတ်ကျော်နိုင်ခဲ့သည်။ ယခုခရီးစဉ်မှာ ပြည်တွင်းလုပ်ငန်းရှင်များထဲမှ အအောင်မြင်ဆုံး ပုဂ္ဂိုလ်ဖြစ်သော သူ့ကို နိုင်ငံခြားရှိ ကမ္ဘာကျော် ပုစွန်မွေးမြူရေးစခန်းကြီးတစ်ခုက လေ့လာရေးနှင့် အလည်အပတ်ခရီး ဖိတ်ကြားလာသည့်အတွက် ထွက်ခွာလာခဲ့ခြင်းပင်။

လေယာဉ်က တငြိမ့်ငြိမ့်ပျံသန်းနေဆဲပင်။ သူက အတွေးနှင့်အတူ ပီတိတွေဝေနေမိသည်။ ဟိုရောက်ရင် ဘာလုပ်မည်၊ ဟိုကပြန်လာရင် ဘာတွေဆက်လုပ်ရမည် ဆိုပြီး များပြားလှသည့် မိသားစုကဏ္ဍ၊ လုပ်ငန်းကဏ္ဍများကို စီမံချက်ချနေမိသည်။

ထိုစဉ် ရုတ်တရက် လေယာဉ်က ဘေးစောင်းကြီးဖြစ်သွားသည်။ စီခနဲထွက်ပေါ်လာသည့် အော်သံများနှင့်အတူ သူ့ဘေးခုံက လူကြီးမှာ ထိုင်ခုံက ပြုတ်ထွက်ပြီး အလယ်လမ်းပေါ် လုံးထွေးကျသွားသည်။ လေယာဉ်က ချက်ချင်းဆိုသလို ပြန်ငြိမ်သွားသည်။ ပြန်ပြီးတည့်မတ်လာသည်။ လေယာဉ်မယ်တစ်ယောက်က ဘာမှမစိုးရိမ်ရန်နှင့် ခါးပတ်များကို ပတ်ထားကြဖို့ ပြောဆိုသည်။ ခရီးသည်အားလုံးကတော့ ကြောက်စိတ်မပြယ်နိုင်ကြသေးပေ။

ယင်းအခိုက် လေယာဉ်က ပိုပြီးတုန်ခါလာသည်။ လူးကာလိမ့်ကာနှင့်လည်း ဖြစ်လာသည်။ လေယာဉ်စက်ရပ်သွားကြောင်းနှင့် လေယာဉ်မှူးများက ပြန်လည်ကြိုးစားနေကြောင်း လေယာဉ်မယ်က တစာစာအော်ပြောနေသည်။ ခရီးသည်များကမူ ပို၍သာ အော်ဟစ်နေကြသည်။ ဆောက်တည်ရာမရ ဖြစ်နေကြသည်။ မကြာမီ လေယာဉ်က ကျွမ်းစိုက်သွားသည်။ လေယာဉ်မယ်က လွင့်ထွက်သွားပြီး လေယာဉ်တံခါးနှင့် ဦးခေါင်း ဆောင့်မိကာ မျက်လုံးပြူးလျက်သား ငြိမ်သက်သွားသည်။

'ဘုရား..ဘုရား..ဘုရား..ဘုရား'

ဘုရားတ,ရသည့်အချိန်သို့ ရောက်လာပြန်သည်။ သူ့အပါအဝင် လူအားလုံး ခေါက်ထိုးကြီးတွေဖြစ်နေသည်။ ပစ္စည်းမျိုးစုံကလည်း တဖြုတ်ဖြုတ်ပြုတ်ကျနေပြီး ဟိုရောက်သည်ရောက် ဖြစ်နေကုန်သည်။ အားလုံးရှုပ်ထွေးလျက်ရှိပြီ။ ပြတင်းပေါက်တချို့က ပွင့်ထွက်သွားပြီး လေတွေ တဝူးဝူးတိုးဝင်လာနေသည်။ အော်ဟစ်ငိုယိုသံတွေက ကလေးသံတွေရော လူကြီးသံတွေပါ ရောထွေးပျံ့လွင့်နေသည်။ သူ့ မျက်လုံးကြီး ပြူးနေမိသည်။ အသက်ရှူရမှာကိုပင် မေ့နေမိသည်။ သူ့မျက်စိရှေ့မှောက်မှာတော့ အပြာရောင်ရေပြင်ကြီးကို မြင်တွေ့နေရသည်။ ရေပြင်ကြီးနှင့် ပို၍နီးလာသလိုလည်း ရှိသည်။

သူ ငိုဖို့အတွက် သတိရလာသည်။ ပြီးတော့ မျက်ရည်တွေကြားက တစ်စုံတစ်ခု တိုင်တည်ဖို့ကိုပါ သတိရလာသည်။

'ကြောက်ပါပြီဗျ.. ကြောက်ပါပြီ၊ တကယ်ကို ကြောက်ပါပြီ။ လူ့ဘဝကြီးဟာ မမြဲခိုင်ခဲ့တယ်ဆိုတာကို တကယ်ယုံပါပြီ။ နောက်ဆို ဆင်ခြင်ပါတော့မယ်။ ဘယ်လောဘကိုမှ မလိုက်စားတော့ပါဘူး။ ကိုယ့်အသက်ကလေးကိုပဲ ရှင်သန်အောင် မွေးပါတော့မယ်။ ကျွန်တော် မမိုက်တော့ပါဘူး၊ တကယ်မမိုက်တော့ပါဘူး'

◆◆◆

သိပ်မကြာမီပင် လေယာဉ်ကြီးက ရေပြင်နှင့် ပြင်းထန်စွာ ထိတွေ့ပြီးလျှင် အားရပါးရကြီး မိတ်ဆက်လိုက်တော့သည်။

မြမြတ်တင်

www.burmeseclassic.com

www.burmeseclassic.com

(၁)

လေနုအေးတို့ နော့နေဆဲပါ။ ကုလားတန်မြစ်ပြင်ကို ဖြတ်သန်းကျော်ဖြတ်လာရ၍ မြစ်ပြင်၏ကိုယ်ရံအအေးဓာတ်တို့ကို တစ်ပါတည်း ယူဆောင်လာခဲ့ပုံရသည်။ ကျွန်တော့်မျက်နှာကို တိုးဝှေ့ကျီစယ်သွား၍ အေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်း ခံစားမှုကို ကျွန်တော် ခံစားနေရသည်။

အဓိဋ္ဌာန်ပုတီးပတ်များ စိပ်ပြီး၍ အာနာပါနကမ္မဋ္ဌာန်းနှင့် မေတ္တာကမ္မဋ္ဌာန်းကို ဆက်လက် စီးဖြန်းနေခြင်းဖြစ်သည်။ ဓမ္မရသဖြစ်သော သုခနှင့် ပီတိတို့ကို သမာဓိတရားနှင့် ယှဉ်တွဲ၍ ကျွန်တော် ခံစားနေမိသည်။

'လူလေး··အာနာပါနကမ္မဋ္ဌာန်းဟာ သမထကျင့်စဉ် ဖြစ်ပေမယ့် သမာဓိရင့်သန်လာလို့ အားကောင်းလာရင် ဝိပဿနာတရားဘက်ကို လှည့်လိုက်လို့ရတယ်။ ရုပ်ခန္ဓာရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်း ဓာတ်သဘောတွေကို ရှုမှတ်လိုက်ရင် ဝိပဿနာတရား ဖြစ်သွားတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းရှိနေရင် ပါရမီဓာတ်ခံနှင့် အဓိဋ္ဌာန်လမ်းကို လျှောက်ကြရတယ်။ ဘဝသံသရာ ရှည်ကြာပေမယ့် ဆုတောင်းမပြည့်သေးခင် ဖြည့်ဆည်းရတဲ့ အနာခံဝိဇ္ဇာလမ်းဆိုတာ အကျင့်အားသန်မှ ပေါက်မြောက်တတ်ကြတာ။ ကြိုးစားအားထုတ်ရမှာက ကိုယ့်အလုပ်ဖြစ်တယ်'

ဆရာကြီးပညာရွှေ၏ ဩဝါဒစကားများကို ကြားယောင်လာမိသည်။

'ငါမရှိတော့ပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ငါရောက်ခဲ့တဲ့ နေရာဌာနတွေကို မင်းရောက်ရလိမ့်မယ်'

ကျွန်တော့်ရင်ထဲ ပူဆွေးတမ်းတမှုကြီး ပေါ်ပေါက်လာရသည်။ ဆရာကြီးပညာရွှေ ရောက်ခဲ့သည့် နေရာ





www.burmeseclassic.com

www.burmeseclassic.com

ဌာနသို့ ကျွန်တော် ရောက်ရှိနေပါပြီကော။

(၂)

ရခိုင်ပြည်နယ်၏ အစွန်ဆုံး ဘင်္ဂလား ပင်လယ်အော်ကမ်းစပ်နား တည်ရှိနေသော ဖရုံကာကျွန်းသုံးကျွန်းအနက် အလယ်ဖရုံကာကျွန်းသို့ ရောက်ရှိနေခြင်း ဖြစ်ပါသည်။ အလယ်ဖရုံကာကျွန်း တောင်တန်းကြီးကို အမှီပြုလျက် ကုလားတန်မြစ်ကမ်းစပ် တောင်ခြေရွာတန်းရှည်ဖြစ်သည့် မြင်းကပ်ရွာသို့ ဆရာတော်ဦးဝိဝေက ဖိတ်ခေါ်ချက်ဖြင့် လိုက်ပါခဲ့ရခြင်း ဖြစ်ပါသည်။ အချိန်ကာလအားဖြင့် (၂၀၁၇)ခုနှစ်၊ ဇန်နဝါရီလအတွင်း ရက်များ ဖြစ်ပါသည်။

ကျွန်တော် တရားထိုင်နေသည့် စေတီသည် ကိုးတောင်ပြည့်စေတီဖြစ်၍ ပေ(၁၀၀၀)ကျော်မြင့်မားသော ဖရုံကာအလယ်ကျွန်း၏ တောင်တစ်တောင်ဖြစ်ပြီး ရွာသားများ၏အခေါ် ဝေလုတောင် ဖြစ်ပါသည်။ ဖရုံကာကျွန်း နေထိုင်သူများမှာ ခမီတိုင်းရင်းသား မျိုးနွယ်စုများ ဖြစ်ကြသည်။ ဒေသခံ ခမီတိုင်းရင်းသားတို့၏ စကားကို ကောင်းစွာနားလည်ခြင်း မရှိပါ။ ဆရာတော်ဦးဝိဝေကနှင့် တပည့်တချို့ ဘာသာပြန်ပေး၍သာ နားလည်ရခြင်း ဖြစ်ပါသည်။ ခမီတိုင်းရင်းသားတို့ ယဉ်ကျေးမှုဓလေ့နှင့် တန်ခိုးကြီး ဆံတော်ရှင်စေတီကို ဖူးမြော်ရမည့် အခွင့်အရေးအတွက် ဆရာတော်နှင့်အတူ လိုက်ပါခဲ့ရခြင်း ဖြစ်ပါသည်။

ခမီတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာဝင် အများစုဖြစ်၍ ရွာဦးဘုန်းတော်ကြီးကျောင်းကို ရွာ၏ အမြင့်ဆုံးနေရာ၌ တည်ထားကိုးကွယ်ကြသည်။ ဝေလတောင်ခြေကပ်လျက် ရွာဦးကျောင်းရှိနေပြီး ကျောင်းထိုင်ဆရာတော်မှာ ဦးသုဘောဂ ဖြစ်ပါသည်။ ဆရာတော်ဦးဝိဝေကမှာ စာသင်သား ဘဝကတည်းက မွေးရပ်မြေမှ ထွက်ခွာလာခဲ့ပြီး ရဟန်းဝါ(၂၀)နီးပါးရမှ မိဘနှစ်ပါးနှင့် ဆွေမျိုးများရှိရာ မြင်းကပ်ရွာအလယ် ဖရုံကာကျွန်းသို့ ပြန်လာခြင်း ဖြစ်ပါသည်။

ကျွန်တော့်စိတ်မနောအာရုံ သမာဓိကောင်းစွာရနေစဉ် ဝေလတောင်တန်း အနောက်ဘက်ဆီမှ မြင်းခွာသံ တဖြောင်းဖြောင်းဖြင့် အပြေးလာသည့်အသံ ကြားလိုက်ရသည်။ ကျွန်တော့်နားအရောက်တွင် မြင်းခွာသံရပ်သွားပြီး မြင်းနက်ကြီးတစ်ကောင်ကို တွေ့မြင်လိုက်ရသည်။ မြင်းနက်ကြီး၏ မျက်နှာကို ကြည့်လိုက်မှ မျက်လုံးတစ်ဖက် ဟောက်ပက်ကြီးဖြစ်နေသည်ကို မြင်လိုက်ရသည်။ မြင်းနက်ကြီးမှာ ကျွန်တော်တရားထိုင်နေစဉ် ရှူးခနဲ နှာမှုတ်သံ တစ်ချက်ပေးပြီး လှည့်ထွက်သွားတော့သည်။ ကျွန်တော် တရားဖြုတ်လိုက်ပြီး မျက်စိဖွင့်ကြည့်လိုက်မိသည်။ မြင်းနက်ကြီး မရှိတော့ပါ။

'အဘ··ပုတီးစိပ် တရားထိုင်လို့ ပြီးပြီလား'

ကျွန်တော်နှင့် အဖော်လိုက်ပါပြီး ဝေလတောင်ထိပ်အရောက်ပို့ပေးသော ခမီတိုင်းရင်းသားလူငယ် အောင်ကျော်မိုး အမေးစကားကို ရုတ်ခြည်းပြန်မဖြေမိပါ။

'ထူးဆန်းလိုက်တာ'

ကျွန်တော့်နှုတ်မှ စကားတစ်ခွန်း ထွက်သွားမိသည်။

'ဘာဖြစ်လို့လဲ အဘ။ မြင်းခွာသံ ကြားလိုက်ရလို့လား'

'ဟုတ်တယ် အောင်ကျော်မိုးရေ၊ မြင်းနက်ကြီးကွ။ မြင်လိုက်ရတာ မျက်လုံးတစ်ဖက် ကန်းနေတယ်'

'အဲဒါ မြင်းကန်းလေ အဘ။ သည်စေတီတည်ထားတဲ့ တောင်ထိပ်မှာ မြင်းကန်းသိုက် ရှိနေတယ်။ ဘုရားတည်ထားသူနှင့် ကျွန်တော်တွေ့ပေးမယ်။ အဘကို တွေ့ချင်တဲ့သူ စောင့်နေတယ်။ ကိုသစ်ပင်အောက်မှာ'

ကျွန်တော်လှမ်းကြည့်လိုက်တော့ အသက်(၁၆)နှစ်အရွယ် မိန်းကလေးတစ်ဦးကို သစ်ပင်ကိုမှီပြီး ရပ်နေသည်ကို မြင်လိုက်ရသည်။ စေတီတည်ထားသည့် တောင်ကမူလေးအောက် တောင်စောင်းက သစ်ပင်အောက်မှာရပ်၍ ကျွန်တော့်ကို လက်အုပ်ချီပြီး စူးစမ်းသည့် အကြည့်ဖြင့် ကြည့်နေသည်။ ယင်းမိန်းကလေးက ခမီဘာသာစကားဖြင့် အောင်ကျော်မိုးကို လှမ်းပြောသည်။

'အဘ··အဲဒီ မိန်းကလေးက အဘကို သိုက်ဆရာကြီးလားတဲ့ မေးနေတယ်'

'သိုက်ဆရာ မဟုတ်ဘူးလို့ ပြောလိုက်ပါကွာ။ ငါတို့ ကြောက်နေပါဦးမယ်။ ကလေးမလေးက သိုက်လို့ခေါ်တဲ့ ဥစ္စာစောင့် လူဝင်စားလေးကွ'

ကျွန်တော့်စကားကြောင့် ကလေးမလေးက စကားဖြင့် အောင်ကျော်မိုးကို လှမ်းပြောသည်။

'အဘ··သည်တောင်က ဥစ္စာစောင့်တွေက



www.burmeseclassic.com

www.burmeseclassic.com

အမျိုးလို့ ပြောတယ်။ သူတို့ကို ကူညီပေးပါတဲ့။ သိုက်ဆရာတွေ မကြာခဏ သိုက်လာတူးကြတယ်လို့ ပြောတယ်'

ကျွန်တော် ကလေးမလေးကို သေသေချာချာ ကြည့်လိုက်မိမှ အံ့အားသင့်သွားရသည်။ ကျွန်တော်နှင့် အောင်ကျော်မိုးတို့ တောင်ပေါ်တက်လာစဉ် ပလိုင်းကိုယ်စီလွယ်ပြီး ပဟင်းရွက်ခူးထွက်လာသော ရွာသူ ခမီအမျိုးသမီးကြီး (၃)ယောက် တောင်တက်လမ်းမှာ ကျွန်တော်တို့ကို ကျော်တက်သွားကြသည်။ ကျွန်တော်တို့လည်း တောင်တက်လမ်းမှာ ခြေချော်ပြီး လိမ့်မကျသွားအောင် ဝါးပင်အခြောက်ကို တောင်ဝှေးလုပ်၍ တက်ခဲ့ရသည်။

တောင်သည် မြင့်မားပြီး မတ်စောက်လှသည်။ နုနယ်လှပသော သည်မိန်းကလေး တောင်ပေါ် ဘယ်လို တက်လာသည်မသိ။ အစိမ်းရောင် နိုင်လွန်လက်ရှည်အင်္ကျီ ဝတ်ထားပြီး အင်္ကျီပေါ်မှ ခမီအမျိုးသမီးအင်္ကျီ ထပ်ဝတ်ထားသည်။ နုနယ်လှပသော မျက်နှာဝိုင်းဝိုင်းလေး မျက်လုံးအစုံက ရွှန်းလဲ့တောက်ပနေသည်။ စကားသံဝဲဝဲလေးက နားထောင်လို့ ကောင်းလှသည်။ ခြေဖျားထိ ဂါဝန်အရှည်ကြီးက လေတိုက်၍ တဖျတ်ဖျတ်လှုပ်ခါနေသည်။

'အဘ··ငေးလှချည့်လား။ ဦးပဠွင်း အဘကို ဖုန်းဆက်နေပြီ။ ထမင်းစားဖို့ ပြန်လာခဲ့ပါတဲ့'

ခမီမိန်းမပျိုလေးသည် သမင်မလေးသဖွယ် လျင်မြန်စွာ တောင်စောင်းတစ်လျှောက် ပြေးဆင်းသည်။ ကျွန်တော် အောင်ကျော်မိုးစကားကြောင့် သတိပြန်ဝင်လာရသည်။ တောင်အဆင်းလမ်းမှာ ကျွန်တော် သိချင်တာ အောင်ကျော်မိုးကို မေးရသည်။

'စေတီနားက တဲလေးဟာ ဇရပ်လေးလား။ ညအိပ်ညနေ လူစောင့်ရှိပုံရတယ်'

'ဟုတ်တယ် အဘ၊ အဲဒီတဲဟာ ဘုရားဒကာရဲ့ တဲလေးပါ။ ညတိုင်း သည်တဲမှာ အစီရွှန်ဝင်ပြီး ညအိပ်တယ်'

'အဘ··ကောင်မလေးက ချောတယ်ဗျ။ ကျွန်တော်တို့ စုမိကျိုရွာမှာ သည်လောက်လှတဲ့မိန်းကလေး မရှိဘူး။ ကျွန်တော် လူပျိုကြီးလုပ်မလို့၊ အခု မိန်းမယူချင်စိတ်ပေါက်သွားပြီ။ ဒါပေမဲ့ မိန်းမတင်တောင်းဖို့ ငွေလိုတယ်ဗျ'

ခမီအမျိုးသားများ မိန်းမယူလျှင် ငွေကြေးဥစ္စာဖြင့် တင်တောင်းရသည့် ဓလေ့ရှိသည်။

'မင်း သည်ကလေးမလေးကို အိမ်ထောင်ပြုမယ်ဆိုရင် တင်တောင်းဖို့ မလိုဘူးကွ။ သူက ဥစ္စာစောင့်လေ။ ဒါပေမဲ့ မင်း မြင်းကန်းသိုက်ရဲ့ သိုက်ချုပ်ဘိုးတော် လုပ်နေရမှာ'

ကျွန်တော့်စကားကြောင့် အောင်ကျော်မိုး ငြင်းချက်ထုတ်လိုက်သည်။

'ကြောက်ပါပြီ အဘရယ်'

(၃)

ပြာသိုလဆန်း (၁၄)ရက်နေ့ည ချမ်းလွန်းလှသည်။ ဖရဲအလယ်ကျွန်းရှိ အနောက်ရိုးမတောင်စွယ် တောင်တန်းကြောင့် အအေးပိုသည်လားမသိ။ ကုလားတန်မြစ်ပြင်ပေါ်မှ ဖြတ်သန်းလာသော လေနုအေးများကလည်း အအေးဓာတ်ကို သယ်ဆောင်လာကြသည်။ တောရိပ်တောင်ရိပ်ကြောင့် ချမ်းအေးလွန်းသည်က အမှန်ဖြစ်သည်။ တောင်ခြေ၌ ရွာတည်ထား၍ အအေးဓာတ်သည် ပိုကဲသည်မှာ ထင်ရသည်။ သည်ဖန်နဝါရီလအတွင်းမှ လိုက်လာမိသည်ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိသည်။

ညစာကို ဦးပဠွင်း ဦးဝိဝေက၏ မိဘများအိမ်က ဖိတ်ကျွေးသည်။ ကျွန်တော်သည် မြင်းကပ်ရွာ၏ ချမ်းခိုက်ခိုက်တုန်ဒဏ်ကို ကာကွယ်ထားရသည်။ ခေါင်းစွပ်၊ အနွေးထည်အင်္ကျီ နှစ်ထပ်၊ လက်အိတ်၊ ခြေအိတ်များ စွပ်ထားရပြီး အောက်ခံဘောင်းဘီ ဝတ်ထားသည့်တိုင် အချမ်းက မပြေပါ။ ရန်ကုန်မှာ ဆောင်းသည့် ချမ်းအေးသည့်ဓာတ်များ ပျောက်ကွယ်နေသည်မှာ ဆယ်စုနှစ်ကျော်ခဲ့ပြီဖြစ်သည်။ ကျွန်တော်နေထိုင်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ပင် ချမ်းအေးသည့်ရက် ပြာသိုလ၌ (၃)ရက်ထက်မပို။ နံနက်ခင်း နှင်းမြူများ ပိတ်ဖုံးအောင်ကျသည့်ရက်ကလည်း လက်ချိုးရေလို့ရသည်။ ကျွန်တော်တို့မြို့နယ်သည် ငမိုးရိပ်ချောင်းနှင့်လည်း နီးသည်။ သစ်ပင်များ စိုက်ပျိုးထားမှု များပြားသည်။ ယင်းသို့တိုင် ဆောင်းမင်းသမီးကို အလည်ခေါ်၍ မရပါ။

ပြာသိုလပြည့်နေ့တွင် ဦးပဠွင်း ဦးဝိဝေကကို သိမ်ထမ်မင်္ဂလာ ပြုလုပ်မည်ဖြစ်၍ ဖရဲကာအနောက်ကျွန်းနှင့် မင်းပြားမြို့များမှ ဆွေမျိုးများစုညီစွာ ရောက်နေ၍ ဦး



www.burmeseclassic.com

www.burmeseclassic.com

ပဒ္မင်းမိဘများ အိမ်မှာ စည်ကားနေသည်။ ကုလားထိုင်ပေါ် ဒူးတုပ်၍ထိုင်နေသော ကျွန်တော့်ကို ရွာခံ ခမီတိုင်းရင်းသားများ ဝိုင်းအုံ၍ သိလိုရာ မေးကြသည်။ ထင်းချောင်းကြီးများ မီးပုံပြုလုပ်ထား၍ မီးအပူရှိန်ကြောင့် အချမ်းသက်သာပါသည်။

'ဆရာကြီးက စာရေးဆရာဆိုတော့ ဘာစာတွေ ရေးလဲဗျ'

မြန်မာစကား ကောင်းစွာပြောတတ်သော လူရွယ်တစ်ဦးက မေးပါသည်။

'ဂမ္ဘီရခေါ်တဲ့ အဆန်းတကြယ် အကြောင်းတွေပေါ့ဗျာ'

'ဥစ္စာစောင့်တွေ၊ ကဝေတွေ၊ သရဲတွေ အကြောင်းလား။ ကျွန်တော်တို့ မြင်းကပ်ရွာက မြင်းကန်းသိုက်အကြောင်း ရေးပါလား'

'ရန်ကုန်ပြန်ရောက်ရင်ရေးဖို့ အစီအစဉ်ရှိပါတယ်'

'အဘက ဆေးဆရာလား။ တောင်ပေါ်တက်တုန်းက ဆေးပင်တွေ ရှာတယ်ဆို၊ ဗီးစပ်ပင်က ဆေးဖက်ဝင်တယ်ဆို (ခမီတိုင်းရင်းသားများ ဗီးစပ်ပင်ကို အခေါ်တစ်မျိုးဖြင့် ခေါ်ပါသည်)။ ကျွန်မမှာ အနာစိမ်းတွေ ပေါက်နေတယ်။ ဗီးစပ်ပင်ပြုတ်ရည်နဲ့ လိမ်းရင် ပျောက်တယ်လို့ ဆရာကြီးက ပြောတယ်ဆို'

'ဗီးစပ်ပင်က ဘယ်လိုပုံသဏ္ဌာန်ရှိလဲ သိပါရစေ'

သူတို့ သိလိုရာကို ကျွန်တော်ဖြေပေးနေရသည်။

'အဘ မြင်းကန်းသိုက်အကြောင်းသိတဲ့ သက်ကြီးအဘွားနှစ်ဦး ကျွန်တော်ခေါ်လာတယ်'

အောင်ကျော်မိုးစကားကြောင့် အသက်(၇၀)အရွယ် အမျိုးသမီးကြီးနှစ်ဦးကို နေရာထိုင်ခင်း ပေးလိုက်ကြသည်။ ဦးပဒ္မင်းအစ်ကို ဦးမောင်အေးထွန်းက ခမီဘာသာစကားဖြင့် ကျွန်တော်အား ဝိုင်းအုံနေသောလူအုပ်ကို ပြောလိုက်၍ လူစုကွဲသွားကြသည်။ တချို့လူငယ်များ ဘုန်းကြီးကျောင်းဘက် ထွက်သွားကြပြီး ဧည့်ခံရေးကိစ္စများ ဆောင်ရွက်ရန် ကြိုတင်စီစဉ်ကြမည်ဖြစ်သည်။

ကျွန်တော်တို့ စကားဝိုင်း၌ သက်ကြီးပိုင်း လေး၊ ငါး ဦးသာ ရှိတော့သည်။ လရောင်သည် ထိန်ထိန်သာလျက် ရှိသည်။ ဝေလတောင်ခေါ် ဖရုံကာအလယ်ကျွန်းရှိတောင်သည် တောင်ခြေမှ မော့ကြည့်လျှင် မြင့်မားလှသည်။

ဘာသာပြန်ပေးသူ အောင်ကျော်မိုးက ခမီအဘွားများ ပြောစကားကို ပြောပြပါသည်။

'သည်တောင်မှာ မြင်းနက်ကြီးတစ်ကောင် ညတိုင်း ပြေးလွှားနေတယ်။ မြင်းနက်ကြီးမှာ မျက်စိတစ်လုံးပဲ ရှိတယ်။ တစ်ဖက် ကန်းနေတယ်။ သိုက်ဆရာတွေက မြင်းနက်ကြီးရဲ့ ပတ္တမြားမျက်စိ တစ်လုံးကို ယူသွားကြလို့ မြင်းကန်းဖြစ်သွားတာ။ ညတိုင်း မြင်းခွာသံ ကြားရတယ်။ ခုချိန်ထိ ကြားနေရတုန်းပဲ'

အဘွားနှစ်ဦး၏ ရိုးသားသောစကားကို ကျွန်တော် ယုံပါသည်။ ကျွန်တော် မြင်းကပ်ရွာ၌ရှိနေစဉ် မြင်းကန်းသိုက်အကြောင်းကို လေ့လာစုံစမ်းသွားရန် ဆုံးဖြတ်လိုက်ပါသည်။ အလ္လာပသလ္လာပ စကားများပြောရင်း ကျွန်တော့်လက်မှနာရီသည် ကိုးနာရီထိုးနေပါပြီ။ အဘွားများကို နှုတ်ဆက်ပြီး မြင်းကပ်ရွာ ဘုန်းတော်ကြီးကျောင်းသို့ အောင်ကျော်မိုးနှင့်အတူ ပြန်ခဲ့ကြသည်။

(၄)

ဘုန်းတော်ကြီးကျောင်း၌ ကျွန်တော့်အဓိဋ္ဌာန်ဝတ်ဖြစ်သည့် ပုတီးစိပ်ပြီး အာနာပါနမေတ္တာကမ္မဋ္ဌာန်း ကျင့်ကြံအားထုတ်ပြီးချိန်မှာ ညဉ့်သန်းခေါင်ယံ ရှိနေပါပြီ။ ညမွှန်းတည့်ချိန်ဖြစ်ပါသည်။

'လူလေး အဓိဋ္ဌာန်ကျင့်စဉ်ဆိုတာ မပြတ်မလပ်ရဘူး။ အဓိဋ္ဌာန်တင်ထားရင် ဘယ်နေရာရောက်ရောက် အဓိဋ္ဌာန်ဝတ် မပျက်စေနဲ့'

ဆရာကြီးပညာရှေ့၏ ဩဝါဒစကားကို ကြားယောင်လာမိသည်။ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းလုံး အိပ်မောကျနေကြသည်။ ကျွန်တော့်အတွက် နေရာချထားပေးသော အခန်းပြတင်းပေါက်တံခါးကို ဖွင့်ကြည့်လိုက်မိသည်။ ကျောင်းခေါင်မိုးပေါ်သို့ နှင်းစက်များသည် မိုးပေါက်ပမာ တဖြောက်ဖြောက် အသံမြည်လျက် ကျဆင်းနေသည်။ ကျွန်တော် မဲဇာချောင်လေးချိုးထဲမှ စာတစ်ပိုဒ်ကို သတိရလိုက်မိသည်။

ဆီးနှင်းငယ်ထန် မိုးပေါက်ပင် ပုံသဏ္ဌာန်မို့ မှုန်ပြာလျှံ တောင်ယံထဲမှာ မှိုင်းရီလို့မည်း။

ပြာသိုလဆန်း(၁၄)ရက်နေ့ ညသည် ဖရုံကာအလယ်ကျွန်း၏ ဒေသအခေါ် ဝေလတောင်ဝန်းကျင် လင်းထိန်လျက်ရှိသည်။ ပြတင်းပေါက်တံခါးမှ ဝေလတောင်ကို



www.burmeseclassic.com

www.burmeseclassic.com

အနီးကပ်မြင်နေရသည်။ ဝေလတောင်ရှိ သစ်ပင်များ လေတိုးသံဖြင့် တရှဲရှဲမြည်နေကြသည်။ တောင်ပေါ်မှ ခြေသံတရုပ်ရုပ်ဖြင့် သွားလာနေသံ ကြားရသည်။ အဝေးတစ်နေရာမှ တောခွေးလေးငါးကောင် အူသံရှည်ကြီး ကြားနေရသည်။

'ဒကာကြီး‥ညတိုင်း လူခြေတိတ်ချိန် တောင်ပေါ်က ခွေးအတစ်အုပ် ကျုပ်ကျောင်းထဲလာပြီး ထမင်းကျန် ဟင်းကျန် လာစားကြတယ်။ ကျောင်းကခွေးတွေကို ရကျွေးထားတဲ့ အစာပေါ့။ ခွေးအတွေ လာကြရင် ကျောင်းက ခွေးတွေ ကြောက်လို့ အမြီးကုပ်နေကြရော။ ခွေးအတွေ ပြန်သွားကြရင် မြင်းခွာသံ ကြားရလိမ့်မယ်'

ကျွန်တော် ကျောင်းပေါ်မှ ဆင်းလိုက်ပြီး ကျောင်းရှေ့ မြေကွက်လပ်၌ မြင်းခွာသံကို ကြားရမလားဟု လမ်းလျှောက်ရင်း စောင့်နေမိသည်။ ကျွန်တော် ရုတ်တရက် ဖြူဖြူသဏ္ဌာန် အရိပ်တစ်ခုကို မြင်လိုက်ရသည်။ ကျောင်းအောက်၌ ချက်ပြုတ်ရေးအဖွဲ့မှ လူငယ်တစ်ဦး အိပ်ရာမှ ထလာပြီး အလေးအပေါ့သွားဟန်တူ၍ ယင်းပုံသဏ္ဌာန် ရွေ့လျားနေရာနောက်သို့ ကျွန်တော် လိုက်သွားမိသည်။ တရားယောဘ တိုက်ဇရပ်လေး ဘေးလမ်းလေးမှ သိမ်ကြီးရှိရာ တောင်ကုန်းလေးပေါ်သို့ တက်သွားသည်ကို မြင်လိုက်ရသည်။

ကျွန်တော် သိမ်တော်ကြီးရှေ့သို့ ရောက်သည်နှင့်-

'ဆရာကြီး‥အိပ်လို့မရသေးဘူးလား'

သရက်ပင်ကြီးအောက်မှ အမျိုးသမီးငယ်၏ အသံကို ကြားလိုက်ရသည်။ သိမ်တော်ကြီးရှေ့ရှိ သရက်ပင်ကြီးမှာ အရွက်စိပ်စိပ်ဖြင့် အရိပ်ကောင်းလှ၍ လရောင်ပင် မတိုးနိုင်ရှိနေပြီ။ လူတစ်ဖက်စာ ပင်စည်ကြီးမှာ လူတစ်ဦး ကောင်းစွာပုန်းကွယ်နေနိုင်သည်။

'ကျွန်မ ခြေသံကြားလို့ ကျွန်မနောက်က လူတစ်ယောက် လိုက်လာတာမြင်ပြီး သရက်ပင်ကြီးအောက် ဝင်ခိုလိုက်တာ ဆရာကြီး ဖြစ်နေတာကိုး'

ကျွန်တော် ဝေလတောင်ပေါ်၌ မြင်ခဲ့ရသော ခမီအမျိုးသမီးလေး ဖြစ်နေသည်။

'သမီးတစ်ယောက်တည်းလား'

ကျွန်တော့်အမေးကို သူမ ပြန်ဖြေပါသည်။

'အဒေါ်ပါပါတယ်။ အဒေါ်က သိမ်ကြီးတောင်ကုန်းဘေးက ဥပုသ်စောင့် ဇရပ်လေးမှာ ရှိတယ်။ ကျွန်မတို့ အမျိုးသမီးအဖွဲ့က မနက်ဖြန် အလှူမှာ ဧည့်ခံကျွေးမွေးရေး တာဝန်ကျတယ်။ ဆရာကြီးနဲ့ စကားပြောဖို့ ကျောင်းကို ကျွန်မတို့ အဖွဲ့လာကြတာ။ ဆရာကြီး ပုတီးစိပ်နေလို့ မစောင့်နိုင်ကြဘဲ ဇရပ်ကိုပြန်လာပြီး အိပ်ကုန်ကြပြီ။ ဆရာကြီး ကျောင်းအောက်ဆင်းလာမယ်မှန်းသိလို့ ကျွန်မ မအိပ်ဘဲ စောင့်နေတာ'

'အကြောင်းကိစ္စ ရှိလို့လား'

ကျွန်တော့်စကားကြောင့် သူမ ခေါင်းညိတ်လိုက်သည်။

'ဝေလတောင်က ဥစ္စာစောင့်တွေ ဆရာကြီး အကူအညီ လိုနေကြပါတယ်'

'ဆရာကြီးကူညီပေးမှ သူတို့ ဒုက္ခဆင်းရဲက လွတ်မြောက်ကြမှာပါ။ ဆရာကြီး ကယ်မ,ပေးပါနော်။ သမီးနာမည် လင်းလင်းပါ။ ဥစ္စာစောင့်နာမည်က နန်းစောထွေးပါ'

ကျွန်တော်တို့ စကားပြောသံကြား၍ ခမီအမျိုးသမီးကြီးနှစ်ယောက် ရောက်လာကြသည်။

'ဟဲ့‥စောထွေး၊ နင် မအိပ်သေးဘူးလား။ သန်းခေါင်ကြက် တွန်နေပြီ။ မနက်အရုဏ်တက်ချိန် သံဃာတော်တွေကို အရုဏ်ဆွမ်း ကပ်ကြရမယ်လေ။ ပြန်အိပ်ကြရအောင်။ ဆရာကြီး‥ခွင့်ပြုပါနော်'

ခမီအမျိုးသမီးကြီးနှစ်ဦးမှာ လင်းလင်းနှင့် အမျိုးများ ဖြစ်ပုံရပါသည်။ ကျွန်တော့်ကို လက်အုပ်ချီ၍ ပြောရင်း အရိုအသေပေးပါသည်။ ခမီအမျိုးသမီးတို့၏ ယဉ်ကျေးမှုတစ်ခုဖြစ်ကြောင်း သိရသည်။ အမျိုးသမီးကြီးများနှင့် အတူ လင်းလင်း ပြန်လိုက်သွားသည်။

ကျွန်တော့်လက်မှ နာရီကိုကြည့်တော့ ညဉ့်တစ်နာရီထိုးနေပြီ။ မြင်းကပ်ရွာ၏ ဆောင်းချမ်းချမ်း တုန်နေခြင်းကိုပင် ကျွန်တော် ဂရုမထားမိချေ။ ဝေလတောင်ခြေတောအုပ်ထဲမှ ခွေးအူသံများ ပေါ်ထွက်လာပြန်သည်။ မြင်းခွာသံ ကြားရနိုးဖြင့် ကျောင်းဘက် ပြန်လာခဲ့ရသည်။

ကျောင်းပေါ်ရှိ အခန်းထဲ၌ ပက်လက်လှန်ရင်း မျက်စိစုံမှိတ်ထားသော်လည်း ကျွန်တော် အိပ်မပျော် ပါ။ တွေးစရာတွေ များလွန်းနေသည်။ ဝေလတောင်ပေါ်၌ လင်းလင်းကို စတင်တွေ့မြင်ရသည့် အချိန် ခမီစကားသာ


www.burmeseclassic.com

www.burmeseclassic.com



ပြော၍ ကျွန်တော်နားမလည်ခဲ့ပါ။ ယနေ့သူ လင်းလင်းနှင့် မြန်မာစကား ပီသစွာ ပြောဆို ခဲ့ရခြင်းကို ကျွန်တော် အံ့ဩနေမိသည်။

'လူလေး..ဥစ္စာစောင့်ဖြစ်စေ၊ သိုက်နန်းရှင်ဖြစ်စေ နာမ်ကိုသုံးနိုင်တဲ့ ကမ္ဘဝိဇ္ဇိစွမ်းအား ရှိကြတယ်။ ဘာသာစကားကို ဘယ်လူမျိုးနှင့်ဖြစ်ဖြစ် အကျွမ်းတဝင် ပြောနိုင်ကြတယ်။ သိုက်ဆိုတာ ဥပမာပြောရရင် ငှက်တွေ အသိုက်ဆောက်ကြတာ မိသားစုနေထိုင်ဖို့ဖြစ်တယ်။ လူတွေမှာလည်း မိသားစုအသိုက်အအုံနဲ့ နေထိုင်ကြတယ်။ ဥစ္စာစောင့်ဆိုတာ ပစ္စည်းဥစ္စာကို စွဲလမ်းပြီး သေသွားတဲ့အခါ ကိုယ့်ပစ္စည်းကိုယ် ပြန်စောင့်ကြရတယ်။ သူတို့ဘဝက ပေတဘဝလို့ ခေါ်တယ်။ တစ်ဦးတစ်ယောက်တည်း အထီးကျန်နေကြရတဲ့သူတွေ ဖြစ်တယ်။ ဥစ္စာစောင့်တွေကို ဝိဇ္ဇာလမ်းစဉ် ကျင့်ကြံအားထုတ်ကြတဲ့ ဂမ္ဘီရပညာရှင်တွေက ကူညီစောင့်ရှောက်ပေးလို့ရတယ်။ သူတို့ကို သိုက်ဆရာတွေ သိုက်လာတူးတဲ့အခါ ဖျက်စီးဆုံးရှုံးမှု မရှိရလေအောင် သီလ၊ သမာဓိ၊ ပညာ ပြည့်စုံပြီးမြောက်ထားတဲ့ လောကီဝိဇ္ဇာဆရာတွေက အကာအကွယ် စီမံပေးထားကြရတယ်။ ဒါလည်း ဥစ္စာစောင့်က အကူအညီတောင်းမှ ဆောင်ရွက်ပေးရတာ။ တန်ဖိုးကြီးတဲ့ စိန်ရွှေ၊ ငွေရတနာတွေကို စောင့်နေရတဲ့ ဥစ္စာစောင့်တွေကို အကာအကွယ်ဖြစ်အောင် ဘုရားသိုက်တွေထံ လွှဲပြောင်းအပ်နှံပေးရတယ်။

ဥစ္စာစောင့်တွေကို အနှောင့်အယှက်ပေးနိုင်တဲ့သူက တောင်ပိုင်ကြီးတွေဖြစ်တယ်။ တောင်ပိုင်ကြီးတွေကို ရှာခံဆယ့်နှစ်ကြိုးကဝေနဲ့ ကဝေပျံ၊ ဇော်ဂနီ၊ ဇော်ဂနက်တွေက သတင်းတောင်းရင် သူတို့ အပိုင်စား တောင်မှာရှိတဲ့ ဥစ္စာစောင့်စာရင်းကို ပေးကြတယ်။ ကဝေတွေက သိုက်ဆရာတွေထံ သိုက်စာချကြတယ်။ သိုက်စာအရ သိုက်လာတူးတဲ့ ဆရာတွေမှာ ဇနပဒဂန္ဓာရီခေါ်တဲ့ အလယ်အလတ်အဆင့် ပညာရှင်တွေ ပါလာရင် ဥစ္စာစောင့်တွေ ဘဝပျက်ရော။ ဥပါဒါန်အစွဲနဲ့ ဥစ္စာစောင့်နေရတဲ့ ဥစ္စာစောင့်တွေ သိုက်ဆရာတွေလက်ထဲ ပေးလိုက်ရပြီး တောင်ပိုင်ကြီးရဲ့ အစေအပါးဘဝ ရောက်ကုန်ရော။ ပရလောကနာမ်လောကမှာ ကြီးနိုင်ငယ်ညှဉ်း လုပ်တတ်ကြတယ်။ အထင်ကရတောင်တွေမှာရှိတဲ့ ဥစ္စာစောင့်တွေကို အထက်ဆရာကြီးအမိန့်နဲ့ ငါ အကာအကွယ် လုပ်ပေးခဲ့ရတာ ဥစ္စာစောင့်(၉၀) ရှိသွားပြီ။ အဲဒီထဲမှာ မြင်းကန်းသိုက်ပါ တစ်ခုအပါအဝင်ပေါ့။ လူလေး..ရှည်ရှည်ဝေးဝေး မ... နဲ့တော့။ ငါတို့ လျှောက်လှမ်းနေတဲ့ ပါရမီလမ်းဖြစ်... တစ်နေ့ကျရင် မင်းသိလာလိမ့်မယ်'

ကျွန်တော့်အား ဆရာကြီးပညာရွှေ ပညာပေး ပြော... ကြားခဲ့သော စကားများ ဖြစ်ပါသည်။ ကျွန်တော့်အား မြင်းကန်းသိုက်ရဲ့ ဥစ္စာစောင့်လူဝင်စားမလေး လင်းလင်း (ခေါ်) နန်းစောထွေးက အကူအညီ တောင်းခံနေလေပြီ။ ကျွန်တော့်အလှည့် ဆောင်ရွက်ရမည့်လုပ်ငန်း ပေါ်ပေါက်... ဖြစ်ချေသည်။

မြင်းကပ်ရွာထဲမှ လင်းကြက်တွန်သံ ကြားလို... ရသည်။ နံနက်လေးနာရီ ထိုးပြီဖြစ်သည်။ ကျွန်တော်... အတွေးစများကို ဖြတ်လိုက်ရင်း အချမ်းဒဏ်ကို ကာ... နိုင်အောင် ဥမ်းစောင်ထူထူကြီးကို ခေါင်းမြီးခြုံလို...



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်တော့်မျက်ခွံများ လေးလံလာပြီး တဖျောက်ဖျောက်ဖြင့် ဆီးနှင်းများကျသံလား တဖြောင်းဖြောင်းဖြင့် မြင်းနက်ကြီး ပြေးလာသံအလား ကြားယောင်နေပြီး အိပ်မောကျသွားရပါသည်။

(၅)

ကျွန်တော့်အိပ်ခန်းတံခါးကို မြင်းနက်ကြီး ခွာဖြင့် ရပ်၍ တံခါးဖွင့်ခိုင်းနေသည်။ ရုတ်ခြည်း ကျွန်တော် အိပ်ရာမှ လန့်နိုးရပါသည်။

'အဘ‥ထတော့လေ။ ဦးပဉ္စင်းတွေ သိမ်ဝင်နေပြီ။ သိမ်ဆင်းလောင်းပြီး မုတ်တမ်းဓာတ်ပုံ ရိုက်မယ်ဆို'

အောင်ကျော်မိုး ကျွန်တော့်ကို လာနှိုးနေခြင်း ဖြစ်ကြောင်း သိလိုက်ရသည်။

'မျက်နှာသစ်ပြီး သိမ်ရှေ့ကို လာခဲ့မယ်။ မင်း သိမ်ရှေ့က စောင့်နေ'

ကျွန်တော် မျက်နှာသစ်ပြီး အဝတ်အစားလဲ၍ ကျောင်းပေါ်မှ ဆင်းလာခဲ့ပါသည်။ ရွာသူရွာသားများ သိမ်ဆင်းလောင်းရန် သိမ်ရှေ့၌ တန်းစီပြီး စောင့်နေကြသည်။ ခမီအမျိုးသမီးငယ်လေးများ ခမီအမျိုးသမီးဝတ်စုံဖြင့် လှပနေကြသည်။ ခမီအမျိုးသမီးလေးများ အုပ်စုထဲ၌ လင်းလင်း ပါနေသည်ကို မြင်လိုက်ရသည်။

'အဘ‥ဥစ္စာစောင့်မလေးက ဓာတ်ပုံတစ်ပုံလောက် ရိုက်ပေးပါတဲ့'

အောင်ကျော်မိုး ကျွန်တော့်ကို လာပြောသည်။

'ဟကောင်ရ၊ လင်းလင်းတစ်ယောက်တည်းကို ရိုက်ပေးရမှာလား။ သူတို့အားလုံးကို ရိုက်ပေးမယ်လို့ သွားပြောလိုက်'

'အဘကလည်းဗျာ၊ ကျွန်တော် ဥစ္စာစောင့်မလေး တစ်ယောက်တည်းဓာတ်ပုံ လိုချင်လို့ပါ။ သူ့နာမည် အဘ ဘယ်လိုသိလိုက်တာလဲ'

'နောက်မှ ငါပြောပြမယ်။ မင်းအတွက် လင်းလင်း တစ်ယောက်တည်းပုံ ရိုက်ပေးမယ်'

အောင်ကျော်မိုး လင်းလင်းကို ခမီစကားဖြင့် လှမ်းပြောသည်။

သံဃာတော်များ သိမ်ဆင်းလာကြပြီဖြစ်၍ ရွာသူရွာသားများ သိမ်ဆင်းလောင်းလှူကြသည်။ ကျွန်တော် သိမ်ဆင်းလောင်းလှူသည့်ပုံကို အောင်ကျော်မိုးက ကျွန်တော့်ကင်မရာဖြင့် ရိုက်ပေးသည်။ လင်းလင်းကို သူ့လက်ကိုင်ဖုန်းဖြင့် အကြိမ်များစွာ ရိုက်ပေးနေသည်ကို မြင်ရသည်။

သိမ်ဆင်းလောင်းရန် ကျွန်တော် ထိပ်ဆုံးက နေရာယူလိုက်စဉ် ကျွန်တော့်ဘေးမှာ လင်းလင်း ရှိနေသည်။ ကျွန်တော့်ဘေးမှ လင်းလင်း နေရာပြောင်းသွားသည်ကို မြင်လိုက်ရသည်။ ကျွန်တော့်ကို ရင်းနှီးသည့်ပုံဟန် မပြချေ။ ကျွန်တော် အံ့သြသွားမိသည်။ မနေ့ညက ညဉ့်နက်သန်းခေါင်အချိန် စကားပြောစဉ် မြန်မာလို ပီပီသသ ပြောပြီး စကားပြော ဖော်ရွေခဲ့သည်။ သည်နေ့မနက် သိမ်ဆင်းလောင်းစဉ် ကျွန်တော့်ကို လင်းလင်း မသိကျိုးကျွန်ပြုနေခဲ့သည်။ ကျွန်တော် ဦးနှောက်စားရပါသည်။

သံဃာတော်များကို သိမ်ဆင်းလောင်းလှူပြီးချိန် လူစုကွဲသွားကြသည်။ လင်းလင်းတို့ အမျိုးသမီးငယ်များအဖွဲ့က ကျွေးမွေးဧည့်ခံရန် ကျောင်းကြီးဘက် ထွက်သွားကြသည်။

'အဘ‥ကျွန်တော် လင်းလင်းဓာတ်ပုံ ကောင်းကောင်းမရသေးဘူးဗျ။ ဓာတ်ပုံလိုက်ရိုက်လိုက်ဦးမယ်'

အောင်ကျော်မိုး ပြောပြောဆိုဆို လင်းလင်းတို့နောက် လိုက်သွားသည်။ ကျွန်တော်တစ်ယောက်တည်း ကျန်နေခဲ့သည်။

'ဆရာကြီး'

ကျွန်တော့်နောက်မှ ခေါ်သံကြားလိုက်၍ လှည့်ကြည့်မိသည်။ လင်းလင်း၏အဒေါ် ဖြစ်နေသည်။

'ကျွန်မ စကားနည်းနည်း ပြောချင်လို့ပါ'

ကျွန်တော်နှင့် လင်းလင်းအဒေါ်တို့ သရက်ပင်ကြီးအောက်မှာ ထိုင်လိုက်ကြသည်။

'ဆရာကြီးက သိုက်ဆရာကြီးလား၊ သိုက်တူးဖို့လာတာလား၊ မြင်းကန်းသိုက်ကို တူးမှာလား'

ခမီအမျိုးသမီးကြီးသည် ရိုးသားစွာဖြင့် စိုးရိမ်တကြီး မေးလိုက်ပါသည်။

'ကျွန်တော် သိုက်ဆရာ မဟုတ်ပါဘူး။ စာရေးဆရာပါ။ သိုက်မတူးပါဘူးဗျာ'

ခမီအမျိုးသမီးကြီး သက်ပြင်းချသံကို ကြားလိုက်ရသည်။

'တော်သေးတာပေါ့။ ဆရာကြီးက ဘုရား တရား တစ်အားလုပ်တယ်လို့ လင်းလင်းက ပြောတယ်။ တောင်

www.burmeseclassic.com

ပေါ်မှာ ဆရာကြီး ပုတီးစိပ်နေတာ သူ မြင်လိုက်ရပြီး ဆရာကြီးဟာ ဥစ္စာစောင့်တွေကို မေတ္တာပို့နေသံ ကြား လိုက်လို့ ဆရာကြီးဆီ အကူအညီတောင်းပေးပါလို့ ကျွန်မ ကို ပြောခိုင်းပါတယ်'

ခမီအမျိုးသမီးကြီး၏ တောင်းပန်သည့် စကားသည် နှစ်လိုဖွယ်ရှိပါသည်။ ကျွန်တော်သည် ဆရာကြီးပညာရွှေ ပါရမီလမ်းအဖြစ် ရောက်ခဲ့သော နေရာဒေသသို့ ဆရာ ကြီးပညာရွှေ ပြောကြားထားခဲ့သလို ရောက်ခဲ့ရပါပြီ။ လူသာမန်တို့ မသိနိုင်၊ မသိအပ်သော ဂမ္ဘီရလောက၏ ပရလောက၊ နာမ်ဝိညာဉ်လောကမှ ဆရာသခင်များ နောက်နှစ်ပေါင်း(၃၀)ကျော် လိုက်ပါ၍ ပါရမီဖြည့်ခဲ့ရ သော အတွေ့အကြုံများကြောင့် မြင်းကန်းသိုက်၏ ဥစ္စာ စောင့် လူဝင်စားမလေး လင်းလင်း (ခေါ်) နန်းစောထွေး နှင့် ပတ်သက်ရပြန်ပြီ ဖြစ်ပါသည်။

'ကောင်းပြီလေ။ ကျွန်တော် သေသေချာချာ စုံစမ်း လေ့လာပြီး ကူညီပေးပါ့မယ်'

ခမီအမျိုးသမီးကြီး ဝမ်းသာအားရဖြစ်ပြီး ပြန်သွား တော့သည်။ ကျွန်တော်လည်း ဘုန်းတော်ကြီးကျောင်း ဘက်သို့ လာခဲ့ရတော့သည်။

အလှူပြီးသည့် နောက်တစ်နေ့နံနက် ကျွန်တော်နှင့် အောင်ကျော်မိုးတို့ မြစ်ကမ်းရွာလေး၏ ကုလားတန်မြစ် ကမ်းဘေး သဲသောင်ပြင်စပ်ရှိ လက်ဖက်ရည်ဆိုင်လေးသို့ ရောက်လာကြသည်။ သည်လက်ဖက်ရည်ဆိုင်လေးသည် တစ်ရွာလုံးမှာ တစ်ဆိုင်လေးသာ ဖြစ်သည်။

'ကျွန်တော်တို့သည် ဧည့်သည်များဖြစ်၍ ရွာသား များက ဆိုင်အပြင်မှာ ထိုင်စောင့်နေကြသည်။ ဆိုင်အတွင်း ထိုင်ခုံလေး လေး,ငါးလုံးသာရှိသည်။ ရွာလေး ခမီတိုင်း ရင်းသားတို့ ယဉ်ကျေးမှုသည် ချီးကျူးဖွယ် ကောင်းလှ သည်။

'လက်ဖက်ရည်ကျစိမ့် တစ်ခွက်ပေးပါ'

ဆိုင်ရှင်အမျိုးသမီးကြီးက အံ့ဩစွာဖြင့် လှမ်းမေး သည်။ သူ့ခမီစကားကို နားမလည်ပါ။

'အဘ··ရန်ကုန်မဟုတ်ဘူးဗျ။ လက်ဖက်ရည်ကျ ဆိမ့်ဆိုတာ သူ မသိဘူး။ အဘပြောတာ နားမလည်လို့ ကျွန်တော့်ကို မေးနေတာ။ သည်ရွာမှာ ကော်ဖီမစ်ထုပ် တွေပဲ ရှိတယ်'

'နက်(စ်)ကဖီးတစ်ခွက် မှာလိုက်ကွာ'

ကျွန်တော် မြစ်ပြင်ပေါ်က စက်လှေများကို ငေး ကြည့်နေမိသည်။ အနောက်ဖရုံကာကျွန်းကြီးကို နှင်းမှုန် များကြား မသဲမကွဲ မြင်နေရသည်။ ကုလားတန်မြစ်ကို ဖြတ်သန်းလာသော လေနုအေးတို့ကြောင့် အချမ်းပိုသည် ထင်ရသည်။ ကျွန်တော့်ကိုယ်ပေါ်က အနွေးထည်ဂျာကင် ဇစ်ကို ဆွဲစေ့လိုက်ရသည်။

'ဆရာကြီး ကော်ဖီမစ်ရပါပြီ'

ကျွန်တော့်အား ကော်ဖီမစ်ခွက် လာချပေးသူမှာ လင်းလင်း ဖြစ်နေသည်။

'အဘတို့ ချိန်းထားတာလားဗျ'

အောင်ကျော်မိုးက အာမေဍိတ်သံဖြင့် ပြောသည်။

'ဆရာကြီး ကော်ဖီဆိုင်ကို လာတာမြင်လို့ လိုက်လာ တာ။ ကျွန်မ ကော်ဖီဖိုး ရှင်းပြီးပြီ'

'မနက်ဖြန် ဆံတော်ရှင်စေတီ သွားဖူးမယ် ဖြောနေ တယ်။ ကျွန်မလည်း လိုက်ပါရစေ'

'ကောင်းတာပေါ့ လင်းလင်းရ။ ဒါပေမဲ့ ဆရာတော် ဦးဝိဝေကကို သွားပြောထား၊ ဆရာတော်ခွင့်ပြုရင် လိုက် လို့ရတာပေါ့'

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆရာတော်ကို ဆွမ်းအုပ် သွားပို့ရင်း လျှောက်ထားလိုက်ပါ့မယ်။ ဆရာကြီးအတွက် လည်း ထမင်းချိုင့်ယူလာပါ့မယ်။ ကျွန်မတို့ ဧည့်ဝတ် ပြုတာပါ'

လင်းလင်းတို့ ခမီအမျိုးသမီးလေးများ၏ ဘာသာ တရား ကိုးစားယုံကြည်မှု၊ သံဃာတော်များကို အလေး အမြတ်ထား ကိုးကွယ်မှု၊ သက်ကြီးဝါကြီး မိဘများကို ရိုသေလေးစားမှုများကား သည်နေရာ သည်ဒေသ၌သာ ရှိလိမ့်မည် ထင်ရသည်။

'အဘ··ကျွန်တော် ရွာပြန်တော့မယ်။ လင်းလင်း ပါလာအောင် ခေါ်ခဲ့နော်။ ဦးပဉ္စင်းကိုလည်း လင်းလင်း ဘုရားဖူးလိုက်ခွင့်ရအောင် ကျွန်တော် လျှောက်ထားခဲ့ပါ့ မယ်။ မနက်ဖြန် အနောက်ဖရုံကာကျွန်း စုမိကျီရွာဆိပ် ကမ်းက ကျွန်တော် လာကြိုနေပါ့မယ်'

အောင်ကျော်မိုးသည် ဆိုင်ထဲမှ ထွက်သွားတော့ သည်။ ဦးဇင်း ဦးဝိဝေက၏ တူအရင်းဖြစ်သူ အောင် ကျော်မိုးကို ကျွန်တော်၏ စကားပြန်အဖြစ်နှင့် အပ်ထား



www.burmeseclassic.com

www.burmeseclassic.com

ပေးခြင်း ဖြစ်သည်။ အောင်ကျော်မိုးသည် စုမိကျိရွာသား ဖြစ်သည်။ စာရိတ္တကောင်းပြီး ရိုးသားသော ခမီလူငယ်လေးတစ်ဦး ဖြစ်သည်။

ကျွန်တော်တစ်ဦးတည်း မြစ်ကမ်းဘေး သဲသောင်ပြင်ပေါ် လမ်းလျှောက်လာခဲ့သည်။ မြစ်ရေသည် ပင်လယ်ရေနှင့် ရောယှက်ပေါင်းစည်းနေ၍ ရေငန်ဝင်နေသည်။ ဖရုံကာကျွန်းများ၌ စိုက်ပျိုးရေးမဖြစ်ထွန်းပါ။ တစ်ပိုင်တစ်နိုင် မိုးစပါးစိုက်ပျိုးမှု ရှိသော်လည်း ဆန်စပါး လုံလောက်မှု မရှိပါ။ အရှေ့ဖရုံကာကျွန်း ပေါက်တောမြို့နယ်မှ ဆန်လာရောင်းသူများ တောင်ကိုကျော်ဖြတ်၍ ပင်ပန်းကြီးစွာ ရောင်းချကြရသည်။ စစ်တွေမြို့နှင့် ရေလမ်းခရီးသည် (၇)မိုင်ကျော် ဝေးပါသည်။ စီးပွားရေးလုပ်ငန်းသည် တံငါလုပ်ငန်းသာရှိသည်။ ငါးခြောက်သည် ဖရုံကာကျွန်းများ၏ အဓိကပို့ကုန် ဖြစ်သည်။ စီးပွားရေးမကောင်းလှသော်လည်း အစားအသောက်၊ အနေအထိုင်၊ ဝတ်ဆင်မှုများ ရိုးသား၍ ကျွန်းနေခမီအမျိုးသားတို့သည် ရောင့်ရဲတင်းတိမ်စွာ နေနိုင်ကြသည်။ မြင်းကပ်ရွာ၌ လျှပ်စစ်မီး မရှိသော်လည်း ဆိုလာပြားဖြင့် အိမ်ထောင်စုအလိုက် မီးသီး၊ မီးချောင်း ထွန်းလင်းပါသည်။

ကျွန်တော့်အတွေးများ လွင့်မျောနေကြသည်။ ကျွန်တော့်နောက်မှ တစ်ဦးတစ်ယောက်ခေါ်သံ ကြားလိုက်ရပါသည်။

'အစ်ကိုကြီး‥ဘယ်သွားမလို့လဲ'

ကျွန်တော်လှည့်ကြည့်လိုက်တော့ ခမီအမျိုးသားကြီး ဦးဘိုလှ ဖြစ်နေသည်။

'ဦးဘိုလှ‥ကျွန်တော် စစ်တွေမြို့ကို လမ်းလျှောက်သွားမလို့၊ လိုက်မလား'

ကျွန်တော် နောက်ပြောင်ပြီး ပြောလိုက်သည်။

'စစ်တွေကို လမ်းလျှောက်သွားလို့ မရဘူးလေ။ မြစ်ကြီးခြားထားတာ အိမ်ပြန်ချင်နေပြီလား။ ကျွန်တော်တို့ရွာက ပျင်းဖို့ကောင်းတယ်နော်'

'ဦးဘိုးလှရေ‥ဝေလတောင်ပေါ်က စေတီတည်ထားတဲ့ ဆရာကို သိလား။ ကျွန်တော် သူ့ကို တွေ့ချင်တယ်ဗျာ'

'တွေ့လို့ရပါတယ် အစ်ကိုကြီး၊ သူ့အိမ်ကို ကျွန်တော် လိုက်ပို့ပေးမယ်။ ထမင်းစားပြီး သွားကြတာပေါ့။ ဆရာတော်က ကျောင်းမှာ ထမင်းစားဖို့ ခေါ်ခိုင်းလိုက်လို့ လာခေါ်တာပါ။ ဘုန်းတော်ကြီးကျောင်းကို သွားကြရအောင်'

ကျွန်တော်နှင့် ဦးဘိုးလှတို့ ဘုန်းတော်ကြီးကျောင်းဘက် ထွက်လာခဲ့ကြသည်။

စေတီတည်ထားသူ ဆရာအောင်လှရှိန် အိမ်မှာ ကျွန်တော် သိလိုသော အချက်များကို ဆရာအောင်လှရှိန်က ဖြေကြားပေးနေပါသည်။ အသက်(၆၀)နီးပါးရှိ၍ အကျင့်သမားမှန်း သိသာသော ဆရာအောင်လှရှိန်သည် ခမီအမျိုးသားတစ်ဦး ဖြစ်ပါသည်။

'ကျွန်တော့်ကို နတ်ရှင်မက အိပ်မက်ပေးပြီး စေတီတည်ထားခိုင်းတာ ကျွန်တော် မယုံသေးဘူးဗျ။ ကျွန်တော့်အစ်မကြီး ဆုံးပါးသွားပြီး ဥစ္စာစောင့်ဘဝ ရောက်သွားတယ်။ သည်ဝေလတောင်မှာ ဥစ္စာစောင့် ဖြစ်သွားရတာ။ အစ်မဆုံးသွားပြီး မကြာခင်ကာလမှာ ကျွန်တော့်ဇနီးလည်း ဆုံးပါးသွားရတယ်။ လင်းလင်းက ကျွန်တော့်သမီး အငယ်ဆုံးပါ။ ဥစ္စာစောင့် လူဝင်စားလေးပါ'

ဆရာအောင်လှရှိန် အသံတိုးညင်းသွားပါသည်။ သူ့မျက်လုံးများ ရီဝေမှုန်မှိုင်းသွားကြသည်။ သူ့ ခမီစကားဖြင့် တီးတိုးရေရွတ်နေသည်။

'အစ်ကိုကြီး‥ဆရာအောင်လှရှိန် သူ့အစ်မနှင့် ဇနီးကို လွမ်းနေတာဗျ'

ဦးဘိုလှက စကားပြန် လုပ်ပေးပါသည်။

'မြင်းနက်ကြီးက မျက်စိတစ်ဖက် ကန်းနေတာ၊ လွန်ခဲ့တဲ့ နှစ်(၁၀၀)လောက်ကတည်းက ရှိနေတာ။ မြင်းကန်းသိုက်ပေါ့ဗျာ။ ယနေ့လည်း မြင်းနက်ကြီး ရှိနေတုန်းပဲ။ ဥစ္စာစောင့်မြင်းကြီးပေါ့။ နတ်ရှင်မနန်းနဲ့ စေတီဆို အပြေးအလွှား သွားနေတာ။ လွန်ခဲ့တဲ့(၂)နှစ်က သည်စေတီကို တည်ထားခဲ့တာ ဘုရားဓာတ်တော်၊ ရဟန္တာတော်ဓာတ်တော်တွေ ဌာပနာထားပါတယ်။ စေတီနားက တဲလေးမှာ ကျွန်တော် ညတိုင်းအိပ်ပါတယ်။ အရေးအကြောင်းရှိရင် နတ်ရှင်မနဲ့ ကျွန်တော့်အစ်မ ဥစ္စာစောင့်တို့ ကျွန်တော့်ကို လာတွေ့ကြတယ်။ စေတီတည်ဖို့၊ သက်သတ်လွတ်စားပြီး ကျင့်ကြံအားထုတ်ရပါတယ်'

'ဆရာ‥ စေတီတည်ထားနိုင်တဲ့ စရာ[illegible]က မသေးလှပါဘူး။ ဂမ္ဘီရလောကမှာ စေတီတည်နိုင်တဲ့

www.burmeseclassic.com

ပုဂ္ဂိုလ်တွေဟာ ဝိဇ္ဇာလမ်းစဉ်ကို လျှောက်လှမ်းကြသူတွေ ဖြစ်တယ်လို့ ကျွန်တော့်အတွေ့အကြုံအရ သိထားရပါတယ်။ ဆရာရော ထွက်ရပ်လမ်းကို လိုက်နေလား'

'ဆရာကြီးပြောတာ မှန်ပါတယ်။ ကျွန်တော် ထွက်ရပ်လမ်းကို မလိုက်နိုင်သေးပါဘူး။ သမီးငယ် လင်းလင်းနဲ့ အငယ်ဆုံးသားလေး တစ်ယောက်ရှိသေးလို့ မိသားစုတာဝန် ထမ်းနေရတုန်းပါ။ ခွေမျိုးတွေအတွက် တည်ထားပေးရတဲ့ စေတီပါ။ စေတီဘွဲ့အမည်ကို နတ်စေတီလို့ ခေါ်ပါတယ်'

ဆရာအောင်လှရှိန်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ပါသည်။ ကျွန်တော်အပြန်လမ်းမှာ ဦးဘိုလှကို ပြောပြလိုက်ပါသည်။

ဆရာအောင်လှရှိန် တည်ထားတဲ့စေတီဟာ အများကိုးကွယ်ရာဖြစ်ပေမယ့် သူ့အတွက်တော့ လွှမ်းစေတီလို့ ခေါ်ရမယ်။ ဆရာအောင်လှရှိန်၏ လွှမ်းစေတီတစ်ဆူ ဖြစ်နေပါသည်။

အနောက်ဖရုံကာကျွန်း ပင်လယ်ကမ်းစပ်တောင်ပေါ်ရှိ ဆံတော်ရှင်စေတီကို ဖူးမြော်ရန် ဦးပဉ္စင်းဦးဝိဝေကဦးဆောင်ပြီး မြင်းကပ်ရွာသား ခွေမျိုးများ အယောက်(၃၀)ကျော် စက်လှေ(စက်တပ်သမ္ဗန်ကြီး)ဖြင့် မြင်းကပ်ရွာမှ စုမိကျီရွာဆိပ်ကမ်းသို့ ကုလားတန်မြစ်ကိုဖြတ်၍ တစ်နာရီကျော် သွားကြရသည်။ ဘုရားဖူးအုပ်စုထဲမှာ လင်းလင်းတစ်ယောက် လိုက်ပါလာသည်။

အောင်ကျော်မိုး ဖုန်းလှမ်းဆက်သည်။

'အဘ..ဘုရားဖူးလာကြပြီလား။ လင်းလင်းပါတယ်မဟုတ်လား'

'ဟော့ကောင်.. မင်းကြီးတော် နေမကောင်းလို့ ပါမလာဘူးကွ'

'ဟာဗျာ..မနောက်ပါနဲ့ အဘရာ၊ ကျွန်တော် ထမင်းချက်ထားတယ်ဗျ။ အလကားဖြစ်ကုန်တော့မှာပဲ'

'မင်း စုမိကျီဆိပ်ကမ်းမှာ ပန်းကုံးစွပ်ဖို့ အသင့်လုပ်ထား။

လင်းလင်းရေ..နင့်သူငယ်ချင်း အောင်ကျော်မိုးက ဖုန်းပြောချင်လို့တဲ့'

ကျွန်တော် လင်းလင်းကို ကျွန်တော့်လက်ကိုင်ဖုန်း လှမ်းပေးလိုက်ပါသည်။ လူငယ်ချင်း ခမီစကားဖြင့် ပြောနေကြသည်။ လှေပေါ် လိုက်ပါလာသူများ အဓိပ္ပာယ်ကို သိကြမည် မဟုတ်ချေ။

ဦးပဉ္စင်းက-

'ဒကာကြီးအောင်ကျော်မိုး တယ်သွက်နေပါလား။ ဒကာကြီးကို အတော်ခင်တာပဲ'

ဦးပဉ္စင်းစကားကြောင့် ကျွန်တော်ပြုံးလိုက်မိသည်။

စုမိကျီဆိပ်ကမ်းသို့ စက်တပ်သမ္ဗန်ကြီး ဆိုက်ကပ်ပါပြီ။ ကလေးများနှင့် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများကို ဦးစားပေးပြီး သမ္ဗန်လေးပေါ် တင်ပေးကြရသည်။ ဦးပဉ္စင်း၊ ကျွန်တော်နှင့် လင်းလင်းတို့ (၃)ဦး နောက်ဆုံးမှ သမ္ဗန်လေးပေါ် ဆင်းကြရသည်။ ဦးပဉ္စင်းကို သူ့ညီအစ်ကိုအကြီးက ကုန်းပိုးပြီး မြစ်ရေမစိုစေရန် ထမ်းခေါ်သွားသည်။ လင်းလင်းကို အောင်ကျော်မိုး လက်လှမ်းပေး၍ ဖေးကူသည်။ သမ္ဗန်လေးပေါ်မှ အဆင်းခက်နေသူက ကျွန်တော်ဖြစ်နေသည်။ ကျွန်တော် ရေမကူးတတ်ပါ။ ကမ်းစပ်ပေါ် ရောက်နှင့်သူ ဦးပဉ္စင်းက လှမ်းအော်ပြောသည်။

'ဟေ့ အောင်ကျော်မိုး၊ ရန်ကုန်က ဒကာကြီးက ရေမကူးတတ်လို့ ရေထဲဆင်းရမှာ ကြောက်နေတယ်ကွ။ လူကြီးကို အရင်လက်တွဲခေါ်လေ'

လင်းလင်းက သွက်လက်စွာပင် ကမ်းပေါ် တက်ပြေးသည်။ အောင်ကျော်မိုး ကျွန်တော့်ကို သမ္ဗန်ပေါ်မှ အဆင်း ထမ်းခေါ်သွားသည်။

'ဦးပဉ္စင်းကလည်းဗျာ..ကျွန်တော် အဘကို ထမ်းခေါ်ဖို့ပါ။ ရှက်လိုက်တာ'

ကျွန်တော်တို့လူအုပ် စုမိကျီရွာ အောင်ကျော်မိုးတို့အိမ်မှာ နံနက်စာစားပြီး ခေတ္တနားသည်။ လင်းလင်းက သွက်လက်စွာ ဧည့်ခံရေးကို ပါဝင်လုပ်ကိုင်ပေးနေသည်။

'လင်းလင်း ပန်းကန်တွေ ဆေးနေတယ်ဟ။ နင် သွားလုပ်လိုက်လေ'

အောင်ကျော်မိုး သူ့ညီမလေးကို လှမ်းဟောက်နေသည်။

'လင်းလင်းက ဧည့်သည်မှမဟုတ်တာ၊ ကိုကြီးက ကပ်ဖားရပ်ဖား တယ်လုပ်တာပဲ'

သူ့ညီမစကားကြောင့်-

'ဒီကောင်မလေး စကားပြောရင် အရမ်းကြီးပဲ။ နင် ကူမဆေးလည်းနေဟာ၊ ငါ သွားကူလိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com

'မြင်းကပ်ရှာမှာ လင်းလင်းကို တွေ့မြင်ပြီး ပြန်လာကတည်းက ကိုကြီးတစ်ယောက် ကယောင်ချောက်ချားဖြစ်နေတာ'

'ခွေးမလေး၊ ပေါက်ကရပြောတယ်'

အောင်ကျော်မိုး မြင်းကပ်ရှာသူများ ဝိုင်းဟားသည်ကို ခံလိုက်ရ၍ အိမ်ပေါ်မှ ဆင်းပြေးတော့သည်။

'ယောက်မရေ..ငါ့အစ်ကိုက ထမင်းဟင်းချက်တတ်တယ်၊ အဝတ်လျှော်တတ်တယ်၊ ငါးဖမ်းတတ်တယ်။ ငါ့အစ်ကိုအတွက် တောင်းရမ်းကြေး ငါပေးပါမယ်'

အောင်ကျော်မိုး ညီမလေးက အောင်သွယ်စကား စတင်ပြောလိုက်ပြီဖြစ်သည်။ လင်းလင်း ရှက်လို့ ခေါင်းငုံ့နေရှာသည်။

'ဘုရားဖူး စထွက်မယ်'

ဦးပဥ္စင်းက ပြောပြောဆိုဆို ဦးဆောင်ပြီး လူအုပ်ရှေ့က ကြွသွားသည်။

ခမီတိုင်းရင်းသားများအခေါ် စုမိကျို၊ ရခိုင်တိုင်းရင်းသားများအခေါ် စောမဲကျိုရှာမှ စောမဲကျိုတောင်ပေါ်စတက်ကြပြီဖြစ်သည်။ တောင်၏အမြင့်ပေသည် (၅၀၀၀) ကျော်မည် ထင်ပါသည်။ စောမဲကျိုတောင်သည် မတ်စောက်မြင့်မားလှသည်။ ကျွန်တော်သည် ကိုယ့်အခြေအနေကို ကိုယ်သိ၍ စောမဲကျိုရှာမှ ခမီအမျိုးသမီးကြီး၏အိမ်ခြံမှ ဝါးတစ်လုံးတောင်း၍ တောင်ဝှေးလုပ်ရပါသည်။

တောင်ပေါ်ကို ပေ(၃၀၀)ခန့် တက်ပြီးသည်နှင့် မောလာ၍ ခဏနားရသည်။ တောင်တက်အလေ့အထ ရှိပုံရသော ခမီအမျိုးသမီးများ ကျွန်တော့်ရှေ့တွင် တောင်ပေါ်တက်ပြီး ပျောက်ကွယ်သွားကြသည်။ ကျွန်တော်နှင့်အတူ အောင်ကျော်မိုးသာ ရှိတော့သည်။

'အဘ..တောင့်ထားဗျ။ ဆံတော်ရှင်စေတီက တန်ခိုးကြီးတယ်။ အဘ ဖူးထိုက်လို့ ဖူးရတာ'

ကျွန်တော် အမောဆိုက်နေ၍ ဝါးတစ်ရိုက်လောက်လျှောက်ပြီး နားရပြန်ပါသည်။ အောင်ကျော်မိုး စိတ်ရှည်သည်းခံ၍ စောင့်ခေါ်ပါသည်။

'အဘ..လင်းလင်းတို့ကို မမီတော့ဘူးဗျ။ လူဆက်ပြတ်သွားပြီ'

အောင်ကျော်မိုးစကား မှန်ပါသည်။ ဦးပဥ္စင်းနှင့် ဘုရားဖူးတစ်အုပ်ကို မမြင်ရတော့ပါ။

'မင်း လင်းလင်းတို့ကို မီအောင်လိုက်သွား။ ငါ နောက်က ဖြည်းဖြည်းလိုက်ခဲ့မယ်'

ကျွန်တော့်စကားကြောင့် အောင်ကျော်မိုးက-

'အဘကို ချန်ထားခဲ့ရင် ဦးပဥ္စင်း ကျွန်တော့်ကို နားရင်းရိုက်လိမ့်မယ်'

'ရှေ့က တောင်ကုန်းမို့မို့လေးကိုကျော်ပြီးရင် တောင်အဆင်းလမ်း ရောက်တော့မယ်။ အဘ အားတင်းထား'

တောင်ပေါ်ကို ပေ(၁၀၀၀)ခန့် တက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ တောင်ကုန်းမို့မို့လေးကို ကျော်လိုက်သည်နှင့် တောင့်အဆင်းဖြစ်သွားပါသည်။ လမ်းသည် ကျဉ်းမြောင်း၍ လမ်း၏တစ်ဖက်တစ်ချက် သစ်ကြီးဝါးကြီးပင်များ နေပြောက်မထိုးသာအောင် ပေါက်နေကြသည်ကို မြင်ရသည်။ တောင်အဆင်းလမ်းလေးမှာ ပေ(၃၀၀)ခန့်သာရှိ၍ တောင်ပေါ်အတက်လမ်း ပြန်စပါသည်။

'မောလိုက်တာကွာ။ ငါ့ကို ရေဘူးလေး ပေးပါဦး'

ကျွန်တော့်လွယ်အိတ်နှင့် ရေဘူးကို အောင်ကျော်မိုး ယူထား၍ လူလွတ်ကြီးဖြစ်သည့်တိုင် တောင်ဝှေးကို ထောက်၍ အားပြုရင်း ကျွန်တော် ခဏ ခဏ အမောဖြေရပါသည်။

'အဘ..မောနေပြီလား။ ကျွန်မ တွဲခေါ်ပေးမယ်'

တောင်ကြားလမ်းလေးထဲမှ လင်းလင်း ထွက်လာရင်း ကျွန်တော့်ကို ပြောလိုက်ပါသည်။

'နင် ဘယ်လိုလုပ်ပြီး တောင်ကြားလမ်းထဲ ဝင်သွားတာလဲ။ အောက်မှာ ချောက်ကြီးနော်။ လိမ့်ကျရင်တော့ အသေပဲ'

အောင်ကျော်မိုးသည် တောင်ပေါ်လမ်း ကျွမ်းသူဖြစ်ခြင်း၊ သူ့ဒေသ သူနေရာဖြစ်၍ သေချာနံ့စပ်သိသူ ဖြစ်ပါသည်။

'ငါ့ဆွေမျိုးတွေ ချောက်ထဲမှာရှာ ရှိတယ်။ အဘ ဆရာကြီးကို စောင့်ရှောက်ရမယ်ပြောလို့ ငါစောင့်နေတာ။ ဆံတော်ရှင်စေတီရောက်ဖို့ လိုသေးတယ်'

'တောင်ပေါ်ဖြတ်လမ်းကို ငါသိတယ်။ ငါ့နောက်က လိုက်ခဲ့ပါ'

'ဘယ်မှာဖြတ်လမ်းရှိမှာလဲ။ သည်တောင်ပေါ်ကို အခေါက်ခေါက်အခါခါ ငါသွားနေတာ ဖြတ်လမ်းမတွေ့မိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com

အောင်ကျော်မိုးက မယုံမရဲနှင့်ပြောရင်း လင်းလင်းနောက်ကို လိုက်ပါသည်။

'အဘ တောင်အဆင်းလမ်းက ချော်လဲတတ်တယ်။ သတိထား ဆင်းဗျ'

ရှေ့မှ ခပ်သွက်သွက်သွားနေသော လင်းလင်းကို မီအောင်လိုက်ရပါသည်။ ဝါးတစ်ရိုက်လောက် အရောက်တွင် တောင်ကုန်းမှာ မြင့်တက်သွားပါသည်။ တောင်ကုန်းအမြင့်ကိုကြည့်ပြီး ကျွန်တော် သက်ပြင်းချလိုက်မိသည်။

'ဆရာကြီး..ရောက်တော့မှာ၊ ကျွန်မနောက်ကသာ လိုက်ခဲ့ပါ'

လင်းလင်း တောင်ကုန်းအစပ်နား ရောက်သွားပြီဖြစ်သည်။ တောင်တက်လမ်းမှာ (၂)လမ်းဖြစ်နေသည်။ မတ်စောက်သောလမ်းနှင့် ကွေ့ဝိုက်သွားသောလမ်းများ ဖြစ်သည်။ လင်းလင်းက မတ်စောက်သော တောင်တက်လမ်းအတိုင်း စတင်တက်လိုက်ပြီ ဖြစ်သည်။

'အဘ..ဒီဘက်လမ်းကို လာခဲ့ပါ။ အမြင့်လမ်းကို မလိုက်နဲ့'

အောင်ကျော်မိုးကလည်း သူနှင့်လိုက်ဖို့ ခေါ်သည်။ ကျွန်တော် ,တောင်ကုန်းအမြင့်ကို စတင်တက်မိသည်နှင့် လင်းလင်း ခေါ်ရာသို့ လိုက်ခဲ့မိသည်။ အောင်ကျော်မိုးက တောင်ပတ်လမ်းက သွားသည်။ ကျွန်တော့်ကို တောင်ကုန်းလေးထိပ်က လင်းလင်း ရပ်စောင့်နေသည်။

'အဘ မောနေပြီလား၊ ရောက်တော့မှာ။ အဘ လှမ်းကြည့်လိုက်ပါဦး'

ကျွန်တော် တောင်ကုန်းထိပ်ပေါ်မှ လှမ်းကြည့်လိုက်ပါသည်။ ဆံတော်ရှင်စေတီရှိရာ တောင်ထိပ်ကို မြင်နေရပြီဖြစ်သည်။ ဘုရားဖူးအဖွဲ့များကို ဦးပဥ္စင်း ဦးဆောင်ပြီး တရွေ့ရွေ့ သွားနေကြသည်ကို မြင်ရသည်။ ကျွန်တော်နှင့် လင်းလင်း ရောက်နေသည့် တောင်ထိပ်လေးက မျှော်ကြည့်လိုက်ပါက ဘေးဘက်မှာ ချောက်ကြီးဖြစ်နေသည်။ ယင်းချောက်ကြီးပေါ် ကြီးမားရှည်လျားသော သစ်ပင်ကြီး လဲကျနေပြီး တစ်ဖက်တောင်တန်းကြီးနှင့် တံတားထိုးထားသလို ဖြစ်နေသည်။ ချောက်ထဲမှာ တဲအိမ်စုလေးလေးငါးအိမ်ကို မြင်လိုက်ရသည်။ အင်ဖက်မိုးတဲအိမ်များဖြစ်ပြီး သစ်ပင်၊ ဝါးပင်များ အုံ့အုံ့ဆိုင်းဆိုင်းရှိနေ၍ အမိုးများကိုသာ ထင်ထင်ရှားရှားမြင်နေရသည်။ တဲအိမ်လေးများဆီမှ မီးခိုးတလူလူ ထွက်နေသည်။

ဆရာကြီးပညာရွှေ ပြောစကားကို အမှတ်ရမိသည်။

'တောင်တောင်တွေထဲမှာ ဥစ္စာစောင့်သိုက်ရှိရင် သူတို့ အငွေ့အသက်တွေက မီးခိုးမြူလို တလူလူထွက်နေတတ်တယ် လူလေး'

ယင်းတောင်ကုန်းလေးပေါ်မှ ကျွန်တော်နှင့် လင်းလင်းတို့ ဆင်းလိုက်ကြသည်။ ဆံတော်ရှင်စေတီရှိရာ ကုန်းတော်ကိုသွားသည့် လမ်းဝသို့ ကျွန်တော်တို့ ရောက်သွားကြသည်။ ဦးပဥ္စင်းနှင့် ဘုရားဖူးလူစုများ ဆံတော်ရှင် မုခ်ဦးအဝ အုတ်လှေကားများမှ ထိုင်စောင့်နေကြသည်။ ပင်လယ်ကြီး၏ ကမ်းစပ်ကျောက်ဆောင်များကို လှိုင်းခေါင်းဖြူဖြူများ တဝုန်းဝုန်းဖြင့် ရိုက်ပုတ်နေကြသည်။ မျက်စိတစ်ဆုံး ပင်လယ်ကြီး၏ မိုးကုပ်စက်ဝိုင်း အနားသတ်ကို လှမ်းမြင်ရသည်။ ပင်လယ်ကြီး၏ ကမ်းမမြင် လမ်းမမြင် ကျယ်ပြောမှုကို လက်တွေ့မြင်ရပြီဖြစ်သည်။ ဦးပဥ္စင်းတို့ စောင့်နေသည့် ဆံတော်ရှင်စေတီ မုခ်ဦးသို့ လင်းလင်းနှင့် ကျွန်တော်တို့နှစ်ဦး ရောက်ရှိသွားကြသည်။ အောင်ကျော်မိုးအား အရိပ်အယောင်ပင် မမြင်ရသေးချေ။

ဦးပဥ္စင်းက–

'ဒကာကြီး အောင်ကျော်မိုး၊ ဘယ်မှာကျန်နေခဲ့လဲ'

ဦးပဥ္စင်း စကားမဆုံးမီ ခမီစကားဖြင့် လှမ်းအော်ပြောသည်။

'ဘယ်လမ်းက ဘယ်လိုရောက်လာတာလဲ'

'လင်းလင်းက ဖြတ်လမ်းက လာတာ။ ငါတို့နောက်ကို နင်က လိုက်မလာတာ'

'ဟော့ကောင်၊ စုမိကျီရွာသားဖြစ်ပြီး နင် အဲလို လမ်းမကျွမ်းတာလဲ'

ဦးပဥ္စင်း၏ ဝေါက်ငမ်းသံကြောင့် အောင်ကျော်မိုး အသံတိတ်သွားသည်။ သည်လမ်းခရီးကိစ္စကို လင်းလင်းနှင့် ကျွန်တော်သာ သိပါသည်။ လင်းလင်း၏ ဘိုးဘွားများ ပိုင်နက် (သို့မဟုတ်) ဆံတော်ရှင်စေတီ၏ ကုန်းပိုင်း ဥစ္စာစောင့်များ နယ်မြေအတွင်း လင်းလင်း ကြိုက်သလို သွားလာခွင့်ရှိပါသည်။ ရေငန်ပိုင် ပင်လယ်ပျော်နတ်နဂါးများ၏ ပိုင်နက်ထဲသို့ လင်းလင်း သွားလာခွင့်မရပါ။

'အချိန်ရှိတုန်း ဆံတော်ရှင်စေတီကုန်းကို တက်ကြမယ်။ အံမြန်သွားကြ၊ အပြန်မိုးချုပ်နေမယ်'

www.burmeseclassic.com

ဦးပဥ္စင်းက ဆော်ဩပြီး ဆံတော်ရှင်ကုန်းတော်ပေါ် တက်သည့် အုတ်လှေကားအတိုင်း စတင်ပြီး ကြွသွားပါသည်။

ဆံတော်ရှင်ကုန်းတော်ပေါ် ရောက်သည်နှင့် မောလာသမျှ အမောတွေ ပြေပျောက်သွားရပါသည်။ ဆံတော်ရှင်စေတီ၏ တန်ခိုးတော်ပါ။ ပင်လယ်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးတို့က ကျွန်တော်တို့ ဘုရားဖူး တစ်သိုက်ကို ရေထိပန်းကဲ့သို့ လန်းဆန်းတက်ကြွစေပါသည်။ ဆံတော်ရှင်စေတီကို ပူဇော်ရန် လင်းလင်းက ကျွန်တော်နှင့် အောင်ကျော်မိုးကို အမွှေးတိုင်နှင့် ဖယောင်းတိုင်များ လာပေးပါသည်။ ကျွန်တော်တို့နားမှာ ဘုရားရှိခိုးပြီး ဆုတောင်း၍ မေတ္တာပို့သံကို လင်းလင်းထံမှ ကြားလိုက်ရသည်။

'အဘ . . ကျွန်တော် လင်းလင်းကိုကြည့်ပြီး ခံစားရတယ်ဗျ။ ဘယ်လိုဝေဒနာလဲ မသိဘူး'

အောင်ကျော်မိုး စကားကြောင့် ကျွန်တော်ပြုံးလိုက်မိသည်။

'ဟကောင်ရ၊ လူကြီးကို မလိမ့်တပတ် လာမလုပ်နဲ့။ ပုထုဇ္ဇနော ဥမ္မတ္တကောတဲ့။ လူတွေဟာ တစ်မျိုးမျိုးနဲ့ ရူးနေကြတာ။ မင်းဖြစ်နေတဲ့ ဝေဒနာက အချစ်ရူးကွ'

'ဟုတ်တယ်၊ အဘပြောတာ မှန်တယ်။ အဲဒီလောက်လှတဲ့ မိန်းကလေးဟာ မြင်းကပ်ရွာမှာရှိမှန်း အစက မသိခဲ့ပါဘူး။ အဘ . . ကျွန်တော့်ကို အောင်သွယ်လုပ်ပေးပါလား။ လင်းလင်းကို ကျွန်တော်ကြိုက်နေပြီ'

အောင်ကျော်မိုးသည် ခမီလူငယ်ပီပီ ရိုးသားစွာပြောပါသည်။

'ငါ အောင်သွယ်လုပ်ပေးဖို့ မလိုပါဘူး။ မင်းတို့နှစ်ယောက်တွေ့တုန်း ကိုယ့်ခံစားချက်ကို ဖွင့်ပြောလိုက်ပေါ့။ ဦးပဥ္စင်းတို့ မြတ်စွာဘုရား ခြေရာတော်ကိုဖူးဖို့ တောင်ပေါ်က ဆင်းသွားပြီး လင်းလင်းကျန်နေခဲ့တယ်။ ငါ့ကိုစောင့်နေတာ။ လူရှင်းတုန်း မင်း စကားသွားပြောလေကွာ'

ကျွန်တော့်စကားကြောင့် လင်းလင်း ဘုရားရှိခိုးအပြီး ထလာချိန် လင်းလင်းရှိရာ စနေထောင့်သို့ အောင်ကျော်မိုးသွားပြီး စကားပြောနေသည်ကို မြင်ရသည်။ ကျွန်တော် ဆံတော်ရှင်စေတီပတ်လည် မှတ်တမ်းဓာတ်ပုံကို ကျွန်တော့်ကင်မရာဖြင့် ရိုက်နေပါသည်။

'အဘ . . ကျွန်တော်နဲ့ လင်းလင်းကို ဓာတ်ပုံရိုက်ပေးပါလား'

ပြုံးပြုံးရွှင်ရွှင် မျက်နှာပေးနှင့် ပြောလာသော အောင်ကျော်မိုးကိုကြည့်၍ အဆင်ပြေသွားကြောင်း ကျွန်တော် သိလိုက်ရသည်။

'နင် ငါနဲ့ ဓာတ်ပုံတွဲရိုက်လို့ ငါ့ရုပ်ပုံ မပေါ်ဘူး။ အဘနဲ့ သုံးယောက်ရိုက်မှ ငါ့ပုံပေါ်မှာ'

'ဓာတ်ပုံရိုက်ပေးမယ့်သူ ရင်ပြင်ပေါ်မှာ မရှိတော့ဘူး။ ခြေရာတော်ဘက် သွားနေကြပြီ။ ငါတို့ လိုက်သွားကြရအောင်။ ဦးပဥ္စင်း စောင့်နေလိမ့်မယ်'

ကျွန်တော့်စကားကြောင့် လင်းလင်း ရှေ့ဆုံးကနေ ခြေရာတော်သို့သွားရန် တောင်ပေါ်မှ ဆင်းသွားသည်။ ကျွန်တော် လမ်းမှာ အောင်ကျော်မိုးကို မေးလိုက်သည်။

'အဆင်ပြေလားကွ'

'ပြေပါတယ် အဘ။ အပြန်ကျရင် ကျွန်တော့်ကို အဖြေပေးမယ် ပြောတယ်'

ခြေရာတော်စေတီသည် ပင်လယ်ကမ်းစပ် ကျောက်တောင်များကြားမှာ ရှိနေသည်။ ပင်လယ်လှိုင်းပုတ်သည့် ဒဏ်ကို ခံနိုင်ရန် သဘာဝကျောက်ဆောင်ကြီး တစ်ခုက ကာပေးထားသည်။ ပင်လယ်နားမှာရှိနေ၍ သဲများ၊ ပင်လယ်နုန်းများ ဖိတ်ဖုံးသွား၍ စက်လက္ခဏာ(၁၀၈)ကွက်ကို မတွေ့ရတော့ပါ။ ဘုရားရှင်၏ ခြေရာတော်အစစ်ဖြစ်ပါသည်။ ဘုရားရှင်၏ ခြေတော်ရာအား ထိခြင်းငါးဖြာဖြင့် ရိုသေစွာရှိခိုးပြီး ဆုတောင်းနေသော လင်းလင်းကို ကြည့်၍ ကျွန်တော်ပြောလိုက်မိသည်။

'ဘုရား၊ တရား၊ သံဃာကို အတော်ယုံကြည်လေးစားတဲ့ မိန်းကလေးပဲ'

'ဘဝအကြောင်း မကောင်းလို့သာ ဥစ္စာစောင့်လူဝင်စားလေး ဖြစ်နေရတာ'

'ဥစ္စာစောင့်လူဝင်စားကိုယူရင် ချမ်းသာကြတယ်လို့ ပြောတယ်။ ဟုတ်လား အဘ'

အောင်ကျော်မိုး အမေးကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။

'မင်းက သိုက်သမားလား။ လင်းလင်းနှင့် အိမ်ထောင်ပြုလိုက်ရင် ချမ်းသာမယ် ထင်လို့လား'

'မဟုတ်ပါဘူး အဘ။ ကျွန်တော် လင်းလင်းကို


www.burmeseclassic.com

www.burmeseclassic.com

တကယ်ချစ်တာပါ။ ဥစ္စာပစ္စည်းမက်လို့ မဟုတ်ပါဘူး။ ကျိန်ပြောရဲပါတယ်'

'တော်ပါတော့ကွာ၊ ငါယုံပါတယ်'

ခမီတိုင်းရင်းသားများသည် ရိုးသားခြင်း၊ အကျင့်စာရိတ္တကောင်းမွန်၍ ဘာသာတရားကို ရှိသေကိုင်းရှိုင်းသူများဖြစ်ပြီး တစ်လင်တစ်မယား ကျင့်သုံးကြသူများဖြစ်သည်။

လင်းလင်း ဘုရားရှိခိုးပြီး၍-

'ပြန်ကြရအောင်။ နေလုံးကြီးတောင် အတော်စောင်းနေပြီ'

ညနေဆည်းဆာတွင် ပင်လယ်ပြင်၏ မိုးကုပ်စက်ဝိုင်းပေါ် မေးတင်နေပြီဖြစ်သော နေဝင်ချိန်ရှုခင်းအလှကား ကြည့်မဝဖြစ်ရသည်။

ကျွန်တော်တို့သုံးဦး စုမိကျီတောင်ကြီးပေါ် ပြန်တက်ရပြန်သည်။

'အောင်ကျော်မိုး··ဆံတော်ရှင်စေတီကို ဘယ်သူတည်ထားတာလဲကွ'

'အဘကလည်းဗျာ၊ စုမိကျီမိဖုရားကြီး တည်ထားခဲ့တာ။ စုမိကျီစေတီလို့တောင် ခေါ်ကြတယ်'

'အောင်ကျော်မိုး··အဘကို မဟုတ်တာတွေ နင်ပြောနေတယ်။ ဆံတော်ရှင်စေတီကို ဦးစွာတည်သူက သံကိုးမောင်း စစ်ကဲကြီးဟ။ ဆက်လက်ပြီး စန္ဒသူရိယမင်းကြီး အပြီးသတ် တည်ထားတာ။ စစ်တွေရောက်ရင် ဘုရားသမိုင်းစာအုပ် ဝယ်ဖတ်ဦး။ နင် ပင်လယ်ထဲ ငါးဖမ်းထွက်ရင် ငါးများများရပါစေ ဆုတောင်းနေတဲ့သူ။ သည်ဘဝမှာ အကုသိုလ်ကြီးတဲ့သူပဲ'

လင်းလင်း စကားကြောင့် အောင်ကျော်မိုးကလည်း ပြန်လည်ချေပပါသည်။

'နင့်ကို လက်ထပ်ပြီးရင် ငါ ငါးမဖမ်းတော့ပါဘူး'

'နင် ငါတို့သိုက်ထဲ လိုက်နေရမယ်'

လင်းလင်း စကားကို အောင်ကျော်မိုး ရှင်းရှင်းနားမလည်ပါ။

'အဘ··လင်းလင်း ဘာပြောတာလဲဗျ'

'မင်း တောင်တက်လမ်းကျရင် သိရလိမ့်မယ်။ မှောင်ရိပ်သန်းလာပြီ။ မြန်မြန်သွားကြရအောင်'

တောင်ပေါ် တက်လာပြီး ဝါးတစ်ရိုက်ခန့်အရောက်တွင် ဦးပဉ္စင်း ရပ်စောင့်နေပါသည်။

'အောင်ကျော်မိုး··မိုးချုပ်တော့မယ်။ ဒကာကြီး မောနေပြီ။ မင်း ထမ်းခေါ်လာခဲ့။ ငါ ရှေ့က သွားနှင့်မယ်'

'အဘ··ကျွန်တော် ထမ်းခေါ်မယ်။ ကျွန်တော့်ကျောပေါ် တက်လိုက်ပါ'

'ရပါတယ်ကွာ။ မင်းကုန်းပိုးခေါ်မှ နှစ်ဦးစလုံး လဲကျပြီး ငါ့ခါးဆစ်ရိုး ကျိုးသွားရင် ဒုက္ခဖြစ်လိမ့်မယ်။ ငါ အမောခံနိုင်ပါသေးတယ်။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ရန်ကုန်မှာ မြို့တော်ဝန်မာရသွန် (၂၆)မိုင်အပြေးပြိုင်ပွဲ (၂)ကြိမ်ဝင်ပြိုင်ဖူးတယ်။ အသက်ကြီးလာတော့ ခံနိုင်ရည် ကျဆင်းလာတာ။ ဖြည်းဖြည်းပဲ လျှောက်ကြရတာပေါ့'

ကျွန်တော်နှင့် အောင်ကျော်မိုး စကားကောင်းနေ၍ ကြည့်လိုက်တော့ လင်းလင်းတစ်ယောက် ကျွန်တော်တို့နားမှာ မရှိတော့ချေ။

ကျွန်တော်နှင့် အောင်ကျော်မိုး တောင်ပေါ်ကို ခပ်သွက်သွက်တက်လာခဲ့ကြသည်။ အလာခရီး တောင်တက်လာစဉ် လမ်းခွဲလေး(၂)လမ်းရှိရာ တောင်ကုန်းလေးပေါ်၌ ကျွန်တော့်ကို လင်းလင်း ရပ်စောင့်နေသည်။ လင်းလင်း တောင်ကုန်းလေးပေါ်က ပြေးဆင်းလာပြီး ကျွန်တော့်လက်မောင်းကို ဖက်တွယ်လိုက်ပါသည်။ တစ်စုံတစ်ရာကို လင်းလင်း ကြောက်လန့်နေပုံရပါသည်။

ကျွန်တော် ဘာမှန်းမသိ၍ ရန်ကာနိုင်အောင် တောင်ဝှေးကို အသင့်ပြင်ထားလိုက်ရသည်။

'အဘ··ဘာကောင်လာလာ ကျွန်တော်ချမယ်။ ကျွန်တော် ဗန်တိုသိုင်းတတ်တယ်ဗျ။ အဘိုး သင်ပေးထားတာ'

ကျွန်တော်တို့ တောင်ကုန်းလေးပေါ်ကို ကြည့်နေရာ သစ်ပင်များ လှုပ်ရှားသွားပြီး ခမီအမျိုးသားကြီး တစ်ယောက် တောအုပ်ထဲမှ ထွက်လာပါသည်။ ယင်းခမီအမျိုးသားကြီးသည် ကိုယ်ခန္ဓာထွားကျိုင်းလှသည်။ အရပ်မြင့်မားပြီး ခြောက်ပေလောက်ရှိမည် ထင်ရသည်။ခေါင်းတုံးပြောင်ကြီးနှင့် စူးရှနီရဲသော မျက်လုံးအစုံ၊ မျက်နှာလေးထောင့်ပုံသဏ္ဌာန်နှင့် နှာတံမှာ ခမီတိုင်းရင်းသားများလို ပိပြားပါသည်။ ခပ်တင်းတင်းစည်းထားသော ထမီစပ်မှာ ကြီးမားလှသည်။ ကိုယ်ဗလာအထက်ပိုင်းနှင့် ဘတ်မှာ အင်းကွက်များ ထိုးထားသည်။ ခေါင်းတောင်

www.burmeseclassic.com

www.burmeseclassic.com

မြှောင်အောင် ကျိုက်ထား၍ ပေါင်နှစ်ဖက်မှာ ထိုးကွင်း အပြည့်ရှိပါသည်။ ကျွန်တော်တို့ကိုကြည့်၍ တဟဲဟဲ ရယ်မောလိုက်ပါသည်။ ပါးစပ်ဟလိုက်မှ သွားစွယ်နှစ်ချောင်းကို မြင်လိုက်ရသည်။ ယင်းလူထွားကြီးလက်ထဲမှာ တင်းပုတ်လို သစ်သားချောင်းကြီး ကိုင်ထားသည်။ ယင်းလူထွားကြီးကို ကျွန်တော်တို့ မော့ကြည့်ရသည်။ ဗန်တိုသိုင်း တတ်ထားသည့် အောင်ကျော်မိုး ကျွန်တော်ကိုယ်နောက်ကို ကပ်၍ပုန်းလိုက်ပြီး လင်းလင်းလက်ကို လှမ်းကိုင်လိုက်ပါသည်။

'ကောင်လေး..သခင်မလေးလက်ကို မကိုင်ပါနဲ့'

လူထွားကြီး၏ အသံသြသြကြီးကပင် ကြောက်စရာကောင်းနေသည်။ ဗန်တိုသိုင်းဆရာ နောက်တွန့်နေဆဲ ရှိသည်။

'ဆရာကြီး..ဆံတော်ရှင်သိုက်ရဲ့ ဆိုင်ရာပုဂ္ဂိုလ်တွေက သခင်မလေးကို ပြန်ခေါ်ခဲ့ဖို့ မှာလိုက်ပါတယ်။ ဆရာကြီး ခွင့်ပြုပေးပါ'

'တောင်ပိုင်ကြီး..ခင်ဗျားတို့ သခင်မလေးကို မြင်းကန်းသိုက်ကို လွှဲထားပြီးသားမဟုတ်လား။ မြင်းကန်းသိုက် အကြီးအကဲတွေ ခွင့်မပြုဘဲ ပြန်ခေါ်လို့ မရဘူးလေ'

'မှန်ပါတယ် ဆရာကြီး၊ ဒါပေမဲ့ မြင်းကန်းသိုက်တောင်ပေါ်မှာ ဘုရားတည်ပြီးပြီဖြစ်လို့ သခင်မလေး နေခွင့်ရက် ကုန်ဆုံးခဲ့ပါပြီ။ ကတိစကား ထားခဲ့တာ သိုက်ထဲက ပေပုရပိုက်မှာ ရေးသားထားပါတယ်။ ကတိစကား ပယ်ဖျက်လို့ မရပါဘူး။ ဥစ္စာစောင့်ဘဝက လွတ်မြောက်အောင် လူသားနဲ့ အိမ်ထောင်ပြုလို့ မရပါဘူး။ ပြန်ခေါ်ခွင့်ပေးဖို့ ဆရာကြီးကို ပြောခိုင်းလိုက်ပါတယ်'

'တောင်ပိုင်ကြီး..ကံ့ယက်ရှင်ရဲ့ သဘောဆန္ဒကို မေးလိုက်ပါဦး'

လင်းလင်း အသံထွက်၍ ငိုနေပါသည်။

'ပြန်လာခဲ့ပါ့မယ်၊ အချိန်ပေးပါဦး'

လင်းလင်း ငိုပြောပြောနေသည်ကပင် သနားစရာကောင်းလှပါသည်။ ဆရာကြီး ပါရမီလမ်းလျှောက်၍ ရောက်ခဲ့သော နေရာဌာနသို့ ကျွန်တော်ရောက်ခဲ့ရပါသည်။ လင်းလင်းတို့ ဖြစ်ပေါ်နေသည့် ပြဿနာကို ကျွန်တော် ဘာများတတ်နိုင်ပါမည်နည်း။

'ပြန်မခေါ်နဲ့ဗျာ၊ မထည့်နိုင်ဘူး'

အောင်ကျော်မိုး ကျွန်တော့်နောက်မှ ထွက်လာပြီး ပြောလိုက်သည်။

'အောင်မာ၊ သခင်မလေးရဲ့ ရဲမက်အဆင့်ကောင်က ထီးနန်းရှင်နှင့် ဘိုးဘွားများ အားလုံးကို အာခံတာလား။ တင်းပုတ်နဲ့ ထုသတ်ပြီး နင့်ကို အရင်ခေါ်သွားမယ်'

တောင်ပိုင်ကြီး တင်းပုတ်နဲ့ရိုက်ရန် ရွယ်လိုက်စဉ် အောင်ကျော်မိုး ကျွန်တော့်နောက်ကို ပြန်ဝင်ပုန်းလိုက်ပါသည်။

'တောင်ပိုင်ကြီး..သည်းခံ..သည်းခံ၊ လူငယ်တွေ မသိမိုးလင်း မသိမိုးချုပ်နေကြလို့ ခွင့်လွှတ်ပေးပါဗျာ'

ကျွန်တော် လက်ကာ၍ တားလိုက်ပါသည်။ ရုတ်တရက် တောင်ပိုင်ကြီးလက်ထဲမှာ တင်းပုတ်ကြီး လွတ်ကျသွားပါသည်။

'သခင်မလေး..အချိန်ကိုးလ ထပ်တိုးပေးပါ့မယ်။ ထပ်တိုးရက်စေ့ရင် ပြန်လာခဲ့ပါတော့'

တောင်ပိုင်ကြီး လွတ်ကျသွားသော သူ့တင်းပုတ်ကို ကောက်ကိုင်ပြီး တောအုပ်ထဲ ပြေးဝင်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

'မြန်မြန်သွားကြရအောင်။ အလင်းရောင်ပျောက်နေပြီ'

ကျွန်တော်တို့ မှောင်ရိပ်ဝိုးတဝါးထဲကပင် တောင်ထိပ်အရောက်တက်ခဲ့ကြရသည်။ ဦးပဍ္ဍင်းနှင့် ဘုရားဖူးများ ကျွန်တော်တို့ကို စောင့်နေကြသည်။

'ဒကာကြီး..မိုးချုပ်နေပြီ။ တောင်ဆင်းလမ်း ချော်တယ်၊ ဖြည်းဖြည်းဆင်းလာခဲ့။ လက်နှိပ်ဓာတ်မီး ယူထားလိုက်။ ကျုပ်တို့ ရှေ့က သွားနှင့်မယ်'

ကျွန်တော့်ကို အောင်ကျော်မိုး ထိန်းပေးပြီး တွဲ၍ တောင်ပေါ်မှ ဆင်းခဲ့ပါသည်။ တောင်ဆင်းလမ်းမှာ မြန်မြန်ဆန်ဆန်ဆင်းနိုင်ပြီး စုမိကျိုရွာအဝ ရောက်ခဲ့ကြသည်။

'အဘ..ကျွန်တော် လက်လျှော့လိုက်ပြီ။ လင်းလင်းကို ကြိုက်ရတာ မလွယ်ဘူးဗျ။ အဘသာ ပါမလာရင် ကျွန်တော် တင်းပုတ်နဲ့ အထုခံရမှာ၊ ကြောက်ပါပြီဗျာ'

ကျွန်တော်တို့ အောင်ကျော်မိုး၏အိမ်ပေါ် တက်လိုက်သည်နှင့် ဝိုင်းအုံကြည့်ရှုနေသော လူအုပ်ကြီးကို တွေ့လိုက်ရသည်။

'အဘ..ကြည့်ပါဦး။ လင်းလင်း တက်ပြီး သတိလစ်နေတယ်'

လင်းလင်း၏အဒေါ်က ငိုသံကြီးဖြင့် ပြောနေသည်။ လင်းလင်းက ပက်လက်လှန်လှဲနေပြီး ပါးစပ်က အမြှုပ်တစီစီ ထွက်ကျနေသည်။

လင်းလင်းခေါင်းရင်းမှာ ဦးပဍ္ဍင်း ထိုင်နေပြီး ပရိတ်တော်များ ရွတ်ပေးနေသည်။ ခန္ဓသုတ်ပရိတ် ရွတ်ပြီးသည့်အခါ လင်းလင်း သတိရလာသည်။ ပါးစပ်မှ ထွက်ကျနေသော အမြှုပ်များ ရပ်သွားသည်။

'ဒကာကြီး..လောကီကိစ္စဖြစ်တယ်။ ဒကာကြီးလို အပ်တာ ဆက်လုပ်ပေးလိုက်ပါ။ ဦးပဍ္ဍင်း လင်းလင်းခေါင်းရင်းကထ၍ ကြွသွားသည်။ ကျွန်တော် မေတ္တာသုတ်များရွတ်၍ သမ္ဗုဒ္ဓေဂါထာကြီး အပြန်လှန်ရွတ်ကာ ရေမှန်းဖြင့် လင်းလင်းခေါင်းနှင့် ကိုယ်လုံးကို ဖျန်းပေးပါသည်။ လူအုပ်ထဲမှ အသံနက်ကြီးဖြင့် အမျိုးသမီးကြီးတစ်ဦး ထအော်ပါသည်။

'သမ္ဗုဒ္ဓေ မရွတ်ပါနဲ့'

'ရွတ်တော့ ဘာဖြစ်လဲကွာ'

အောင်ကျော်မိုး ထခုန်၍ ပြောသည်။

'ကြောက်ပါပြီ။ သမ္ဗုဒ္ဓေရွတ်လို့ ကျုပ်တို့ ပြန်တော့မယ်'

ယင်းအမျိုးသမီးကြီး အော်ပြောပြီး လဲကျ၍ မေ့သွားပြန်သည်။ အိမ်ပေါ်ရှိ လူအုပ်ကြီး တဝုန်းဝုန်းခုန်နေကြသည်။

'ဒကာကြီး..မေတ္တာတရားနဲ့ပြောတာ မရဘူးဖြစ်နေတယ်။ ငါ့ကို ကြိမ်လုံးပေးစမ်း'

ဦးပဍ္ဍင်း ကြိမ်လုံးဖြင့် ဦးစွာ အောင်ကျော်မိုးကို သုံးချက် ခပ်ပြင်းပြင်း ရိုက်လိုက်သည်။

'ကြောက်ပြီဗျို၊ ဆံတော်ရှင်သိုက်ကို ပြန်ပါတော့မယ်။ အားလုံး ပြန်ကြမယ်ဟေ့'

ဘုရားဖူးပါလာသော ဆယ်ကျော်သက် ကလေးတစ်ယောက်က အောင်ကျော်မိုး အိမ်ပေါ်က ခုန်ဆင်းသွားစဉ် အိမ်ရှေ့စင်ပေါ်က ငါးခြောက်ပြားကြီးကို ပါးစပ်ဖြင့် ကိုက်ယူပြီး ကုန်အောင် စားလိုက်သည်။ မြင်ကွင်းမှာ မကောင်းလှပါ။

'ကိုရင်လေး..ရတနာရွှေချိုင့်ဂါထာကြီး ရွတ်ကွာ။ ပြီးရင် စက်သုံးပါးဂါထာ ဆက်ရွတ်'

လူအုပ်ကြီး ငြိမ်ကျသွားပြီး အသံများ တိတ်ကုန်တော့သည်။

'မြင်းကပ်ရွာကို ပြန်ကြမယ်။ အားလုံး ထကြ'

ဦးပဍ္ဍင်းနောက်က အားလုံးလိုက်သွားကြသည်။ ကျွန်တော်နှင့် အောင်ကျော်မိုး နောက်က လိုက်ရသည်။ ညအမှောင်ထဲ လရောင်ကလည်း မထွက်သေးပါ။ မြစ်ကမ်းစပ် ကျောက်ဆောင်တွေပေါ် လက်နှိပ်ဓာတ်မီး အလင်းရောင်ဖြင့် စမ်းတဝါးဝါး သွားရပါသည်။ မူလအစီအစဉ်က စုမိကျိုရွာမှာ ညအိပ်ဖို့ဖြစ်သော်လည်း လင်းလင်းကိစ္စ ပေါ်လာ၍ မြန်ခဲ့ကြခြင်းဖြစ်သည်။

သံမှန်ပေါ် တက်ခါနီး အောင်ကျော်မိုး ကျွန်တော့်ကို နှုတ်ဆက်စကားပြောရင်း ငိုနေသည်။

'အဘရေ..နောက်တစ်ခေါက် အလည်လာပါဦးနော်။ အဘကို လက်ဆောင်ပေးမယ့် ငါးခြောက်ပြားသရဲစားလို့ ကုန်သွားရတာ။ ကျွန်တော် အသည်းကွဲသွားပြီဗျ'

'ဟေ့ကောင်..အလွမ်းသယ်မနေနဲ့။ လေငြိမ်တုန်းစက်လှေမောင်းရမှာ။ ငါတို့ ရေမကူးတတ်ဘူး။ မင်း



www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန် မြင်းကပ်ရွာကို လာခဲ့ပါဦး’

မှောင်မှောင်မည်းမည်းထဲ မြစ်ပြင်ကိုဖြတ်၍ စက်လှေမောင်းရသည်။ မြစ်ပြင်၌ လှေ၊ သမ္ဗန်ရှင်း၍ အန္တရာယ်ကင်းနေပါသည်။ ကျွန်တော့်တစ်သက်နှင့်တစ်ကိုယ်အသက်နှင့်ရင်း၍ ဆံတော်ရှင်စေတီကို ဖူးခဲ့ရခြင်း ဖြစ်ပါသည်။

မြင်းကပ်ရွာမှ မနက်ဖြန် ရန်ကုန်ပြန်ပါတော့မည်။ လမ်းခရီး၌ ဦးပဥ္စင်းနှင့် မြောက်ဦးမြို့နှင့် ကျောက်တော်ကြီး မဟာမုနိမြတ်စွာဘုရားကို ဝင်ဖူးပါဦးမည်။ မြင်းကပ်ရွာကို ကျွန်တော်သည် ဦးပဥ္စင်းကို အကြောင်းပြု၍ လိုက်ပါခဲ့ရသည်။ ဆရာသခင် ဆရာကြီးပညာရွှေ အမှာစကားကို သစ္စာထားခဲ့၍ လိုက်ပါခဲ့ရသည်။ ဆရာသခင် ဆရာကြီးပညာရွှေ အမှာစကားကို သစ္စာထားခဲ့၍ အခါအခွင့်ကြုံခိုက် အရောက်လာခဲ့ရခြင်း ဖြစ်ပါသည်။

တစ်နေ့လုံး မြင်းကပ်ရွာမှ လာရောက်နှုတ်ဆက်သူများကို စကားပြောရင်း ညနေစောင်းမှ အားလပ်ခွင့်ရပါသည်။ ရိုးသားသော၊ ဖော်ရွေသော ခမီတိုင်းရင်းသားများ၏ ခင်မင်နှစ်လိုဖွယ်ရာ အလေ့များကို ကျွန်တော့်တစ်သက် မေ့နိုင်တော့မည် မဟုတ်ပါ။

ညဘက် ဘုရားဝတ်တက်ပြီးချိန် ကျောင်းထိုင်ဆရာတော် ဦးသုဘောဂအား ပြောသင့်ပြောထိုက်သော စကားကို ပြောရပါသည်။

‘မြင်းကန်းသိုက်နှင့် လွမ်းစေတီက ခြားနားပါတယ် အရှင်ဘုရား။ မြင်းနက်ကြီးက ကျွတ်တမ်းဝင်ဖို့ အချိန်လိုပါသေးတယ်ဘုရား။ ဆရာအောင်လှရှိန် တည်ထားတဲ့ စေတီလေးက ပုဂ္ဂလိက လွမ်းစေတီပါ’

ကျွန်တော် အတိုချုံး၍ ပြောခဲ့ပါသည်။

အခန်းထဲ၌ ဦးပဥ္စင်းတို့ ကျိန်းစက်နေစဉ် ကျွန်တော့်ဒိုင်ယာရီကို ပြန်ဖတ်နေမိသည်။

ဒုတိယကမ္ဘာစစ်ကာလ စစ်တွေမြို့ကို ဂျပန်များသိမ်းပိုက်ထားခဲ့ကြသည်။ မဟာမိတ်တပ်များနှင့် လက်တွဲ၍ ဒေသခံ ခမီတိုင်းရင်းသားများ မဟာမိတ်တပ်များနှင့် ပူးပေါင်းပြီး ဂျပန်တိုက်ထုတ်ခဲ့ကြသည်။ ဖရုံကာအလယ်ကျွန်း မြင်းကပ်ရွာသို့ ဂျပန်များဆုတ်ခွာစဉ် စစ်မြင်းကြီးမှာ ဗုံးဆန်မှန်၍ မျက်စိတစ်ဖက်ကန်းပြီး သေဆုံးခဲ့ရသည်။ တိရစ္ဆာန်ပင် ဖြစ်သော်လည်း ဥပါဒါန်အစွဲဖြင့် ပေတာဘဝကျရောက်ခဲ့ရသည်။ မြင်းကပ်ရွာ ဝေလတောင်ရှိ ဥစ္စာစောင့်များက မြင်းနက်ကြီးကို သိုက်စောင့်အဖြစ် ထိန်းသိမ်းပြီး စောင့်ခိုင်းခဲ့သည်။ မြင်းနက်ကြီး ပြေးလွှားခုန်ပေါက်သံကို ညစဉ် ကြားနေကြရခြင်း မှန်ပါသည်။ လွမ်းစေတီနှင့် မြင်းကန်းသိုက်၏ ခြားနားချက်ကို ကျွန်တော် သိခွင့်ရခဲ့ပါသည်။

နံနက်ခင်း နှင်းမှုန်မှုန် ကျဆင်းပြီး မြင်းကပ်ရွာ၏ မြစ်ကမ်းခြေတစ်လျှောက် မှုန်မှိုင်းနေပါသည်။ လွမ်းမောဖွယ်ရာ ရှုခင်းတွေပါ။ လေအဝှေ့တွင် မြစ်ပြင်၌ လှိုင်းကြက်ခွပ်လေးများ ထနေကြသည်။ အနောက်ဖရုံကာကျွန်းကို မှိုင်းပျပျသာ မြင်ရသည်။ မြတဲရွာဘက်မှ မောင်းလာသော စက်တပ်သမ္ဗန်ကြီး မြင်းကပ်ရွာ မြစ်လယ်၌ ရပ်နားလိုက်ပါပြီ။ ကမ်းစပ်၌ ဦးပဥ္စင်းကို လိုက်ပို့သော ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများ ကမ်းစပ်အပြည့် စည်ကားနေပါသည်။

ကျွန်တော့်ကို လက်ဆောင်ပေးသူ၊ နှုတ်ဆက်သူများက–

‘ဆရာကြီး··နောက်တစ်ခေါက် လာလည်ပါဦး’

ပိုင်းပြောကြသည်။ လူအုပ်ထဲ၌ လင်းလင်းကို မတွေ့ရပါ။ လင်းလင်းအဒေါ်က လင်းလင်း ပေးလိုက်သော လက်ဆောင်ထုပ်လေး လာပေးသည်။ လမ်းခရီး၌ ဆာရင် စားဖို့ မုန့်များ ဖြစ်ပါသည်။

ကျွန်တော်တို့ စက်လှေဖြင့် မြင်းကပ်ရွာမှ ထွက်ခဲ့ပါပြီ။ စက်လှေကြီး မြစ်ကြီးအလယ်ရောက်စဉ် စက်ရှိန်မြှင့် ခုတ်မောင်းပါသည်။ မြတဲရွာကမ်းစပ်မှ အပြေးလာသော လင်းလင်းပုံရိပ်ကို လှမ်းမြင်လိုက်ရသည်။ မြစ်ကမ်းခြေရေထဲ ခါးတစ်ဝက်ခန့်ဆင်း၍ လင်းလင်း လက်ပြနှုတ်ဆက်ပါသည်။ လင်းလင်း အော်၍နှုတ်ဆက်သံကို ကျွန်တော်ကြားလိုက်ရပါသည်။ မြန်မာသံ ပီပီသသ ထွက်ပါသည်။

‘ဆရာကြီး··လင်းလင်းတို့ဆီ ပြန်လာပါဦး’

ကျွန်တော် သတိရစွာ ပြန်ပြောလိုက်ပါသည်။ ကျွန်တော့်စကားသံကို လင်းလင်း ကြားနိုင်မည် မဟုတ်ပါ။ ကျွန်တော် မြင်းကပ်ရွာသို့ နောက်တစ်ခေါက် ရောက်နိုင်မည် မထင်တော့ပါ။

သိန်းသွန်းသစ်

www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရမဂ္ဂဇင်းတွင် စာရေးသူ ရေးသားသည့် ဝတ္ထုတို၊ ဆောင်းပါးတို့ ဖော်ပြပါရှိလာပါလျှင် စာရေးသူသည် အင်မတန်မှကို ဝမ်းသာပီတိများ ဖြစ်ရပါသည်။

ဓမ္မမိတ်ဆွေများကိုလည်း စာရေးသူ၏စာမူ ပါရှိသည့် ဂမ္ဘီရမဂ္ဂဇင်းအား လိုက်လံပြသမိပါသည်။ ဓမ္မမိတ်ဆွေများကလည်း စာရေးသူ၏စာမူကို ဖတ်ရှုကြပြီး ဝေဖန်အကြံပြုမှုများ ပြောလာကြ၍ ထပ်မံဝမ်းသာပီတိ ဖြစ်ရပြန်ပါသည်။

စာရေးသူ ယခုလို ဝမ်းသာပီတိဖြစ်ရခြင်း အကြောင်းရင်းမှာလည်း ဂမ္ဘီရမဂ္ဂဇင်းမှတစ်ဆင့် စာရှုသူများရဲ့ ရင်ဘတ်ထဲသို့ စာရေးသူ၏ တွေ့ကြုံသိရှိထားသည့် အတွေ့အကြုံဗဟုသုတများအား ရိုက်သွင်းပေးလိုက်နိုင်ခြင်းကြောင့်သာ ဖြစ်ပါသည်။

ဒါသည် စာရေးသူ၏ ရင်ဘတ်ထဲရှိ နှလုံးသားမှ စာရှုသူတို့အပေါ် ဖြူစင်စွာထားရှိသည့် မွန်မြတ်သော စိတ်စေတနာ ဖြစ်ပါသည်။

ယခုလည်း စာရှုသူများကို လွန်ခဲ့သည့်(၁၉၈၅)ခုနှစ်ရှုလိုင်လက စာရေးသူနှင့် ခရီးသွားဖော်များ အသက်ဘေးမှ ကိုယ်တိုင်ကြုံတွေ့ လွတ်မြောက်ခဲ့ရသည့် ဖြစ်





www.burmeseclassic.com

ရုပ်မှန်အကြောင်းကို စာရှုသူတို့အား ရေးသားတင်ပြသွားမည် ဖြစ်ပါသည်။ ရေးသားလိုသည်မှာ ကြာပြီဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မရေးသားဖြစ်ခဲ့ပါ။

ယခုတော့ စာရှုသူတို့ ဖတ်ရှုရခြင်း၏ အကျိုးထူးများ ရကြပါစေလိုသောအလို့ငှာ မေတ္တာ၊ စေတနာတို့ဖြင့် မဖြစ်မနေ ကြိုးစားပြီး ရေးသားတင်ပြလိုက်ရပါသည်။

◆◆◆

ထိုစဉ်အချိန်အခါက စာရေးသူသည် အလုပ်ရုံစိတ်မှူးဘဝဖြင့် စက်ပစ္စည်းအလုပ်ရုံ၊ က·စ·လ(၄)တွင် တာဝန်ထမ်းဆောင်နေရချိန် ဖြစ်ပါသည်။

စက်ရုံ၏ ထုတ်လုပ်မှုတာဝန်များအပြင် တစ်ဖက်ကလည်း စက်ရုံ၏ စားသောက်ဆိုင်တာဝန်ကိုလည်း ယူထားရပြန်ပါသည်။

စားသောက်ဆိုင်အတွက် စားသောက်ကုန်ပစ္စည်းများကိုတော့ ပြည်မြို့သို့ သွားရောက်ဝယ်ပြီး လုပ်သားသက်သာချောင်ချိရေးအတွက် ဈေးနှုန်းချိုသာစွာဖြင့် ပြန်လည်ရောင်းချပေးရပါသည်။

ဧရာဝတီမြစ်ကူး နဝဒေးတံတားကြီးသည် ထိုစဉ်က မရှိသေးသဖြင့် ပြည်မြို့သို့သွားရာတွင် စာရေးသူ စက်ရုံတည်ရှိရာ ကွင်းလှမှ ဆင်တဲသို့ ကားနှင့်သွားကြရပြီး ဆင်တဲမှတစ်ဖန် ပြည်မြို့သို့ ပန်းတောင်းမြို့နယ် သမဝါယမမှ တာဝန်ယူလုပ်နေကြသော ပဲ့ထောင်စက်လှေများဖြင့် သွားကြရပါသည်။

ထိုသို့သွားပြီး ပြည်မြို့ရောက်ပါက ပြည်မြို့မှ စားသောက်ကုန်ပစ္စည်းများ ဝယ်ယူကြရကာ ဆင်တဲသို့ ကားအမီ ပြန်ကြရမည်ဖြစ်သည့်အတွက် ပြည်မြို့မှ ဆင်တဲသို့ကူးသော (၁၀)နာရီခွဲ ပဲ့ထောင်စက်လှေကို စီးကြရမည် ဖြစ်ပါသည်။

ထိုနေ့က စာရေးသူသည် ဝယ်ရမည့် စားသောက်ကုန်ပစ္စည်းများ ဝယ်ယူပြီး ကုန်ပစ္စည်းတို့ကို အလုပ်သမားငှား၍ ပဲ့ထောင်ပေါ်သို့တင်ကာ ပဲ့ထောင်၏ လွတ်ရာနေရာတစ်ခုတွင် စာရေးသူ ဝင်ထိုင်လိုက်ပါသည်။

သိပ်မကြာလှပါ။ လူများ၊ ကုန်များဖြင့် ပဲ့ထောင်စက်လှေတစ်စင်းလုံး ပြည့်ကျပ်၍သွားပါသည်။

ပဲ့ထောင်စက်လှေသည် (၁၀)နာရီခွဲသည်နှင့် ကမ်းမှခွာကာ စတင်ထွက်ပါလေတော့သည်။

မိုးတွင်းကာလဖြစ်၍ ပဲ့ထောင်မထွက်ခင်ကတည်းက မိုးအုံ့တုံ့တုံ့အနေအထားရှိနေရာမှ ပဲ့ထောင်စထွက်သည်နှင့် မြစ်၏အနောက်ဘက်စီမှ တိမ်စိုင်တိမ်ခဲကြီးများ မည်းမှောင်၍ ပေါ်ထွက်လာကာ လေများလည်း တိုက်စပြုလာပြီး မိုးရွာတော့မည်မှာ သေချာနေပြီ ဖြစ်ပါသည်။

ဆင်တဲသို့ (၄၅)မိနစ်စုန်ကာ ပဲ့ထောင်စက်လှေမောင်းရမည်ဖြစ်သဖြင့် ဒီမိုးအား မလွဲမသွေ ရင်ဆိုင်ရတော့မည်ဖြစ်၍ စာရေးသူ၏စိတ်ထဲတွင် ခပ်လေးလေးဖြစ်လာသောကြောင့် ရတနာသုံးပါးတို့အား စိတ်ဖြင့် အာရုံပြုထားလိုက်ရပါသည်။

ပဲ့ထောင်သည် မြစ်လယ်သို့ရောက်လျှင် အောက်ဘက်သို့စုန်ကာ တဘုတ်ဘုတ်ဖြင့် မောင်းနှင်ပါတော့သည်။

သိပ်မကြာလိုက်ပါ၊ မိုးများတဖွဲဖွဲနှင့် ရွာချလာပါသည်။ လေပြင်းတို့ကလည်း တိုက်ခတ်လာသဖြင့် လှိုင်းများကြီးလာကာ လှိုင်းတို့၏ ရိုက်ခတ်မှုကြောင့် ပဲ့ထောင်စက်လှေသည် ဘယ်ယိမ်းညာယိမ်း ဖြစ်လာပါသည်။

အခြေအနေမှာ စိုးရိမ်ရသည့် အနေအထားရှိသဖြင့် လူအချို့က–

'ပြည်ဘက်ကမ်းကို ပြန်ကပ်၊ ပြည်ဘက်ကမ်းကို ပြန်ကပ်'ဟု ဝိုင်းအော်ကြပါသည်။

ပဲ့ထောင်မောင်းသူက–

'ပြန်ကပ်ဖို့ မလွယ်ဘူး၊ ပြန်ကပ်ရင် ပိုဆိုးပြီး ဒုက္ခရောက်လိမ့်မယ်'ဟု ပြန်အော်ပြောပြီး ပဲ့ထောင်စက်လှေကို စက်ရှိန်လျှော့ချကာ ပဲ့ကိုထိန်းရင်း ဆက်ကာ မောင်းနှင်ပြန်လေသည်။

ပဲ့ထောင်စက်လှေသည် ဘယ်ယိမ်းညာယိမ်းမှသည် စက်လှေဦးပိုင်းမှ အပေါ်သို့ ထောင်သွားလိုက်၊ ပဲ့ပိုင်းမှ အောက်သို့ နိမ့်ကျသွားလိုက် ဖြစ်လာပါသည်။

အကြောင်းမှာ လေတိုက်ခတ်မှုအရှိန် ပြင်းထန်လာမှုကြောင့် လှိုင်းကြီးလာခြင်း ဖြစ်ပါသည်။

ထိုအခါ လူတို့သည် လှုပ်လှုပ်ရှားရှားဖြစ်လာကာ စက်လှေအတွင်း ဟိုဘက်ခြမ်း ဒီဘက်ခြမ်း ကူးသန်းမှုတို့ လုပ်လာသဖြင့် စက်လှေမှာ မငြိမ်မသက်ပိုဖြစ်ကာ စက်လှေတစ်ဖက်သို့ စောင်းနိမ့်သွားပါသည်။

စာရေးသူကတော့ မှောက်ပြီဟု မှတ်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စောင်းသွားသည့်ဘက်မှ ရေတို့သည်လည်း ဝေါခနဲကျလာသဖြင့် လူအများ စီစီလှုပ်ကာ ဝိုင်းအုံအော်ကြပါတော့သည်။ တကယ့်ကို ကမ္ဘာပျက်သွားသလား အောက်မေ့လိုက်ရပါသည်။

ပွဲထောင်မောင်းသူမှာလည်း-

'ဒီဘက်ခြမ်းမှာ လူတွေများနေတယ်။ ဟိုဘက်ခြမ်းကို မျှပြီးပြန်ရွှေ့ထိုင်ပါ။ ထိုင်ပြီးရင် လှုပ်လှုပ်ရှားရှား မလုပ်ကြပါနဲ့။ ငြိမ်ငြိမ်လေး ထိုင်နေကြပါ။ ဒီလိုမှမဟုတ်ရင် စက်လှေမှောက်ပြီး အားလုံး သေကုန်ကြလိမ့်မယ်' ဟု အော်ပြောသဖြင့် လူအချို့ နေရာပြန်ရွှေ့ထိုင်ကြသဖြင့် စောင်းသွားရာမှ စက်လှေ ပြန်မတ်သွားပါသည်။

ထပ်မံ၍ စက်လှေမောင်းသူမှပင်-

'ယောကျ်ားတွေက ဝင်လာတဲ့ရေတွေကို ရှိရာပုံးတွေနဲ့ ခပ်ထုတ်ပစ်ကြပါ' ဟု အော်ပြောမြန်သဖြင့် ယောကျ်ားအချို့လည်း တွေ့ရာပုံးတွေကို ပုံးထဲမှ ကုန်ပစ္စည်းများ သွန်ပစ်ကာ ဝမ်းဗိုက်ထဲကရေများ ခပ်ထုတ်ကြရပါသည်။

မိုးများကလည်း အဆက်မပြတ် ခပ်ကြမ်းကြမ်း ရွာသွန်းနေသလို လေအရှိန်တို့ကလည်း ပြင်းထန်နေသဖြင့် မိုးရေများသည်လည်းကောင်း၊ လှိုင်းရိုက်ခတ်မှုကြောင့် မြစ်ရေများသည်လည်းကောင်း စက်လှေဝမ်းဗိုက်အတွင်းသို့ ဝင်လာနေသောကြောင့် ရေခပ်ထုတ်သူများ မနိုင်လောက်အောင် ဖြစ်လာပါသည်။

ပွဲထောင်စက်လှေကသေးပြီး လူနှင့်ကုန်တို့က များနေသဖြင့် မိုးမရွာ လေမတိုက်လျှင် ပြဿနာမရှိနိုင်သော်လည်း ယခုလိုအခြေအနေမျိုးတွင် အသက်ဆုံးရှုံးရန် (၉၀) ရာခိုင်နှုန်း သေချာနေပါသည်။

ပွဲထောင်စက်လှေ၏ အခြေအနေသည်လည်း ရေပေါ်တွင် တစ်ထွာသာသာခန့်သာ ပေါ်နေသဖြင့် ကယ်တင်နိုင်မည့် ကယ်တင်ရှင်ကိုသာ ဝိုင်းဝန်းမျှော်ကိုးနေကြရပါတော့သည်။

မိုးကြားလေကြား လှိုင်းကြားများထဲတွင် စာရေးသူတို့၏ ပွဲထောင်စက်လှေသည် ပွဲထိန်းလို့ မနိုင်လောက်အောင်ပင် လူးလွန့်လျက် ရှိနေပေသည်။

ခရီးသည်တို့၏ မျက်နှာများသည်လည်း အားငယ်ညှိုးနွမ်းလျက်ရှိကြပြီး ငိုသူငိုကြနှင့် စိတ်ဒုက္ခအကြီးအကျယ် ရောက်နေကြပြီ ဖြစ်ပေသည်။

စာရေးသူလည်း ယခုလိုကြီး ဒုက္ခခံနေလို့တော့မဖြစ်ဘူး။ ဒီလိုလုပ်မှဖြစ်မယ်ဆိုပြီး အကြံထွက်ကာ စာရေးသူ ငြိမ်သက်စွာ ထိုင်နေသည့်နေရာမှ ရပ်လျက်-

'အားလုံးနားထောင်ကြပါ။ ဒီမိုး ဒီလေ အနေအထားဟာ တဖြည်းဖြည်းနဲ့ ပိုဆိုးလာတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ အသက်ရှင်ဖို့လမ်းဟာ ဒီတစ်လမ်းပဲရှိတယ်။ ကျွန်တော်ရှေ့က တိုင်ပေးမယ်။ အားလုံး လိုက်ဆိုကြပါ။ လက်အုပ်ကလေးတွေ ချီကြပါ။ စက်လှေမောင်းသူကလည်း ကိုယ်မောင်းရမယ့် တာဝန်ကို ဆက်မောင်းပါ။ ရေခပ်ထုတ်သူများကလည်း ထုတ်စရာရှိတာ ထုတ်နေပါ' ဟု အသံကုန်အော်ဟစ်ကာ ပြောလိုက်မိပါသည်။

ခရီးသည်များ အားလုံးတို့သည်လည်း စာရေးသူ၏ စကားအတိုင်း လက်အုပ်ချီကြပါသည်။

စာရေးသူကိုယ်တိုင်လည်း လက်အုပ်ချီလျက် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး၏ မျက်နှာတော်အား ကွင်းကွင်းကွက်ကွက်မြင်အောင် အာရုံပြုပြီး-

'တောင်သမုဒ္ဒရာတွင် ကြေးပြာသာဒ်နှင့် သီတင်းသုံးစံမြန်းတော်မူသော ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးဘုရား၊ တပည့်တော်တို့ ခရီးသည်များအားလုံးတို့သည် လေဒဏ်၊ မိုးဒဏ်တို့ကြောင့် သေဘေးနှင့် ရင်ဆိုင်ကြုံတွေ့ရတော့မည့် အနေအထားဖြစ်ပါ၍ ကယ်တော်မူပါ အရှင်ဘုရား။ တပည့်တော်တို့မှာလည်း ရှင်ဥပဂုတ္တဂါထာတော်မြတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ကာ အရှင်ဘုရားအား ကန်တော့ပါသည်ဘုရား' ဟု စတင်တိုင်တည်လိုက်ပါသည်။

ဒို့နောက် ခရီးသည်များအား 'တတ်နိုင်သမျှ ကျွန်တော်အော်ပြီး ရှေ့က ဆိုပေးမယ်။ ခင်ဗျားတို့ကလည်း အသံရှိသရွေ့ အော်ပြီး ဆိုကြပါ' ဟု ပြောဆိုလိုက်ပါသည်။

စာရေးသူသည် ရှင်ဥပဂုတ္တဂါထာတော်ကို ရှိသမျှအသံနှင့် စက်လှေတစ်စင်းလုံးကြားအောင် အသံကုန်အော်ဟစ်ကာ ရှေ့က တိုင်ပေးပါသည်။ ခရီးသည်များကလည်း လိုက်၍ဆိုကြပါသည်။

မိုးသံလေသံများကြားမှ စာရေးသူတို့၏ ဂါထာတော်မြတ်အသံတို့ကလည်း လုံးထွေးကာ ထွက်ပေါ်လျက် ရှိပါသည်။

ပရိတ်တော် နှစ်ခေါက်မြောက် ဆိုပြီးသည့်အထိ



www.burmeseclassic.com

www.burmeseclassic.com

မိုးရော လေရော တစ်စက်ကလေးမှ မလျှော့စတမ်း တိုက်ဆဲ ရွာဆဲ ဖြစ်နေပါသည်။

ပွဲထောင်စက်လှေသည် မိုးထဲ လေထဲတွင် ယိမ်းထိုးခါနေသဖြင့် စာရေးသူ လက်အုပ်ချီနေရသည့် အနေအထားမှာ ခန္ဓာကိုယ် လဲမသွားစေရန် ပွဲထောင်အမိုးကို ညာဘက်လက်နှင့်ကိုင်လျက် ဘယ်ဘက်လက် တစ်ဖက်တည်းနှင့် လက်အုပ်ချီကာ ရပ်နေရခြင်း ဖြစ်ပါသည်။

စာရေးသူသည် မိုးလေပြောင်းလဲမှုမရှိ ဖြစ်နေသည်ကို ဂရုမစိုက်တော့ဘဲ ဇနက္ကထုံး နှလုံးမူလျက် ရှိသမျှစိတ်အင်အားတို့ စုစည်းကာ တတိယအကြိမ်မြောက် အော်ဟစ်ရွတ်ဆို တိုင်ကြားပေးလိုက်ပြန်ပါသည်။

အံ့ဩစရာကောင်းလောက်အောင်ပါပဲ စာဖတ်ပရိသတ်တို့ရယ်...ဂါထာတော်မြတ် ပြီးဆုံးခါနီးတွင် မိုးတို့သည်လည်းကောင်း၊ လေတို့သည်လည်းကော်း တံ့ခနဲ၊ တိခနဲ ရပ်တန့်သွားကြပါသည်။ မိုးနှင်းဖွဲလေးနှင့် လေပြည်လေညင်းလေးတော့ ပါးပါးလေး ရှိနေပါသည်။

ရေလှိုင်းတို့သည်လည်း တဖြည်းဖြည်း ငြိမ်ကျသွားပါသည်။

စာရေးသူအပါအဝင် ခရီးသည်များအားလုံးတို့သည် ဂါထာတော်လည်း ဆုံးသည်နှင့် တိုင်ပင်စရာ မလိုကြဘဲ သာဓု...သာဓု...သာဓုဟု လှိုက်လှဲဝမ်းသာစွာဖြင့် ညီညာစွာ သာဓုသုံးကြိမ် ခေါ်ဆိုလိုက်ကြပါသည်။

သာဓုခေါ်လိုက်သည့် အသံတို့သည်လည်း မြစ်ရိုးတစ်လျှောက်တွင် ပွဲတင်ထပ်မျှ လွှမ်းမိုးရိုက်ခတ်သွားကြပါတော့သည်။

ခရီးသည်များ အားလုံးတို့သည်လည်း အသက်ဘေးမှ လွတ်မြောက်ရသည့်အတွက် ဝမ်းသာမဆုံး ဖြစ်ကုန်ကြသလို တချို့ဆိုလျှင်လည်း ဝမ်းသာလွန်း၍ ငိုကြပြန်ပါသည်။

ယခုလို ကြုံတွေ့ဖြစ်ပျက်ခဲ့ရသည့် အခြေအနေအားလုံးတို့ကို ခြုံငုံသုံးသပ် တင်ပြရမည်ဆိုပါလျှင် မိုးထဲလေထဲ လှိုင်းကြားထဲတွင် ပွဲထောင်စက်လှေ မောင်းနှင်သူသည် မလျှော့စတမ်းဇွဲဖြင့် ပွဲထိန်း၍ မောင်းနှင်နေခြင်း၊ စက်လှေဝမ်းဗိုက်ထဲမှ ရေခပ်ထုတ်သူများသည်လည်း မနိုမကာပ်ဘဲ ဇွဲကောင်းစွာဖြင့် ရေများ ခပ်ထုတ်နေကြခြင်း၊ စာရေးသူတို့ ဂါထာတော်အဖွဲ့တို့သည်လည်း ဗုဒ္ဓဘာသာဝင်များပီပီ ယုံကြည်သောစိတ်၊ အားကိုးသောစိတ်တို့ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်းတို့ကြောင့် အသက်ဘေးမှ လွတ်မြောက်ကြရခြင်းဖြစ်သည်ဟု စာရေးသူ ယုံကြည်မိပါသည်။

ဤနေရာတွင် စာရေးသူတို့အား စာရေးသူအနေဖြင့် အနည်းငယ်မျှ ရေးသားတင်ပြလိုသည်မှာ ဘုရားအလောင်းတော် အရှင်ဇနက္ကမင်းသည် ပင်လယ်တွင် သင်္ဘောနစ်မြုပ်ရာတွင် သူ၏ အသက်ရှင်သန် လွတ်မြောက်ရေးအတွက် ကမ်းမမြင် လမ်းမမြင်သော ပင်လယ်ထဲတွင် သူ၏ အသက်ရှင်နေသရွေ့ ကမ်းသို့ မရောက်၊ရောက်အောင် ကူးခပ်မည်ဟူသော ယုံကြည်မှု ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် လက်ပစ်ကူးခပ်နေခဲ့ရာ မေခလာနတ်သမီးပင်လျှင် သူ၏ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကြောင့် မကယ်ဘဲ မနေနိုင်အောင်ဖြစ်ကာ ကယ်တင်၍ လွတ်မြောက်ခဲ့ရပါသည်။

ထို့ကြောင့် ယခုကဲ့သို့သော အသက်ဘေးတို့ ကြုံဆုံလာခဲ့ကြပါလျှင် မိမိတို့သည် ကျရာအခန်းကဏ္ဍမှ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ညီညာစွာ ယုံယုံကြည်ကြည် ဆောင်ရွက်ကြပါက အသက်ဘေးမှ လွတ်နိုင်ပါကြောင်းကို ကိုယ်တိုင်ကြုံတွေ့ အောင်မြင်ခဲ့ရသည့် စာရေးသူ၏ ဤဖြစ်ရပ်မှန် ဝတ္ထုတိုလေးအား သာဓကပြ ရေးသားတင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

အများစုနှင့် ကြုံတွေ့လာရသော အခြေအနေဆိုးတို့တွင် ဂါထာတော်မြတ်ကို တစ်ယောက်တည်း ရွတ်ဆိုနေခြင်းထက် အားလုံးစုပေါင်းရွတ်ဆိုကြခြင်းသည် ပို၍ထိရောက်အောင်မြင်လှပါသည်။

ထိုစဉ်က စာရေးသူသည် မိမိ၏ စိတ်အာရုံထဲတွင် ဒီလိုလုပ်လျှင် ကောင်းမည်ဟူသော အတွေးများ ဖြစ်ပေါ်လာသည့်အတိုင်း ဆောင်ရွက်လိုက်ခြင်းသာဖြစ်ပါသည်။

အတိဒုက္ခရောက်နေကြချိန်တွင် ပွဲထောင်စက်လှေတွင် ပါလာကြသော ဘာသာကွဲတို့သည်ပင်လျှင် လက်အုပ်ချီကာ လိုက်ဆိုကြသည်ကို တွေ့ရပါသည်။

ရှင်ဥပဂုတ္တမထေရ်မြတ်နှင့် ပတ်သက်၍ စာစောင်၊ မဂ္ဂဇင်းများတွင် စာရေးသူတို့၏ ရေးသားဖော်ပြချက်များလည်း ရှိပြီးဖြစ်၍ စာဖတ်ပရိသတ်တို့ ဖတ်ဖူးကြလိမ့်မည်ဖြစ်သောကြောင့် အထူးအထွေ မရေးသားလိုတော့ပါ။

စာရေးဆရာတို့သည်တကယ်အောင်မြင်လွတ်မြောက်


www.burmeseclassic.com

www.burmeseclassic.com

ကြ၍ ရေးသားတင်ပြကြတာဖြစ်သလို စာရေးသူသည်လည်း ထို့အတူပင် ဖြစ်ပါသဖြင့် စာရှုသူများအတွက် အကျိုးထူးများ ဖြစ်ထွန်းကြလိမ့်မည်ဟု ယုံကြည်မိရင်း ကိုယ်တွေ့ကြုံအောင်မြင် လွတ်မြောက်ခဲ့ရသော အစွမ်းထက်လှသည့် ရှင်ဥပဂုတ္တဂါထာတော်မြတ်ကို စာရှုသူအပေါင်း ရွတ်ဖတ်ကြည့်ညိုနိုင်ကြစေရန် ရေးသားဖော်ပြလိုက်ပါသည်။

**ရှင်ဥပဂုတ္တဂါထာတော်**

(၁) ဥပဂုတ္တော မဟာထေရော၊
သမ္ဗုဒ္ဓေန ဝိညာဂတော၊
မာရဉ္စ မာရဗလဉ္စ၊
ဒမေသတိ အနာဂတေ။

(၂) မမသီသေ ပတိဋ္ဌိတော၊
မာရေနော အသုဏိတ် ကတွာ၊
အန္တရာယာ ဝိနဿန္တု၊
အဟံဝန္ဒေ ဣဒါနေဝ။

(၃) ဥပဂုတ္တံ မဟိဒ္ဓိကံ၊
ရာဇကုပ္ပဒ္ဒဝံ ဝိစ၊
သဗ္ဗရောဂ ဝိနောဒါယ၊
ပရိတ္တံဇယ မင်္ဂလံ။

(၄) ဥပဂုတ္တော မဟာဝီရော၊
သမ္ဗုဒ္ဓေန ဝိညာဂတော၊
မာရဉ္စ မာရဗလဉ္စ၊
ဒမေသတိ အနာဂတေ။

(၅) တာဒိသော စ ထေရော သဗ္ဗ
အန္တရာယံ ဝိဓံသတံ၊
ယံယံ ဥပဒ္ဒဝံ ဇာတံ၊
ဝိဓံသေတု အသေသတော။

(၁) ဥပဂုတ္တော-ဥပဂုတ္တအမည်ရှိသော၊ မဟာထေရော-မထေရ်မြတ်သည်၊ အနာဂတေ-နောင်သောအခါ၌၊ မာရဉ္စ-မာရ်နတ်သားကိုလည်းကောင်း၊ မာရဗလဉ္စ-မာရ်နတ်သား၏ စစ်သည်ဗိုလ်ပါကိုလည်းကောင်း၊ ဒမေသတိ-ဆုံးမလတ္တံ့၊ (ဣတိ-ဤသို့)၊ သမ္ဗုဒ္ဓေန-မြတ်စွာဘုရားသည်၊ ဝိညာဂတော-သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် သိခြင်းသို့ ရောက်တော်မူလေပြီ။

(၂) မမ-အကျွန်ုပ်၏၊ သီသေ-ဦးခေါင်းထက်၌၊ ပတိဋ္ဌိတော-တည်တော်မူလျက်၊ မာရေန-မာရ်နတ်သားသည်၊ အသုဏိတံ-မနှိပ်စက် မညှဉ်းဆဲနိုင်ခြင်းကို၊ ကတွာ-ပြု၍၊ အန္တရာယာ-အန္တရာယ်တို့သည်၊ ဝိနဿန္တု-ပျောက်ပျက်ကြပါကုန်စေသတည်း။ အဟံ-အကျွန်ုပ်သည်၊ ဣဒါနေဝ-ဤယခုပင်လျှင်၊ (တံ-ထိုရှင်ဥပဂုတ္တမထေရ်ကို) ဝန္ဒေ-ရှိခိုးပါ၏။

(၃) ရာဇကုပ္ပဒ္ဒဝံပိစ-မင်းဘေးနှင့်တကွ အားလုံးသော ဥပဒ္ဒဝေါကိုလည်းကောင်း၊ သဗ္ဗရောဂံစ-အားလုံးသော ရောဂါကိုလည်း၊ ဝိနောဒါယ-ပယ်ဖျောက်ခြင်းငှာ၊ မဟိဒ္ဓိကံ-တန်ခိုးကြီးသော၊ ဥပဂုတ္တံ-ဥပဂုတ္တမထေရ်မြတ်ကို၊ ပရိတ္တံ-အရံအတားကို (ကရောမိ-ပြုပါ၏၊ မေ-အကျွန်ုပ်အား)၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်ပါစေသတည်း။

(၄) မဟာဝီရော-ကြီးမားသော လုံ့လ၊ ဝီရိယရှိတော်မူသော၊ ဥပဂုတ္တော-အရှင်ဥပဂုတ္တမထေရ်သည်၊ အနာဂတေ-နောင်အခါ၌၊ မာရဉ္စ-မာရ်နတ်သားကိုလည်းကောင်း၊ မာရဗလဉ္စ-မာရ်နတ်သား၏ စစ်သည်ဗိုလ်ပါကိုလည်းကောင်း၊ ဒမေသတိ-ဆုံးမလတ္တံ့၊ (ဣတိ-ဤသို့) သမ္ဗုဒ္ဓေန-မြတ်စွာဘုရားသည်၊ ဝိညာဂတော-သဗ္ဗညုတဉာဏ်တော်ဖြင့် သိခြင်းသို့ ရောက်တော်မူလေပြီ။

(၅) တာဒိသော စ-ထိုသို့သဘောရှိသည်သာဖြစ်သော၊ ထေရော-ဥပဂုတ္တမထေရ်သည်၊ သဗ္ဗအန္တရာယံ-အားလုံးသော အန္တရာယ်ကို၊ ဝိဓံသတံ ဝိဓံသေတု-ပျက်စီးတော်မူပါစေသတည်း။ တံ တံ ဥပဒ္ဒဝံ-ထိုထိုဥပဒ္ဒဝေါသည်၊ အသေသတော-အကြွင်းမဲ့၊ ဝိဓံသေတု-ပျက်စီးပါစေသတည်း။

ထိုစဉ်အချိန်ခါက စာရေးသူနှင့် ခရီးသွားဖော်များ ဤဝတ္ထုတိုလေးအား ဖတ်ရှုမိကြပါက စာရေးသူကို အမှတ်ရနိုင်ကြပါစေလို့လည်း ဆန္ဒပြုအပ်ပါသည်။

စာဖတ်ပရိသတ်အပေါင်း သဘာဝဘေးအန္တရာယ်အသွယ်သွယ်မှ ထာဝရကင်းဝေး လွတ်မြောက်နိုင်ကြပါစေ။

ဂမ္ဘီရမဂ္ဂဇင်းနှင့်တကွ စာဖတ်ပရိသတ်တို့အား အစဉ်လေးစားတန်ဖိုးထားလျက်။

ဦးကိုကိုကြီး(စစ်...)

www.burmeseclassic.com

www.burmeseclassic.com



# ပြုတ္တရွှေတောင်တာ ဆင်ခြေရှာဘုရားသို့ဂ်ဂ် ဖေကင်စော်ချွှ

တန်ခူးကုန်၍ ကဆုန်လသို့ ရောက်ခဲ့ပေပြီ။ နေရှိန် ပြင်းသလို မိုးသက်လေပြင်းများလည်း တိုက်ခတ်လာသည်။ ဤအချိန်ကာလတွင် မြန်မာပြည်ရှိ တောင်သူလယ်သမားမှန်သမျှ အလုပ်ဆင်းရန် ပြင်ဆင်ရစမြဲပင်။ ထို့ကြောင့် တောင်သူဦးကြီး ဦးတင်အုန်းနှင့် သားဖြစ်သူ မောင်ဖိုးဦးတို့မှာ လယ်တောတဲဆောက်ရန် ရောက်ရှိနေကြလေသည်။ သူတို့မှာ လယ်တွင်းကိုးခရိုင်သားများလည်း ဖြစ်ကြသည်။

'သားရေ··ခေါင်းရင်းခန်းက ဝါးထရံချပ်ကို တုပ်နှောင်ချည်ဖို့ ဝါးနှီးနွှာလိုက်ဦးမယ်ဟေ့'ဟု ဦးတင်အုန်းက လှမ်းပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သားဖြစ်သူ ဖိုးဦးက

"တဲနား ထောင်ထားတဲ့ ဝါးစိမ်းကိုသာ ခွဲလိုက်ပေါ့ အမေ။ နွားစာင်းကုပ်ကိုလည်း ခေါက်ရမှာဆိုတော့ မျှင်ဝါးလုံးက မလောက်တော့ဘူး။ ပြက္ခရွေတောင်ပေါ် တက်ခုတ်ရဦး

www.burmeseclassic.com

www.burmeseclassic.com

မယ် ထင်တယ်' ဟု သက်ငယ်မိုးနေရင်း လှမ်းပြောသည်။

'အေးကွယ်၊ နောက်နေ့မှာ ပြက္ခရွှေတောင်ပေါ် ဝါး ခုတ်တက်ကြတာပေါ့။ ဒီပြက္ခရွှေတောင်နှင့် တို့လယ်တွင်းသားတွေကတော့ အပြန်အလှန် ကျေးဇူးတရားတွေ ရှိနေကြတာကတော့ ယနေ့ခေတ်မှ မဟုတ်ဘူး၊ အနော်ရထာမင်းကြီး ခေတ်တည်းကလို့ ဆိုရမှာပေါ့ကွယ်' ဟု ဖခင်ဖြစ်သူက ဓားဖြင့် နီးနွှာနေရင်းက ပြောလိုက်ပြန်သည်။

သက်ကြီးစကား သက်ငယ်ကြားဆိုသလို မောင်ဖိုးဦးလည်း သူစိတ်ဝင်စားနေသော ပြက္ခရွှေတောင်၊ မောနားဘုရားကို ဆွမ်းတော်ကပ်သွားရသည့် တောင်ကြီးဘုရားပွဲတော်ရာဇဝင်ကို သိလိုလှသည်။

ပြီးတော့ အနော်ရထာမင်းကြီးက–

**ငါတည်ခဲ့တဲ့ ဆင်မြှောင်းကန်ချောင်း ဘုရားတွေကို ပြုစုစောင့်ရှောက်သူ ငါကဲ့သို့ ကုသိုလ်ရပါစေ။ မပြုစုရုံမက ဖျက်ဆီးသူ၊ ဆွမ်းတော်မကပ်သူမှန်သမျှ ကောက်ဆွေ့ ဆန်ကောစုတ်သာကျန်ပါစေ**ဆိုပြီး လယ်တွင်းနယ်သူနယ်သားတွေကို ကျိန်စာတိုက်ခဲ့တယ်ဆိုပဲ ဟု စတင်မေးကြည့်မိသည်။

'အင်း..ဟုတ်တယ်။ ဒါကတော့ လယ်တွင်းဒေသမှာ နေထိုင်သူ လယ်သမားတွေက သူဆောက်လုပ်ပေးခဲ့တဲ့ ဆည်တမံတွေက ရေတွေသွင်းပြီး စိုက်ပျိုးမှုတွေ လုပ်ကိုင်ခဲ့တာမို့ ဆည်နဲ့ဘုရားကို နောင်လာနောက်သားတွေ ထိန်းသိမ်းစောင့်ရှောက်စေချင်လို့ ကမ္ပည်းစာတန်းထိုးမှာကြားခဲ့ဟန် တူပါတယ်ကွယ်။ ဒါကြောင့် ထွန်တုံးပိတ်ချိန် သီတင်းကျွတ်လဆန်းမှာ မောနားဆုတောင်းပြည့်ဘုရားဆီ နွားလှည်းတွေနဲ့ လာကြတယ်။ ရှေးကတော့ စပါးနှံလေးတွေ စုစည်းတာတို့၊ ကြက်သွန်တွဲလေးတွေ ချိတ်ဆွဲလို့ဖြစ်ဖြစ် ဆွမ်းတော်တင် ကပ်လှူခဲ့ကြတယ်။ အခုခေတ်တော့ သံဃာတော်တွေပင့်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူကြတော့တယ်။ ဒီလိုလှူပြီးမှ လယ်တွင်းသားတောင်သူတွေ ကုသိုလ်ရလို့ပျော်ပြီး ဒိုးပတ်တွေ တီးသူတွေတီး၊ လယ်တွင်းသူ အိမ်ရှင်မတွေကလည်း ပျော်လွန်းလို့ ကတဲ့ပွဲကို ပြက္ခရွှေတောင်ကြီးဘုရားပွဲတော်ရယ်လို့ ခေါ်ဝေါ်ခဲ့ကြတယ်လေ'

'ဒီလိုဆို ပြက္ခရွှေတောင်ပေါ်က ဘုရားတွေက အနော်ရထာမင်းကြီးကိုယ်တိုင် အမိန့်ခန့်လုပ် တည်ထားကိုးကွယ်ခဲ့တာဆိုတော့ တန်ခိုးကြီးမှာပေါ့နော်'

'သိပ်ကြီးတာပေါ့ သားရယ်။ ပုဂံပြည်မှာက အနော်ရထာမတိုင်ခင် ဘုရင်တွေက အရည်းကြီး ရဟန်းတွေ ကိုးကွယ်ခဲ့ကြတာလေ။ ဒီအရည်းကြီးတွေရဲ့ ဝါဒဖြစ်တဲ့ ရေငုပ်၊ မီးလှုံ၊ တုံးခုန်ပြီး ပန်းဦးအလှူခံမှုတွေကြောင့် ပြည်သူတွေက မကြိုက်သလို အနော်ရထာဘုရင်ကလည်း မကြိုက်ဘူးတဲ့။ ဗုဒ္ဓဘာသာ ရဟန်းရှင်အရဟံကိုသာ ကိုးကွယ်ခဲ့တယ်။ ပြီးတော့ ဆင်ဖြူတော်ပေါ် စွယ်တော်တွေ တင်ပြီး အမိန့်ခန့်နဲ့ ဆင်ဝပ်ရာဒေသမှာ ဘုရားတည် သာသနာပြုဖို့ စေလွှတ်လိုက်တယ်။ ပုဂံနယ်တစ်ဝိုက် (၄)နေရာမှာ ဆင်ဝပ်ခဲ့လို့ စွယ်တော်ဘုရားလေးဆူကို တည်ခဲ့တယ်။ ပဉ္စမမြောက်စွယ်တော်ကိုတော့ ပုဂံပြည်အရှေ့စူးစူးရှိ ကျောက်ဆည်၊ ဝေဘူတောင်၊ ရွှေသာလျောင်းဘုရားမှာ ဆင်ဖြူတော် ခေတ္တလဲလျောင်းလို့သာ ဘုရားတည်ခဲ့ပြီး ဆင်ကြီးက ကျောက်ဆည်တောင်ဘက် အရပ်ရှိ ပြက္ခရွှေတောင်ပေါ် တက်သွားတယ်။ မောလို့နားရာကို မောနားဆုတောင်းပြည့်ဘုရား တည်ခဲ့တယ်။ ပြက်တောင်နဲ့ ခရွှေတောင်ပေါ်တွေမှာ ဆင်ဝပ်လို့ ပဉ္စမမြောက် စွယ်တော်ဘုရားနှစ်ဆူ တည်ခဲ့တယ်။ အနော်ရထာမင်း အမိန့်ခန့်အောင်ခဲ့တဲ့ဘုရားမို့ တန်ခိုးလည်းကြီးတယ်။ ဒါကြောင့် ငါတည်ခဲ့တဲ့ စွယ်တော်(၅)ဆူကို တစ်နေ့တည်းရောက်အောင် ဖူးနိုင်သူမှန်သမျှ သူကဲ့သို့ အတူ ကုသိုလ်ရပါစေလို့ သစ္စာဆိုခဲ့တာပေါ့ကွယ်'

လယ်တွင်းသားတောင်သူကြီး ဦးတင်အုန်းမှာ ဝါးနှီးများကို ကျွမ်းကျင်စွာ နွှာနေရင်းက ကိုးခရိုင်လယ်တွင်းရာဇဝင်ကို စိတ်အားတက်ကြွစွာ ရှင်းပြနေပါသည်။

'ဒီလိုဆိုရင် တန့်ကြည်တောင်ဘုရားအပါအဝင် ပုဂံရှိ စွယ်တော်လေးဆူ နေ့ချင်းဖူးဆိုပြီး ဘုရားဖူးထွက်နေကြတယ်။ ဒီအမိန့်ခန့်က မမှန်ဘူးပေါ့'

'ရာဇဝင်ကျမ်းဂန်တွေထဲမှာ အခိုင်အမာဆိုထားတာကတော့ စွယ်တော်ငါးဆူလုံး နေ့ချင်းဖူးနိုင်မှသာ သမိုင်းမှန်၊ အမိန့်ခန့်မှန် ဖြစ်တယ်။ ဒါကြောင့်လည်း အနော်ရထာကဲ့သို့ ကုသိုလ်အလှူ အတူရစေမယ်လို့ သစ္စာဆိုခဲ့တာပေါ့ကွယ်။ ဒါကြောင့် သမိုင်းမှန်သိသူတွေက အနော်ရထာ ခရီးသွားကုမ္ပဏီနဲ့ ဆက်သွယ်ပြီး စွယ်တော်ငါးဆူ



www.burmeseclassic.com

www.burmeseclassic.com

နေ့ချင်းဖွဲ့ အမိန့်ဒဏ်လုပ်ငန်းတွေကို ပါရမီဖြည့် ဆောင်ရွက်နေပါပြီကွယ်'

'ဟုတ်လား အဖေ၊ ဒီလိုဆို ဝမ်းသာစရာပေါ့နော်။ ကျွန်တော်တို့ နောက်တက် လယ်တွင်းသားတွေလည်း အနော်ရထာမင်းကြီး ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ဝါးခုတ်တက်ရင်း မော်နားဆုတောင်းပြည့်ဘုရားမှာ လယ်က ထွက်တဲ့ဆန်ချက်ပြီး ဆွမ်းတော်ကပ်ကြတာပေါ့ အဖေ' ဟု သားဖြစ်သူ မောင်ဖိုးဦးမှ တက်ကြွစွာ ပြောလိုက်၏။

'အေးကွယ်၊ သာဓုခေါ်ပါတယ်။ လယ်တောတဲ ဆောက်ဖို့ သစ်ဝါးတွေကို မိုးဦးအစောကျချိန်မှာ တက်ခုတ်ရင်လည်း သစ်ဝါးကောင်းကောင်းရတာပေါ့ကွယ်။ ဒါကြောင့် သွားဆိုရင် မနက်ဖြန်ပဲ သွားကြမယ်။ ငါ့သား မောင်ဖိုးဦးမှာရော ဘာကိစ္စများ ထွေထွေထူးထူး ရှိသေးသလဲ'

'ဘာကိစ္စမှမရှိဘူး အဖေ။ မနက်ဖြန် ပြက္ခရွှေတောင်ပေါ် သွားရအောင်။ တောင်ခြေ လှည်းခံဇရပ်မှာ လှည်းချုတ်ထားပြီး နွားတွေကိုတော့ အောင်နိုင်တောင်နတ်ကို ပူဇော်ပူသပြီး လွှတ်ထားရုံပဲ မဟုတ်လား' ဟု ဖိုးဦးက တောင်ပေါ်တက် ထင်းခုတ်လျှင် လုပ်ကိုင်ရသည့် ထုံးစံအစီအစဉ်ကို ပြောလိုက်ပြန်သည်။

'ကဲ..ကဲ..ဒီလိုဆို ညနေပြန်လို့ အိမ်ရောက်ရင် မင်းအမေကို ပြက္ခရွှေတောင်ပေါ် သစ်ဝါးခုတ် တက်မယ် ပြောပေါ့။ နောက်ပြီး ထမင်းဟင်းချက်ပြီးသားနဲ့ ရိက္ခာ ဆန်၊ အိုးခွက်တွေ ပြင်ခိုင်းထားတော့။ အဖေက ဓားတို့၊ ပုဆိန်တို့ယူပြီး ထက်အောင် သွေးရဦးမယ်' ဟု ပြောလိုက်ခြင်းဖြင့် ပြက္ခရွှေတောင်ပေါ် တက်၍ သစ်ဝါးခုတ်မည့် အစီအစဉ်ကား အတည်ဖြစ်သွားလေ၏။

◆◆◆

နံနက်မိုးသောက် ရောက်ခဲ့ပြီ။ အိပ်ရာမှ စောစောထ၏။ မျက်နှာသစ်ပြီး သားအဖနှစ်ယောက်သည် ဓားကိုယ်စီနှင့် ပုဆိန်ယူကြ၏။ ထမင်းထုပ်များ လှည်းပေါ်တင်ကာ ပြက္ခရွှေတောင်ခြေသို့ ထွက်လာကြတော့၏။ နံနက်(၈)နာရီခန့်တွင် ရောက်ခဲ့သည်။ အချိန်မဆိုင်းဘဲ သားအဖ နှစ်ယောက် မိမိတို့၌ ပါလာသော ထမင်းထုပ်ကို သစ်ပင်ကြီးတစ်ပင်၌ ချိတ်ထားခဲ့၏။ မော်နားတောင်အနီး ဝါးများကို တက်ခုတ်ကြ၏။ ထိုနေရာမှာ ဆင်ခြေရာဘုရားအနီးရှိ ဝါးတောနေရာတွင် ဖြစ်၏။

မနားမနေ ခုတ်ကြခြင်းကြောင့် နေမွန်းတိမ်းချိန်မှာ ထမင်းဆာလာသည်။ တောင်ကျချောင်းရေ မသောက်ရဲသောကြောင့် ရေနွေးကျိုရန် သဲချောင်းတွင်းဆီသို့ ဖိုးဦးရေခပ်ဆင်းခဲ့၏။ ထိုစဉ် ဖိုးဦးမှာ တောပိတောက်ပင်ကြီးနှစ်ပင်ကြားမှ ရယ်သံလိုလို၊ စကားပြောသံလိုလို ထူးဆန်းစွာ ကြားလိုက်ရ၏။ အနီးနားပတ်ဝန်းကျင်ကို ကြည့်လိုက်သော်လည်း ဘာမှမတွေ့ရချေ။ မောင်ဖိုးဦးအနေဖြင့် စိတ်ကထင်၍ဟု ယူဆပြီး ဖခင်ဦးတင်အုန်း ရှိရာသို့ ရေခပ်ယူကာ ပြန်လာ၏။

မောင်ဖိုးဦး စိတ်ထဲ၌ကား လူသံကြားပြီး ဘာမှမမြင်ရ၊ မတွေ့ရခြင်းကြောင့် မကျေမနပ်ဖြစ်နေ၏။ သို့သော် ထိုအကြောင်းကို အဖေဖြစ်သူအား မပြောချေ။ သေချာအောင် ထမင်းစားပြီးမှ ပြန်၍ကြည့်ဦးမည်ဟု စိတ်ထဲမှာ ထားလိုက်၏။

အိမ်မှ အမေချက်ပေးလိုက်သော ထမင်းနှင့်ဟင်းများကို စားသောက်ပြီး ခဏနားကြသောအခါ၌ ဖိုးဦးသည် တမိုတပါးသွားသလို ထလာ၏။ ဆက်လက်၍ ဆင်ခြေရာဘုရားအနီးရှိ တောပိတောက်ပင်ကြီးဆီသို့ ထွက်လာလေ၏။ အပင်ကြီး နှစ်ပင်က အတော်ကြီး၏။

အဖေဖြစ်သူ ဦးတင်အုန်းကလည်း သားဖိုးဦး ကျင်ကြီး ကျင်ငယ်သွားကြောင်း ထင်မိ၏။ ထို့ကြောင့် မေးမြန်းမှု မပြုတော့ချေ။ အသာထိုင်၍ အမောဖြေရင်း နေလိုက်သည်။

တော်တော်လေးကြာမှ ဖိုးဦး မလာနိုင်သဖြင့် -

'ဟေ့..သား မောင်ဖိုးဦး၊ ဘာလုပ်နေတာလဲ။ လာတော့ကွယ်။ နေစောင်းလာရင် မပြီးဘဲနေလိမ့်မယ်။ အချိန်ရှိတုန်း ခုတ်လိုက်ကြရအောင်။ လာဟေ့' ဟု ခေါ်လိုက်သည်။

ထိုအခါတွင်မှ ဖိုးဦးလည်း တောပိတောက်ပင်ကြီးအောက်မှ -

'ဟုတ်ကဲ့ပါ အဖေ။ လာပါပြီ' ဟု အော်ပြောပြီး ပြန်ရောက်လာခဲ့ရ၏။

ဖိုးဦးစိတ်၌ကား မကျေသေး။ ထိုနေရာဆီသို့သာ အဖန်ဖန်အခါခါ ပြန်လည်ကြည့်နေမိ၏။ သားအဖနှစ်ယောက် လိုအပ်သော သစ်ဝါးကို အတော်သင့်အောင်



www.burmeseclassic.com

www.burmeseclassic.com

ခုတ်ပြီးမှ-

'ကဲ--ငါ့သား၊ အဖေ ခုတ်နေမယ်။ သားက ခုတ်ပြီး သားတွေကိုသယ်ပြီး ဆင်ခြေရာဘုရားနားက ချောင်းနား သွားပုံထားပေတော့'ဟု ပြောကာ ဆက်ခုတ်နေ၏။

ဖိုးဦးသည် သူ့အဖေပြောသည့်အတိုင်း ဝါးတို့ကိုချည်နှောင်၍ ထမ်းပြီးလျှင် ဆင်ခြေရာဘုရားအနီးရှိ ချောင်းနားမှာ ပုံထားလိုက်၏။ အခေါက်ခေါက်အခါခါ ထမ်းတိုင်း တောပိတောက်ပင်ကြီးအောက်ရောက်တိုင်း ကြားလိုက်ရသော အသံရှင်ကို ရှာဖွေကြည့်မိ၏။

တစ်ခေါက်တွင်မူ အပင်ကြီးအောက်တွင် ထိုင်လိုက်ပြီး ပါးစပ်မှလည်း 'ဝါးတွေ ထမ်းရတာလည်း အတော်မောတယ်ဟေ့'ဟု ညည်းညည်းညူညူ ထွက်ဆိုလိုက်၏။

ထိုအခါ ယခင်က ကြားလိုက်ရသည့် အသံအတိုင်း ရယ်သံလိုလို၊ စကားပြောသံလိုလို ထူးဆန်းစွာ ကြားလိုက်ရပြန်၏။ ထိုသို့ကြားရသောအခါ ဖိုးဦးသည် ကနဦးကပင် မကျေမနပ်ဖြစ်မိသည့်အတိုင်း အသံကြားရာဘက်သို့ အမြန်လှည့်ကြည့်လိုက်သည်။

သို့သော် အသံသာ ကြားရ၏၊ လူကိုကား ရှာမတွေ့ ဖြစ်နေပြန်သည်။

မောင်ဖိုးဦးအနေဖြင့် ဒေါသထွက်သလို ဖြစ်သွားပြီးလျှင် 'ဟေ့--ဘယ်သူလဲကွ။ ဘာဖြစ်လို့ ပုန်းနေကြတာလဲ'ဟု ပြောလိုက်ပြန်၏။

ထိုအခါ ရယ်သံမှာ တစ်ယောက်တည်းအသံ မဟုတ်ချေ။ နှစ်ယောက်၊ သုံးယောက် အသံပင် ဖြစ်၏။ တောပိတောက်ပင်ကြီးနားမှ ရယ်သံမှာလည်း ယောကျ်ားသံမဟုတ်၊ မိန်းမသံလိုလို ကြားရသောကြောင့် ဖိုးဦးသည် ထိုင်ရာမှ ထလိုက်သည်။ ပြီးတော့ တောပိတောက်ပင်ကြီးဝန်းကျင်တွင် လိုက်ရှာတော့၏။

ထိုသို့ရှာပါသော်လည်း လူဟူ၍ အစအနပင် မတွေ့ရချေ။ 'ဘယ်သူများပါလိမ့်၊ တယ်နောက်တဲ့လူတွေပဲ' ဟု ဖိုးဦးနှုတ်မှ ထွက်ပြောလိုက်ပြန်သည်။

ထိုခဏ၌ပင်လျှင် ရယ်သံနှင့်တကွ တောပိတောက်ပင်ကြီး နှစ်ပင်ကြားတွင် မိန်းကလေးနှစ်ယောက်နှင့် ယောကျ်ားတစ်ယောက် ရုတ်တရက် ဘွားခနဲ ပေါ်ပေါက်လာ၏။ ဖိုးဦးလည်း အံ့အားသင့်သလို ကြည့်နေမိ၏။ အချိန်မည်မျှကြာသွားသည်ကို သတိမထားနိုင်တော့ပေ။

ငှင်းမိန်းကလေးနှစ်ယောက်ကား ရုပ်ရည်လှပ၏။ သေချာစွာ ဝတ်ဆင်ဖြီးလိမ်းထား၏။ မောင်ဖိုးဦး မျက်စိထဲတွင် ဖျောက်ဖျက်၍ မရအောင်ပင် ဖြစ်နေမိပါသည်။

ယောကျ်ားကြီးမှာ မိန်းကလေးနှစ်ယောက်နှင့် နှိုင်းယှဉ်ပါက ဝါဂွမ်းနှင့် မီးသွေးကဲ့သို့ ကွာနေ၏။ တစ်နည်းအားဖြင့်ဆိုလျှင် စူဠကာပုဏ္ဏားနှင့် အမိတ္တာပုံ ပုဏ္ဏားမကဲ့သို့ပင် ဖြစ်နေ၏။ ဤယောကျ်ားကား အလွန်ပင် ကြည့်ရဆိုးသော လူတစ်ယောက်ဟု ဆိုရပေမည်။ အသားမှာ မည်းလွန်းသည့်အပြင် မျက်လုံးပြူးကြီးနှင့် ထောင်ထောင်မောင်းမောင်း ဖြစ်ပြန်သဖြင့် ဖိုးဦးစိတ်ထဲတွင် ဘီလူးကြီးကဲ့သို့ ထင်ရပေ၏။

ထိုသို့ ဖိုးဦး ကြည့်နေစဉ်မှာပင် ထိုသုံးယောက်သည် တစ်ယောက်ကိုတစ်ယောက် တီးတိုးစကားပြောနေပြန်၏။ ပြီးနောက် လူမည်းကြီးသည် မောင်ဖိုးဦးအား မျက်နှာချိုသွေးလျက် လက်ယပ်ခေါ်လိုက်သည်။ ပါးစပ်မှလည်း 'လာပါကွာ၊ ဒီမှာ မင်းလိုချင်တဲ့ပစ္စည်း လာယူပါ။ ငါတို့ပေးမယ်'ဟု ပြောလိုက်၏။

ထိုအခါ ဖိုးဦးသည် ခဏမျှ စဉ်းစားနေပြီးနောက်-

'သူတို့ ငါ့ကိုပေးမယ်ဆိုတာ ဘာလဲ။ ဘာပေးမလို့လဲ'ဟု အောက်မေ့ပြီး ထိုသူတွေ အနားဆီသို့ တိုးကပ်သွား၏။

ထိုအချိန်အတွင်း၌ ဖိုးဦးစိတ်ထဲတွင် မိန်းမနှစ်ယောက်နှင့် လူမည်းကြီးကို လူပင်ဖြစ်လိမ့်မည်ဟု အောက်မေ့နေလေ၏။

ဖိုးဦးတစ်ယောက် အနားသို့ရောက်လျှင် လူမည်းကြီးက တောပိတောက်ပင်ကြီးနှစ်ပင်ကြားဆီ လက်ညှိုးထိုးလျက်-

'မင်း ဘာလိုသလဲ။ ရွှေလိုသလား၊ ငွေလိုသလား ဘာကိုအလိုရှိသလဲ။ လိုတဲ့ဟာကို မင်းအလိုရှိသလို ယူကွာ'ဟု ပြောပြောဆိုဆို သစ်ရွက်တို့ကို ခွဲဖယ်လိုက်၏။

ထိုအခါ အိုးကြီးတစ်လုံး ပေါ်လာ၏။ နောက်တစ်ဖန် သစ်ရွက်ကို ဖယ်ရှားလိုက်သောအခါလည်း စဉ့်အိုးကြီး တစ်လုံး ပေါ်လာပြန်၏။ အိုးကို ဖုံးထားသော အရာတို့ ဖယ်လိုက်သောအခါ အရောင်တဝင်းဝင်းနှင့် ဖြစ်နေသော ရွှေတုံးရွှေခဲတွေကို မြင်ရ၏။ ရုတ်တရက် ဖိုးဦးမှာ ဝမ်းသာမိသည်။ သို့သော် စဉ်းစားမိပြီး ရုတ်တရက် အနား



www.burmeseclassic.com

www.burmeseclassic.com

သို့ မကပ်ရဲသေး။

စိတ်ထဲမှ 'အကယ်၍ ဒီရွှေတွေကို ငါ ဝင်ယူရင် ငါ့ကို သူခိုးစွပ်စွဲပြီး ဖမ်းထားဦးမယ်။ ငါကြံစည်ဦးမှပဲ'ဟုသာ ဖိုးဦးတစ်ယောက် အောက်မေ့မိလိုက်သည်။

ထိုအခိုက် လူမည်းကြီးသည် ဖိုးဦးအား ရွှေအိုးကို လက်ညှိုးထိုးပြ၏။ ပါးစပ်မှလည်း 'ကဲ..မင်းသဘောရှိ နှိုက်ယူပေတော့။ မင်းယူနိုင်သမျှ ယူသွားကွာ'ဟုလည်း ပြောပြန်၏။

ထိုအခါ ဖိုးဦးသည် ကြံမိကြံရာ ကြံစည်ပြီးလျှင် ဝတ်ထားသောလုံချည်ကို တစ်ဖက်တစ်ချက် လက်ဖြင့် ဆွဲဖြန့်လိုက်၏။

ပြီးလျှင်-

'ကဲ..ခင်ဗျားတို့ ပေးချင်သလောက် ပေးကြပါ။ ဟောဒီ ကျွန်တော့်လုံချည်ထဲကို ထည့်ပေတော့'ဟု ပြော ပြောဆိုဆို လုံချည်ကို ဖြန့်ခံလိုက်၏။

လူမည်းကြီးကလည်း ဖိုးဦးအား လိုသလောက် မိမိ လက်ဖြင့် နှိုက်ယူရန် ပြော၏။

ဖိုးဦးကလည်း ပေးချင်သရွေ့ နှိုက်ထည့်ပေးရန် ပြော နေစဉ် ဖိုးဦးအဖေသည် သားဖြစ်သူအား-

'ဟေ့..မောင်ဖိုးဦး ငါ့သား၊ ဘာလုပ်နေတာလဲ။ အချိန်ရှိတုန်း ဝါးသစ်တွေ ထမ်းပါတော့လား။ ဘယ်သူနဲ့ စကားပြောနေတာလဲ။ ထမ်းပါကွယ်။ နောက်ပြီးမှ စကား ပြောပါကွယ်'

ဟု အော်ခေါ်လိုက်သောကြောင့် သားဖြစ်သူ ဖိုးဦး လည်း-

'ဟုတ်ကဲ့ အဖေ၊ လာပါပြီ'

ဟု ပြောကာ လူမည်းကြီးနှင့် မိန်းမနှစ်ယောက် အား-

'အလကားပါ။ ခင်ဗျားတို့ ကျုပ်ကို ညာနေတာပါ။ ပေးလည်း မပေးချင်ဘဲနဲ့ အချိန်ကုန်တယ်ဗျာ။ အခု ကျုပ် အဖေ ခေါ်နေပြီ။ သစ်ဝါးတွေ သွားထမ်းလိုက်ဦးမယ်'ဟု ပြောလိုက်၏။

ပြီးလျှင် ဖခင်ဦးတင်အုန်းရှိရာသို့ ပြန်လာသောအခါ၌ ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်သောအခါ ဖိုးဦးက ထို သူတို့ကို မသင်္ကာ၍ လှည့်ကြည့်လိုက်၏။ ထင်ထားသည့် အတိုင်း တစ်ယောက်မှ မတွေ့ရတော့ချေ။ တောပိတောက် ပင်ကြီး နှစ်ပင်ကိုသာ တွေ့မြင်ရ၏။ သူတို့အားလုံး သစ် ပင် ပင်စည်ကြီးနောက် ကွယ်နေကြလိမ့်မည်ဟု စိတ် ထဲတွင် ထင်လိုက်၏။

ထိုသို့မမြင်ရမှ ဖိုးဦးလည်း သစ်ဝါးတို့ကို တစ်ဖန် ထမ်းနေပြန်၏။ ဝါးသစ်များကို အခေါက်ခေါက်အခါခါ ထမ်းပြီး တစ်ဖန် ထိုတောပိတောက်ပင်နှစ်ပင်နား ထိုင် လိုက်ပြန်၏။ ပြီးတော့ ယခင်ကလိုပင် ထုံးစံအတိုင်း ညည်းတွားလိုက်သည်။

'ထမ်းပိုးလိုက်ရတာ အတော်မောသဟေ့'ဟု အသံ ထွက်သွားချိန်တွင် အစောက ဖိုးဦးမြင်တွေ့ရသော မိန်းမ နှစ်ယောက်နှင့် လူမည်းကြီးသည် ထိုနေရာ၌ ရုတ်တရက် ပေါ်လာပြန်၏။ ပြီးလျှင် ဖိုးဦးအား တစ်ဖန် လက်ပြခေါ် နေပြန်သည်။

လူမည်းကြီးသည် ဖိုးဦးရောက်လာလျှင် 'ယူလေ ကွာ၊ ခပ်မြန်မြန် ယူလိုက်'ဟုပြောပြန်၏။

ဖိုးဦးကလည်း ရှေးနည်းအတိုင်း လုံချည်ဖြန့်လိုက် ကာ-

'ခပ်မြန်မြန် ထည့်ပေးလိုက်ပါလား။ ကျုပ် မနှိုက် ယူဘူး။ ခင်ဗျားတို့ကသာ ထည့်ပေးပါ'ဟု ပြောပြန်၏။

ထိုခဏ၌ မိန်းကလေးတစ်ယောက်က ဖိုးဦးအား မျက်နှာချိုသွေး၍ ပြုံးရယ်လိုက်ပြီးလျှင်-

'မောင်ကြီး ကြိုက်သလိုယူပါ။ ဝါးသစ်ထမ်းနေရ တာ မောပါတယ်။ ဒီရွှေတွေကို နှိုက်ယူပြီးမှ မောင်ကြီး အဖေကိုခေါ်ပြီး အိမ်ပြန်ကြပေါ့။ ဒီပစ္စည်းတွေကို ကျွန်မ တို့ ပေးနိုင်လို့ ပေးတာပါ'ဟု ပြော၏။

ထိုသို့ပြောသော်လည်း ဖိုးဦးသည် ထိုမိန်းကလေး အား ခေါင်းခါပြလိုက်ပြီး-

'ကျုပ်က သူများပစ္စည်းကို ဘယ်တော့မှ နှိုက်ယူမှာ မဟုတ်ဘူး။ ပစ္စည်းရှင်က နှိုက်ပေးရင် ယူမှာပဲ။ ကျုပ် အဖေနဲ့အမေတို့ကလည်း သူများပစ္စည်းကို မပေးဘဲမယူ နဲ့လို့ မှာထားတယ်။ အခုလည်း ကျုပ်ကိုပေးချင်ရင် ယူ ပေးကြပါ'ဟု ပြောနေစဉ် ဖိုးဦးအဖေကလည်း သူ၏သား နှင့် စကားပြောနေကြတာ ဘယ်သူများ ဖြစ်ပါလိမ့်မလဲ။ အလုပ်ထဲမှာလာပြီး စကားပြောရမလားဟု အောက်မေ့ လိုက်သည်။

သို့ဖြစ်၍-



www.burmeseclassic.com

www.burmeseclassic.com

'ဟော့··ဖိုးသားရေ စကားပြောနေလို့ မဖြစ်ဘူး။ မပြီးဘဲနေမယ်ကွယ့်။ နေလည်း စောင်းလာပြီ။ ခပ်မြန်မြန်လေး ထမ်းစမ်းပါ'ဟု အော့်လိုက်ပြန်၏။

'ဟုတ်ကဲ့ အဖေ၊ လာပါပြီ'ဟု အော်ပြောလိုက်ရကာ ခုတ်ပြီးသား သစ်ဝါးတွေကို အပြေးအလွှား ထမ်းနေပြန်၏။ ဖိုးဦးတစ်ယောက် ဤကဲ့သို့ ဝါးသစ်များ ထမ်းသယ်နေချိန်တွင် လူမည်းကြီးနှင့် မိန်းကလေးတစ်ယောက်သည် ပျောက်ကွယ်နေပြန်၏။ ထမ်းရင်း မောလာပြန်သည်နှင့် ဖိုးဦးစိတ်မှာ တောပိတောက်ပင်ကြီးနှစ်ပင်အောက်ကိုသာ ထိုင်ချနေပါတော့၏။

ဖိုးဦး၏စိတ်ထဲတွင် 'ဒီတစ်ခါ ငါ့ကို ခေါ်ရင် ပေးရင်ပေး၊ မပေးရင် ဒီလူမည်းကောင်ကြီးကို တစ်ခုခုလုပ်တော့မယ်'ဟု စိတ်ပိုင်းဖြတ်လိုက်၏။

ထိုအကြိမ်ဖြင့် ရှေးနည်းအတိုင်း 'မောသကွာ၊ တယ်မောသဟော့'ဟု ပြောလိုက်ကာရှိသေး လူမည်းကြီးနှင့် မိန်းကလေး နှစ်ယောက်တို့ ပြန်ပေါ်လာပြန်၏။

ဤအကြိမ်တွင် ဖိုးဦးသည် သူတို့ အခေါ်ကိုပင် မစောင့်တော့ချေ။ ကြီးမားသော တောပိတောက်ပင်ကြီး အနီးသို့ ကပ်သွားသောအခါ မိန်းမပျိုလေးက–

– 'ယူတော့မလား မောင်ကြီး။ ယူချင်သလောက်သာ ယူပေတော့'ဟု လှမ်းပြောသည်။ ဖိုးဦးလည်း သူ့ပုဆိုးကို ရုတ်တရက် ဖြန့်လိုက်ပြီး လူမည်းကြီးကို ကြည့်ပြီးလျှင်–

'စကားရှည်ရှည် ပြောမနေနဲ့။ ပေးမယ်ဆိုရင် ခပ်မြန်မြန်သာ ထည့်ပေးတော့'

ဟု ပြောလိုက်ရာ လူမည်းကြီးသည် ဖိုးဦးအနားသို့ တိုးလာပြီးလျှင် 'အေး··ရှည်ရှည်မပြောဘူး။ မင်းလိုချင်ရင် နှိုက်ယူ'ဟု ပြော၏။

ဖိုးဦးကလည်း ခပ်ဆတ်ဆတ် လေသံဖြင့်–

'ကျုပ် မနှိုက်ဘူး။ ခင်ဗျားထည့်ပေး။ ခင်ဗျားကြီး လက်နဲ့သာ နှိုက်ပေးဗျာ။ ဘယ်လောက်ပေးပေး'

ဤသို့ တစ်ယောက်နှင့်တစ်ယောက် ကျယ်လောင်စွာ အော်ပြောသံများ ကြားနေ၏။ အဖေဖြစ်သူ ဦးတင်အုန်းလည်း နားထောင်ရင်း ဒေါသသံတွေ ပါနေကြောင်း သိရသဖြင့်–

'ဟော့··သား ဖိုးဦး၊ ဘာဖြစ်နေတာလဲ။ တောတောင်ပေါ်လာပြီး စကားတွေ များနေရတာလဲ။ ကဲ··ကဲ··တစ်ခေါက်၊ နှစ်ခေါက်လောက် ထမ်းလိုက်ဦး။ နေလည်း အတော်စောင်းသွားပြီ။ ငါလည်း ဝါးမခုတ်တော့ဘူး။ လာ··လာ··ငါနဲ့အတူ ထမ်းရအောင်'ဟု ခေါ်လိုက်၏။

ဖိုးဦးလည်း ဦးတင်အုန်းထံသို့ ပြေးသွားရပြန်၏။

'ဘယ်သူနဲ့ စကားများနေရတာလဲ။ တောတောင်ပေါ်မှာ အပြောအဆို ဆင်ခြင်ရတယ်။ ကဲ··ကဲ··ပြောနေကြာတယ်။ ထမ်းပါဦး'ဟုပြောပြီး ဖိုးဦးဖခင်ကြီးသည် သူကိုယ်တိုင် ဝင်ထမ်းတော့၏။

ထို့ကြောင့် ဝါးသစ်တော်တော်များများမှာ ဆင်ခြေရာဘုရားနားရှိ ရေကျချောင်းလေးအနီးဆီသို့ ရောက်သွားလေ၏။

'ကဲ··ဒီနေ့အဖို့ တော်ကြစို့။ မနက်ဖြန်မှ တစ်ခါလာပြီး သစ်ဝါးတွေကို လှည်းခံတောင်ခြေကို တစ်ဆင့်သယ်ချကြတာပေါ့ကွယ်'ဟု ဖခင်ကြီးဦးတင်အုန်းက ပြော၏။

ဖိုးဦးအနေဖြင့် သူ၏ အဖေနှင့် လိုက်လာခဲ့ရ၏။ သို့သော်လည်း တောပိတောက်ပင်ကြီး နှစ်ပင်အောက်၌ တစ်နေ့လုံး ဖြစ်ပျက်ခဲ့သော အခြင်းအရာတို့ အားလုံးကို မမေ့နိုင် ဖြစ်ရ၏။

ထင်းခုတ်တက်တိုင်း တည်းခိုရာ မောနားဆုတောင်းပြည့်ဘုရားအနီးရှိ ဆရာတော်ကြီး ဦးပဏ္ဍိတ ဘုန်းကြီးကျောင်းသို့ ရောက်သွား၏။ ၎င်းကျောင်းတွင် သစ်ဆေးခြစ်ယူခြင်းကို လုပ်ကိုင်တတ်သော သပြေတောင်းနယ်ကံကွေ့ရွာမှ ဦးတင်မောင်လည်း ရှိ၏။ ဦးပဏ္ဍိတ ဆရာတော်ကြီးအား ခွမ်းချက်ပြုတ်ကပ်နေသော တောတွင်းရွာမှ ဒေါ်လှခင်နှင့် မိုင်းမော်ရွာမှ ဦးဖိုးလှတို့လည်း ရှိနေ၏။ အကျိုးအကြောင်းလည်းပြော၊ လှူဖွယ်ပစ္စည်းများလည်း လှူ၍ တစ်ညဉ့်တာ တည်းခိုတော့မည်ဟု ဖခင် ဦးတင်အုန်းက ဆုံးဖြတ်ထားပြီး ဖြစ်၏။

ထို့ကြောင့် သားဖြစ်သူ ဖိုးဦးမှာ ဦးပဏ္ဍိတကျောင်းရောက်သွားသော်လည်း ထမင်းစားပြီးသည်နှင့် တစ်ပြိုင်နက် မည်သူ့ကိုမျှ ဘာမှမပြောတော့ချေ။ တည်းအိပ်ရမည့်နေရာဆီသို့ အိပ်တော့မည်ဟု ဝင်ရောက်သွား၏။ တုံးလုံးလှဲနေရင်း လူမည်းကြီး၊ မိန်းကလေး နှစ်ယောက်တို့နှင့်ဖြစ်ခဲ့သည့် အကြောင်းတွေသာ ပြန်စဉ်းစားကာ အိပ်ပျော်သွားရလေ၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့ ဖိုးဦး အိပ်ရာမှ နိုးလာလေ၏။ ဖခင်ဖြစ်သူနှင့် ရင်းနှီးသော တောတွင်းရွာမှ ဒေါ်လှခင် ချက်ပြုတ်ကျွေးညီ၏။ သို့ဖြစ်၍ ထမင်းထုပ်၊ ရေဘူးတို့ကို ယူခဲ့ကာ လုပ်ကွက်ရှိရာသို့ ရောက်လာပြန်၏။

သို့သော် ဖိုးဦးအနေဖြင့် ယမန်နေ့ကလိုပင် ပိတောက်ပင်ကြီးအောက်သာ စိတ်က ရောက်နေပြန်၏။ အဖေဖြစ်သူ ဦးတင်အုန်းမှာလည်း သူ့သားကြီး ဘာတွေဖြစ်နေသည်ကို မရိပ်မိသေးချေ။

ထို့ကြောင့် ခုတ်ပြီးသော သစ်ဝါးတို့ကို အထမ်းခိုင်းပြန်သည်။ မကြာမီအချိန်ကာလတွင် ရန့်ဖြစ်နေသော ဖိုးဦးအသံ ကြားလိုက်သည်။ ဒီကောင်လေး ဘယ်သူနဲ့များ ဖြစ်နေသလဲဟု တောပိတောက်ပင်ကြီးတစ်ဝိုက် လှမ်းကြည့်သည်။ ဘယ်သူ့ကိုမှ မမြင်ရသောကြောင့် စိတ်ထဲမှ သံသယဖြစ်လာသည်။

'ဟဲ့ သား၊ ဘာဖြစ်နေတာလဲ။ တစ်ယောက်တည်း ဆဲနေတာ ဘယ်သူရှိလို့လဲကွယ့်' ဟု လှမ်းအော်လိုက်၏။

ဖိုးဦးလည်း အခဲမကျေမျက်နှာဖြင့် ပိတောက်ပင်ခြေကို ကြည့်လိုက်၏။ ပြီးလျှင် 'နင်တို့ သတိထား။ ငါ့ကို လိမ်နေတာ။ သိမယ်၊ အခု အဖေသိသွားလို့ ချမ်းသာတယ် အောက်မေ့ပါ'

ကြိမ်းမောင်းကာ ဖိုးဦးလည်း သူ့အဖေ ခေါ်ရာသို့ ပြန်ရောက်လာ၏။

သို့တိုင်အောင် ဒေါသဖြစ်နေပုံပေါက်သဖြင့်-

'ဟဲ့..ဖိုးဦး၊ ဘာဖြစ်နေတာလဲ။ အဖေကိုပြောပါကွယ့်။ ဘယ်သူက ဘာလုပ်နေလို့လဲကွယ့်' ဟု ဦးတင်အုန်းလည်း ထပ်မေး၏။

'ဟို..တောပိတောက်ပင်ကြီးအောက်က မိန်းမနှစ်ယောက်နဲ့ သတ္တဝါ လူမည်းကြီးပေါ့၊ ကျွန်တော့်ကို သက်သက်ဒုက္ခဖြစ်အောင် ကြံနေတာ အဖေရ'

'ဘယ်လိုကြံတာလဲ။ သားက ပြောပေမယ့် အဖေကြည့်တော့လည်း ဘယ်သူမှ မမြင်ပါလား။ အထင်အမြင်လွဲတာပါကွာ'

'အဖေက ဘယ်မြင်မလဲ။ သူတို့က အဖေ့အသံကြားတာနဲ့ ပိတောက်ပင်ကြီးကွယ်ပြီး ပျောက်သွားတာပဲဗျ'

ထိုအခါမှ ဖိုးဦးအဖေသည် သူ့သား ဖိုးဦး မနေ့ကတည်းက စကားများသောအကြောင်း ပြန်စဉ်းစားရင်း ဧကန္တတော့ ဧကန္တပဲ။

'ကဲ..လာ..လာ..သစ်ဝါးတွေ လှည်းပေါ်တင်၊ နွားတွေကောက်ပြီး အမြန်ပြန်ကြမယ်' ဟု ပြောလိုက်သည်။

ထို့ကြောင့် သားအဖနှစ်ယောက် ကြိုးစားပြီး သယ်ယူခဲ့ကြသည်။ လူချင်းရင်းနှီးသော ကံကွေ့ရွာမှ ဦးတင်မောင်လည်း သစ်စေးခံအလုပ်နားကာ သယ်ယူကူညီမှုကြောင့် အချိန်သိပ်မကြာခင်မှာ သယ်ယူပြီးသွားသည်။

'ကဲ..ကိုတင်မောင်ရေ၊ ကျေးဇူးပဲဗျို့။ သွားတော့မယ်နော်'

'ကောင်းပြီ ကိုတင်အုန်း၊ ဒီနေရာက မြန်မြန်လှည်းကောက်ပြီး သွားကြပေတော့' ဟု သတိပေးလိုက်သေး၏။

ဤတော ဤတောင်အကြောင်း ဓာတ်သိလိုဖြစ်နေသော ကိုတင်မောင်က ဤမျှသာ ပြောလိုက်သည်။

ဦးတင်အုန်းမှာ သူ့သားဖြစ်ပုံ ပြောစဉ်ထဲက ဆင်ခြေရာဘုရားသိုက်က ဥစ္စာစောင့်မတွေ ပရိယာယ်မှန်း သိလိုက်၏။ ထို့ကြောင့် ပယောဂကုဆရာနှင့် အမြန်ကုရန် လှည်းခံမှ မောင်းခဲ့၏။

'ဟော..အဖေရေ၊ ဒီအကောင်ကြီး လိုက်လာပြီဗျ' ဟု အော်ပြောလေ၏။

ဦးတင်အုန်းလည်း ကြည့်လိုက်၏။

ဘာမှမမြင် မတွေ့ရသဖြင့် မကြံတတ်အောင် ဖြစ်နေကာ-

'ကိုင်း..ဒီလိုဆိုလည်း နွားတွေ ရိုက်မောင်းပြီး ပြေးတာပေါ့ကွယ်' ဟု ပြောပြီး နွားလှည်းကို ဒုန်းစိုင်းခဲ့တော့၏။

တစ်မိုင်ကျော်ခန့် အရောက်လောက်တွင် ပုံမှန်သွက်သွက်မောင်းသဖြင့် ညနေမစောင်းခင် အိမ်သို့ ပြန်ရောက်၏။ သို့သော် ဖိုးဦးမှာကား လှည်းပေါ်တွင် အိပ်လိုက်လာပြီး လူမှန်းသူမှန်းမသိ ဖြစ်နေရှာသည်။ ကိုယ်မှာလည်း ချစ်ချစ်တောက်ပူနေ၏။ ထို့ကြောင့် အိမ်အပေါ်ထပ်သို့ပင် ထမ်းစင်ဖြင့် တင်ယူခဲ့ရ၏။

အိမ်ပေါ်တွင်လည်း ဖိုးဦးတစ်ယောက် ကယောင်ချောက်ချား စကားတွေ ပြောနေပြန်သည်။ ထို့ကြောင့်ပင် ပယောဂကုဆရာ ခေါ်ပင့်၍ ကုသခဲ့ရပါတော့သည်။ ၄င်း အထက်ဂိုဏ်းဆရာ ကုသပုံမှာ အံ့ဖွယ်ကောင်း၏။ ရောဂါရှင်ဖိုးဦး မည်ကဲ့သို့ ရောဂါပျောက်သွားရသည်ကို ဖော်

www.burmeseclassic.com

www.burmeseclassic.com

သုတအဖြစ် တင်ပြပေးပါဦးမည်။

ထိုဂိုဏ်းဆရာကုပုံမှာ ပထမဘုရားငါးဆူနှင့် ဝိဇ္ဇာမိုရ်ဆရာကြီးများဖြစ်သော ဘိုးတော်တို့ကို အောက်ပါအတိုင်း ပင့်ဖိတ်လိုက်ပါသည်။

'ဘုန်းတော် ဉာဏ်တော် ကံတော် အလွန်တရာကြီးမြတ်တော်မူသော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ ဘုရားငါးဆူနှင့်တကွ (၉၆)ပါးသော ဝိဇ္ဇာမိုရ်ဆရာကြီးများဖြစ်သော အဖေဘိုးတော်ပြူး၊ ဘိုးတော်စကြာမင်း၊ ဘိုးတော်ပွင့်၊ အဖဘိုးတော်ဟန်၊ ကျေးဇူးရှင် အဖေဆရာကြီးများ၊ သာသနာစောင့် နတ်မင်းကြီးလေးပါးနှင့် မိခင်သူရဿတီမယ်တော်သည် သားတော် ဦးခေါင်းထက် မြန်မာန်းဗိမာန်သဖွယ် ခြေအစုံမှာ ရပ်တော်မူ၍ အကာန်တော့ခံ ကြွမြန်းတော်မူပါဘုရား'

ဟုပင် ဖြစ်သည်။

ဘုရားနှင့်တကွ ဆရာတော်ကြီးများအား မီးပူဇော်ကာ 'လူနာ မောင်ဖိုးဦး မွေးနေ့က ဘာနေ့သားလဲ'ဟု ဆေးကုမည့် ဂိုဏ်းဆရာက မေးလိုက်၏။

ဖခင်ဖြစ်သူ ဦးတင်အုန်းက စနေသားဖြစ်ကြောင်း ဖြေဆိုရပြန်၏။

'အခြားဆရာတွေနဲ့ ဆေးအင်း၊ လက်ဖွဲ့ ထိုးဖူးသလား'

'မထိုးဖူးပါ'

ဟု ဖြေသောကြောင့်-

'ဒါဆိုရင် ဆေး၊ အင်း၊ လက်ဖွဲ့ ချုပ်စရာ မလိုတော့ဘူး။ မွေးနေ့စနေသားကို ချုပ်ရမယ်'ဟု ပယောဂကုဂိုဏ်းဆရာမှပြောကာ ဂိုဏ်းစည်းမျဉ်း လုပ်ထုံးလုပ်နည်းအတိုင်း ကုသခဲ့ပါသည်။

လူနာဖိုးဦး၏ နဖူးကိုဗုတ်၍ 'ဤစနေသား အသက်နဲ့ ခန္ဓာကိုယ်ကို ငါချုပ်တယ်။ ဘုရားငါးဆူနှင့် အထက်ဆရာကြီးများ အာဏာအမိန့်ဖြစ်တယ်။ အတွင်းရန် အတွင်းချုပ်၊ အပြင်ရန် အပြင်ချုပ်၊ အကူအညီမှန်သမျှဆိုင်ရာက ချုပ်ထားပါ'ဟု အမိန့်ပေးပြီး လူနာအား အိမ်ပေါက်ဝသို့ ခြေဆင်းခိုင်းပြီး ပယောဂစမ်းကြည့်ရပါသည်။

စမ်းသပ်ပုံ ဗဟုသုတအဖြစ် တင်ပြပါမည်။

အမိရိုးရာ အစွဲရှိလျှင် ဆိုင်ရာက နင်းထားပါဟုကုသသော ဆရာက မေးရပါသည်။ ထို့နောက် အမိရိုးရာထဲတွင် အဖရိုးရာ အိမ်တွင်း၊ မြင်းဖြူရှင်၊ မင်းကြီးမင်းလေး၊ ကိုးမြို့၊ (၃၇)မင်းနတ်ထဲမှ အစွဲတစ်ခွဲ၊ ရွာသူအစွဲကတော်လေးပါး၊ စောကတော်၊ ယောကတော်၊ မြောက်ဘက်ရှင်မ၊ အနောက်ကတော်၊ ကဝေမျိုး(၉၉)မျိုး၊ ဒေဝီအောက်လမ်းဆရာ၊ ကိုးတွင်းကျွတ်အောက်လမ်း၊ ဥစ္စာစောင့်၊ သိုက်စောင့်သရဲ၊ သိုက်စောင့်ဘီလူး၊ သိုက်ချုပ်ဘိုးတော်၊ နတ်ဘီလူးအစွဲ၊ အာဋ္ဌာဝက၊ ဇောခိသာရပုဏ္ဏက၊ သန္ဓေစောင့်၊ သူယောင်စွဲ၊ ကွင်းပိုင်၊ နယ်ပိုင်၊ တောပိုင်၊ တောင်ပိုင်၊ အစိမ်းသရဲတို့မှာ ပူးကပ်အစွဲလုပ်နိုင်သော မိစ္ဆာဆိုးများ ဖြစ်ကြသည်။

ထိုသို့အစွဲကို စမ်းသပ်ပြီးလျှင် အပင်းနှင့် ဘူးတို့ကိုလည်း ဆက်လက်စမ်းသပ်ကြည့်ရပြန်သည်။ အပြည့်အစုံဖော်ပြရလျှင် 'အစာပင်း၊ ပညာဘူး၊ အစာဘူး၊ သွေးပင်း၊ ရေပင်း၊ လေပင်း၊ သလိပ်ပင်း၊ သည်းခြေပင်းတို့ ဖြစ်သည်။ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ တိမ်ညိုတိမ်ကြားမှာ ပုန်းနေသော စနေသား၏ ခြေရာကောက် မျက်စောင်းထိုးအံကြိတ်၊ ဖနောင့်ပေါက်၊ တောက်ခေါက်စက်တွေရှိလျှင် ဆိုင်ရာက ငါ့လက်ဝါးအတွင်း ရိုက်ပို့လိုက်၊ ဆိုင်ရာက နင်းထားပါ'ဟု မေးပြီး ပယောဂကို စစ်ရပါသည်။

ယခု ပြက္ခဒိန်ရွှေတောင်ပေါ် ဆင်ခြေရာဘုရားသိုက်တောပိတောက်ပင်ကြီးအောက်မှ မောင်ဖိုးဦးအား သိုက်စောင့်လူလဲရန် ရွှေငွေပစ္စည်းနှင့် မျှားခေါ်သူများမှာ ဥစ္စာစောင့်မ နှစ်ယောက်နှင့် သိုက်စောင့်သရဲကြီးတို့ ဖြစ်ပါသည်။

အနော်ရထာ လက်ထက်တွင် အမိဋ္ဌာန်နှင့် စွယ်တော်ပင့်ဆောင်လာသော ဆင်ဖြူတော်ခြေရာကြီး ယနေ့တိုင် ကျောက်သားပြင်ပေါ် တင်ကျန်ရစ်ခဲ့၏။ ထိုနေရာတွင် ဘုရားစေတီ တည်ထားသဖြင့် ၄င်းဘုရားသိုက်စောင့်များမှ လောဘကြီးသူ မနုဿလူသားများကို လှည့်ကွက်ဆင်တတ်ကြောင်း သိစေရန် သီလ၊ သမာဓိနှင့်ရဲစွမ်းသတ္တိရှိလျှင် ပူးကပ်မနှောင့်ယှက်နိုင်ကြောင်း သ…ခန်းစာယူနိုင်ကြပါစေသတည်း။

ဤစိတ္တံ လိုရာဆန္ဒပြည့်ကြပါ…

အောင်ကျော်…

www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးရူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွှေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝဏ်သက် ,စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

**လူကြီး** – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ဓ၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြောလိမ်းဆေး



အကြောသုခ(ဒဏ်ကြောလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြောလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ် အကြောထုံးခြင်း၊ ဖက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ဓ၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

www.burmeseclassic.com

(၁)

ဖြူမသည် မီးခွက်ဈေးတွင် ကြက်သားရောင်း၏။ မီးခွက်ဈေးသည် မိုးမလင်းမီ ရောင်းရသောဈေးဖြစ်ရာ ဖြူမသည် အိပ်ရာမှ စောစောထဖို့ လိုအပ်လေသည်။ ထို့ပြင် သူမရောင်းချမည့် ကြက်သားများကို အသင့်ဖြစ်ရန် ပြင်ဆင်ရဦးမည်ဖြစ်၍ သူများတကာထက် စောစောအိပ်ရာထဖို့ လိုလေသည်။

ဖြူမသည် အမေမရှိတော့။ လွန်ခဲ့သောနှစ်က ဆုံးသွားခဲ့ပြီ။ ဖခင်ကြီး ဦးစံညွန့်မှာလည်း အသက်ကြီး၍ အလုပ်မလုပ်နိုင်တော့။ ထို့ပြင် ပန်းနာရင်ကျပ်ရောဂါ ရှိလေသည်။

ဦးစံညွန့်သည် ယခင်က သစ်တောဦးစီးဌာနတွင် ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ရာ ယခုအခါ၌ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခဲ့ပြီးလေပြီ။ မိမိရသော ဝင်စင်လစာ





www.burmeseclassic.com

www.burmeseclassic.com

ကလေးမှာ ဦးစံညွန့် တစ်ဦးတည်းအတွက် စားသောက် စရိတ် လုံလောက်လေသည်။

ဦးစံညွန့်သည် သမီးဖြစ်သူ၏ အသက်မွေးဝမ်းကျောင်းအလုပ်ကို လုံးဝမနှစ်မြို့ချေ။ အချိန်ရတိုင်း အမြဲကန့်ကွက်လေ့ရှိ၏။

သို့သော် ဖြူမသည် ယခုအလုပ်ဖြင့် အဆင်ပြေနေသဖြင့် မည်သို့မျှ တားဆီး၍မရချေ။ ထို့ကြောင့် ဦးစံညွန့်သည် သမီးဖြစ်သူနှင့် အတူနေသော်လည်း ထမင်းတစ်အိုးတည်း မစားချေ။ သူရသောပင်စင်ဖြင့် သူ့ဟာသူ ထမင်းချက်စားလေသည်။ သမီးဖြူမက သူနှင့်အတူ စားရန် ပြောသော်လည်း မရချေ။

'သမီးနဲ့ တစ်အိုးတည်းစားရင် သမီးလုပ်စာကို စားသလို ဖြစ်နေလိမ့်မယ်။ ဒီလိုဆို သမီးလုပ်နေတဲ့အလုပ်ကို အဖေက အားပေးအားမြှောက်ပြုပေးသလို ဖြစ်လိမ့်မယ်။ အဖေလည်း အဖေရတဲ့ ပင်စင်ကလေးနဲ့ စားလောက်ပါတယ်။ သမီးလည်း သေသေချာချာ စဉ်းစားပြီး ဒီအလုပ်ကို ရပ်နိုင်အောင် ကြိုးစားပါ'

ဦးစံညွန့် အမြဲပြောသောစကား ဖြစ်၏။

သားအဖနှစ်ဦးတည်း နေပြီး ဖာစ်ယောက် တစ်အိုးချက်စားခြင်းအတွက် အများက အံ့သြကြလေသည်။

ယခုလို အေးသည့်ရာသီဆိုလျှင် ဦးစံညွန့်သည် ညအက်တွင် အိပ်ပျော်သည်ဟူ၍ မရှိချေ။ ဖြူမနှင့် တစ်ပြိုင်တည်းလိုလို အိပ်ရာမှ ထလေ့ရှိ၏။

ဦးစံညွန့်သည် အိပ်ရာမှထပြီး မျက်နှာသစ် ကိုယ်လက်သန့်စင်ကာ ထမင်းတစ်အိုးတည်၏။ သူတို့အိမ်တွင် လျှပ်စစ်မီးရှိရာ လျှပ်စစ်ထမင်းအိုးတွင် ဆန်ကို ရေဆေးပြီး ထည့်ထားလိုက်ရုံသာဖြစ်၏။

ထမင်းကျက်သောအခါ ရှေးဦးစွာ ဘုရားဆွမ်းတော်ကပ်ရန်အတွက် ခူးခပ်ပြီး ဘုရားဆွမ်းတော်ကပ်၏။ ဘုရားရှိခိုး၏။ ပုတီးစိပ်၏။ ပြီးသောအခါ တုတ်ကောက်ကလေးယူကာ လမ်းလျှောက်ရန် ထွက်သွားလေသည်။

ဖြူမသည် အိပ်ရာမှ နိုးလျှင်နိုးခြင်း လျှပ်စစ်ရေနွေးအိုးဖြင့် ရေနွေးတည်လေ၏။ ရေနွေးအိုးတွင် ရေထည့်ပြီးနောက် မီးခလုတ်ခုံအနီးရှိ စီရီကလေးပေါ်တွင် ရေနွေးအိုးကိုတင်ကာ မီးပလပ်ထိုးလိုက်လေသည်။

ရေနွေးအိုးကျိုသော ဗီရိုကလေးမှာ (၅)ပေခန့်သာ မြင့်၍ ဖြူမအရပ်ဖြင့် အတော်ပင်ဖြစ်လေသည်။ ရေနွေးအိုးသည် မီးပလပ်ထိုးပြီး ခဏအကြာတွင် ဆူသဖြင့် ရေနွေးအိုးကိုယူပြီး အနီးရှိ သံပုံးကြီးထဲ လောင်းထည့်လေသည်။ ရေနွေးအိုး(၂)အိုးခန့် လောင်းထည့်ပြီးသောအခါ သံပုံးကြီးထဲတွင် ရေနွေးအတော်အတန် ရနေလေပြီ။

ထို့နောက် ဖြူမသည် ကြက်ခြံအတွင်းဆင်းကာ ညကတည်းက လှောင်ထားသော ကြက်များကို ဆွဲထုတ်လေ၏။ ဆွဲထုတ်ယူခါစတွင် ကြက်များ ကြောက်လန့်ကာ ရုန်းကန်ကြသော်လည်း ဖြူမသည် ကြာကြာရုန်းကန်ခွင့် မပေးချေ။ မြန်မာကြက်များကသာ အော်ကြခြင်းဖြစ်ပြီး အမေရိကန်ကြက်ဟုခေါ်သော စီပီကြက်များမှာ အော်ခြင်း မရှိချေ။

ဖြူမသည် ကြက်များ၏ ခြေထောက်များကို ကြိုးဖြင့် ပူးချည်ပြီး မြွေခွံအိတ်အတွင်းထည့်၍ ဖောက်ထိုးဆွဲကာ ပွက်ပွက်ဆူနေသော ရေနွေးထဲသို့ နှစ်လိုက်လေသည်။

ထိုလုပ်ငန်းကို ဖြူမ လုပ်နေကျဖြစ်၍ (၁)မိနစ်၊ (၂)မိနစ်ခန့်အတွင်း ပြီးစီးအောင် လုပ်လေရာ ကြက်များ ရုန်းကန်ရန်ပင် အချိန်မရလိုက်ချေ။

ထို့နောက် ဖြူမသည် ရေနွေးထဲ အနှစ်ခံရ၍ အသက်ပျောက်သွားပြီဖြစ်သော ကြက်များကို ဆယ်ယူကာ အမွေးနုတ်ခြင်း၊ ဗိုက်ကိုခွဲကာ ကလီစာများထုတ်ခြင်း အစရှိသော လုပ်ငန်းများကို အမြန်လုပ်ကိုင်၍ ဈေးသို့သွားရန် ပြင်ဆင်လေသည်။

(၂)

ဖြူမသည် ယခုမှ ကြက်များကို ကိုယ်တိုင်သတ်ပြီး ရောင်းချခြင်းဖြစ်၏။ ယခင်က မီးခွက်ဈေးမှ ကြက်သားရောင်းသူ ဒေါ်ကလေးမ ဆိုင်တွင် ကြက်သားကို အငှားရောင်းပေးလေသည်။ ဒေါ်ကလေးမသည် ကြက်များကို သတ်ကာ အမွေးနုတ်ပြီး ဈေးသို့ အကောင်လိုက်ယူလာလေသည်။

ဒေါ်ကလေးမ ဈေးသို့ ရောက်သောအခါ ဖြူမက ကြက်များကို ဗိုက်ခွဲခြင်း၊ ကလီစာများ ထုတ်ခြင်းမှအစ ချိန်တွယ်ရောင်းရန်အဆင့်ထိ လုပ်ကိုင်ပေးရလေသည်။ ဝယ်သူရောက်လာသောအခါတွင် ဖြူမက ကြက်များကို ခုတ်ထစ်ချိန်တွယ် ရောင်းချပေးရလေသည်။

www.burmeseclassic.com

ဒေါ်ကလေးမ ဆိုင်သည် အလေးချိန်ခွင်မှန်ကန်ခြင်း၊ ဈေးနှုန်းသင့်တင့်ခြင်းတို့ကြောင့် ဝယ်သူများ အမြဲပြည့်နေလေသည်။ တောဈေးရောင်းသူများကလည်း အထုပ်ကလေးများထုပ်ကာ ရောင်းချရန် ဝယ်ယူကြလေသည်။ နံနက်စောစော ထွက်သည့်ကားဖြင့် ရန်ကုန်ဘက်သို့ ခရီးသွားမည့်သူများကလည်း ဝယ်ယူသွားကြလေသည်။

ထို့ကြောင့် မိုးအနည်းငယ်လင်းလာ၍ မီးခွက်ဈေးသိမ်းသည့် အချိန်လောက်တွင် ဒေါ်ကလေးမဆိုင်မှ ကြက်သားများ ရောင်းချ၍ ကုန်လေပြီ။ ထိုသို့ အကူရောင်းပေးသည့်အတွက် ဒေါ်ကလေးမက ဖြူမကို တစ်နေ့လျှင် (၄၀၀၀)ကျပ်ပေးလေသည်။ တစ်ခါတစ်ရံတွင် (၅၀၀၀) ကျပ် ပေးလေသည်။

မိမိအရင်းမစိုက်ရဘဲ ကြက်များကို ရောင်းချပေးခြင်းအတွက် ရသည့်လုပ်ခမှာ ဖြူမအတွက် မနည်းလှသဖြင့် ဖြူမ ကျေနပ်နေခဲ့လေသည်။

သို့ရာတွင် ဒေါ်ကလေးမ နေမကောင်း၍ (၄၊ ၅) ရက်ခန့် ဈေးမထွက်နိုင်သည့်အခါ ဖြူမသည် ကြက်များကို ကိုယ်တိုင်ရောင်းချလိုစိတ် ဖြစ်လာသည်နှင့် အိမ်တွင် စမ်းသပ်၍ လုပ်ကိုင်ကြည့်လေ၏။

ရှေးဦးစွာ ကြက်(၅)ကောင်ခန့်ကို ဝယ်ယူ၏။ အချို့က ဖြူမ ကြက်ဝယ်သည်ကို သိသဖြင့် ညနေမိုင်းတွင် ဖြူမအိမ်သို့ လာရောင်းကြ၏။ အများအားဖြင့် မြန်မာကြက်များကိုသာ ရောင်းချကြလေသည်။ လာရောက်ရောင်းချသူ မရှိသောရက်များတွင် ဖြူမသည် ကြက်မွေးထားသူများထံသို့ သွားရောက်ကာ ဝယ်ယူရလေသည်။ ထိုသို့ဝယ်ယူသည့်အခါ ကြက်များကို ချိန်တွယ်၍ ကျသင့်ငွေ ရှင်းပြီးသည်နှင့် ကြက်များကို သယ်ယူကာ စက်ဘီးဖြင့် အိမ်သို့ ပြန်လေသည်။ ကြက်များကို စက်ဘီးဖြင့် သယ်ယူရာတွင် ကြက်များ၏ ခြေထောက်များကို စု၍ ကြိုးဖြင့်ချည်ကာ စက်ဘီးလက်ကိုင်တွင်ခွ၍ ခေါက်ထိုးတင်ရလေသည်။

အိမ်ရောက်သောအခါ ဖြူမသည် ကြက်များကို အိမ်အောက်ရှိ ကြက်ခြံအတွင်း လှောင်ထားလိုက်ပြီး နံနက်စောစောတွင် ထုတ်ယူ၍ သတ်ရ၏။ သူတစ်ပါးအသက်ကို သတ်ရသည်မှာ မလွယ်ကူကြောင်း ဖြူမ တွေ့ရလေသည်။

ရှေးဦးစွာ ကြက်များကို ခေါင်းကိုထု၏။ ကျောကုန်းကိုထု၏။ ထုသံရိုက်သံများနှင့် ကြက်များ၏ အော်သံများမှာ ဆူညံလျက်နေလေသည်။

လုပ်ကိုင်စအချိန်တွင် ဖြူမသည် မြန်မာကြက်များကိုသာ ဝယ်ယူသဖြင့် သတ်ရာတွင် အော်သံများဖြင့် ဆူညံနေသဖြင့် ဖြစ်၏။

ထိုအသံများကြောင့် အိမ်နီးချင်းများက အိပ်ရေးပျက်ကြောင်း ဦးစံညွန့်ကို တိုင်ကြားကြသောအခါတွင် ဖြူမသည် မအော်သော ကြက်များကိုဝယ်ရန် စိတ်ကူးရလေသည်။ အမေရိကန်ကြက်များသည် မအော်ကြောင်း ဒေါ်ကလေးမ ပြောဖူး၏။ ထို့ကြောင့် ဖြူမသည် မြန်မာကြက်များကို နည်းနည်းဝယ်ပြီး အမေရိကန်ကြက်ခေါ် စီပီကြက်များကို များများဝယ်ယူလေသည်။

ထို့နောက် ကြက်သတ်ရာတွင် ထုရိုက်သတ်ဖြတ်ခြင်းထက် ကောင်းသော နည်းစနစ်ကို စဉ်းစားရာမှ ရေနွေးထဲ နှစ်သတ်သောနည်းကို တွေ့ရှိသွားခြင်း ဖြစ်လေသည်။

ဖြူမသည် ထိုနည်းအတိုင်း ကြက်များကိုသတ်ပြီး ဈေးတွင် ဒေါ်ကလေးမ၏ဆိုင်၌ မိမိကြက်များကိုတင်ကာ ရောင်းချလေတော့၏။

ဒေါ်ကလေးမှာ နေကောင်းသွားသောအခါ ကြက်သားရောင်းချခြင်း မရှိတော့ဘဲ အခြားအလုပ်တစ်ခုကို ပြောင်းလဲလုပ်ကိုင်သဖြင့် ဖြူမသည် ဒေါ်ကလေးမ၏ အမွေကို ဆက်ခံကာ ကြက်များကို ကိုယ်တိုင်ဝယ် ကိုယ်တိုင် သတ်ပြီး ရောင်းချလာသည်မှာ ယနေ့တိုင် ဖြစ်လေ၏။

ဖြူမသည် တဖြည်းဖြည်းနှင့် တစ်နေ့လျှင် ကြက် (၁၀)ကောင် (၁၅)ကောင်ခန့် ရောင်းချရသည့်အခြေအနေ ဖြစ်လာလေသည်။

(၃)

တစ်နေ့တွင် ဦးစံညွန့်သည် ဖြူမအား ယခင်ပြောခဲ့ ကျ စကားများကို ထပ်မံပြောပြန်လေသည်။ ယခုတစ်ခါ မှာတော့ ဦးစံညွန့်သည် (၅)ပါးသီလတွင် ပါဝင်သော ပါဏာတိပါတကံအကြောင်း ထည့်သွင်းပြောကြားလေ သည်။

"သမီးရယ်..ကြက်တွေကို သတ်တာ ပါဏာတိ



www.burmeseclassic.com

www.burmeseclassic.com

တကက်ကို ကျူးလွန်နေတာပဲ။ တစ်နေ့ကို (၁၀)ကောင် (၁၅)ကောင်လောက် သတ်ရတော့ သမီးမှာ သူ့တစ်ပါး အသက်တွေကို သတ်နေရတာ အပြစ်ကြီးလှပါပြီ။ လူမှာ စောင့်ထိန်းရမယ့် အခြေခံ(၅)ပါးသီလဆိုတာရှိတယ်။ အခု သမီးကျူးလွန်နေတာက သူ့တစ်ပါးအသက်ကို သတ်ခြင်းလို့ခေါ်တဲ့ ပါဏာတိပါတကံကို ကျူးလွန်နေတာပဲ။ အဲဒီသိက္ခာပုဒ်ကို ကျူးရင် ခံစားရမယ့် ဆိုးကျိုးတွေကတော့ မျက်စိ၊ နား၊ နှာ၊ အင်္ဂါခြေ၊ လက်တို့ ချို့ယွင်းတတ်တယ်။ ဖြစ်ရာဘဝမှာ ရုပ်သွင်ညှိုးရော်ပြီး စိုစိုပြည်ပြည် မရှိတတ်ဘူး။ အားအင်ချို့ယွင်းတတ်တယ်။ လျင်မြန်ဖျတ်လတ်ခြင်းလည်း ကင်းဝေးတတ်တယ်။ ဘေးရန်ပေါ်ပေါက်ရင်လည်း ကြောက်ရွံ့တတ်တယ်။ သူများသတ်ဘာကို ခံရတတ်တယ်။ ကိုယ်ကိုယ်တိုင်လည်း အဆိပ်စတာတွေကို စားပြီး သေရတတ်တယ်။ အနာရောဂါ များတတ်တယ်။ အခြွေအရံလည်း ပျက်တတ်တယ်။ အသက်လည်း တိုတတ်တယ်။ အဲဒါတွေကတော့ ဝဋ်လိုက်တဲ့အနေနဲ့ ခံရတာတွေပဲ။ ပြီးတော့ ငရဲကိုလည်း ကျရတတ်သေးတယ်'

ပါဏာတိပါတကံကို ကျူးလွန်ခြင်းကြောင့် ခံစားရတတ်သော အပြစ်များကို ဦးစံညွန့်က ရှည်လျားစွာ ရှင်းပြလိုက်သောအခါ ဖြူမက-

'အဖေရယ်…သမီးတို့ အခုဆို စားဝတ်နေရေး ပိုပြီး ပြေလည်လာတဲ့အပြင် သမီးမှာလည်း ရွှေတွဲလဲ ငွေတွဲလဲနဲ့ ဖြစ်နေပြီ။ ဒီအလုပ်ကို မစွန့်လွှတ်နိုင်တော့ဘူး။ နောင်တစ်ချိန်မှာ အလှူအတန်းတွေလုပ်ပြီး ဒီအလုပ်တွေကို စွန့်လွှတ်နိုင်အောင် ကြိုးစားပါ့မယ်'

'အေးလေ၊ အဖေတော့ သမီးကို တစ်ယောက်တည်း စိတ်မချလို့ အတူနေပေးနေရတာ။ ဒီအလုပ်တွေကို ကြည့်လည်း မကြည့်ချင်ဘူး၊ မြင်လည်း မမြင်ချင်ဘူး။ ကြားလည်း မကြားချင်ဘူးကွယ်။ လွတ်ရာကျွတ်ရာကိုပဲ သွားချင်နေပြီ။ အခွင့်အရေးရရင်တော့ အဖေ ရဟန်းဝတ်ချင်တယ်ကွယ်'

'သမီးလည်း ဒီအလုပ်ကို မလုပ်ချင်ပါဘူး အဖေ။ ခုနကပြောတဲ့ အပြစ်တွေကို ကြောက်ပါတယ်။ ဒါပေမဲ့ အခြေအနေအရ လုပ်နေရတာပါ။ အခွင့်သာတဲ့ တစ်နေ့မှာ အဖေ့ကို ရဟန်းဝတ်ရအောင် သမီး ဆောင်ကြဉ်းပေးပါ့မယ် အဖေရယ်'

ဦးစံညွန့်၏ဆန္ဒသည် များမကြာမီ ပြည့်ဝသွားလေသည်။ မြစ်ကြီးနားတွင် အိမ်ထောင်ကျနေသော ဦးစံညွန့်၏ ညီမအငယ်ဆုံး ဒေါ်နီသည် တစ်နေ့တွင် ဖြူမတို့အိမ်သို့ ရောက်လာလေသည်။ သူမသည် အဝတ်ထည့်သည့် လက်ဆွဲအိတ်သေတ္တာများပါ တစ်ပါတည်း ယူဆောင်လာခြင်းဖြစ်လေသည်။

ဖြူမသည် သူ့အဒေါ်ကို တွေ့လျှင်တွေ့ချင်း-

'အဒေါ်မနီ…သမီးတို့ဆီ လာလည်တာလား။ သမီး ဝမ်းသာလိုက်တာ အဒေါ်ရယ်။ ဦးလေးရော မပါဘူးလား'

ဒေါ်နီသည် ဖြူမအား ပြေးဖက်လိုက်ပြီး မျက်ရည်စမ်းစမ်းဖြင့်-

'မင်းဦးလေး မရှိတော့ဘူးကွယ်။ ဖားကန့်ကို ကျောက်တူးသွားရင်း ငှက်ဖျားမိပြီး ဆုံးသွားရှာတယ်။ ဒီကိုလည်း အကြောင်းမကြားတော့ဘူး။ ခရီးက ဝေးတာနဲ့ ဟိုမှာပဲ သင်္ဂြိုဟ်လိုက်တယ်။ အဒေါ်လည်း တစ်ယောက်တည်းမို့ ဒီမှာ တူမလေးတို့နဲ့ အတူနေမလို့ လာတာပဲ'

'အဒေါ်ရယ်…နေပါ၊ နေပါ။ သမီးအဖော်ရလို့ သိပ်ဝမ်းသာတာပဲ'

ညစာထမင်းဝိုင်းတွင် ထမင်းစားကြသောအခါ ဦးစံညွန့်က-

'ကဲ…မနီလည်း ခရီးရောက်မဆိုက်ဆိုသလို ငါပြောစရာရှိတယ်။ အခုဆို နင် ဒီမှာနေမယ်ဆိုတော့ သမီးလည်း အဖော်ရသွားပြီ။ အဲဒီတော့ ငါရည်ရွယ်ထားတဲ့အတိုင်း ရဟန်းဝတ်တော့မယ်'

'အို…အဖေကလည်း ချက်ချင်းကြီးပဲ။ သမီးတို့နဲ့ နေပါဦး'

'မဟုတ်ဘူး သမီး၊ အဖေပြောခဲ့တယ်လေ။ သမီးလုပ်နေတာတွေကို အဖေမြင်နေရပေမယ့် မတားနိုင်ခဲ့ဘူး။ လူဆိုတာ မကောင်းတဲ့အလုပ်ကို မကောင်းမှန်း သိလျက်နဲ့ ဆက်လုပ်နေရင် ကြာတော့ အမှားက အမှန်ဖြစ်သွားတတ်တယ်။ နိပ်ကြည့်လေ၊ သမီး ဒီလုပ်ငန်းမှာ ကျွမ်းနေတယ်။ ရတဲ့ငွေကြေးကလည်း မြိုးမြိုးမြက်မြက်ကလေးဆိုတော့ မက်မောနေတယ်။ မကောင်းတာကို မကောင်းမှန်း မသိတော့ဘူး မဟုတ်လား။ အဖေတော့ တော်ပြီကွယ်၊ သမီးနဲ့အတူနေရတာ အကုသိုလ်ဖြစ်တယ်ပဲ။ သမီး

www.burmeseclassic.com

လည်း ပြုပြင်ပါ။ မကောင်းတာကို မကောင်းမှန်းသိလို့ ပြုပြင်မယ်ဆိုရင် ဘယ်အချိန်ပြုပြင်ပြုပြင် ကောင်းတာပဲ။ ရွှေဘုံသာရွာ ကျောင်းထိုင်ဘုန်းကြီးက လူဝတ်နဲ့တုန်းက အဖေ့ငယ်သူငယ်ချင်းပဲ။ ရဟန်းဝတ်မယ်ဆိုရင် သူ့ဆီ အချိန်မရွေး လာခဲ့ပါလို့ ခေါ်ထားတယ်။ အဖေ အဲဒီကို သွားမယ်'

ထိုနေ့သည့် တစ်ခုသော လဆန်း(၁၄)ရက်နေ့ဖြစ်၏။ လပြည့်နေ့သည် ဈေးပိတ်ရက်ဖြစ်၍ ဖြူမတို့ အနားရမည့် ရက် ဖြစ်လေသည်။

ဦးစံညွှန့်ကို ပြောမရသဖြင့် ဖြူမသည် မိမိစုဆောင်းထားသော ငွေကလေးဖြင့် သင်္ကန်းပရိက္ခရာရှစ်ပါးကို ဝယ်ယူကာ ဦးစံညွှန့်နှင့်အတူ အဒေါ်မနီကိုပါခေါ်ဆောင်၍ ရွှေဘုံသာရွာ ဘုန်းတော်ကြီးကျောင်းသို့ မြင်းလှည်းဖြင့် ထွက်ခွာလာခဲ့လေသည်။

ရွှေဘုံသာရွာဘုန်းတော်ကြီးကျောင်းသို့ ရောက်သောအခါ ကျောင်းထိုင်ဆရာတော်က–

'ဩော်··ကိုစံညွှန့်တို့ ရောက်လာပြီကိုး။ ဒကာကြီးရောက်လာတာ ကောင်းပါတယ်။ ဒီမှာ ရဟန်းဝတ်ပြီး အေးအေးချမ်းချမ်း တရားအားထုတ်နေပါတော့'

'မှန်လှပါဘုရား၊ တပည့်တော် ရဟန်းဝတ်မလို့ပါ



ဘုရား။ ခုတော့ သမီးလေးနဲ့ အတူနေမယ့် သူ့အဒေါ် ရောက်လာလို့ တပည့်တော် လူဝတ်ကြောင်ကို စွန့်ပြီး ရဟန်း ဝတ်ပါတော့မယ်ဘုရား'

'အင်း··သာဓု··သာဓု··သာဓု'

ဖြူမတို့သည် ဆရာတော်အား လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းပြီးနောက် ဆရာတော်က ဦးစံညွှန့်အား ဝိနည်းတော်နှင့်အညီ ရဟန်းဝတ်ပေးလိုက်လေသည်။

(၄)

ဖြူမတို့ အိမ်ကလေးတွင် ဖခင်ဦးစံညွှန့် ရဟန်းဝတ်သွားပြီဖြစ်၍ ဖြူမသည် အဒေါ်မနီနှင့်အတူနေကာ ကြက်သားရောင်းချသော လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လေသည်။

အဒေါ် မနီက ထမင်းချက်တာဝန်ကိုယူ၍ ချက်ပြုတ်ပေး၏။

ထို့ပြင် အဒေါ် မနီသည် နံနက်စောစော ရေနွေးကျိုပေးရသည့် တာဝန်ကို ယူလေသည်။ အဒေါ်မနီ ရေနွေး (၂)အိုးဆူ၍ သံပုံးကြီးထဲ လောင်းထည့်ပြီးချိန်တွင် ဖြူမက ထုံးစံအတိုင်း ကြက်ခြံတွင်းသို့ဆင်းကာ ကြက်များကို ဆွဲထုတ်လာ၍ ခြေထောက်များကိုပူးချည်ကာ မြွေခွံအိတ်နှင့်စွပ်ပြီး ရေနွေးပူပူထဲ ဖောက်ထိုးချကာ နှစ်သက်လေသည်။

ကြက်များ သေကုန်သောအခါ ဆယ်ယူ၍ အမွေးနုတ်ခြင်း၊ ကလီစာများထုတ်ခြင်း စသောအလုပ်တို့ကို ဆက်တိုက်လုပ်ကာ အလေး၊ ချိန်ခွင်တို့နှင့်အတူ ဈေးဗန်းကလေးရွက်ကာ ဈေးသို့ ကြက်သားရောင်းချရန် သွားလေသည်။

ထိုလုပ်ငန်းကို ဖြူမသည် နေ့စဉ် ဝတ္တရားမပျက် ဆောင်ရွက်လေသည်။

တစ်နေ့တွင် ဖြစ်၏။

မွေးနေ့ပွဲတစ်ခုမှ မုန့်ကြွပ်ခေါက်ဆွဲကျွေးရန်အတွက် ဖြူမထံ ကြက်သားတော်တော်များများ မှာယူလေသည်။ ထို့ကြောင့် ဖြူမသည် ညနေကတည်းက ကြက်အကောင် (၂၀)ခန့် ဝယ်ယူကာ ကြက်ခြံအတွင်း ထည့်ထားလေသည်။

အဒေါ် မနီသည် မနက်စောစောတွင် ထုံးစံအတိုင်း ရေနွေးအိုးတွင် ရေဖြည့်ပြီး ဗီရိုကလေးပေါ်တင်ကာ မီး



www.burmeseclassic.com

www.burmeseclassic.com

ပလပ်ကို ထိုးလိုက်လေသည်။

အဒေါ် မနီ ရေနွေးအိုးတည်နေချိန်တွင် ဖြူမသည် ကြက်ခြံအတွင်းဆင်း၍ ကြက်များကို ခြေထောက်များ ပူးချည်၍ ယူလာပြီး မြေခွဲအိတ်စွပ်ကာ ဒုတိယရေနွေးအိုး အဆူကို စောင့်နေ၏။

ထိုစဉ် အဒေါ် မနီသည် ဗိုက်နာလာကာ အိမ်သာ သွားချင်သည်ဆို၍ ရေအိမ်သို့ ဝင်လေသည်။ ရေနွေးအိုး ဆူလာသောအခါ ဖြူမသည် အဒေါ် မနီ ရေအိမ်ဝင်နေသဖြင့် ရေနွေးအိုးကို မိမိပင် ယူလိုက်တော့မည်ဟု စိတ်ကူးလျက် မီးပလပ်ကို ချွတ်လိုက်၏။

ထိုအချိန်တွင် မီးများ ပြတ်သွားလေသည်။

ရုတ်တရက် လင်းနေရာမှ မှောင်အတိကျသွားလေရာ ဖြူမသည် မှောင်ထဲတွင် ဗီရိုအနီး ခလုတ်တိုက်ကာ ခေါင်းငိုက်စိုက်ကျသွားလေရာ လက်နှင့် မီးကြိုး ပတ်မိပြီး ရေနွေးအိုး မှောက်ကျလေသည်။

ရေနွေးပူပူများသည် ဖြူမခေါင်းပေါ်မှတစ်ဆင့် တစ်ကိုယ်လုံး လောင်းချလိုက်ဘိသည့်အလား တစ်ကိုယ်လုံး အငွေ့တထောင်းထောင်းနှင့် ရေနွေးများ ရွှဲရွှဲစိုသွားလေသည်။

ဖြူမသည် အလန့်တကြား အော်လေသည်။

'အမယ်လေး..ပူလှချေရဲ့၊ ကယ်ကြပါဦး'

ဖြူမသည် ပူလောင်လွန်းလှသဖြင့် တအားအားနှင့် အော်နေလေသည်။

ထိုအချိန်တွင် လျှပ်စစ်မီး ပြန်လင်းလာလေသည်။

အဒေါ် မနီသည် ရေအိမ်မှထွက်လာ၍ ဖြူမအား ကြည့်လိုက်ရာ ထိတ်လန့်ဖွယ် မြင်ကွင်းကို မြင်ရလေသည်။

တစ်ကိုယ်လုံး ရေနွေးပူလောင်ထားသဖြင့် ဖြူမတစ်ကိုယ်လုံးရှိ အသားများသည် နီရဲလျက် နေရာအတော်များများတွင် ဖူးရောင်လျက်ရှိပြီး အချို့နေရာများတွင် အသားများ ကွာကျနေသည်ကို မြင်ရလေသည်။

ဖြူမသည် ပူလောင်လှသဖြင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ပူသောနေရာများကို ပါးစပ်မှ လေဖြင့် မှုတ်ပေးရင်း တအားအား အော်ဟစ်နေလေသည်။

အဒေါ် မနီသည် ဖြူမအား စိုသောအဝတ်အစားများ လဲလှယ်ပေးပြီး ဆေးရုံပို့ရန် လိုအပ်သဖြင့် အနီးအနားသို့ အော်ဟစ်၍ အကူအညီတောင်းခံလေသည်။

အဒေါ် မနီ အကူအညီတောင်းသံကြောင့် မျက်နှာချင်းဆိုင်အိမ်မှ မြင်းလှည်းသမား ဦးထွန်းသည် ဖြူမအိမ်သို့ ပြေးလာကာ ဒေါ်မနီအား အကျိုးအကြောင်း မေးမြန်းပြီး ဖြူမ ရေနွေးပူလောင်သည်ကို သိရသည်နှင့် ဖြူမကို ပွေ့ချီကာ မြင်းလှည်းပေါ်တင်ပြီး ဆေးရုံသို့ အမြန်မောင်းလာလေသည်။

(၅)

ဆေးရုံမှ ဆရာဝန်၊ဆရာမများသည် ဖြူမကို လိုအပ်သည့် ကုသမှုများ ဆောင်ရွက်ပေးလေသည်။ သို့သော် အချိန်ကြာလာသည်ထိ ဖြူမ၏ ရေနွေးပူလောင်သည့် ဒဏ်ရာများသည် သက်သာလာသည်ဟူ၍မရှိဘဲ တစိုစိုနှင့် ဖြစ်နေလေသည်။

ယခင်ကလည်း ဖြူမသည် ထိုခိုက်ဒဏ်ရာတစ်ခုဖြစ်လျှင် တော်တော်နှင့် မကျက်ဘဲ လပေါင်းများစွာ ခံစားရသည်ကို မှတ်မိလေသည်။

ဖြူမသည် ထမင်းလည်းမစားနိုင် တပိန်ပိန် တလိန်လိန်ဖြစ်ကာ ရေနွေးပူလောင်ရာမှ ရရှိသည့် ဒဏ်ရာများ၏ နာကျင်ကိုက်ခဲမှုများကို ခံစားရင်း တဖြည်းဖြည်း ပိန်ချုံးကျလာပြီး နောက်ဆုံးတွင် အဒေါ် မနီ လက်ပေါ်၌ပင် သေဆုံးသွားလေသည်။

မသေဆုံးမီ ဖြူမသည် လက်အုပ်ကလေးချီကာ စကားတစ်ခွန်းသာ ပြောနိုင်ခဲ့လေသည်။

'အဒေါ်ရယ်..ကြက်တွေကို ရေနွေးပူထဲ နှစ်ပြီး သတ်ခဲ့တယ်။ ဒီလိုလုပ်တာ တော်တော်ကြာပြီ။ သတ်ခဲ့တဲ့ အသက်ပေါင်းလည်း မနည်းတော့ဘူး။ သမီးပြုခဲ့တဲ့ မကောင်းမှုတွေက အခုဘဝမှာပဲ သမီးကို တူညီတဲ့ဒဏ် ပြန်ခတ်လိုက်တာပဲ၊ သမီးစုဆောင်းထားတဲ့ ရွှေတွေ၊ ငွေတွေ သမီး ခုတင်အောက်က သေတ္တာထဲမှာရှိပါတယ်။ အဲဒါတွေယူပြီး ဘုရားမှာ လှူပေးပါ။ ပြီးရင် သမီးကို အမျှဝေပါ အဒေါ်ရယ်။ အဖေ့ကိုလည်း ကန်တော့သွားတယ်လို့ ပြောလိုက်ပါ အဒေါ်ရယ်'

ဖြူမသည် လက်အုပ်ကလေးချီကာ ဖခင်ဦးပဉ္စင်းကြီး ဦးဓေတိကကို ရည်မှန်း၍ ကန်တော့ကာ သေဆုံးသွားခြင်း ဖြစ်လေတော့သည်။

မင်းသန့်ကျော်([illegible]ကုန်း)



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က တစ်မျိုးဗျ။ စုန်းတွေ၊ နတ်တွေ၊ ဘိုးတော်တွေ ဘာညာကွိကွတွေကို သိပ်လက်ခံတာ မဟုတ်ဘူး။ တွေ့လည်း မတွေ့ဖူးဘူး။ ကြုံလည်း မကြုံဖူးဘူး။ ဒါပေမဲ့ ကိုယ်တွေ့ကြုံရပြန်တော့ မယုံရခက်ခက်။ ကျုပ်နဲ့ဆုံခဲ့ဖူးတဲ့ အဘကတော့ အမှန်အကန်ပဲလို့ ကျုပ်ထင်တယ်ဗျာ။

လွန်ခဲ့တဲ့ ငါးနှစ်လောက်က အဲဒီတုန်းက ကျုပ် မြဝတီမှာ နေတယ်။ တစ်နေ့ ဘန်ကောက်မှာ အလုပ်လုပ်နေတဲ့ ကျုပ်ရဲ့သား အကြီးကောင် ရန်နောင်စိုးက ကျုပ်ဆီကို ဖုန်းဆက်တယ်။

"အဖေ..ညက သား အိပ်မက်,မက်တယ်။ ရေတွေ ပြည့်လျှံနေတဲ့ ပင်လယ်ပြင်ကြီးက ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းတလေးပေါ်ကနေ လူကြီးနှစ်ယောက်က ချိုင်းတစ်ဖက်စီမ,ပြီး ကုန်းမြေတစ်နေရာမှာ ချပေးလိုက်တယ်တဲ့"

"အိပ်မက်ဆိုတာ သွေးလေချောက်ချားလို့ပဲဖြစ်ဖြစ်၊ စိတ်စွဲလို့ပဲဖြစ်ဖြစ် မက်တတ်တာပဲကွာ။

## ချစ်ရဲထွင့်(တောင်စွန်း)
## ပုဂ္ဂိုလ်ဆိုတာ ဒီလိုလား





www.burmeseclassic.com

www.burmeseclassic.com

စိတ်စွဲမနေနဲ့၊ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ဦးမယ်"

'မဟုတ်ဘူး အဖေ။ သား အဘဆရာကြီး တစ်ယောက်ဆီ သွားမေးတော့ အဘက မင်း ရေနဲ့ပတ်သက်ပြီး အန္တရာယ်ရှိနိုင်တယ်။ ဘာမှတော့မပူနဲ့။ အဲဒီလူကြီးနှစ်ယောက်ဟာ မင်းရဲ့ အစောင့်အရှောက်တွေပဲ။ မင်းကို သူတို့ စောင့်ရှောက်လိမ့်မယ်လို့ ပြောတယ်။ အဲဒါ ဖြစ်နိုင်ပါ့မလား အဖေ'

'မင်းကလည်းကွာ၊ ခေတ်လူငယ်ဖြစ်ပြီး အဲဒါတွေ ယုံရသေးတယ်။ မင်းအဘက မြန်မာပြည်က ထွက်ပြေးသွားတဲ့ လူလိမ်ဘိုးတော်အတုပါကွာ'

'အဘက မြန်မာမဟုတ်ဘူး၊ ထိုင်းလူမျိုး။ သူက ဝပ်ထိုင်မကိုင် ဘုန်းကြီးကျောင်းမှာနေတာ အဖေရ'

'အိုကွာ၊ ဒါဆိုလည်း မင်း ရေလမ်းခရီးရှောင်ပေါ့။ ရေဆို ရေတောင် မသောက်နဲ့ပေါ့။ အလကားလုပ်စားနေတာ။ မင်းမို့ ယုံတာ'

အဲဒီတုန်းက သူပြောတာကို ကျုပ် ခါးခါးသီးသီးပင် လက်မခံနိုင်ခဲ့။ ဒါပေမဲ့ သူပြောတာလည်း မှန်သလိုဗျ။ မကြာခင်ပဲ ဘန်ကောက်မှာ မိုးတွေရွာပြီး ရေတွေကြီးလိုက်တာ စက်ရုံတွေရေမြုပ်၊ အိမ်တွေရေမြုပ်လို့ ဒုက္ခရောက်ပြီး မြန်မာအလုပ်သမားတွေ အဖွဲ့လိုက် ပြန်လာကြပါရော။ သတင်းစာတွေထဲမှာလည်း ဖော်ပြကြတယ် မဟုတ်လား။ သူတို့လင်မယားလည်း ကလေးတစ်ယောက်နဲ့ ပြန်လာကြတယ်။ အဲဒီကလေးတောင် အခု ကျောင်းနေနေပြီ။ ကျုပ်နဲ့ အတူနေတာလေ။ အဲဒီအထိ ကျုပ်လက်မခံသေးဘူး။ ဒါ တိုက်ဆိုင်မှုတစ်ခုလည်း ဖြစ်နိုင်တာပဲ မဟုတ်လား။

သူတို့ ပြန်ရောက်လာပြီး မဲဆောက်မှာ အလုပ်လုပ်ကြတယ်။ မကြာပါဘူး၊ အရနည်းတယ်ဆိုပြီး ဘန်ကောက်ကို ပြန်သွားကြတယ်။ ကလေးကိုတော့ ကျုပ်တို့နဲ့ အတူ ထားခဲ့ကြတယ်။ သူ့ဌေးနဲ့ချိတ်ပြီး အောက်လမ်းက သွားကြတာပါ။ နှစ်ရက်လောက်အကြာမှာ သူ့ဌေးကိုယ်စားလှယ်က ဖုန်းဆက်တယ်။ သူတို့အဖွဲ့(၁၅)ဦးကို ထိုင်းနိုင်ငံ၊ ဘန်ကောက်က လက်ခံတဲ့အဖွဲ့က မပို့တော့ဘဲ အိမ်ကြီးတစ်လုံးတွင် ဖမ်းဆီးထားခြင်းခံရတဲ့အကြောင်း၊ တစ်ဦးလျှင် ဘတ်(၈၀၀၀)ဖြင့် ရွေးလျှင်ရွေး မရွေးလျှင် ငါးဖမ်းလှေထဲသို့ ပြန်ရောင်းစားမည်ဟု အကြောင်းကြားပါတယ်။

သူတို့ကို လှေထဲ ရောင်းမယ်တဲ့။ ထိုင်းငါးဖမ်းလှေထဲကို ရောင်းစားခံရလို့ကတော့ ပြန်လမ်းမရှိတော့ဘူးဆိုတာ ကျုပ် ကောင်းကောင်းသိတာပေါ့။ အဲဒီကတည်းက သူ့ရဲ့ အဘဆိုတဲ့ ပုဂ္ဂိုလ်ပြောတာ ကွက်တိမှန်နေသား။ ဒါပေမဲ့ ဇောကကပ်နေတော့ မစဉ်းစားမိခဲ့ဘူး။ ကျုပ်မိန်းမတော့ မေဒင်မေး နတ်မေးနဲ့ပေါ့။ လူမှောင်ခိုဂိုဏ်းက တောင်းတဲ့ ဘတ်(၈၀၀၀)ကို သူ့ဌေးက ပေးမယ် ပြောတယ်။ ဒါပေမဲ့ သူလှ သူ့ဆီရောက်မှ ပေးမှာ။ မိန်းကလေး နှစ်ယောက်ကိုတော့ ပြည့်တန်ဆာရုံ ပို့မယ်ဆိုတာနဲ့ ရွေးလိုက်တယ်။ မိန်းကလေးဆို သူတို့ဂိုဏ်းက သိပ်မလိုချင်ဘူးလေ။ သူနဲ့ တခြားလူငယ်တွေကတော့ မလွတ်သေးဘူး။ သူတို့ ဘတ်အကောင့်ထဲ ငွေရောက်မှ ပို့မယ်ဆိုတာနဲ့ အချေအတင်ဖြစ်နေကြတယ်။ ညှိရင်း ဘတ်နှစ်သောင်းခွဲအထိ ဈေးတက်သွားတယ်။ နှစ်ဖက်စလုံး မဖျော့ကြတော့လည်း နောက်ဆုံး ညှိမရဘဲ အားလုံး ငါးဖမ်းလှေကို ရောင်းစားခြင်း ခံလိုက်ရပါတော့တယ်။

ကျုပ်ကတော့ မေဒင်တွေ၊ နတ်တွေ၊ ပုဂ္ဂိုလ်တွေကို ယုံတဲ့ကောင်မဟုတ်တော့ မေးကိုမမေးတာ။ တစ်ဖက်နိုင်ငံမှာ ကယ်ဆယ်ရေးဆောင်ရွက်ပေးတဲ့ အဖွဲ့တွေ အများကြီး အကူအညီတောင်းတယ်။ အဆင်မပြေပါဘူး။ ကျုပ်က ထိုင်းစကားဆိုလို့ ဆာဝါဒီခပ် တစ်လုံးပဲရတာ။ သူတို့ကလည်း မင်္ဂလာပါ တစ်လုံးတည်း တတ်တာဆိုတော့ ဖုန်းထဲမှာ အဲဒီနှစ်လုံးနဲ့တင် ပတ်ချာဝတ်ဘော လည်နေတာနဲ့ အချိန်ကုန်တယ်။ ဗမာအဖွဲ့အစည်းတွေကျတော့လည်း ကုန်ကျငွေပေးနိုင်ရဲ့လားဆိုတာက အရင်လာတယ်။ စုံစမ်းပြီး အကြောင်းပြန်မယ် ဆိုတာနဲ့ပဲ နှစ်သိမ့်သွားတယ်။

တစ်နေ့ ကျုပ်မိတ်ဆွေ ဆိုင်ကယ်ကယ်ရီသမား ကိုသန်းဝင်း ရောက်လာတယ်။

'ခင်ဗျားသားကိစ္စ ဘာမှမပူနဲ့။ ကျုပ်အသိ အဘဆရာကြီး ရှိတယ်ဗျ။ အဲဒီပုဂ္ဂိုလ်ကြီးက ဒေါနတောင်တန်းပေါ်က နဂါးဗွက်တောင်မှာ အဓိဋ္ဌာန်ဝင်နေတယ်ဆိုပဲ။ ထမင်းချိုင့် နေ့စဉ်ပို့ဖို့ သူ့ကို ငွေကြေးအလုံအလောက် ပေးထားတော့ ဒေါနတောင်ပေါ် တစ်နေ့တစ်ခေါက် ထမင်းပို့ရုံနဲ့ သူ့အတွက် တစ်နေ့စာ ကယ်ရီခ

www.burmeseclassic.com

အိုကေပြီ။ ဒါကြောင့် ကျုပ်ကို ဆွယ်နေတာပဲပေါ့'

'နေပါစေဗျာ။ ကျုပ်ဟာကျုပ် လုပ်ပါ့မယ်။ သူက ဘာတတ်နိုင်မှာမို့လဲ'

ကျုပ်က စိတ်မဝင်စားလို့ ငြင်းနေတာတောင် ကိုသန်းဝင်းက မလျှော့ဘူး။ အဲဒီပုဂ္ဂိုလ်ကြီးဆီ ကျုပ်ကို အတင်းခေါ်သွားတယ်။ ခရီးက ကြမ်းပါဘိ။ ဆင်းလိုက် တက်လိုက်နဲ့ ဆိုင်ကယ်နဲ့ သွားရတာတောင် တစ်နာရီကျော် မောင်းရတယ်။ ဟိုရောက်တော့ တဲလေးတစ်တဲမှာ အဘဆိုတဲ့လူကြီးနဲ့ အခန့်သင့်တွေ့ရတယ်။ ကိုသန်းဝင်းက အကျိုးအကြောင်း ပြောပြလိုက်တယ်။ အဘဆိုတဲ့ ပုဂ္ဂိုလ်က ခန့်ခန့်ညားညား ရှိပါပေရဲ့။ ကျုပ်ကတော့ သိပ်စိတ်မပါဘူး။ ဖြစ်နိုင်ရင် ဒီနေရာကတောင် ထပြန်ချင်စိတ် ပေါက်နေတယ်။

'ကျုပ်ဆီလာတာကို ကာယကံရှင်ကတော့ သိပ်စိတ်ပါပုံမရဘူး ထင်ပါရဲ့'

ကျုပ်စိတ်ထဲမှာ ဖြစ်နေတာကို အဘက ဘွင်းဘွင်းကြီးပြောချလိုက်တော့ ကျုပ်လည်း နေရထိုင်ရ ခက်သွားတယ်။ အမှန်အတိုင်း ပြန်ပြောလိုက်ရင် ကျုပ်ရိုင်းရာကျမှာမို့ အားတုံ့အားနာနဲ့ ပြန်ဖြေလိုက်ရတယ်။

'မဟုတ်ပါဘူး အဘ။ ယုံပါတယ်'လို့ ပြန်ပြောလိုက်တော့ အဘက ပြုံးနေတယ်။ သူပြုံးနေလေ ကျုပ်အနေရ ခက်လေပါပဲ။

'ဘာပဲဖြစ်ဖြစ် မောင်ရင်နဲ့ကျုပ်က အရင်ဘဝတွေက ပဋ္ဌာန်းဆက်တွေဆိုတော့ ကျုပ်ကူညီရမှာပေါ့'

'ခင်ဗျာ..ဘယ်လို'

ကျုပ်စကားမဆုံးခင် အဘက–

'လောကမှာ ဆွေမျိုးမတော်ဖူးတဲ့သူရယ်လို့ မရှိပါဘူးကွယ်။ လူလေး လာမယ်ဆိုတာ အဘက သိနှင့်ပြီးသား'

'သိမှာပေါ့၊ ကိုသန်းဝင်း ကြိုပြောထားတာကိုး'ဟု စိတ်ထဲမှပင် ကြိတ်ပြောလိုက်သည်။

'ကိုသန်းဝင်းက ကျုပ်ကို ဘာမှကြိုမပြောထားပါဘူး။ လူလေး ထင်လို့ပါ'

အဘ ပြန်ပြောလိုက်တဲ့ စကားကြောင့် ကျုပ်မျက်နှာ မထားတတ်အောင် ဖြစ်သွားတယ်။

'မောင်ရင့်အဘွားက ထိုင်းလူမျိုး မဟုတ်လား။ ချင်းမိုင်ဘက်ကပဲ။ အဘိုးက မြန်မာ၊ ပန်းတနော်သား။ အင်္ဂလိပ်ခေတ်ကတည်းက ဟိုမှာ ပန်းထိမ်သွားလုပ်ရင်း အကြောင်းပါခဲ့ကြတာ။ နောက်တော့ မြန်မာပြည်ကို ရောက်လာကြတာ။ ပဋ္ဌာန်းဆက်တွေပေါ့'

အဘိုးနဲ့ အဘွားကို ကျုပ်မတွေ့ဖူးပေမယ့် မိဘတွေ ပြောပြတာ ကြားဖူးတယ်။ အဘပြောတဲ့အတိုင်းပါပဲ။ ကျုပ်အဘွားနာမည်ကိုက ဒေါ်ရှမ်းမတဲ့။ မော်လမြိုင် ဒိုင်းဝန်ကွင်း၊ သရက်ချောင်ရပ်ကွက်မှာ နေတာ။ အဘိုး ဦးသာဒွန်းအောင်က သူကြီးပေါ့။ အဘွားက မြန်မာစကားတောင် ကောင်းကောင်းမတတ်ဘူး။ အဘိုးနဲ့က ယိုးဒယားစကားပဲ ပြောတယ်။ မော်လမြိုင်၊ ဝါးတန်းရပ်မှာ အဲဒီတုန်းက ယိုးဒယားလူမျိုးတွေရှိတော့ အဲဒီကိုသွားသွားလည်ပြီး စကားပြောလေ့ရှိတယ်။ မသေခင် ယိုးဒယားမှာရှိတဲ့ သူ့ဆွေမျိုးတွေနဲ့ အဆက်အသွယ်ရတယ်တဲ့။ သူ့ဖခင်က အမွေခွဲပေးဖို့ခေါ်သတဲ့။ ဆင်တွေဘာတွေတောင် ပိုင်တယ်လို့ ပြောသံကြားတယ်။ အဲဒီတုန်းက လမ်းပန်းဆက်သွယ်ရေးက မကောင်းတော့ မသွားနိုင်ခဲ့ပါဘူး။ ချင်းမိုင်ဆိုတာ ဇင်းမယ်ကို ပြောတာပါ။

'မင်းတို့ ငါတို့တစ်တွေဟာ ဇင်းမယ်မယ်တော်ရဲ့ အနွယ်တော်တွေပဲကွယ့်'

'အဲဒါတော့ မသိဘူး အဘ။ ကျွန်တော်က မြန်မာလူမျိုးပါ'

'အဲဒါကြောင့် ပြောတာပေါ့၊ လူတိုင်းဟာ အတိတ်က ဆွေမျိုးမတော်စပ်ခဲ့ရဖူးတဲ့သူ မရှိဘူးကွယ့်။ လူလေးက မြန်မာပေမယ့် အမေရိကန်က လူနဲ့လည်း အတိတ်က ဆွေမျိုးတွေ မဖြစ်နိုင်ဘူးလို့ ပြောနိုင်လို့လား။ မိမိကိုယ်တိုင်ကရော ဘယ်ကလာလို့ ဘယ်တို့သွားကြမယ်၊ ဘယ်တော့သွားမယ်ဆိုတာ သိကြလို့လား'

'မသိပါဘူး အဘ'

'အခု မော်လမြိုင်လို့ခေါ်တဲ့ ကရဏ္ဍတိုင်း သုဘဏ္ဍရာမပူရမြို့ကို တည်ထောင်တဲ့ မွတ်ပိရာဇာမင်းရဲ့ ဘုန်းတန်ခိုး အာဏာစက်ကို မလွန်ဆန်နိုင်တဲ့အတွက် ဟရိဘုဉ္စတိုင်း ဇင်းမယ်မင်းက သမီးကညာ ဆက်ရတယ်။ ဆက်သာ ဆက်ရတယ်၊ မလွန်ဆန်နိုင်လို့ ဆက်ရတာဆိုတော့ အဆင်းအင်္ဂါလက္ခဏာနဲ့ပြည့်စုံတဲ့ ကျွန်မင်းယ်တစ်ယောက်ကို သမီးအဖြစ် အစားထိုးပြီး ဆက်တယ်။ မင်းသမီးကို



www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးဟာ အလွန်မြတ်နိုးတော်မူတယ်။ မင်းသမီးဟာ လောကီပညာလည်း တတ်ကျွမ်းတော့ ဇင်းမယ်မင်းက ဘုန်းတန်ခိုးကြီးတဲ့ မွတ်ပီရာဇာရဲ့ လက်အောက်မခံချင်တာနဲ့ မင်းကြီးကို ဘုန်းနိမ့်အောင် မိန်းမမာယာနဲ့ လုပ်ဖို့ အတွင်းစကား မှာကြားလိုက်တယ်။ မင်းသမီးက လောကီအစီအရင်တွေနဲ့ ဘုန်းနိမ့်အောင် စီရင်တဲ့အတွက် ဘုန်းတန်ခိုးနိမ့်ကျပြီး အပြည်ပြည်မင်းတွေက မခန့်ညား မလေးစားကြတော့ဘဲ လက်ဆောင်ပဏ္ဏာ မဆက်ဘဲ ပုန်ကန်ကြတယ်။

'အဲဒါ ဒွတ်တပေါင်မင်း မဟုတ်လား အဘ'

'မဟုတ်ဘူး၊ အကြောင်းအရာချင်း ဆင်တူပေမယ့် မွတ်ပီရာဇာက ဘုရားရှင်မပွင့်မီ နှစ်ပေါင်း(၁၀၀)ကျော်က ဒွတ်တပေါင်မင်းက ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး သာသနာသက္ကရာဇ်(၁၀၁)ခုနှစ်ဆိုတော့ နှစ်ပေါင်း(၃၀၀)လောက် ကွာပါတယ်။ မွတ်ပီရာဇာမင်း အနိစ္စရောက်ပြီး သားတော် တိသရာဇာ လက်ထက်မှာ ဇင်းမယ်မင်းသမီးလည်း ဇင်းမယ်ကို ပြန်သွားပြီး သာသနာပြုရင်း ပျောက်မွေ့နေတယ်။ အနိစ္စရောက်ပြီးနောက်ပိုင်း ဇင်းမယ်သားတွေက ဇင်းမယ် မယ်တော်ဆိုပြီး ယုံကြည်ပ,သပူဇော်ကြတယ်။ ဒီတော့ ငါတို့နဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ မယ်တော်ကို မြဝတီအဘိုးကတစ်ဆင့် ဆက်သွယ်ပြီး အကူအညီတောင်းရလိမ့်မယ်။ သူက စောင့်ရှောက်မှာပါ'

အဘပြောတဲ့ ကျုပ်အသွားနဲ့ ပတ်သက်တာကိုတော့ ကျုပ်လက်ခံပါတယ်။ ဇင်းမယ်မယ်တော် ဆိုတာကတော့ ကျုပ်လည်း မကြားဖူးဘူး။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လုပ်ကြည့်တာ မမှားဘူးဆိုတဲ့ ဆုံးဖြတ်ချက်နှင့် ကျုပ်လည်း လက်ခံလိုက်ပါတယ်။

◆◆◆

ဒီနေရာမှာ ကျုပ်သား ရန်နောင်စိုးနှင့် လူငယ်(၁၅)ဦး အကြောင်း အနည်းငယ် ရှင်းပြထားဖို့လိုမယ်။ သူတို့ကို ထိုင်းနိုင်ငံ၊ ချုံ့ပူရီခရိုင်၊ ဆမူပက်ကာဆိပ်ကမ်းက အိမ်ကြီးတစ်လုံးမှာ အစောင့်အရှောက်တွေနှင့် ထားတယ်။ သူတို့ရှိနေတဲ့ ဆိပ်ကမ်းနယ်မြေမှာ ငါးဖမ်းလှေတွေ ဆိုက်ကပ်တယ်။ အဲဒီကို တိုင်းပုလိပ်တွေ မလာဘူး။ လူဆိုးလူမိုက်တွေရဲ့ လွတ်လပ်နယ်မြေပါပဲ။ လုပ်ငန်းရှင်တွေက ပုလိပ်ကို ဆက်ကြေးပေးပြီး စားသောက်ဆိုင်တွေ၊ လောင်းကစားရုံတွေ၊ အနှိပ်ခန်း၊ ပြည့်တန်ဆာခန်းတွေ ဖွင့်ထားကြတယ်။ ပင်လယ်ပျော် လှေလုပ်သားတွေရဲ့ လုပ်အားခတွေကို အဲဒီနေရာတွေက သုံ့ယူနေကြတယ်။ ရှုတ်ရှုတ်လုပ်ရင် လူမိုက်တွေ လက်ချက်နဲ့ ပွဲပြီးသွားမယ်။ မနက်ဖြန် သူတို့ကို လှေထဲကို ပို့တော့မှာပါ။

နောက်တစ်နေ့ အဘဆီရောက်တော့ အဘက အဆင်သင့် စောင့်နေတယ်။

'ညကပဲ လူလေးရဲ့သားကိစ္စကို မြဝတီအဘိုးကို အပ်လိုက်တယ်။ အဘိုးက မဲဆောက်က အဘယောက်ကို ဆက်သွယ်ပြီး ဆိုင်ရာနတ်တွေကို စောင့်ရှောက်ဖို့ ခိုင်းလိုက်ပြီ'

'နတ်တွေလည်း လူတွေလိုပဲလား အဘ။ အဆင့်ဆင့် လုပ်ရတာပဲလား'

'လုပ်ရတာပေါ့။ နတ်တွေမှာလည်း သူ့နယ်မြေ ပိုင်ရာဆိုင်ရာ အကြီးအကဲတွေရှိတယ်။ နိုင်ငံခြားဆိုတော့ လူတွေလိုပေါ့။ ဗီဇာမပါရင် ရလို့လား။ သွားချင်တိုင်းသွားလို့ မရဘူး။ ဒါပေမဲ့ ဒီဘက်ကနတ်တွေက ဟိုဘက်က နတ်တွေထက် ပိုတန်ခိုးကြီးတယ်'

'ဒါဆို အဆင့်ဆင့်နဲ့ ကြာဦးမှာလား အဘ'

'လူတွေလို စာရွက်စာတမ်း မလိုဘူးလေ။ လှေစီးကားစီးစရာ မလိုဘူး။ မြဝတီအဘိုးက အလိုရှိတာနဲ့ သူတို့ သိပြီးသား။ တစ်ဖက်က လုပ်ငန်းရှင်တွေကလည်း သူတို့ အကျိုးစီးပွား ကာကွယ်ဖို့ ဆရာကောင်းတွေနဲ့ အစောင့်အရှောက်ကောင်းတွေနဲ့ စီမံထားတာဆိုတော့ လွယ်လွယ်နဲ့ မရဘူးကွယ့်။ ဒီကိစ္စက တိုက်ပွဲတစ်ပွဲ တိုက်ရသလိုပဲ။ ရန်သူစခန်းက လုံခြုံရေးအစီအမံတွေ ကြိုတင်လုပ်ထားရင် လွယ်လွယ်နဲ့ သိမ်းမရသလိုပေါ့။ ဒါပေမဲ့ စိတ်တော့ မလောပါနဲ့။ သူ့ကို အန္တရာယ်မဖြစ်အောင် ဆိုင်ရာပုဂ္ဂိုလ်တွေက ကာကွယ်စောင့်ရှောက်လိမ့်မယ်။ အလွန်ဆုံး တစ်လအတွင်း ပြန်ရောက်လာမှာပါ'

တစ်လဆိုတဲ့အချိန်က ကြာလွန်းသည်။ တန်ခိုးရှင်တွေဆိုပြီး ချက်ချင်းမကယ်ထုတ်နိုင်ရကောင်းလားဟု ကျွန်ုပ် အပြစ်တင်မိသည်။ အဘဆိုသူမှာလည်း အဝါးညာစားသမား ဖြစ်မည်ဟု မှတ်ချက်ချကာ ကျုပ် စိတ်ပျက်စွာ အိမ်ပြန်ခဲ့ပါတယ်။

'တစ်လအတွင်း ထူးခြားမှာပါဗျ။ အဘကို ယုံစမ်း



www.burmeseclassic.com

www.burmeseclassic.com

ပါ'

ကိုသန်းဝင်းက စိတ်အတ်မကျအောင် ပြောပေမယ့် ကျုပ်ကတော့ အယုံအကြည် မရှိတော့ပါဘူး။ ဒါကြောင့် ကျုပ်လည်း အဘဆီ ထပ်မသွားတော့ဘူး။

တစ်နေ့ကတော့ သူ့ဒွေးက ရွေးပေးလိုက်လို့ လွတ်မြောက်လာ၏။ ချေးမချောက ကျုပ်ဆီ ဖုန်းဆက်တယ်။ ရန်နောင်စိုးမှ မက်ဆေ့(ချ်)ပို့ကြောင်း၊ အန္တရာယ်ကင်းကြောင်း၊ လှေသူကြီးမှာ မွန်လူမျိုး ပွဲနင်းကြီး မြင့်ဦးဖြစ်ကြောင်း ဖုန်းနံပါတ်ပါ ပေးလိုက်သည်။ ထိုင်းနိုင်ငံအခြေစိုက်အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ဘာမှမလုပ်ပါနဲ့။ သူ အနေကျပ်မည်ဖြစ်ကြောင်း ပြောပါတယ်။ အဲဒီအချိန်မှာပဲ မဲဆောက်မှာနေတဲ့ ကျုပ်မိတ်ဆွေ ကိုငွေစိုးနဲ့ မနွယ်တို့ လင်မယား ရောက်လာပါတယ်။

'အတော်ပဲကွာ၊ မင်းတို့က မွန်လူမျိုးဆိုတော့ ဟောဒီ ကိုမြင့်ဦး ဆိုတဲ့သူနဲ့ ဆက်သွယ်စကားပြောကြည့်ကြကွာ'

ကျုပ်က အကြောင်းစုံရှင်းပြပြီး အကူအညီတောင်းတော့ သူတို့က ဖုန်းဆက်ပေးပါတယ်။ ရန်နောင်စိုး ရောက်,မရောက်၊ ရောက်နေလျှင် သူတို့မောင်ဖြစ်၍ ကူညီစောင့်ရှောက် အကြောင်းကြားပေးဖို့ဖြစ်သည်။ ကိုမြင့်ဦးကလည်း (မရှိကြောင်း၊ ရှိသော်လည်း မရှိဟု ငြင်းဆိုသည်) မွန်အမျိုးသားချင်းဖြစ်၍ ရောက်လျှင် စောင့်ရှောက်ပါမည်ဟု ပြောသည်၊ တစ်နိုင်ငံဆီ ခြားနေသမျှ မည်သူမျှ ဘာမှတတ်နိုင်မည်မဟုတ်။ ထို့ကြောင့် သဗ္ဗေသတ္တာ ကမ္မသကာဟုသာ သဘောထားလိုက်ပါတော့တယ်။

◆◆◆



ထိုင်းနိုင်ငံ ဆမူပက်ကာဆိပ်ကမ်းသည် စည်ကားလှသည်။ လှေသားအသစ်များဖြစ်၍ သူတို့ဆိပ်ကမ်းသို့ ဆင်းခွင့်မရ။ သူတို့ကို စောင့်ကြပ်နေသော အစောင့်များရှိသည့်အတွက် ထွက်ပြေးဖို့ စိတ်မကူးဝံ့။ အခန့်မသင့်လျှင် ထုရိုက်ခံရရုံမက သတ်ပစ်နိုင်သည်။ ရန်နောင်စိုးတစ်ယောက်သာ ထိုင်းဘာသာစကားကို ပြောတတ်သဖြင့် အနေအစား ချောင်သည်။ ရန်နောင်စိုးသည် လှေသားထမင်းချက်ကြီး ဦးရခိုင်နှင့် ခင်မင်သဖြင့် ဝိုင်းဝန်းကူညီရင်း ဖုန်းအသုံးပြုခွင့်ရသည်။ ဇနီးဖြစ်သူထံ မက်ဆေ့(ချ်) ပို့ပေးနိုင်ခြင်းသည် သူ့အတွက် ကံကောင်းခြင်းပင် ဖြစ်သည်။ မနွယ်တို့ လင်မယားထံမှ ဖုန်းဆက်သွယ် အကူအညီတောင်းမှုကြောင့် လှေပွဲနင်း ကိုမြင့်ဦးက ခေါ်မေးသည်။

'မင်း မွန်လူမျိုး မဟုတ်ဘူးလား'

'ဟင့်အင်း'

'မညာနဲ့၊ မင်းအစ်ကိုနဲ့ မင်းအစ်မ ငါ့ကို မိတ်ဆက်ပြီးပြီ။ ငါလည်း မင်းတို့လို ဘီလူးကျွန်း၊ ချောင်းဆုံနယ်သားပဲကွ။ ငါ မင်းကို ကူညီမှာပါ။ နောက်တော့ ကုန်းပေါ်က စက်ရုံတွေမှာ အလုပ်သွင်းပေးမယ်။ ပြေးတော့ မပြေးနဲ့၊ အန္တရာယ်များတယ်'

ကိုမြင့်ဦးစကားကို သူ ခန့်မှန်းကြည့်သည်။ မနွယ်တို့ ဖုန်းဆက်မှန်းမသိ၍ ခန့်မှန်း၍မရသေး။ သူက ရှမ်းစကားတတ်သူဖြစ်၍ ကုန်းပေါ်က လုပ်ငန်းရှင်တွေဆီ ပြန်ရောင်းစားလျှင် ဈေးကောင်းရနိုင်သည်။ ထို့ကြောင့် အချိုသတ်နေခြင်း ဖြစ်တန်ရာသည်။ အချို့ဆို ပင်လယ်ထဲမှာပင်, လှေတစ်စင်းမှတစ်စင်း အဆင့်ဆင့် ရောင်းစားခံရ၍ ပင်လယ်ထဲမှ ပြန်မလာနိုင်တော့။ ထို့ကြောင့်ပင် အနေအစား ချောင်ဖို့ အလိုက်အထိုက်ပင် နေလိုက်သည်။ အခွင့်အရေးရလျှင် ပြေးဖို့တော့ သူဆုံးဖြတ်ပြီးသား ဖြစ်လေသည်။

ယနေ့ လှေထွက်မည်ဟု ကိုမြင့်ဦးက ပြောသည်။ လှေသားတွေအားလုံး ပင်လယ်ထွက်ရန် ပြင်ဆင်နေကြသည်။ သို့သော် အချိန်သာ ကုန်သွားသည်။ လှေမထွက်နိုင်သေး။ စက်ပျက်နေသည်ဟု သိရသည်။ ပွဲတွေပေး၍ စက်ပြင်နေကြရ၍ သုံးရက်ကြာမှ စက်ပြန်ကောင်းသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

'အင်ဂျင်က အကောင်းကြီး၊ ဘယ်ကပျက်လို့ ပျက်မှန်းမသိဘူး။ ပွဲတင်လိုက်ကြတော့လည်း ဟုတ်သား။ အားလုံး အမှားအယွင်း မရှိကြစေနဲ့ဟော့'

ဤသို့ဖြင့် လှေကြီးသည် ပင်လယ်ပြင်သို့ ထွက်လာပြီးဖြစ်သည်။ သူသည် သမ္မုဒ္ဒေဂါထာကို မပြတ်ရွတ်နေမိသည်။ ပင်လယ်ထဲတွင် ဘယ်လောက်ကြာဦးမည် သူမသိ။ ဖမ်းချိရရှိသော ငါးများကို ရိက္ခာပို့ မော်တော်ငယ်များက လာသယ်သည်။ ဆယ်ရက်လောက်သာ ဖမ်းရသေးသည်။ ကမ်းပြန်ကပ်ရမည့်အခြေအနေ ဖြစ်လာပြန်သည်။

'မိုးလေဝသအထူးသတင်း ကြေညာတယ်ဟေ့။ နောက်လေးဆယ့်ရှစ်နာရီအတွင်း ပင်လယ်ပြင်မှာ မုန်တိုင်းရှိတယ်တဲ့။ တို့ အနီးဆုံးဆိပ်ကမ်းကို ဝင်ကပ်ကြရမယ်'

သူတို့လှေ မုန်တိုင်းခိုရန် အနီးဆုံးဆိပ်ကမ်းတစ်ခုသို့ ဝင်ကပ်ရပြန်သည်။ တစ်ပတ်ခန့်ကြာမှ ငါးဖမ်းလုပ်ကွက်သို့ ပြန်ထွက်ပြန်သည်။ လုပ်ကွက်တွင် ငါးရက်ခန့်သာကြာသည်။

'အင်ဂျင်က အခြေအနေမကောင်းဘူး။ ခဏ,ခဏ ပျက်နေတယ်။ ဘာဖြစ်မှန်းလည်း မသိဘူး။ သူဌေးကို ပြောပြီး ပြင်ဆင်ရဦးမယ်'

ဤသို့ဖြင့် စက်လှေကို ကမ်းသို့ ပြန်ခုတ်မောင်းခဲ့ကာ အကြီးစားပြင်ဆင်မှုတွေ လုပ်ရလေတော့သည်။

◆◆◆

သားဖြစ်သူ၏သတင်း နောက်ထပ် ဘာမှမကြားရတော့သဖြင့် မေမေ့ပျောက်ပျောက်ပင် နေလိုက်သည်။ ကိုသန်းဝင်းကတော့ အဘလုပ်ပေးထားပါတယ်။ တစ်လပြည့်တော့ ထူးခြားလာမှာလို့ အားပေးပေမယ့် ကျုပ် စိတ်မဝင်စားတော့ပါဘူး။ ကိုသန်းဝင်းကတော့ နေ့တိုင်း ထမင်းချိုင့်ပို့ရင်း အဘဆီရောက်လို့ ပြောပါတယ်။

ဒီလိုနဲ့ တစ်နေ့ နေ့လယ်ခင်းကြီး ကျုပ် အိပ်ပျော်သွားတယ်။ အိပ်ပျော်နေတုန်း အိပ်မက်တစ်ခု မက်နေတယ်ဗျ။ အိပ်မက်ထဲမှာ ဝါဝါထိန်ထိန် သင်္ကန်းဝတ်ထားတဲ့ ယိုးဒယားဘုန်းတော်ကြီး တစ်ပါးဟာ အထုပ်အပိုးတွေ ထမ်းပြီး ကျုပ်အိမ်ရှေ့မှာ ရပ်နေတယ်။ ပြီးတော့ အိမ်ရှေ့ ကပြင်ပေါ်ကို အထုပ်အပိုးတွေကို ပစ်ချလိုက်တယ်။

ဒါကြောင့် ကျုပ်ကလည်း 'ဘယ်က ကြွလာတာလဲဘုရား' လို့ မေးလိုက်တယ်။

ဘုန်းတော်ကြီးက ကျုပ်ကို ယိုးဒယားစကားတွေနဲ့ ပြောတယ်။ အဲ--အိပ်မက်ထဲမှာတော့ ကျုပ်ဟာ ဘုန်းကြီး ပြောတဲ့ ယိုးဒယားစကားကို နားလည်နေပြန်ရောဗျ။

ဘုန်းကြီး ပြောတာက-

'ငါ ရန်နောင်စိုးကို လာပြန်ပို့တာကွယ့်'

'အခု သူ ဘယ်မှာလဲ'

'နောက်မှာ လိုက်လာနေပြီ။ ငါလည်း အချိန်မရဘူး။ ပြန်တော့မယ်။ ငါ့တာဝန်ပြီးပြီ၊ သွားပြီဟေ့'

အိပ်မက်ထဲမှာ ထူးဆန်းတာက ဘုန်းကြီးနှင့်ကျုပ် စကားပြောအဆင်ကိုပြေလို့ပါပဲ။ ကျုပ် မြန်မာစကားနဲ့ ပြောတာကို သူလည်း နားလည်ဟန်လို သူပြောတဲ့ ထိုင်းစကားကိုလည်း ဘာသာပြန်မလိုဘဲ ကျုပ်သိနေတာပါပဲ။

ထိုင်းဘုန်းတော်ကြီး ထွက်သွားပြီးတဲ့နောက်မှာပဲ ကျုပ်ခြံဝကို ရန်နောင်စိုး ရောက်လာတာတွေ့တာပဲ။ အဲဒီအချိန်မှာပဲ ကျုပ်ခေါင်းရင်းက လက်ကိုင်ဖုန်းမြည်သံကြောင့် ကျုပ်လည်း လန့်နိုးသွားတော့တာပဲ။

'ဟယ်လို--ဘယ်သူလဲ'

'သားပါ အဖေ၊ သား ထွက်ပြေးလာပြီ။ အခု ဘန်ကောက်က သူဌေးဆီ ပြန်ရောက်နေပါပြီ။ အခုမှ အိပ်ရာက နိုးနိုးချင်း ဖုန်းဆက်ရတာပါ'

'ဟေ--မင်းက ဘယ်လိုလုပ်ပြီး ပြန်ရောက်လာတာလဲကွ။ တိုက်ဆိုင်လိုက်တာကွာ။ ခုပဲ ငါအိပ်မက်,မက်နေတာ'

'ဒီလို အဖေရဲ့'

◆◆◆

ထိုနေ့က လှေကို အကြီးစားပြင်ဆင်နေရသဖြင့် ဘာအလုပ်မှ မည်မည်ရရ မရှိကြ။ တစ်လခန့် ကြာဦးမည်။ ကုန်းပေါ်သို့မူ တက်ခွင့်မရကြသေး။ တက်ခွင့်ရသူတွေက ကုန်းပေါ်တက်ကာ ပျော်ကြပါးကြ စားကြသောက်ကြနဲ့ အလျှိုလျှိုထွက်သွားကြသည်။ လှေထဲတွင် ထမင်းချက် ရခိုင်ကြီးနှင့် သူတို့သာ ရှိသည်။

ထိုအချိန်တွင် ဦးရခိုင်ကြီးက သူ့အား-

'မပြောမရှိနဲ့နော်။ ဒီနေ့လောက် အခွင့်အရေးကောင်း



www.burmeseclassic.com

www.burmeseclassic.com

မျိုး နောက်မရနိုင်တော့ဘူး။ ဟိုကောင်တွေ တစ်ယောက်မှ မရှိကြဘူး။ စိတ်ကူးမလွဲနဲ့။ ဒီနေ့မှ မပြေးရင် နောက်ပြေးဖို့ မလွယ်တော့ဘူးကွ'

'ဒါဆို ကျွန်တော်ပြေးမယ်ဗျာ။ ဦးရခိုင်ကို သူတို့ ပြဿနာရှာမှာစိုးလို့ပါ'

'ငါ့ကို ပြဿနာရှာလို့မရဘူး။ မင်းတို့ကို စောင့်ကြည့်ဖို့ ငါ့မှာ တာဝန်မရှိဘူး။ ငါက ထမင်းချက်ကွ။ မင်းတို့ကို သားသမီးချင်း ကိုယ်ချင်းစာလို့ ပြောတာ'

'နည်းနည်းပါးပါး လမ်းပြပါဦး ဦးရခိုင်ရ'

'ဒီကနေ ဟန်မပျက် လှေပေါ်ကဆင်းသွား၊ တွေ့ရင်လည်း တစ်ခုခုသွားဝယ်မလို့လို့ ပြောသွားပေါ့ကွာ။ ကားလမ်းမကြီးကိုရောက်အောင်သွား။ အဲဒီအထိ သူတို့မလိုက်ရဲဘူး။ ပုလိပ်ဖမ်းရင်လည်း ထောင်(၄၅)ရက် အကျခံလိုက်။ ပြန်လွှတ်ရင် မင်းတို့ကို မြဝတီပြန်ပို့မှာပဲ။ တချို့ ပုလိပ်ကို သတိထား။ ဖမ်းပြီး ဒီကို ပြန်ပို့တတ်တယ်။ တက္ကစီသမားတွေကိုလည်း သတိထား။ ဘန်ကောက်ကို သွားမယ်ဆိုရင် တစ်ခါတည်း ကားငှားပြီး လစ်ပေတော့။ ဈေးမဆစ်နဲ့။ ကဲ..သွားမယ်ဆို မြန်မြန်လစ်ကြ။ ရော့.. လိုရမည်ရ ဘတ်တစ်ထောင် ယူသွား'

ရခိုင်ကြီးကို ကန်တော့ပြီး သူနဲ့အတူ အဖမ်းခံရသူများကိုပါ မေးလိုက်သည်။ ဖမ်းမိလျှင် အသတ်ခံရမည်ကိုကြောက်၍ မည်သူမှ အဖြေမပေးရဲကြ။

ထို့ကြောင့် တစ်ဦးတည်း ထွက်ပြေးဖို့ ဆင်းလာစဉ်-

'အစ်ကို..ကျွန်တော်လည်း လိုက်မယ်ဗျ'

သူနောက်မှ လူငယ်တစ်ဦးလည်း ပြေးလိုက်လာသဖြင့် အဖော်ရသွားသည်။ ဘောတံတားထိပ်တွင် အစောင့်နှစ်ဦးနှင့်တွေ့သည်။ ဘယ်ကိုလဲဟု သူတို့က မေးသည်။ ဆေးလိပ်ဝယ်မည်ဟုဆိုကာ ထွက်ခဲ့သည်။ သူတို့ကို ဘာမှမပြောဘဲ ကြည့်နေကြသည်။

'အစ်ကို..ဟိုလူတွေ လှမ်းခေါ်နေတယ်'

'ခေါ်ပါစေကွာ။ လိုက်လာရင် ခံတီးပြီး ကားလမ်းကို အရောက်သွားကြမယ်။ သူတို့မှာ သေနတ်မပါဘူးထင်တယ်။ ဆက်သွား'

နောက်ကလည်း လိုက်မလာသဖြင့် ကားလမ်းပေါ် အရောက်ပြေးကြသည်။ ကားလမ်းမပေါ်ရောက်မှ ဟီးချနိုင်ကြသည်။ ကားလမ်းမကြီးပေါ်တွင် ကားတွေ ဥဒဟို သွားနေကြသည်။ ကားတစ်စီးကို သူတို့ လှမ်းတားပြီး ဈေးစကားပြောကာ သူ့၏ ဖုန်းနှင့်ပင် သူဌေးနှင့် စကားပေးပြောလိုက်သည်။ ကားသမားလည်း သူဌေးရှိမှန်း သိသွားသည့်အတွက် သူဌေးအိမ်သို့သာ အရောက်ပို့ပေးလိုက်သောကြောင့် လှေလုပ်သားဘဝမှ လွတ်မြောက်ခဲ့ရလေတော့သည်။

◆◆◆

သားတော်မောင် လွတ်မြောက်လာကြောင်း ကြားရသဖြင့် ကျုပ်လည်း စိတ်အေးရလေပြီ။ အဲဒီအခါမှ လွန်ခဲ့တဲ့နှစ်ရက်က ကိုသန်းဝင်း ပြောပြသည်ကို သွားသတိရမိတယ်။

'အဘက ပြောလိုက်တယ်။ နှစ်ရက်အတွင်း ထူးခြားမယ်။ ဘာမှမပူနဲ့တဲ့ဗျ'

အဲဒီတုန်းက ကျုပ်က ပြောလိုက်သေးတယ်။

'ထူးခြား မထူးခြား ကျွန်တော်စိတ်မဝင်စားဘူး။ သူတို့ မတတ်နိုင်ရင် ဒီလိုပဲ ပြောကြတာပဲ။ နောက်မှ ဘာဖြစ်လို့ ညာဖြစ်လို့နဲ့ လျှော့သွားရော'

ယခုတော့ အဘစကား ကွက်တိမှန်နေပြန်ရောလား။ အစောင့်အရှောက်တွေက သူတို့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကူညီဖန်တီးပေးလိုက်သလိုပါပဲ။ ပြီးတော့ ကျုပ်ရဲ့အိပ်မက်ကို ပြန်စဉ်းစားရင်း အဘကို ပြစ်မှားမိသည်ကိုပင် နောင်တကြီးစွာရမိသည်။

ထို့ကြောင့် ကိုသန်းဝင်းကိုခေါ်ကာ အဘကို တောင်းပန်ဖို့ ထွက်ခဲ့ကြတယ်။ အဘရဲ့ တဲကိုရောက်တော့ အဘကို လုံးဝရှာမတွေ့တော့ဘူး။ အနီးအနားမှာ လိုက်ရှာသော်လည်း မတွေ့တော့ သေချာပါတယ်။ အဘဟာ ဘယ်သူ့ကိုမှ အသိမပေးဘဲ တစ်နေရာရာကို ထွက်သွားပါပြီ။ အဲဒီကတည်းကစပြီး အဘကို ကျုပ် မတွေ့ရတော့ပါဘူး။

သားဖြစ်သူ ပြန်ရောက်လာတော့ သားက သူ၏ အဘကို ဖုန်းဖြင့် ဓာတ်ပုံရိုက်ထားခဲ့ဖူးကြောင်း ပြော သဖြင့် သူ၏ဖုန်းတွင် ရှာကြည့်ရာ ဓာတ်ပုံထဲက အဘ ဆိုသူမှာ ကျွန်တော်၏ အဘပင် ဖြစ်နေသည်ကို အံ့ဩ စွာ တွေ့လိုက်ရတဲ့အတွက် ဪ..ပုဂ္ဂိုလ်ဆိုတာ ဒီလိုများ လားဟု မှတ်ချက်ချလိုက်မိလေသတည်း။

သျှင်ရဲထွန်း(ဇေ

www.burmeseclassic.com

www.burmeseclassic.com



# သူယောင်ဂမုန်းရှင်နှင့် တွေ့သူ

## စိုးယဉ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

ဘုရားခန်းတွင် အဘိုး၏ ဘုရားရှိခိုးသံ ရွတ်ပွားပူဇော်သံများနှင့် မေတ္တာပို့သံတို့က ကြည်လင်ပြတ်သား၍ ကြားရသူမှာ ရှင်းလင်းစွာသိနိုင်သည်။ ဒါပေမဲ့ အဓိပ္ပာယ်ကိုတော့ သိကြမှာ မဟုတ်ပါ။ အဘိုးက ဘုရားရှိခိုးပြီး ပရိတ်ပဋ္ဌာန်းများ၊ ဂါထာများ၊ မေတ္တာပို့ခြင်းများကို နေ့စဉ်နံနက်လေးနာရီတွင် အိပ်ရာနိုးထ ပြုလုပ်နေကျဖြစ်သည်။ သို့သော် အဘိုးတစ်ယောက် ခရီးထွက်လျှင်တော့ ဘုရားရှိခိုးသံလည်းမကြားရ၊ မေတ္တာပို့သံလည်း မကြားရအောင် သည်အိမ်ကလေးက တိတ်ဆိတ်ငြိမ်သက်နေသည်။ ဒါကိုတော့ ရွှေဘုန်းက သိနေသည်။ ခြံဝင်လိုက်သည်နှင့် အဘိုး၏ ဘုရားခန်းထဲမှ ရွတ်ပွားသံ၊ ရွတ်ဆိုသံများက ဝေစည်၍ ကြားလိုက်ရသည်။ ဒါကြောင့်လည်း မောင်ရွှေဘုန်း၏ ရင်ထဲတွင် ကြည်နူးချမ်းမြေ့သွားသည်။

'အဘိုး..အဘိုး'

'ဟေး..မောင်ဘုန်း၊ လာကွ။ အဘိုးလည်း အခုပဲ ဘုရားရှိခိုးပြီးတယ်။ လာ'

'ဟုတ်ကဲ့ အဘိုး'

ရွှေဘုန်းက အပေါ်ကို လှမ်းတက်လိုက်ပြီး အဘိုး၏ ရှေ့တွင် ထိုင်လိုက်ပြီး အဘိုးကို ကန်တော့လိုက်သည်။

'အေးဗျာ..ငါ့မြေးလေး လိုရာဆန္ဒများ ပြည့်စုံပါစေ။ ကျန်းမာချမ်းသာသူလည်း ဖြစ်ပါစေဗျာ'

အဘိုးက ဆုပေးပြီး ရွှေဘုန်း၏ခေါင်းကို လက်နှင့် အုပ်ပေးလိုက်သည်။ ဒါက ရွှေဘုန်းနဲ့ အဘိုးတို့ရဲ့ ပြုလုပ်နေကျအလုပ်ဖြစ်သည်။ ရွှေဘုန်းက အဘိုးနှင့်တွေ့တိုင်း အဘိုးဆီကိုလာတိုင်း ဝတ်ပြည့်ရှိခိုး ကန်တော့နေကျ၊ အဘိုးကလည်း ဆုပေး၍ ရွှေဘုန်းခေါင်းကို ကိုင်ပေးနေမြဲဖြစ်သည်။ ရွှေဘုန်းက အဘိုးပေးသော ရေနွေးကြမ်းပန်းကန်ကိုယူ၍ မော့သောက်လိုက်သည်။

'အေးကွယ်၊ ငါ့မြေး ရွှေဘုန်း ရောက်လာတာနဲ့ အတော်ပဲ။ နောက်တစ်နေ့ဖြင့် အဘိုး ခရီးထွက်မလို့ကွယ်'

'ဗျာ..အဘိုး ခရီးထွက်ပြီး ပြန်လာတာဖြင့် တစ်မြန်နေ့ကပဲ အဘိုးရယ်။ ခရီးဆက်တော့ အဘိုး ခရီးပန်းတာပေါ့'

အဘိုးက ရေနွေးကြမ်းနှင့် ထန်းလျက်ခဲကို မြည်းလိုက်ပြီး ရွှေဘုန်းကိုလည်း ထန်းလျက်ခဲ လှမ်းပေးလိုက်သည်။

လက်ထဲမှ ရေနွေးကြမ်းကို မော့သောက်လိုက်ပြီး–

'အင်း..ငါ့မြေးက အဘိုးတို့ အလုပ်ကိုမှ မသိဘဲကိုကွယ့်။ ဂန္ထာရီအလုပ်ဆိုတာက လှည့်လည်သွားလာ ကျင့်ကြံအားထုတ်ခြင်းကိုခေါ်တာ။ တစ်နေရာတည်းနေ စိပ်ပုတီးလေး စိပ်နေရုံနဲ့ မပြီးဘူး။ ပဋ္ဌာန်းဆက်ရှိလို့များတော့ သက်ဆိုင်ရာတွေက ခိုင်းလိုက်ရင် ရှုးရင်လည်း ရှုးရတယ်။ ထုးရင်လည်း ထုးရတယ်ကွယ့်။ အလုပ်စခန်းဆိုတာ အမျိုးမျိုးရှိတယ်။ ငါ့မြေးကို အဘိုးပြောဖူးတဲ့ အင်္ဂရတ်လိုင်း၊ ဓာတ်လိုင်းဆိုတာတွေက မထင်တာတွေလုပ်ရ၊ မထင်တာတွေ ဖြစ်ရနဲ့ပေါ့။ ကောင်းတဲ့ အလုပ်မေမယ့် အုပင်ပန်းခံရတယ်။ ဘာသာရေးနဲ့တော့ နည်းနည်းကွာတာပေါ့ကွယ်'

'ဟုတ်ကဲ့၊ အဘိုးပြောတာတွေ မှတ်မိပါတယ် အဘိုး'

'အေး..အလုပ်လုပ်ခြင်းဆိုတာကို အဘိုးပြောပြမယ်။ လောကမှာ အထွတ်အထိပ်ကိုရောက်တဲ့ ပုဂ္ဂိုလ်တိုင်းဟာ သူတို့ရဲ့ အတိတ်ဘဝအကြောင်းတွေကို လေ့လာကြည့်ရင်–

(၁) စိရတာလဘာဝနာ (ကြာမြင့်စွာအလုပ်လုပ်ရခြင်း)၊

(၂) နိရန္တရဘာဝနာ (မရပ်မနားအလုပ်လုပ်ရခြင်း)၊

(၃) နိရဝသေသဘာဝနာ

(အကြွင်းအကျန်မရှိအောင် အလုပ်လုပ်ရခြင်း)၊

(၄) သကစ္စဘာဝနာ (ရိုရိုသေသေ လေးလေးစားစား အလုပ်လုပ်ရခြင်း)

(၅) အဘိရတိဘာဝနာ (ပျော်ပျော်ပါးပါး အလုပ်လုပ်ရခြင်း)ဆိုတဲ့ အကြောင်းတရားကိုသိပြီး ကိုယ်လိုချင်တဲ့ အလုပ်၊ ကိုယ်လိုက်တဲ့လိုင်း စွဲစွဲမြဲမြဲ နောက်ဆံမတင်းဘဲ ပင်ပန်းတယ်လို့လည်း မတွေး မတွက်ဘဲ လုပ်ကြရတယ်။

အဘိုးက အခုမှ စလုပ်ခါစဆိုတော့ ငါ့မြေးရယ် အသားမာတောင် မတက်သေးဘူးလို့ ပြောရမယ်။ အဲ..အဘိုး အခုထွက်မယ့်ခရီးက ဆေးဝါးပင်၊ ဂမုန်းပင်တွေ ရှာဖို့ပေါ့'

'ဟာ..အဘိုးရယ်၊ ကျွန်တော် လိုက်ချင်လိုက်တာ အဘိုးရယ်'

ရွှေဘုန်းက အဘိုးစကားအဆုံးတွင် ဝမ်းသာအားရ

www.burmeseclassic.com

ပြောလိုက်သည်။

ရွှေဘုန်း၏ စကားကြောင့် အဘိုးက ပြုံးပြီး-

'ငါ့မြေး ရွှေဘုန်းရယ်‥ဆေးဝါးဂမုန်းရှာတယ်ဆိုတာ မြို့၊ တောရွာတွေကို အလည်သွားသလိုမဟုတ်ဘူး။ တောတွေတောင်တွေ၊ လျှိုမြောင်ချိုင့်တွေ၊ ချောက်တွေထဲအထိ သွားရတာ။ တောကောင်အန္တရာယ်လည်းရှိတယ်။ ရောဂါ အန္တရာယ်လည်း ရှိတယ်။ ပယောဂအန္တရာယ်လည်း ရှိတယ်။ ငါ့မြေးကို ခေါ်ချင်တာပေါ့ကွယ်။ မြေးကို ဆရာတစ်ယောက် ဖြစ်စေချင်တာ အဘိုးရဲ့ စေတနာပါ'

'ဟုတ်ကဲ့ပါ အဘိုး။ ကျွန်တော်က အဘိုးနဲ့သွားရရင် ဘယ်ကိုပဲဖြစ်ဖြစ် လိုက်ရဲပါတယ်'

လိုက်ချင်သောဆန္ဒရှိသူ၊ မြန်မာနည်းပညာများကို စိတ်ဝင်စားသူ၊ လိမ္မာယဉ်ကျေးသူ ရွှေဘုန်းကို ပညာအမွေထဲမှ တိုင်းရင်းဆေးပညာ တစ်မျိုးကိုဖြင့် ပေးမည်ဟု အဘိုးဦးမင်းကံက အစကတည်းက ဆုံးဖြတ်ထားသည်။ ရွှေဘုန်း၏ မိဘများက အဘိုးဦးမင်းကံ၏ တပည့်များ၊ ကျေးဇူးခံများလည်းဖြစ်၍ အဘိုးပြောလျှင် ရွှေဘုန်း လိုက်လို့ရသည်။ ကျောင်းများလည်း ပိတ်ထားချိန်၊ ရွှေဘုန်း၏ မိဘများ လုပ်နေသော လယ်ယာကိုင်း အလုပ်ကလည်း နားချိန်ဖြစ်၍ အဘိုးဦးမင်းကံက ပြော၍ခေါ်သွားရန် ဆုံးဖြတ်လိုက်သည်။

◆◆◆

အဘိုးဦးမင်းကံက ရောဝတီတိုင်း တွံတေးမြို့(တောကြီးတန်းတစ်လျှောက်) အပိုင်ရွာများကို ဖာစ်ရွာဝင် တစ်ရွာထွက်သွားပြီး လှေတစ်တန် သင်္ဘောတစ်တန်နှင့် မြောင်းမြ၊ ပုသိမ်တစ်ကြော လှည့်သည်။

'ငါ့မြေးရွှေဘုန်း၊ ဒါက မြောင်းမြ စကားမြားရွာက ဆရာစံထွန်းလို့ ခေါ်တယ်။ စံထွန်း၊ ဒါက ငါ့မြေးလေး ရွှေဘုန်းပဲကွ'

'ဟုတ်ကဲ့ ဆရာကြီး၊ဆရာကြီးရဲ့ မြေးဆိုတော့ ကျွန်တော့်ညီလေးပါပဲ'

'အေး‥အေး'

'ညီလေးရွှေဘုန်းရေ၊ မင်းအဘိုးနဲ့လိုက်ရင် ထူးထူးဆန်းဆန်းတွေ တွေ့ရ မြင်ရ ကြားရမယ်ကွ။ ပညာရအောင်ယူ၊ ကြားလား'

'ဟုတ်ကဲ့ အစ်ကိုကြီးစံထွန်း'

ကဲ‥တို့ ညနေ မြောင်းမြ စကြာနန္ဒဘုရား သွားမယ်'

စကားမြားရွာဘက်ကမ်း ဆန်စက်ဆိပ်မှ လှေနှင့် မြောင်းမြဆိပ် စကြာနန္ဒစေတီဘက်ကို အဘိုးဦးမင်းကံ၊ ဆရာစံထွန်း၊ ရွှေဘုန်းတို့က ကူးလာကြသည်။ နေရောင် လင်းလင်းနှင့် စကြာနန္ဒစေတီလေး၏ရင်ပြင်က ရှင်းသန့်၍ ကြည်နူးဖွယ်ပင်။ စေတီရင်ပြင်တော်မှပင် စေတီတော်ကို ဖူးမြော်ကြည်ညိုကြပြီး ဘုရားရုပ်ပွားတော်များကိုပါ ပူဇော်ရှိခိုးကြသည်။

'အဘိုး‥ဟိုအဘက ဝတ်ဖြူစင်ကြယ်နဲ့ ပုတီးစိပ်နေတာ အတော်ကြာပြီနော်။ ကျွန်တော်တို့ ရောက်စကတည်းကပဲ။ အဘိုးထက် ငယ်မယ်နဲ့တူတယ်'

'ဟ‥ငါ့မြေးရဲ့၊ မင်း တွေ့ထိုက်လို့တွေ့တာ။ အဲဒါ အဘိုးထက် ကြီးတယ်။ အဘဘိုးတော်ပွင့် ဆိုတာကွ။ သူက ဒီဘက်နယ်မှာ အသိများတယ်'

'ဟုတ်တယ် မောင်ရွှေဘုန်းရေ၊ ဆရာကြီးထက် အသက်ရော ဝါရော သဘာရောကြီးတယ်။ မင်းက ထူးလို့ကြုံရတာ။ ဘိုးတော်ပွင့် ပုတီးစိပ်ပြီးရင် အနားသွားမယ်'.

စကြာနန္ဒစေတီလေးရင်ပြင်ကို တစ်ပတ်လှည့်ပြီး ဘိုးတော်ပွင့်ကို တွေ့ခဲ့သည့်နေရာ ပြန်အရောက်တွင် ဘိုးတော်ပွင့် ထိုင်ခဲ့သည့်နေရာတွင် ဘာမှမရှိဘဲ ဘိုးတော်ပွင့်ကိုလည်း မတွေ့ရပေ။ ဆရာစံထွန်းနှင့် ရွှေဘုန်းတို့က အဘိုးဦးမင်းကံ ဘုရားရှိခိုးနေစဉ် စေတီရင်ပြင်ကို တစ်ပတ်ပတ်၍ လိုက်ရှာကြသည်။ စေတီရင်ပြင်ပေါ်တွင်လည်း မတွေ့။ စေတီနားမှ လှေသမ္ဗန်လည်း မခွာသဖြင့် ရွှေဘုန်း မစဉ်းစားတတ်အောင် ဖြစ်နေသည်။ ဆရာစံထွန်းက ဘာမှ မပြောဘဲ အဘိုးဦးမင်းကံ ဘုရားရှိခိုးပြီးသည်နှင့် လှေကိုခေါ်၍ စကားမြားဘက်ကမ်းကို ပြန်လာကြသည်။

စကားမြားစက်ကုန်းမှ ဆရာစံထွန်း၏ နေအိမ်ကို ပြန်ရောက်ပြီး ညစာစားသောက်ပြီး အဘိုးက ဘုရားရှိခိုးနေသည်။ ဆရာစံထွန်းနှင့် ရွှေဘုန်းက အိမ်ရှေ့တွင် ရေနွေးကြမ်းဝိုင်းနှင့် လက်ဖက်သုပ်(ကနစိုခရုခြောက်ပါ)၊ ထန်းလျက်၊ ပုသိမ်ဟာလဝါတို့နှင့် ဝိုင်းထိုင်လိုက်သည်။

'ရွှေဘုန်း‥ညီလေး၊ မင်းက ဘာကိုဝါသနာပါလဲ။ အင်္ဂရုတ်လား ဗိန္ဒောလားကွ'



www.burmeseclassic.com

www.burmeseclassic.com

'ဟား..အစ်ကိုကြီးစံထွန်းရယ်၊ အဂ္ဂိရတ်တွေဘာတွေ နားမလည်ဘူး။ ဗိန္ဓောလည်း မသိဘူး။ အဲ..ဆေးဝါး အကြောင်းသိလို့ နားလည်ရင် ဆေးကုပေးလို့ ကုသိုလ် ရတယ်။ အဲဒါပဲသိတယ်။ အဘိုးကလည်း မင်းဆေးပညာ လိုက်စားလို့ ပြောတယ်။ အဲဒါ'

'အေး..အေး..ကောင်းပါလေကွာ။ ငါက ဆေး ဆရာ၊ အဘိုးသင်ပေးတဲ့နည်းတွေနဲ့ ကုသပေးနေတာကွ။ မချမ်းသာဘူးပေါ့ကွာ။ ကုသိုလ်ရတယ်၊ ဝမ်းသာပီတိဖြစ် ရတယ်။ ဘယ်တော့မှမငတ်ဘူး။ ဆေးဝါးရောင်းမစား ဘူး၊ ဆေးပဲ ကုပေးတာ။ မင်းလည်း အဲဒါပဲ လုပ်ပါကွာ။ အဘိုးမှာ ပညာတွေအများကြီးပဲ။ မင်း ရအောင်ယူကွာ'

'ဟုတ်ကဲ့ အစ်ကိုကြီး'

'အခု အဘိုးက မင်းဆေးဝါးရှာဖို့ ခေါ်လာတာ။ အဘိုးဆရာကြီးက တောတောင်တွေကြား လှည့်လည် သွားလာပြီး တရားလည်းကျင့်တယ်။ ဆေးဖက်ဝင်တွေ လည်းရှာတယ်။ ရလာရင် သူ့နည်းနည်းယူပြီး တပည့်တွေ ကို ခွဲဝေပေးတာကွ။ အဘိုးဆရာကြီးက တစ်ခါမှာ ဆေး ဖော်ဖို့ ဂမုန်းတွေ လိုက်ရှာတာ။ သူယောင်ဂမုန်းရှင်နဲ့တွေ့ ဖူးတယ်'

'သူယောင်ဂမုန်းဆိုတာ ဟိုအပင်ပေါ်က မိန်းမလိုပုံ နဲ့ တွဲလောင်းကျနေတာကို ဇော်ဂျီတွေက ဆေးကြိမ်လုံး နဲ့တို့ပြီး လင်မယားအဖြစ် နေတယ်ဆိုတဲ့ သူယောင်မယ် ဂမုန်းလား အစ်ကိုကြီး'

'ဟား..ဟား..ဟား..ဟား..အဟား.. အင်း.. ရွှေ..ရွှေဘုန်းရာ၊ မင်းမေးတာကြီးက ပြည့်စုံလွန်းအား ကြီးလို့ ပြီးရောပေါ့။ သူယောင်ဂမုန်းဆေးပင်ကွ။ ငါပြော တာ ဆေးပင်။ ကဲ..နားထောင်'

ရွှေဘုန်း၏အမေးကို ဆရာစံထွန်းက သဘောကျ၍ ရယ်ပြီးမှ သူသိတဲ့ ဆေးပင်အကြောင်းများကို ရှင်းပြလေ သည်။

'မောင်ရွှေဘုန်းရေ.. မှတ်ထား၊ ဂမုန်းပေါင်းတစ် ထောင်ဆိုပေမယ့် တစ်ထောင်မကဘူးပေါ့ကွာ။ သူ ယောင်ဂမုန်းချည်းပဲ အမျိုးမျိုးရှိတယ်ကွ။

(၁) ဂမုန်းသူယောင်၊
(၂) ဆေးသူယောင်ဂမုန်း၊
(၃) ဝိဇ္ဇာသူယောင်ဂမုန်း၊
(၄) ဆေးကမြင်းသူယောင်ဂမုန်းတဲ့ကွ။

အဲဒီ သူယောင်ဂမုန်းပေါ့ကွာ။ အများသိတာက သူယောင်မယ်ဂမုန်းဆိုပြီး သိကြတဲ့ ဂမုန်းပင်တွေပေါ့။ ဂမုန်းသူယောင်က ဇော်ဂျီတွေ ဆေးကြိတ်တဲ့အခါမှာ သိဒ္ဓိပြည့်လို့ ထည့်ပြီးကြိတ်ကြတယ်။ ဆေးပင်ပေမယ့် ဝိဇ္ဇာဆေးပင်ပေါ့။ ဆေးသူယောင်ကလည်း သိဒ္ဓိမြောက် ဆေး(သူက ဣစ္ဆာသယဆေး)ဖော်ရင် ထည့်သုံးရတယ်။ ဒါကို ပြီးမှ ထပ်ပြောမယ်။ ဝိဇ္ဇာသူယောင်ပင်ဆိုတာက ရွှေဘုန်း မင်း အခုနမေးလိုက်တဲ့ မိန်းမပုံဆိုတာလေ အဲဒီ အပင်ပဲ။ သူက အပင်ကြီးမျိုး။ သူ့ရဲ့အသီးက မိန်းမပုံ ဖြစ်ပြီး သီးတဲ့အသီး လူမိန်းမ တွဲလောင်းခိုနေသလိုမျိုး ပေါ့ကွာ။ အေး..အဲဒီမှာ မင်းအဘိုး ငါ့ဆရာကြီး ကြုံခဲ့ တွေ့ခဲ့ရတာ အဲဒီဝိဇ္ဇာ သူယောင်ပင်က အသီးမပေါ့။ ဝိဇ္ဇာသူယောင်မယ်ဂမုန်းသီး။ မင်းယုံချင်မှယုံမယ်။ ငါ့ ဆရာကြီး မင်းအဘိုးက ဝိဇ္ဇာလမ်းလိုက်နေတာ။ အကျင့် စရဏ၊ သီလ၊ စေတနာ၊ သဒ္ဓါပြည့်စုံတော့ တပည့်လက် သားပေါတယ်။ ကြည်ညိုသူလည်း များတယ်။ တော တောင်အနှံ့လည်းသွား၊ အဲ..သူ့မှာ ဣစ္ဆာသယဂါထာ ဆိုတာကို အလွတ်ရတယ်။ အမြဲလည်း ရွတ်ဆိုတယ်။ အဲဒီဂါထာအကြောင်းကို နည်းနည်းပဲ ပြောမယ်ကွာ။ သူယောင်ဂမုန်းနဲ့ ငါ့ဆရာကြီးအကြောင်းက အရေးကြီး တယ်။ ဖြစ်တာက ဆရာကြီးက ဆေးကမြင်းသူယောင် ဂမုန်းကို သွားရှာတာကွ။ ဆရာကြီးအသိ သူငယ်ချင်း ပေါ့ကွာ။ အဖွဲ့အစည်းတစ်ခုမှာ အလွန်အရေးပါ အရာ ရောက်တဲ့သူပေါ့။ ရိုးသားတယ်။ သစ္စာရှိတယ်။ အများ အကျိုးဆောင်တယ်။ အဲ..အဲဒီလူကြီး လေငန်းရောဂါနဲ့ ဝေဒနာခံစားနေရပြီး အကြောတွေအလုပ် မလုပ်ဘူး။ ဖြစ် တာက သေဖို့သာလေရောဂါ၊ အဲ..ပြီးတော့ ပယောဂပါ နှောင့်လိုက်တော့ အိပ်ရာထဲလဲပြီး သုံးစားမရတဲ့ဘဝ ရောက်နေတယ်။ ဆရာကြီးက အဲဒီကို ရောက်သွားပြီး အသိမိတ်ဆွေ သူငယ်ချင်းလည်း ဖြစ်နေတော့'

ဆရာစံထွန်းက ခေတ္တနားပြီး ရေနွေးသောက်ပြီး လက်ဖက်သုပ်ပါ စားလိုက်သည်။ ရွှေဘုန်းကလည်း ရေ နွေးသောက်ပြီး ထန်းလျက်ကို ဝါးလိုက်သည်။ ဆရာစံ ထွန်းက စကားကို ဆက်လိုက်သည်။

'ဆရာကြီးကို သူ့မိသားစုက အကူအညီတောင်းတာ

www.burmeseclassic.com

www.burmeseclassic.com

ပေါ့ကွာ။ ဆရာကြီးက ပယောဂအပိုင်းကို လုပ်ပေးလိုက်တယ်။ ပထမ ရာထူးဖယ်ပေးရတဲ့ ပုဂ္ဂိုလ်က လူသေရဲ့ လက်သားဖျား အပြတ်ကလေးနဲ့ ဆရာတစ်ယောက်နဲ့ ပေါင်းလုပ်ထားခဲ့တာ။ သူထိုင်ခဲ့တဲ့နေရာကို ဝင်လာတဲ့ လူကို ရူးချင်ရူး မရူးရင် မစွမ်းမသန်ဖြစ်အောင် လုပ်ပစ်ခဲ့တာ။ သူက ပြန်ထိုင်ရရင် သူ့ရာထူးကို သူပြန်ရရင် ဘာမှမဖြစ်ဘူးပေါ့။ ဒီပြင်လူရရင် အခုနပြောသလို ဖြစ်အောင်လုပ်ခဲ့တာ။ အဲဒါကို ဆရာကြီးက လုပ်ပေးတာ။ ပျောက်သွားကောင်းသွားတယ်။ ဒါပေမဲ့ လေငန်းရောဂါနဲ့ အကြောသေတာက မပျောက်သေးဘူး။ ကုလို့ရမယ့် ဆေးကလည်း ဆရာကြီးသိတဲ့ ဆေးကမြင်းသူယောင်ဂမုန်းပဲ။ သူက လေဖြတ်လေငန်းရောဂါလို အကြောသေအမျိုးမျိုး၊ ခြေကပ်လက်ကပ်ဝေဒနာ၊ ယောကျ်ားရောဂါတွေကို အထူးနိုင်တယ်ကွာ ပြောပါတော့။ အဲဒီကမြင်းသူယောင်ဂမုန်း ရှိတဲ့နေရာကို ဆရာကြီးကသိတော့ ယူဖို့သွားတာပေါ့'

'အဘိုးသွားတော့ အစ်ကိုကြီးစံထွန်းပါလား။ ဘယ်နှစ်ယောက်လဲ'

'အေး ငါနဲ့ ဆရာကြီးတပည့်နှစ်ယောက် ပါပါတယ်။ ဒါပေမဲ့ တို့ကို ရွာမှာပဲ ထားခဲ့တယ်။ လေးမျက်နှာမြို့က ရွာတစ်ရွာမှာ တို့က နေခဲ့ရတယ်။ ဆရာကြီးက တစ်ယောက်တည်း ရခိုင်ရိုးမထဲကိုသွားတယ်။ ဆေးပင်ဆေးမြစ်၊ ဆေးခေါက်ခွာဖို့ ဓားတစ်ချောင်းပဲ ပါတယ်ကွ။ တို့က စိုးရိမ်တာပေါ့ကွာ။ ဒါပေမဲ့ ဆရာကြီးက သူ့ရဲ့ ဣစ္ဆာသယဂါထာကို ယုံကြည်အားကိုးတယ်။ အဲဒီဂါထာကလည်း ဘယ်လောက်စွမ်းလဲဆိုရင် အဆွေးမစူးဘူး။ ကြိုးချည်ကြိုးတုပ်လုပ်ထားလည်း ပြေးတယ်။ အကွယ်အကာတစ်ခုကို ဝင်ကပ်ပြီး ဂါထာရွတ်ရင် မမြင်ကြဘူး။ အဲဒီလောက်စွမ်းတဲ့ဂါထာ အေး..အဲဒီဂါထာကို ဆရာကြီးက အမြဲရွတ်တဲ့အတွက်လည်း ဝိဇ္ဇာသူယောင်ဂမုန်းပင်အောက်ကိုရောက်ပြီး အခုပြောမယ့် အဖြစ်အပျက်ကို ဖြစ်ခဲ့တာပဲကွ။ အဲဒါက ဒီလို..ဒီလို'

ဆရာစံထွန်းက ဆရာကြီး အဘိုးဦးမင်းကံ ဖြစ်ခဲ့တာကို ပြောပြလေသည်။

ဣစ္ဆာရောမေ ဘန္တေ
ဣစ္ဆာမေ ရတ္တိယာ
ယထာမူလေ ရတ္တာမေ
ဣစ္ဆာ ရောမေ ပရိတ္တာနံမ
အာရတိ သံဝရိသာမှ
ဒေဝဒေဝီ ဟိရိပဂ်ိနီ

မစ္စာနိ ဒုန္နာနိ အယံဒိဝ..ဟူသော ဣစ္ဆာသယဂါထာတော်ကို နှုတ်မှ အသံထွက်ရွတ်၍ လက်ထဲတွင် တောင်ဝှေးတစ်ချောင်း၊ လွယ်အိတ်ကြီးကြီး နီညိုရောင်နှင့် ဝတ်ထားသည့် ဝတ်စုံမှာလည်း နီညိုရောင်(ယောဂီ)ဖြစ်ပြီး ခေါင်းပေါင်းပွပွကြီးနှင့် လျှောက်လှမ်း၍လာနေသော လူကြီးက နှုတ်မှရွတ်ဆိုပေမယ့် မျက်လုံးအစုံကတော့ တောဘယ်ညာရှိ ချုံငယ်များ၊ သစ်ပင်ခြေရင်းများ၊ ကုန်းကမူအပေါ်တို့ကို ကြည့်ရှုလာပုံမှာ တစ်ခုခုကို ရှာဖွေလာသည့်ပုံဖြစ်သည်။ ရှေ့ကို ခပ်သွက်သွက်လှမ်းလိုက်ရာမှ အပင်မြင့်မြင့်၊ ပင်လုံးချောချော၊ အရွက်က သောင်ရွက်ပုံမကျတကျ ခပ်ရှည်ရှည်နှင့် အရောင်နီညိုညိုရှိသော သစ်ပင်နားတွင် ရပ်မိလျက်သား ဖြစ်သွားသည်။

ရပ်မိသွားရခြင်းကလည်း–

'ဟိ..ဟီး..ဟီး..ခစ်..ခစ်'

'အဟင်..ခိ..ခိ..အဟက်..ခစ်'ဟု မြည်လိုက်သော ရယ်သံလိုလိုကြောင့်ဖြစ်သည်။

တောဘယ်ညာကို လှည့်ကြည့်ရာတွင် ဘာမှမတွေ့။ သည်နေရာ သည်အခါမှာ ရယ်သံက မိန်းကလေးအသံ။ ဘယ်လိုမှမဖြစ်နိုင်ဟု တွေးပြီး ရပ်သွားသော ရွတ်နေသည့် ဣစ္ဆာသယဂါထာကို ဆက်၍ရွတ်လိုက်သည်။

'ဣစ္ဆာရောမေ ဘန္တေ'

'ဂါထာပဲ ရွတ်နေ။ အဟင်း..ဒီကိုလည်း ကြည့်ပါဦး'

သာယာကြည်လင်သော အသံညင်းသွဲ့သွဲ့နှင့် ရန့်မွှေးမွှေးပါသော မိန်းမလေးအသံ။ ယောဂီရောင်ဝတ် လူကြီးက ရှေ့တောဘယ်ညာကို သေချာကြည့်လိုက်မှ ရှေ့မှာရှိသော သစ်ပင်ပင်စည်ကိုမှီပြီး ရပ်နေသော ငယ်ရွယ်နုနယ်သည့် မိန်းကလေးတစ်ဦးကို တွေ့လိုက်ရသည်။

'ဟင်း'

'မအံ့ဩပါနဲ့။ ဒီနားကိုရောက်လို့ တွေ့ရတာ။ တွေ့ချင်တိုင်းလည်း မတွေ့ပါဘူး။ ဂါထာကစွမ်းလို့ ...နိုင်ဘဲ ထွက်လာရတာ'



www.burmeseclassic.com

www.burmeseclassic.com

'နေ..နေ..နေပါဦး ကလေးမ။ မင်းက ဘာလဲ၊ ဘယ်ကလဲ'

'အဟင်း..ဘာမှတော့ မဟုတ်ပါဘူး။ ဘယ်ကလဲ ဆိုတာကတော့ အပေါ်ကို မော့ကြည့်လိုက်ပါလား'

ထိုမိန်းကလေး ပြောစကားကြောင့် လူကြီး သစ်ပင်ပေါ်ကို မော့ပြီးကြည့်လိုက်ရာ သစ်ပင်အကိုင်းထိပ်များတွင် မိန်းမရှယ်လေးများ လေးငါးဦးမျှ တစ်နေရာစီ တွဲလွဲခိုလျက် တွေ့လိုက်သဖြင့် လူကြီးက အံ့သြသွားပြီး ခဏပင် တစ်ခုခုကို သတိရလိုက်သည်။ မတ်တတ်ရပ်နေရာမှာ ထိုင်လိုက်ပြီး တင်ပျဉ်ခွေ၍ မျက်လုံးကိုမှိတ်ပြီး နှုတ်မှ ရွတ်ပွားလိုက်သည်။ တော်တော်ကြီးကြာမှ မေတ္တာပို့ အမျှဝေပေးလိုက်ပြီး မျက်လုံးဖွင့်ကြည့်လိုက်ရာ ပင်စည်ကိုမှီ၍ ရပ်နေသော မိန်းကလေးမှာ ပျောက်သွားပြီး သစ်ပင်ကြီး၏ အကိုင်းများမှ တွဲလွဲကျနေသော မိန်းမရှယ်ပုံများသည်လည်း ပျောက်သွားသည်။

'ဟင်..ဘုရား..ဘုရား..ဘုရား..ငါမို့ပဲ။ ငယ်ရွယ်သူများ၊ တောလိုက်မုဆိုးများဆိုရင်တော့ မတွေးဝံ့စရာဘဲ။ ဩော်..ဝိဇ္ဇာသူယောင်အပင်ကြီး ဒီနေရာမှာရော အမှန်ရှိတာလား'

ထိုလူကြီး၏နှုတ်မှ ပြောသံဆုံးသည်နှင့် လေပြင်းများ တိုက်လိုက်ခြင်းကြောင့် အပင်၏ အရွက်၊ အကိုင်း၊ အခက်တို့ လှုပ်ရှားသံက-

'ဗွီ..ဗွီ..ဗွီ.. ဝေါ..ဝေါ.. ဖျောက်..ဖျောက်'

တဗွီဗွီ တဝေါဝေါနှင့်မြည်ပြီး ပြန်လည်ငြိမ်သွားသည်။ လူကြီးက ရှေ့ဆက်လှမ်းလိုက်ရင်းမှ ချုံငယ်တို့၏ခြေရင်းနှင့် ပင်ခြေတို့ကိုကြည့်ပြီး လျှောက်လိုက်သည်။

ချုံစပ်ကလေးနှင့် အပင် မကြီးမသေး၏နားတွင် ရွက်ထူထူ လက်နှစ်လုံးမျှရှိသော ဝါကြန့်ကြန့် စိမ်းပြောပြောအရောင်နှင့် ပင်နွယ်ရောင်ပုပုလေးများ လေးငါးပင်ကို တွေ့လိုက်ရသဖြင့်-

'ဟာ..ငါ့သူငယ်ချင်း ကံကောင်းတယ်ကွာ။ မင်းအတွက် ငါရှာတဲ့ ဆေးကမြင်းသူယောင်ဂမုန်းဆေးပင်တွေပြီကွ'ဟု အသံထွက်အောင်ပြောပြီး ဆေးပင်လေးများအနားကို ပြေးသွားလိုက်သည်။

ဆေးပင်လေးများက ဂျင်စင်းဆေးပင်နှင့်တူပြီး အပင်၏အောက်ခြေ အရွက်ကလေးများက အပေါ်မှ အရွက်ကြီး



များကို လေတိုက်လို့ ထိစပ်မိသလို ပြေးပြေးရိုက်နေသည်။ ထိုဆေးပင်များကို လွယ်အိတ်ထဲမှ ဓားမတိုကိုထုတ်၍ အမြစ်ပါအောင် အောက်ခြေမြေကြီးမှ တူးလိုက်သည်။ အပင်ကို တူးပြီးသည်အထိ အပင်၏ အရွက်ကလေးများက လှုပ်နေသည်။

'ဟာ..ဒီအရွက်တွေကလည်း ငြိမ်ငြိမ်မနေဘူးကွာ။ ဒါကြောင့်လည်း ဆေးကမြင်းသူယောင်လို့ ခေါ်တာပဲကိုး။ သစ်ကမြင်းလည်း ဒီလိုပဲ။ ဒါပေမဲ့ ဆေးဖက်ဝင်လို့ပေါ့ကွာ'ဟု ပြောလိုက်ရာ သစ်ရွက်ကလေးများက ငြိမ်သွားသည်။

တူးပြီးသော ဆေးပင်များကို လွယ်အိတ်ကြီးထဲကို ထည့်ပြီး ဘေးဘယ်ညာ အရှေ့ အနောက်ကို လှည့်ကြည့်လိုက်ရာ ဘေးဘယ်ညာနှင့် အရှေ့ဘက်မှာ ဘာမှမရှိဘဲ အနောက်ကျောဘက်မှ လူရိပ်လို တွေ့လိုက်သည်။ သစ်ပင်ကြီး၏ ပင်စည်ကိုကွယ်၍ ပျောက်သွားသည်။

'အင်း..မင်းကံ..မင်းကံ၊ တကယ်ရှားပါးတဲ့ ဂမုန်းတွေ၊ ထူးဆန်းတဲ့ ဂမုန်းတွေကို ရှာမှတော့ အနည်းအများတော့ အနှောင့်အယှက် တွေ့မှာပေါ့။ ဆေးကမြင်းသူ



www.burmeseclassic.com

www.burmeseclassic.com

ယောင်ဂမုန်းဆိုတာက ဆေးသုယောင်ဂမုန်းနဲ့ ဝိဇ္ဇာသုယောင်ဂမုန်းတို့နဲ့ ဆက်စပ်နေတာလေ။ ငါ ဒီ့ထက် အဖျက်အဆီး အနှောင့်အယှက် မတွေ့တော့ပါဘူးကွာ'

ယောဂီရောင်ဝတ် လွယ်အိတ်ကြီးနှင့် လူကြီးက သူ့ကိုယ်သူ မင်းကံလို့ပြောပြီး တစ်ယောက်တည်း စကားပြောရင်းမှ ထိုနေရာမှ ထွက်လာသည်။

'ဖတ်..ဖလပ်.. ဖတ်..ဖလပ်.. ဖတ်..ဖလပ်'

နောက်မှ ခြေသံက ရပ်သွားသည်။ ယောဂီရောင်ဝတ် လူကြီးက နောက်ကိုလှည့်ကြည့်လိုက်၊ ခြေသံရပ်သွားပြီး ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက် နောက်ကျောပေး၍ ရပ်နေတာကို တွေ့လိုက်သည်။ လူကြီး ရပ်ကြည့်နေရင်းမှ ခပ်တွေတွေဖြစ်သွားပြီးမှ မျက်နှာတွင် ပြုံးယောင်သန်း၍ ရှေ့ကို ဆက်လှမ်းလိုက်သည်။

'ဖတ်..ဖလပ်..ဖတ်..ဖလပ်'

'မင်း ဘာလိုချင်လို့ ငါ့နောက်က လိုက်လာတာလဲ'

'လွယ်အိတ်ထဲက ဆေးပင်တွေ'

'ငါက စီးပွားရေးအတွက် ရောင်းစားမလို့ မဟုတ်ဘူး။ ရောဂါသည်ကို စေတနာနဲ့ ဆေးကုပေးမလို့ အပင်ပန်းခံပြီး လိုက်ရှာရတာ'

'ပြန်ပေးပါ'

'ဘာဖြစ်လို့လဲ'

'သူယောင်တို့ကို အများသိမှာစိုးလို့'

'ငါတို့ ဆေးအတွက် ယူတာ။ သူယောင်ဂမုန်းအကြောင်းတွေက အခုမှမဟုတ်ဘူး၊ ဟိုအရင်ကတည်းက လူသိများနေတာ။ ငါပြန်မပေးဘူး၊ မင်း ရရင်ပြန်ယူသွား'

ယောဂီရောင်ဝတ် လူကြီး၏စကား ဆုံးသည်နှင့် တောအုပ်က နေခင်းအချိန်မှာပင် မှောင်မည်းသွားပြီး တိရစ္ဆာန်များ၏ ပြေးလွှားသံများ၊ အနံ့ဆိုးများက မခံနိုင်အောင်နံပြီး ယောဂီရောင်ဝတ် လူကြီးမှာ ရှေ့ကိုသွားနေရင်းမှ ယိုင်ထိုးထိုးနှင့် ရှေ့ကို အားလွန်ကျပြီး မေ့သွားလေသည်။

◆◆◆

'အေးကွ၊ ငါ့ဆရာကြီး မင်းအဘိုးက ရွာထိပ်က သစ်ပင်အုပ်နဲ့ စေတီယောင်းအပြိုလေးနားမှာ မေ့မြောပြီး လဲနေတာ။ ညနေစောင်းတော့ အဲဒီရွာထဲက နွားကျောင်းပြန်လာတဲ့လူတွေ ယာထဲ ခြံထဲက ပြန်လာတဲ့ လူတွေကတွေ့၊ သူကြီးကိုအကြောင်းကြားလို့ ဆရာကြီးမှန်းသိပြီး အိမ်ခေါ်သွားပြီး ဆရာကြီးရဲ့တပည့် ရွာကို အကြောင်းကြားလိုက်တာနဲ့ အဲဒီရွာမှာ သွားခေါ်ခဲ့ရတယ်ကွ'

'ဟို..အစ်ကိုကြီးစံထွန်း၊ အဘိုး..အဘိုးက ဘာဖြစ်သေးလဲဟင်'

'ဟ..ရွှေဘုန်းရယ်။ မင်းအဘိုးက ဘာမှမဖြစ်လို့ အခု မင်းကိုတောင် ဆေးပင်ရှာဖို့ ခေါ်လာတာလေကွာ။ အေး..ငါ့ဆရာကြီး မင်းအဘိုးက ဘာမှလည်းမဖြစ်ဘူး။ သူ့ဆေးလွယ်အိတ်ထဲက ဆေးပင်တွေလည်း မပျောက်ဘူး။ ဆေးလည်း မလျော့ဘူး။ ထူးဆန်းတာက သူတွေ့ခဲ့တာက သူယောင်မယ်ကွ'

'ဗျာ'

'ဟုတ်တယ်၊ သူယောင်မယ်။ သူယောင်မယ်ဆိုတာက ဝိဇ္ဇာတို့၊ ဇော်ဂျီတို့က ဆေးကြိမ်လုံးနဲ့တို့ပြီး သူတို့ညားတဲ့ ရုက္ခမူဒေဝီတွေ'

'ဟာဗျာ အစ်ကိုကြီးစံထွန်းကလည်း..ရုက္ခမူဒေဝီဆိုတာ မကြားဖူးပါဘူးဗျာ'

ဆရာစံထွန်းက ရွှေဘုန်းအပြောကို သဘောကျ၍ ရယ်လိုက်ပြီးမှ ပခုံးကို လှမ်းဖက်ပြီး–

'အဲဒါကြောင့် ပြောတာပေါ့ကွ။ မင်းတို့ သိပ္ပံကျောင်းသားတွေ ဓာတုဗေဒ ဘာတုညာတာသမားတွေ လိုက်မမီတဲ့ မြန်မာ့ပညာရပ်တွေ၊ အခေါ်အဝေါ်တွေက အများကြီးပဲကွ၊ မှတ်ထား။ ရုက္ခမူဆိုတာ သစ်ပင်လေကွာ။ မင်းတို့ ရုက္ခမူဆိုတာပေါ့။ ဒေဝီကတော့ မင်းသိပါတယ်။ လှပတဲ့ မိန်းကလေးကို တင်စားတာကွ။ ကောင်လေး.သဘောပေါက်ရဲ့လား။ အဲဒါ မင်းအဘိုး ငါ့ဆရာကြီး ကြုံတွေ့ခဲ့ရတဲ့ သူယောင်မယ်ဂမုန်းရှင်ပဲ။ အေး..မင်းဆရာကြီးရဲ့ ပညာကို ရအောင်ယူ။ တိုင်းရင်းဆေးပညာ၊ ဗိန္ဓောပညာ၊ အင်္ဂရုတ်၊ ဂန္ဓာရီ၊ ဂန္ဓဝရီဆိုတာတွေဟာ နောက်လူငယ်တွေနဲ့ ပျောက်တော့မယ်။ အင်တာနက်၊ ဖေ့စ်ဘုတ်တို့၊ ညေးတို့၊ ငဲတို့၊ ဂျီတို့ဆိုတဲ့ အခေါ်အပြော အသုံးတွေနဲ့ မင်းတို့ ဘာမသိ ညာမသိတွေ ဖြစ်ကုန်တော့မယ်'

'ဟာ..အစ်ကိုကြီးစံထွန်းကလည်း ကျွန်တော်က ဖုန်းလည်း မပွတ်ဘူး။ အင်တာလည်း မနက် အမြဲလည်း မပွတ်ဘူး၊ ညေးလည်း မညေးဘူး၊ ငဲလည်း မငဲဘူး။ အဲဒါတွေက ယဉ်ကျေးမှုမရှိတာတွေသုံးတာ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

က အဖိုးတန်တဲ့ မြန်မာနည်းပညာတွေကို အဘိုးဆီက ရသလောက် ယူမယ်'

'အေး..အေး..ကောင်းပါလေ့ကွာ။ ဪ..မင်း အဘိုးက သူယောင်မယ်တွေနဲ့တွေ့ပြီးမှ သူပြောတဲ့ နိရန္တ ဘာဝနာ (မရပ်မနား အလုပ်လုပ်ရခြင်း) ဆိုတဲ့အတိုင်း ပုတီးစိပ်၊ တရားကျင့်၊ မေတ္တာပို့၊ ဂါထာရွတ်တာတွေ ပိုလုပ်တယ်ကွ။ ပြီးတော့ သူယောင်မယ်တွေကိုလည်း မေတ္တာပို့တယ်ကွ'

'ဒါက ကောင်းတဲ့အလုပ်ပဲ အစ်ကိုကြီးစံထွန်းရဲ့'

'ကောင်းတာ ဟုတ်တယ်ကွ။ ဒီပြင်လူတွေ အဲဒီလို သူယောင်ဂမုန်းရှင်နဲ့တွေ့ရင် ရူးသွားကြမှာစိုးလို့ ငါ့ဆရာကြီးမှာ အပင်ပန်းခံပြီး အလုပ်ပို လုပ်နေရတာယ်'

'ဟုတ်ပါရဲ့ဗျာ။ နိရန္တဘာဝနာပေါ့ဗျာ'

'အေး..အေး..မင်းလည်း သူယောင်ဂမုန်းရှင်နဲ့ တွေ့နေမယ်နော်'

ဆရာစံထွန်း အပြောကြောင့် ရွှေဘုန်းက လောကတွင် မယုံနိုင်စရာများ များစွာရှိနေခြင်းကို စဉ်းစားမိလိုက်သည်။ သူ့ကို အဘိုးက ဆေးပင်ရှာရန်အတွက် ရခိုင်ရိုးမထဲကို ဝင်မည်ဟု ခေါ်လာခဲ့ခြင်းဖြစ်သည်။ ရိုးမများက ထူးဆန်း၏။ ပဲခူးရိုးမ၊ အရှေ့ရိုးမ၊ အလယ်ရိုးမများရှိရာ ယခု ပထမအကြိမ်အဖြစ် ရခိုင်ရိုးမကို ခေါ်လာသည်။ အဘိုးရွတ်နေသော ဣစ္ဆာသယဂါထာကိုလည်း အလွတ်ရအောင် ကျက်ရမည်။

ဣစ္ဆာသယဂါထာ၏အစွမ်းက ပုလင်းကွဲ၊ မှန်ကွဲတို့ကို စားပြနိုင်သည်။ အပ်ကဲ့သို့ သံချွန်များကို မျိုပြနိုင်သည်။ ချည်နှောင်ထားသော ကြိုးများကို မဖြေမဖြုတ် မဖျက်ဘဲနှင့် အချည်အထုံးမပျက် ရုန်းထွက်နိုင်သည်။ အခက်အခဲအမျိုးမျိုးတွေ့လျှင် ပို၍ရွတ်ဖွားလျှင် ရှောင်ကွင်းနိုင်ပြီး ရန်သူက မိမိကို မမြင်နိုင်ဟု အဘိုးက ပြောသည်။ ဒါကိုတော့ ရွှေဘုန်းက မှတ်မိသည်။

ဒါပေမဲ့ အဘိုးလိုများ သူယောင်မယ်အရှင်နှင့် တွေ့လျှင် မိမိဘာလုပ်ရမည်ဆိုသည်ကိုတော့ ရွှေဘုန်း စဉ်းစား၍မရအောင် ဖြစ်နေလေသည်။

စိုးယဉ်ထွန်း


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လေးပဒိုမက်

နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး | ဟိမဝန္တာ သွေးသန့်ဆေး

**ခရုသင်း** | **သမင်မြို**

ခရုသင်း၊ သမင်မြို၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ ကာလသားရောဂါ၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရွိုက်၊ ရေယုန်၊ မှက္ခရုနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လေးပဒိုမက်** အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၀)၊ ၃၂-လမ်း(အထက်)၊ ၃-ရပ်ကွက်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဆေးမှာလိုသူများ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com




ဧရာဝတီမြစ်ကမ်း၏ ညနေဆည်းဆာအချိန်အလှမှာ ပန်းချီကားတစ်ချပ်နှယ် ကြည့်မဝအောင် ရှိနေပါသည်။ မြစ်ရေမှာ ညင်သာစွာ စီးဆင်းလျက်ရှိပြီး မြစ်တွင်း လှေသမ္ဗန်များ စုန်ဆန်သွားနေသည်ကလည်း သာမော့ဖွယ်ရှိလှပါသည်။ မြစ်ပြင်ကိုဖြတ်၍ တိုက်ခတ်လာသော လေပြည်လေညင်းကလည်း လူတိုင်းကို အေးမြစေပါသည်။

သော်ဇင်သည် မြစ်ပြင်အလှတွင် နစ်မြောနေရာမှ သူ တည်းခိုရမည့်အိမ်ကို လှည့်ကြည့်လိုက်သည်။ အိမ်မှာ မြစ်ကမ်းအနီးတွင် ဆောက်လုပ်ထားသော သစ်သားခြေတံရှည်အိမ် ဖြစ်သည်။ အပေါ်ထပ်တွင် ပြတင်းပေါက်မှန်တံခါးများရှိ၍ နောက်ဆုံး နေရောင်ဖြင့် လက်နေပါသည်။ အိမ်တည်ဆောက်ပုံမှာ မြို့ရေကာတာ၏ အပြင်ဘက်တွင် ရှိသဖြင့် မိုးတွင်းကာလတွင် ရေပတ်လည်ဝိုင်းနေမည့် အနေအထားရှိပါသည်။ ယခင်က ပတ်ဝန်းကျင်တွင် တဲအိမ်များ ရှိခဲ့ဖူးသော်လည်း ရေဘေးအန္တရာယ်ကို မခံနိုင်၍ ရေကာတာအတွင်းသို့ ပြောင်းသွားကြကြောင်း သိရသည်။ အိမ်ရှင်မှာ စိတ်ကူးကောင်းပြီး လူနေအိမ်ခြေနှင့်ဝေးပြီး မြစ်ရေနှင့်နီးရာတွင် အပန်းဖြေရန်သော်လည်းကောင်း၊ ဧည့်ရိပ်သာအဖြစ်သော်လည်းကောင်း ဆောက်လုပ်ထားခြင်းဖြစ်သည်။

ပိုင်ရှင်မှာ ဆန်စက်သူဌေးဖြစ်၍ ဆန်စက်နှင့်ပတ်သက်သော ဧည့်သည်များ လာပါက ထိုရိပ်သာတွင်

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ညည့်ခံလေ့ရှိပါသည်။ တစ်ခါတစ်ရံ ဌာနဆိုင်ရာ အကြီးအကဲများ လာ၍ အကူအညီတောင်းပါကလည်း တည်းခိုခွင့်ပြုပေးရပါသည်။ ဧည့်သည်မရှိ၍ အိမ်ကို ပိတ်ထားရသော်လည်း သန့်ရှင်းရေးနှင့် လုံခြုံရေးအတွက် ဝန်ထမ်းတစ်ဦး ခန့်ထားပါသည်။

သော်ဇင်သည် ရန်ကုန်တက္ကသိုလ် တက်ရောက်စဉ်က ဤတည်းခိုခန်းပိုင်ရှင် စိုးအောင်နှင့် အလွန်ရင်းနှီးခဲ့သည်။ စိုးအောင်က သူ့မြို့သို့ အလည်လာရန် အကြိမ်ကြိမ် ခေါ်ခဲ့ဖူးသော်လည်း မလာဖြစ်ဘဲ ယခုနှစ် သင်္ကြန်ရောက်မှ အနားယူရင်း ဝတ္ထုရှည်တစ်ပုဒ်ရေးရန် ရောက်ရှိလာခြင်း ဖြစ်ပါသည်။ သူလာသည့်အချိန်တွင် စိုးအောင် မိသားစုက အထက်အညာသို့ ဘုရားဖူးသွားချိန်နှင့် တိုက်ဆိုင်နေခဲ့သည်။ စိုးအောင်က သူ့အတွက် ဂျစ်ကားတစ်စီး၊ ဒရိုင်ဘာတစ်ဦးနှင့် တည်းခိုခန်းကို စီစဉ်ပေးထားခဲ့ပါသည်။

သော်ဇင်သည် ရန်ကုန်က နံနက်လေးနာရီထွက်သော အဝေးပြေးကားဖြင့် လိုက်ခဲ့ရာ ညနေသုံးနာရီမှ ရောက်ပါသည်။ ကားဂိတ်တွင် ဒရိုင်ဘာ ကိုတင်စိုးက လာရောက်ကြိုဆိုနေသဖြင့် ထိုကားဖြင့် ကမ်းနားဧည့်ရိပ်သာသို့ ရောက်ခဲ့ခြင်း ဖြစ်သည်။ အပေါ်ထပ်တက်၍ ပြတင်းပေါက်များကို ဖွင့်ကြည့်ကာ မြစ်ပြင်ကို ငေးမောနေခဲ့သေးသည်။ ရေချိုး အဝတ်လဲပြီးမှ အောက်သို့ ဆင်းခဲ့ခြင်းဖြစ်သည်။ မြစ်ပြင်သို့ ငေးမောနေစဉ် ကိုတင်စိုး ဂျစ်ကားနှင့် ရောက်လာပြီး စားသောက်ဖွယ်ရာများကို သယ်ဆောင်ကာ အပေါ်ထပ်သို့ တက်သွားပြီး ခဏအကြာ ပြန်ဆင်းလာပါသည်။

'ဆရာ..ညစာ ပြင်ဆင်ပြီးပါပြီ။ အစာမစားမီ ဆရာ့အတွက် အဖျော်ယမကာလည်း အသင့်ရှိပါတယ်။ ကြိုက်သလို သုံးဆောင်နိုင်ပါတယ်'

'ကျွန်တော်က ဘာမှမလုပ်တတ်ပါဘူး ကိုတင်စိုးရဲ့။ ညစာရရင် လုံလောက်ပါပြီ'

'အချိုရည်က ရေခဲသေတ္တာထဲမှာ ရှိပါတယ် ဆရာ'

သော်ဇင် အပေါ်ထပ်သို့ တက်ခဲ့သည်။ ညစာ ပြင်ဆင်ထားသည်မှာ ဖွယ်ဖွယ်ရာရာနှင့် စားပွဲတစ်ဝိုင်းစာ ရှိနေပါသည်။ စားသောက်ပြီးသည်နှင့် ကိုတင်စိုးကို ပြောရသည်။

'ကိုတင်စိုး နောက်နေ့ ထမင်းမှာရင် တစ်ယောက်စာအတွက် ထမင်းကြော်ဖြစ်ဖြစ်၊ ခေါက်ဆွဲကြော်ဖြစ်ဖြစ် တစ်ပွဲစာဆိုရင် လုံလောက်ပါပြီ။ အများကြီးမှာရင် အပိုကုန်တာပေါ့'

'ဟုတ်ကဲ့၊ ကောင်းပါပြီ ဆရာ'

ပန်းကန်များ ဆေးပြီးသောအခါ ကိုတင်စိုးက ပြန်ရန် နှုတ်ဆက်ပါသည်။

'ညမှာ လုံခြုံရေးဝန်ထမ်း လာလိမ့်မယ် ဆရာ။ လိုအပ်တာရှိရင် သူ့ကို ခိုင်းနိုင်ပါတယ်။ အရေးကြီးကိစ္စရှိရင် ကျွန်တော့်ကို ခေါ်ခိုင်းလို့လည်း ရပါတယ်။ ဒီနေရာက အေးချမ်းပါတယ်။ ဆရာ အဆင်ပြေမှာပါ။ ကျွန်တော် ပြန်ပါဦးမယ်'

ကိုဟင်စိုး ပြန်သွားသည်နှင့် သော်ဇင်သည် အောက်ထပ်သို့ ဆင်းခဲ့သည်။ မြို့ငယ်လေးဖြစ်၍ နေဝင်စတွင် လူအသွားအလာ မရှိတော့ပါ။ လသာရက်ဖြစ်သဖြင့် မြစ်ပြင်တွင် ငွေရောင်လက်နေပါသည်။ မှုအိုက်သော ယခုလို နွေကာလတွင် အေးချမ်းလှပနေသော မြစ်ကမ်းပါးသည် အဖိုးတန်လှပါသည်။

အချိန်ကြာသည်နှင့်အမျှ အေးစိမ့်လာသဖြင့် အိမ်ပေါ် တက်ရန် နောက်သို့ လှည့်လိုက်စဉ် အသက်ခြောက်ဆယ်ကျော်ခန့် လူကြီးတစ်ဦးက သူ့ဆီသို့ လျှောက်လာနေသည်ကို တွေ့ရသည်။ အနီးသို့ ရောက်သည်နှင့် ထိုလူကြီးက သူ့ကို နှုတ်ဆက်ပါသည်။

'ဆရာက ဧည့်သည်ထင်တယ်။ ကျွန်တော်က ညစောင့် အောင်မင်းပါ'

'ဪ..ကျွန်တော်က ညစောင့်ဆိုတော့ လူငယ်မှတ်တာ'

'အသက်ကြီးပေမယ့် လိုတာရှိရင် အားမနာပါနဲ့။ ခိုင်းပါ ဆရာ'

'ကျွန်တော်က ဒီမှာနေတာ ကြာပါပြီ။ ဟောဟိုညောင်ပင်အောက်က ခုံတန်းမှာ ကျွန်တော် အမြဲရှိနေပါတယ်။ ညဘက် အစစစိတ်ချပါ ဆရာ'

'ဘာအန္တရာယ်မှ မရှိစေရပါဘူး။ ဆရာ အပေါ်တက်တော့လေ။ အေးလာပြီ'

ဦးအောင်မင်း ပြောသည်မှာ မှန်ပါသည်။ မြစ်လေကြောင့် တစ်ကိုယ်လုံး အေးစိမ့်လျက်ရှိနေသဖြင့် အပေါ်



www.burmeseclassic.com

www.burmeseclassic.com

ထပ်သို့ တက်ခဲ့သည်။ အပေါ်ထပ် မြစ်ကမ်းဘက်တံခါးများကို ဖွင့်လိုက်သည်။ ဦးအောင်မင်းကို ညောင်ပင်အောက်က ခုံတန်းလျားတွင် ထိုင်နေသည်ကို မြင်နေရသည်။ ပက်လက်ကုလားထိုင်တွင် မြစ်ဘက်သို့လှည့်၍ ထိုင်ရင်း ရေးရမည့် ဝတ္ထုအတွက် စိတ်ကူးနှင့် စာစီနေပါသည်။ စားပွဲပေါ်တွင်ရေးရန် စက္ကူများ အသင့်ချထားပြီး မြစ်ပြင်ကို ငေးကြည့်ရင်း အိပ်ငိုက်လာရာမှ အိပ်ပျော်သွားပါသည်။ ညလေအေးကြောင့် အိပ်ရသည်မှာ အရသာရှိပါသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိနားတွင် စက်သံများ၊ ရေသံများကို ကြားနေရာမှ လူသံများကိုပါ ကြားနေရသည်။ စက်သံမှာ ကားသံလား၊ သင်္ဘောသံလား ခွဲခြားမရအောင် ရှိပါသည်။ ဧရာဝတီမြစ်ကမ်းဖြစ်၍ သင်္ဘောသံ ဖြစ်ရမည်ဟု တွေးမိသည်။

စက်သံရပ်သွားသည်နှင့် လူသံများကို ဆူဆူညံညံကြားရတော့သည်။ အိပ်ကောင်းနေစဉ် လူသံများကြောင့် နိုးသွားခဲ့ပြီး ရှေ့တည့်တည့်သို့ကြည့်လိုက်ရာ အဖြူရောင်သင်္ဘောတစ်စင်း ကပ်ထားသည်ကို မြင်လိုက်ရသည်။ သင်္ဘောမှာ နှစ်ထပ်သင်္ဘောဖြစ်၍ မြစ်ရေကျချိန်ဖြစ်၍ ကမ်းနှင့် ကိုက်တစ်ရာခန့်တွင် ကျောက်ချ၍ ရပ်ထားခြင်းဖြစ်သည်။ အပျော်စီးသင်္ဘောဖြစ်၍ သကြံန်ကာလ မိသားစုဝင်များ စုပေါင်း၍ ခရီးထွက်ကြဟန်တူသည်။

အပေါ်ထပ်တွင် အိပ်ခန်းများပါရှိ၍ မိသားစုစုံတွဲများ ထွက်ကြည့်နေသည်ကို မြင်ရသည်။ အောက်ထပ်တွင် အစားအသောက်အတွက် ချက်ပြုတ်နေကြသည်မှာ အလုပ်သမားများ ဖြစ်လိမ့်မည်။ မကြာမီ အပေါ်ထပ်မှ စုံတွဲများ ရေကူးအောင်းဘီများ ဝတ်ဆင်လျက် အောက်ထပ်သို့ ဆင်းလာကြသည်။ မြစ်ထဲဆင်း၍ ရေကူးသူကကူးနေကြသည်။ ရေကျချိန်ဖြစ်၍ သဲသောင်ပြင်ဖွေးဖွေးတွင် ပြေးလွှားဆော့ကစားနေသူများလည်း ရှိပါသည်။ အပေါ်ထပ်တွင် ကျန်သူများကလည်း ရေကူးသူများကို အော်ဟစ်အားပေးနေကြသည်။ ပူအိုက်သော ရာသီတွင် မြစ်ထဲ ဆင်း၍ ရေကူးရသည်မှာ အလွန်ကျေနပ်စရာကောင်းပါသည်။ လရောင်အောက်ဝယ် ရေကူးသူများနှင့် သောင်ပြင်ပေါ်တွင် ဆော့ကစားနေကြသူများမှာ ပျော်ရွှင်နေကြပါသည်။ ရေကူး၍ မောသူများက သင်္ဘောဘေးတွင်ကပ်၍ အရက်ယူသောက်နေသူများလည်း ရှိသည်။ အချို့က အရက်သောက်လိုက်၊ ရေထဲ ပြန်ဆင်းလိုက်ဖြစ်နေကြသည်။

ညဉ့်နက်လာသည်နှင့်အမျှ ရေထဲဆင်းသူများ ပြန်တက်လာကြသည်။ ရေချိုးပြီးသူများက ဂီတာတီးသူကတီး၊ သီချင်းဆိုသူကဆိုနှင့် ပျော်နေကြပြန်သည်။ သော်ဇင်မှာ သူတို့ပျော်နေသည်ကိုကြည့်ရင်း ပြန်အိပ်ရန်မေ့ပြီး သူတို့ထဲမှ အပျော်များ ကူးစက်လာကာ စာရေးရန်ပင် မေ့နေလိုက်တောသည်။

အပေါ်ထပ်တွင် စားပွဲရှည်ကြီး၌ အရက်ပုလင်းများ၊ အချိုရည်များနှင့် ခင်းကျင်းပြင်ဆင်နေသည်။ အောက်ထပ်မှာ ချက်ပြုတ်ကြော်လှော်ထားသည့် ဟင်းများကို အပေါ်ထပ်သို့ ပို့ပေးရသည်။ အရက်ဝိုင်းတွင် လူစုံလာသဖြင့် စည်ကားလျက်ရှိပါသည်။ စကားပြောသံများနှင့် အားရပါးရ ရယ်မောသံများက မြစ်အတွင်း စီစီညံနေပါတော့သည်။ တစ်နာရီခန့် ကြာသည်နှင့် အလွန်အကျွံမူးသူ နှစ်ယောက်ကို သူတို့အခန်းများသို့ခွဲ၍ ပို့နေသည်ကိုလည်း မြင်နေရသည်။ သူတို့အုပ်စုကိုကြည့်ရင်း ပို၍စိတ်ဝင်စားဖွယ်ကောင်းသော မြင်ကွင်းကို မြင်လိုက်ရသည်။

အမူးလွန်နေသော အမျိုးသားနှစ်ဦး အပြန်အလှန် အော်ဟစ်နေကြပါသည်။ အော်ဟစ်ဆဲဆိုရာမှ ထိုးကြိတ်ရန် ရန်ပွဲအသွင် ဆောင်လာပါသည်။ ရန်ဖြစ်နေသော အမျိုးသား နှစ်ဦးကြားတွင် အလွန်ချောမောလှပသော အမျိုးသမီးတစ်ဦးက ကြားဝင်ရပ်လိုက်သည်။ ဒေါသလွန်ကဲနေသော အမျိုးသားက ထိုအမျိုးသမီး၏ပါးကို ပြင်းထန်စွာ ရိုက်ချလိုက်ရာ အမျိုးသမီးမှာ ကုန်းပတ်ပေါ်သို့ ပုံလျက်လဲကျသွားပါသည်။ ထို့နောက် အမျိုးသားနှစ်ဦး အပြန်အလှန် ထိုးကြိတ်ရင်း စားပွဲအောက်သို့ လဲကျကာ နှစ်ဦးသားလုံး တွေးသတ်ပုတ်နေကြတော့သည်။ ရန်ပွဲပြင်းထန်လာမှ အရက်သောက်သူများသည် အရက်ခွက်ကို ချကာ သူတို့ နှစ်ယောက်ကို တစ်ဖက်စီဆွဲကာ လူစုခွဲကြသည်။ ဒေါသပြင်းထန်သူ တစ်ဦးကို သင်္ဘောအောက်ထပ်သို့ပို့ပြီး ကျန်တစ်ဦးကို အိပ်ခန်းထဲ ထည့်လိုက်မှ အနည်းငယ် ငြိမ်သက်သွားပါသည်။ အရက်ဝိုင်းလည်း ပျက်ကာ အားလုံး ပျော်ရွှင်မှုများ ပျောက်ကွယ်သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရန်ပွဲပြီးပြီဟု ထင်နေစဉ် ဝုန်းဒိုင်းအသံများကို ကြား ရ၍ သင်္ဘောဆီသို့ ကြည့်မိပြန်သည်။ အောက်ထပ်သို့ အပို့ခံရသော အမူးသမားမှာ အားလုံးလက်မှ ရုန်းထွက်ပြီး အပေါ်ထပ်သို့ ရောက်လာသည်။ အရက်ဝိုင်းတွင် စုဖွဲ့ထိုင် နေသူများကို စိန်ခေါ်ရင်း ကုလားထိုင်နှင့် စားပွဲရှည်၏ အလယ်ကို လွှဲ၍ရိုက်ချလိုက်သည်။ ပုလင်းများ၊ ပန်းကန် များကွဲပြီး အုတ်အော်သောင်းတင်း ဖြစ်သွားကြသည်။ ထိုလူကို လူလေးယောက်ခန့် အတင်းဆွဲခေါ်ကာ အောက် ထပ်သို့ပို့လိုက်ပြီး အပေါ်သို့ ပြန်မတက်နိုင်အောင် လှေ ကားတွင် အစောင့်များ ချထားလိုက်သည်။ ပျော်ရွှင်စရာ မြင်ကွင်းမှ စိတ်ညစ်စရာမြင်ကွင်း ဖြစ်သွားပါသည်။

သော်ဇင်မှာ သူတို့ကိုကြည့်ရင်း အိပ်ချင်စိတ်မရှိတော့ ဘဲ စာရေးချင်စိတ်များပင် ပျောက်သွားပါသည်။ ရန်ပွဲဆီ မှ အာရုံပြောင်းကာ ထိန်ထိန်သာနေသော လမင်းကြီးနှင့် မြစ်ပြင် ထိစပ်ရာမှ ပေါ်လာသည့် ငွေလှိုင်းဂယက်ကလေး များကို ငေးနေခဲ့သည်။ စိတ်အေးချမ်း၍ တည်ငြိမ်စပြုစဉ် မျှော်လင့်ဘဲ ရုတ်တရက်ပေါက်ကွဲသံကြောင့် တစ်ကိုယ် လုံး တုန်လှုပ်သွားပါသည်။

သင်္ဘောပေါ်မှာ အလွန်အားကောင်းသော မီးတောက် ကြီးကို မြင်လိုက်ရသည်။ မီးတောက်ကြီး တက်လာ သဖြင့် သင်္ဘောရှိ လူအားလုံးက ဝိုင်းဝန်းငြိမ်းသတ်နေကြ သည်ကို မြင်နေရသည်။ မီးတောက်မှာ တစ်စထက်တစ်စ ကြီးမားကာ သင်္ဘောကြီး တစ်စင်းလုံးကို မျိုဝါးတော့မည့် အသွင်ရှိနေပါသည်။ ဧရာဝတီမြစ်လယ်တွင် မီးလောင် ခြင်းမှာ ကိုယ်တိုင်မြင်လိုက်ရ၍သာ ယုံစရာဖြစ်ရပါသည်။ မီးများ အားကောင်းသည်ထက် ကောင်းနေစဉ် လေပြင်း တိုက်ခတ်လိုက်သဖြင့် သင်္ဘောကြီး ပြာကျရတော့မည့် အခြေသို့ ရောက်ခဲ့ရပါတော့သည်။

လူအင်အားနှင့် မီးကို မနိုင်သည့်အဆုံးတွင် ပြေး ပေါက်မရှိသဖြင့် နီးရာနေရာက မြစ်ထဲသို့ ခုန်ချသူများက ခုန်ချနေကြသည်။ အမျိုးသမီးများမှာ မပြေးနိုင်သဖြင့် တောင်ပြေး မြောက်ပြေးနှင့် ဗျာယာခတ်နေသည်ကို မြင် နေရသည်။ မီးလောင်မှုပြင်းထန်သဖြင့် မြို့နယ်မီးသတ် ဌာနမှ မီးသတ်ကားများ လာလိမ့်မည်ဟု မျှော်လင့်ခဲ့သော် လည်း တစ်နာရီခန့် မီးလောင်နေသည့်တိုင် မည်သည့် မီးသတ်ကားမှ လာသည်ကို မတွေ့ရပါ။ မြို့နယ်လူထုက ဝိုင်းဝန်းငြိမ်းသတ်ပေးကြလိမ့်မည်ဟု ထင်သော်လည်း မည်သူတစ်ဦးတစ်ယောက်မှ လာသည်ကို မတွေ့ရပါ။ မီးမှာ လောင်စရာမရှိတော့ဘဲ သံထည်သာ ကျန်တော့မှ မီးညွန့်ကျိုးသွားပါသည်။ သင်္ဘောပေါ်တွင် ပါလာသူများ ၏ အန္တရာယ်မှာ မတွေးဝံ့အောင် ရှိပါတော့သည်။ ပြေး နိုင်သူများ အသက်ရှင်ခွင့်ရမည်ဖြစ်ပြီး ပိတ်မိနေသူများမှာ သေဖွယ်ရာသာ ရှိပါသည်။ မီးခိုးငွေ့များ လေနှင့်အတူ လွင့်မျောလာသည်ထင်၍ ပြတင်းပေါက်ကို ပိတ်လိုက်ပြီး မှန်တံခါးကသာ ကြည့်နေမိပါသည်။ ကိုယ်တိုင် အသည်း လှိုက်အူလှိုက် ထိတ်လန့်ဖွယ်မြင်ကွင်းကိုကြည့်ရင်း ချွေး များပြန်နေခဲ့သော်လည်း လာရောက်ကြည့်ရှုသူပင် မတွေ့ ရသဖြင့် ထူးဆန်းနေပါသည်။ မီးငြိမ်းပြီးသွားမှ သက် ပြင်းချနိုင်ပါတော့သည်။

ထိတ်လန့်စရာ၊ ရင်တုန်စရာ အဖြစ်မျိုး မြင်လိုက်ရ သဖြင့် စာရေးချင်စိတ်လည်း မရှိတော့ပါ။ စာရေး၍လည်း ရနိုင်တော့မည် မဟုတ်ပါ။ မြစ်ထဲတွင် မီးလောင်ပြီးကျန် သည့် သင်္ဘောအခွံမည်းမည်းကြီးကိုသာ မြင်ရတော့ သည်။ အိပ်ပျော်အောင် ကြိုးစားသော်လည်း အိပ်၍မရ တော့ပါ။ ကြီးကျယ်သော မီးလောင်မှုကြီး ဖြစ်နေသော် လည်း မြို့နယ်မီးသတ်အဖွဲ့က မသိယောင်ပြုခြင်းနှင့် လူထုက ကူညီရန် စိတ်မဝင်စားကြသည်ကို အံ့သြ၍မဆုံး အောင် ရှိနေပါသည်။

မိုးလင်းခါနီးမှ အိပ်ပျော်သွားသော်လည်း ခြောက် နာရီတွင် အိပ်ရာက နိုးလာသည်။ ညက အဖြစ်ကို သိချင် စိတ်ကြောင့် ကိုတင်စိုးကို စောင့်မနေတော့ဘဲ အိမ်က ထွက်ခဲ့သည်။ အိမ်ရှေ့အရောက်တွင် ညက မီးလောင် သော သင်္ဘောကို မျှော်ကြည့်လိုက်ရာ အလွန်အံ့သြသွား ပါသည်။ ညက မြင်ရသော မီးလောင်ခံသင်္ဘောမှာ လုံးဝ မရှိတော့ပါ။ ရေစီးနှင့် မျောပါသွားလေသလားဟု တွေး လိုက်သည်။ ညက အဖြစ်ကို အဖြစ်မှန်အတိုင်း သိချင် နေပါသည်။

မြစ်ကမ်းဘေးရှိ လက်ဖက်ရည်ဆိုင်တွင် ဝင်လိုက်ပြီး လက်ဖက်ရည် မှာလိုက်သည်။ သူထိုင်သည့် နေရာက ကြည့်လျှင် ညက မီးလောင်သော သင်္ဘောနေရာကို မြင် ရသည်။ မနက်စောသေးသဖြင့် လူရှင်းနေသည်။ ဆိုင် ရှင်ကိုယ်တိုင် လက်ဖက်ရည် လာချပေးပါသည်။ ပိုင်ရှင်

www.burmeseclassic.com

မှာ သူနှင့် ရွယ်တူလောက် ဖြစ်သည်။ သူတွေ့ခဲ့မိသည့် ညက သတင်းကို လက်ဖက်ရည်ဆိုင်ရှင်က အားလုံးပြော ပြလိမ့်မည် ထင်ခဲ့မိသော်လည်း မည်သူမှ စကားမျှ မစ သဖြင့် ပိုင်ရှင်ကို မေးလိုက်မိသည်။

'အစ်ကို.. ညက မီးလောင်တာ ဘယ်နေရာမှာ လောင်တာလဲ'

ပိုင်ရှင်မှာ သူ့စကားကို ကြားရ၍ အံ့သြသွားပြီး သူ့က ပြန်မေးနေပြန်သည်။

'မကြားမိပါဘူး။ ဘယ်နေရာမှာ လောင်တယ်လို့ ကြားသလဲ၊ ပြောပါဦး'

'ကမ်းနားလမ်းမှာ လောင်တယ်လို့ ကြားလို့ပါ'

'မဖြစ်နိုင်တာဗျာ။ ကျုပ်အဒေါ် နေမကောင်းလို့ ညက တစ်ညလုံး မအိပ်ရဘူး။ ဒီလမ်းမှာ မီးလောင်ရင် ကျုပ် သိရမှာပေါ့'

သော်ဇင် အံ့သြလွန်း၍ ဘာစကားမှ ဆက်မပြောနိုင်တော့ပါ။ ထိုလက်ဖက်ရည်ဆိုင်သည် မီးလောင်ရာနေရာနှင့် အနီးဆုံးနေရာဖြစ်သည်။ ထိုလူက မသိဘူးဟု ပြောသဖြင့် ထပ်ပြောစရာစကား မရှိတော့ပါ။ သည်မြို့ကလူတွေ ထူးဆန်းလှချည်လားဟု တွေးမိသည်။ ဒါလောက်ပြင်းထန်သော မီးလောင်မှုကြီးကို စိတ်ဝင်စားသူပင် မရှိပါကလားဟုတွေးရင်း စိတ်ပျက်ပြီး လက်ဖက်ရည်ဖိုး ရှင်းပေးပြီး ထိုနေရာက ပြန်ခဲ့ပါသည်။

သူ အိမ်ပြန်ပြီး မကြာခင် ကိုတင်စိုး ရောက်လာသည်။ ကိုတင်စိုးကတော့ မလွဲမသွေသိမှာပဲဟု ယူဆလိုက်မိသည်။

'ကိုတင်စိုးရေ..ဒီနေ့ စောစောနိုးလို့ လမ်းလျှောက်ရင်း လက်ဖက်ရည်သောက်ခဲ့ပြီးပြီ'

'ဒါဆို ဆရာ မလိုက်တော့ဘူးလား'

ကိုတင်စိုး၏ အခြေအနေမှာလည်း ထူးခြားမှုမရှိသဖြင့် သူ မနေနိုင်တော့ဘဲ မေးလိုက်ရတော့သည်။

'ကိုတင်စိုး..ညက မြစ်ထဲမှာ သင်္ဘောတစ်စင်း မီးလောင်တာ ခင်ဗျားကြားရဲ့လား'

'မကြားမိပါဘူး ဆရာ။ မြို့က ကျဉ်းကျဉ်းလေးဆိုတော့ အမှိုက်ပုံမီးလောင်ရင်တောင် အုတ်အော်သောင်းတင်း ဖြစ်ကြတာဆရာရဲ့။ ဘာသံမျှမကြားရတော့ မဖြစ်နိုင်ပါဘူး'



ကိုတင်စိုးဆီက စကားကို ကြားလိုက်ရ၍ သူ စိတ်ပျက်သွားပါသည်။ သူသိလိုသည်ကို မသိရ၍ မကျေမနပ်ဖြစ်ရသည်။ ဆက်မေး၍လည်း မဖြစ်တော့သဖြင့် စကားကို ရပ်လိုက်ရသည်။ ပတ်ဝန်းကျင်က အတည်ပြုချက် မရသဖြင့် စိတ်ပျက်အံ့သြရတော့သည်။ သူမြင်သည်မှာ တကယ်မှ ဟုတ်ရဲ့လားဟု ကိုယ့်ကိုယ်ကိုယ်ပင် သံသယရှိရတော့သည်။ ကိုယ်တိုင် မြင်ခဲ့ရသော၊ ကိုယ်တိုင် ထိတ်လန့်ခဲ့ရသော အဖြစ်ဆိုးကြီးကို တစ်လောကလုံးက မသိကြဘဲ သူတစ်ယောက်တည်း သိနေသည်ဆိုသည်မှာ ပုံမှန်မှ ဟုတ်ရဲ့လားဟု သံသယရှိစရာ ကောင်းနေပါသည်။

အလိုလိုနေရင်း စိတ်ပင်ပန်းနေသဖြင့် စာရေးချင်စိတ် မရှိသလို အိမ်မှာနေချင်စိတ်ပင် မရှိတော့ပါ။ တစ်နေရာသွား၍ အချိန်ဖြုန်းရရင် သက်သာမှုရလိမ့်မည် ထင်သည်။

နေ့လယ်စာ စားပြီးသည်နှင့် ကိုတင်စိုးကို တစ်နေရာရာ သွားချင်ကြောင်း ပြောရသည်။ ကိုတင်စိုးကလည်း သူတို့ မြို့ကို ရောက်ပါက လိုက်ပို့နေကျ တောင်ပေါ်ဘုရားသို့ လိုက်ပို့ပါသည်။ လမ်းခရီး ရှုခင်းများမှာလည်း အလွန်လှပသဖြင့် စိတ်ရွှင်လန်းရပါသည်။ ငါးမိုင်ခန့်သာဝေးပြီး လမ်းကောင်းသဖြင့် ပျော်စရာကောင်းပါသည်။ တန်ခိုးကြီးဘုရားဖြစ်၍ ဖူးရခဲသဖြင့် ကြည်နူးခဲ့ရသည်။ ညနေမှ ပြန်ရောက်ကြသည်။

ကိုတင်စိုး တစ်နေ့လုံး ပင်ပန်းနေသဖြင့် သူ့ကို အနားပေးရန် လမ်းတွင် ညစာစားခဲ့ပြီး ခုနစ်နာရီမှ အိမ်ပြန်ရောက်ပါသည်။ ကိုတင်စိုးကို ပြန်လွှတ်လိုက်ပြီး အမောဖြေကာ ရေချိုးလိုက်သည်။ အိမ်ပေါ်ကကြည့်လျှင် ညောင်ပင်အောက် တန်းလျားတွင် ဦးအောင်မင်းကို မြင်လိုက်၍ ဝမ်းသာသွားပါသည်။ ဦးအောင်မင်းသည် မီးလောင်ရာနှင့်

www.burmeseclassic.com

အနီးဆုံးဖြစ်၍ သူ မလွဲမသွေသိရမည် ဖြစ်သည်။

ဦးအောင်မင်း ရှိရာသို့ လျှောက်ခဲ့မိသည်။

'ဦးအောင်မင်း..ညက မြစ်ကမ်းဘေးမှာ သင်္ဘော တစ်စင်း မီးလောင်တာ မြင်ရလား'

'မမြင်ပါဘူး ဆရာ၊ ဒီနေရာမှာ သင်္ဘောတွေ ကပ် လေ့မရှိပါဘူး'

'သေချာရဲ့လားဗျာ'

'ကျွန်တော် မအိပ်ပါဘူး ဆရာ။ တစ်ညလုံး ဒီနေရာ မှာ ရှိနေခဲ့တာပဲ။ ညက ဒီနေရာကို သင်္ဘောမပြောနဲ့၊ လှေတစ်စင်းတောင် လာတာ မတွေ့ပါဘူး'

သော်ဇင် စိတ်ပျက်သွားသည်။ နောက်ဆုံးမျှော်လင့် ချက် ပျက်သွားပြီဖြစ်၍ သူ့ကိုယ်သူပင် မယုံနိုင်အောင် ဖြစ်နေသည်။ တစ်လောကလုံးက မမြင်သည့်အရာ သူက မြင်သည်မှာ တစ်လောကလုံးနှင့် ဆန့်ကျင်အမြင်ရှိသူသည် စိတ်မမှန်သူသာ ဖြစ်ရမည်။ သူသည် ပုံမှန်မဟုတ်တော့ သော အရူးတစ်ယောက်များ ဖြစ်နေပြီလား။

ဦးအောင်မင်းကို နှုတ်ပင်မဆက်တော့ဘဲ အိမ်ပြန်ခဲ့ ပါသည်။ သူသိလိုသည်ကို မသိရမချင်း စာရေးနိုင်တော့ မည် မဟုတ်ပါ။ စာရေး၍ မရသဖြင့် စာတစ်အုပ်ကို ဖတ်ကြည့်သော်လည်း စာထဲသို့စိတ်မရောက်ဘဲ ဆောက် တည်ရာမရအောင် ရှိနေပါသည်။ အိုက်စပ်စပ်ရှိသဖြင့် ပြတင်းပေါက်ကိုဖွင့်၍ မြစ်ပြင်ကိုငေးနေမိသည်။ ကုလား ထိုင်တွင် ထိုင်ရင်း ညက အဖြစ်ကို တွေးနေမိသည်။

အိပ်ရေးပျက်သဖြင့် အိပ်ငိုက်ရာမှ အိပ်ပျော်သွားပါ သည်။ အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ နားထဲတွင် စက်သံ၊ ရေသံ၊ လူသံများကို ကြားလာသည်။ သင်္ဘောတစ်စင်း၏ စက်သံဖြစ်သည်။ မြစ်ပြင်သို့ မျှော် ကြည့်လိုက်ရာ ယမန်နေ့က ကမ်းသို့ကပ်လာသော နှစ် ထပ်သင်္ဘောအဖြူဖြစ်ကြောင်း တွေ့လိုက်ရသည်။

သင်္ဘောမှာ မနေ့ကမြင်ခဲ့ရသောသင်္ဘောနှင့် အရောင် တူ ပုံစံတူဖြစ်သည်။ သင်္ဘောကပ်လိုက်သည်။ ရေကူးလို သူများက ရေထဲသို့ခုန်ဆင်းသွားကြပုံများမှာလည်း ယခင် ညကအတိုင်း ဖြစ်နေသည်။ အပေါ်ထပ်တွင် စားပွဲရှည် ကြီးနှင့် အရက်သောက်ကြသည်မှာလည်း ယခင်ညက အတိုင်း အတိအကျဖြစ်နေသည်။ မကြာမီ ရန်ပွဲဖြစ်တော့ မည်ကိုလည်း စိတ်က အလိုလိုသိနေသည်။ သူ ကြိုတင် သိထားသလို ရန်ပွဲဖြစ်လာသည်ကို မြင်ရသည်။ ရန်ပွဲဖြစ် ပြီးလျှင် သင်္ဘောမီးလောင်တော့မည်ကိုလည်း ကြိုတင် သိနေပြန်သည်။ မကြာမီ သင်္ဘောဆီမှ ပေါက်ကွဲသံများ ကြားရပြီး သင်္ဘောမီးလောင်သည်ကို မြင်ရတော့သည်။ ယမန်နေ့ ညက ဖြစ်စဉ်နှင့် တိတိကျကျ တူညီနေသဖြင့် ကြည့်ပြီးသော ရုပ်ရှင်ဇာတ်ကားကို နောက်တစ်ကြိမ် ပြန် ကြည့်နေရသကဲ့သို့ ခံစားရပါသည်။

သူ့အဖြစ်သည် ပုံမှန်မဟုတ်တော့ကြောင်း သတိထား မိသည်။ သည်မြင်ကွင်းကို ဆက်လက်ကြည့်နေရပါက သူ ရူးသွားနိုင်သည်။ မြင်ကွင်းကို မကြည့်မိစေရန် မျက်စိ ကို မှိတ်လိုက်ပြီး မြင်ကွင်းများနှင့် အဆက်ဖြတ်လိုက် သည်။ သင်္ဘောဆီမှ မီးရောင်ကိုပင် မမြင်ရအောင် ပြတင်း ပေါက်ကို ပိတ်ထားမှ ဖြစ်မည်။ ပြတင်းကို အမြန်ပိတ်ရန် ရှန်းထလိုက်စဉ် ရုတ်တရက် လန့်နိုးသွားပါသည်။ ယခုမှ သူ အိပ်မက်,မက်နေခြင်းဖြစ်ကြောင်း သတိထားမိသည်။ အိပ်မက်မှန်း သိလိုက်ရ၍ စိတ်သက်သာမှုရလိုက်ပါသည်။ ယမန်နေ့ညက ကြောက်လန့်စရာ မြင်ကွင်းကို စွဲလမ်း၍ အိပ်မက်ခြင်းသာဖြစ်၍ သူ့စိတ်မှာ ပုံမှန်ပင် ရှိနိုင်ပါသည်။ အိပ်မက်မှန်း သိလိုက်ရမှ သူကိုယ်တိုင် ကျေနပ်မိပါသည်။

နောက်နေ့နံနက်တွင် ထုံးစံအတိုင်း ကိုတင်စိုးရောက် လာပြီး လက်ဖက်ရည်ဆိုင် သွားကြသည်။ သင်္ဘော မီး လောင်သည့်ကိစ္စ သူကစ၍ မပြောသလို ကိုတင်စိုးက လည်း မပြောပါ။ ထိုကိစ္စကို ပြောလိုစိတ် မရှိသော်လည်း မေ့ပျောက်၍မရသလို အာရုံတွင် စွဲထင်နေပါသည်။ စာ ရေး၍ မရသည့်အတူ အိမ်တွင် မနေလိုဘဲ တစ်နေရာကို သွား၍ အချိန်ဖြုန်းရန် စိတ်ကူးမိသည်။ ကိုတင်စိုးကို တစ်နေရာရာ လိုက်ပို့ရန်ပြောရာ ကိုတင်စိုးက နတ်မီး တောင်သို့ လိုက်ပို့ပါသည်။

နတ်မီးတောင်မှာ ရှစ်မိုင်ခန့် ဝေးသော်လည်း လမ်း ကောင်းပြီး ရှုခင်းများ လှပသဖြင့် ကျေနပ်စရာကောင်း ပါသည်။ နတ်မီးတောင်မှာ ရှေးဟောင်းလိုဏ်ဂူကြီး တစ် ခုဖြစ်ပြီး အတွင်းသို့ ကိုက်နှစ်ရာခန့် ဝင်သွားသည်နှင့် ကျောက်ခက်များကြားမှ ဖယောင်းတိုင်ကဲ့သို့ မီးတောက် နေခြင်းဖြစ်သည်။ ရှေးက လူများက ဂမ္ဘီရဆန်သည်ဟု ယုံကြည်နေသော်လည်း ရေနံကြော သဘာဝဓာတ်ငွေ့မှ မီးလင်းခြင်း ဖြစ်ပါသည်။ ဗဟုသုတရသည့်အတွက် ထို



www.burmeseclassic.com

www.burmeseclassic.com

တင်စိုးကို ကျေးဇူးတင်ရပါမည်။

အိမ်ပြန်ရောက်သည်နှင့် ညစာစားပြီး မြစ်ကမ်းဘက်သို့ ငေးနေမိသည်။ မီးလောင်ခြင်းကို မြင်ယောင်နေသဖြင့် မျက်စိစုံမှိတ်ထားရသည်။ မကြာမီ အိပ်ပျော်သွားရာမှ ထိုအိပ်မက်ကို ယမန်နေ့ ညကအတိုင်း အိပ်မက်ပြန်သည်။ ထိုအိပ်မက်ကိုပင် နှစ်ညဆက် မက်ခြင်းအတွက် အံ့ဩရုံသာမက ထိတ်လန့်မှုပင် ဖြစ်လာပါသည်။ သူ့ကိုယ်သူပင် သံသယရှိရမလို ခံစားရပါသည်။ ထိုအိမ်တွင် ဆက်နေပါက ညတိုင်း ထိုအိပ်မက်မျိုး ဆက်၍မက်မှာ ကြောက်လာပါသည်။ ထိုအိမ်က အမြန်ဆုံး ထွက်မှဖြစ်တော့မည်။ စာရေး၍ မရသည့်အတူ ရန်ကုန်သို့ပြန်ရန် ဆုံးဖြတ်လိုက်မိသည်။

'ကိုတင်စိုး--မနက်ဖြန် ရန်ကုန်ပြန်မယ်။ မနက်စောစော ကားလက်မှတ် လိုချင်တယ်'

'ဆရာပြန်တာ မြန်လှချည်လား။ ဆရာ့ဝတ္ထု ပြီးပြီလား'

'စာရေးမရလို့ ပြန်တာပါ။ ခင်ဗျားကို အထူးကျေးဇူးတင်ပါတယ်'

'လက်မှတ်အတွက် စိတ်ချပါ ဆရာ'

ထို့နေ့က ဘယ်ကိုမှမသွားတော့ဘဲ တစ်နေကုန် အိမ်မှာနေခဲ့သည်။ ရန်ကုန်ပြန်ရန် ပစ္စည်းများ သိမ်းခဲ့သည်။ ညစာစားပြီး အပြင်မထွက်တော့ဘဲ အိမ်ထဲမှာ နေခဲ့သည်။ ယနေ့ညလည်း အိပ်မက်လာချဦးတော့မည်။ အိပ်မက်ညကို ဖြတ်သန်းရပေဦးတော့မည်။ နောက်ဆုံးညအဖြစ် ထိတ်လန့်တုန်လှုပ်မှုကို ကြံ့ကြံ့ခံလိုက်တော့မည်။

ညခုနစ်နာရီခန့်တွင် အသက်သုံးဆယ်ခန့် လူရွယ်တစ်ဦး ရောက်လာသည်။ တစ်ခါမှ မမြင်ဖူးသူဖြစ်၍ လာရင်း ကိစ္စမေးရန် ပြင်ဆင်နေချိန် သူက စတင်ပြောပါသည်။

'ဆရာ··ကျွန်တော် မောင်ဦးပါ။ ကျွန်တော့် အရေးပေါ်ကိစ္စရှိလို့ ခရီးသွားနေခဲ့တာပါ'

သော်ဇင်မှာ မောင်ဦး၏ စကားကို နားမလည်သဖြင့် ပြန်မေးလိုက်သည်။

'ခင်ဗျားက ဘယ်သူလဲ'

'ကျွန်တော်က ဒီရိပ်သာရဲ့ လုံခြုံရေးဝန်ထမ်းပါ'

'လုံခြုံရေးဝန်ထမ်းက ဦးအောင်မင်းတစ်ယောက်တည်း မဟုတ်ဘူးလား'

'ဆရာက ဦးအောင်မင်းကို တွေ့ဖူးလို့လား'

'တွေ့ဖူးတာပေါ့။ သူက ညဘက်မှာ အမြဲလာတယ်လေ'

'ကျွန်တော် အဲဒီကိစ္စတွေ စိတ်ပူလို့ အမြန်ပြန်လာခဲ့တာ။ ကျွန်တော့်ဇနီးက တောရွာက သူ့မိဘအိမ် အလည်သွားရင်း ဟိုမှာ ကလေးမီးဖွားလို့ ကျွန်တော် လိုက်သွားရတာ။ သကြံန်ရက်ရောက်တာကို သတိရလို့ အမြန်ပြန်လာတာ။ သကြံန်ရက်ဆိုရင် ဒီရိပ်သာမှာ အခြောက်အလှန့်ရှိလို့ ဒီကို ဘယ်သူမှ မလာရဲကြဘူး။ ညအိပ်ရရင်လည်း ညတွင်းချင်း ပြန်ပြေးတတ်ကြတယ်။ ဒီရက်မှာ ဆရာရောက်လာမယ်ဆိုတာ သိထားတော့ ဆရာ့အတွက် စိတ်ပူလို့ အမြန်ပြေးလာခဲ့တာပါ'

'အေးဗျာ၊ ကိုမောင်ဦး ပြောတာကို စိတ်ဝင်စားတယ်ဗျာ။ ဆက်ပြောပါဦး။ ဘယ်လိုခြောက်မှုမျိုးတွေ ဖြစ်တတ်သလဲ'

'ဆရာ စိတ်ဝင်စားရင် ပြောပါ့မယ်။ ဦးအောင်မင်းဟာ ကျွန်တော့်အဖေပါ။ သူကွယ်လွန်တာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီ။ သူ မကျွတ်လွတ်ဘူး ဆရာ။ သူက ဒီရိပ်သာမှာ လုံခြုံရေးလုပ်ရင်း ကွယ်လွန်သွားတာဆိုတော့ သကြံန်ရောက်ရင် သူရောက်လာတတ်လို့ ဒီရိပ်သာမှာ အခြောက်အလှန့်ရှိတယ်လို့ ပြောပြတာပါ။ သကြံန်ရက်ဆိုရင် ဒီဘက်ကို မလာရဲကြဘူး။ ကျွန်တော်က အဖေ မကျွတ်ဘူး ဆိုတာသိလို့ အခြောက်အလှန့်မရှိကြောင်း ပြောနိုင်ဖို့ လုံခြုံရေးတာဝန် ရအောင် ကြိုးစားခဲ့တာပါ။ အဖေက ခြောက်လှန့်နေတာ လူတွေ မသိစေချင်လို့ပါ။ ဆရာဦးစိုးအောင်ကို အကျိုးအကြောင်းပြောပြပြီး ဒီအလုပ်လုပ်နေခဲ့တာပါ။ ကျွန်တော်ကလွဲလို့ အခြား ဒီမှာ နေရဲတဲ့လူ မရှိသလောက်ပါဘဲ။ ဆရာဦးစိုးအောင်က လက်ခံပြီး ကျွန်တော့်ကို ခန့်ထားတာပါ'

'ဦးအောင်မင်းက ဘယ်လိုကွယ်လွန်ခဲ့တာလဲ'

'အဖြစ်က ထူးဆန်းတယ်ဆရာ၊ ပြောရင် ယုံနိုင်ဖွယ်မရှိပါဘူး။ အဖြစ်က ဒီလို ဆရာရဲ့။ အဖေ လုံခြုံရေးတာဝန်ယူခဲ့တဲ့ ဒီသည့်ရိပ်သာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်က အခုလို သကြံန်အကျနေ့ ညတစ်ညမှာ ညဉ့်သန်းခေါင်အချိန် ကမ်းနားကို အပျော်စီး နှစ်ထပ်သင်္ဘောတစ်

www.burmeseclassic.com

စင်း ဆိုက်ရောက်လာတယ်။ သဘော်ာကပ်လိုက်တာနဲ့ သင်္ဘောသားနှစ်ယောက် ကုန်းပေါ် ပြေးတက်လာပြီး အဖေ့ကို ရေခဲဝယ်ခိုင်းတယ်။ ဝယ်ယူဖို့ ခက်ခဲပေမယ့် ငွေများများပေးတော့ အဖေကလည်း မြို့ထဲက ရအောင် ဝယ်ပေးခဲ့တယ်။ အဖေက ရေခဲတွေကို သင်္ဘောပေါ် အရောက်တင်ပို့ပေးလိုက်တော့ သင်္ဘောသားတွေက အဖေ့ကို ကျေးဇူးတင်လွန်းလို့ ငွေပေးတဲ့အပြင် အရက်ပါ တိုက်ပါတယ်။ အဖေကလည်း အရက်ကြိုက်တဲ့လူဆိုတော့ သူတို့နဲ့ ဝိုင်းဖွဲ့နေကြရင်း အချိန်ကြာတော့ အဖေဟာ မပြန်နိုင်လောက်အောင် မူးသွားတယ်။ အဲဒီအချိန် အပေါ်ထပ်က ခရီးသည်အချင်းချင်း ရန်ဖြစ်ကြပြီး သိပ်မူးနေတဲ့ လူက ဓာတ်ဆီပုံးတွေဆွနဲ့ပြီး မီးရှို့လို့ သင်္ဘောတစ်စင်းလုံး မီးလောင်သွားပါတယ်။ သင်္ဘောပေါ်မှာ ပါလာတဲ့ ယောက်ျားနှစ်ယောက်၊ မိန်းမသုံးယောက်နဲ့ အဖေအပါအဝင် ပေါင်းလူခြောက်ယောက် အသက်ဆုံးရှုံးခဲ့ရပါတယ်'

'အဲဒီနောက်ပိုင်း ဘာတွေဖြစ်သေးသလဲဗျ'

'နောက်ပိုင်း သင်္ကြန်ရက်တွေမှာ သင်္ဘောပေါ်က ကွယ်လွန်သွားတဲ့ ဝိညာဉ်တွေရယ်၊ အဖေ ဦးအောင်မင်းရယ် ရောက်လာတတ်ကြပါတယ်။ နှစ်တိုင်းတော့မဟုတ်ပါဘူး။ ရောက်တဲ့နှစ်မှ ရောက်ရောက်လာတတ်ကြပါတယ်။ အဲဒီဝိညာဉ်တွေ ရောက်လာတဲ့နှစ်များမှာ အမြဲ ခြောက်လှန့်မှုတွေ ဖြစ်လေ့ရှိပါတယ်'

'ခြောက်လှန့်တယ်ဆိုတာ ဘယ်လိုခြောက်လှန့်တတ်သလဲ'

'ခြောက်တယ်ဆိုတာ လူကို ဒုက္ခပေးတာ မဟုတ်ပါဘူး။ တချို့လည်း သင်္ဘောကြီး ရောက်လာတယ်။ မီးလောင်တယ်။ အဲဒီရှုကွက်တွေကို အခုဖြစ်ပျက်နေသလို မြင်လိုက်ပြီး ကြောက်လန့်ကြတယ်။ ဒီရိပ်သာမှာအိပ်တဲ့ လူတွေကတော့ သင်္ဘောမီးလောင်တာ အိပ်မက်,မက်တတ်ကြတယ်။ ထူးခြားတာက တစ်ညအိပ်ရင် တစ်ကြိမ်၊ နှစ်ညအိပ်ရင် နှစ်ကြိမ် ညအိပ်သလောက် မက်လေ့ရှိတာပဲ'

မောင်ဦး၏ စကားကို ကြားလိုက်ရမှ သော်ဇင် ကျေနပ်သွားခဲ့သည်။ သူ့စိတ်တွင် မရှင်းလင်းသည့် အချက်များ ကြားသိခွင့်ရ၍ ရှင်းသွားပါသည်။

'ဒါဆို ဦးအောင်မင်းက အခုအထိ မကျွတ်လွတ်နိုင်သေးဘူးလား'

'ဟုတ်ပါတယ်။ အဖေ မကျွတ်လွတ်သလို သင်္ဘောက သေဆုံးသူအချို့လည်း မကျွတ်လွတ်သေးဘူးလို့ သိရတယ်။ ကျွန်တော်တို့လည်း အလှူဒါနတွေလုပ်ပြီး အမျှဝေပါတယ် ဆရာ။ ဆရာဦးစိုးအောင်လည်း ဒီရိပ်သာမှာ အလှူဒါနတွေလုပ်ပြီး အမျှပေးပါတယ်။ အဖေက သူ မကြာမီ ကျွတ်တော့မှာလို့တော့ အိပ်မက်ပေးပါတယ် ဆရာ'

ထိုညက မောင်ဦးနှင့် စကားပြောရင်း ညဉ့်နက်သွားပါသည်။ ညဘက်အိပ်ပါက ထိုအိပ်မက်ကို မက်လိမ့်မည်မို့ မအိပ်တော့ဘဲ မောင်ဦးနှင့် စကားပြောနေခဲ့ပါသည်။ မောင်ဦးက ကော်ဖီနှင့် မုန့်များ ဝယ်သွားသဖြင့် ကော်ဖီသောက်ရင်း စကားပြောကြရင်း သန်းခေါင်ယံ အချိန်ကို ကျော်လွန်နိုင်ခဲ့ပါသည်။

မောင်ဦးက စကားဆက်ပြောပါသည်။

'ဒီရိပ်သာမှာအိပ်တဲ့ လူတွေထဲမှာ သင်္ဘောကြီး မီးလောင်တာမြင်လို့ အိမ်ပေါ်က ဆင်းပြေးတဲ့လူတွေတောင် ရှိတယ်။ အချို့လည်း အိပ်မက်တွေ မက်တယ်လို့ သိရတယ်။ ဆရာက ဘာမှမဖြစ်ဘူးဆိုတော့ ဆရာ ကံကောင်းပါတယ်'

သော်ဇင်က သူ့အဖြစ်ကို မည်သူ့ကိုမှ မပြောတော့ရန် ဆုံးဖြတ်ထားပြီးဖြစ်၍ ဘာမှပြန်မပြောဘဲ ငြိမ်နေခဲ့သည်။ ရောက်တတ်ရာရာ စကားများပြောရင်း အာရုံတက်လာပြီဖြစ်၍ မကြာမီ ကိုတင်စိုး ရောက်လာတော့မည် ဖြစ်ပါသည်။ မူလက ရည်ရွယ်ထားသလို ဝတ္ထုရှည်ကြီးတစ်ပုဒ် မရေးသားနိုင်ခဲ့သော်လည်း ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကိုတော့ ရေးဖြစ်အောင် ရေးရတော့မည် ဖြစ်ပါသည်။

မကြာမီ ကိုတင်စိုး ရောက်လာပြီး ကားဂိတ်သို့ ပို့ပေးပါသည်။ တစ်ညလုံး မအိပ်ခဲ့ရ၍ ကားထွက်သည်နှင့် အားပါးတရ အိပ်တော့မည်ဟု စိတ်ကူးထားပါသည်။ ရက်တရက် အိပ်မပျော်မီ ဂမ္ဘီရည သုံးညကို ကျော်ဖြတ်ခဲ့ရသည့် အဖြစ်ကို တွေးမိတိုင်း ထိတ်လန့်တုန်လှုပ်ရပါတော့သည်။

**ကေအင်းသော်**



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် (၈)ဂဏန်းကို ညံ့ဖျင်းသော ဂဏန်းအဖြစ်ဖြင့် အချို့ပြောစကားနှင့် ရောယောင်ပြီး မကြိုက် မနှစ်သက်ခဲ့ချေ။ သို့သော်လည်း ဘာပစ္စည်းဝယ်ဝယ်၊ ဘယ်ဟာလုပ်လုပ်၊ ဘယ်ကိုပဲသွားသွား ပြီး၍ပြန်ကြည့်လိုက်သည်နှင့် ရှစ်ဂဏန်းချည်းဖြစ်နေသည်။ အဘယ်ကြောင့်များ မလိုလားသည့် ရှစ်ဂဏန်းမှ အကျိုးပေးရခြင်းမသိ ဖြစ်နေလေသည်။

ထေရဝါဒဗုဒ္ဓဘာသာကား ကံ,ကံ၏ အကျိုးကို လက်ခံယုံကြည်သော အယူဖြစ်သည်။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးသာလျှင် ကိုးကွယ်ဆည်းကပ်ရာအစစ်ဖြစ်သည်။ အင်း၊ အိုင်၊ လက်ဖွဲ့၊ ဆောင်၊ မန္တန်တို့ကို အားထားခြင်း၊ တောတောင်၊ အာရာမ်၊



# ကာကာသ(သာစည်)
## တဝဲလည်လည် ပေါ်လောမြူ ရှစ်ဂဏန်းက ပန်းပန်ဆဲ

www.burmeseclassic.com

အဓိကရသစ်ပင်၊ နတ်၊ ဘိုးတော်၊ မယ်တော် ကိုးကွယ်ခြင်း အစရှိသော ကိစ္စရပ်များကို ရှောင်ကြဉ်ရပါသည်။

စာရေးသူ ငယ်စဉ်က မိမိကိုးကွယ်သော ဘာသာတရားကို မိရိုးဖလာအစဉ်အလာအရ သာမန်ကာလျှံကာမျှသာ သဘောထားခဲ့သည်။ အသက်နှစ်ဆယ်၊ အစိတ်အရွယ်ရောက်လာသောအခါမှ ဘာသာတရား၏ လေးနက်မှုကို သိမြင်ပြီး နက်ရှိုင်းစွာ ကိုးကွယ်လာဖြစ်ခဲ့ပါသည်။

နံနက်စော (၃)နာရီ (၁၅)မိနစ်တွင် အိပ်ရာထကာ ကိုယ်လက်သန့်စင်ကာ (၃)နာရီ (၄၅)မိနစ်မှစပြီး နှစ်နာရီကြာမျှ။ ညနေချမ်းဆိုလည်း တစ်နာရီခန့် တရားအလုပ်အားထုတ်ဖြစ်သည်။ တစ်ကြိမ်တစ်ခါတည်းမဟုတ်၊ နေ့စဉ်အလုပ်ဖြစ်သည်။ ဝါပကာလများတွင် သီတင်းပတ်တိုင်း ဥပုသ်သီလ ပျက်ကွက်သည်မရှိဘဲ ဝါတွင်းသုံးလပတ်လုံး၌မူ နေ့စဉ် ဥပုသ်စောင့်ထိန်းပါသည်။

ဤမျှ ဘာသာရေးကို အပတ်တကုတ် ကြိုးစားအားထုတ်လျက်ရှိသော စာရေးသူသည်ပင် ဗုဒ္ဓအယူနှင့် သွေဖည်သော တချို့တလေကို ယောင်ယမ်းပြီး လုပ်လိုက်ချင်သေးသည်။ ခရီးသွားလျှင် ရက်ရာဇာ၊ ပြဿဒါး၊ ဝါရမိတ္တုရက် ရွေးချင်တာ၊ နတ်တိုက်နှင့် နဂါးတွင်းကျသော အရပ်ဘက်မျက်နှာမူပြီး ရင်ဆိုင်မသွားလိုတာ၊ ပစ္စည်းဝယ်လျှင်ဖြစ်စေ၊ အဆောက်အအုံတစ်ခုခု တည်လျှင်ဖြစ်စေ ပြက္ခဒိန်လှန်ကြည့်လေ့ရှိတာ၊ ယုတ်စွအဆုံး ပစ္စည်းပျောက်ရှ အခိုးခံရသဖြင့် ဗေဒင်မေးတာ စတာတွေက အကျင့်ပါသလို ဖြစ်နေသည်။

စာရေးသူသည် ဗေဒင်ကိန်းခန်း နက္ခတ္တပညာ ဝါသနာပါသည်တော့မဟုတ်ပါ။ သို့သော်လည်း သံယောင်လိုက်ပြီး ကိုးနဝင်းကျေမှ အောင်မြင်သည်ဆို၍ ကလေးနာမည်ပေးရာမှာပင် ကိုးဂဏန်းရအောင် ပေးခဲ့သည်။

အာကာသ(သာစည်)အား သင်္ချာနည်းဖြင့် နေနံသင့်ဂဏန်း ချကြည့်ပါက အာကာသ(၁+၂+၆= ၉) ဖြစ်၍ သာစည်(၆+၃= ၉) ဖြစ်သည်။ အာကာသ(သာစည်)ကို တစ်ပေါင်းတစ်စည်းတည်း ပြုလျှင်လည်း (၁၈=၉)ဂဏန်း ဖြစ်နေပါသည်။

နံနက်စော အိပ်ရာက ထရာမှာပင် ရည်ရွယ်ချက်ရှိရှိဖြင့် Alarm ကို (၃)နာရီ (၁၅)မိနစ်တွင် ပေးထားသည်။ ကိုးကွယ်ဆည်းကပ်ရာအတွက် ကောင်းခြင်းမင်္ဂလာကိုယူလျက် (၃)နာရီ (၁၅)မိနစ်=(၉)ဂဏန်း သတ်မှတ်ထားခြင်း ဖြစ်သည်။ နားစွန်နားဖျား ကြားဖူးနားဝဖြင့် (၉)ဂဏန်းကိုမှ နှစ်သက်နေသော်လည်း စာရေးသူ တကယ်တမ်း ထိပ်တိုက်တိုးနေသည်မှာ (၈)ဂဏန်းသာ ဖြစ်ပါသည်။

စာရေးသူအဖို့ ရှစ်ဂဏန်းသည် ကောင်းကျိုးချမ်းသာဖြစ်စေသလို အတိဒုက္ခရောက်ခြင်းလည်း ရှိခဲ့ဖူးသည်။ ကျွမ်းကျင်သော ပညာရှင်များအနေဖြင့် သုံးသပ်အဖြေရှာတွက်ချက်ကြည့်ပါဟုသာ မေတ္တာရပ်ခံလိုပါသည်။

မြောက်မြားစွာ ကြုံကြိုက်သည့် အကြောင်းခြင်းရာများအနက် ထူးခြားဖြစ်စဉ်အချို့ကို ရွေးထုတ်တင်ပြအပ်ပါသည်။

## မိတ္ထီလာဈေးကြီးထဲက အလှကုန်ဆိုင်

စာရေးသူသည် သာစည်မြို့နယ်၊ သာဂရကျေးရွာတွင် တောင်သူလယ်ယာလုပ်၍ တစ်ဖက်တစ်လမ်းက ဝင်ငွေရရန် အိမ်ဆိုင်လေးဖွင့်ပြီး မိသားစုတို့နှင့် အတူနေပါသည်။ ဇနီးက သားသမီးများကို ထိန်းကျောင်းလျက် လျှော်ဖွပ်ချက်ပြုတ်ရင်း အိမ်ဈေးရောင်းချသည်။ လယ်ယာအလုပ်ကို စာရင်းငှားနှင့်ထား၍ စာရေးသူက ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် မိတ္ထီလာမြို့သို့ အရောက်အပေါက် များလျက် ရှိသည်။

မိတ္ထီလာစည်ပင်ဈေးကြီးသည် နယ်တကာ အရပ်တကာမှ လာရောက် ရောင်းဝယ်ဖောက်ကားသူများနှင့် အမြဲတမ်း စည်ကား၍နေသည်။ စာရေးသူကား ခေတ်မီဖွံ့ဖြိုးလျက်ရှိသောမြို့ကို အားကျသည်။ မိသားစုဘဝမြင့်မားစေရန်အတွက် အခြေအနေပေးလျှင် မြို့တက်ပြီး အခြေချနေချင်သည်။ ဈေးကြီးအတွင်း တစ်နေရာရာပြီး ကုန်စည်ဖလှယ်ရလျှင် ရွာထက်တော့ ကြီးပွားမှုမြန်ဆန်လိမ့်မည်ဟု ထင်ထားသည်။ အစ၌ မိမိတစ်ယောက်တည်း မြေစမ်းခရမ်းပျိုးသဘော လုပ်ကြည့်မည်။ အဆင်ပြေလောက်မှ ရွာက ပစ္စည်းပစ္စယများကို ထုခွဲရောင်းချပြီး မိသားစုကိုလည်း ခေါ်ယူမည်ဟု စိတ်ကူးယဉ်ထားပါသည်။

စာရေးသူနှင့် မိတ္ထီလာဈေးအတွင်း ဆေးနှင့်ဆေး ပစ္စည်းရောင်းဝယ်သော ကိုမြင့်ဆွေတို့သည် ဖောက်သည်

www.burmeseclassic.com

ပင်ဖြစ်ရာမှ ခင်မင်ရင်းနှီးကြသည်။ ယင်းအား စာရေးသူ၏ ဆန္ဒကိုပြောပြ၍ အကူအညီတောင်းရာ တစ်ခုလပ်ကိုရှာ၊ တစ်လင်ကွာနှင့်တွေ့ ဆိုသလို အဆင်ပြေလှသည်။ ပြဇာခြံရပ်ကွက်တွင်နေသော သူ့မိတ်ဆွေ ဒေါ်မို၏ ဆိုင်ခန်း အားလပ်နေကြောင်း၊ လောလောဆယ် ပူငွေလိုနေသဖြင့် အငှားထားချင်နေကြောင်း၊ သူတို့ဆိုင်နှင့်လည်း နီးကပ်သောကြောင့် စောင့်ရှောက်ပေး၍ လွယ်ကူကြောင်း စသဖြင့် သိရှိရပါသည်။

ဆိုင်က အရှေ့ဘက်နှင့် တောင်ဘက်လှည့် ထောင့်ခန်းဖြစ်၍ နေရာက ပြောစရာမရှိပေ။ ဆယ်ပေပတ်လည် အကျယ်၊ အုတ်ခံအမြင့်၊ သွပ်မိုးသွပ်ကာဖြစ်သဖြင့် သပ်သပ်ရပ်ရပ်ရှိသည်။ အလှကုန်ဆိုင်ဖွင့်ရလျှင် နေရာကျဉ်းကျဉ်းနှင့် အထူးသင့်လျော်သည်။ သဘောကျနှစ်မြို့က်သဖြင့် တစ်နှစ်စာချုပ်ဖြင့် စပေါ်ငွေတင်ပြီး စာချုပ်ရာ ဆိုင်နေရာက အိုရုံ၊ အခန်းရှစ် ဖြစ်နေသည်။

ဆိုင်ခန်းအမှတ် ရှစ်ဂဏန်းပဲ ဖြစ်နေ၍လားမသိ အရောင်းအဝယ်က မကောင်း၊ မှန်းချက်နှင့် နှမ်းထွက်က မကိုက်။ တစ်နေ့တလေ ဈေးဦးပင် မပေါက်ချင်။ တစ်ယောက်တည်း နေ့စဉ်စားဖို့နှင့် အိပ်ဆောင်ကြေးလက်ကုန်လျှင် ပေးဖို့မှ အနိုင်နိုင်။ အိမ်ပြန်ပေးရန် စုဆောင်းရန်ဆိုသည်မှာ နေနေသာသာ။ စာရေးသူလည်း တစ်နှစ်နီးနီး ကသီကရီလုပ်ကိုင်ပြီး ဆိုင်ပေါ်တွင်တင်ထားသော စပေါ်ငွေပြန်ယူကာ ရွာပြန်ခေါက်လာရပါသည်။

## ဂမ္ဘီရဆန်သော စူပါကပ်ဆိုင်ကယ်

မိတ္ထီလာမြို့တွင် စာရေးသူတစ်ယောက်တည်း မိသားစုနှင့်ခွဲပြီး အနေဆင်းရဲ အစားဆင်းရဲဖြင့် တစ်နှစ်ဒေးအေးခန့် နေခဲ့ရသော်လည်း အရောင်းအဝယ် အတွေ့အကြုံအများကြီးရလိုက်သည်။ ရွာပြန်ရောက်သည်နှင့် အိမ်ဆိုင်ကို ဆေးနှင့် ဆေးပစ္စည်းအပါဝင် စတိုးဆိုင်အဖြစ် တိုးချဲ့လုပ်ကိုင်ပါသည်။ စည်းစနစ်ကျကျ ဆောင်ရွက်လိုက်သည့်အခါ သိသိသာသာအောင်မြင်တိုးတက်လာပါသည်။

(၁၉၉၈)ခုနှစ်တွင် ဂျပန် Super Cap ဆိုင်ကယ်တစ်စီးဝယ်၍ ယခင်စက်ဘီးအစား ဆိုင်ကယ်နှင့် ဈေးသွားဈေးပြန် လုပ်နိုင်လာသည်။ ဆိုင်ကယ်က ယ-၄၅၆၂၉ နံပါတ်ဖြစ်၍ ချပေါင်းကြည့်လျှင် ရှစ်ဂဏန်းဖြစ်ရသော်လည်း အကျိုးပေးသည်ဟု ဆိုရလိမ့်မည်။ မိတ္ထီလာသာမက မန္တလေးအထိသွားပြီး ဆေးပစ္စည်း၊ ဆေးဝါးတို့ကို တစ်နိုင်ဝယ်၍ သယ်ယူသဖြင့် ပိုမိုအဆင်ပြေပါသည်။ ထို့ပြင် ဂမ္ဘီရဆန်လျက်ရှိသော ဆိုင်စာယ်ဖြစ်နေသဖြင့် အံ့ဩဖွယ်လည်း ကောင်းနေလေသည်။

စာရေးသူသည် ဤဆိုင်ကယ်ကို မိတ္ထီလာဈေးအတွင်း ကုန်စုံရောင်းသော ဦးညိုထံမှ ဝယ်ယူပါသည်။ သူသား ဒေါက်တာဇော်ဝင်းက သည့်ထက်မြင့်သောဘီးကို ဝယ်စီးချင်၍ ပြန်လည်ရောင်းချခြင်း ဖြစ်သည်။ အရောင်းအဝယ်စာချုပ်၍ အုံနာဘုတ်ကို ကြည့်သည့်အခါ မူလမှတ်ပုံတင်ထားသူမှာ မြင်းခြံမြို့မှ ဆေးမှူးဦးယွန်း၏ ဆိုင်ကယ် ဖြစ်ပါသည်။

စာရေးသူလည်း ယင်းဆိုင်ကယ်ဖြင့် ဆေးပစ္စည်းဝယ်၊ ဆေးသယ်နှင့် ခုနစ်နှစ်ခန့် သွားလာခဲ့သည်။ ဆိုင်ကယ်ကနိမ့်၊ အင်ဂျင်ပါဝါကလည်း ကျလာသဖြင့် တောလမ်းနှင့် အဆင်မပြေအောင် ဖြစ်လာသည်။ ဤဆိုင်ကယ်ကိုရောင်း၍ ဖြည့်စွက်ပြီး ဘီးအသစ် ခပ်မြင့်မြင့် တောင့်တင်းသော ဆိုင်ကယ်ဝယ်စီးမှ ဖြစ်တော့မည်။

-(၂၀၀၅)ခုနှစ်တွင် Super Cap-90 ကို ရောင်း၍ Kanbo-110 ဝယ်စီးဖြစ်သည်။ မိန်းကလေးစီးရန်အတွက် Super Cap ဆိုင်ကယ်ကိုမှ ရှာနေသော မိတ္ထီလာမြို့နေ ဦးစိန်မောင်က ဝယ်ယူခြင်းဖြစ်သည်။ မန္တလေးဆေးတက္ကသိုလ်တက်နေသော သူ့သမီးလေးစီးဖို့အတွက်ဟု ပြောသည်။

-ကဲ··ဤဆိုင်ကယ်လေးက ဆေးလုပ်ငန်းနှင့် ပတ်သက်ပြီး အဘယ်မျှ ဂမ္ဘီရဆန်လိုက်လေသနည်း။

## ဟီးနိုးကားကြီးဝယ် ဈေးပတ်ဆွဲ

စာရေးသူနေသော သာဂရကျေးရွာသည် စည်ပင်ဖွံ့ဖြိုးသည့် ရွာကြီးတစ်ရွာဖြစ်သော်လည်း လမ်းပန်းသွားလာရေး ညံ့ဖျင်းသဖြင့် ချောင်ကျလှသည်။ သာစည်မြို့မှ အရှေ့မြောက် (၁၂)မိုင်၊ မိတ္ထီလာ-မန္တလေး ကားလမ်းပေါ်ရှိ သမြေဝလမ်းခွဲမှ အရှေ့(၁၀)မိုင် ကွာဝေးပါသည်။ မြို့နယ်ကိစ္စအတွက် သာစည်မြို့သို့သွားလျှင် ဟိုတုန်းက လူတိုင်းစေ့ ဆိုင်ကယ်မစီးနိုင်သေး၍ နွားလှည်း၊ စက်ဘီး၊ ခြေကျင်တို့ဖြင့် တကူးတက သွားကြရသည်။ ရုံးကိစ္စ ဆောင်ရွက်စရာရှိလျှင်သာ သာစည်မြို့သို့သွားလေ့ရှိပြီး ရောင်းဝယ်ဖောက်ကားရေးအတွက်ကိုမူ ကုန်



www.burmeseclassic.com

www.burmeseclassic.com

စည်ဖလှယ်ရန် အလွန်ကောင်းသည့် မိတ္ထီလာဈေးကြီးသို့ အသွားအလာ များကြပါသည်။

ရွာမှနေ၍ မိတ္ထီလာရောက်အောင် မြေလမ်းတစ်တန် ကတ္တရာလမ်းတစ်တန်ဖြင့် တပင်တပန်းသွားရသည်။ လမ်းတစ်လျှောက် မြေလမ်းပေါ်တွင် သဲပုံ၊ ရင်ဇင်း၊ သဲကုန်း၊ ဟံဇား အစရှိသော ရွာတို့ကိုဖြတ်၍ သပြေဝလမ်းခွဲသို့ ရောက်ရှိသည်။ ထိုမှ (၁၀)မိုင်ခရီးမျှရှိသေးသော မိတ္ထီလာသို့ ကြုံရာကားစီး၍ သွားကြရလေသည်။

စာရေးသူသည် (၂၀၀၀)ပြည့်နှစ်၊ ဇူလိုင်လ (၇)ရက်နေ့တွင် မိတ္ထီလာဝန်ထမ်းအိမ်ရာနေ ဦးအေးဝင်းထံမှ ဟီးနိုးကုန်တင်ယာဉ်ကြီးတစ်စီး ဝယ်ယူသည်။ ယာဉ်နံပါတ်က ၅-၅၉၅၇ ဖြစ်သဖြင့် (၈)ဂဏန်းဖြစ်သည်။ ဥပုသ်နေ့ ဈေးပိတ်သောရက်မှလွဲ၍ နေ့စဉ်လိုလို ရွာနှင့် မိတ္ထီလာဈေးကား ဆွဲပါသည်။

ဤကားကြီး ဝယ်လိုက်သည်မှာ မပိုင်ဝက်မွေးသလိုဖြစ်၍ ဒုက္ခဆင်းရဲခြင်းကြီးစွာ ခံစားရပြီး စိတ်သောကရောက်ခဲ့သည်။ ယာဉ်မောင်းသူချော့ရ၊ ယာဉ်နောက်လိုက်များပြောရ၊ ခရီးသည်တို့ကို အဆင်ပြေအောင် ဆက်ဆံရနှင့် အတော်လေး ကသောက်ကအောက်နိုင်ပါသည်။

ရွာမှထွက်ကတည်းက ဟံဇားရွာအထိ (၅)မိုင်ခန့်မှာ သဲဖုတ်ကျင်းများချည်း ဖြစ်သည်။ ကားကို အရှိန်နှင့်ပစ်ရန်းမှရသည်။ အခန့်မသင့်၍ သဲနစ်လျှင် ဂျိုက်ထောက်သစ်ကိုင်းခုကာ ဝိုင်းဝန်းပြီး ချူသံပါအောင် တွန်းယူရပါသည်။ ကုန်မပြည့်လျှင် တွက်ခြေမကိုက်မည်စိုး၍ မျှော်ရသည်က အမော။ ကုန်ပြည့်တော့လည်း ပြည့်လို့မို့ မတန်တဆနှင့် လမ်းအခက်အခဲကြောင့် ကားနာမည်စိုးသဖြင့် ထိတ်ထိတ်ပျာပျာနှင့် ကြောင့်ကြရပြန်ပါသည်။

တစ်နေ့၌ သဲကုန်းရွာအနီး ထနောင်းပင်သဲကြောတွင် မတန်တဆ သဲရုန်းရာမှ ကရောင်းပင်နယ် ကြွေသွားသည်။ မဖြစ်မနေ ဝယ်တပ်လိုက်ရာ ကုန်ကျမှုအတော်များသွားသည်။ ရုန်းရဖန်များသောကြောင့် အင်ဂျင်က မီးခိုးလိုက်ပြီး ကျချင်လာသည်။ အင်ဂျင်ဝိုင်ခဏ,ခဏလိုက်နေရသည်။ အင်ဂျင်ဝိုင်လိုက်ရန် မေ့လျော့သည်နှင့်တစ်ပြိုင်နက် ဘယ်ရိမ်ပျော်ပြီး အင်ဂျင်ပါ ကိုင်လိုက်ရလေသည်။ စာရေးသူလည်း သည်ကားကြီးကို ဝယ်ခါကျမှ စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရဘဲ ပင်ပန်းဆင်းရဲလွန်းလှသည်။

တစ်နေ့သော ညနေခင်းတွင် လူနှင့် ကုန် အပြည့်တင်ဆောင်ပြီး မိတ္ထီလာဈေးက ပြန်လာကြသည်။ ယာဉ်မောင်းသည် သပြေဝလမ်းခွဲသို့ ရောက်သည့်အခါ သွားရမည့်လမ်းဘက်သို့ စက်ရှိန်မထိန်းဘဲ ကွေ့ချလိုက်ရာ ကားကြီး ကတိမ်းကယိမ်းဖြစ်လျက် လမ်းဘေး ထိုးဆင်းသွားသည်။ ကံကောင်းထောက်မသဖြင့် ဘာမျှမဖြစ်သော်လည်း ယာဉ်မောင်း၏ ပေါ့လျော့မှုကြောင့် ယာဉ်ထိန်းရဲတစ်ဦးနှင့် အလျှော့အတင်း လုပ်လိုက်ရသေးသည်။

ယာဉ်မောင်းရော ယာဉ်နောက်လိုက်များပါ သူစိမ်းတရံဆံတွေချည်းဖြစ်သဖြင့် စာရေးသူလည်း ကားနှင့် တပူးတွဲတွဲနေနေရသည်။ ကားပစ္စည်းလို၍ သွားဝယ်လျှင် ယာဉ်မောင်းက လူပါးလူနပ်ကြီးလုပ်ပြီး ဆိုင်ရှင်ကို မျက်စိတစ်ဖက် မှိတ်ပြတာမျိုး၊ ခြေတို့ လက်တို့လုပ်ကာ သူ့အတွက် ချန်ခိုင်းတာမျိုး လုပ်ချင်သေးသည်။ စာရိတ္တမကောင်းသော ယာဉ်နောက်လိုက်အချို့၏ အကြံအဖန်ကြောင့် ဈေးသည်တို့ ပစ္စည်းခဏ,ခဏပျောက်သဖြင့် မခံချိမခံသာနှင့် လျော်ပေးနေရသည်။

ကားနှင့်ပတ်သက်လျှင် ကိုယ်ကိုယ်နှိုက်က မကျွမ်းကျင်၊ သစ္စာမရှိသော အလုပ်သမားအချို့ကို ဆက်ဆံရသည်ကလည်း တစ်ပေါက်တစ်လမ်း ကပေါက်တိ ကပေါက်ချာနိုင်သော သည်ကားကြီးကို စိတ်အကုန်ကြီး ကုန်လာသည်။ ထို့ကြောင့် (၂၀၀၀)ပြည့်နှစ်၊ စက်တင်ဘာလ (၄)ရက်နေ့တွင် အကျိုးထူးလာမည် မဟုတ်သည့် (၈)ဂဏန်းပေါက် ဤကားကြီးကို ရောင်းပစ်လိုက်ပါသည်။

<u>ကုသိုလ်ပြုလုပ် အကျွန်ုပ်နှင့်</u>

စာရေးသူလည်း ကားကြီးရောင်းထွက်ခါကျမှ ရွက်ထားသောအထုပ်ကြီး ဟင်းခနဲကျသလို ဖြစ်သွားသည်။ စိတ်ချမ်းသာလာသည်နှင့်အမျှ စီးပွားရေးကိုလည်း စိတ်ကူးစိတ်သန်းကောင်းကောင်းနှင့် အားထုတ်လုပ်ဖြစ်သည်။ စီးပွားရေးကား တစ်ဟုန်ထိုး ဦးမော့လာပါသည်။

(၂၀၀၅)ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်နေ့တွင် ရှင်ပြုနားသအလှူမင်္ဂလာပွဲကြီး ဖြောစည်တီးပြီး စည်ကားသိုက်မြိုက်စွာ လှူဒါန်းပါသည်။ ထို့ပြင် ရေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ် အရှေ့တောင်ထောင့်ရှိ ရှေးဟောင်းစေတီတွင်လည်း ရွှေထီးတော်အထွတ်တင်လှူ ပူ



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပါသည်။ စေတီတော်၏ဘွဲ့ကား အေးငြိမ်းအောင်မြင်တောင်းဆုရှင် ပထမဇိနသကျစေတီဖြစ်သည်။ ထူးဆန်းသည်ကား (၈)ဂဏန်းအကျိုးပေးသည့်အားလျော်စွာ ဂြိုဟ်သက်(၈)ဂဏန်းကျသော အင်္ဂါထောင့်တွင် စေတီတော်တည်ရှိပါလေသည်။

(၂၀၀၆)ခုနှစ်ကို ပေါင်းခြင်းကား (၈)ဂဏန်းဖြစ်သည်။ ထိုဂဏန်းကျရောက်သည့်နှစ်တွင် စာရေးသူအနေဖြင့် ထူးထူးခြားခြား ကောင်းမှုကုသိုလ်များ ပြုလုပ်ဖြစ်သည်။ သာဂရုရွာဦးကျောင်းတိုက်၌ ကထိန်ခင်း အလှူပေးခြင်း၊ မုခ်ဦးနှင့် သံပန်းတံခါးတပ်ဆင် တည်ဆောက်လှူဒါန်းခြင်း၊ မဟာရံတံတိုင်းများကာရံခြင်း စသောကုသိုလ်များပြုလုပ်၍ ရေစက်ချတရားနာဖြစ်ပါသည်။

စာရေးသူသည် (၂၀၁၁)ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်၊ စနေနေ့တွင် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ (၁၅)ရက်ကြာ ဘုရားဖူးခရီး သွားပါသည်။ ဂယာမြို့ မြန်မာဘုန်းတော်ကြီးကျောင်းတွင် တည်းခိုစဉ် အခန်းနေရာယူကြသောအခါ (၈)ဂဏန်းမှ အကျိုးပေးသော စာရေးသူကား အခန်းအမှတ်(၂၀၆)ကို ရရှိပါသည်။ ဂယာတွင် နှစ်ညအိပ်နေ၍ ဘုရားဖူးပြီးနောက် နိုဝင်ဘာလ (၂၈)ရက်နေ့၌ ဗာရာဏသီမြို့၊ မိဂဒါဝုန်သို့ ရောက်ရှိပါသည်။ ဆေးဝက်ပါ မြန်မာဘုန်းကြီးကျောင်းတွင် တစ်ညအိပ်တည်းရန် နေရာယူသည့်အခါ အခန်းအမှတ် (၃၀၅)ကို ရပါသည်။ နိုဝင်ဘာလ (၂၉)ရက်နေ့ သင်္ကဿနဂိုရ်သို့ရောက်၍ နေရာယူပြန်တော့လည်း အခန်းအမှတ်က (၁၇)ဖြစ်နေပါသည်။

နိုဝင်ဘာလ (၃၀)ရက်နှင့် ဒီဇင်ဘာလ (၁)ရက်နေ့က နယူးဒေလီမြို့ Anade Hotel တွင် တည်းကြသည်။ မြတ်စွာဘုရားရှင် သတိပဋ္ဌာန်တရား ဟောတော်မူရာဌာန ဖူးမြော်ရန်နှင့် ဗဟုသုတအလို့ငှာ လည်ပတ်ရန်ဖြစ်သည်။ စာရေးသူရရှိသောအခန်းက (၈)ဂဏန်းမှ ကြံကြီးစည်ရာ ကြံ့ကြံ့ကြိုက်ချေသည်။ လေးလွှာမြောက် အခန်းအမှတ် (၃၀၅) ဖြစ်နေပါသည်။

ဗုဒ္ဓဂယာဘုရားဖူးမှ စာရေးသူ ပြန်ရောက်ချိန်တွင် မဟော့ဗောဓိမြိုင်ဆရာတော်ဘုရားကြီး ဖူးမြော်ခံလျက်ရှိသည်ဟူသော မင်္ဂလာသတင်း ကြားသိရသည်။ ထိုစဉ်က ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးရှိ မဟာမြိုင်တောနက်ကြီးတွင် သီတင်းသုံးတော်မူလျက်ရှိပါသည်။ (၂၀၁၂)ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် ရွှေကျောင်းကုန်းတောင်သာသနာ့မြေမှ မွေမိတ်ဆွေများနှင့် သွားရောက်ဖူးမြော်ကြပါသည်။ ယင်းသို့ဖူးမြော်ရန်သွားသည့် (၂၀၁၂)ခုနှစ်၊ ဖေဖော်ဝါရီ (၂)လပိုင်း (၂၈)ရက်နေ့ကို အမှတ်မထင်ပေါင်းကြည့်ရာ (၈)ဂဏန်းဖြစ်နေပါသည်။

<u>တုံးပေကတ်သတ် လိုက်ထရပ်</u>

(၂၀၁၂)ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့တွင် တောက်တိုမည်ရ အိမ်တွင် အသုံးပြုရန်အတွက် မန္တလေးစက်မှုဇုန်မှ လိုက်ထရပ်ကားတစ်စီး ဝယ်ဖြစ်သည်။ တိုက်ဆိုင်လွန်းသည်ကား ဝယ်ယူသော ခုနှစ်၊ လနှင့် နေ့ရက်တို့ကို ချပေါင်းကြည့်ရာ (၈)ဂဏန်းဖြစ်နေသည်။ ထို့ထက်အံ့ဖွယ်ကောင်းသည်မှာ ထွက်လာသော ယာဉ်နံပါတ်ကလည်း Hj-7199 ဖြစ်နေသဖြင့် (၈)ဂဏန်းပင် ဖြစ်ပါလေသည်။

ဤကားသည် (၈)ဂဏန်းကျသည့်ကား ဖြစ်ခြင်းကြောင့် ကောင်းကျိုးပေးသည်၊ မပေးသည်တော့ မပြောနိုင်ချေ။ လက်တွေ့အိမ်သုံးတည့်နေသည်က အမှန်ပင်ဖြစ်ပါသည်။ ဂျပန်ကားလိုမျိုး ပြောင်းဖို့ကလည်း ဝယ်ဈေးမတန်တဆမြင့်မားသွားသဖြင့် အောက်ဈေးနှင့်ချပြီးလည်း ပြန်မရောင်းရက်နိုင်။ ယခုအချိန်အထိ ပေတေကာတ်တေးခိုင်းနေရသေးသည်။

စာရေးသူအနေဖြင့် (၈)ဂဏန်းနှင့်ချည်း တိုက်ဆိုင်လွန်းသည်မှာ တစ်စုံတစ်ရာသော သက်ရောက်မှုကြောင့်သာ ဖြစ်ကောင်းဖြစ်လိမ့်မည်ဟု သုံးသပ်မိပါသည်။ သည်လောက်တောင်ရှိလှတာ မိမိမွေးရာဂဏန်းများအား ပြန်စစ်ကြည့်မှပါဟု စိတ်ကူးပေါက်သွားသည်။

စာရေးသူ၏ မွေးသက္ကရာဇ်မှာ (၁၃၁၄)ခုနှစ်၊ ကဆုန်လဆန်း (၁၁)ရက်နေ့၊ နံနက်စော (၄)နာရီဖြစ်သည်။ ထို့ ကြောင့် (၁၃၁၄)ခုနှစ်၊ (၂)လပိုင်း (၄)နာရီကို သင်္ချာနည်းဖြင့် ချပေါင်းရာ ပေါင်းခြင်း(၈)ဂဏန်း ဖြစ်နေပါလေသည်။

ကောင်းကျိုးပေးသော ဂဏန်းများ တိုက်ဆိုင်ကြပါစေ။

**အာကာသ(သာစည်)**



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ

# မျိုးဇော်အောင်

## သမန်းဝံပုလွေ အငြိုး

သာယာလှပသော တောတောင်သဘာဝနှင့် ရှုခင်းများကို ကြည့်ရှုခံစားမိသောကြောင့် အချိန်တို့သည် ကုန်မှန်းမသိ ကုန်ဆုံးသွားသည်ကိုပင် ကျော်ခေါင်တစ်ယောက် သတိမထားလိုက်မိပေ။

လေခတ်သံတို့သည် သဘာဝဂီတသံစဉ် တစ်ခုနှယ် ကျော်ခေါင့် ရင်ထဲ၊ နားစည်ထဲသို့ စီးဝင်လာ၏။ ရွက်ကြွေခြောက်တို့သည်လည်း လေပြည်လေညင်းတို့နှင့်အတူ လွင့်မြောနေကြသည်မှာ လောင်းလှေပြိုင်ပွဲ အသင်းတစ်ခုမှ လှော်ခတ်ပြိုင်ပွဲဝင်နေသကဲ့သို့ စိတ်ထဲ၌ ထင်သာမြင်သာ ရှိလှပေတော့၏။

တစ်ခါတစ်ရံ၌မူ ခပ်လှမ်းလှမ်းတောအုပ်ဆီမှ ခွေးအ တို့၊ ဝံပုလွေတို့၏ အော်ဟစ်မြည်သံနှင့် အူသံတို့ကို တစ် ချက်တစ်ချက်၌ -သဲ့သဲ့ယဲ့ယဲ့လေး ကြားလိုက်ရပြန်၏။

ထိုဝံပုလွေတို့၏အသံကို ကြားရလျှင် ဘာကြောင့်မှန်း မသိ ကျော်ခေါင်တစ်ယောက် ရင်တွင်း၊ စိတ်တွင်း၌ ပျော် ရွှင်မြူးထူးချင်စိတ်များ ပေါက်ချင်လာ၏။ တက်လည်း

www.burmeseclassic.com

တက်ကြွမိသလို ခံစားရလေ၏။

ဝံပုလွေတို့၏ အော်သံ၊ အူသံတို့မှာ သိပ်မဝေးလှဟု ထင်သည်။ ကျော်ခေါင်ရှိနေသည့် နေရာနှင့် တောအုပ်တစ်အုပ်ခြားလောက်မှ ဖြစ်သည်။

ကျော်ခေါင်သည် ဝံပုလွေတို့၏ အသံလာရာဆီသို့ မှန်းဆ၍ လျှောက်သွားခဲ့လေ၏။ ဆောင်ယူခဲ့သော ဓားမြှောင်တစ်ချောင်းသည် သစ်သားထွင်းအိမ်နှင့် ဖွဲ့စည်းထားပြီး ဘောင်းဘီခါးပတ်ကြားထဲ ထိုးထည့်ထားသည်။ မြားအိမ်နှင့် မြားတစ်စင်းကိုလည်း လက်တွင်လွယ်၍ လိုရမည်ရ ဆောင်ယူလာခဲ့၏။ ချွန်ပြီး အဆိပ်လူးထားသော မြားတံအချောင်းရေက ဆယ်ချောင်းတိတိ ရှိနေသည်မို့ ကြောက်စရာမလို။ သားကောင်ဆိုးများကို ကောင်းစွာခြောက်လှန့်နှိမ်နင်းနိုင်သော အနေအထားတွင် ရှိလေ၏။

ကျော်ခေါင်သည် ဝံပုလွေသံ ကြားရာဆီသို့ တဖြည်းဖြည်းချင်း လျှောက်လှမ်း၍ လာခဲ့ရာ များမကြာမီ၌ ၄င်းတောအုပ်၏ အစပ်သို့ ရောက်လာခဲ့လေ၏။

'ဝုန်း'

ရုတ်တရက် ဝုန်းဆိုသော အသံတစ်ခုနှင့်အတူ ချုံပုတ်ကြီးတစ်ခု၏ အကြားမှ ပြေးထွက်သွားသော ချေငယ်တစ်ကောင်၏ လှုပ်ရှားမှုကြောင့် ကျော်ခေါင်တစ်ယောက် လန့်ပြီး ဘေးသို့ ခုန်ဆုတ်လိုက်လေသည်။

'ဝေါင်း..ဝေါင်း'

ထို့နောက် တစ်ဆက်တည်းဆိုသလိုပင် ချေငယ်ပြေးထွက်သွားရာဆီမှ တဝေါင်းဝေါင်း အော်ဟစ်သံကို ဆက်၍ကြားလိုက်ပြန်လေ၏။ ကျော်ခေါင်သည်လည်း လေးနှင့်မြားကို အဆင်သင့်ထုတ်ကာ ညှို့နင့်ယှဉ်၍ တပ်ဆင်လိုက်သည်။ တစ်ဖက်ကသားကောင်ဆိုးတို့ တိုက်ခိုက်ရန်မူလာလျှင် ပြန်လည်၍ ခုခံကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားလိုက်ခြင်း ဖြစ်၏။

အသံဗလံများ ဆိတ်ငြိမ်သွားသဖြင့် ကျော်ခေါင် ရှေ့တိုးလျှောက်သွားခြင်းကို တန့်ရပ်၍ သားကောင်တို့၏ လှုပ်ရှားမှုကို စေတ္တနားစွင့် အကဲခတ်နေလိုက်၏။ ဘာသံမှ ဆက်၍မကြားရတော့မှ စောစောက အသံကြားရာဘက်ဆီသို့ ကျော်ခေါင် ဆက်လျှောက်သွားလေသည်။ သားကောင်ဆိုးတို့၏ ပရိယာယ်ကို ကျော်ခေါင် ကောင်းစွာသိပါသည်။

'ဟင်..ဒါက ဘယ်လိုဖြစ်တာလဲ'

ကျော်ခေါင် ထိတ်လန့်သွားသည်။ မိမိမြင်တွေ့လိုက်ရသည်က စောစောက ချေငယ်တစ်ကောင် ဖြစ်သည်။ ဝမ်းဗိုက်ပြင်တစ်ခုလုံး ပွင့်၍ အူများ၊ ကလီစာများ အပိုင်းပိုင်းပြတ်ကာ သေဆုံးနေခြင်းကြောင့် ဖြစ်လေ၏။

'ဟာ'

ကျော်ခေါင် အာမေဋိတ်ဖြင့် ရေရွတ်လိုက်ချိန်မှာပင် ဝံပုလွေတို့၏ အော်ဟစ်သံများကို ဆက်၍ကြားလိုက်ရလေ၏။ အုံ့ဖွဲ့၍ မိမိရှိရာအရပ်ဆီသို့ ပြေးလာနေပုံရသောကြောင့် နောက်ကြောင်းပြန်လှည့်၍ ထိုနေရာမှ အမြန်ဆုံးပြေးထွက်ခဲ့လေသတည်း။ ချေငယ်ကောင်ကိုပင် ကောက်ချိန်မရခဲ့ပေ။ အကယ်၍သာ ထိုချေငယ်ကောင်ကို ကောက်မည်ဆိုလျှင်လည်း ထိုဝံပုလွေရန်က လွတ်မည် မထင်။ ထို့ကြောင့် မကောက်ဘဲ နောက်ကြောင်းပြန်လှည့်ခဲ့ခြင်း ဖြစ်လေသတည်း။

◆ ◆ ◆

သည်မှာဘက် တောင်ခြေတောစပ်က ကျော်ခေါင်တို့အိမ်လေးမှာ နှစ်အတန်ကြာသောင်းခဲ့ပြီဖြစ်သောကြောင့် ဆိုမင်းချို့ယွင်းစပြုနေချေပြီ။ ယခင် ဖေဖေတို့၊ မေမေတို့ ရှိစဉ်ကာလတုန်းကဆိုလျှင် မှတ်မိသတိရနေမိသေးတော့၏။

ထိုစဉ်က ဖေဖေရယ်၊ မေမေရယ်၊ ပြီးတော့ ကျော်ခေါင့် ညီမလေး မြသွေးနှင့် ကျော်ခေါင်တို့မိသားစု ပေါင်း (၄)ယောက်တို့မှာ လွန်စွာမှ ငြိမ်းချမ်းအေးချမ်းဖွယ် ကောင်း၏။ အတူတကွ ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်းဖြင့် နေထိုင်ခဲ့ကြလေ၏။

သို့မတိုင်ခင် တစ်ချိန်ကဆိုလျှင် ကျော်ခေါင်တို့မိသားစုက သူများနည်းတူ ရွာထဲရပ်ထဲမှာ နေကြသည်။ ထိုအချိန်ထိုကာလ၌လည်း ပျော်စရာကောင်းပါပေ၏။

သို့သော် ကံကြမ္မာဆိုးတစ်ခုက ကျော်ခေါင်တို့မိသားစုကို ရက်ရက်စက်စက် တိုက်ခိုက်ဖျက်ဆီးခဲ့သောကြောင့် သာယာငြိမ်းချမ်းသော ကျော်ခေါင်တို့မိသားစု ဘဝလေးမှာ အခြေမခိုင်ခဲ့ဘဲ ယိမ်းယိုင်ပျက်စီးခဲ့ရရှာသည်။

ထိုဖြစ်စဉ် အဖြစ်အပျက်လေးကိုတော့ဖြင့် ကျော်ခေါင့်တစ်သက်တာလုံး ဘယ်တော့မှ မေ့ပျောက်နိုင်တော့မည်မဟုတ်ပေ။ ကျော်ခေါင် ထိုအဖြစ်အပျက်ကို ပြန်လည်အမှတ်ရနေမိ၏။ ပြန်လည်၍ အမှတ်ရနေမိသလို နာကြည်းမုန်းတီးစိတ်တို့သည်လည်း ရင်မှာ တဖွားဖွားဖြင့် အသစ်တစ်ဖန် ခံစားနေမိရပြန်လေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

'ကိုဘကျော်..ကိုဘကျော်။ ခင်ဗျားထွက်ခဲ့၊ အခုချက်ချင်း ခင်ဗျားထွက်ခဲ့စမ်းပါ။ ခင်ဗျား ဘာကောင်လဲ၊ ဘာလဲဆိုတာ ကျုပ်တို့ သိတယ်။ ခင်ဗျား အခုထွက်ခဲ့ပါ။ မထွက်ခဲ့ရင် ခင်ဗျားအိမ်ကို ကျုပ်တို့ မီးတိုက်ပစ်မယ်နော် ကိုဘကျော်၊ ခင်ဗျားထွက်ခဲ့ပါ'

အချိန်မှာ ညအတော်ပင် မှောင်နေပေပြီ။ အိမ်ရှေ့က နေပြီး ဦးထွန်းညိုနှင့် ရွာသားတချို့ ဓားကြိမ်းကြိမ်း မီးတုတ်တွေနဲ့ အော်ခေါ်နေသံကြောင့် ကျော်ခေါင်တို့ တစ်အိမ်သားလုံး နိုးထသွားကြလေ၏။

'ဒါ..ကိုထွန်းညိုအသံ မဟုတ်လား မအေး'

'ဟုတ်တယ် ကိုဘကျော်'

'ဘယ်လိုများ ဖြစ်တာပါလိမ့်'

ဖေဖေက ဤသို့ရေရွတ်၍ တံခါးထဖွင့်ပေးဖို့လုပ်သည်။

မေမေက ဖေဖေ့လက်ကို အရင်လှမ်းဆွဲ၍-

'တံခါးအရမ်းမဖွင့်ပေးနဲ့ဦးလေ။ အကျိုးအကြောင်းလေးဘာလေး အရင်မေးကြည့်ဦး ကိုဘကျော်'ဟုဆို၍ ကိုဘကျော် စဉ်းစားနေသည်။

မေမေ ကြောက်ရွံ့နေပုံရ၏။ ညီမလေးမြသွေးက လန့်ပြီး ဝါးခနဲ ငိုချလိုက်သည်။

'ညီမလေး..မငိုနဲ့၊ မကြောက်နဲ့ ကိုကိုရှိတယ်'ဟုဆိုကာ မြသွေးကို ကျော်ခေါင် ဖက်၍အားပေးသည်။

ဖေဖေက မေမေ့လက်တွင်းမှ ရုန်းထွက်၍ တံခါးသွားရောက်ဖွင့်ပေးလိုက်သည်။ ကျော်ခေါင်တို့ သားအမိက ဖေဖေ့နောက်မှ ကပ်၍လိုက်ပါလာကြသည်။

'ဘာများဖြစ်လို့လဲ ကိုထွန်းညို'

ဖေဖေက တံခါးကိုဖွင့်ပေးလိုက်ပြီး အိမ်ရှေ့တွင်ရှိနေသော ကိုထွန်းညိုကို မေးလိုက်ခြင်းဖြစ်သည်။

'ဘာဖြစ်ရမှာလဲ၊ ခင်ဗျား မှတ်ကြီးကို သတ်လိုက်တာ မဟုတ်လား'

'ဟာဗျာ၊ ကြံကြီးစည်ရာ ကိုထွန်းညိုရာ။ ကျုပ်က မှတ်ကြီးကို ဘာကိစ္စနဲ့ သတ်ရမှာလဲဗျာ။ မနေ့ကတောင် သူနဲ့ ကျုပ် ဈေးကြီးထဲမှာဆုံလို့ မုန့်ဟင်းခါးတောင် အတူတူ စားခဲ့သေးတာပဲ။ မဟုတ်တာဗျာ'

မှတ်ကြီးဆိုသူမှာ တစ်ရွာတည်းသားဖြစ်၏။ ဖေဖေ၏ တပည့်ရင်း မဆိုးလက်သစ် ပညာသင်လည်းဖြစ်၏။ ယခု မှတ်ကြီးသေပြီ၊ ကိုဘကျော်သတ်သည်ဆို၍ စွပ်စွဲနေသော ဦးထွန်းညိုဆိုသူကို ကျော်ခေါင် မကျေမနပ်ဖြစ်နေမိလေ၏။

'ဒီမယ် ကိုဘကျော်..ခင်ဗျား ကျုပ်တို့ကို လိမ်ဖို့ညာဖို့ မကြိုးစားနဲ့။ ခင်ဗျားဟာ လူစင်စစ်မဟုတ်ဘူး။ ခင်ဗျားဟာ သမန်းဝံပုလွေ၊ သမန်းဝံပုလွေ တစ်ကောင်ပဲ။ အဲဒါ ကျုပ်တို့ အကုန်သိတယ်'

'ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ ကိုထွန်းညို၊ ခင်ဗျားစကားတွေက ယုတ္တိမတန်လိုက်တာဗျ။ ကျုပ်ကြားဖူးတာကတော့ သမန်းကျားပဲ ကြားဖူးပါတယ်။ သမန်းဝံပုလွေဆိုတာ ခင်ဗျားပြောမှပဲ ခုကြားဖူးတော့တယ်ဗျာ'

'ဒီမယ် ကိုဘကျော်..မသေချာ မရေရာဘဲနဲ့ ကျုပ် အရမ်းမပြောဘူး။ ကွယ်လွန်သွားတဲ့ ဆေးဆရာကြီး ဦးဖိုးမှီ ပြောပြခဲ့လို့ ကျုပ် အကုန်လုံးသိပြီးပြီ။ ခင်ဗျားကို ဆရာကြီး ဦးဖိုးမှီကိုယ်တိုင် ဆေးဝါးတွေနဲ့စီရင်ပြီး သမန်းဝံပုလွေရဲ့ သွေးနဲ့ ခင်ဗျားကို ဆေးတိုးပေးခဲ့တယ်လို့ ကျုပ်ပြောရင် ခင်ဗျား ငြင်းမလား ကိုဘကျော်။ ပြောလေ'

'ငြင်းတယ်..ငြင်းတယ်ဗျာ။ ဆရာကြီးဦးဖိုးမှီ ကျုပ်ကို ထိုးပေးခဲ့တဲ့ဆေးက သမန်းဝံပုလွေဆေး မဟုတ်ဘူးဗျာ။ ဘသမန် တုတ်ပြီးဓားပြီး ပီယသိဒ္ဓိဆေးလို့ ပြောတာပဲ။ ကျုပ် ဒါပဲ ယုံကြည်တယ်'

ဖေဖေ့ငြင်းပြနေတာကို ဦးထွန်းညို လက်ခံပုံမရချေ။ ခေါင်းကို တွင်တွင်ခါယမ်းပြီး-

'ဒီမယ်..ကိုဘကျော်၊ ခင်ဗျားအိမ်ရှေ့ကန်ရံကို ကြည့်လိုက်စမ်းပါဦး။ အဲဒီသွေးစက်သွေးကွက်တွေက မှတ်ကြီးသွေးစက်တွေ မဟုတ်လား။ ဟိုခြံဝင်းထဲက သစ်ပင်ခြေရင်းကိုလည်း ကြည့်လိုက်စမ်းပါဦး ကိုဘကျော်။ မှတ်ကြီးအလောင်း လည်ပင်းမှာကိုက်ခဲထားတဲ့ ဝံပုလွေသွားစွယ်ရာတွေ။ ခင်ဗျားမဟုတ်လို့ ဘယ်သူဖြစ်နိုင်မှာလဲ။ ပြောစမ်းပါ'

ကိုဘကျော် မှတ်ကြီးအလောင်းကို လှမ်းကြည့်လိုက်သည်။ အလောင်းမှာ ကိုဘကျော်ခြံတွင်းရှိ သစ်ပင်ရင်းအခြေ မြေပြင်၌ သေဆုံးနေခြင်း ဖြစ်သည်။

'အဲဒါ ကျုပ် မသိဘူး၊ ကျုပ် မသတ်ဘူး။ ခုမှ ကျုပ် မြင်တာ။ ကျုပ် လုံးဝမသတ်ဘူး။ မှတ်ကြီးက ကျုပ် တပည့်ပဲ၊ ဘာကိစ္စနဲ့ သတ်ရမှာလဲ။ ဒီမယ်..ခင်ဗျားတို့ ကျုပ်ကို ပြဿနာမရှာနဲ့'

'ကိုဘကျော်ကို ရှင်းပြနေလို့ အပိုပဲ။ သူ့ပါးစပ်ကို ကြည့်လိုက်။ နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်မှာ သွေးတွေ စွန်း



www.burmeseclassic.com

www.burmeseclassic.com

နေတာ။ သူ မသတ်လို့ ဘယ်သူရှိဦးမှာလဲ။ ကြာတယ်ဗျာ၊ ကိုရာကျော်တို့ မိသားစုအားလုံး ရွာစွန်သာ နှင်ထုတ်လိုက်တော့။ ကြာရင် တစ်ရွာလုံး ဒုက္ခရောက်ကုန်လိမ့်မယ်’

ရွာသားတစ်ယောက်က ဝင်ပြောလိုက်ရာ ကိုထွန်းညို နှင့် အတူပါလာသော ရွာသားအားလုံးက ဆူဆူညံညံဖြစ်ကုန်ကြ၏။ တစ်ယောက်တစ်ပေါက်ဖြင့် နောက်ဆုံး အရပ်၏ အင်အားထုနှင့် ကိုဘကျော်တို့ မိသားစုကို ဖမ်းဆီးချုပ်နှောင်ကာ မြိုင်ရပ်သို့ နှင်သကဲ့သို့ ရွာစွန်သို့ အပို့ခံလိုက်ရပေတော့သတည်း။

◆◆◆

ရွာစွန်၌ ကျော်ခေါင်တို့မိသားစု ပထမသော် ဝါးတဲလေး ဆောက်လုပ်၍ နေသာရုံသာ နေထိုင်ခဲ့ကြ၏။ ထို့နောက် တဖြည်းဖြည်းဖြင့် အခြေအနေကောင်းလာခြင်း၊ အမဲလိုက်လုပ်ငန်း အဆင်ပြေလာခြင်း၊ သစ်ဥသစ်ဖုနှင့် တောတွင်းပရဆေးမြစ်၊ ဆေးရွက် စသည်တို့ ရောင်းချရခြင်းကြောင့် ကျော်ခေါင်တို့မိသားစု စီးပွားဖြစ်ကာ ဝါးအိမ်မှ ပျဉ်ထောင်အိမ်ကြီးထီးတည်းဖြင့် တင့်တင့်တယ်တယ် နေထိုင်လာနိုင်ခဲ့ကြတော့၏။

တစ်နေ့သ၌နှင့် တစ်ညသ၌ ကျော်ခေါင် အမဲလိုက်သွားစဉ် ဝံပုလွေအကိုက်ခံရလေ၏။ ကိုက်သောဝံပုလွေကိုလည်း ကျော်ခေါင် သေအောင် သတ်ဖြတ်နိုင်ခဲ့လေ၏။

သို့သော် အကိုက်ခံထားရသော ဒဏ်ရာဒဏ်ချက်များဖြင့် သစ်ပင်ကြီးတစ်ပင်အောက်၌ နားခိုခဲ့ရလေ၏။ နောက်တစ်နေ့ မနက်လင်းတော့ ကျော်ခေါင် ကြိုးစားပြီး အိမ်သို့ မရောက်,ရောက်အောင် ပြန်လာခဲ့လေတော့၏။

အိမ်သို့မရောက်ခင် အစောကပင် အိမ်ကို အဝေးမှ မြင်တွေ့လိုက်ရာ ကျော်ခေါင်၏ ရင်အစုံသည် ဆို့တက်၍ သွားလေတော့၏။

ပျဉ်ထောင်အိမ်ကြီးမှာ ပြာကျနေပြီ။ ကျော်ခေါင်၏ ဖေဖေ၊ မေမေ၊ ညီမလေးမြသွေးတို့မှာ ပြာပုံထဲ လောင်ကျွမ်းသေဆုံးနေလောက်ပြီဟု ထင်သည်။ ကျော်ခေါင်သည် ရင်ဆို့လျက် မျက်ရည်စက်လက်တို့ဖြင့် အိမ်ကြီးဆီသို့ ပြေးသွားလေ၏။

အိမ်ကြီးဆီသို့အရောက်၌ မြန်မာကြေးမီးခြစ်(တစ်ချိန်က နာမည်ကြီး ဖလေးမီးခြစ်)တစ်လုံးကို အိမ်ရှေ့မြေကြီးပေါ်၌ ကျရောက်နေသည်ကိုတွေ့၍ ကောက်ယူကြည့်လိုက်မိတော့သည်။

‘ဟင်..ဒီကြေးမီးခြစ်က..’

ကျော်ခေါင် မီးခြစ်ကိုကြည့်၍ တစ်ပိုင်းတစ်စ ရေရွတ်လိုက်၏။ ကျော်ခေါင် အိမ်ထဲ ဝင်လိုက်သည်။ အိမ်ဟုသာ ဆိုရသည်။ တကယ်တော့ အိမ်နှင့်ပင် မတူတော့။ မီးလောင်ပြင်ကြီး ဖြစ်နေပေပြီ။

တချို့အိမ်တိုင်များပင် အစုံအလင် မရှိကြတော့ပေ။ မီးလောင်ပျက်စီးကာ ကျိုးကျနေကြသည်။ ကာထားသော ဝါးကပ်အမိုးတို့မှာလည်း မီးလောင်ကုန်ပြီ။ ထုပ်တန်းများ မြေ၌ ကျိုးကျနေကြသည်။ ဘေးအကာတို့မှာလည်း ဟာလာဟင်းလင်း။ ကျော်ခေါင်သည် ဖေဖေ၊ မေမေတို့နှင့် ညီမလေးမြသွေးတို့၏ မီးလောင်ရုပ်ကြွင်းအလောင်းတို့ကို ဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးလိုက်သလို ရင်ထဲ အသည်းထဲကပါ ‘ငါ့ဖေဖေ၊ ငါ့မေမေ၊ ငါ့ညီမလေးတို့ကို သတ်ခဲ့တဲ့သူကို ပြန်သတ်မယ်ဟေ့’ဟူသော ကြွေးကြော်သံမှာလည်း နေရာအနှံ့သို့ ပျံ့လွင့်၍သွားကာ မြေကြီးပင် တုန်ဟည်းသွားသကဲ့သို့ ထင်မှတ်ရလေသတည်း။

အထက်ပါ ဖြစ်ရပ်တို့မှာ ကြာတော့ ကြာခဲ့ပါပြီ။

ဆယ်နှစ်တာကာလအတွင်း မီးလောင်ပြာကျခဲ့သော ကျော်ခေါင်တို့ရဲ့ မိသားစုအိမ်ကြီးကိုလည်း လက်ရာဟောင်းမပျက်စေဘဲ ပြန်လည်၍ ကျော်ခေါင် ကြိုးစားပမ်းစားဖြင့် တည်ဆောက်နိုင်ခဲ့လေ၏။

ငှင်းအိမ်ကြီး၌ပင် ကျော်ခေါင်တစ်ယောက် အထီးကျန်ဆန်စွာ နေထိုင်ခဲ့သော်လည်း တစ်နေ့တစ်ရက်မျှပင် ဖေဖေတို့၊ မေမေတို့၊ ညီမလေးမြသွေးတို့ကို မမေ့ခဲ့ပေ။ အမြဲတစေနီးပါး အခါအားလျော်စွာ သတိရမြဲရလျက် ရှိနေပေတော့၏။

တစ်ခါတစ်ရံ ကျော်ခေါင် ရွာထဲသို့ အရဲစွန့်၍ သွားရောက်တတ်လေသည်။ ရွာထဲကလူတွေ လက်မခံကြသော်လည်း ကျော်ခေါင်ကတော့ လူတွေအလစ်မှာ အထူးသဖြင့် လမိုက်လကွယ် ညမျိုးတွေမှာ ရွာထဲ သွားရောက်တတ်လေသည်။

ရွာထဲက အညိုကိုတော့ ကျော်ခေါင် မတွေ့ရရင် မနေနိုင်သူပါ။ သူကလည်း ကျော်ခေါင်၏ ချစ်သူတစ်ယောက်ဖြစ်နေသောကြောင့် ဖြစ်လေသည်။

ထိုနေ့က လမိုက်ည ဖြစ်သည်။

မှောင်ရိပ်ခို၍ ရွာထဲသို့ ခိုးဝင်ရသည်မှာ သက်ပြွန်ဆံဖျား ရန်သူ့နယ်မြေထဲ ခိုးဝင်ရသကဲ့သို့ဖြစ်၏။ အပယ်ခံ

www.burmeseclassic.com

ရွာစွန်သို့ အနှင်ခံထားရသူဖြစ်သောကြောင့် ရပ်ရွာက သိလျှင် ဝိုင်းဝန်းသတ်ဖြတ်ကြမှာ သေချာ၏။ ထိုအနေအထားကို သိလျက်နှင့်မှင် ကျော်ခေါင် သက်စွန့်ဆံဖျား အရဲကိုး၍ ရွာထဲသို့ သူခိုးတစ်ယောက်လို ချွတ်နင်းဝင်ရောက်ခဲ့လေ၏။

အညို့ကိုချစ်၍ အရဲကိုးခြင်းဖြစ်သည်။ သတ္တိရှိနေခြင်းဖြစ်သည်ကို ကျော်ခေါင်ကိုယ်တိုင်လည်း နားလည်သဘောပေါက်လေ၏။

အညို့နှင့် ကျော်ခေါင်တို့မှာ တစ်ရွာတည်းသား ငယ်သူငယ်ချင်း၊ ငယ်ရည်းစားများ ဖြစ်ကြသည်။ တစ်ယောက်အပေါ်တစ်ယောက် သံယောဇဉ်တွယ်တာကြပြီး နားလည်ကြကာ မခွဲနိုင်မခွာရက်အောင်လည်း တစ်ယောက်အပေါ် တစ်ယောက် မေတ္တာရှိကြ၏။ မေတ္တာကြီးကြ၏။

ထိုညကား အညို့အဖေ ဦးထွန်းပိုတစ်ယောက် အိမ်မှာ မရှိ။ အရောင်းအဝယ်ကိစ္စဖြင့် မြို့တက်သွားသည်ဟု သတင်းရထားသဖြင့် ကျော်ခေါင် စိတ်ချလက်ချ အညို့အိမ်နောက်ဖေးဘက်ဆီသို့ ကောင်းစွာ ချဉ်းကပ်လာနိုင်ခဲ့လေ၏။

ဦးထွန်းညိုမှာ အညို့အဖေ၏အစ်ကို။ အညို့အဖေမှာ ဦးထွန်းပိုဖြစ်ပြီး ညီဖြစ်သည်။ ညီအစ်ကိုချင်းမှာ တစ်ဦးနှင့်တစ်ဦး စရိုက်မတူကြပေ။ ဦးထွန်းညိုက စရိုက်ကြမ်းပြီး ဦးထွန်းပိုကမူ စရိုက်ကောင်းသူ ဖြစ်လေ၏။

တစ်နည်းပြောရလျှင် ဦးထွန်းညိုသည် ကျော်ခေါင်၏ အမိကရန်သူ ဖြစ်သကဲ့သို့ အမုန်းဆုံးလူတစ်ယောက်လည်း ဖြစ်လေ၏။ ကျော်ခေါင့်ရင်ထဲမှာတော့ ဦးထွန်းညိုကို ငြိုးထားခဲ့သည်မှာ ကြာလေပြီ။ မိမိ၏ မိဘနှစ်ပါးနှင့် ညီမလေးတို့ကို မီးလောင်တိုက်သွင်းပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူဟု ကျော်ခေါင် ရင်ထဲ၊ အသည်းထဲ နာနာကြည်းကြည်း မုန်းတီးခံစားနေရသူ ဖြစ်၏။

ကျော်ခေါင်သည် သစ်ပင်ရိပ်ခို၍ ဘေးဘီဝဲယာသို့ အကဲခတ်ကြည့်လိုက်၏။ လူရိပ်လူခြေဆိတ်နေသောကြောင့် အညို့အိမ်နားသို့ကပ်၍ အညို့အခန်းရှိရာသို့ ရှေးရှုတိုးလျှောက်သွားလေ၏။ ထို့နောက် ခေတ္တခဏမျှ မှောင်ရိပ်ခိုငြိမ်နေလိုက်ပြီး ထရံကို လက်ညှိုးဖြင့် ဖြည်းညင်းစွာ ခေါက်လိုက်လေ၏။

"တောက်··တောက်"

"ကိုယ်ပါ အညို၊ ကျော်ခေါင်ပါ" ဟု လေသံပျော့ပျော့ တိုးတိုးအသံပြုလိုက်၏။ ပြတင်းတစ် ချပ်ပွင့်လာသည်။ ကျော်ခေါင် ဝမ်းသာသွားလေ၏။

"အတင့်ရဲလိုက်တာ ကိုကျော်ရယ်။ ဘကြီးထွန်းညို သိရင် ဒုက္ခပဲ"

"ချစ်လို့ပါ အညိုရယ်။ ကိုကျော် အညို့ကို မတွေ့ရ မနေနိုင်လို့ပါကွာ။ ကဲပါ၊ လာပါ၊ အောက်ကို ဆင်းခဲ့ပါ။ ကိုယ့်လက်ကိုင်ထား။ ဟုတ်ပြီ၊ ပခုံးပါ ဖက်ထား။ ဟုတ်ပြီ။ ကိုယ်ပွေ့ပြီး အောက်ကို ချပေးမယ်"

ကျော်ခေါင် အညို့ကိုပွေ့၍ ပြတင်းပေါက်မှတစ်ဆင့် အောက်ကို ချပေးလိုက်၏။

မြေပြင်သို့ရောက်တော့ အညိုက ကျော်ခေါင့်ကို စိုးရိမ်စွာ ကြည့်ပြီး-

"ကိုကျော်ကလည်း မနက်တိုင်း အညို ဈေးထွက်နေတာပဲဟာ။ ဈေးထဲမှာတွေ့တာ မဟုတ်ဘူး။ ဘကြီးထွန်းညိုတို့က ကိုကျော့်ကို သိမ်ပြီးလိုလားကြတာ မဟုတ်ဘူး။ မတော်လို့များ ကိုကျော့်ကို တွေ့သွားကြရင် သတ်ကြမှာ"

"ကိုယ် မကြောက်ပါဘူး အညို၊ ကိုယ်မကြောက်ဘူး။ ကိုယ့်မိသားစုကို ရက်ရက်စက်စက် သတ်ခဲ့တဲ့လူကို ကိုယ် ပြန်ပြီးလက်တုံ့ပြန်မှာပါ။ အခါအခွင့်မကြုံသေးလို့ပါ အညို။ ရင်ထဲမှာပဲ ငြိုးထားတယ်။ ကိုယ့်မိသားစုအတွက် ပြန်ပြီး လက်တုံ့ပြန်မှာပါ။ အခါအခွင့် မကြုံသေးလို့၊ ကြုံလို့ကတော့ သူတို့ မိသားစုတစ်စုလုံးကို ပြန်သတ်မှာ"

"ဟင်··ကိုကျော်က အခုချိန်ထိ ဘကြီးထွန်းညိုကို သံသယဝင်နေတုန်းပဲကိုး။ ကိုကျော့်သံသယတွေ၊ အထင်အမြင်တွေ မှားနေပြီ ကိုကျော်။ ရွာထဲမှာတော့ တောမီးလောင်လို့ အိမ်မီးစွဲပြီး လောင်တယ်လို့ ဘကြီးထွန်းညိုရော အရပ်ထဲက လူကြီးတွေကပါ ပြောနေကြတာပဲ။ အဲဒီလို အငြိုးအတေးတွေထားနေရင် ကိုကျော့်အာဃာတအငြိုးတွေက ကိုကျော့်ကို ဒုက္ခပေးလိမ့်မယ်နော် ကိုကျော်"

"အို··အညို အဲဒါတွေ ကိုယ့်ကို ပြောမနေနဲ့။ ကိုယ် အခုလာခဲ့တာ အဲဒီအကြောင်းတွေပြောဖို့ လာတာမဟုတ်ဘူး အညို။ ကိုယ် အညို့နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့"

"ပြောလေ ကိုကျော်၊ ဘာပြောချင်လို့လဲ။ ပြောပြီးရင် မြန်မြန်ပြန်နော် ကိုကျော်။ သူတို့သိသွားရင် ကိုကျော်ရော အညိုရော အသတ်ခံရမှာ သိလား"

"သိတယ်။ ကိုယ် အညို့ကို အရမ်းချစ်တယ်။ ပြီးတော့ လက်ထပ်ချင်တယ်။ အဓိကပြောချင်တာ အဲဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com

'ကဲပါ၊ လက်ထပ်ကြပြီး အညိုတို့ ဘယ်မှာသွားနေကြမှာလဲ။ အဝေးကြီးလည်း သွားနိုင်တာ မဟုတ်ဘဲနဲ့။ ဒီအနားပတ်ဝန်းကျင်မှာပဲ နေကြလို့ကတော့ ဘကြီးထွန်းညိုတို့နဲ့ ကိုကျော် မဖြစ်နိုင်ပါဘူး။ အန္တရာယ်က ကင်းမှာ မဟုတ်ဘူး ကိုကျော်'

'ကိုကျော်တို့ မြို့တက်ပြီး တစ်ခုခုလုပ်ကိုင်စားသောက်ကြတာပေါ့ အညို'

'လွယ်လိုက်တာ ကိုကျော်ရယ်။ ကဲ··ဘယ်မှာလဲ ပိုက်ဆံ၊ ဘယ်မှာလဲအိမ်။ မရေရာ မသေချာတဲ့ အလုပ်ကို စိတ်ကူးမယဉ်စမ်းပါနဲ့ ကိုကျော်ရယ်။ အိမ်ထောင်တစ်ခု ထူထောင်ဖို့ဆိုတာ အခြေခံမရှိဘဲ စိတ်ကူးနဲ့ တည်ဆောက်လို့ မရဘူး ကိုကျော်'

'ဒါဆို ကိုယ်တို့ဘဝက ဒီအတိုင်းပဲ ရေစုန်မျှောနေရတော့မှာလား အညို။ တစ်ခုခုကိုတော့ စွန့်စားရလိမ့်မယ်နဲ့တူတယ်။ ဒီအတိုင်းနေသွားလို့ကတော့ ကြာလေ ဝေးလေပဲ အညို။ ကိုယ်တို့ ချစ်ခဲ့ကြတာလည်း သုံးနှစ်သုံးမိုးမကတော့ဘူး။ ငါးနှစ်ငါးမိုးတောင် ရှိနေကြပြီ။ ကိုယ်တော့ ဘာပဲဖြစ်ဖြစ် အညိုကို မခွဲနိုင်ဘူး။ ဒီညပဲ ကိုယ်နဲ့ လိုက်ခဲ့တော့နော် အညို'

ကျော်ခေါင် အညိုပခုံးစွန်းနှစ်ဖက်ကို ကိုင်ရင်းပြောပြီး သူ့ရင်ခွင်ထဲ ဖက်ထားလိုက်လေ၏။

ထိုအချိန်မှာပင် လက်နှိပ်ဓာတ်မီး အလင်းရောင်တို့သည် ကျော်ခေါင်နှင့် အညိုတို့ရှိရာသို့ ဖြာကျလာပြီး စကားပြောသံတို့နှင့် အော်သံတို့ကို ကြားလိုက်ရလေ၏။

'ဟေ့··ဟေ့··ဟိုမှာ··ဟိုမှာ'

လက်နှိပ်ဓာတ်မီးနှင့် ထိုးထားသော ရွာသားတစ်ယောက်က ကျော်ခေါင်နှင့် အညိုရှိရာသို့ လက်ညှိုးထိုးပြ၍ ပြောလိုက်၏။

'ကိုကျော် သွားတော့၊ မြန်မြန်သွားတော့။ သူတို့လာနေကြပြီ။ ပြေး··ပြေး'

ကျော်ခေါင်သည် အညို့ကို ချီ၊မ၍ ပြတင်းပေါက်မှ တစ်ဆင့် အိမ်တွင်းသို့ ပို့ဆောင်သွင်းပေးလိုက်ကာ နေရာမှ လျင်မြန်စွာ ပြေးထွက်သွားလေ၏။

'လိုက်ဟ၊ ဖမ်းကြ၊ လိုက်ကြစမ်းပါကွာ' ဆိုသော အသံများ အဆက်မပြတ် ကြားလိုက်ရပြီးနောက် တဖြည်းဖြည်း ဝေး၍ဝေး၍ တျန်ရစ်ခဲ့တော့သတည်း။

ကျော်ခေါင် အိမ်သို့ပြန်ရောက်တော့ အတော်ပင် ညဉ့်နက်နေပြီ။ အိပ်ချင်စိတ် မရှိသေးသောကြောင့် အိမ်ရှေ့ကွပ်ပျစ်၌ ထိုင်နေလိုက်သည်။ ရင်ထဲမှာလည်း ဦးထွန်းညိုအပေါ် မကျေမနပ်ဖြစ်နေမိသည်။ ဖေဖေနှင့် မေမေတို့ကို သတိရသလို ဖြစ်လာ၏။ တစ်ဆက်တည်း ညီမလေးမြသွေးကိုလည်း သတိရ၍နေလေ၏။ စိတ်ထဲ ဝမ်းနည်းစိတ်များ၊ ကြေကွဲစိတ်များ ဝင်လာသည်။ တစ်ဆက်တည်းမှာပင် ခံပြင်းလွန်းတဲ့ ဒေါသစိတ်များကြောင့် တစ်ကိုယ်လုံး ထူပူသွားသလို စိတ်ထဲမှာ ခံစားလိုက်ရလေတော့၏။

ထိုစဉ်မှာပင် ကျော်ခေါင့်တစ်ကိုယ်လုံး ယားယံလာပြီး လက်မောင်းနှစ်ဖက်တွင် အမွေးအမှင်များ တဖြည်းဖြည်း ရှည်ထွက်လာသည်ကို မြင်တွေ့လိုက်ရလေ၏။

'ဟာ··ဟာ··ငါ့လက်မောင်းမှာ အမွေးအမှင်တွေ ရှည်ထွက်လာပါလား။ အလို··ဟာ··ဒုက္ခပါပဲ။ လက်သည်းတွေလည်း ရှည်ထွက်လို့ပါလား'

ကျော်ခေါင် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရင်း ထိတ်လန့်ကြောက်ရွံ့သွားလေ၏။ မျက်နှာကို စမ်းသပ်ကြည့်လိုက်ရာ ပါးနှစ်ဖက်တွင်လည်း အမွေးအမှင်များကို စမ်းသပ်မိကာ ပါးစပ်အတွင်းမှ သွားများမှာလည်း အစွယ်များ ထွက်လာနေပြန်သဖြင့် ကျော်ခေါင် ကွပ်ပျစ်ပေါ်မှ ဝုန်းခနဲ ထလိုက်၏။ တစ်ဆက်တည်း လူစိတ်ပျောက်သွားသလိုလည်း ခံစားမိလိုက်လေ၏။ ထို့နောက်တော့ ကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

သည် လုံးဝလူစိတ်ပျောက်၍ တောတွင်းသို့ ပြေးဝင်သွားလေတော့သတည်း။

◆◆◆

နေဝင်ဆည်းဆာအချိန်။

'အူး..ဝူး..ဝူး'

သမန်းဝံပုလွေဘဝသို့ ရုတ်တရက်ပြောင်းလဲသွားသော ကျော်ခေါင်သည် လူစိတ်တစ်ဝက် ဝံပုလွေစိတ်တစ်ဝက်ဖြင့် သတိရတစ်ချက် မရတစ်ချက်ဖြစ်နေသောကြောင့် ဝံပုလွေအစစ်အမှန်တို့သည် အနားမသီမဝံ့ဘဲ ခပ်လှမ်းလှမ်းမှနေ၍ အကဲခတ်နေကြလေသည်။

ကြောက်မက်ထိတ်လန့်ဖွယ်ကောင်းသော သမန်းဝံပုလွေ၏ အူလိုက်သံကြောင့် အစစ်အမှန်ဝံပုလွေများ ကြောက်လန့်ပြီး ထွက်ပြေးကြလေတော့၏။

ထို့နောက် သမန်းဝံပုလွေ ကျော်ခေါင်သည် လူစိတ်ပြန်ဝင်လာပြန်သည်။ အတိတ်မိသားစုကို သတိရကာ မိမိ၏ အိမ်ဆီသို့ တစ်ဖန်ပြေး၍ လာခဲ့ပြန်လေ၏။ အိမ်သို့ရောက်သော် ရွာသားတချို့တို့သည် မီးတုတ်များကို ကိုင်ဆောင်၍ ကျော်ခေါင်အိမ်ကို မီးရှို့နေကြသည်ကို တွေ့လိုက်ရလေ၏။ ၄င်းရွာသား လူအုပ်များကြားထဲတွင် ၄င်းအငြိုးထား ကလဲ့စားချေမည့်လူ မိသားစုကို မီးလောင်တိုက်သွင်းသည့်လူ ဦးထွန်းညိုကို တွေ့လိုက်ရသောကြောင့် ကျော်ခေါင်သည် ဒေါသကို မထိန်းနိုင်တော့ဘဲ ထိုလူအုပ်ကြားသို့ တစ်ဟုန်ထိုး ပြေးဝင်သွားလေတော့၏။

'ဟော့..ဟော့..ဝံပုလွေ၊ ဝံပုလွေ။ မလွတ်စေနဲ့၊ မလွတ်စေနဲ့။ ဝိုင်းဟ..ဝိုင်းဟ။ အသေသတ်ကြ'

ဦးထွန်းညို၏ အော်ဟစ်အမိန့်ပေးသံက ဟိန်းထွက်၍နေလေ၏။ ကျော်ခေါင်သည် မိမိ မှတ်မှတ်ရရ ထိန်းသိမ်းစောင့်ရှောက်ထားသော လယ်ထဲမှ ကြေးမီးခြစ်ကို ကြည့်ပြီးလေ၏။ ထိုအခါ ပို၍,ပို၍ ဒေါသများ တခြောင်းခြောင်း ထွက်လာလေ၏။

'ဦးထွန်းညို၊ ခင်ဗျားရဲ့ ကြေးမီးခြစ် ဒီမှာလေ။ ခင်ဗျား ကျုပ်တို့မိသားစုကို မီးလောင်တိုက်သွင်းခဲ့တာ ခင်ဗျား မှတ်မိတယ်မဟုတ်လား။ ဒီတစ်ခါတော့ ခင်ဗျားကြီး သေရမယ့် အလှည့်ပဲ'ဟု အော်ဟစ်ပြောလိုက်ပြီး ကျော်ခေါင်သည် လွှားခနဲခုန်အုပ်၍ ဦးထွန်းညိုလည်ပင်းကို သွားအစွယ်များဖြင့် ကိုက်ဆွဲကာ လက်သည်းရှည်များဖြင့် တစ်ကိုယ်လုံးကို ကုတ်ဖဲ့လေတော့၏။

ဦးထွန်းညိုမှာလည်း ကိုက်ခဲကုတ်ဖဲ့မှုဒဏ်ရာကြောင့် သွေးများ ပန်းထွက်ကာ လဲကျသွားလေ၏။

'ကိုကျော်..သတိထား၊ သတိထား။ ဘကြီးညိုကို မလုပ်နဲ့၊ မသတ်ပါနဲ့'ဟူသော အညို၏အသံကို ကျော်ခေါင် ကြားလိုက်ရလေ၏။ ထိုအချိန်၌ကား နှောင်းသွားခဲ့ပြီ ဖြစ်လေ၏။ ဦးထွန်းညိုမှာလည်း အသက်ပျောက်သွားခဲ့ပြီ ဖြစ်လေ၏။

'ဝိုင်းဟ..ဖမ်းဟ။ မလွတ်စေနဲ့ဟော့'

'အဲဒါ ဝံပုလွေအစစ် မဟုတ်ဘူး။ သမန်းဝံပုလွေ ကျော်ခေါင်ပဲ။ အမိဖမ်းပြီး အသေသတ်ကြဟော့'ဟူသော အသံများ ဆက်ကြားလိုက်ရပြီး တုတ်၊ ဓား၊ လှံ၊ တူမီးသေနတ် စသည်တို့ဖြင့် ကျော်ခေါင့်ကို ပစ်ခတ်တိုက်ခိုက်ကြလေ၏။

ကျော်ခေါင်မှာလည်း လူစိတ်မှပြောင်းပြီး ဝံပုလွေစိတ်ဖြင့် ရွာသားများကို ပြန်၍ခုခံတိုက်ခိုက်လေတော့၏။ သွေးသံရဲရဲဖြင့် ဒဏ်ရာအသီးသီး ရရှိနေကြကာ သမန်းဝံပုလွေ ကျော်ခေါင်မှာ အင်အားချင်းမမျှတော့ဘဲ တူမီးသေနတ် ကျည်ထိမှန်ကာ ဒဏ်ရာများရကာ လဲကျသွားလေတော့၏။

ထိုစဉ် အညိုမှာလည်း လူအုပ်များကို တိုးဝှေ့၍ ကျော်ခေါင့်ဆီ ပြေးဝင်လာ၏။

'ကိုကျော်..ကိုကျော်'

'အညို..အညို'

ကျော်ခေါင်သည် ဝံပုလွေစိတ်ပျောက်၍ လူစိတ်ပြန်ဝင်လာသောအခါ ကျော်ခေါင့်ကိုယ်မှ ဝံပုလွေအမွေးအမှင်များနှင့် လက်သည်းများ၊ အစွယ်များ သူ့အလိုလို ပျောက်ကွယ်၍သွားလေ၏။

'အညို..ကိုယ်မနေရတော့ဘူး အညိုရယ်'

'ကိုယ် အညို့ကို သိပ်..သိပ်ချစ်ပါတယ် အညိုရယ်'

ကြေကွဲစွာ ကျော်ခေါင် သည်မျှသာ ပြောနိုင်တော့၏။ ထို့နောက်တော့ ငြိမ်၍သွားလေတော့၏။

'ကိုကျော်..ကိုကျော်..ဖြစ်ရလေ ကိုကျော်ရယ်'

အညို ရှိုက်ကြီးတငင်ငို၍ တမ်းတမ်းတတ အော်၍ခေါ်လိုက်သော်လည်း ကျော်ခေါင်ကား ကြားနိုင်တော့မည် မဟုတ်တော့ပေ။

ဒါရိုက်တာမျိုးဇော်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဤနေ့ကား မြန်မာသက္ကရာဇ်(၁၃၇၉)ခုနှစ်၊ ခရစ်နှစ်(၂၀၁၇)ခုနှစ်၊ မြန်မာနှစ်ဆန်း (၂)ရက်နေ့ မနက်စောစောတွင် ဖြစ်သည်။

ကောင်းကင်တစ်ခွင်လုံး မိုးသားများဖြင့် အုံ့ဆိုင်းကာ အုံ့မှိုင်း၍နေသည်။ သင်္ကြန်တွင်းမှ စရွာသော မိုးသည် တစ်ရက်မျှ မပြတ်သေးပေ။ ထို့ကြောင့် သည်နေ့တွင်လည်း ရွာဦးမည်ဟု ခန့်မှန်းရသည်။

ကျောင်းတိုက်အသစ် တည်စတို့ ထုံးစံအတိုင်း စာဝါမကောက်မီ လုပ်ရမည့် တန်းစီနေသည့် အထဲမှ သိမ်သွားလမ်းဖို့ရန် အတွက်ကို စီစဥ်ရသည်။ တိုက်အုပ်စာချကိုယ်တော် ဦးဝဏ္ဏသိရအား ခေါ်ပြီး မြေဖို့ရမည့် လမ်းဖယားကို ထောက်ပြသည်။

ဦးဝဏ္ဏသိရ အလုံးစုံ သဘောပေါက်ဟန် မတူပေ။






www.burmeseclassic.com

ဦးဝဏ္ဏိသသရသည် ဉာဏ်ထက်၍ စာပေပရိယတ်မှာ မဇ္ဈိမစရိယတိုင်အောင် ကြွပ်ကြွပ်မည်သို့ ပို့ချတတ်သော်လည်း အခြားဘက်များတွင် ခပ်ညံ့ညံ့သဘောရှိသည်။

ထို့ကြောင့် ဤစာရေးသူမှာ ဤတပည့် ဦးဝဏ္ဏိသသရကို အားကိုးအားထားပြုပြီး မဇ္ဈိမစရိယတန်းကို အဓိကထားသည့် စာသင်တိုက်ကို ထူထောင်နိုင်ခဲ့သည်။ သို့သော်လည်း ဦးဝဏ္ဏိသသရသည် ခပ်ပျော့ပျော့ ခပ်အေးအေး သဘောရှိသောကြောင့် စိတ်တိုပြီး မကြာခဏပင် အော်ဟောက်မိရသည်။

ယခုလည်း မြေဖို့မည့် ကိစ္စကို ကိုယ်တိုင် လိုက်လုပ်ရမည့် သဘောရှိနေသည်။ စာဝါများ နားထားချိန်ဖြစ်၍ ကိုရင်၊ ဦးပဉ္စင်းများလည်း မိဘရပ်ထံကို ပြန်နေကြသည်။ ထို့ကြောင့် လမ်းဖို့မည့် ကိစ္စကို လူငှားလောက်အောင်လည်း မတတ်နိုင်တော့။

ကွမ်းသီးခွဲသော ဓားကိုကိုင်ပြီး ဆရာ့တပည့် နှစ်ပါး ကျောင်းလေးထဲမှ ထွက်လာကြသည်။ ဦးဝဏ္ဏိသသရကို သိမ်ကျောင်း(စာချကျောင်း)မှာ နေစေပြီး စာရေးသူက သီးသန့်ကျောင်းလေးနှင့်နေ၍ တစ်ကျောင်းနှင့် တစ်ကျောင်းသွားလာ လွယ်ကူစေရန် လမ်းလိုသည်။

ထို့ကြောင့် ကိုယ်တိုင် အရာခပ်သိမ်း လိုက်ပြီးကြည့်မနေနိုင်၍ မြေဖို့ရာတွင် တန်းဖြောင့်စေရန်အတွက် ကြိုးတန်းဆွဲပေးထားမှဖြစ်မည်။ သို့တည်းမဟုတ် ငုတ်ကလေးများသော်လည်း တန်းစီပြီး စိုက်ပေးထားရပေတော့မည်။

ငုတ်ကလေးများကို တန်းစီ စိုက်ပေးထားရန်အတွက် ကုက္ကိုငုတ်မှ ပေါက်နေသော ကုက္ကိုပေါက်တုတ်ကလေးများကို ကပွယ်ရန် ကိုရင်အား ခိုင်းလိုက်သည်။ သံဃာ့လောက၌ ရဟန်းဖြစ်ပြီးသော ပုဂ္ဂိုလ်သည် စိမ်း/ရှင်လျက်ရှိသော မြက်/သစ်ပင်ကို ခုတ်၊ လှဲ၊ သတ်ဖြတ်ခြင်း မပြုရဟု ဝိနယ၌ ဩဝါဒပြုလျက်ရှိသည်။ ခုတ်၊ လှဲ၊ သတ်ဖြတ်မိလျှင်လည်း ဒေသနာကြားပြီး အာပတ်ဖြေကြရသည်။

ဘာကြောင့်မှန်းမသိ ကိုရင် ပြန်ပြေးလာသည်။ ထို့နောက် ကုက္ကိုပင်ပေါက်တုတ်ကလေးများ ရှိနေသည့်ဘက်ကို စိုက်ကြည့်နေသည်။

'ဟဲ့ ကိုရင်၊ဘာလုပ်နေတုံး'

'ဟိုမှာ ဆရာတော်၊ ညောင်ကျပ်ပင်လေးမှာ မြွေဆိုးရှိတယ်လို့ ထင်ပါတယ်။ ရွှီးခနဲ နှာမှုတ်သံ ကြားလိုက်ပြီး တစ်ပင်လုံးလည်း သိမ့်သိမ့်တုန်သွားပါတယ်'ဟုဆိုကာ ကိုရင်သည် ညောင်ကျပ်ပင်လေးကို စိုက်ကြည့်နေသည်။

ကုက္ကိုငုတ် ပင်ပေါက်ကလေးများက ညောင်ကျပ်ပင်လေးနှင့် ကပ်လျက်တွင် ရှိသည်။

ဤစာရေးသူ ကျောင်းတိုက်တည်ဆောက်သည်မှာ သိပ်ပြီးမကြာသေးပေ။ ထို့ကြောင့် အပင်ဆို အရိပ်ဘဲ့ရရ အကုန်စိုက်သည်။ မအူ၊ ပိတောက်၊ ကုက္ကို၊ သီးပင်၊ စားပင်များမှသည် ညောင်ကျပ်ပင်များအထိ။ ထို့ကြောင့် ညောင်ကျပ်ပင်လည်း နှစ်ပင်ရှိသည်။ အရွယ်အားဖြင့် လက်မောင်းသာသာခန့်သာ ရှိသေးသည်။

စာရေးသူ ညောင်ကျပ်ပင်လေးကို ပင်ခြေ၊ ပင်အောက် အသေအချာ ကြည့်သည်။ ဘာမြွေမျှ မရှိပေ။ အပင်က ယခုမှ လက်မောင်းသာသာခန့်ရှိ၍ သိပ်ပြီးလည်း ရှုပ်ထွေးခြင်း မရှိသေးပေ။ ထို့ကြောင့် မြွေတစ်ကောင်ကောင်သာ ရှိနေလျှင် မြင်လောက်သည်။

'ဟ..ကိုရင် ဘယ်မှာလဲ။ ဘာမြွေမှ မရှိပါလား'

'မသိဘူးဘုရား၊ တပည့်တော် ကုက္ကိုပင်ပေါက်တုတ်လေးတွေကို ကပွယ်ဖို့သွားတော့ အဲဒီညောင်ပင်လေးက ထင်ထင်ရှားရှားကြီးပဲ ရွှီးခနဲ နှာမှုတ်ပြီး တစ်ပင်လုံး သိမ့်သိမ့်တုန်သွားပါတယ်'

ကိုရင်လည်း အဟုတ်ပင် မျက်လုံးလေးများ သိသိသာသာကြီး ပြူးကျယ်နေသည်။

'ခက်လိုက်ပါဘိ ကိုရင်ရယ်။ ပေး..ပေး ဓား၊ ကြာလို့ကွာ။ တော်ကြာ မိုးချုပ်တော့မယ်'

စာရေးသူ စိတ်မရှည်၍ ကိုရင့်ထံမှ ဓားကိုဆွဲယူကာ ကိုယ်တိုင် ကုက္ကိုပင်အတုတ်ကလေးများကို ကပွယ်လိုက်သည်။ ဆယ်ချောင်းခန့် ရသည်။

ထို့နောက် စာရေးသူ စဉ်းစားသည်။ ညောင်ပင်များမှာ သရဲကပ်သည်၊ သရဲနေသည်ဟု ဆိုကြသည်။ ထို့ကြောင့် ယခုအချိန်ကပင် သည်ညောင်ကျပ်လေးမှာလည်း သရဲများ ကပ်နေကြလေပြီလား။ ထို့ကြောင့်ပင် သရဲက ကိုရင် ညောင်ပင်လေးကို ခုတ်မည်ဟုထင်ပြီး မြွေနှာမှုတ်သံပြုကာ ခြောက်လှန့်လိုက်လေသလား။

ထို့ကြောင့် စာရေးသူ ညောင်ကျပ်ပင်လေးကို ဓား နှင့် တော့ပြီး ပြောလိုက်သည်။

www.burmeseclassic.com

'ဟေး…ညောင်ပင်မှာ အကောင်ဗလောင်တွေ ရှိနေကြသလား။ ဒါကြောင့် ခြောက်လှန့်ကြတာများလား။ မလုပ်ကြနဲ့နော်။ ဒါ ငါ့မြို့ ငါ့မြေ၊ ငါ သာသနာပြုနေတာကွ။ ရပ်ကွက်ထဲက အကောင်ဗလောင်တွေကိုပါ နေစရာမရှိလို့ လာနေချင် နေလို့ရတယ်။ အနှောင့်အယှက် မပြုကြနဲ့လို့ ပြောထားပြီးသား'

ကိုရင်နှင့် ဦးဝဏ္ဏသီလတို့ စိုက်ကြည့်နေရင်း တိုးတိုးရယ်ကြသည်။

'ငါက ဘယ်သူ့ကိုမှ နေရာအပိုင် ပေးထားတာ မရှိဘူး။ သီးသန့် အစားကျွေးပြီး မွေးထားတာလည်း မရှိဘူး။ ဆွမ်းကျန်ပစ်ထားရင် ကောက်စား၊ ဖြစ်သလိုနေ၊ ငါ ကျောင်းဆောက်ဖို့ မြေတူးတူး၊ အပင်လှဲလှဲ ဘာမှ အနှောင့်အယှက် လာမပြုနဲ့။ ငါ့ကျောင်းက ကိုယ်တော်၊ ကိုရင်၊ ကျောင်းသား၊ ကျောင်းကို လာကြတဲ့ ဒကာ၊ ဒကာမ၊ ဥပုသ်သည် တစ်ဦးတစ်ယောက်ကိုမှ အနှောင့်အယှက်မပြုရ။ အနှောင့်အယှက်ပြုရင်တော့ ဓားစာမိသွားကြလိမ့်မယ်။ ဒါ ငါ့အမိန့်'

ထိုသို့ပြောပြီးနောက် စာရေးသူသည် လျှောကျနေသော သင်္ကန်းကို လွှဲတင်ပြီး ဝတ်ရုံလိုက်ရာ လက်လှုပ်အောက်နားဆီက ငေါ်ခနဲ ဖြစ်သွားသည်။

'ဟာ'

သရဲများ ကိုင်ပြီ၊ ဖမ်းပြီလားဟု မှတ်လိုက်သည်။ စာရေးသူက ဓားကိုကိုင်ပြီး မိုလ်သံ(အာဏာသံ)ပါပါဖြင့် သူတို့အား ဓားကျိန်း၊ကျိန်းပြီး ပြောဆိုလိုက်၍ပင် သရဲများက ဒေါသထွက်ကာ တန်ပြန်တိုက်ခိုက်(ဖမ်းစား)ကြလေပြီလားဟု ထင်လိုက်မိသည်။ တောင်သူသေ မြေရိုးဆိုဘိသို့ စိတ်ထဲက မသိုးမသန့် ဖြစ်သွားမိသည်။

သို့သော်လည်း ထိုထက် မစဉ်းစားနိုင်သေးပေ။ မိုးမရွာမီ လမ်းနယ် ဖြောင့်တန်းစေရန်အတွက် ခုတ်ထားသော ကုက္ကိုတုတ်လေးများကို စိနေအောင် စိုက်ရပေဦးမည်။

'ဟာ'

လက်ကို ထပ်ခြောက်လိုက်မိရာ အဟုတ်ပင် ထိုနေရာက ငေါ်ခနဲ ဖြစ်သွားပြန်သည်။ ခက်ပြီ၊ သရဲတကယ်များ ဖမ်း(ကိုင်)လေပြီလား။

'ဘုန်း'

အသံကြား၍ ကြည့်လိုက်ရာ မတင်တင်ဦးကို တွေ့လိုက်ရသည်။

'မနက်ဖြန် ဥပုသ်လေ။ ဒါကြောင့် ဈေးသွားမလို့ ဥပုသ် ဆွမ်းဖိုးလေး'

'ဩော်…အေး…အေး…လာပြီ'

စာရေးသူမှာ ဥပုသ်သည်များကို ကျောင်းက ကျွေးထားသည်။ တချို့မှာ ချိုင့်မဆွဲနိုင်၍ ဥပုသ်စောင့်မလာနိုင်ကြ။ ဆွဲနိုင်လျှင်လည်း ဟင်းမကောင်းလျှင် သူများနည်းတူ တစ်ဝိုင်းတည်း ထိုင်မစားရဲကြ။

ထို့ကြောင့် ထိုပြဿနာများကို ကြားဝင်ဖြေရှင်းပေးသည့် သဘောဖြင့် ကျောင်းကပင် ဥပုသ်ဆွမ်းကို ချက်ပြုတ်ကျွေးထားသည်။

'ဘုန်း ဘာဖြစ်၊ လက်တစ်ဖက် နေမကောင်းဘူးလား'

စာရေးသူ လက်တစ်ဖက်ကို နှိမ့်လိုက်၊ မြှင့်လိုက် လုပ်ကြည့်ပြီး နေ၍ မတင်တင်ဦးက မေးသည်။

'မပြောတတ်ပါဘူးကွာ။ ငါက ဟိုညောင်ကျပ်ပင်လေးမှာ သရဲတွေများ ရှိနေကြရင်၊ အနှောင့်အယှက်ပေးကြရင် ဓားနဲ့ခုတ်သတ်မယ်လို့ ပြောလိုက်မိတယ်။ ညောင်ကျပ်ပင်မှာ သရဲတကယ်ရှိလား၊ မရှိလားလည်း အတိအကျတော့ မသိပါဘူး။ လက်လှုပ်နားကတော့ ငေါ်ခနဲဖြစ်သွားတာပဲ'

'ဘုန်းကြီးနယ်၊ ရုက္ခစိုးနဲ့လည်း ရန်တွေ့တာပဲ'

ဗီရိုထဲက ဆွမ်းဖိုးဝတ္ထုငွေနဲ့ ဆီပုလင်း၊ ဟင်းချိုမှုန့်ထုပ်များကို ထုတ်ပေးလိုက်သည်။

'ဘုန်း…တစ္ဆေ၊ သရဲတွေ ရှိတယ်ဆိုတာ ယုံလား' ဟု မတင်တင်ဦးက မေးသည်။

'ဟ…မယုံလို့ ရမလားကွ။ ပေတဝတ္ထုတို့၊ ဝိမာနဝတ္ထုတို့ အထင်အရှား ရှိနေတာပဲ။ အဲဒီဝတ္ထုကြီးတွေက သရဲ၊ တစ္ဆေတွေရဲ့ အကြောင်းတွေချည်းပဲလေ'

'ခြောက်လှန့်ဖမ်းစားတတ်တယ် ဆိုတာကိုရော'

'သူတို့ ရှိနေမှတော့ အဲဒါမျိုးလည်း ရှိတော့မှာပေါ့'

'စုန်းပယောဂတွေ ဖမ်းစားတတ်တယ်၊ အပင်းထည့်တယ် ဆိုမျိုးရော'

'ယုံပါတယ်၊ ဘာဖြစ်လို့လဲ'

'ယုံတယ်ဆိုရင်တော့ ပြောမယ်။ မယုံဘူးဆိုရင်တော့

www.burmeseclassic.com

မပြောဘူးလို့'

စာရေးသူ သက်မတစ်ချက် ချလိုက်သည်။

'အရမ်းထူးဆန်းတာပဲ သိလား။ လူကိုတောင် ဂတိတိ ကျကျ မမြင်ဖူးဘဲ အပင်းထည့်တာလေ'

'ဩော်..ဘယ်မှာများလဲ၊ အပင်းထည့်တာက'

'မီဦးရဲ့ သူငယ်ချင်းတစ်ယောက်ပေါ့။ အင်တာနက်မှာ သိကြတာ။ သူ့ကို အင်တာနက်ကနေ အပင်းထည့်လိုက်တာတဲ့'

'ဟေ..ဟုတ်လို့လား'

'ဟုတ်တာပေါ့။ မဟုတ်ဘဲတော့ ပြောမှာလား'

'ဒီတော့ အဲဒီကောင်လေးက ဘယ်ကလဲ၊ ဘယ်သူလဲ'

'အင်တာနက်မှာ သိကြတာပါ ဆိုမှ။ နာမည်က ကိုသာဝတဲ့'

'ဟေ'

မတင်တင်ဦး ရယ်သည်။ ထို့နောက် ပြောသည်။

'သူက ရောဝတီ မြန်အောင်ဘက်က ဆိုမှတ်တယ်။ မိဘက လယ်သမားတဲ့။ ဒါကြောင့် ကိုသာဝ နာမည်နဲ့ အကောင့်တင်ထားတာ ဖြစ်မယ်လို့ ထင်တာပဲ'

'ဟုတ်မှာပေါ့။ လယ်သမားဆို ကျော်ဝတို့ သာဝတို့ သာအေးတို့ ဆိုတဲ့ နာမည်တွေ ကြားဖူးတာပဲ'

'ဒါပေမဲ့ သူက လူငယ်တစ်ယောက်ပါ။ လယ်သမားလည်း မဟုတ်ပါဘူး။ မိဘတွေလည်း မရှိကြတော့ဘူးတဲ့။ ဒါကြောင့် မိဘပေးထားခဲ့တဲ့ လယ်လေး ဆယ်ဧကလောက်ကို လုပ်လည်း မစားလောက်ဘူးဆိုပြီး စက်ပညာတွေကို သင်ကြားပြီး အခုတော့ ဘားအံနယ်ဘက်မှာ စက်ပြင်ဆရာ လုပ်နေရင်း မီဦးကလည်း ငယ်ငယ်က ပုံလေး တင်ထားလို့ သူ့ဖုန်းထဲ ရောက်လာတာ တွေ့လို့ ဆိုပြီး သူ နှုတ်ဆက်ကြည့်ရင်းက မီဦးနဲ့ မိတ်ဆွေတွေ ဖြစ်သွားကြတာပါ'

'အရင်ကပင် သိကျွမ်းခဲ့ကြတာတော့ မဟုတ်ဘူးပေါ့'

'မသိဖူးပါဘူး။ သူက မီဦးကို အပျိုလေးထင်လို့ လာစပ်ကြည့်တာတဲ့လေ။ မီဦးက အိမ်ထောင်သည်ပါလို့ ပြောပြရင်းက ခင်သွားကြတာပါ'

'ဒါနဲ့ အပင်းထည့်ရော့လား'



'မထည့်ပါဘူး။ ဘာလို့ အပင်းထည့်ရမှာလဲ။ လူချင်းတောင် မမြင်ဖူးဘဲနဲ့'

'လူချင်း မမြင်ဖူးဘဲ အပင်းထည့်တယ်ဆို'

'အဲဒါ နောက်ပြောမှာပေါ့။ အခု အဲဒီမှ မရောက်သေးတာ'

'ပြော မြန်မြန်၊ ငါ့မှာ အလုပ်ရှိတယ်'

'ပြောပါ့မယ်။ အဲကောင်လေးနဲ့ အင်တာနက်မှာ တွေ့လို့ ခင်မင်ရင်းနှီးနေကြတာတော့ ကြာပါပြီ။ မနေ့ကမှ သူ အပင်းထည့်ခံရတဲ့ အကြောင်းကို ပြောပြတာ။ တစ်နာရီတောင် ကျော်တယ်။ ကောင်မလေးက မှော်တွေ၊ အောက်လမ်းတွေ၊ အတိုက်အခိုက်တွေ ထူပြောတဲ့ဘက်ကလို့ ဆိုတယ်။ သူနဲ့ နည်းနည်းပါးပါး ချစ်စကား ကြိုက်စကားလေးတော့ ပြောဖူးတယ်လို့လည်း ပြောပြတယ်။ ဒါကြောင့် ဓာတ်ပုံတွေလည်း အပြန်အလှန် ပို့ဖူးကြသတဲ့။ နောက်တော့ တစ်ယောက်တစ်ပေါက် စကားများပြီး ကောင်လေးက အဆက်ဖြတ်လိုက်သတဲ့။ အဲဒီနောက် သိပ်ပြီးမကြာခင်ပဲ ကောင်လေး ဗိုက်အောင့်အောင့်လာတယ်လို့ ဆိုတယ်။ ဆေးခန်းတွေ တစ်ခန်းပြီးတစ်ခန်း သွားပြပေမယ့် မကောင်းဘူးတဲ့။ ဒါကြောင့် ပိုဆိုးလာနေလို့ သူ့သူငယ်ချင်း တစ်ယောက်က သူတို့ ရွာကျောင်းမှာ ဦးပဥ္စင်းကြီး တစ်ပါးရှိတယ်။ ပယောဂကြောင့် အောင်ရင်တော့ သူ့ဦးပဥ္စင်းကြီး နိုင်တယ်။ သွားပြရအောင်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com

ခေါ်သွားလို့ ကျောင်းပေါ်ရောက်တာနဲ့ ဦးပဉ္ဇင်းကြီးက မင်းလူရဲ့ ဗိုက်ထဲမှာ ဆံပင်တွေချည်းပါလားကွ။ ညွှန့်သည်ကို မင်းက ဆံပင်တွေ စားလာသလားလို့ စနောက်ပြီး မေးသတဲ့"

'အိုး··ဒါဆိုရင် ဦးပဉ္ဇင်းကြီးက တကယ့်ပယောဂ ဆရာကြီးပါလား"

'ဟုတ်တယ်၊ အရမ်းစွမ်းတယ်လို့ ပြောတယ်'

'ဟုတ်မယ်။ စမ်းသပ်တောင် မကြည့်သေးဘဲ တန်းပြောနိုင်တာ စွမ်းလို့ပေါ့'

'ဟုတ်တယ်။ ဦးပဉ္ဇင်းကြီးက သူ့ကို စစ်မေးကြည့်လိုက်တော့ အစက ပြောခဲ့တဲ့ သူတို့နှစ်ယောက် ချစ်ကြိုက်ခဲ့ဖူးတဲ့ အကြောင်းတွေကစပြီး ပြဿနာဖြစ်လို့ သူက အဆက်ဖြတ်တဲ့အထိ။ ဒါကြောင့် ကောင်မလေးက မကျေနပ်လို့ ဆံပင်တွေကို သူ့ဗိုက်ထဲ လှမ်းထည့်လိုက်တဲ့ အထိ အကုန်ပေါ်တာပဲတဲ့'

'ဟော··ကြောက်စရာကြီးပါလားကွ ဟင်'

'ဟုတ်တယ်။ အရမ်းထူးဆန်းပြီး ကြောက်စရာကောင်းတာ။ လူချင်း မတွေ့ဖူးဘဲတောင် လှမ်းလုပ်လို့ရတာ။ ဒီခေတ်မှာ အင်တာနက်သုံးပြီး ပေါက်တတ်ကရတွေ ပြောဆိုပြုမူနေကြတာ ဆင်ခြင်သင့်တယ်။ ဘုန်းကြီးလည်း အင်တာနက်သုံးရင် ဆင်ခြင်ပေါ့'ဟု ရယ်ချင်နေသော အမူအရာဖြင့် ပြောသည်။

'ဟ··ငါက ငါ့ဘွဲ့နာမည်နဲ့ ငါ့ပုံတင်ပြီး တရားစာတွေပဲ ရေးနေတာ ဘာတွေကို ဆင်ခြင်ရမှာတုံး။ ဘယ်သူနဲ့မှလည်း ပြဿနာမဖြစ်ဘူးလေ'

'သိဘူးလေ'ဟုဆိုကာ မတင်တင်ဦး လှစ်ခနဲ ပြေးထွက်သွားလေသည်။

<u>စာကျွန်</u>

ဤစာရေးသူမှာ သရဲဖမ်း၍ မဟုတ်ပေ။ ဆေးတစ်ခွက်သောက်ရုံဖြင့် ပျောက်သွားသည်။ သရဲဖမ်းလျှင် ဆေးသောက်၍ မပျောက်၊ ဆေးမတိုးဟု သိဖူးသည်။

ထို့ကြောင့် ကိုရင်က မြွေ၊ သရဲဟု ထင်မှတ်ခဲ့သည်မှာလည်း ထင်သလို ဟုတ်ဟန်မရှိပေ။

**မဟာထွန်း**


ပဉ္စဂုဏ် အဟံ ဝန္ဒာမိ

# ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

**အောင်ကောင်းမြ (သာကေတ)**

ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။

✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။

✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။

✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

ဟောခန်းလိပ်စာ **ကြာတိုင်းအောင် စာပေနှင့် ဟောခန်း**
အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

လမ်းညွှန် ၄၊ ၅၊ ၉၊ ၃၂၊ ၃၃ ၃၄၊ ၇၀၊ ၇၆ ၈၀၊ ၈၅ စီး၍ (၈)ဂိတ်မှတ်တိုင် ဆင်းပါ။

ဟောပြောအချိန် နံနက်(၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီ။

ရပ်ဝေးမှလာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com



# ဂင်္ဂါရ ရူမော် ကိုယ်တစ်ပိုင်း စံရွေ

ဧရာမနှစ်ချို့နေသော သရက်ပင်အိုကြီးသည် ရှိ၏။ သဝင်တော၊ ကျွဲတလင်းနှင့် လက်ပံကုန်းရွာတို့၏ သုံးပွင့်ဆိုင် ဖိုခုံလောက်ဆိုင်နေရာတွင် ပေါက်နေပြီး အုံ့အုံ့ဆိုင်းဆိုင်းဖြင့် ထီးတည်းကြီး တွေ့နေရသည်က ထူးခြားဖွယ်ရာ ဖြစ်နေ၏။

ထိုအပင်ကြီး၏ အမြစ်များသည် မြေပေါ်သို့ပေါ်၍ ပင်စည်ရှိ အခေါက်ကြီးသည် နှစ်တောင်ခန့် စူထွက်နေပြီး ထုံးသုတ်ထားသောကြောင့် ညအခါကြည့်လျှင် ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက် မတ်တတ်ရပ်နေသည့်အလား တွေ့ရသဖြင့် ထိုအပင်ကြီးကို သရက်ဖြူပင် ဗိုက်ပူမဟုခေါ်ဆိုကြ၏။

ဒုစရိုက်သမားများသည် ထိုအပင်ကြီးအောက်တွင် အရက်သောက်၊ ကြက်တိုက်၊ လောင်းစကားများ ပြုလုပ်ကြပြီး ညမှောင်သည်နှင့် ကျွဲခိုး၊ နွားခိုး၊ ဝက်ပေါ်၊ အမဲပေါ်ခြင်းဖြင့် ထင်ရာစိုင်းနေကြ၏။

နေဝင်ဖျိုးဖျအချိန် ထိုအပင်ကြီးအောက်မှ ဖြတ်သွားလျှင် သားစိမ်းငါးစိမ်းများကို လက်ရဲဇက်ရဲ ဆွဲယူတတ်ကြသော ပရလောကသားများကြောင့် ထိုအပင်ကြီးကို ကွင်း၍ သွားနေကြရ၏။

ရွာသူရွာသားများ ထိုအနားသို့ မသီဝံ့ကြသော်လည်း ဦးမြဲကြီး ဆိုသူကမူ မှောင်တော့မည်ဆိုလျှင် ထိုအပင်ကြီးအောက်သို့ ရောက်လာတတ်၏။

'ကျွန်တော် ပြန်မယ် ဦးမြဲ'

'အေး..အေး'

'ဦးမြဲကြီး မကြောက်ဘူးလား'

'ငါ ဘာကိုကြောက်ရမှာလဲ'

'နာနာဘာဝလေ'

'ဒီအပင်အောက်မှာ အချိန်မဲ့ အခါမဲ့ နွားဖော်၊ ဝက်ဖော် လုပ်နေကြတာဆိုတော့ ပရလောကသားတွေ ရှိရမှာပေါ့ကွ။ အဲဒါ ဆန်းလို့လား။ ငါဆိုတဲ့ အကောင်ဘာကြောက်မယ်များ မှတ်နေလား။ တွေ့တောင် တွေ့လိုက်ချင်သေးတယ်'ဟု စကားကို ဘုကန့်လန့် ပြောဆိုတတ်သော လူပေလူတေ ဦးမြဲကြီးကြောင့် အထွန့်မတက်သော ရွာသားများ ပြန်လေ့ရှိ၏။

ဦးမြဲကြီးသည် ဒုစရိုက်သမားများနှင့် အရောတဝင်



www.burmeseclassic.com

www.burmeseclassic.com

ရှိသူဖြစ်ရာ နွားခိုး၊ ဝက်ခိုး၍ ပေါ်သူများက အမဲအတိုအစများကို ပေးကမ်းကြ၏။

ထိုအခါ ဦးမြကြီးသည် အမဲအတိုအစအချို့ကို ထိုအပင်ကြီးအောက်၌ (ခေါစာ)အဖြစ် ပစ်ကျွေးတတ်၏။

'ဟာဗျာ၊ အဲဒါ ဦးမြကြီး စားဖို့ ပေးတာဗျ'

'ဟုတ်ပါတယ်၊ မင်းတို့ မသိသေးပါဘူးကွာ'

'ဘာသိရမှာလဲ'

'ဒီလိုနေရာမျိုးတွေမှာ ကွင်းပိုင်နယ်ပိုင်ဆိုတာတွေ ရှိတယ်ကွ။ သူတို့ကိုလည်း ကျွေးမွေးရတယ်။ အဲဒါမှ မင်းတို့ကို သူတို့က အနှောင့်အယှက်မပေးမှာ။ မဟုတ်ရင် မင်းတို့ ဒီအပင်အောက်မှာ အခုလိုမျိုး လုပ်ကိုင်နေလို့ မရဘူး။ အဲဒါကြောင့် ငါ မင်းတို့အတွက် လုပ်သင့်တာကို လုပ်ပေးနေတာ' ဟု ရှင်းပြလိုက်သဖြင့် ဒုစရိုက်သမားများ ကျေနပ်သွားကြ၏။

ထိုအပင်ကြီးဆီသို့ အလံနီကွန်မြူနစ်ပါတီမှ ဗိုလ်နော်စိုင်းတို့အဖွဲ့ ရောက်လာပြီး စတည်းချလိုက်သောကြောင့် ဒုစရိုက်သမားများလည်း ထွက်ပြေးသွားကြရတော့၏။

နော်စိုင်းသည် ထိုအပင်ကြီးအောက်မှနေ၍ သဝင်တောရွာမှ နှစ်ယောက်၊ လက်ပံကုန်းရွာမှ သုံးယောက်နှင့် ကျွဲတလင်းရွာမှ နှစ်ယောက်တို့ကို ဖမ်းဆီးခေါ်ခဲ့ရန် သေနတ်ကိုင်သမားများကို စေလွှတ်လိုက်၏။

စစ်တပ်ကို လက်ထောက်ချခြင်းနှင့် ကျူတောရွာစေတီ ထီးနန်းဖူးတော်ပျောက်ဆုံးသည်ကို အကြောင်းပြု၍ လက်စွမ်းပြရန် ဖြစ်၏။

ကျွဲတလင်းရွာ ချောင်းထဲတွင် ငါးဖမ်းနေကြသော စံရွှေနှင့် သာအေးရှိရာသို့ သေနတ်ကိုင်နှစ်ဦး ရောက်လာ၏။

'ဟေ့ကောင်တွေ၊ မင်းတို့ လိုက်ခဲ့ကြ'

'ကျွန်တော်တို့ ငါးဖမ်းနေကြတာပါဗျာ'

'ကောင်းကောင်းခေါ်ရင် ကောင်းကောင်းလိုက်ခဲ့ကြကွာ'

'ဘာဖြစ်လို့လဲ ဗိုလ်ကြီးတို့ရယ်'

'မေးမနေနဲ့'

'ဗိုလ်ကြီးတို့ ငါးလိုချင်ရင် ကျွန်တော်တို့ လာပို့ပေးပါမယ်'

'ငါးလိုချင်လို့လာတာ မဟုတ်ဘူးကွ'

'ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့လဲဗျာ'

ဟု စံရွှေက မေးလိုက်သဖြင့်-

'ဒီကောင် တယ်လျှာရှည်ပါလား' ဆို၍ သေနတ်ကိုင်တစ်ဦးသည် စံရွှေကို ကြိုးတုပ်လိုက်၏။

အခြားတစ်ဦးသည် သာအေးကို 'မင်း ထွက်ပြေးဖို့ မကြံနဲ့နော်' ဟုဆိုပြီး သေနတ်ဖြင့် ခြိမ်းခြောက်၍ ကြိုးတုပ်ခေါ်သွားကြလေ၏။

စံရွှေသည် အလွန်ကြောက်တတ်သူဖြစ်ရာ သရက်ဖြူပင် ဗိုက်ပူမ အပင်အောက်ရောက်သည်နှင့် ကြောက်ဒူးများ တုန်ခါလျက်ရှိနေ၏။

သာအေးက-

'ဗိုလ်ကြီးရယ်··ကျွန်တော်တို့ကို ပြန်လွှတ်ပေးပါ'

ဟု တောင်းပန်လိုက်သဖြင့်-

'မင်းတို့ စစ်တပ်ကို သွားအကြောင်းကြားတယ် မဟုတ်လား။ အဲဒါကြောင့် ဖမ်းတာ။ သစ္စာဖောက်တွေ' ဟု နော်စိုင်းက ပြန်ငေါက်လိုက်၏။

'မဟုတ်ရပါဘူးဗျာ'

'ဘာမဟုတ်ရမှာလဲ။ ငါတို့ကို မညာနဲ့'

'ငါးဖမ်းတဲ့အလုပ်နဲ့ မအားရပါဘူး ဗိုလ်ကြီးရယ်။ စစ်တပ်ဘယ်မှာရှိတယ်ဆိုတာတောင် ကျွန်တော်တို့ မသိပါဘူးဗျာ' ဟု စံရွှေက ဝင်ပြောနေ၏။

'တို့ကို လိမ်လို့ရမယ် ထင်လို့လား'

'အမှန်ကို ပြောတာပါဗျာ။ ကျိန်ဆိုရင် ကျိန်ပြပါ့မယ်'

'ငါ့ကို ကျိန်မယ်ဆိုတဲ့စကား လာမပြောနဲ့။ ဘုရားမှာ ကျိန်ဆိုပြီး ခိုးသွားလို့ ထီးနန်းဖူးပျောက်သွားတာ။ မင်းတို့ ပါတယ်မဟုတ်လား'

'ငရဲကြီးမယ့်အလုပ်ကို စိတ်နဲ့တောင် မပြစ်မှားရဲပါဘူးဗျာ။ ကျွန်တော်တို့ မပါတာ အမှန်ပါ'

'သူခိုးဆိုတာ ခိုးတယ်လို့ မပြောဘူးကွ။ သဝင်တောနဲ့ လက်ပံကုန်းရွာက ဖမ်းလာတဲ့ လူတွေ ရောက်တာနဲ့ ငါ အပြစ်ပေးမှာပဲ။ ထီးနန်းဖူးခိုးတဲ့ လူလည်းခံ၊ သစ္စာဖောက်တဲ့ လူလည်းခံ။ ဒါပဲ' ဟု နော်စိုင်း စကားကြောင့် ထပ်မပြောသာဘဲ ရှိသွားကြရ၏။

ကျူတောရွာစေတီထီးနန်းဖူးတော် အခိုးခံလိုက်ရသည်မှာ

www.burmeseclassic.com

မသမာသူအချို့သည် စိန်ဖူးတော်ကို ခိုးယူရန် အကြိမ်ကြိမ် ကြိုးစားခဲ့ကြသော်လည်း စေတီ၏ သပိတ်မှောက်၌ ထွင်းထုထားသော ပန်းဆွဲဘီလူး အစောင့်အရှောက်များကြောင့် ခိုးယူနိုင်ခြင်း မရှိခဲ့ရာမှ ရွာသားအချို့သည် သဲများကို လက်ဖြင့်ဆုပ်ကိုင်၍ ငရဲတွင် ဖောက်ထိုးကျရပါစေသား ဟု ကျိန်ဆိုပြီး ခွင့်ပန်ခိုးယူသွားခဲ့ကြသည်ကို သာအေး သိ၏။

စစ်တပ်နှင့် အဆက်အသွယ် မရှိကြောင်းကိုလည်း ထုပ်၍ပြောပြမည်။ မရသော်မှ ရှိစေတော့ဟု စိတ်ကိုတင်းထားသော်လည်း စံရွှေကဲ့သို့ ကြောက်ဒူးများ တုန်လာနေ၏။

သခင်တောနှင့် လက်ပံကုန်းမှ ဖမ်းဆီးခေါ်ဆောင်လာနေသော ရွာသားများကို အဝေးတွင် တွေ့လိုက်ရသော စံရွှေသည် နတ်ပူးသကဲ့သို့ တစ်ကိုယ်လုံး လှုပ်ခါလျက် သူ၏ မျက်လုံးများသည် တောင်မြောက်လေးပါးသို့ ဂနာမငြိမ်ဘဲ ချောက်ချားစွာ လိုက်ကြည့်နေ၏။

'ဟေ့..ဒီကောင်တွေကို ဟိုနေရာ ခေါ်သွားကြ။ ငါတို့ လိုက်လာခဲ့မယ်'ဟု နော်စိုင်း လှမ်းအမိန့်ပေးလိုက်သဖြင့် သေနတ်သမားများသည် ရွာသားများကို ထိုနေရာဆီသို့ ခေါ်သွားကြ၏။

နော်စိုင်း ပြောလိုက်သည့် ဟိုနေရာဆိုသည့် ထိုနေရာသည် သချိုင်းကုန်းဆိုသည်ကို စံရွှေ သဘောပေါက်လိုက်၏။

လွတ်လမ်းမရှိတော့သည့် အဖြစ်ကို သိလိုက်သော စံရွှေသည် လျှပ်တစ်ပြက် လှစ်ခနဲ ထွက်ပြေးလေတော့၏။

နော်စိုင်းသည် ခါးမှသေနတ်ကိုဖြုတ်၍ ပစ်ခတ်ဖမ်းဆီးသော်လည်း အလျင်အမြန် ပြေးသွားနိုင်သော စံရွှေကို မထိမှန်ဘဲ ရှိလေ၏။

'မင်း လွတ်အောင်ပြေးပေါ့ကွာ'ဟု ကြိမ်းဝါး၍ သေနတ်သမားများနှင့်အတူ စံရွှေနောက်သို့ လိုက်ကြလေ၏။

သာအေးသည် ထိုအခြေအနေကို အခွင့်ကောင်းယူ၍ ကိုယ်လွတ်ရုန်းပြေးနိုင်လိုက်သောကြောင့် အသက်ဘေးမှ လွတ်မြောက်လာခဲ့ရပြီး တွံတေးတောကြီးတန်း၌ နေထိုင်ခဲ့ရ၏။

◆◆◆

'သာအေး..မင်း အခုထက်ထိ ကြောက်နေတုန်းပဲလား'

'ဟာကွာ၊ အပြေးမြန်လို့ လွတ်လာတာ သိသားနဲ့'

'ဟုတ်ပါတယ်။ မင်း ဒီမှာ နှစ်နှစ်တောင် ရှိနေပြီ မဟုတ်လား'

'ကိုယ့်ရွာပဲ ပြန်ချင်တာပေါ့ ကံလှရာ'

'ဗိုလ်နော်စိုင်း သေသွားပြီကွ။ ကျန်တဲ့သူပုန်တွေ ခွေးပြေးဝက်ပြေးနဲ့ ဘယ်ရောက်သွားကြကုန်မှန်းတောင် မသိဘူး'

'ဟေ..ဟုတ်လား'

'ကြောက်ရမယ့်လူတွေ မရှိကြတော့ပါဘူး သာအေးရာ။ ငါ ဒီလဆန်းမှာ အလှူလုပ်မလို့ တွံတေးတက်ပြီး ပစ္စည်းလာဝယ်တာကွ။ မင်း ပြန်ခဲ့ပါ'

'အေး..အေး'ဟုဆို၍ သာအေးသည် ကျွဲတလင်းကို ပြန်ရန် ပြင်ဆင်လိုက်ရတော့၏။

◆◆◆

သာအေး တွံတေးအနောက်ဘက်ကမ်းသို့ ကူးပြီး အချိန်မီပြန်ခဲ့သော်လည်း (၃)မိုင်ကျော်ခရီးကို ဖြတ်သန်းလာခဲ့ရသဖြင့် နေဝင်ဖျိုးဖျအချိန်ကျမှ သဝင်တော၊ ကျွဲတလင်းနှင့် လက်ပံကုန်းရွာတို့၏ ခွဆုံသို့ ရောက်လာနိုင်ခဲ့၏။

အဝေးမှ သရက်ဖြူ ဗိုက်ပူမ အပင်ကြီးကို လှမ်းမြင်လိုက်ရပြီး အရွက်များ ကျိုးကျိုးကျဲကျဲဖြင့် ပုံပျက်ပန်းပျက်နှင့် ရှင်သန်နေသည်ကို သတိထားမိလိုက်၏။

သူ၌ သားစိမ်ငါးစိမ်းများ ပါမလာခဲ့သောကြောင့် သာအေးသည် ဟန်မပျက် မှန်မှန်လေး ဆက်လျှောက်လာခဲ့၏။

သရက်ဖြူပင် ဗိုက်ပူမ အပင်အောက်သို့ ဖြတ်လိုက်သည်နှင့် ဝေါ.ဝေါ..ဝေါဆိုသော အသံများ ကြားလိုက်ရ၍ ကြောက်စိတ်များဝင်လာပြီး မော့ကြည့်လိုက်ရာ လေပြင်းတိုက်ခတ်လိုက်သောကြောင့် သစ်ရွက်များ လှုပ်ယမ်းနေသည်ကို တွေ့လိုက်ရသဖြင့် ရသမျှ ဘုရားစာလေးကို ရွတ်ဆိုပြီး ဆက်ဖြတ်လိုက်၏။

ရှပ်..ရှပ်..ရှပ် ဆိုသည့်အသံများ ထပ်ကြားလိုက်ရပြီး သူ့နောက်သို့ လိုက်လာသော ခြေသံများ ဖြစ်နေ၍ သာအေး အနောက်သို့ ပြန်လှည့်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

သဝင်တောရွာသားများကို တွေ့လိုက်ရသဖြင့် ကြောက်စိတ်များပြေသွားပြီး ထိုရွာသားများနှင့်အတူ လိုက်ပါခဲ့၍ ကျွဲတလင်းရွာထိပ် အရောက်တွင် လမ်းခွဲလိုက်ရ၏။

ရွာစပ်ချောင်းလေးကို မြင်လိုက်ရသည်နှင့် စံရွှေကို ပြန်သတိရလိုက်ရာမှ ငါးဖမ်းလိုစိတ်ပင် ဖြစ်ပေါ်လာ၏။

ချောင်းအနီးသို့ ရောက်လာသောအခါ ငါးရှာနေသော စံရွှေကို တွေ့လိုက်ရပြီး ရေထဲသို့ ပြန်ငုပ်သွားသည်ကို မြင်လိုက်ရ၍ ဩော်··သေကံမရောက် သက်မပျောက် သေးပါလားဟု တအံ့တဩဖြစ်လျက် အနီးသို့ တိုးသွားလိုက်၏။

ထိုအခါ စံရွှေသည် ရေထဲငုပ်နေရာမှ တဖြည်းဖြည်းချင်း ပြန်ပေါ်လာရာ သူ၏ခန္ဓာကိုယ်မှာ အပေါ်တစ်ပိုင်းသာရှိပြီး အောက်ကိုယ်တစ်ပိုင်း ပြတ်ထွက်နေသည့်အဖြစ်ကို အတိုင်းသား တွေ့လိုက်ရသောကြောင့် သာအေး အမယ်လေးဟုအော်၍ အိမ်ရှိရာသို့ တန်းပြေးလေတော့၏။

စံရွှေသည် သာအေးကို လှမ်းကြည့်ပြီး ရေထဲသို့ ပြန်ငုပ်သွား၏။

သာအေး အိမ်ထဲသို့ မဝင်နိုင်သေးဘဲ အိမ်ရှေ့ရှိ ဝါးကွပ်ပျစ်ပေါ်တွင် ပက်လက်လန်လျက် အမောဖိုသလို ဖြစ်နေ၏။

'ဟဲ့··ဟဲ့··သာအေး၊ နင် ဘာဖြစ်တာလဲ' ဟု အိမ်ထဲမှ ထွက်လာသော ဒေါ်ပုက မေးနေသော်လည်း သာအေးသည် မဖြေနိုင်သေးဘဲ ရှိနေလေ၏။

'နင်နဲ့ဟယ်··ဒီလောက်တောင် ကြောက်နေရအောင် နော်စိုင်းတို့အဖွဲ့ မရှိတော့ဘူး'

'ဟိုမှာ··ဟိုမှာ စံရွှေ'

'ဘယ်မှာလဲ'

'ချောင်းထဲမှာ ငါးဖမ်းနေတယ်ဗျ'

'မဟုတ်တာဘဲ သာအေးရယ်။ သူ့ကို ဗိုလ်နော်စိုင်းတို့အဖွဲ့ ဖမ်းမိသွားလို့ သတ်ပစ်လိုက်ကြပြီဟဲ့'

'တကယ်ပြောနေတာဗျ'

'မဖြစ်နိုင်တာတွေ မပြောစမ်းပါနဲ့ သာအေးရယ်' ဟု ဆို၍ ဒေါ်ပုသည် အိမ်ထဲသို့ဝင်၍ သောက်ရေတစ်ခွက် သွားခပ်လိုက်၏။

'စံရွှေ ကိုယ်တစ်ပိုင်း ပြတ်နေတယ်'

'ပြောပြန်ပြီဟယ်၊ မဟုတ်ကဟုတ်ကတွေ။ ထဲပါ၊ ရေသောက်လိုက်' ဟု သာအေးကို ဒေါ်ပုသည် ရေတိုက်နေ၏။

ဒေါ်ပု အနောက်မှ ထွက်လိုက်လာသော ဦးဘထွန်းသည် သာအေးကို ကြည့်လိုက်ပြီး ဘာဖြစ်နေတာလဲဟု မေးလိုက်သဖြင့် ဒေါ်ပုသည် သာအေး ပြောနေသည့် စကားများကို ပြန်ပြောပြလိုက်၏။

'အင်း··သာအေး ပြောတာလည်း ဖြစ်နိုင်ပါတယ် မပုရယ်' ဟု ပြောလိုက်သော ဦးဘထွန်း စကားကြောင့် ဒေါ်ပု ဇဝေဇဝါ ဖြစ်သွားရတော့၏။

'အဲဒီ နော်စိုင်းတို့အဖွဲ့ စံရွှေကိုမိသွားတုန်းက သေနတ်နဲ့ ပစ်သတ်တာ မဟုတ်ဘူးလေ။ ဓားနဲ့ခုတ်ပြီး သူ့ကိုယ်ကို ပိုင်းလိုက်ကြတာ မဟုတ်လား'

'ကြားလိုက်ပါတယ်တော်'

'နင်မသိတာတွေ အများကြီးရှိနေတယ် မပု'

'ကျုပ်မက ဘာသိရမှာလဲ'

'စံရွှေကို ဟိုဦးမြကြီးက မွေးထားတာဟဲ့' ဟု ထပ်ပြောလိုက်သောကြောင့် ဒေါ်ပုသည် မျက်မြှုစိုက်မတတ် တုန်လှုပ်ချောက်ချားသွားလေ၏။

'ကြောက်စရာကြီးပါလားတော်'

'ဦးမြကြီးက အောက်လမ်းဆရာကြီးဆိုတာကို နင်သိသားနဲ့ဟယ်'

'ပယောဂကို ကုတယ်ဆိုပြီး နာမည်ကြီးအောင်လို့





www.burmeseclassic.com

လိမ်ညာပြီး စားနေတဲ့လူ။ ယုံတဲ့လူက ယုံနေလို့ ခက်နေတာပဲ'

'ကျွန်မတို့ကတော့ သူ့ကို ဝေးဝေးက ရှောင်တယ်'

'အောက်လမ်းဆရာဆိုတာ သရဲသဘက်တွေကို မွေးထားတတ်ကြတယ် မဟုတ်လား'

'ကြီးကြီးစည်ရာတော်'

'နှင်သိအောင်လို့ ပြောပြနေတာပါ။ အစိမ်းသေ သေတဲ့ သူမှလည်း သူတို့က မွေးလို့ရတာပဲ'

'တော်ပါတော့ရှင်'

'နားထောင်စမ်းပါဦးဟာ'

'ကြက်သီးတောင်ထတယ်'

'စံရွှေကို စပါးလင်ပင်တွေ ပေါက်နေတဲ့နေရာနားမှာ မြှုပ်လိုက်ကြတာ။ ဦးမြကြီးဟာ အဲဒီစပါးလင်ပင်တွေကို နုတ်ယူလာပြီး ချောင်းရိုးဘေးမှာ စိုက်တယ်။ ညရောက်တာနဲ့ ကြက်ကိုသတ်ပြီး ကြက်သွေးတွေ လောင်းပေးတယ်။ အဲဒါဟာ အစိမ်းသေတွေကို ဖိတ်ခေါ်တဲ့ အောက်လမ်းဆရာတွေရဲ့ လုပ်ရပ်ပဲ'

'မကြားချင်ပါဘူး ကိုဘထွန်းရယ်'

'ဦးမြကြီးဟာ သုံးလတစ်ကြိမ်ဆိုသလို ကြက်ကိုသတ်ပြီး ကြက်သွေးကို လောင်းလောင်းပေးပြီး စံရွှေကို ကျွေးနေရတယ်။ အဲ..အဲ..အဲဒီလိုမှ ဆက်မကျွေးနိုင်တော့ဘူးဆိုရင်တော့ စံရွှေက ဦးမြကြီးရဲ့ ကုပ်ကိုချိုးပြီး ပြန်သတ်မှာ'

'ဟောတော့'

'တို့ရဲ့ ကျေးလက်တောရွာတွေမှာ ရှေးလူကြီးသူမတွေက ညအချိန်မတော် စပါးလင်ပင်တွေကို နုတ်ပြီးယူမလာကြနဲ့လို့ ပြောခဲ့ကြတာ နင်ကြားဖူးတယ် မဟုတ်လား မပု'

'ကြားဖူးပါတယ်တော်'

'အဲဒါ အလကားပြောခဲ့ကြတဲ့ စကားတွေ မဟုတ်ဘူးဟဲ့။ အဲဒီလို နာနာဘာဝမျိုးတွေ တွယ်ကပ်ပြီး လိုက်ပါလာကြမှာစိုးလို့ ပြောခဲ့တဲ့ စကားတွေ မပုရဲ့'

ဂမ္ဘီရလူမော်


# ဆရာရန်အောင်ဟိန်း (B.Sc)

(ခရစ်ရှနားမူတီး ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကေ.ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် ထင်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ ဟောပြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေ.ပီ စနစ်၊ ဗြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

ဆက်သွယ်ရန်လိပ်စာ

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၄၂၀ ၃၉၄

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ ခေတ်ရှိတ်ခေတ်ဆင်သကြောပညာရှင်

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မေတ္တာ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒိဗ္ဗဇောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအံ့စီအရင်များ ဝိသာလာဘ်ရွှင်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

**ဘဝအောင်မြင်မှုကို ရယူပါ။**

သား၊ သမီးရထားနှုများအတွက် မွေးဖွားချိန်မင်္ဂလာအမည်ပေးခြင်း၊ ထန်းဖူး၊ ဇာတ်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမထားဂုဏ်မင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီခွဲပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ပျောက်ဆုံးရထားနှ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် အထူးယတြာ စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမထပ်)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)။

ဆွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com


www.burmeseclassic.com

www.burmeseclassic.com

# ကျော်မိုးလွင်(ဝါးခယ်မ)
# ပေးသော်လည်း မရသူ

မြို့ငယ်လေးတစ်မြို့က မိတ်ဆွေတစ်ဦး ပြောလာခဲ့တဲ့ တကယ့်ဖြစ်ရပ်မှန် အဖြစ်လေးပါ။ မြန်မာ့ဆိုစကားတစ်ခု ရှိခဲ့ပါတယ်။

ထိုက်မှ စံရတယ် ဆိုတဲ့ စကားတစ်ခု ဖြစ်ပါတယ်။

ယခုအဖြစ်က သည်အတိုင်းပါပဲ။

◆◆◆

ရွာထဲမှာက သူ့ကို ကိုခွေးမောင်လို့ ခေါ်ပါတယ်။ သူ့ဇနီးအမည်က မခွေးမ ဖြစ်ပါသတဲ့။ ဟိုမြန်မာ့ဇာတ်တော်ထဲက အမည်ပါ ဆင်းရဲတဲ့ ကာက ဇနီးမောင်နှံလိုပဲပေါ့။

ကိုခွေးမောင် အလုပ်က လက်သမားအလုပ် ဖြစ်တယ်။ သူတို့က အသက်ကြီးမှ ယူကြတဲ့သူတွေ ဖြစ်တာကြောင့် သားသမီး တစ်ယောက်မှ မရှိကြဘူး။

လူလွတ်တွေဖြစ်တော့ မခွေးမက ကောက်စိုက်၊ စပါးရိတ်တဲ့ အလုပ်ကို ဝင်လုပ်တတ်ပါတယ်။ သူတို့ဘဝက မချမ်းသာကြပေမယ့် မဆင်းရဲကြဘူး ပဲပေါ့။





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ကိုခွေးမောင် သူငယ်ချင်း ကိုဂွတိုတစ်ယောက် ကိုခွေးမောင်အိမ်ကို ရောက်လာတယ်။

ကိုဂွတို ရွာကနေ ပျောက်သွားတာကြာပါပြီ။ သူက ကိုခွေးမောင်လို လက်သမားဆရာ တစ်ယောက်ပါ။ ရွာမှာ သတင်းထွက်နေတာက ယိုးဒယား(ထိုင်း)မှာ အလုပ်သွားလုပ်တာဆိုပဲ။

ကြည့်ရတာ ကိုဂွတိုတစ်ယောက် စီးပွားရေးအဆင်ပြေနေပုံပါပဲ။ လူပုံက ဝဖြိုးပြီး စတိုင်ကျကျ စပို့ရှပ်အကောင်းစား၊ ဘောင်းဘီ၊ နေကာမျက်မှန်နဲ့ အတက်ချိကော့(စ်) ဟန်ပါပါ ကိုင်ဆွဲလို့ပေါ့။ နှုတ်ဆက်ပုံကလည်း ကြည့်ဦးလေ။

'ဟိုင်း..ကိုခွေးမောင်၊ နေကောင်းတယ်နော်'

ရုတ်တရက်မို့ ကိုဂွတို ပုံစံကြောင့် မမှတ်မိခဲ့ပါ။ အသံကြားမှ မှတ်မိလိုက်သည်။

ဇနီး မခွေးမက ပုံစံပြောင်းနေသော ကိုဂွတိုကို တအံ့တသြကြည့်ရင်း ရေနွေးဇန်း လာချပေးခဲ့သည်။

'ပျောက်နေတာ ကြာပြီပဲ။ သူများတွေ ပြောသလို ယိုးဒယားမှာ အလုပ်သွားလုပ်တာလား'

ရေနွေးခွက်ငှဲ့ပေးရင်း ကိုခွေးမောင်က မေးလိုက်သည်။ ကိုဂွတိုက ငှဲ့ပေးသော ရေနွေးခွက်ကို မော့သောက်ရင်း ရယ်နေခဲ့သည်။

'ဒီကလူတွေက ကိုခွေးမောင် ပြောသလိုပဲ ထင်နေကြတာ။ တကယ်က ယိုးဒယားကို မရောက်ပါဘူး။ ရန်ကုန် ဝန်းကျင်မှာပဲ အလုပ်က ဆက်နေတာ။ ခု ဒီကိုလာတာကလည်း ခင်ဗျားကို လာခေါ်တာ'

ကိုခွေးမောင် မျက်လုံးပြူးသွားမိသည်။

သူ့ကို လာခေါ်တာတဲ့။

ဒီမှာက အလုပ်ပါးနေသည်။

ထွက်လုပ်ရမှာကလည်း အဆက်အသွယ်က မရှိ။ ဇနီးလုပ်စာ ထိုင်စားနေရတာ ရှက်လှပြီ။ ယခု မမျှော်လင့်ဘဲ အလုပ်ပေးမည့်သူက ပေါ်လာခဲ့ပြီ။ ရေငတ်တုန်း ရေတွင်းထဲ ကျသည်သို့ ဖြစ်ရတော့၏။

'လက်ရှိအိမ်ကိုဖျက်ပြီး တိုက်ပြန်ဆောက်မှာ။ အဖျက်ရော အဆောက်ရောဆိုတော့ ကြာတော့ ကြာလိမ့်မယ် ကိုခွေးမောင်'

သူ့မိန်းမ မခွေးမက သဘောမတူချင်။ သူနှင့် ဈေးအတူရောင်းရန်သာ ပြောခဲ့သည်။ ဈေးရောင်းတာကို ကိုခွေးမောင်က ဝါသနာမပါပါ။ သူတတ်ကျွမ်းသော လက်သမားအလုပ်ကိုသာ လုပ်ချင်သည်။

'ရန်ကုန်နဲ့ဒီက ဝေးတာမှ မဟုတ်ဘဲ။ ခုဆို ကားလမ်းပေါက်လို့ နေ့ချင်းတောင် သွားနိုင် ပြန်နိုင်နေပြီ။ အလုပ်အားတဲ့အခါ ပြန်လာမှာပေါ့ကွာ'

ကိုခွေးမောင်တို့မြို့က ဧရာဝတီတိုင်းဒေသကြီးမှာရှိ၍ ယခင်က ရန်ကုန်ကို ရေလမ်းသင်္ဘောနှင့်သာ သွားနိုင်ခဲ့သည်။

ယခုတော့ မြစ်ကူးတံတားကြီး ပေါ်လာပြီဖြစ်၍ ရန်ကုန်သို့ ကားလမ်းပေါက်သွားပြီ ဖြစ်ပါတော့သည်။

'ညားခါစ လင်မယားတွေလည်း မဟုတ်တော့ပါဘူး မခွေးမရာ။ အခွင့်အရေးပေါ်တုန်း အလုပ်လုပ်ကြရတာနင့်ယောကျ်ား ကိုခွေးမောင်အတွက် ဘာမှမပူနဲ့။ ငါ အားလုံးတာဝန်ယူတယ်'

ယောကျ်ားကိုယ်တိုင်က သွားချင်နေလေတော့ မခွေးမ မတားသာတော့။

မိုးကျခါနီးပြီ။ အိမ်ကမလုံတော့၊ အိမ်ပြန်ဆောက်ချင်တာလည်း ပါသည်။ ငွေရှိမှ အိမ်ဆောက်နိုင်မည် မဟုတ်ပါလား။ နောက်ဆုံးမတော့ လက်သမားအလုပ်လုပ်ချင်သော ကိုခွေးမောင်ကို ကိုဂွတိုနှင့်လိုက်ရန် ခွင့်ပြုလိုက်ရပါတော့သည်။

◆◆◆

ကိုခွေးမောင်တို့နေရန် အိမ်ပိုင်ရှင်က ယာယီတဲတစ်လုံး ဆောက်စေခဲ့သည်။

တဲမှာ ကိုခွေးမောင်နှင့် ကိုဂွတို၏တပည့် ညီကြီးနှင့် အောင်မိုးတို့ နေရသည်။

ကိုဂွတိုက သူ့တူမအိမ်ကနေ အလုပ်ကို လာတက်သည်။ ကိုခွေးမောင်ကို ခေါ်သေးသည်။

ကိုခွေးမောင်က လွတ်လွတ်လပ်လပ် နေချင်သောကြောင့် သူဌေးစီမံပေးသော တဲမှာပင် နေလိုက်သည်။

'ဟင်း..ကိုခွေးမောင်၊ ဒီမှာနေတာလည်း ကောင်းပါတယ်။ အိမ်ဟောင်းက သစ်ကောင်းတွေနဲ့ ဆောက်ထားတာ။ ကာလတန်ဖိုးနဲ့တွက်ရင် မနည်းဘူးဗျ'

ကိုဂွတို ပြောသည်မှာ မှန်ပါသည်။

အိမ်ကြီးမှာ သစ်ကောင်းများနှင့် ဆောက်ထား၍

www.burmeseclassic.com

www.burmeseclassic.com

ဖျက်ယူရာ၌ပင် သတိထားနေကြရသည်။

လက်သမားဆရာက ညစောင့်တာဝန်ယူရသလိုပင် ဖြစ်သွားရပါတော့သည်။

ဖျက်ပြီး သစ်များကို တဲအနီးဝင်းထဲမှာပင် စုပုံထားခဲ့ရသည်။ နေ့စဉ် စစ်ရ၏။

◆◆◆

ဦးကျော်နီတဲ့။ အိမ်ပိုင်ရှင် သူဌေးတော့ မဟုတ်ပါ။ သူဌေးလူယုံဟု ကိုဌတိုက ဆိုသည်။

အရပ်ရှည်၊ အသားကဖြူ၍ ဗိုက်ရွှဲသူတစ်ယောက် ဖြစ်သည်။ ပုံစံက တရုတ်လူမျိုးပုံစံဖြစ်သည်။ အသက်အားဖြင့် လေးဆယ်ကျော်ဝန်းကျင်ဟု ခန့်မှန်းရသည်။

ကိုခွေးမောင်တို့ အိမ်ဖျက်သည်ကို တစ်ပတ်ခြားလာကြည့်တတ်သည်။ ကိုယ်ပိုင်ကားနှင့် လာခြင်းပင်ဖြစ်တော့၏။

'အိမ်ဝယ်ပြီး တိုက်ဆောက်မယ့် သူဌေးက ဒီမှာမရှိဘူးဗျ။ နိုင်ငံခြားမှာနေပြီး ဒီက ဆွေမျိုးတွေကို ထောက်ပံ့နေတာ'

'ဦးကျော်နီက သူဌေးတူလို့ ပြောတာပဲ'

တစ်နေ့ ထမင်းစားနားချိန် ကိုခွေးမောင်က မေး၍ ကိုဌတိုက ပြောပြခြင်း ဖြစ်တော့သည်။

'ငါတို့ဆွေမျိုးတွေနဲ့တော့ ကွာပါ့ကွာ။ လယ်ယာမြေ၊ ဆိုင်ခန်းတွေနဲ့ ချမ်းသာပေါ့။ ဒါပေမဲ့ ဦးကို တစ်ချက်ကလေးမှ လှည့်မကြည့်ပါဘူး ကိုဌတိုရာ'

ကိုခွေးမောင်က သူ့ခံစားချက်တွေကို ရင်ဖွင့်လိုက်သည်။ ကိုဌတိုကတော့ ပြုံးနေ၏။ ဘာမှတော့ပြန်မပြော။ သူ့တူမက သူ့အပေါ် ကောင်းနေခဲ့သည်ကိုး။

'အင်း..တော်တော်လေး ပြီးနေပြီပဲ။ နောက်ဖေးဆောင်က တိုင်နှစ်တိုင် နုတ်ပြီးရင်တော့ အိမ်ဖျက်တဲ့ကိစ္စ ပြီးပြီပဲပေါ့'

ကိုဌတိုက ပုံထားသော သစ်ပုံကြီးကို လှမ်းကြည့်ကာ ပြောလိုက်သည်။

◆◆◆

ညက လကွယ်ညဖြစ်သည်။

အဖော် ညိုကြီးနှင့် အောင်မိုးက လူငယ်များပီပီ တစ်နေ့လုံး ပင်ပန်းထား၍ ယောက်သံပေးကာ အိပ်မောကျနေခဲ့ကြသည်။

ကိုခွေးမောင် အိပ်မပျော်နိုင် ဖြစ်နေခဲ့သည်။ နောက်ဆုံး အိမ်တိုင်နှစ်တိုင် နုတ်ပြီးလျှင် ကိုဌတိုကို ပြောကာ အိမ်ခဏပြန်ရန် စဉ်းစားနေခဲ့သည်။

မခွေးမ နေမကောင်း၍ ဆေးထိုးနေရကြောင်း ဖုန်းဆက်ထားသည်။

ဖုန်းနှစ်လုံးကို ကိုဌတိုကပင် ဝယ်ပေးထားခြင်းဖြစ်၏။ ခလုတ်နှိပ်ဖုန်းများပင် ဖြစ်သည်။

ထိုဖုန်းကြောင့်ပင် မခွေးမ နေမကောင်းတာ သိရခြင်း ဖြစ်တော့သည်။ ခွေးအူသံက ထွက်ပေါ်လာသည်။ မြို့မှာလည်း တောမှာလို ခွေးရှိကြောင်း ဒီရောက်သည့်နေ့ကပင် စသိခဲ့သည်။

ပြီး သူတို့အလုပ်လုပ်သည့် နေရာကလည်း မြို့စွန်မှာဆိုတော့ တောရွာသာသာပင် ရှိနေတော့သည်။ လကွယ်ညမှာ မီးကလည်း ပျက်နေပြန်သည်။ လမ်းမီးကြောင့်သာ အရာအားလုံး မှိန်ပျပျမြင်နေရခြင်းသာ ဖြစ်တော့သည်။

ကိုခွေးမောင် ဓာတ်ခဲသုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကိုယူကာ ပုံထားသော သစ်ပုံများဆီသို့ လျှောက်လာခဲ့သည်။

ဘာ့ကြောင့်ရယ်မသိ၊ နုတ်ရန်ကျန်နေသော တိုင်နှစ်တိုင်ကြားအရောက်တွင် ကြက်သီးဖြန်းဖြန်းထသွားမိတော့သည်။

ကိုခွေးမောင် သရဲတစ္ဆေများကို မမြင်ဖူးပါ။ ရုပ်ရှင်၊ ဗီဒီယိုကားများ၌သာ မြင်ဖူးခြင်း ဖြစ်ပါသည်။

တိုင်နှစ်တိုင်ကြားက မြေမှာ ပွရောင်းရောင်းဖြစ်နေသည်။

ခွေးဝင်၍ ယက်ထားသည်လား၊ ဒါလည်း မဖြစ်နိုင်။ ညစဉ် ခွေးအူသံသာ ကြားရသည်။ အနီးအပါးမှာ ခွေးတစ်ကောင်မှ မမြင်မိခဲ့။ ကိုခွေးမောင် တောင်ပူစာလေးလို ဖြစ်နေသော ပွရောင်းရောင်းမြေကို စိတ်ဝင်စားသလို ဖြစ်သွားခဲ့သည်။

အနားလျှောက်သွားကာ ခြေဦးနှင့် ထိုးကန်ကြည့်လိုက်သည်။

ဗုံဒ္ဓေါ။

အမှန်ပင် အံ့သြမိလိုက်ပါသည်။ အိပ်ချင်စိတ်ပင် ပျက်ပြယ်သွားတော့၏။ လက်နှိပ်ဓာတ်မီး အလင်းရောင်အောက်တွင် မြင်လိုက်သည်ကား အလျားနှစ်ပေ အနံတစ်

www.burmeseclassic.com

www.burmeseclassic.com

ပေရှိနိုင်သော ကျွန်းသေတ္တာလေးတစ်လုံး။ သော့တန်းလန်းနှင့် ဖြစ်တော့၏။

ကိုခွေးမောင် ဘေးဘီတစ်ပတ် လှည့်ကြည့်လိုက်သည်။ ဝန်းကျင်ကား တိတ်ဆိတ်၍ အိပ်မောကျလျက်ရှိနေတော့သည်။

ကိုခွေးမောင် အနီးရှိ ကျောက်တုံးလေးတစ်လုံးကို လှမ်းယူကာ သေတ္တာသော့ကို ရိုက်ဖွင့်လိုက်သည်။ သော့က သံချေးများတက်နေ၍ အလွယ်တကူပင် ပွင့်သွားခဲ့သည်။

မီးရောင်နှင့် မြင်လိုက်ရသည်ကား ကိုခွေးမောင် မျက်လုံးများ ပြာဝေသွားခဲ့ရသည်။ ရင်ခုန်နှုန်းက ပြင်းထန်လာ၏။ ရုပ်ရှင်၊ ဗီဒီယိုကားတွေထဲက သိုက်တူးသမားတွေလို သူ့ပုံစံဖြစ်သွားနိုင်လောက်သည်။

အဝေးကင်းတဲဆီမှ သံချောင်းခေါက်သံ တစ်ဆယ့်နှစ်ချက် ပေါ်ထွက်လာခဲ့သည်။ သူ့မှာက အောက်ခံဘောင်းဘီရှိသည်။ ညဘက်ကြီး သူ့ကို ဘယ်သူမှ မမြင်နိုင်။ ပုဆိုးကိုချွတ်ကာ သေတ္တာကို ပတ်ထုတ်ယူလိုက်သည်။

တဲဆီပြန်ရောက်သည်အထိ သူ့ရင်ခုန်သံက မပျောက်ခဲ့။ လှုံ့ကလည်း မောသလို ဖြစ်နေခဲ့သည်။ အိပ်ရာနားမှာ အသင့်ထားသည့် ရေသန့်ဘူးဖွင့်သောက်လိုက်ရမှ အမောပြေသွားရတော့သည်။

◆◆◆

'ငါတို့ ဒီပစ္စည်းတွေစွဲပြီး မကျွတ်မလွတ်ဖြစ်နေတာ ဒီပစ္စည်းတွေ မင်းနဲ့ထိုက်လို့ ရသွားပြီပဲ။ ထုခွဲပြီး အလှူလုပ်ပါ။ ငါတို့ကိုလည်း အမျှအတန်းဝေပါ'

အသက်ခုနစ်ဆယ် ဝန်းကျင်အရွယ် အဘိုးကြီး၊ အဘွားကြီး နှစ်ယောက် တဲအပေါက်ဝမှ ပေါ်လာကာ ကိုခွေးမောင်ကို ပြောသွားခဲ့သည်။

ကိုခွေးမောင်တစ်ယောက် ကိုဂွတိုကို မေးကြည့်ရန် ကြံခဲ့သေးသည်။ သို့သော် အားလုံးသိသွားမည်စိုးသောကြောင့် မမေးဖြစ်တော့။

◆◆◆

'အေးလေ--ခဏပြန်ရင်လည်း ပြန်ပေါ့။ ဒါပေမဲ့ ဒီမှာက ဆက်လုပ်စရာတွေ ရှိသေးတယ်။ တစ်ပတ်တော့ နေပေါ့ဗျာ'

ကိုခွေးမောင်က ကိုဂွတိုကို အိမ်ခဏပြန်ရန်သာ ပြောလိုက်သည်။

တကယ်က တစ်သက်စားမကုန်သည့် ပစ္စည်းများ ရခဲ့ပြီပဲ။ ဒီကို ပြန်လာစရာ အကြောင်းမရှိတော့။ မခွဲချင်သည့် ဇနီး မခွေးမလည်း အကြိုက်တွေ့သွားပေတော့မည်။

◆◆◆

ပျော်မဆုံးမော်မဆုံး ဖြစ်ခဲ့ပြီ။ ဇနီးသည် မခွေးမ လိုချင်သောအိမ်၊ အိမ်ထက်မြင့်သော တိုက်အိမ်လည်း ဆောက်နိုင်ခဲ့သည်။

အများသိသည်ကား ကိုခွေးမောင် မြို့မှာ သုံးလုံးထီ သိန်းရာချီပေါက်သည့်တဲ့။

ကိုဂွတိုကိုယ်တိုင် အံ့ဩသွားခဲ့သည်။

'ကိုခွေးမောင်၊ ခင်ဗျားက တစ်ယောက်တည်း ကြိတ်ထိုးတာကိုးဗျ။ ကျွန်တော်တို့ကိုလည်း လက်ကုတ်ဖို့ကောင်းတယ်'

'ချဲပေါက်တာကလည်း ပေါက်တာပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော့်လုပ်ငန်းလည်း ပြီးအောင်လုပ်ပေးဖို့ ကောင်းတာပေါ့'

ကိုဂွတို မည်သို့ပင်ပြောပြော ကိုခွေးမောင် လက်မခံတော့ပါ။

သူ့ပုံစံက ကိုဂွတိုပုံစံမျိုး ဖြစ်လာခဲ့သည်။ ကိုဂွတိုထက်သာသည်ကား အရက်သေစာ စွဲလာခြင်းပင် ဖြစ်ပါတော့သည်။




www.burmeseclassic.com

www.burmeseclassic.com

မြို့ပေါ် မကြာခဏ တက်သွား သည့်ကိုလည်း မြင်ကြရသည်။ မယားငယ်လည်း မြို့မှာ ရှိသတဲ့။

◆◆◆

တစ်ည ကိုခွေးမောင်မိန်းမ မခွေးမ အိပ်မက်,မက်တော့သည်။ အိပ်မက်ထဲတွင် အဘိုးကြီးလင်မယားကသူ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောလာခဲ့သည်။

"နင့်ယောကျ်ား ခွေးမောင် ကတိပျက်တယ်။ တို့ပစ္စည်းတွေ ယူသွားပြီး တို့အတွက် အလှူလုပ်၊ အမျှအတန်း မဝေခဲ့ဘူး။ အခု ဒင်းကံဇာတာကလည်း နိမ့်လာပြီဆိုတော့ သူပြုသမျှ သူခံရတော့မယ်။ နင်လည်း သူ့နောက် မလိုက်ချင်ရင် ကျန်ခဲ့တဲ့ပစ္စည်းတွေ ထုခွဲပြီး အလှူလုပ်ပါ။ တို့ကိုလည်း အမျှအတန်းဝေပါ"

အိပ်မက်က လန့်နိုးတော့ မခွေးမ ကြောက်စိတ်နှင့် ချွေးပြန်နေလေတော့သည်။

"ဒါဆို ယောကျ်ား ချဲထီပေါက်ပြီး ဒါတွေဝယ်တယ်ဆိုတာ မဟုတ်ဘူးပေါ့"

မခွေးမ ထူးဆန်းသော အိပ်မက်ကြောင့် အိပ်မပျော်တော့။ ကိုခွေးမောင် ဘာတွေလုပ်တာလဲ။

◆◆◆

ဖုန်းဝင်လာသည်။

ကိုခွေးမောင်အလောင်း ဆေးရုံကြီးမှာ ရောက်နေပါသတဲ့။

မူးယစ်ဆေးဝါးသုံးစွဲရာက လက်လွန်ပြီး ဆုံးသွားပါသတဲ့။

ရဲတွေကလည်း စစ်ချက်ယူနေပါသတဲ့။

မခွေးမ မျက်လုံးပြူးသွားမိရတော့သည်။ ညက အဘိုးကြီးလင်မယား ဒဏ်ခတ်လိုက်တာများလား။

မခွေးမအဖြစ်က မည်သူ့ကိုမျှ ပြောမပြနိုင်သည့်ကိစ္စဖြစ်နေခဲ့သည်။

ပစ္စည်းဆိုတာ သခ်ါရပဲ။

ကျန်တဲ့ပစ္စည်းတွေကိုလည်း မမက်မောတော့။ အားလုံးထုခွဲပြီး ပစ္စည်းရှင်များအတွက်လှူကာ အမျှဝေရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ကျော်မိုးလွင်(ဝါးခယ်မ)






www.burmeseclassic.com